www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁၉၇၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင်
စတင်ထုတ်ဝေသည်

**ဝင်းငြိမ်း**

စိစဉ်တည်းဖြတ်သည့်

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၅၀ ဇန်နဝါရီ ၂၀၁၉

တာဝန်ခံစာတည်း
မျိုးမြင့်ညိမ်း

စာတည်း
လင်းနိုင်ဦး

အမှုဆောင် စာတည်း
မသီတာ(စမ်းချောင်း)

**ရှေ့ပန်းချီ**
ဖေညွှန့်ဝေ၊ မုတ်သုံ
တင်ထွဏ်း
မြင့်မောင်ကျော်
မျိုးမြင့်
လှမြင့်ဆွေ
လင်းဝဏ္ဏ
ဝင်းတင့်၊ မောင်နိုး
အောင်ကျော်
ဖေသစ်တည်၊ ထွန်းအံ့
စိုးသော်တာ
Win Iszudia

**မျက်နှာဖုံးဓာတ်ပုံ**
ပီတာ

**ရှေ့ဓာတ်ပုံ**
ပီတာ
လင်းနိုင်ဦး

**ရှေ့ဒီဇိုင်း**
ခိုင်ဇင်ထွန်း
ဖြိုးဦးပိုင်

**ရှေ့စာစီစာပြု**
စိမ်းလဲ့စံ၊ မိုးမိုးမြင့်
စာပြင် - ကျော်စိန်ဝင်း



သရုပ်ဆောင်
အောန်ဆိုင်း

www.burmeseclassic.com

www.burmeseclassic.com






ရွှေမင်းသား၊ ရွှေမင်းသမီး

၄။ ဝင်းငြိမ်း
ပျားရေအိုင်ထဲက
အောင်ရေချမ်း

One Minute Interview

၁၂။ မန်းသူ
ညိုမင်းလွင်၊ အောင်လ
သာဒီးလူ၊ အေးမြတ်သူ
ဝိုင်းစုခိုင်သိန်း

အင်တာဗျူး

၄၈။ လင်းနိုင်ဦး
အသေလှတဲ့သူ
(သို့မဟုတ်) မုန်းစွဲနဲ့
ပတ်သက်ပြီး မိန့်ကြားတဲ့
အရှင်ဆန္ဒာဓိက

၆၀။ လင်းနိုင်ဦး
ခက်ခဲကြမ်းတမ်းခဲ့တဲ့
သူ့ရဲ့အနုပညာ
လမ်းကြောင်းကို
ပြန်ပြောပြတဲ့
နေမျိုးအောင်

ရွှေရုပ်ရှင်

၃၀။ မိုးကျော်ထွန်း
နိုင်ငံကြီးသား

လူမှုဝန်းကျင်

၃၆။ လင်းနိုင်ဦး
ဇော်ဝင်းထွဋ်နဲ့
ဆေးပေါင်းခတဲ့ ရန်ကုန်ည

၄၂။ လင်းနိုင်ဦး
ပြေတီဦးမွေးနေ့မှာ
ဒုလ္လဘရဟန်းဝတ်ကြတဲ့
အနုပညာရှင်များ

၆၈။ လင်းနိုင်ဦး
YGWမှာ
သွားရောက်လှူဒါန်းခဲ့တဲ့
အောင်ခိုင်နဲ့
ဝါဝါအောင်တို့ရဲ့
မင်္ဂလာနှစ်ပတ်လည်အလှူ

ဖူးငုံပွင့်သစ်

၂၂။ မန်းသူ
လင်းအောင်ခေတ်
အစွမ်းတွေ
အများကြီး
ကျန်သေးတယ်

၂၆။ မန်းသူ
တစ်ယောက်တည်း
ဖန်တီးပြနိုင်မယ့်လမ်းကို
ရွေးချယ်လိုက်တဲ့
နေမိုးဝင်း

နိုင်ငံတကာစာမျက်နှာ

ဘို ၅၄။
ကျွန်မရဲ့ သီးခြားကမ္ဘာ

ဇာနည်ညီမိုး ၆၄။
မြေးတွေကြောင့်
အသက်ရှည်နေတဲ့
မိုက်ကယ်လ်ကိန်း

ရွှေဝတ္ထု

ကြူးနှစ် ၉၈။
လှိုင်းနဲ့လှေ

သာလွန်ကျော် ၁၀၄။
အညာမင်္ဂလာဆောင်

မင်းဝေဟင် ၁၁၂။
နွေလယ် နေမွန်းတည့်တည့်

နန်းဇော်ရိရှင် ၁၁၈။
အနန္တ လမိုက်ညများ

ဟမိနိုင်း၊ ဆေး-မန်း၊ ၁၄၆။
ကျတ်တွင်း

ဆွန်း၊ မက်မှုတက္ကသိုလ်၊ ၁၅၂။
လူပြန်တော်

ဥညြ၊ ချယ်ရီမြေ၊ ၁၅၈။
ကမ္ဘာသစ်ခရီးသည်

မင်းသွေးဝေယံ၊ ရာမညမြေ၊ ၁၆၄။
သခင်ကြိုက်သူ

ဆောင်းခနွင်း ၁၇၀။
ရေကြည်ရေနောက်

မောင်ညြလေး ၁၇၆။
လက်ဖွဲ့


www.burmeseclassic.com

www.burmeseclassic.com

# ရွှေ
ရုပ်စုံမဂ္ဂဇင်း

အမှတ်၃၅၀၊ ဇန်နဝါရီ၊ ၂၀၁၉

**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည်


**ရွှေနှလုံးသား**

၅၂။ **တေဇလင်း** ၊နည်းပညာ၊
အကြွေကောက်ကြယ်

**ရွှေဝတ္ထုရှည်စ/ဆုံး**

၁၂၆။ **မေဗွန်နဒေအး**
ဘဝဆိုတာ
သီချင်းတစ်ပုဒ်လား
ဆိုပစ်လိုက်မယ်

**ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း**

၇၈။ **မောင်လွန်းကြင်**
ယန်ဆင်ရာ
ကေသာတင့်စေဖို့

**ရွှေဘာသာပြန်ဝတ္ထု**

၉၀။ **မြပြေ**
အိမ်မြှောင်

**ရွှေအခန်းဆက် ဝတ္ထုရှည်**

**ခင်ခင်ထူး** ၂၀၈။
ဂျိုးပိန်

**ရွှေအသစ်**

------------------------------ ၁၉၂။
------------------------------ ၁၉၆။
------------------------------ ၂၀၂။

**အက်ဆေးအကြောင်း အက်ဆေး**

**မောင်ရင့်မာ** ၊ကျောင်းကုန်း၊ ၂၂၂။
ညီအစ်ကိုနှစ်ယောက်နဲ့
ဖိနပ်အသစ်တစ်ရန်

**ရသစာတမ်း**

**နတ်မျိုး** ၂၂၈။
ဆီးတားကာဝှက်
လ ရက် နာရီ

**ရွှေသုတ**

**မောင်သန်းဆွေ** ၊ထားဝယ်၊ ၈၆။
လှေသင်းအတွင်းဝန်ရှင်းတမ်း

**ဦးခန့်မော** ၊ဓလင်း၊ ၁၂၂။
အမြင်ကျယ်မှ အကျယ်မြင်မည်

**မောင်ညွန့်မာ** ၁၄၀။
ပါးပါးလေးခြားထားသည့် နံရံ

**ကောကလေး** ၁၈၂။
၂၀၁၇ ခုနှစ် ရွှေအသစ်ဝတ္ထုတိုများ



အယ်ဒီတာအဖွဲ့- တိုက်(၁၇)၊ အခန်း (၄-၀၁)၊
၅၂ လမ်း(အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၅၀၁
Email: nyeinfamily@gmail.com
မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့် အတွင်းပုံနှိပ်သူ -
ဒေါ်ချိုချို(၁)အေးအေးသိန်း(၀၀၉၇၀)၊ ဧမ္မာလှပုံနှိပ်တိုက်၊
အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း၊ ၆၃ ရပ်ကွက်၊ ဓက်မှုဇုန် တောင်ဒဂုံ၊
ရန်ကုန်မြို့။ ထုတ်ဝေသူ - ဒေါ်ချိုချို(၁)အေးအေးသိန်း (၀၁၀၉၁)၊
အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖြန့်ချိရေး ဧမ္မာလှစာပေ၊ အမှတ်
၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၇၃၉၈၂၂၀၊
စာတိုက်သေတ္တာအမှတ် ၁၂၀၅
E-mail: zabutalu@gmail.com
Available at : Wun Zinn




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com

၂၀၁၉ ခုနှစ် ဇန်နဝါရီလထုတ်အတွက် မျက်နှာဖုံးရှင်ကို ရွေးချယ်ရာမှာတော့ အခုတလော မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်ရဲ့ အသံလွှင့်ဌာနတစ်ခုဖြစ်တဲ့ MRTV-4 မှ ထုတ်လွှင့်နေတဲ့ မြန်မာဇာတ်လမ်းတွဲများထဲက **ရသမော်ကွန်းအလင်္ကာ** ဇာတ်လမ်းတွဲနဲ့ လက်ရှိထုတ်လွှင့် နေဆဲဖြစ်တဲ့ **ပျားရည်အိုင်** ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ အောင်ရဲချမ်းကို ရွေးချယ်ဖြစ်ပါတယ်။ အောင်ရဲချမ်းက **ရသမော်ကွန်းအလင်္ကာ** မှာ ရဲအောင်နဲ့ မေသဇ္ဈာဦးတို့ရဲ့မွေးစားသား ရသ အဖြစ် သရုပ်ဆောင်ပြီး **ပျားရည်အိုင်** မှာတော့ ရိုးသားတဲ့ တောကလူငယ်ကလေး ကိုတင်ဖေ အဖြစ် ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။

အောင်ရဲချမ်းရဲ့ မျက်နှာဖုံးအတွက် ဓာတ်ပုံများကို ဓာတ်ပုံပီတာက စိတ်ရှည်လက်ရှည် ရိုက်ကူးပေးခဲ့ပါတယ်။ အဲဒီအတွက် ကိုပီတာကို ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါတယ်။ ဓာတ်ပုံရိုက်ကူးပြီးချိန်မှာ အောင်ရဲချမ်းနဲ့ စကားပြောဖြစ်တာတွေကတော့…။

**သရုပ်ဆောင်ဆိုတော့ အောင်ရဲချမ်းက ဘယ်အရွယ်ကတည်းက သရုပ်ဆောင် ဝါသနာပါခဲ့တာလဲ။**

ကျွန်တော်က သရုပ်ဆောင်လုပ်ဖို့ ဝါသနာ ပါခဲ့ပေမဲ့ အဆက်အသွယ်မရှိခဲ့ပါဘူး။ ဒါကြောင့် ရုပ်မြင်သံကြားအစီအစဉ်က လွှင့်ထုတ်တဲ့ သရုပ်ဆောင်ပြိုင်ပွဲ အစီအစဉ်တွေကို ကြည့်ပြီး အားကျနေခဲ့တာပါ။ တစ်ဖက်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှာ တယ်လီဖုန်းအော်ပရေတာအဖြစ်လည်း အလုပ်လုပ်နေခဲ့ပါတယ်။ အသိတစ်ယောက်က သူဆက်သွယ်ပေးမယ်ဆိုပြီး ရုပ်ရှင်လောက,က ပုဂ္ဂိုလ်တစ်ယောက်နဲ့ မိတ်ဆက်ပေးပါတယ်။



ဓာတ်ပုံ-ပီတာ(The Bridal Garden)



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ရုပ်ရှင်သရုပ်ဆောင်ဖြစ်တဲ့ ဦးခင်မောင်ချင်းပါ။ ဖြစ်ချင်တော့ ဦးခင်မောင်ချင်းက ကျွန်တော် အမြဲကြည့်နေတဲ့ **ရသပေါ်လွင် ရုပ်မြင်အစီအစဉ်** ဆိုတဲ့ ကဏ္ဍမှာ ဒိုင်အဖြစ် ဆောင်ရွက်နေတဲ့သူ ဖြစ်နေတယ်။ ဦးခင်မောင်ချင်းက ဓာတ်ပုံရိုက်ထားဆိုပြီး လျှောက်လွှာ တင်ခိုင်းပါတယ်။ အဲဒီကနေ ကျွန်တော် သရုပ်ဆောင်တစ်ယောက် ဖြစ်လာခဲ့တာပါပဲ။

**သရုပ်ဆောင်တန်းဖြစ်တာလား။**

မဟုတ်ဘူးခင်ဗျ။ ကျွန်တော် သီချင်းတွေ တော်တော်များများ သရုပ်ဆောင် ရိုက်ခဲ့ရတယ်။ အဲဒါပြီးမှ သရုပ်ဆောင်ဖြစ်လာခဲ့တာပါ။ ကျွန်တော်က ရုပ်ရှင်လောကမှာ အဆက်အသွယ်မရှိပါဘူး။ ဒါပေမဲ့ ဖြစ်ချင်တဲ့စိတ်ရှိနေတော့ တစ်ဖက်က ဝန်ထမ်းလုပ်ရင်း လာခေါ်တဲ့သူ ရှိရင် သရုပ်ဆောင် ဝင်လုပ်လိုက်တာပဲ။ အနုပညာလောကမှာ ကျွန်တော် အောက်ခြေသိမ်း တော်တော်လုပ်ခဲ့ဖူးပါတယ်။ သီချင်းကတော့ တော်တော်များများ ရိုက်ခဲ့ဖူးပါတယ်။

**MRTV-4နဲ့ ဘယ်လိုချိတ်ဆက်မိသွားသလဲ။**

အဲဒီအချိန်မှာ MRTV-4 က Photogenic ပြိုင်ပွဲလုပ်တာရှိတယ်။ ကျွန်တော် ဓာတ်ပုံရိုက်ပြီး ဝင်ပြိုင်ခဲ့တယ်။ တစ်ပြိုင်တည်းမှာပဲ MRTV-4 က ဇာတ်လမ်းတွဲတွေရိုက်ဖို့ အစီအစဉ်ရှိတယ် ဆိုပြီး ကြော်ငြာပြီးခေါ်ပါတယ်။ အဲဒီမှာ ကျွန်တော် ဝင်လျှောက်လိုက်တော့ အရွေးခံခဲ့ရတာပါပဲ။

**အဲဒါ ဘယ်နှခုနှစ်လောက်ကလဲ။**

၂၀၁၂ ခုနှစ်လောက်ကပါ။

**အရွေးခံလိုက်ရတော့ MRTV-4 က ဘာတွေသင်ကြားပေးသလဲ။**

တော်တော်များများ သင်ပေးပါတယ်။ အိုက်တင်လေ့ကျင့်ပေးပါတယ်။ အိုက်တင်နဲ့ပတ်သက်ပြီး အပြင်က ဆရာတွေကိုခေါ်ပြီး သီအိုရီပိုင်းကို ပို့ချပေးပါတယ်။ အပြင်က ဆရာတွေက အိုက်တင်ပိုင်းရော၊ စတန့်ပိုင်းပါ သင်ပေးပါတယ်။ စတန့်သင်တဲ့အချိန်မှာ ကျွန်တော်က ကားစ,ရိုက်နေပြီမို့ မသင်လိုက်ရပါဘူး။

အထူးသဖြင့် တော့ Emotion နဲ့ ပတ်သက်တဲ့ ပို့ချမှုတွေ များပါတယ်။ ရုပ်ရှင်ကားကြီးတွေမှာ သရုပ်ဆောင်တဲ့အတိုင်း သင်ရတာပါ။ ရေကူး၊ မြင်းစီး အကုန်လုံးကို သင်ပေးပါတယ်။

**အဲဒီတော့ အောင်ရေချမ်း ပထမဆုံး ရိုက်ခွင့်ရခဲ့တဲ့ ကားက ဘာကားလဲ။**

ကျွန်တော် ရိုက်ခွင့်ရတာက ဇာတ်လမ်းတွဲပါ။ **ထာဝရမန္တလေး** ဆိုတဲ့ ဇာတ်လမ်းတွဲပါ။ အဲဒီဇာတ်လမ်းတွဲမှာ ကျွန်တော်က မန္တလေးသားလေးတစ်ယောက်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်ရပါတယ်။ ဒုတိယရိုက်ခဲ့ရတာကတော့ **ဝက်ပါစံအိမ်** ပါ။ **ပို၍လှသော မနက်ဖြန်**။ ဒါတွေက ဇာတ်လမ်းတွဲတွေပါ။ **ရသမော်ကွန်းအလင်္ကာ** ကတော့ ဒုတိယအကြိမ် ပြပြီးပါပြီ။ လောလောဆယ် ရိုက်ကူးပြီးစီးခဲ့တာကတော့ **ကျွန်မကမယောသီ** ဆိုတဲ့ ဇာတ်လမ်းတွဲပါ။

**ဒါရိုက်တာ အိအိခိုင် ရိုက်တာ ထင်တယ်။**

ဟုတ်ပါတယ်။ အခုလောလောဆယ် လွှင့်နေတာက **ပျားရည်အိုင်** ဇာတ်လမ်းတွဲပါ။ ဒါကတော့ ဦးဟိန်းစိုး ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့တာပါ။

**ဦးသိချင်တာ တစ်ခု မေးကြည့်မယ်။ အခု အောင်ရေချမ်းက ခေါင်းဆောင်မင်းသားနေရာက ရိုက်နေရပေမဲ့ နောက်ထပ်ရိုက်မယ့်ကားတစ်ကားမှာ ဒုတိယနေရာ သို့မဟုတ် ဇာတ်ပို့နေရာ ဖြစ်သွားနိုင်သလား။**

အဲဒါတော့ ကျွန်တော် အသေအချာမပြောတတ်ဘူးဗျ။ ရုံးက ချပေးတာကို ရိုက်ရတာပါပဲ။ ဒါပေမဲ့ ကျွန်တော့်စိတ်ထင် ပြောရရင်တော့ ခေါင်းဆောင်နေရာ ရိုက်ပြီးတဲ့ သရုပ်ဆောင်တစ်ယောက်ကိုတော့ ဇာတ်ပို့နေရာလောက် မရိုက်ခိုင်းလောက်ဘူး ထင်ပါတယ်။ ဒါကလည်း ကိုယ့်ရဲ့ ကြိုးစားအားထုတ်မှုနဲ့ Talent ပေါ် မူတည်တယ်လို့ ထင်ပါတယ်။

**ဦးမေးတာက ဒီလိုပါ။ တို့မြန်မာတွေ သဲသဲလှုပ်ဖြစ်နေတဲ့ ကိုရီးယားကားတွေ အများဆုံးထုတ်လုပ်တဲ့ KBS ကုမ္ပဏီကြီးက သူမွေးထုတ်တဲ့ သရုပ်ဆောင်တွေကို ဒီကားမှာ ခေါင်းဆောင်ဖြစ်ပေမဲ့ နောက်တစ်ကားမှာ ဇာတ်ပို့ခိုင်းချင်ခိုင်းတတ်တယ်။ အဲဒီလိုလားလို့ မေးတာပါ။**

အဲဒါတော့ ကျွန်တော် အသေအချာ မသိဘူးခင်ဗျ။

**ဆိုကြပါစို့ကွာ၊ အခုမင်း အဓိကသရုပ်ဆောင်နေတဲ့ 'ပျားရည်အိုင်' မှာ အရင်ရှေ့ကားတုန်းက 'ကျိန်စာပြယ်ဒဏ္ဍာရီ' မှာ ခေါင်းဆောင်အဖြစ် သရုပ်ဆောင်ခဲ့တဲ့ ရှင်မွေ့လ ပါလာမယ်ဆိုတာ စာတန်းထိုးတာအရ သိရတယ်။ ဒါကြောင့် မေးတာပါ။**

ရှင်မွေ့လက **ကျိန်စာပြယ်ဒဏ္ဍာရီ** မှာ ခေါင်းဆောင် မှန်ပါတယ်။ ဒါပေမဲ့ **ပျားရည်အိုင်** က အဲဒီကားရဲ့ အရင် ရိုက်ခဲ့တာမို့ အဲဒီလိုဖြစ်သွားတာပါ။ ဒါလည်း သူက ဇာတ်ပို့လို့တော့ ပြောလို့မရဘူး။ ဘာကြောင့်လဲဆိုတော့ **ပျားရည်အိုင်** မှာ ကျွန်တော်က နောက်ပိုင်းမှာ လူကြီးခန်းကို ရောက်သွားမယ်။ သူတို့က နောက်တက်လာမယ့် လူငယ်တွေနေရာက သရုပ်ဆောင်မှာပါ။

**MRTV-4 က မွေးထုတ်ထားတဲ့ သရုပ်ဆောင်တွေကို အပြင်မှာ ရုပ်ရှင်မရိုက်ရဘူးလို့ ကန့်သတ်ထားတာ ရှိသလား။**

မရှိပါဘူးခင်ဗျ။ ရုပ်ရှင်ရိုက်မယ်ဆိုရင် ဌာနက ရိုက်နေတဲ့ ဇာတ်လမ်းတွဲနဲ့ မငြိရင် ရိုက်ခွင့်ရှိပါတယ်။ ကျွန်တော့်ကို လာကမ်းလှမ်းကြဖူးပါ







www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါပေမဲ့ ဇာတ်လမ်းတွဲ ရိုက်နေတဲ့အချိန်နဲ့ ငြိနေတော့ ရိုက်လို့ မရပါဘူး။ ဇာတ်လမ်းတွဲကလည်း ၃ လကနေ ၆ လအထိ ကြာတတ်တာ ဆိုတော့ ရုပ်ရှင်ရိုက်ဖို့ အားရက်ဆိုတာ တော်တော်ညှိမှ ရလိမ့်မယ် ထင်တယ်။ အားနေတဲ့ အချိန်ဆိုရင် ရိုက်ခွင့်ရှိပါတယ်။

**ကားရိုက်အားနေပေမဲ့ အောင်ရဲချမ်းတို့က ရုံးတက်တဲ့သဘော သွားရသလား။**

မသွားရပါဘူးခင်ဗျ။ ကျွန်တော်ဆိုရင် နိုဝင်ဘာလကတည်းက ကားရိုက်ပြတ် သွားပြီဖြစ်လို့ အားနေပါပြီ။ ကြော်ငြာလေးတွေ လက်ခံရိုက်ကူးပေးပါတယ်။

**ဒါဆိုရင် အောင်ရဲချမ်းကို ဆက်သွယ်မယ်ဆိုရင် ဘယ်လိုဆက်သွယ်ရမလဲ။**

ကျွန်တော်တို့ MRTV-4 မှာ Talent Center ဆိုတာ ရှိပါတယ်။ အဲဒီကတစ်ဆင့် ဆက်သွယ်လို့ရပါတယ်။ ဒါမှမဟုတ် ကျွန်တော့်ကို တိုက်ရိုက်ဆက်သွယ်ချင်ရင်တော့ ၀၉-၅၁၀၀၀၉၂၄၈ ပါခင်ဗျ။

**ကျေးဇူးပဲ အောင်ရဲချမ်းရေ။ အောင်မြင်တဲ့ သရုပ်ဆောင်တစ်ယောက်ဖြစ်ပါစေလို့ ရွှေအမြုတေစာဖတ် ပရိသတ်နဲ့အတူ ဆုတောင်းလိုက်ပါတယ်။**

■

**ဝင်းငြိမ်း**





www.burmeseclassic.com

www.burmeseclassic.com

# နောက်တစ်ခုက ကျွန်တော့်မှာ မရှိဘူးဆိုတဲ့ ဒါရိုက်တာ ညီမြင့်လွင်

**မန်းသူ**

One Minute Interview ကြားရခဲ့သော တစ်မိနစ်တာ

ဒါရိုက်တာ၊ သရုပ်ဆောင် ညီမြင့်လွင်က ပထမဆုံး မြန်မာသိပ္ပံကား **အနုတ္တ**ကို အချိန်ယူပြင်ဆင်ရိုက်ကူးပြီးစီးထားပြီး ၂၀၁၉ နှစ်ဦးပိုင်း ထိုင်းနိုင်ငံမှာ ကျင်းပမယ့် မြန်မာရုပ်ရှင်ပွဲတော် အဖွင့်နေ့မှာပြသဖို့ ဖိတ်ကြားခြင်းခံရပါတယ်။

အဲဒီအတွက်လည်း ညီမြင့်လွင်က 'ကျွန်တော့် ခံစားမှုက Exciting ပေါ့ဗျာ' လို့လည်း ဆိုပါတယ်။ ပွဲတော်အပြီး ထိုင်းနိုင်ငံက ရုပ်ရှင်ရုံတွေမှာပြသဖို့ ညှိနှိုင်းမှုကိုလည်း ညီမြင့်လွင်က 'မြန်မာပရိသတ်ကို အရင်ပြပြီးမှသာ ပြည်ပမှာ ပြချင်တယ်' လို့ ပြောပါတယ်။

ညီမြင့်လွင်က '**အနုတ္တ** အတွက် နောက်ထပ် အစီအစဉ်တစ်ခုကိုလည်း ခုလို ပြောပြခဲ့ပါတယ်။

**'အနုတ္တ' ရုပ်ရှင်ကားကြီးနဲ့အတူ စာအုပ်ပါထွက်ဖို့ ရခဲ့တဲ့ idea ပြောပြပါလား။**

ကျွန်တော့်ဆီမှာ အဲဒီလိုမျိုး Complete Journal ဆိုပြီးတော့လေ။ Behind the Scene ဆိုပြီး ပြန်ထုတ်တဲ့ နိုင်ငံခြားရုပ်ရှင်တွေ ရှိတယ်။ ကျွန်တော်ကိုယ်တိုင် အဲဒါလေးတွေ သဘောကျတယ်။ ဖတ်တယ်။ ကျွန်တော့်ကားမှာလည်း အဲဒါမျိုးလေးတွေ လုပ်ကြည့်ချင်တယ်။

**ရိုက်ကွင်းက အသေးစိတ်တွေလား။ ဖတ်ရတဲ့သူအနေနဲ့ ဘယ်လိုခံစားသွားရမလဲ။**

Motivation ပေါ့။ အဓိကကတော့ Motivation. ဒါဆိုရင် ငါတို့လည်း လုပ်လို့ရတာပဲ ဆိုတဲ့စိတ်မျိုး ဖြစ်လာစေချင်တယ်။

**ပုံမှန်အားဖြင့်လည်း စာအုပ်နဲ့ ရုပ်ရှင်ဆိုတာ မတူတတ်ဘူး။ ကိုညီ့ရဲ့ ရုပ်ရှင်ကို စာဖတ်သူအနေနဲ့ စာအုပ်ထဲမှာကွက်ကွက်ကွင်းကွင်း မြင်အောင်ရော ဘယ်လို အရေးအသားနဲ့ ကြိုးစားထားလဲ။**

ကွက်ကွက်ကွင်းကွင်း မြင်အောင်ကတော့… အဲဒါကိုတော့ စိတ်မပူပါဘူး။ ဘာလို့ဆိုတော့ ကျွန်တော်က ကျွန်တော်ကိုယ်တိုင် ဖြတ်သန်းခဲ့ရ တဲ့ အချိန်ကာလတွေကို ပြန်ရေးတာဆိုတော့ လုပ်ကြံပြီးရေးတာ မပါဘူးလေ။ အဲဒီအတွက် ရိုးသားတယ်။ အဲဒါတစ်ခုတော့ သေချာတယ်။ ကျွန်တော် အမှန်အတိုင်းပဲ ပြန်ချပြတာဖြစ်တဲ့အတွက် ဒါကို ပရိသတ်အနေနဲ့ မဖတ်နိုင်မှာ မပူရဘူး။

**စာအုပ်လေးကို အခန်းစဉ်တွေနဲ့ ရေးဖွဲ့ထားတာလား။ ဝတ္ထုတစ်ပုဒ်လိုလား။**

ဒိုင်ယာရီ တစ်ခုလိုပေါ့။ Production Diary တစ်ခုပေါ့။

**ဒါလေးကိုရော 'အနုတ္တ' ရုပ်ရှင်နဲ့ အတူမွေးဖွားတာလား။ ရိုက်ကူးရေး ပြီးမှလား။**

ရုပ်ရှင်ပြီးမှ ပြန်ရေးထားတာပါ။

**ညီမြင့်လွင်အနေနဲ့ စာတွေလည်းရေးခဲ့ဖူးတော့ ဒီစာအုပ်လေးက Behind the Scene ဆိုတာထက်ကို ဘယ်လိုအနုပညာတွေ ထပ်ပြချင်တာလဲ။**

အဓိကတော့ Behind the Scene ကို ပြချင်တာပါ။ စာအုပ်ထဲမှာ ကျွန်တော်က ဒီဇာတ်ကားကို ဘယ်လို ဖန်တီးထားတယ်။ ဘယ်လို ရိုက်ကူးထားတယ်ဆိုတာပဲ ပြချင်တာပါ။ သူများတွေက ပြောကြတယ်။ မြန်မာနိုင်ငံမှာ ဒီလိုရိုက်ဖို့ မဖြစ်နိုင်ဘူးလို့ ပြောနေခဲ့ကြတဲ့၊ ကွယ်ရာမှာ နှာခေါင်းရှုံ့နေခဲ့ကြတဲ့ကြားထဲက ဖြစ်အောင်လုပ်ခဲ့တာလေ။ ဒါ့ကြောင့် အဓိက ဘယ်လိုလုပ်ခဲ့လဲဆိုတာကိုပဲ ပြချင်တာ။

**အခုတော့ ဒီကားလေးက အားလုံးပြီးစီးသွားပြီး ကိုယ့်ကားကို ကိုယ်တိုင် ပြန်ကြည့်လိုက်ရတဲ့ ခံစားမှုက…။**

ကျေနပ်ပါတယ်။ ကျွန်တော်ကိုယ်တိုင် စိတ်ကျေနပ်တဲ့အထိ မကျေနပ်မချင်း လုပ်ခဲ့တာဖြစ်တဲ့အတွက် ပြန်မြင်ရတဲ့အရုပ်တွေကို ကျေနပ်ပါတယ်။

**ပထမဆုံး မြန်မာသိပ္ပံကားဖြစ်တဲ့အတွက် အဲဒီအချိန်တုန်းက ခံစားခဲ့ရတဲ့ ခံစားမှုတွေ၊ ဖန်တီးခဲ့ရတဲ့ idea တွေက…။**

မယုံမကြည်နဲ့ ကွယ်ရာမှာ လှောင်ခဲ့တဲ့လူတွေ အများကြီးပါပဲ။ ဘာမှပြောစရာ မရှိပါဘူး။

**ညီမြင့်လွင်အနေနဲ့ ကိုယ့်စိတ်ကြိုက် အမြဲဖန်တီးတတ်တဲ့အနုပညာရှင်ဖြစ်တဲ့အတွက် ဒီကားက Master Piece ဖြစ်နိုင်လား။**

ကျွန်တော်က Master Piece တွေဘာတွေ ခေါင်းထဲထည့်တာ မဟုတ်ဘူးဗျ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ကိုယ်လုပ်ချင်တာကို လုပ်လိုက်တဲ့သဘောပဲ။

**ကိုယ်လုပ်ခဲ့တဲ့ အလုပ်တွေတိုင်းကိုတော့ ဘယ်တော့မှ နောင်တမရဘူးမလား။**

အဲဒါတော့ သေချာတယ်။ နောင်တဆိုတာ ကျွန်တော့်မှာ မရှိဘူး။

ဒါရိုက်တာ ညိုမင်းလွင်အနေနဲ့ ထူးထူးခြားခြား ဇာတ်လမ်းတွေပဲ ဖန်တီးထားပြီး လတ်တလော ဖန်တီးမှုအနေနဲ့ **မနုစာရီ** ဇာတ်ကားကြီးကို ရိုက်ကူးပုံဖော်နေပါတယ်။ ■

**မန်းသူ**





www.burmeseclassic.com

www.burmeseclassic.com



# ဘာနဲ့မှမတူတဲ့ ပီတိတွေနဲ့ တေးသံရှင် အောင်လ

**မနှင်းသူ**

အောင်လက ပရိသတ်ကို အကြွေးတင်နေတဲ့ အသုံးတော်ခံ တေးစီးရီး Album ကို ပရိသတ်ရှေ့ အရောက်ပို့ဆောင်အပြီး ဝိုင်းစုခိုင်သိန်းနဲ့အတူ နေထိုင်မယ့် အိမ်အသစ်အတွက် အလုပ်တွေရှုပ်နေပါတယ်။ ကိုယ်တိုင်အတွက်ထက် ဝိုင်းစုရဲ့ Music Producer, ဝိုင်းစုရဲ့ တေးရေး၊ ဝိုင်းစုရဲ့ အဖော်အဖြစ်နဲ့ ကျေနပ်နေတဲ့ အောင်လကို သူဖန်တီးနေဆဲ အိမ်အသစ်လေးမှာပဲ သွားရောက်တွေ့ဆုံဖြစ်ခဲ့ပါတယ်။

**အိမ်အသစ်လေးအတွက်၊ အိပ်မက်အိမ်လေးအတွက် ဘယ်လို idea တွေနဲ့ ဖန်တီးဖြစ်နေတယ်ဆိုတာ ပြောပါဦး။**

ကျွန်တော်က အဲဒီလို လုပ်ရတာကို အရမ်းကြိုက်တယ်။ အိမ်ကို Renovation လုပ်ထားတာမျိုးပေါ့။ ကျွန်တော်အရင်က Sky Net ကြည့်တယ်။ အဲဒီတုန်းက FYI ပေါ့နော်။ အဲဒီ Channel ကို တစ်ချိန်လုံးကြည့်တယ်။ ကျွန်တော်ကြည့်တဲ့ Channel သည် MTV Channel နဲ့ FYI Channel ပဲ။ အိမ်အဟောင်းအစုတ်အပြတ်ကြီးကို သူတို့ ထွင်ပစ်လိုက်တာက အရမ်းကြီးမိုက်သွားတယ်။ ရက်အတိုအတွင်း ပြင်ရတယ်။ အဲဒါလည်း Art ပဲ။ Creation တစ်ခုပဲ။ အဲဒါကို ကျွန်တော် အရမ်းစိတ်ဝင်စားတယ်။ အခု သူနဲ့ကျမှပဲ ဒါကို အကောင်အထည်ဖော် ဖြစ်သွားတာပါ။

**အိမ်တစ်အိမ်လုံး စိတ်ကူးက အောင်လပဲလား။**

ဟုတ်။ သူ့ idea လည်းပါတော့ ပါ,ပါတယ်။ သူက ဘာလုပ်ချင်တယ်၊ ဘာလိုချင်တယ် ပြောတယ်။ ကျွန်တော်က 3D ဆွဲတယ်။ Structure က ချလိုက်တာပေါ့နော်။ ပြီးတော့မှ အဲဒီအပေါ်မှာ သွားတာပေါ့။

**ချစ်သူနဲ့ အတူနေမယ့်အိမ်ကို ကိုယ်တိုင်ဖန်တီးနေတယ်ဆိုတဲ့ ခံစားမှုက…။**

ခံစားမှုကတော့ ပြောမနေပါနဲ့တော့။ တစ်ခါတလေကျရင် ပင်ပန်းတယ်။ ဘတ်ဂျက်ပေါ်မှာ မူတည်ပြီး လုပ်ရတာပေါ့နော်။ အချိန်လည်းပိုကြာတယ်။ လုပ်ရတဲ့ နေရာမှာ နည်းနည်းလေး ကသီတာလေးတွေ ရှိပေမဲ့ ပျော်တယ်။

**ဒီအိမ်မှာStudio လည်းပါမယ်ဆိုတော့ အဲဒီ Studio လေးက ဘယ်လိုမျိုးဖြစ်မလဲ။ ဂီတအမျိုးအစားမတူတဲ့ နှစ်ယောက်အတွက် ဘယ်လိုဖန်တီးမလဲ။ နှစ်ဦးတည်းပိုင်ပဲလား။**

ကျွန်တော်တို့ နှစ်ဦးတည်းပိုင်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ငှားမစားဘူးပေါ့နော်။ သူငယ်ချင်းတော်တော်များများ လာသွင်းလို့ရတယ်။ Studio ကို Professional ဆန်ဆန်လေး လုပ်ဖို့ စဉ်းစားထားတယ်။

**Studio ကိုတယ်လောက် Level အထိလုပ်ချင်တာလဲ။**

Drum တစ်ခုပဲ တီးလို့မရမှာ။ ဒါကလည်း အခန်းအခြေအနေကြောင့်ပေါ့နော်။ ကျန်တာတွေကို Professional အဆင့် အကုန်သွင်းလို့ ရတယ်။ မိုက်ဆိုရင်လည်း တစ်ယောက်က ကွန်ဒန်ဆာမိုက်နဲ့ သွင်းချင်တယ်။ တစ်ယောက်က ကျူမိုက်နဲ့ သွင်းချင်တယ်ဆိုရင် မိုက်တွေက အစ စုံစုံလင်လင်ထားပေးထားမယ်။ အဲဒါက ကျွန်တော့်ရဲ့ Paradise ဖြစ်နေတာကိုး။ အဲဒီထဲမှာမှ ကျွန်တော် လုပ်ချင်ရာလုပ်မှာဆိုတော့လေ။ အဲဒီအခန်းက ကျွန်တော့်အတွက်ရင်ခုန်စရာ အကောင်းဆုံးအခန်း ဖြစ်နေတယ်။

**အခုအချိန် သီချင်းတွေ၊ ဂီတတွေကိုရော ဘယ်လို ဖန်တီးဖြစ်နေလဲ။**

သီချင်းနားထောင်တယ်။ ဒီတစ်ခေါက် နားထောင်တော့ သူနဲ့ ကျွန်တော်က Share ဖြစ်သွားတယ်။ ကျွန်တော်က ရော့ခ် နားထောင်တယ်။ သူက ပေါ့ပ်နားထောင်တယ်။ အခု International မှာက Music Trend ပြောင်းသွားတယ်။ အဲဒါတွေ နားထောင်ရင်းနဲ့ သူလည်း idea ရ၊ ကျွန်တော်လည်း idea ရ။ အဲဒီ idea နှစ်ခုပေါင်းဖြစ်သွားတယ်။

**ဒါဆို လူချင်းပေါင်းစည်းမယ့် အစီအစဉ်သစ်တွေနဲ့အတူ ဂီတအနုပညာချင်းရောပေါင်းပြီး သီချင်းအသစ်တွေ ရှိလာမလား။Surprise တိုက်မှာက တစ်ယောက်ချင်းလား။ နှစ်ယောက်တွဲလား။**

နှစ်ယောက်တွဲတော့ ရှိပါတယ်။ ဒါပေမဲ့ လောလောဆယ်တော့ သူ့တစ်ယောက်တည်း အစီအစဉ်တွေပါပဲ။ သူ့ကိုပဲ အရင်ဆုံး Support လုပ်ပေးနေပါတယ်။ ကျွန်တော်က Performance ပိုင်းတွေမှာ သူ့လောက်မကျွမ်းဘူး။ ပြီးတော့ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com

Stress တအားများတတ်တဲ့သူ ဆိုတော့လေ။ ကျွန်တော်က လူတစ်ယောက်ရဲ့ နောက်ကနေပဲ သီချင်းရေးပေးတာတို့၊ တီးပေးတာတို့၊ အသံသွင်းပေးတာတို့ပဲ လုပ်ချင်တာ။

**ဒါဆို အခုလို တစ်ယောက်သောသူရဲ့ နောက်ကနေကြည့်ပြီး သူ့အတွက်လုပ်ပေးနေရတာ…။**

အဲဒီပီတီက ဘာနဲ့မှမတူဘူးဗျ။ ဝိုင်းစုရဲ့ချစ်စရာကောင်းတဲ့ အချက်နဲ့ ရိုက်ချင်စရာကောင်းတဲ့ အချက်လေးတွေကိုလည်း ပြောပါဦးဆိုတော့ အောင်လက "ချစ်စရာကောင်းတဲ့ အချက်ကတော့များပါတယ်။ ချစ်စရာမကောင်းတဲ့ အချက်ကတော့ နည်းပါတယ်။ သူ့ကို ပြင်ချင်တဲ့အရာလေးကတော့ ဥပမာ-သူက တစ်ခုခုလုပ် လိုက်တယ်ဆိုရင် ထပ်တလဲလဲ သူပြောတယ်။ အဲဒါလေး ပြင်စေချင်တယ်။ လူတစ်ယောက်က ကိုယ့်အမှားကို မမြင်တတ်ကြဘူးလေ။ အဲဒါကို သူ့ကိုမြင်စေချင်တာ။ အဲဒါမှ ကိုယ့်အမှားကို ပြင်ပြီးတော့ ရှေ့ဆက်လို့ ရမှာပေါ့။ ကျွန်တော်ဆိုလည်း သူ ကျွန်တော့်ကို ပြောတဲ့ဟာတွေရှိတယ်။ ကျွန်တော် များသောအားဖြင့် လက်ခံလိုက်တယ်။ ဒါပေမဲ့ သူက သူ့အိမ်မှာရော၊ သူလျှောက်လာခဲ့တဲ့လမ်းမှာရော သူကိုယ်တိုင် လုပ်ခဲ့ရတာဆိုတော့ များသောအားဖြင့် သူ့ကိုယ်သူတော့ နည်းနည်းလေးတော့ ရှိတယ်။ အဲဒါလေးကို ပြင်စေချင်တယ်-လို့ ပြောပြခဲ့ပါတယ်။

■ မန်းသူ





www.burmeseclassic.com

www.burmeseclassic.com

One Minute Interview ကြုံရာဆုံရာ တစ်မိနစ်တာ

# ခေတ်ကိုမျက်ခြည် မပြတ်ချင်တဲ့ သာဒီးလူနဲ့ နှစ်သစ်-Plan

**မန်းသူ**

မိမိစိတ်ကြိုက် ဂီတတွေကို ရှုးသွပ်စွာ ဖန်တီးပုံဖော်ရင်း လူငယ်ပရိသတ်တွေ ရင်ဘတ်နဲ့ တစ်ထပ်တည်းကျခဲ့တဲ့ သာဒီးလူက *ပြယုဒ်* နဲ့ *ကျွန်တော် ရှူးနေသည်* တစ်ကိုယ်တော် တေးစီးရီးနှစ်ခွေကို ပရိသတ်ရင်ထဲ အရောက်ပို့ထားနိုင်သူပါ။ ဒုတိယတေးစီးရီး ထွက်ထားပေမဲ့လည်း ပထမတစ်ကိုယ်တော် တေးစီးရီးထဲက သီချင်းတွေကိုလည်း ပရိသတ်က လက်ခံအားပေးဆဲ ဖြစ်နေပါတယ်။ သီချင်းတွေကိုလည်း လမ်းသစ်ထွင် ဖန်တီးနိုင်ခဲ့တဲ့ သာဒီးလူက ပရိသတ်နဲ့ သူ့သီချင်းတွေ အဆက်မပြတ်မယ့် အစီအစဉ်သစ်တွေလည်း ရှိနေတယ်ဆိုတာကြောင့်…။

**ဒီနှစ်သစ်မှာ ထူးထူးခြားခြား လှုပ်ရှားမယ့် သာဒီးလူရဲ့ လှုပ်ရှားချက်…။**

ဒီနှစ်ထဲမှာ ကျွန်တော်တို့နဲ့ Honest က ထားတာက ကျွန်တော်ရယ်၊ ကိုချမ်းချမ်းရယ်၊ ကိုစိုင်းလေးရယ်၊ ကိုဝနရယ် လေးယောက်ပေါ့။ ကိုချမ်းချမ်းကတော့ ငွေစိုက်၊ ကျွန်တော်တို့ကတော့ လူစိုက်ပေါ့နော်။ နောက်ပွဲတွေမှာ လူပြောင်းမလား၊ မပြောင်းဘူးလားဆိုတာကတော့ ကိုဖော်ကာကြီးကို မေးရမှာပေါ့။ ကိုဖော်ကာ အချိန်ပေးနိုင်ရင်လည်း ဆက်သွားရမှာပေါ့။ ကိုဖော်ကာကြီးက ညီလေးတို့ လုပ်မယ့်ရက်နဲ့ ဒီဘက်မှာ အစ်ကို့ဖျော်ဖြေရေးနဲ့ တိုက်နေလို့ဆိုရင်တော့ တခြားပြောင်း စဉ်းစားရမှာပေါ့။ ကိုယ်နဲ့အဆင်အားလုံးကို ကျွန်တော်တို့ တတ်စွမ်းသလောက် အသေအချာအကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်။ စတိတ်ပေါ်မှာ ကျွန်တော်တို့ သီချင်းဆိုဖို့သတ်သတ်အတွက် မဟုတ်ဘဲ Lighting တွေ၊ Sound တွေကို ဘယ်လိုအသုံးပြုမယ်၊ နောက်ခံ LED ဘုတ်ကို ဘယ်လိုပုံဖော်မယ်ဆိုတဲ့ အရာအားလုံးကိုတော့ စဉ်းစားပြင်ဆင်ထားပါတယ်။

**သာဒီးလူက ကိုယ့်ကို သာဒီးလူလို့ သိထားတဲ့ သီချင်းတွေပဲ ဆိုလေ့ရှိလား။ အသစ်တွေရော ချပြမှာလား။**

ကျွန်တော်ကတော့ Official မထွက်ထားတဲ့ သီချင်းတွေဆိုရင်တော့ မဆိုပါဘူး။ Official ထွက်ထားတဲ့အထဲကပဲ ဆိုပါမယ်။ အခုလောလောဆယ်တော့ *ပြယုဒ်* ထဲက သီချင်းတွေက ဆိုလာတာများတော့ နည်းနည်းရိုးလာတယ် ထင်တော့ အခွေသစ်ထဲက သီချင်းတွေ ဆိုဖြစ်တာများပါတယ်။ ကျွန်တော် စင်ပေါ်ရောက်ရင်တော့ ဒုတိယအခွေထဲ သီချင်းတော်တော်များဆိုဖြစ်ပါတယ်။ အောက်က ပရိသတ်ကတောင်းဆိုရင်တော့ ပထမအခွေထဲကသီချင်းတွေ ဆိုဖြစ်တယ်ပေါ့နော်။

**ပထမအခွေ *ပြယုဒ်* နဲ့ ဒုတိယအခွေ *ကျွန်တော် ရှူးနေသည်* မှာ ပရိသတ်ဆီက ဘယ်သီချင်းတွေကို ပိုကြိုက်တယ်လို့ Feedback ပြန်လာလဲ။**

ဟိုတုန်းကတည်းက အားပေးလာတဲ့ Fan ပရိသတ်တွေကတော့ တစ်ခွေလုံးကို ကြိုက်ကြတာပဲ။ ဒီ

မြန်မာတစ်နိုင်ငံလုံးမှာ လေးပွဲလုပ်ဖို့ စီစဉ်ထားပါတယ်။ ဘာဖြစ်လို့ လုပ်ရလဲဆိုတဲ့ ရည်ရွယ်ချက်ကလည်း ဒီခေတ်မှာ Free ပွဲတွေ များနေတယ်။ လက်မှတ်ကို လူတွေ စိတ်မဝင်စားကြဘူးဖြစ်နေတယ်။ ဒါကြောင့် လုပ်ဖြစ်တာပါ။

**အခု ရန်ကုန်ပွဲပြီးရင် ဘယ်မြို့တွေဆိုတာ သိရပြီလား။**

အဲဒါကတော့ ကျွန်တော်တို့ ပြန်တိုင်ပင်ရဦးမယ်။ ဟိုဘက်မှာ ကျွန်တော်တို့ Team တစ်ခုရှိတယ်။အားလုံးပြန်ညှိကြရမှာပေါ့။

**ဒါဆို ၂၀၁၉ မှာ သာဒီးလူတို့ Show တွေ ဆက်တိုက်လာကြတော့မှာပေါ့။ ဒီလူတွေပဲလား။ အပြောင်းအလဲရော ရှိလာနိုင်လား။**

ဟုတ်ကဲ့။ လေးပွဲဆက်တိုက်လာမှာပါ။ ကျွန်တော်တို့ ဒီဘက်မှာ သဘောတူညီပြေမယ့်၊ အကူအညီပေးနိုင်မယ့် စီနီယာတွေကို အကူအညီတောင်းရမှာပေါ့။

**လက်မှတ် Show တွေနဲ့ လာတာကြောင့် ခုလိုကိုယ်လုပ်တဲ့ Show မှာ ပရိသတ်ကို ထူးခြားတဲ့ အစီအစဉ်တွေနဲ့ ဖိတ်ခေါ်တာမျိုးတွေရော ရှိနိုင်လား။**

ဒီအချက်က စဉ်းစားစရာပေါ့နော်။ ဒါပေမဲ့ ကိုယ်ကျရာတာဝန်၊ ကိုယ့်နေရာကနေပြီးတော့ အကောင်းဆုံးလုပ်သွားမှာပါ။ Show မှာ Stage အပြင်အဆင် Sound System, Lighting Design



www.burmeseclassic.com

www.burmeseclassic.com

ဘက်ပိုင်းကတော့ အလွမ်း ညနေခင်း တို့၊ မင့်နဲ့တော့ တို့ သီချင်းတွေပေါ့။ မိန်းကလေး ပရိသတ် တော်တော်များများ ကြိုက်ကြပါတယ်။

**၂၀၁၉ ခုနှစ် တစ်နှစ်လုံး Show လေးပွဲရှိနေပြီး Music Tour ထွက်မယ်ဆိုတော့ ပရိသတ်နဲ့ သီချင်းအသစ်တွေ အလှမ်းကွာသွားနိုင်လား။**

ပရိသတ်နဲ့ အလှမ်းမဝေးသွားပါဘူး။ အခုမှ ဒုတိယအခွေ ထွက်ထားတာဆိုတော့လေ။ သီချင်းတွေလုပ်တာလည်း မနှောင့်နှေးသွားပါဘူး။ Music တွေ လုပ်ဖြစ်တယ်။ Tour တွေဆိုဖြစ်နေပါတယ်။ နောက်တစ်ခွေအတွက်ကတော့ မစီစဥ်ရသေးပါဘူး။ အေးဆေးပါပဲ။ အခု ဒုတိယခွေကို MTV ရိုက်နေပါပြီ။ ငါးပုဒ်လောက်တော့ ပြီးသွားပါပြီ။ Online ပေါ်တော့ မတင်တော့ပါဘူး။ Album အချပ်လိုက်ပဲ ထုတ်မှာပါ။ Online ကတော့ သတင်းလောက်ပဲတင်ဖြစ်မယ် ထင်ပါတယ်။

"ပွဲကတော့ ရေစီးကြောင်းပဲ။ အဓိက,ကတော့ ခေတ်ကို မျက်ခြည်မပြတ်ဖို့ လိုတာပေါ့နော်။ ဟိုအရင်က လက်မှတ်ပွဲတွေ တအားကောင်းခဲ့တယ်။ အခုခေတ်မှာ အခွေကလည်း လစ်သွားတယ်။ လုပ်တာကတော့ လုပ်ကြရမှာပဲ။ မကောင်းဘူးဆိုပြီး မလုပ်ဘူးဆိုလို့လည်းမရဘူး။ လုပ်နေရမှာပဲလေ။ နောက်လာမယ့် Generation တွေအတွက်လည်း လုပ်ဆောင်နေရတာပဲ။ မကောင်းဘူးဟေ့၊ မလုပ်တော့ဘူး ဆိုပြီး ထိုင်နေလို့တော့လည်း ဘာမှဖြစ်လာမှာ မဟုတ်ဘူးလေ။လုပ်ကြရမှာပါပဲ။ အရှုံးအမြတ် ပဓာန မထားဘူး။ ဂီတတွေလုပ်နေရရင် ပျော်လို့ လုပ်ကြတာပါ"လို့လည်း သဘင်းလူက ဆိုပါတယ်။ ■ မန်းသူ





www.burmeseclassic.com

www.burmeseclassic.com

One Minute Interview ကြယ်တွေရဲ့ တစ်မိနစ်စကား

# စိတ်ကူးယဉ်မှုဆန်တတ်တဲ့ အေးမြတ်သူ

**မနှင်းသူ**

မျက်နှာထက်မှာ အပြုံးချိုချိုလေး အမြဲတင်ထားပြီး သဘောကောင်းတဲ့ အေးမြတ်သူက ကျရာဇာတ်ရုပ်မှာ ပီပြင်အောင်ကြိုးစားရင်း ပရိသတ်နဲ့ အဆက်မပြတ် ထိတွေ့နေတဲ့ အနုပညာရှင်တစ်ဦးပါ။ ဇာတ်ရုပ်အတွက် ပီပြင်အောင် ကြိုတင်ပြင်ဆင်လေ့ရှိတဲ့ အေးမြတ်သူက နောက်ရိုက်ကူးမယ့်ကားအတွက် ခန္ဓာကိုယ်အချိုးအစား ပြောင်းလဲသွားအောင် Gym ဆော့နေပါတယ်။ TV Program တွေအတွက်လည်း ရိုက်ကူးရေးတွေရှိနေတဲ့ အေးမြတ်သူနဲ့ ခဏတွေ့ဆုံခိုက်…။

**အခုနောက်ပိုင်း မြတ်လေးရဲ့ ကာရိုက်တာတွေက စိန်ခေါ်မှုများတယ်နော်။ ရလာတဲ့ ကာရိုက်တာတွေက တော်တော်လေး မိုက်တယ်လို့ ပြောလို့ ရပါတယ်။ အဲဒီကာရိုက်တာတွေက ကိုယ်တိုင် ရွေးချယ်ခွင့် ရထားတာလား။**

အေးမြတ်သူက လုပ်ခွင့်ရှိတဲ့ ကာရိုက်တာကို လုပ်ပြချင်ပါတယ်။ နောက်တစ်ခုက အေးမြတ်သူကို လုပ်ခွင့်ပေးထားရင် အဲဒီအပေါ် လုပ်နိုင်စွမ်းကို အပြည့်ပြတယ်။ ဥပမာ ခိုင်းပါ၊ ခိုင်းသလောက်လုပ်မယ်။ အဲဒီအခါမှာ ဒါရိုက်တာတွေကလည်း ဒီမင်းသမီးက ခိုင်းရင်လုပ်တယ်။ ခိုင်းတာရတယ်ဆိုတဲ့ အသိလေး ဝင်သွားပြီဆိုရင် အေးမြတ်သူအတွက် လုပ်ကွက်ရတာလေးတွေ၊ ခိုင်းတာလေးတွေ ပေါ်လာတာပါ။ ဒါမျိုးကိုပဲ အေးမြတ်သူက သဘောကျပါတယ်ရှင့်။ ကိုယ့်အတွက် ဆင်း(န)နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အရေးမကြီးဘူး။ ဒီကားထဲမှာ ကိုယ်လုပ်ပြရမယ့် ကာရိုက်တာအပေါ် အပြည့်အဝချပြလို့ရမယ့် ကာရိုက်တာကိုပဲ လိုချင်တာပါ။

**အေးမြတ်သူရဲ့ စိတ်ကူးထဲမှာ ဖန်တီးပြချင်တဲ့ ဇာတ်ကောင်စရိုက်ကဘာဖြစ်မလဲ။**

အဲဒီလိုမျိုးတော့ မရှိပါဘူး။ ကိုယ့်ကို ပေးလာတဲ့ ကာရိုက်တာအပေါ် တာဝန်ကျေအောင်လုပ်မယ်။ အေးမြတ်သူက စိတ်ကူးယဉ်သိပ်မဆန်ဘူး။ ကြိုးစားအားထုတ်မှုနဲ့ပဲ သက်သေပြချင်တယ်။ ဒီဇာတ်ကားအပေါ် ပေးဆပ်နိုင်စွမ်းကိုပဲ စဉ်းစားတယ်။ ထိုင်ပြီး စိတ်ကူးယဉ်နေတာမျိုးတော့ မရှိဘူး။

**အဲဒီဇာတ်ကားမှာ အားပေးမှုတွေရှိသလို ဝေဖန်မှုတွေလည်း ရှိနေတဲ့အပေါ်မှာ မမြတ်လေးအနေနဲ့ ဘယ်လိုတုံ့ပြန်ချင်ပါသလဲ။**

အေးမြတ်သူက ဝေဖန်မှုကို အမြဲတမ်း ကြိုဆိုပါတယ်။ ပြုပြင်စရာရှိရင်လည်း ပြုပြင်ဖို့ ကြိုးစားနေပါတယ်။ အားပေးတဲ့ ပရိသတ်ကို ကျေးဇူးတင်ရသလိုပဲ။ ဝေဖန်အကြံပေးကြတဲ့သူတွေကိုလည်း အေးမြတ်သူက ကြိုဆိုပါတယ်လို့ ပြောချင်ပါတယ်ရှင့်။

**အခုနောက်ပိုင်းမှာ ဇာတ်လမ်းဇာတ်အိမ်ကောင်းကောင်းနဲ့ ရုပ်ရှင်ဇာတ်ကားတွေရိုက်လာကြတယ်။ သရုပ်ဆောင်တွေရဲ့ အိုက်တင်တွေလည်း အရမ်းကောင်းလာကြတယ်နော်။**

ဟုတ်တယ်။ လွန်ခဲ့တဲ့ ၂၀၁၆ လောက်မှာ ပရိသတ်တွေက အေးမြတ်သူတို့ မြန်မာဇာတ်ကားတွေအပေါ် အရမ်းကို တွန်းအားပေးခဲ့ကြတယ်။ ပရိသတ်တွေ ရွေးပေးတဲ့အရွေ့နဲ့ ဒီနေ့လိုအခြေအနေမျိုးကို ရောက်လာတာပါ။ အနုပညာသမားအားလုံးကလည်း အကောင်းဆုံး ဖန်တီးကြပါတယ်။ ဒါကြောင့် အခုနောက်ပိုင်းမှာ အရမ်းကိုကောင်းတဲ့ ဇာတ်ကားတွေပေါ်ထွက်လာနိုင်တာဟာ ပရိသတ်တွေအတွက် ပိုကောင်းလာတာပေါ့နော်။ အဲဒီအတွက် ပရိသတ်တွေရဲ့ကြိုးစားမှုက အရာထင်လာတာလို့ ပြောလို့ရပါတယ်။ အေးမြတ်သူတို့ အနုပညာသမားတွေအားလုံးကလည်း ကြိုးစားခွင့်ရရင်ရသလို ကြိုးစားနေကြမှာပါ။ ကြိုးစားတယ်ဆိုတဲ့နေရာမှာ ငွေကြေးပံ့ပိုးမှုတွေအပြင် အချိန်လည်း ပါပါတယ်။ အချိန်ပေးနိုင်မှလည်း ဇာတ်ကားကောင်းတစ်ကားကို ရမှာပါ။ အနုပညာအပြင် ငွေကြေး၊ အချိန်၊ နည်းပညာအားလုံးပေါင်းလိုက်ရင်တော့ အမိုက်စားဇာတ်ကားတစ်ကားဖြစ်လာမှာပါ။ အခုဆိုလည်း **မီ**၊ **မုန်းစွဲ**၊ **ကြွတ်ရူ** ဆိုတဲ့ ဇာတ်ကားကောင်းတွေက အများကြီး တန်းစီပြီး ထွက်လာပါပြီ။ ဒါတွေဟာ ပရိသတ်တွေရဲ့ တွန်းအားကြောင့် ရလာတဲ့ အကျိုးကျေးဇူးတွေပါ။ အဲဒီအတွက် ပရိသတ်ကို အများကြီး ကျေးဇူးတင်ရပါတယ်။ အခု



www.burmeseclassic.com

www.burmeseclassic.com

လို ကောင်းသောပြောင်းလဲခြင်းတွေကြားမှာ အေးမြတ်သူ ကလည်း ပါဝင်ခွင့်ရတဲ့အတွက် ပိုပြီးဝမ်းသာရပါတယ်။ ငွေအား၊ လူအားတွေ အပြင်လောကသားအားလုံးက စည်းစည်းလုံးလုံးနဲ့ တက်ညီလက်ညီပြောင်းလဲလာတဲ့အပေါ် အေးမြတ်သူ ပါဝင်ခွင့်ရနေတာကို အေးမြတ်သူက ပြောမပြတတ်အောင်ကို ဂုဏ်ယူမိပါတယ်။

အေးမြတ်သူက အခုလက်ရှိအနေနဲ့ R Square ထုတ်လုပ်ရေးကထုတ်ပြီး ဒါရိုက်တာ စတီးလ် ရိုက်မယ့် **ကျားနဲ့ ဆင်** ဇာတ်ကားမှာ နေတိုး၊ နေထက်လင်း၊ ရွှေသမီးတို့နဲ့ အတူတူ ရိုက်ဖို့ ရှိနေပါတယ်။ ရန်အောင်၊ မေသန်းနု၊ မေသဥ္ဇာဦးတို့ပေါင်းပြီးထုတ်ရိုက်မယ့် ဇာတ်ကားမှာလည်း ပါဝင်ဖို့ ရှိတယ်လို့ သိရပါတယ်။

■ **မန်းသူ**





www.burmeseclassic.com

www.burmeseclassic.com

One Minute Interview ကြယ်တွေရဲ့ တစ်မိနစ်တာ

# တစ်ယောက်နဲ့တစ်ယောက်ချစ်ပြီး လုပ်ရတဲ့အရာတိုင်းမှာ ပျော်ရွှင်နေတဲ့ ပိုင်းစုခိုင်သိန်း

မန်းသူ

'ပိုင်းစု စိတ်ချမ်းသာတယ်။ နှစ်ယောက်တူတူ စိတ်တိုင်းကျပေါ့နော်။ ပိုင်းစု အရမ်း မချမ်းသာဘူး။ ကိုယ်ရတဲ့ အနုပညာကြေးနဲ့ ကိုယ်ရတဲ့ငွေ Amount နဲ့ အခုအသစ်ဖန်တီးနေတဲ့ အိမ်လေးကို ပိုင်းစု စိတ်ထင်တိုင်း မီချင်မှလည်းမီမယ်။ လုပ်ချင်မှလည်း လုပ်နိုင်မယ်။ ဒါပေမဲ့ နှစ်ယောက်အတူတူ တိုင်ပင်ပြီး လုပ်ရတယ်ကွာ။ တကယ် တစ်ယောက်နဲ့တစ်ယောက်ချစ်ပြီး လုပ်ရတဲ့ဟာမျိုးကျတော့ အဆင်ပြေတယ်။ တိုင်တိုင်ပင်ပင်လေးနဲ့ပေါ့။ ပိုင်းစု ဒီ Life မှာ ပျော်တယ်' လို့ ပြောလာသူက ပိုင်းစုခိုင်သိန်း။ ပိုင်းစုက အောင်လနဲ့ လှျောက်လှမ်းမယ့် ဘဝအသစ်အတွက် အိမ်အသစ်လေးနဲ့အတူ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်နေပြီး ပျော်ရွှင်နေပါတယ်။

'စိတ်တူကိုယ်တူလွန်းလို့ ငြင်းခုံရတာပေမဲ့ နောက်ဆုံး အလျှော့ပေးရတာ ဘယ်သူများပါလိမ့်' လို့ ဆိုတော့ 'ပိုင်းစုကပဲ အလျှော့ပေးရတာ များတာပေါ့' လို့ ရွှတ်နောက်နောက်နဲ့ ဖြေခဲ့တဲ့ ပိုင်းစုက အဲဒီနေ့ကတော့ တကယ့်ကိုမေးခွန်းတိုင်းကို ရယ်မောပျော်ရွှင်စွာ ပေါ့ပေါ့ပါးပါး ဖြေဆိုပေးရင်း ပျော်နေခဲ့တာပါ။

**အခု ကိုယ်ရွေးချယ်လိုက်တဲ့အချစ်က ဂီတသမားဆိုတော့ ဂီတအနုပညာအတွက်တော့ အားအင်တွေ ပြည့်နေမှာပေါ့။**

ဟုတ်၊ အားအင်ကတော့ သူ့ရှိလို့ တော်တော်ပြည့်ပါတယ်။ တစ်ခုခုဆို သူ့ကိုခိုင်းလွန်းလို့ အော်တောင်အော်နေပြီ။

**မယ်သီတာ အခွေကတည်းက သူလုပ်ပေးနေတယ်ဆိုပေမဲ့ အခုနောက်ပိုင်း သူ့ဆီကနေ အကြံပေးချက်တွေ ဘယ်လိုရလဲ။ ကိုယ့်ဘက်ကရော သူ့ဂီတနဲ့ ပတ်သက်ပြီး ဘာတွေလုပ်ပေးဖြစ်လဲ။**

သူကတော့ ဂီတပိုင်းနဲ့ ပတ်သက်လို့ ပိုပြီးနားလည်တာပေါ့နော်။ သီချင်းစီတာတို့၊ သီချင်းရွေးချယ်တာတို့ ကျတော့ ပိုင်းစု ကျွမ်းကျင်တဲ့ အပိုင်းပေါ့နော်။ သူ့အနေနဲ့ ကျတော့ ခုနောက်ဆုံးထွက်တဲ့ *ပြတ်စာ* သီချင်းဆိုရင် သူ့ idea ပေါ့နော်။ Music Producer သူလုပ်ပေးထားတယ်။ Arrange ကအစ၊ သီချင်းရိုက်ကူးတာ၊ Dancer အဖွဲ့ ခေါ်တာကအစ အကုန်သူ လုပ်ပေးတယ်။ သူကျွမ်းကျင်တဲ့အပိုင်းရှိတယ်။ ကိုယ်ကျွမ်းကျင်တဲ့အပိုင်း ရှိတယ်။ သူ့အတွက်ဆိုလည်း အခုအသုံးတော်ခံ ဆိုရင် ဓာတ်ပုံရိုက်တဲ့ကောင်မလေးကို ပိုင်းစုချိတ်ပေးတယ်။ ဒီဇိုင်းဆိုရင် ဘယ်လိုလုပ်ရမယ်ပေါ့။ ဒါကကျတော့ ပိုင်းစုကျွမ်းကျင်တဲ့လိုင်း။ တစ်ယောက်နဲ့ တစ်ယောက် အဲဒီလို မတူတာက ပိုကောင်းတယ်။ နှစ်ယောက်ကျွမ်းကျင်တဲ့အပိုင်းက ဒီမှာကို မတူဘူးဖြစ်နေတယ်။

**အဲဒီလို ပေါင်းမိသွားတော့…။**

ပေါင်းမိသွားတော့ ဟာကွက်တော့ နည်းသွားတာပေါ့။ တချို့ဟာတွေကျရင်တော့ သူမလုပ်ဖူးလို့ မလုပ်ချင်တာမျိုးတော့ရှိတယ်။ ပိုင်းစုက ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ ပြန်စဉ်းစားပေးရတယ်။ ပိုင်းစုကတော့ ပြဿနာမရှိဘူး။ ဒုန်းဆို လုပ်ချပစ်လိုက်တာပဲ။

**တစ်ခါတလေ တူလွန်းရင်လည်း ငြင်းခုံရတတ်တယ်လေ။ ဘယ်လိုအရာတွေမှာ ပိုပြီးထပ်တူကျလဲ။**

ဟာ… အရမ်းငြင်းရတာ။ အစားအသောက်မှာ အဓိကလုစားရတယ်။ idea လည်းများသောအားဖြင့် တူပါတယ်။ အဲဒီမှာတော့ ငြင်းခုံရတာထက် အကြံဉာဏ်ပေးတာပိုများတယ်။ ပိုင်းစုမှာ ပိုင်းစု မမြင်တဲ့ဟာတွေ ရှိတယ်။ အဲဒါကို သူက မြင်တယ်။ အဲဒီတော့ ပြည့်သွားတာပေါ့နော်။ အရမ်း Perfect ဖြစ်ချင်မှဖြစ်မယ်။ ဒါပေမဲ့ အောင်မှတ်တော့ ကျော်သွားပြီး ဂုဏ်ထူးမှတ်ရောက်လာတာတွေ ရှိတယ်။ အရမ်းပြည့်ချင်မှလည်း ပြည့်မယ်။ ဒါပေမဲ့ ဟာကွက်တော့ မရှိတော့ဘူးပေါ့နော်။

**ဘာပဲပြောပြော ကိုယ့်ဆုံးဖြတ်ချက်တွေ၊ ရွေးချယ်မှုတွေအတွက်တော့ ပိုင်းစု ကျေနပ်တယ်မဟုတ်လား။**

ကျေနပ်တယ်။ ကျေနပ်တယ်ဆိုတာ ပိုင်းစု ရွေးချယ်ချက် ခုချိန်ထိ မှန်ကန်တယ်လို့ ပိုင်းစုထင်တယ်။

**ကိုယ်က သူ့ကို အိမ်ထောင်ဖက်အဖြစ် ထပ်ရွေးတော့မယ်ဆိုတော့ သူ့အပေါ်မှာ ကိုယ်မကြိုက်လို့ ပြင်ချင်နေတာတွေရှိရင် တစ်ခါတည်း ဒီကနေ ပြောပစ်လိုက်ကွာ။**

သူ့ကို ပြင်ပစ်ချင်တာက ခေါင်းကြောမာတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းကြောမာတဲ့ဟာမှာမှ ကိုယ်နဲ့တူနေတော့ ပြောရခက်ပြန်ရော။ ဝိုင်းစုက တစ်ခုခုဆိုရင် ချက်ချင်းဖျောက်နိုင်တယ်။ သူကကျတော့ သူ ဒီဟာကို ပြင်သင့်တယ်ဆိုတာကို သိတယ်။ ဒါပေမဲ့ အချိန်နည်းနည်းလေးကြာပြီးမှ ပြင်ပေးတယ်။ ဝိုင်းစုက သူ့ကို ဒီတစ်ခေါက် မရဘူး၊ နောက်တစ်ခေါက်၊ နောက်တစ်ခေါက်ထပ်ပြောရတယ်။ သူလည်းအကြောတင်း၊ ကိုယ်လည်းအကြောတင်း၊ အကြောတင်းနှစ်ယောက် တွေ့ကြတာလေ။

**အခုတော့ ပျော်ရွှင်နေတယ်ပေါ့။**

ဟုတ်၊ ပျော်ရွှင်နေပါတယ်။

ဝိုင်းစုက မကြာသေးခင်ကမှ *ပြတ်စာ* သီချင်းကို အွန်လိုင်းကနေ တင်ဆက်ထားပါတယ်။ သီချင်းအသစ်တွေနဲ့ ပတ်သက်ပြီးလည်း "ဝိုင်းစုက သီချင်းအသစ်တွေ အများကြီးရှိတယ်။ အားလုံး အားရတဲ့သီချင်းတွေချည်းပဲ။ ဒါပေမဲ့ ဝိုင်းစုက အနီးကပ်မှ ပြလေ့ရှိတယ်။ ကြိုပြီးမပြတတ်တဲ့အခါကျတော့ Surprise ကတော့ ပရိသတ်တောက်လျှောက် အတိုက်ခံရမှာပါ" လို့လည်း ဝိုင်းစုက ဆိုပါတယ်။

■ **မန်းသူ**





www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်ပညာက တော်တော် ခက်တယ်။ ကိုယ်မဟုတ်တဲ့ လူတစ်ယောက် ဖြစ်သွားတာကိုး။ သရုပ်ဆောင်ပညာမှာ စိတ်က အရေးကြီးတယ်။ စိတ်တည်ငြိမ် နိုင်ရမယ်။ စိတ်အာရုံ စုစည်းနိုင်ရမယ်။ mood ကလည်း ဝင်ရမယ်။ အဲဒါကို ကြိုက်လို့၊ လုပ်နေရတာ ပျော်လို့ ဒီနယ်ပယ်ထဲ ဝင်ခဲ့မိတာဆိုတဲ့ လူငယ် သရုပ်ဆောင်သစ် လင်းအောင်ခေတ်နဲ့ တွေ့ဖြစ်ခဲ့ပါတယ်။ လင်းအောင်ခေတ်က လက်ရှိမှာ ဗီဒီယို ၅ ကား၊ **တစ်ခုလပ်** နဲ့ **Bad Boy 2** ရုပ်ရှင်ကားကြီး ၂ ကား ရိုက်ကူးထားတာပါ။

**သူပါဝင်သရုပ်ဆောင်ထားတဲ့ တစ်ခုလပ် ရုပ်ရှင်ကားကြီး ရုံတင်အပြီးမှာ တွေ့ဖြစ်ခဲ့ပါတယ်။ လင်းအောင်ခေတ်တို့ ခေတ်မှာက အနုပညာနဲ့ပတ်သက်ရင် လျှောက်လှမ်းလို့ ရတဲ့ နယ်ပယ်တွေကများတော့ ဒီလိုသရုပ်ဆောင်ခွင့်ရဖို့ ဘယ်နယ်ပယ်တွေကို ကြိုးစားဖြတ်ကျော်ခဲ့ရလဲ။**

ကျွန်တော်က အရင်ဆုံး ပြိုင်ပွဲလေးတွေ ပြိုင်တယ်။ အဲဒီခေတ်က ပြိုင်ပွဲပြိုင်တဲ့ ခေတ်ပေါ့နော်။ ပြိုင်ပွဲမှာ ဆုရရင်လည်း နာမည်ကြီးတဲ့ ခေတ်ကိုး။ ပထမဆုံးပြိုင်ပွဲမှာပဲ ကျွန်တော်က ဒုတိယဆု ရခဲ့တယ်။

# လင်းအောင်ခေတ်အစွမ်းတွေ အများကြီးကျန်သေးတယ်


**မနှင်းသူ**

နောက်ပွဲတွေမှာလည်း ပထမဆု၊ ဒုတိယဆုတွေ ရခဲ့တယ်ပေါ့။ ပြိုင်ပွဲတွေမှာ ပြိုင်ရင်းနဲ့မှ ကျွန်တော့် ဆရာ ဦးချိုက တွေ့သွားတယ်။ သူက ကျွန်တော့်ကို ငါတို့အေဂျင်စီမှာ



www.burmeseclassic.com

www.burmeseclassic.com





Show လျှောက်မလား၊ လျှောက်ချင်လား ဆိုတော့ ကျွန်တော်လည်း စိတ်ဝင်စားတာနဲ့ ဆရာ ဦးချိုနဲ့ လက်တွဲဖြစ်တယ်။

**သရုပ်ဆောင်ဆိုတာကပဲ လင်းအောင်ခေတ်ရဲ့ အိပ်မက်ဖြစ်ခဲ့တာလား။**

ကျွန်တော် တကယ်ဖြစ်ချင်တာက သရုပ်ဆောင်။ ကျွန်တော်က Show လျှောက်ရတာ မကြိုက်ဘူး။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ရိုးရိုးသားသားပဲ သရုပ်ဆောင်ဖြစ်ချင် စိတ်နဲ့ လုပ်ခဲ့ရင် ဖြတ်လျှောက်ပဲဖြစ်မှာလေ။ ကိုယ်က ဒီဘက်တွေမှာ Show လျှောက်ရင်းနဲ့ နာမည်လေး နည်းနည်းရ၊ ပရိသတ်နည်းနည်းရမှ သရုပ်ဆောင်ဘက်ကို ဝင်တဲ့အခါကျတော့ ကိုယ့်ကို နေရာ ပိုပေးခံရတယ်။ နေရာကောင်းလေးလည်း ရတယ်ပေါ့။ ဒါကြောင့် မော်ဒယ်လ်ဘဝနဲ့ အရင်စခဲ့တာ။

**ကိုယ့်ရဲ့ အစခရီးက တော်တော်မှ ခက်ခဲပြင်းထန်ခဲ့လား။**



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲကတော့ ရှိတယ်။ အရင်က ကျွန်တော်က စကားပြော အေးတော့လေ ဒီလောကမှာ လူမှုရေး သိပ်မရဘူးပေါ့နော်။ နောက်ပိုင်းတော့ နေရင်းနဲ့မှ ကျွမ်းကျင်သွားပြီပေါ့။ အခုတော့ အဆင်ပြေနေပါပြီ။ အရင်ကဆို ကျွန်တော်က ကင်မရာ မကြောက်တတ်ပေမဲ့ စင်ကြောက်တာတော့ရှိတယ်။ လုပ်ရင်းနဲ့တော့ အဆင်ပြေသွားတာပေါ့။

**ကိုယ်က အနေအေးပေမဲ့ စရိုက်မျိုးစုံကို ပီပြင် အောင်ပုံဖော်ရတဲ့ သရုပ်ဆောင်အလုပ်ကိုမှ ဘာကြောင့် ရွေးချယ်ခဲ့တာလဲ။**

အဲဒါကတော့ ကိုယ်က ဝါသနာပါတာ။ အရင်ကတော့ ဝါသနာပါတဲ့ အဆင့်ပဲပေါ့။ ခုတော့ Professional အလုပ်တစ်ခုလို ကြိုးစားလုပ်ဆောင်နေပါပြီ။ ဒီအလုပ်နဲ့ပဲ ထမင်းစားတယ်။ အသက်မွေးဝမ်းကျောင်းလို ဖြစ်သွားတော့ လူတွေရဲ့ ကာရိုက်တာတွေကို အတော်လေ့လာရပါတယ်။ အပြင်မှာဆိုရင် ကျွန်တော်က ဒီတစ်ပုံစံအတိုင်းပဲ ဖြစ်နေမှာလေ။ ကျွန်တော်က တစ်ခါတလေ ဆိုးချင်တယ်။ မိုက်လည်း မိုက်ချင်တယ်။ မိဘအပေါ် သိတတ်တာလည်း ပြချင်တယ်။ အမျိုးစုံလုပ်ပြချင်တယ်။ ဒါကြောင့် ဒီလမ်းကြောင်းကို ရွေးလိုက်တာပါ။ သင်တန်းတွေလည်း တက်ခဲ့တယ်။ မြန်မာ့အသံမှာလည်း ကျွန်တော် Camp ဝင်လိုက်သေးတယ်။ စာချုပ်တော့ မချုပ်ဖြစ်ခဲ့ဘူးပေါ့။ နေ့ရောညရော ဇာတ်ကားတွေ ကြည့်ပြီး လေ့လာတယ်။ ပြီးတော့ လူတွေနဲ့ စကားများများပြော



www.burmeseclassic.com

www.burmeseclassic.com

ကြည့်တယ်။ ဒီနိုင်ငံက ဇာတ်ကားအများစုက စကားပြောရတာများတယ်လေ။ လေယူလေသိမ်း၊ စကားပြောကျွမ်းကျင်ရင် အိုက်တင်က အလိုလို ဖြစ်သွားရော။

**သင်တန်းတွေတက်ခဲ့တယ်ဆိုပေမဲ့လေ တကယ့်ရိုက်ကွင်း ကင်မရာရှေ့ နဖူးတွေ့ဒူးတွေ့ အတွေ့အကြုံက…။**

သင်တန်းနဲ့ တကယ့်လက်တွေ့က အတော်ကွာတယ်။ ပိုပြီး Stress များတယ်။ မီးတွေ၊ ကင်မရာတွေ၊ လူတွေရှေ့မှာ နည်းနည်းရှိန်နေ၊ ကြောက်နေတာတွေရှိခဲ့တယ်။ အခက်အခဲက တော်တော်ရှိခဲ့တာ။ စာသားတွေကလည်း အရမ်းများ၊ အိုက်တင်တွေကလည်း လုပ်ဆိုတော့ မေ့သွားတာတွေ ရှိတယ်။ ဒါရိုက်တာကြီးတွေ ဆူခံထိတယ်။ ကိုယ်နဲ့တွဲဖက်သရုပ်ဆောင်တဲ့ စီနီယာကြီးတွေရဲ့ အဆူခံရတာတွေ ရှိခဲ့တယ်။ ကိုယ့်အတွက် အတွေ့အကြုံတွေ အများကြီးရခဲ့တယ်။

**အခုချိန်ထိ သရုပ်ဆောင်မှုမှာ ဘယ်အပိုင်းတွေက ကိုယ့်အတွက် ခက်နေသေးတာလဲ။ အဲဒီအခက်ကြီးကို ဘာလို့ စမ်းသပ်ချင်တာလဲ။**

ဝါသနာလည်း အရမ်းပါတယ်။ လုပ်နေချိန်မှာ ပျော်လည်း ပျော်တယ်။ ပြီးတော့ ကိုယ်လုပ်ရတာမှာ အောင်မြင်တာကိုလည်း ကြိုက်တယ်။

"ကျွန်တော့်မှာ အစွမ်းတွေလည်း အများကြီးကျန်သေးတယ်။ လုပ်လည်းလုပ်ပြချင်သေးတယ်။ အမှန်အတိုင်းပြောရရင် ကိုယ့်ကိုယ်ကို ကျေနပ်အားရမှု သိပ်မရှိသေးဘူး။ ကျွန်တော့်ကိုသိပြီးတဲ့ ပရိသတ်တွေရော၊ ဒီစာဖတ်ပြီးမှ သိတဲ့ ပရိသတ်တွေရော အားပေးကြပါဦး" လို့လည်း လင်းအောင်ခေတ်က ရွှေအမြုတေပရိသတ်ကြီးကို နှုတ်ဆက်ခဲ့ပါတယ်။ ■ **မန်းသူ**





www.burmeseclassic.com

www.burmeseclassic.com



အနုပညာမျိုးဆက်၊
အနုပညာဗီဇအပြည့်ပါပြီး
အနုပညာလမ်းပေါ်
လျှောက်လှမ်းဖို့ ကြိုးစား
လာတဲ့ နေမိုးဝင်းက
သဘင်မျိုးရိုးက
မွေးဖွားဆင်းသက်လာတဲ့
လူငယ်လေးတစ်ဦးပါ။
နာမည်ကျော်
သဘင်အနုပညာရှင်ကြီး
မိုးဝင်းရဲ့မျိုးဆက်
နေမိုးဝင်းက ဖခင်နဲ့အတူ
သဘင်စင်မြင့်မှာလည်း
ရုံဖန်ရုံခါ သီချင်းတွေနဲ့
ဖျော်ဖြေနေတာပါ။
မကြာခင်ကလည်း
ဂျပန်နိုင်ငံမှာ မြန်မာ့သဘင်
အစည်းအရုံးနဲ့အတူ

# တစ်ယောက်တည်း ဖန်တီးပြနိုင်မယ့်လမ်းကို ရွေးချယ်လိုက်တဲ့ နေမိုးဝင်း

**မနိုးသျှ**

သွားရောက်တင်
ဆက်ပြိုင်ပွဲဝင်ရတဲ့
ပြိုင်ပွဲတစ်ခုမှာလည်း
မြန်မာကိုယ်စားပြု
အဖွဲ့ဝင်အနေနဲ့ ဆုတွေ
ရရှိခဲ့သူလည်း
ဖြစ်ပါတယ်။ ဒါပေမဲ့
နေမိုးဝင်းက သဘင်ထက်
သရုပ်ဆောင်ကို
ပိုစိတ်ဝင်စားနေပြီး
ရိုက်ကူးရေးတချို့လည်း
စတင်နေပါပြီ။
အနုပညာကို
ဖခင်ခြေရာမနင်း၊
ကိုယ်ပိုင်အခင်းအကျင်းနဲ့
လျှောက်ကြည့်ချင်တဲ့
နေမိုးဝင်းရဲ့စိတ်ကူးတွေကို
ဖတ်ကြည့်မိတဲ့အခါ . . .။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

**အခုက ရိုက်ကူးရေးတွေ စ,နေပြီဆို…။**

ဟုတ်၊ အခု လတ်တလော Short film လေး ရိုက်ထားပါတယ်။ ပြီးရင် ဝီရတို့၊ ပင်ကီတို့၊ လေပြေသွေးတို့နဲ့ အစီအစဉ်တစ်ခု ရိုက်ဖို့ရှိတယ်။ ရိုက်ပြီးတာလေးကတော့ ဦးမျိုးမင်းရိုက်တဲ့ Short Film မှာပါထားတယ်။ World Toilet Day အတွက် ပညာပေးလေးပါ။ ကျောင်းသားပုံစံလေးပါပဲ။ လောလောဆယ်တော့ အနုပညာအလုပ်တွေလုပ်ရင်း၊ ပညာလည်း တစ်ဖက်က သင်နေဆဲပါ။

**အဖေကရော အနုပညာနဲ့ ပတ်သက်လို့ လုပ်နိုင်းတာမျိုး ရှိလား။**

အဖေကတော့ အတင်းမက,ခိုင်းပါဘူး။ ကျွန်တော်ကိုယ်၌ကကို ဝါသနာပါပြီး ကျောင်းပိတ်ရက်တွေမှာ သွားက,တယ်။ ပွဲတွေမှာ သီချင်းတွေ သွားဆိုတယ်။ အဲဒီလို လုပ်နေရရင် ကျွန်တော်က ပျော်တယ်။ ကျွန်တော့်မှာ အနုပညာကို ဖန်တီးချင်တဲ့စိတ်လေးတွေလည်း ရှိပါတယ်။

**ပရိသတ်နဲ့ ကရောဘယ်အချိန်ကတည်းက ထိတွေ့ခဲ့တာလဲ။ မစိမ်းလောက်ဘူး ထင်တယ်။**

စင်နဲ့ မစိမ်းတာက ဟိုးငယ်ငယ်လေးကတည်းက။ ၅ နှစ်အရွယ်လောက်ကတည်းက။ တကယ်တမ်း သီချင်းဆိုတာ၊ က,ဖြစ်တာက ၁၂ နှစ်၊ ၁၃ နှစ်အရွယ်ကစ,တာပေါ့။ ကျွန်တော်က အဖေ့ဇာတ်ပွဲတွေမှာ သီချင်းတွေနဲ့ တင်ဆက်တာ များပါတယ်။

**မြန်မာ့ရိုးရာ သဘင်ပညာအပေါ် မျိုးဆက်တစ်ယောက်အနေနဲ့ အမြင်က…။**

အကပညာက တော်တော်ခက်ခဲတယ်။ လေ့ကျင့်ရတာလည်း ခက်ခဲတယ်။ ရိုးရိုးက,တတ်ရုံနဲ့လည်း မရဘူး။ အချိုးအဆစ်မှန်မှတို့၊ ဘာတို့ ရှိတယ်။ သေချာသင်ပြီးတော့မှ စနစ်တကျကတာက ပိုကောင်းမယ်။ အမှန်တော့လေ သူများနိုင်ငံရောက်မှသာ ပိုသိတာ။ နိုင်ငံရဲ့ ရိုးရာကို အရမ်းတန်ဖိုးထားကြတယ်။ ကျွန်တော်တို့ နိုင်ငံကသာ နည်းနည်းဖြစ်နေတာလေ။ ရိုးရာကို ဆက်လက်ပြီး ထိန်းသိမ်းစေချင်တယ်။ အခုက တခြားနိုင်ငံ ရောက်မှသာ ရိုးရာကို ပြဖို့ ဖြစ်နေတယ်။

**အဖေ့ဆီကပဲ လက်ဆင့်ကမ်း ပညာသင်ခဲ့တာလား။**

ကျွန်တော့်ကိုကျတော့ အဖေက သင်ပေးတာမဟုတ်ဘူး။ ကျွန်တော့်စိတ်ထဲမှာ သိထားသင့်တယ်လို့လည်း ထင်တာပေါ့။ ကိုယ်ကလည်း ဒီနယ်ပယ်က လာတဲ့သူဆိုတော့လေ။ အဖေ့ဇာတ်ထဲမှာ အကဆရာ ရှိတယ်လေ။ သူက ကျွန်တော့်ကို သင်ပေးတယ်။

**အဖေ့ရဲ့ သဘင်ကိုရော ကိုယ်တိုင်ဆက်ထိန်းသိမ်းဖို့ အစီအစဉ်ရှိလား။**

အဖေ့အလုပ်ကို ဆက်





www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်ပါတယ်။ ဒါပေမဲ့ ပရိသတ်စိတ်ဝင်စားမှုကလည်း အားလျော့လာတော့ တခြားအနုပညာတွေ ဖန်တီးပြချင်တယ်။ ရုပ်ရှင်ဘက်ကို သွားချင်တယ်။ ဇာတ်စင်က မတက်ဖြစ်တော့တာ မဟုတ်ဘူး။ အစ်ကိုကိုလည်း သွားကူညီဖျော်ဖြေဦးမှာပါ။ ကျွန်တော်က အနုပညာကို အရမ်းစိတ်ဝင်စားတယ်။

နာမည်ကြီး၊ အသိုင်းအဝိုင်းကြီးခဲ့တဲ့ သဘင်ကို ဆက်မလုပ်ချင်တာက ခုနပြောခဲ့တဲ့ ပရိသတ် စိတ်ဝင်စားမှု နည်းလာတာကြောင့်လား၊ ကိုယ်တိုင်က သရုပ်ဆောင်ပဲ လုပ်ချင်တာလား။

လူတွေကြောင့် တော့ မဆိုင်ဘူး။ ကျွန်တော့် စိတ်ထဲမှာကျတော့ အဲဒီလောက် လုပ်နိုင်လိမ့်မယ် မထင်ဘူး။ အဖေတို့၊ အစ်ကိုတို့ လုပ်သလိုလုပ်နိုင်မယ်လို့ မထင်ဘူး။ က,ဆိုရင် က,နိုင်တယ်။ ဒါပေမဲ့ သဘင်ဆိုတာက အရမ်းပင်ပန်းတယ်လေ။ အုပ်ချုပ်ရတာကလည်း လူတွေအများကြီးပဲ။ တစ်ခုခုဖြစ်သွားမှာ၊ လစ်ဟာသွားမှာကို စိုးရိမ်နေရတယ်။ အရမ်း Control လုပ်နိုင်မယ် မထင်ဘူး။ ဒီတော့ ကျွန်တော်တစ်ယောက်တည်း သေချာလုပ်လို့ရတဲ့ အနုပညာ၊ တစ်ယောက်တည်းလုပ်လို့ရတဲ့ ကိစ္စကို ရွေးချယ်လိုက်တာပါ။

"ကျွန်တော့်စိတ်ထဲမှာ အနုပညာသွေးက တော်တော်ရှိပါတယ်။ လုပ်ချင်တာတွေလည်း အများကြီးပဲ။ ရုပ်ရှင်တွေ၊ ဇာတ်လမ်းတွေ ရိုက်သွားမယ်။ ကျွန်တော်က သရုပ်ဆောင်ဖြစ်ချင်တာ။ အခု နောက်ထပ် အစီအစဉ်တစ်ခုရိုက်ဖို့ ဦးမျိုးမင်းနဲ့ ပြောထားတာလည်း ရှိပါတယ်။ ဒါကြောင့် သရုပ်ဆောင်နဲ့ ပတ်သက်ပြီးလည်း လေ့လာနေပြီ။ စာအုပ်တွေဖတ်၊ ရုပ်ရှင်တွေကြည့်တယ်" လို့ နေမိုးဝင်းက ပြောပြခဲ့ပါတယ်။ ■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်က မြန်မာရုပ်ရှင်လောကမှာ အပြောင်းအလဲတွေ တွေ့လာရတဲ့ နှစ်လို့ ပြောနိုင်ပါတယ်။ နှစ်ဦးပိုင်းမှာ ဒါရိုက်တာ ခရစ္စတီးနားခီရဲ့ **ဥပါယ်တံမျဉ်၊ မုဒြာရဲ့ခေါ်သံ** တို့ကို စ,ကြည့်ရပါတယ်။ အဲဒီနောက် **သမ္မတကြီးထံပေးစာ** လို ဇာတ်လမ်း အပြောင်းအလဲတွေကို မြင်တွေ့လာရတယ်။ ၂၀၁၈ ခုနှစ်ကုန်ခါနီးမှာ ဇာတ်လမ်းကောင်းတွေကို အားပြုတဲ့ **မီ၊ မုန်းစွဲ** ဇာတ်ကားများလည်း ပေါ်ထွက်လာခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၈ ခုနှစ် အကောင်းဆုံး ထူးချွန်ဆုပေးပွဲကတော့ စိတ်ဝင်စားစရာများနဲ့ ပြည့်နှက်နေပါတယ်။

၂၀၁၈ ခုနှစ်ကို မမီတော့ပေမဲ့ ဇာတ်လမ်းကောင်းတစ်ပုဒ် ကြည့်ခွင့်ရခဲ့ပါတယ်။ အဲဒီရုပ်ရှင်ကားကတော့ အားမာန် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ကိုနိုင်ဆွေ စီစဉ်ပြီး မအေးမော် လေး ထုတ်လုပ်ခဲ့တဲ့ **နိုင်ငံကြီးသား** ဆိုတဲ့ ရုပ်ရှင်ကားပဲ ဖြစ်ပါတယ်။ ဒီဇာတ်ကားရဲ့ဇာတ်လမ်းကို ဈာန်သခင်သွေးနဲ့ ဒွေးမေတ္တာတို့က ဖန်တီးခဲ့ကြတာဖြစ်ပြီး ဒါရိုက်တာကတော့ ခြေသွက်လက်သွက် ရှိနေတဲ့ စတီးလ်(ဒွေးမေတ္တာ)ပဲ ဖြစ်ပါတယ်။

ဒီဇာတ်ကားမှာ နေတိုး၊ မင်းမော်ကွန်း၊ ထွန်းထွန်း၊ မင်းသွေး၊ မိုးယံဇွန်၊ စည်ဖြိုး၊ ထွန်းကိုကို၊ နေရဲ၊ ထူးခြား၊ သိန်းလင်း၊ မင်းထက်၊ ရွှေသမီး၊ အောန်ဆိုင်း၊ ဆာရာဆောင်းဦး၊ ဖူးပြည့်ရှင်၊ မေဘရဏီဇင်တို့က အဓိကသရုပ်ဆောင်များအဖြစ် ပါဝင်ထားကြပြီး မင်းသားကြီးဖြစ်တဲ့ အကယ်ဒမီ ဇင်ဝိုင်း၊ နေထက်လင်းနဲ့ နေမျိုးအောင်တို့လည်း ဖခင်များနေရာက ပါဝင်သရုပ်ဆောင် အားဖြည့်ထားကြပါတယ်။

ဖခင်သုံးယောက်က ဩဇာအာဏာရှိတဲ့သူများဖြစ်တာကြောင့် သူတို့သားသုံးယောက်ကလည်း လောကကို ထီမထင်ကြမ်းချင်ရာကြမ်း၊ ရမ်းချင်ရာရမ်းနေတဲ့ သားဆိုးသုံးယောက်ပါပဲ။ ကားမောင်းမယ်၊ ယာဉ်ထိန်းရဲက လိုင်စင်မေးရင် မပါဘူး။ ကားလိုင်စင်တောင်းရင် မရှိဘူး။ ဖမ်းမယ်ဆိုရင် အဖေကိုဖုန်းဆက်ပြီး အကူအညီတောင်းတတ်တဲ့ သားမျိုးတွေပါ။ သူတို့သုံးယောက် ရမ်းချင်တိုင်းရမ်းနေရာက တစ်ညမှာ ကလပ်မှာတွေ့တဲ့ မော်ဒယ်လ် စောယုနွယ်ကို တွေ့ရာက တေဇ၊ ရွှေသွေးနဲ့ သူရိယတို့သုံးယောက်က အကဲစမ်းကြပါတယ်။

ဆတ်ဆတ်ထိမခံတဲ့ စောယုနွယ်နဲ့ ပြဿနာဖြစ်ကြရာက စောယုနွယ်က သူငယ်ချင်း ချောစုကို နှုတ်ဆက်ပြီး တစ်ယောက်တည်း ကားနဲ့ ပြန်သွားခဲ့ပါတယ်။ စောယုနွယ်နောက်ကို တေဇတို့သုံးယောက် ထက်ကြပ်မကွာ လိုက်သွားကြပြီး ကားရှေ့က ပိတ်ကာ စောယုနွယ်ကို ကားပေါ်ကနေ ဆွဲချခဲ့ကြပါတယ်။ ယောကျ်ားသုံးယောက်အားနဲ့ အားမတန်တဲ့ စောယုနွယ်ကို အဓမ္မကျင့်ကြံလိုက်ကြပြီး သတ်ပစ်လိုက်ကြပါတယ်။

တစ်ယောက်တည်း ပြန်သွားတဲ့ စောယုနွယ်ကို စိတ်မချတဲ့ ချောစုက ဖုန်းဆက်





www.burmeseclassic.com

www.burmeseclassic.com





တော့ ဆက်သွယ်လို့ မရပါဘူး။ သူချစ်သူက ဖုန်းဆက်တော့လည်း ဆက်လို့မရပါဘူး။ ဒါကြောင့် စိတ်ပူပြီး ရဲကို တိုင်ကြားကြပါတယ်။ ရဲဘက်က စောယုနွယ် ပျောက်ဆုံးနေမှုကိုလမ်းများမှာတပ်ဆင်ထားတဲ့ CCTV များက တစ်ဆင့်ခြေရာခံကြည့်တဲ့အခါမှာတော့ ဆစ်ဂနက်ကားတစ်စီးက ရှေ့က ကားတစ်စီးကို အမီလိုက်မောင်းပြီး ဖြတ်သွားတာ တွေ့လိုက်ရပါတယ်။ ကားနံပါတ်ကိုမြင်ရပေမဲ့ ကားထဲမှာပါတဲ့သူတွေကိုတော့ မမြင်ရပါဘူး။ စောယုနွယ်ကား တွေ့တဲ့ ပတ်ဝန်းကျင်ကို လိုက်လံရှာဖွေရာမှာ အဆောက်အဦတစ်ခုထဲမှာ စောယုနွယ်ရဲ့အလောင်းကို သွားတွေ့ကြပါတယ်။ ဆရာဝန်ထွက်ဆိုချက်အရ အဓမ္မကျင့်ကြံပြီး သတ်ထားတဲ့အခြေအနေ ဖြစ်ပါတယ်။

ပတ်ဝန်းကျင်မှာ သက်သေခံပစ္စည်းများကို ရှာဖွေရာမှာတော့ လက်ကိုင်ဖုန်းတစ်လုံး တွေ့ခဲ့ရပါတယ်။ ပိုင်ရှင်ကတော့ ရဲသုံးဖော်ထဲက တစ်ယောက်ပါ။ သူတို့သားတွေ ကျူးလွန်ခဲ့တဲ့ လူသတ်မှုကို သိသွားကြတဲ့ အဖေသုံးယောက်ကလည်း ဒီအမှုကို ဖုံးကွယ်နိုင်ဖို့ ကြိုးစားကြပြီး သားတွေကို နယ်ဘက်လွှတ်လိုက်ကြပါတယ်။

ရဲဘက်က CCTV မှာတွေ့တဲ့ကားနံပါတ်ကို ရှာဖွေလိုက်ရာမှာတော့ တေဇရဲ့ကားဖြစ်ကြောင်း သိလိုက်ရပြီး တေဇရဲ့ဖခင်ဖြစ်သူ ဦးမင်းမောင်ကို သွားရောက်တွေ့ဆုံရာမှာတော့ တေဇတို့သုံးယောက်စလုံး ခရီးထွက်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

သွားကြသည်မှာ တစ်ပတ်ခန့်ကြာပြီဖြစ်ကြောင်း၊ ကားကို သူငယ်ချင်းတစ်ယောက်အား ပေးထားခဲ့ပြီး မနေ့ညကမှ ပြန်လာပို့သွားကြောင်း၊ မိမိတို့မှာ နိုင်ငံကြီးသားများ ဖြစ်တဲ့အတွက် မူခင်း ပေါ်ပေါက်ရေးကို ကူညီမှာဖြစ်ကြောင်း ဦးမင်းမောင်က ဆိုပါ တယ်။ ဩဇာအာဏာရှိတဲ့ ဦးမင်းမောင်တို့သုံးယောက်လို ပုဂ္ဂိုလ်မျိုးတွေရဲ့သားတွေ ဒီရုပ်ရှင်ထဲကလို သောင်းကျန်း နေကြတာ ကျွန်တော်တို့ အားလုံး မျက်မြင်ကိုယ်တွေ့ တွေ့နေကြတဲ့ အချိန်ဖြစ်တာကြောင့် ဒါရိုက်တာ စတီးလ်ရဲ့ **နိုင်ငံကြီးသား** ရုပ်ရှင်ဇာတ်ကားက ရုပ်ရှင် ချစ်သူများကို ဆွဲဆောင်နိုင်မှာ သေချာပါတယ်။ ဩဇာအာဏာရှိတဲ့ ဖခင်သုံးယောက်နေရာက ပါဝင် သရုပ်ဆောင်တဲ့သူများကလည်း ဝါရင့်သရုပ်ဆောင်များဖြစ်ကြတာကြောင့် ဒီကားက ပိုပြီး စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဒီရုပ်ရှင်ကားကို ဒါရိုက်တာက နေပြည်တော်မှာ ရိုက်ကူးခဲ့တာပါ။ ဒါကြောင့် ကျွန်တော်တို့ မြင်ဖူးနေကျဖြစ်တဲ့ ရန်ကုန်မြို့က ဆက်တင်အိမ်များနဲ့ မတူ ခမ်းနားကြီးကျယ်တဲ့ ဟိုတယ်များ၊ နေအိမ်ကြီးများ ကို မြင်တွေ့ရပါတယ်။ ဩဇာအာဏာကို တလွဲ အသုံးချကြပေမဲ့ အမှန် တရားကိုမျက်ကွယ်ပြုလို့ မရနိုင်ကြောင်း **နိုင်ငံကြီးသား** က ဖော်ပြထားပါတယ်။ ပရိသတ်များအတွက် စိတ်ဝင်စားစရာ ရုပ်ရှင် ဇာတ်ကားတစ်ကားဖြစ်ပါ ကြောင်းကြိုတင်မြည်းစမ်း ပေးလိုက်ပါတယ်။

**■ မိုးကျော်ထွန်း**






www.burmeseclassic.com

www.burmeseclassic.com



# ဇော်ဝင်းထွဋ်နဲ့ ဆေးပေါင်းခတဲ့ရန်ကုန်ည

လင်းနိုင်ဦး

ရော့ခ်ကာတစ်ဦးဖြစ်တဲ့ ဇော်ဝင်းထွဋ်ရဲ့ ဆေးပေါင်းခတဲ့ည တေးစီးရီး ထွက်ခဲ့တာ နှစ် ၂၀ လောက် ရှိပြီဖြစ်ပေမဲ့ နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့ ဆေးပေါင်းခတဲ့ည ရောက်တိုင်း ဇော်ဝင်းထွဋ် သီဆိုတဲ့ ဆေးပေါင်းခတဲ့ည ဖျော်ဖြေပွဲတွေ တင်ဆက်ခဲ့တာ နှစ်တိုင်းလိုလိုပါပဲ။ ရန်ကုန်မြို့မှာ မဟုတ်ခဲ့ရင်တောင် နယ်မြို့ကြီး တစ်မြို့မြို့မှာ တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း ဆေးပေါင်းခတဲ့ည ကို ဇော်ဝင်းထွဋ် သီဆိုပေးခဲ့ရတာ ဖြစ်ပါတယ်။ ဆေးပေါင်းခတဲ့ည နဲ့ ပတ်သက်ပြီး ဇော်ဝင်းထွဋ်က 'လွန်ခဲ့တဲ့ နှစ် ၂၀ ကျော် တန်ဆောင်မုန်းလပြည့်နေ့ ညတစ်ညမှာ ကျွန်တော်နဲ့ ကိုမင်းချစ်သူတို့အိမ်မှာအတူ စားသောက်ကြပြီး ကျွန်တော်က ဒီညနဲ့ပတ်သက်တဲ့ သီချင်းကို



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



သူနဲ့အတူတူ ရေးဖြစ်ရင်း ကျွန်တော်က ရေးလိုက်၊ သူက သံစဉ်ထည့်လိုက်နဲ့ *ဆောင်းပေါင်းခတဲ့ည* သီချင်းဖြစ်လာတာပါပဲ။ အခုတော့ ကျွန်တော်ကလည်း တောင်ပြန်ပွဲလို ဒီနေ့ရောက်တိုင်း မဆိုရမနေနိုင်၊ မသွားရမနေနိုင်လိုတောင် ဖြစ်နေပါပြီ” လို့ ပြောပြခဲ့ပါတယ်။

ဒီနှစ် **ဆောင်းပေါင်းခတဲ့ ည** ပွဲကိုတော့ Stellar Seven Entertainment က စီစဉ်တင်ဆက်ပေးတာဖြစ်ပြီး ရွှေစင် Event Creation က ပွဲအောင်မြင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့တာ ဖြစ်ပါတယ်။ ဒီပွဲကို **ဆောင်းပေါင်းခတဲ့ ရန်ကုန်ည** လို့ အမည်ပေးပြီး နိုဝင်ဘာလ ၂၂ ရက် (တန်ဆောင်မုန်းလပြည့်နေ့) ညက ရန်ကုန်မြို့ သုဝဏ္ဏဘူမိ Event Park မှာ တင်ဆက်ခဲ့တာဖြစ်ပါတယ်။

**ဆောင်းပေါင်းခတဲ့ ရန်ကုန်ည** မှာ ဇော်ဝင်းထွဋ် တစ်ယောက်တည်း အင်ပါယာတေးဂီတအဖွဲ့နဲ့ သီဆိုပေးတာ မျိုးမဟုတ်ဘဲ ည ၆ နာရီကနေ ၈ နာရီအထိ Guest Band အဖွဲ့များက ရှေ့ပိုင်းမှာ ဖျော်ဖြေပေးခဲ့ကြတာဖြစ်ပြီး ည ၈ နာရီ မှ ၁၀ နာရီအထိ Emperor Family များဖြစ်ကြတဲ့ Big Bag နဲ့ ကျားပေါက်၊ ရင်ဂို၊ စည်သူလွင်နဲ့ အိတိုးတို့က သီဆို ဖျော်ဖြေ ခဲ့ကြပါတယ်။

တန်ဆောင်မုန်း လပြည့်နေ့ညမှာတော့ ပွဲတွေလည်း သိပ်မရှိတာကြောင့် ပရိသတ် တော်တော်များများက သုဝဏ္ဏဘူမိ Event Park မှာပဲ ရောက်နေသလိုမျိုး တွေ့ခဲ့ရပါတယ်။ လွတ်လွတ်လပ်လပ်နဲ့ မတ်တတ်ရပ်အားပေးလို့ရတဲ့ စင်မြင့်ရှေ့မှာ ပရိသတ်များ အပြည့်ရှိသလို၊ VIP နေရာ ၃ ခုမှာလည်း ပရိသတ်တွေ အပြည့် အားပေးနေကြတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း သီဆိုဖျော်ဖြေပေးတဲ့ အဆိုရှင်များက အားရပါးရနဲ့ တစ်ယောက်ကို ၆ ပုဒ်၊ ၇ ပုဒ် လောက်စီ သီဆိုပေးခဲ့ကြပြီး ည ၁၁ နာရီလောက်မှာ ဇော်ဝင်းထွဋ်က စတင်ဖျော်ဖြေပေးပါတယ်။

အကောင်းဆုံးသီဆိုနိုင်သေးတဲ့ ဇော်ဝင်းထွဋ်က သူ့ပရိသတ်အကြိုက် သီချင်းများနဲ့ ဖျော်ဖြေတဲ့အစီအစဉ်မှာ ထူးထူးခြားခြား ပြုလုပ်သွားတာကတော့ သူ့ရဲ့သီချင်းတစ်ပုဒ်မှာ ဒရမ်အတီးကောင်းတဲ့ ကျားပေါက်က ဝင်တီးပြီး ဆိုပေးတဲ့ အစီအစဉ် ပါဝင်ပါတယ်။ ဒါ့အပြင် ကျန်းမာရေးမကောင်းလို့ အနားယူနေတဲ့ အင်ပါယာအဖွဲ့သား ကီးဘုတ်ပညာရှင် လီယိုနာ့ဒ်မောင်မောင်လွင်ကလည်း နောက်ပိုင်းတစ်ပိုင်းလုံးကို ကီးဘုတ်တီးပေးခဲ့ပါတယ်။ အရင်လိုတော့ ဟာမိုနီ သီဆိုပေးတာ မတွေ့ရပါဘူး။ နောက်ထပ် ထူးခြားမှုတစ်ခုကတော့ အင်ပါယာနဲ့ လမ်းခွဲသွားတာ ကြာပြီဖြစ်တဲ့ ဂစ်တာကျင်ခမ်းဖုန်းကလည်း ဂစ်တာပံ့ပိုးကူညီ တီးခတ်ပေးပါတယ်။ ဇော်ဝင်းထွဋ်က တစ်ယောက်တည်း သီဆိုသလို တချို့သီချင်းတွေမှာ ရင်ဂို၊ စည်သူလွင်တို့နဲ့လည်း တွဲဖက်ပြီး သီဆိုပေးသွားပါတယ်။

ဒါ့အပြင် ဇော်ဝင်းထွဋ်ရဲ့သားဖြစ်တဲ့ အိတိုးကလည်း သူ့အဖေ သီဆိုတဲ့ သီချင်းတချို့မှာ ဂစ်တာတီးပေးခဲ့တဲ့အတွက် **ဆောင်းပေါင်းခတဲ့ ရန်ကုန်ည** ပွဲကတော့ အင်ပါယာမိသားစုဝင်တွေ၊ အင်ပါယာမျိုးဆက်တွေ စုံညီပြီး ပရိသတ်များကို အားရပါးရဖျော်ဖြေပေးတဲ့ပွဲ ဖြစ်ခဲ့ပါတယ်။

ည ၁၂ နာရီထိုးတဲ့ အချိန်မှာတော့ စည်သူလွင်က Count Down ခေါ်ပေးပြီး ဇော်ဝင်းထွဋ်၊ ရင်ဂို၊ စည်သူလွင်တို့နဲ့အတူ *ဆောင်းပေါင်းခတဲ့ည* သီချင်းကို မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေပေးခဲ့ကြလို့ ပရိသတ်တွေလည်း အပျော်ကြီးပျော်ပြီး လိုက်ပါသီဆိုအားပေးခဲ့ကြတာ တွေ့ခဲ့ရပါတယ်။ ၁၂ နာရီထိုးပြီးလို့ ဆောင်း



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






ပေါင်းခတဲ့ည သီချင်းနဲ့ ပွဲသိမ်းတော့မယ်လို့ ထင်မိပေမဲ့ တကယ်တမ်းကျတော့ ဇော်ဝင်းထွဋ်ရဲ့ ထုံးစံအတိုင်း ဆက်ပြီး သီဆိုပေးခဲ့သလို ပရိသတ် တောင်းဆိုတဲ့ သီချင်းများကိုပါ ဆက်လက်သီဆိုပေးခဲ့တာကြောင့် ပွဲက ည ၁၂ နာရီခွဲလောက်မှ ပြီးဆုံးခဲ့တာ ဖြစ်ပါတယ်။ နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့ည ရောက်တိုင်း ဇော်ဝင်းထွဋ်က **ဆေးပေါင်းခတဲ့ည** ဖျော်ဖြေပွဲကို အစဉ်အလာမပျက် ဖျော်ဖြေပေးခဲ့ပေမဲ့ ဒီနှစ်မှာတော့ ဇော်ဝင်းထွဋ်ရဲ့တပည့်တွေ၊သားတွေပါ ပါဝင်သီဆို ပေးတာကြောင့် ပိုပြီး မြိုင်မြိုင်ဆိုင်ဆိုင် ရှိခဲ့ပါတယ်။ ခါတိုင်းနှစ်တွေ ထက်လည်း **ဆေးပေါင်းခတဲ့ ရန်ကုန်ည** က ပိုပြီးတော့ စည်ကားတယ်လို့ ခံစားရပါတယ်။ ကွင်းထဲမှာ Country စတိုင်နဲ့ လာရောက်အားပေးတဲ့ ပရိသတ်တွေ၊ ဆိုင်ကယ်တွေနဲ့ ပတ်နေတဲ့ ပရိသတ်တွေကိုလည်း ထုံးစံအတိုင်းမြင်တွေ့ခဲ့ရပါတယ်။

■ **လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့က သရုပ်ဆောင် ပြေတီဦးရဲ့မွေးနေ့ ဖြစ်ပါတယ်။ ဒီနှစ်မှာတော့ ပြေတီဦးက အသက် ၄၀ ပြည့်မြောက်တာဖြစ်ပါတယ်။ မွေးနေ့မှာ ပြေတီဦးပညာရေး ဖောင်ဒေးရှင်း နှစ်ပတ်လည်ပွဲကို ပြုလုပ်တာဖြစ်ပေမဲ့ ဒီနှစ်မှာတော့ တစ်ရက်စောပြီး နိုဝင်ဘာလ ၂၉ ရက်နေ့ မနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel မှာ ကျင်းပခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်က ပြေတီဦး ပညာရေးဖောင်ဒေးရှင်းကို စတင်တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်မှာ နဝမအကြိမ်မြောက် ပြေတီဦး ပညာရေး ဖောင်ဒေးရှင်း နှစ်ပတ်လည်ပွဲနဲ့ ထောက်ပံ့ပေးသွားမယ့် ကျောင်းသား ကျောင်းသူများနဲ့ တွေ့ဆုံတဲ့ပွဲကို ကျင်းပခဲ့တာဖြစ်ပါတယ်။ အသက် ၄၀ ပြည့် မွေးနေ့မှာ ပြေတီဦးက ဒုလ္လဘ ရဟန်းခံယူပြီး သာသနာ့ဘောင်ကို ဝင်ရောက်ချင်တယ်ဆိုတော့ အနုပညာညီအစ်ကိုဖြစ်ကြသူများကလည်း သူတို့လည်း လိုက်ဝင်ကြမယ်ဆိုပြီး ပြောလာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# ပြေတီဦး မွေးနေ့မှာ ဒုလ္လဘရဟန်းဝတ်ကြတဲ့ အနုပညာရှင်များ

လင်းနိုင်ဦး





www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မွေးနေ့ရှင် ပြေတီဦးနဲ့အတူ ကျော်ရဲအောင်၊ ကိုပေါက်၊ နေလင်း၊ ဒါရိုက်တာ ကျော်သားကြီး၊ ကင်မရာမဲန်း မောင်မြင့်၊ ညီထွဋ်ခေါင်၊ ကျော်ကျော်နဲ့ ဒီမိုးစက်တို့က ရဟန်းခံကြမှာဆိုတော့ ၉ ပါး ဖြစ်သွားပါတယ်။

နိုဝင်ဘာလ ၃၀ ရက်နေ့ မနက် ၆ နာရီ ပြေတီဦးတို့အိမ်မှာ အားလုံးစုရပ်လုပ်ပြီး အဲဒီကနေ ရန်ကုန်တိုင်း မှော်ဘီမြို့နယ်မှာ ရှိတဲ့ ဓမ္မဒူတတောရ ဆေကိန္ဒာရာမကျောင်းတိုက်ကို သွားရောက်ကြပါတယ်။ ကိုပေါက်နဲ့ ကျော်ရဲအောင်တို့က မင်္ဂလာဒုံမှာ စုရပ်လုပ်ပြီး လိုက်ပါခဲ့ကြတာ ဖြစ်ပါတယ်။

ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒရဲ့ကျောင်းကို ရောက်ရှိတယ်ဆိုရင်ပဲ အလှူ့ရှင်များဖြစ်ကြတဲ့ အကယ်ဒမီ ပြေတီဦးနဲ့ အကယ်ဒမီ အိန္ဒြာကျော်ဇင်တို့က မနက်စာ မုန့်ဟင်းခါးနဲ့ တည်ခင်းခဲ့ပါတယ်။ မုန့်ဟင်းခါးစားပြီးတာနဲ့ ရဟန်းခံမယ့် အနုပညာရှင် ၉ ဦးစလုံး တစ်ပြိုင်တည်း ဆံချခဲ့ကြပါတယ်။ ဆံချပြီးတဲ့အချိန်မှာတော့ ဆရာတော် အရှင်ဆေကိန္ဒ ကိုယ်တိုင်ဦးစီးပြီး အလှူ့ရှင်များလှူဒါန်းတဲ့ သင်္ကန်း ပရိက္ခရာ၊ ဝတ္ထုငွေများကို ဆက်ကပ်ခံခဲ့ပါတယ်။ ရဟန်းခံမယ့်သူများအနေနဲ့ အလှူ့ဒါယကာရှိတဲ့ အတွက် အလှူ့ဒါယကာများလှူဒါန်းတဲ့ သင်္ကန်းပရိက္ခရာများကိုအလှူခံပြီး သရဏဂုံနဲ့ ၁၀ ပါးသီလဆောက်တည်ကာ ကိုရင်များအဖြစ် သာသနာ့ဘောင်ကို အရင်ဆုံး ရောက်ရှိခဲ့ကြပါတယ်။ သိမ်တက်တဲ့အချိန်မှာတော့ ပင့်သံဃာများနဲ့ ဆရာတော်





www.burmeseclassic.com

www.burmeseclassic.com

















www.burmeseclassic.com

www.burmeseclassic.com









အရှင်ဆေကိန္ဒကိုယ်တိုင် ဥပဇ္ဈာယ်ပြုပြီး ဒုလ္လဘရဟန်းများကို ဥပသမ္ပဒကံဆောင် ရဟန်းဘောင်သို့ သွတ်သွင်းပေးခဲ့ပါတယ်။

သိမ်ဆင်းလောင်းလှူကြလို့အပြီးမှာ ကျောင်းရှိသံဃာများနဲ့ ဒုလ္လဘရဟန်းများကို အလှူ့အမ အိမ်ဖြွ



www.burmeseclassic.com

www.burmeseclassic.com











ကျော်ဇင်နဲ့ မိဘဆွေမျိုးများ က နေ့ဆွမ်းကပ်လှူပေးခဲ့ပါတယ်။ အလှူ့အမ အိန္ဒြာကျော်ဇင်က "ဒီနေ့ အလှူအတွက် အရမ်းပျော်ပါတယ်။ ပီတိလည်းဖြစ်ရတယ်။ ခံစားချက်ကို ဘယ်လိုပြောရမလဲဆိုရင် အလှူ့အမ၊ ရဟန်းအမ ဖြစ်ဖို့ဆိုတာကျတော့ ကိုယ်ဖြစ်ချင်တိုင်းလည်းဖြစ်လို့ မရဘူး။ ဖြစ်ခွင့်ကံလည်းပါမှ၊ တိုက်ဆိုင်တဲ့အချိန်ကျမှ ဖြစ်ခွင့်ရတာပါ။ ဖြစ်ခွင့်ကြုံဖို့ လိုပါတယ်။ အခု ကြုံခဲ့ပြီဆိုတော့ အရမ်းဝမ်းသာပါတယ်။ ပီတိဆိုလည်း ပြောမပြတတ်အောင်ပါပဲ" လို့ ပြောပြခဲ့ပါတယ်။

ပြေတီဦးရဲ့ အသက် ၄၀ ပြည့်မွေးနေ့ ရဟန်းခံ အလှူတော်မင်္ဂလာပွဲမှာ လှူဒါန်းခဲ့တာနဲ့ ပတ်သက်ပြီး အိန္ဒြာကျော်ဇင်က "ကျောင်းရှိ သံဃာအကုန်လုံးကို နေ့ဆွမ်းဆက်ကပ်ပါတယ်။ ဒုလ္လဘ ရဟန်း ၉ ပါးအတွက်လည်း သင်္ကန်းပရိက္ခရာအစုံ လှူပေးပါတယ်။ ဆရာတော်ကြီးကိုလည်း သင်္ကန်းပရိက္ခရာအစုံနဲ့ အလှူငွေ ၄၅ သိန်း လှူဒါန်းပေးခဲ့ပါတယ်" လို့ ပြောပြခဲ့ပါတယ်။

ပြေတီဦးနဲ့အတူ ဒုလ္လဘ ရဟန်း ၉ ပါးက သာသနာ့ဘောင်မှာ ၅ ရက်တိုင်နေထိုင်ပြီး တရားဘာဝနာများ ကျင့်ကြံအားထုတ်သွားကြမယ်လို့ သိရပါတယ်။ ■ **လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ရွှေပါရမီဆရာတော် အရှင်ဆန္ဒာဓိကရဲ့ **အသေလှတဲ့သူ** ဓာတ်လမ်းကို လွင်မင်းအုံ့ ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ဩရသက **မုန်းစွဲ** လို့ အမည်ပေးကာ ရိုက်ကူးထားတဲ့ ရုပ်ရှင်ဇာတ်ကားကို မြန်မာနိုင်ငံမှာသာမက စင်ကာပူနိုင်ငံမှာပါ ရုံတင်ပြသပေးနေပြီ ဖြစ်ပါတယ်။

**တယ်လို့ တချို့ပြောကြတဲ့အတွက် ဒါနဲ့ပတ်သက်ပြီး ဘာများ မိန့်ကြားချင်ပါသလဲ ဘုရား။**

ရုပ်ရှင်ဇာတ်ကား မရိုက်ခင် ဇာတ်ညွှန်းတစ်အုပ်လုံး သူတို့က လာရောက်ဆက်ကပ်ထားပါတယ်။ အဲဒီတော့ ဇာတ်ညွှန်းကို အစအဆုံးဖတ်တယ်။ ဖတ်ပြီးသွားတဲ့အခါမှာလည်း သူတို့ ရုပ်ရှင်မရိုက်ခင်မှာ ဖတ်ထားတဲ့ ဇာတ်ညွှန်းနဲ့ပတ်သက်လို့ ဆရာတော် ဘာများအကြံပြုချင်ပါသလဲ၊ ဘာများ ဝေဖန်သုံးသပ်ချင်



# အသေလှတဲ့သူ (သို့မဟုတ်) မုန်းစွဲ နဲ့ပတ်သက်ပြီးမိန့်ကြားတဲ့ အရှင်ဆန္ဒာဓိကာ

**လင်းနိုင်ဦး**

ဘာသာရေးနွယ်တဲ့ဇာတ်ကား ဖြစ်သလို ဆရာတော်ရဲ့ ဇာတ်လမ်းလည်းဖြစ်ပြီး ပရိသတ်များနဲ့ ပညာရှင်များကပါ ကြိုက်နှစ်သက်ကြတဲ့ ဇာတ်ကားဖြစ်လို့ ဆရာတော် အရှင်ဆန္ဒာဓိကကို **အသေလှတဲ့သူ** သို့မဟုတ် **မုန်းစွဲ** ရုပ်ရှင်ဇာတ်ကားနဲ့ ပတ်သက်ပြီး လျှောက်ထားမေးမြန်းဖြစ်ခဲ့ပါတယ်။

**တပည့်တော် အရင်ဆုံး သိချင်တာက ဆရာတော်ရဲ့ ဟောတရားဇာတ်လမ်း ဖြစ်ပေမဲ့ ဆရာတော် ဇာတ်ညွှန်းကို အပြည့်အစုံ မကြည့်ရဘဲ ရိုက်ထား**

ပါသလဲဆိုပြီး ဩဝါဒတောင်းခံပါတယ်။ ဦးပဥ္ဇင်းက မူလဇာတ်ညွှန်းမှာပါတဲ့ မသင့်တော်တဲ့ အခန်းတွေကို မထည့်ဖို့ ပြောပါတယ်။ တချို့နေရာတွေမှာ ထည့်သင့်တဲ့ စာသားတွေကိုလည်း ထပ်ဖြည့်ဖို့ ပြောပြပေးပါတယ်။ ကြည့်တဲ့သူအတွက် ပိုပြီး အကျိုးရှိအောင်၊ သာသနာနဲ့ပတ်သက်ပြီးတော့လည်း အမှားတွေ မဖြစ်အောင် ဘက်ပေါင်းစုံ လိုအပ်တာလေးတွေ အပြန်အလှန် တိုင်ပင်ပြီးတော့မှပဲ ခွင့်ပြုထားတာပါ။

**'အသေလှတဲ့သူ' ဇာတ်လမ်းဖြစ်ပေါ်လာတဲ့ အကြောင်းလေးလည်း မိန့်ကြားပေးပါဘုရား။**

အသေလှတဲ့သူ တရားဟောတဲ့အခါကျတော့ အသေလှတဲ့သူတစ်ယောက်ဖြစ်ဖို့အတွက် အစွဲကင်းဖို့ လိုတာပေါ့။ အစွဲဆိုတာကလည်း သေခြင်းတရားနဲ့ ပတ်သက်လို့ ချစ်စွဲ၊ မုန်းစွဲကို ဦးပဥ္ဇင်းက ခွဲပြီးတော့ ဟောပြပေးတာကိုး။ မုန်းစွဲ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ပတ်သက်တဲ့ အဖြစ်အပျက်ကို ပြင်ပလောကမှာ တကယ်ရှိတဲ့ အဖြစ်အပျက်နဲ့ နှိုင်းယှဉ်ပြီးတော့ ဟောပြခဲ့တာပါ။ ဦးပဥ္စင်း ဟောခဲ့တဲ့ အဖြစ်အပျက်က အပြင်မှာ တကယ်ရှိတဲ့ အဖြစ်အပျက်ပါ။ တကယ့်အပြင်မှာရှိတာကတော့ ညီအစ်ကို သုံးယောက် ရှိတာပေါ့နော်။ သုံးယောက်လုံးလည်း သာသနာ့ဘောင် ရောက်သွားကြတယ်။ ဒါပေမဲ့လို့ တကယ့်အပြင်မှာကျတော့ အဖေရော၊ အမေရောက မုန်းစွဲ မကျွတ်လွတ်သွားကြဘူး။ ဆရာတော်သုံးပါးမှာ တစ်ပါးကတော့ အခုလောလောဆယ် လူဝတ်လဲသွားပြီ။ နှစ်ပါးကတော့ သာသနာ့ဘောင်မှာ ရှိပါသေးတယ်။

**'မုန်းစွဲ' မှာ သရုပ်ဆောင်ထားတဲ့ ကျော်ကျော်ဗိုလ်ကတော့ သေတဲ့အထိ မုန်းစွဲ မကျွတ်သွားဘူး။ ဖွေးဖွေးကတော့ နောက်ဆုံးမှာ မုန်းစွဲကျွတ်သွားတယ်။ ဒါလေးနဲ့ပတ်သက်ပြီး ဆရာတော် ဘာမိန့်ကြားချင်ပါသလဲ ဘုရား။**

အပြင်မှာ တကယ်ရှိတဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းကို အခြေခံပြီးတော့ အနုပညာဖန်တီးတယ်ဆိုပေမဲ့လို့ အနုပညာဖန်တီးတဲ့ နေရာမှာ အနုပညာသစ္စာလို့လည်း ပြောရမှာပေါ့။ အနုပညာသည် အနုပညာအတွက်လို့ ပြောထားတဲ့ အယူအဆလည်း ရှိတယ်။ အနုပညာသည် ပြည်သူအတွက်လို့ ပြောထားတာလည်း ရှိတယ်။ အဲဒီတော့ ပြည်သူကြည့်ဖို့အတွက် အနုပညာတစ်ရပ်ကို ဖန်တီးတယ်ဆိုရင်တော့ အနုပညာသည် ပြည်သူအတွက်ပဲ ဖြစ်ရမယ်လေ။ ကိုယ်တစ်ယောက်တည်း အနုပညာဖန်တီးပြီး ကိုယ့်ဟာကိုယ်ပဲ ခံစားမယ်ဆိုရင်တော့ အဓိပ္ပာယ်ရှိရှိ၊ မရှိရှိ စဉ်းစားစရာမလိုဘူး။ ပြည်သူကို ချပြမယ့် အနုပညာတစ်ရပ်ဟာ ပြည်သူအတွက် တကယ်အကျိုးရှိဖို့ လိုအပ်တယ်။

အပြင်မှာ တကယ်ရှိတဲ့ အဖြစ်အပျက်ကတော့ အဖေရော၊ အမေရောဟာ သားသုံးယောက်အပေါ်မှာ မုန်းစွဲလုံးဝမကျွတ်လွတ်ဘဲနဲ့ ဘဝတစ်ခု အဆုံးသတ်သွားပေမဲ့လို့ အနုပညာတစ်ခုအနေနဲ့ ဖန်တီးတဲ့အခါမှာတော့ မြတ်စွာဘုရားရှင်ရဲ့ တရားတော်အရ အမေက မုန်းစွဲကျွတ်သွားတယ်။ မုန်းစွဲရဲ့ ဆိုးကျိုးကို နားလည်သွားတယ်။ မုန်းစွဲ ကင်းရှင်းခြင်းရဲ့ ကောင်းကျိုးကို နားလည်ပြီးတော့ မုန်းစွဲကျွတ်သွားတာမျိုးပဲ ဖြစ်ရမှာပေါ့။

သေတဲ့အထိ မုန်းစွဲနဲ့ပဲ သေသွားတာနဲ့ အဆုံးသတ်မယ်ဆိုရင် ကြည့်ရှုမယ့် ပရိသတ်တွေအနေနဲ့က မုန်းစွဲနဲ့ သေသွားတာကိုပဲ ကောင်းတယ်လို့ ထင်သွားနိုင်စရာရှိတယ်။ အဲဒီတော့ မုန်းစွဲရဲ့ ဆိုးကျိုးတရားကို အကြောင်းအကျိုး အကောင်းအဆိုးနဲ့ သေသေချာချာ ရှင်းပြလိုက်ပြီး မုန်းစွဲကျွတ်သွားတာနဲ့ အဆုံးသတ်မှသာလျှင် အနုပညာပီသတယ်၊ အနုပညာသစ္စာရှိတယ်လို့ ပြောရမှာပေါ့။ အနုပညာဖန်တီးတဲ့ နေရာမှာတော့ ကောင်းကျိုးပြုတဲ့ရည်ရွယ်ချက် ရှိကိုရှိရမှာပေါ့။ အဲဒါကြောင့်မို့လို့ ပြင်ပလောကမှာတော့ အဖေနဲ့ အမေဟာ တော်တော့်ကို မုန်းစွဲကြီးမားခဲ့ကြပေမဲ့လို့ ရုပ်ရှင်အဖြစ်နဲ့ ပြန်လည်တင်ပြတဲ့ အခါမှာတော့ ပရိသတ်ကို အမုန်းတရားကင်းစင်စေချင်တဲ့စိတ်၊ မုန်းစွဲကင်းစင်စေချင်တဲ့စိတ် ဒီလိုရည်ရွယ်ချက်ကောင်းနဲ့ တင်ပြတာဖြစ်တဲ့ အတွက်ကြောင့် ဒီမုန်းစွဲကင်းတာနဲ့ပဲ ဇာတ်လမ်းစဉ်ထားရတာပါပဲ။



တခြားသော အချစ်ဝတ္ထုတွေကို ပြန်ရိုက်တာတောင်မှ အဆုံးသတ်ပြောင်းရတာတွေရှိတာပဲလေ။ အခြေအနေအပေါ် မူတည်ပြီးတော့ ဝတ္ထုတိုင်း ရုပ်ရှင်ရိုက်လို့မရတဲ့ အဖြစ်အပျက်တွေ အများကြီးရှိတာပေါ့။ ဒီမှာလည်း ဒီလိုလေးအဆုံးသတ်မှသာလျှင် အမုန်းရားရဲ့ ဆိုးကျိုးကို နားလည်ပြီးတော့ အမုန်းတရား ကင်းအောင်၊ အမုန်းတရားလုံးဝမကင်းရင်တောင် မှပဲ မုန်းစိတ်ကို မုန်းစွဲနဲ့ မစွဲဘဲ ဆင်ခြင်သွားနိုင်ဖို့ ရည်



www.burmeseclassic.com

www.burmeseclassic.com

ရှယ်တာပေါ့။

**ရုပ်ရှင်ရိုက်တဲ့အခါမှာ ဆရာတော့်ဝတ္ထုအတိုင်း ရိုက်ရတာရှိသလို ဖြည့်စွက်ရတာလည်းရှိတယ်။ ဖြည့်စွက်ရိုက်ပြီး အားရကျေနပ်တဲ့အခန်းဆိုရင် ဘယ်အခန်းလို့ ပြောမလဲဘုရား။**

ဦးပဥ္ဇင်းကတော့ တစ်ကားလုံးကောင်းတယ်လို့ ပြောရမှာပဲ။ ဦးပဥ္ဇင်းရဲ့ ဟောတရားကို မူတည်ပြီးတော့ ဇာတ်လမ်းပြန်ဖွဲ့တယ် ဆိုပေမဲ့ ဇာတ်ညွှန်းရေးဆရာကိုလွင်မင်းအံ့ရဲ့ ကြိုးစားအားထုတ်မှုတွေ အများကြီးပါပါတယ်။ မုန်းစွဲနဲ့ ပတ်သက်တဲ့၊ အမုန်း တရားနဲ့ ပတ်သက်တဲ့ တရားတော်တွေနော်၊ တရားစာအုပ်တွေ အများကြီးဖတ်ပြီးတော့မှ ဒီဇာတ်လမ်းထဲမှာ ထည့်သွင်းထားတာပေါ့နော်။ ပြောရမယ်ဆိုရင် ဦးပဥ္ဇင်းဟောထားတဲ့ တရားထက် ပိုပြီးတော့ ရုပ်လုံးကြွတယ်။ ပိုပြီးတော့ စိတ်ဝင်စားဖွယ်ဖြစ်တာပေါ့။ အစကနေ အဆုံးအထိ အကုန်လုံးကြိုက်တယ်လို့ပဲ ဦးပဥ္ဇင်း ပြောချင်ပါတယ်။

**နေတိုးနဲ့ မင်းသွေးတို့က ဓားပြတိုက်တယ်၊ လူသတ်တယ်၊ မုဒိမ်းကျင့်တယ် ဆိုတော့ လူတွေက သေခါနီး သရဏဂုံတည်ရုံနဲ့ လူပြန်ဖြစ်တယ်ဆိုတာ ဘယ်လို အကြောင်းတွေကြောင့်ပါလဲ ဘုရား။**

ဦးပဥ္ဇင်းဟောထားတဲ့ တရားထဲမှာတော့ ဘဝအသစ် ကူးပြောင်းသွားတာနဲ့ ပတ်သက်လို့ အတိတ်ဘဝက ဆိုးသွမ်းမိုက်မဲခဲ့ပေမဲ့ ဘာကြောင့် လူ့ဘဝရောက်လာလဲ ဆိုတဲ့အကြောင်း အကျယ်တဝင့်လေး ထည့်ပြပေးထားပါတယ်။ ရုပ်ရှင်မှာတော့ ဘာကြောင့်ဆိုတာ အတိအကျ ပြန်မပြောဖြစ်လို့ သံသယဖြစ်သွားတာ ဖြစ်မယ် ထင်ပါတယ်။ သေလွန်ခါနီးမှာ ရွာဦးကျောင်းဆရာတော်ကို ဖူးခွင့်ရတာရယ်၊ သရဏဂုံတည်ခွင့်ရလိုက်တဲ့အတွက် သရဏဂုံ ဆောက်တည်လိုက်တယ်။ သေလုဆဲဆဲအခါလေးမှာ သရဏဂုံဆောက်တည်ခွင့်ရလိုက်တဲ့အတွက် သရဏဂုံ ဆောက်တည်တဲ့ကုသိုလ်၊ နောက် ရွာဦးကျောင်းဆရာတော်ကို ဖူးမြော်လိုက်ရတဲ့ ကုသိုလ် ဒီစိတ်တွေနဲ့ သေသွားတဲ့အတွက်ကြောင့်မို့ လူပြန်ဖြစ်သွားတာပဲ။ သေခါနီးမှာ သရဏဂုံဆောက်တည်ခွင့်ရတာကို ကြည့်ပြီးတော့ သရဏဂုံ ဆောက်တည်ခွင့်ရလို့ လူပြန်ဖြစ်တယ်လို့ ကောက်ချက်ချကြမှာပေါ့။

တကယ်တမ်းဆိုရင်တော့ သတ္တဝါတစ်ဦးတစ်ယောက် သေခါနီးအချိန်မှာ ဒီဘဝမှာပြုထားတဲ့ ကုသိုလ်၊ အကုသိုလ်ပဲ အကျိုးပေးပြီး အရာထင်တာမျိုး မဟုတ်ဘူး။ လွန်ခဲ့တဲ့ ဘဝပေါင်းတစ်ရာ၊ ဘဝပေါင်းတစ်ထောင်၊ ဘဝပေါင်းများစွာက လုပ်ခဲ့တဲ့ ကုသိုလ်၊ သို့မဟုတ် အကုသိုလ်တွေက ဒီဘဝသေခါနီးမှာ ရုတ်တရက် ဖျတ်ခနဲ လာပေါ်နိုင်တာပဲ။ ဒါပေမဲ့လို့ ဘေးက မျက်မြင်အရတော့ သူတို့ သေခါနီး တွင်းနှုတ်ခမ်းဝမှာ သရဏဂုံ ဆောက်တည်ခွင့်ရလိုက်လို့ သရဏဂုံကုသိုလ်ကြောင့်ပဲ လူပြန်ဖြစ်တယ်လို့ ယူဆကြမှာပေါ့။ လူတစ်ယောက် သေလွန်ပြီးတဲ့အချိန်မှာ သုဂတိ ရောက်မလား၊ ဒုဂ္ဂတိရောက်မလား ဆိုတာ သေခါနီးစိတ်ကို ကြည့်ပြီးတော့ပဲ ဆုံးဖြတ်ရမှာပေါ့။ ဒါကြောင့် သရဏဂုံ ဆောက်တည်ခွင့်ရတာကြောင့်ပဲ လူပြန်ဖြစ်တယ်လို့ ပြောရမှာပေါ့။



**ရဟန်းငယ်**
**နေတိုးက**
**သူ့အဖေ**
**ဦးဖိုးအောင်**



www.burmeseclassic.com

www.burmeseclassic.com

**(ကျော်ကျော်ဗိုလ်) အိပ်ရာပေါ်လဲနေပြီဖြစ်တဲ့အတွက် စိတ်ရှိပေမဲ့ ပြန်မလုပ်နိုင်တာကို နေတိုးက သူ့ခေါင်းသူ ပုလင်းနဲ့ ရိုက်တဲ့ အပေါ် ဆရာတော် ဘယ်လိုမြင်ပါသလဲ ဘုရား။**

ဒါကတော့ သေခါနီးလူ စိတ်ချမ်းသာအောင် လုပ်လိုက်တဲ့သဘောပါပဲ။ အဖေဖြစ်သူ စိတ်ချမ်းသာသွားမလား၊ အဖေများ စိတ်ကျေနပ်သွားမလားသဘောနဲ့ ရိုက်ပြတာ ဖြစ်ပါမယ်။

**'မုန်းစွဲ' က ဘာသာရေးအခြေခံတဲ့ကားဖြစ်လို့ ဆရာတော့်အနေနဲ့ ဘယ်လို အားရကျေနပ်မိလဲဘုရား။**

ဦးပဉ္ဇင်းတို့ ဗုဒ္ဓဘာသာဆိုတာက သဘာဝတရား၊ အမှန်တရားကိုပဲ ပြောတာပေါ့နော်။ ဗုဒ္ဓဘာသာမှာ နောက်ဘဝရှိတယ်လို့ ပြောလေ့ရှိကြတာပေါ့။ တကယ်တော့ ဗုဒ္ဓဘာသာမှာမှ နောက်ဘဝရှိတာ မဟုတ်ဘူး။ ဗုဒ္ဓဘာသာဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ နောက်ဘဝကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ နောက်ဘဝဆိုတာကတော့ လူတိုင်းအတွက် ရှိနေမှာပဲ။ ရဟန္တာ မဖြစ်မချင်းပေါ့။ နောက် ကံ,ကံ၏ အကျိုးဆိုတာလည်း ဒီအတိုင်းပါပဲ။ ငရုတ်သီးကို စပ်ပါတယ်လို့ မယုံလည်း စားရင်တော့ စပ်မှာပဲ။ တကယ်ချိုတဲ့ ထန်းလျက်ကို ချိုပါတယ်လို့ မယုံဘဲ စားလည်း ချိုမှာပဲ။ သူ့သဘာဝ အရှိအတိုင်းကို ပြောတာပေါ့။ အဲဒီတော့ တခြားဘာသာခြားတွေအနေနဲ့ ကြည့်မယ်ဆိုရင်လည်းပဲ စဉ်းစားတွေးတောတတ်တဲ့ အသိဉာဏ်လည်း ရှိမယ်ဆိုရင်တော့ လက်ခံကျေနပ်ကြမှာပါ။ တကယ်တမ်းကျတော့ ဒီဇာတ်လမ်းမှာ ဘဝနှစ်ခုနဲ့ တွဲပြီး ပြထားပေမဲ့လို့ မုန်းစွဲကြောင့် တမလွန်ဘဝမှာသာ ကိုယ်လည်း စိတ်ဆင်းရဲ၊ သူလည်းစိတ်ဆင်းရဲတာ မဟုတ်ပါဘူး။

ကဲ··· နောက်ဘဝဆိုတာ မယုံဘူးပဲ ထားပါတော့။ နောက်ဘဝဆိုတာ နောက်ဆုံး မရှိဘူးပဲ ထားပါတော့။ ရှိလည်း မရှိဘူး၊ ယုံလည်း မယုံဘူး၊ စိတ်လည်း မဝင်စားဘူး ဆိုရင်တောင်မှ ဒီဘဝမှာ အမုန်းတရားတွေ ကြီးမားနေမယ်၊ မုန်းစွဲတွေ စွဲနေတယ်ဆိုရင် ကိုယ်ပဲ ပူလောင်ရမှာလေ။ နောက်ဘဝဆိုတာ တကယ်တော့ အဝေးကြီးပဲ။ နောက်ဘဝကို ယုံတဲ့လူဆိုရင်လည်းပဲ နောက်ဘဝကို အဓိကထားပြီး စဉ်းစားနေစရာ မလိုဘူး။ အမုန်းစိတ်တွေဖြစ်နေရင် ဒီဘဝမှာကို စိတ်ပူလောင်ရမယ်။ စိတ်ဆင်းရဲနေရမယ်။ ကိုယ်ကိုယ်တိုင် အမုန်းတရားဆိုတဲ့ ကြိုးရဲ့ တုပ်နှောင်မှုကို ခံနေရတဲ့အတွက်ကြောင့်မို့လို့ စိတ်လွတ်လပ်မှု မရှိတော့ဘူး။ အမုန်းတရားကင်းစင်မယ်ဆိုရင် စိတ်လည်း အေးချမ်းမယ်၊ စိတ်လည်း လွတ်လပ်တယ်။ ဘယ်သူနဲ့ပဲ တွေ့ရ တွေ့ရ၊ ဘယ်အဖြစ်အပျက်နဲ့ပဲ ရင်ဆိုင်ရ၊ ရင်ဆိုင်ရ ကိုယ့်ဘက်က အေးဆေးပဲ။ ဒီမုန်းစွဲ၊ ချစ်စွဲမှ မဟုတ်ပါဘူး။ ဘယ်အရာမဆိုပါပဲ ဦးပဉ္ဇင်းတို့ ဗုဒ္ဓဘာသာကတော့ နောက်ဘဝကို ယုံတယ် ဆိုပေမဲ့လည်း နေရာတကာမှာ နောက်ဘဝအတွက်၊ နောက်ဘဝအတွက်ဆိုပြီး လုပ်နေစရာ မလိုဘူးပေါ့နော်။ ဦးပဉ္ဇင်းကို ကိုရင်ဘဝတုန်းကဆိုရင် ရင်းနှီးတဲ့ ကိုရင်တွေက ကိုရင်ဆန္ဒာဓိက နောက်ဘဝကို မယုံဘူးလို့ အမြဲတမ်း ပြောလေ့ ရှိကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးပဉ္ဇင်းက နောက်ဘဝအတွက် မစဉ်းစားဘူးလို့ ခဏခဏ ပြောလေ့ရှိလို့ပါ။ သင်္ကန်းဝတ်တယ်ဆိုတာလည်း နောက်ဘဝကောင်းဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဝတ်တာ မဟုတ်ပါဘူး။ သင်္ကန်းဝတ်ထားတော့ ဒီဘဝမှာကို၊ ဒီနေ့မှာကို စိတ်ချမ်းသာပြီးတော့ စိတ်အေးချမ်းနေရပြီး ရဟန်းတစ်ပါးရဲ့ဘဝ၊ သာမဏေရဲ့ဘဝ အအေးချမ်းဆုံး၊ အကောင်းဆုံးဖြစ်လို့ ဝတ်တာ။ နောက်ဘဝကြောင့် ဝတ်တာ မဟုတ်ဘူး။ ဒါကြောင့် နောက်ဘဝကို စိတ်မဝင်စားဘူးလို့ ဦးပဉ္ဇင်း အမြဲတမ်းပြောလေ့ရှိလို့ပါ။ ဒီဘဝလည်း ဦးပဉ္ဇင်း လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို အမြဲတမ်းလုပ်တယ်။ ဒါပေမဲ့ နောက်ဘဝအတွက် ရည်ရွယ် ပြီး လုပ်တာတော့ မဟုတ် ဘူး။ သာမန်အားဖြင့် အကြမ်းဖျင်းပြောမယ်ဆိုရင် နောက်ဘဝဆိုတာ ကိုယ်လည်း သိတော့မှာ မဟုတ်ဘူး။ ကိုယ်သိတော့မှာ မဟုတ်တာကို ဘာဖြစ်လို့ တွေးနေမှာလဲလို့ ပြောမယ် ဆိုရင်လည်း ပြောလို့ရတာပေါ့။ တကယ်တမ်းကျတော့လည်း မသိတာတော့ မဟုတ်ပါဘူး။

ဦးပဉ္ဇင်းတို့ အရင်ဘဝတွေတုန်းကလည်း ဪ··· နောင်ဘဝ ကိုယ်လည်း သိတော့တာမှ မဟုတ်ဘဲဆိုပြီး လုပ်ချင်ရာတွေ လုပ်မိခဲ့မှာပဲ။ ဒါပေမဲ့ ဒီဘဝကျတော့ သိပြီးတော့ ခံနေရတာပဲလေ။ နောက်ဘဝဆိုတာ အဝေးကြီးလိုပါသေးတယ်။ ဒီဘဝမှာပဲ မနက်ဖြန်တွေ၊ နောက်နှစ်တွေဆိုတာ အနာဂတ်တွေပါပဲ။ အဲဒါတွေအတွက်လည်း ကြိုပြီး သိပ်စဉ်းစားနေစရာ မလိုဘူးပေါ့နော်။ ပစ္စုပ္ပန်တည့်တည့်မှာ ကိုယ်လုပ်တဲ့ အလုပ်နဲ့ ပတ်သက်လို့ စီမံချက်ဆွဲတဲ့သဘော၊ ရည်ရွယ်ချက်ထားတဲ့သဘောနဲ့သာ တစ်ခါတစ်ရံ ထည့်သွင်းစဉ်းစားရမှာ။ တကယ့်လက်တွေ့ ရင်ဆိုင်နေရတာ ပစ္စုပ္ပန်တည့်တည့်ပါပဲ။ ဒီနေ့၊ ဒီအချိန်၊ ဒီပစ္စုပ္ပန်အခိုက်အတန့်လေးက အဓိက အကျဆုံးပါပဲ။ အဲဒီ တော့ ချစ်ခြင်း မုန်းခြင်းသည်၊ ချစ်စွဲ မုန်းစွဲသည် လောလောဆယ်မှာကိုပဲ စိတ်နှလုံးကို ပူလောင်စေတာပါပဲ။ အခု လောလောဆယ်မှာကို ချစ်စွဲ၊ မုန်းစွဲကင်းပြီး စိတ်နှလုံးအေးချမ်းစေချင်တဲ့ ရည်ရွယ်ချက်က **မုန်းစွဲ** ဇာတ်ကား ရိုက်ကူးရတဲ့ ရည်ရွယ်ချက်ပါပဲ။ နောက်ဘဝ ယုံကြည်ဖို့ ဝါဒဖြန့်တာလည်း မဟုတ်ဘူး။ ဒါပေမဲ့ တကယ့်အပြင်မှာ ဖြစ်နေတဲ့ အဖြစ်အပျက်က နောက်ဘဝနဲ့ ပတ်သက်နေလို့သာ ပြောပြရတာ။ နောက်ဘဝမှာ ဖြစ်တယ်ဆိုတာက ဒီဘဝမှာ ရှိနေတဲ့ အဲဒီဆရာတော်တွေက အရင်ဘဝကိုလည်း မှတ်မိပြီးတော့ အဖြစ်အပျက်တွေက အဲဒီလိုဖြစ်နေလို့သာ ရှေ့ဘဝ၊ နောက်ဘဝနဲ့ ပတ်သက်သွားတာကိုး။ တကယ်တော့ ဒီဘဝက အဓိကပေါ့။ ဒီဘဝ အဓိကဖြစ်လို့ နောက်



www.burmeseclassic.com

www.burmeseclassic.com

ဘဝ ထည့်မစဉ်းစားဘူးဆိုတော့လည်း မဟုတ်ဘူးပေါ့။ စဉ်းတော့စဉ်းစားရမယ်။ အဓိကတော့ မဟုတ်ဘူး။ ဒီဘဝက အဓိကပဲ။ ဒီဘဝမှာတောင်မှ ဒီနေ့၊ ဒီအချိန်၊ ဒီစက္ကန့်က အရေးကြီးဆုံးပဲ။

**အမြွာနှစ်ပါး ဖြစ်လာမယ့် ကလေးနှစ်ယောက်ရော၊ နေတိုးနှစ်ကိုယ်ခွဲရော၊ မင်းသွေး၊ ကျော်ကျော်ဗိုလ်၊ အေးဝတ်ရည်သောင်းတို့ရဲ့ သရုပ်ဆောင်မှုတွေကို ဘယ်လိုမြင်ပါသလဲ ဘုရား။**

အားလုံး ကောင်းကြပါတယ်လို့ပဲ ပြောချင်ပါတယ်။ သူ့နေရာနဲ့သူ၊ သူ့ဇာတ်ကွက်နဲ့သူ သရုပ်ဆောင်တာ ပီပြင်ကြပါတယ်။ အထူးသဖြင့် ရိုက်ချက်လေးတွေက အရမ်းကောင်းတယ်လို့ မြင်မိပါတယ်။ ဥပမာ ကိုရင်လေးနှစ်ပါး လမ်းခွဲသွားတော့မယ့် အခန်းဆိုရင်လည်း လမ်းခွဲခါနီး ကျောင်းပေါ်က ဆင်းလာချိန်မှာ ဟိုဘက်လှေကား၊ ဒီဘက်လှေကားက ဆင်းလာတာလေးကအစ၊ တစ်ပါးနဲ့တစ်ပါး ပြေးဖက်ပြီး နှုတ်ဆက်တာလေးတွေ၊ တစ်ပါးက ကုန်းလမ်းက လိုက်သွားရပြီး တစ်ပါးက ရေလမ်းက လိုက်သွားတာကို တစ်ပြိုင်တည်း ရိုက်ပြတာလေးတွေက အင်မတန်ကောင်းပါတယ်။ ကြည့်လိုက်လို့ရှိရင် လင်းသွားလိုက်၊ မှောင်သွားလိုက်နဲ့ တောက်လျှောက်ကြီး လင်းနေတာလည်း မဟုတ်ဘူး၊ တောက်လျှောက်ကြီး မှောင်နေတာလည်း မဟုတ်ဘဲနဲ့ ကားအကူးအပြောင်း၊ ကားအကူးအဆက်လေးတွေက အင်မတန်မှ အနုပညာဆန်တယ်။ စိတ်ဝင်စားစရာကောင်းတယ်။ ငြီးငွေ့မှုလုံးဝမဖြစ်စေဘူးပေါ့။ ဒီကားနဲ့ပတ်သက်တဲ့ ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ အသံ၊ သီချင်းဆိုတဲ့သူတွေရော ပါဝင်သူတွေ အားလုံးကောင်းကြပါတယ်။ ဘာသာရေးအငွေ့အသက်တွေပါတဲ့ ရုပ်ရှင်ကားကို အခုလို အရုပ်၊ အသံ Quality ကောင်းကောင်း၊ အဆင့်မြင့် နည်းပညာနဲ့ မြန်မာမှာရော၊ နိုင်ငံတကာမှာပါပြမယ်ဆိုတော့ အထူးကို ဂုဏ်ယူစရာ ကောင်းပါတယ်။ မြန်မာနိုင်ငံမှာ ကြည့်နေကြတဲ့ အိန္ဒိယကားတချို့ဆိုရင်လည်း အရှင်စောင့်ရှောက်ပါ၊ မ,စပါ ဆိုတာမျိုး ဘာသာရေးအငွေ့အသက်တွေ ပါတာမျိုးတွေ တွေ့ရတာပဲ။ ကိုယ့်ဘာသာ ကိုယ်ကြိုးစားအားထုတ်မှုကြောင့် အဆင်ပြေတာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် တစ်နည်းနည်းနဲ့ အဆင်ပြေသွားတာပဲ ဖြစ်ဖြစ်၊ ဘယ်လိုကြောင့်ဖြစ်ဖြစ်ပေါ့။ အဆင်မပြေမှုတစ်ခု ကြုံတွေ့လာလို့ရှိရင် အရှင်စောင့်ရှောက်ပါ။ ဒီတစ်ခါမှ အရှင် မစောင့်ရှောက်လို့ရှိရင် နောက်မကိုးကွယ်တော့ဘူး။ ဒါမျိုးတွေ ဟိန္ဒူကားတွေမှာ ရှိတတ်တယ်။ အဆင်ပြေသွားတာတွေလည်း ပြတတ်တယ်။ ဒါ တစ်နည်းအားဖြင့် ဟိန္ဒူဘာသာကို သွယ်ဝိုက်သောနည်းဖြင့် စည်းရုံးတဲ့ သဘောသက်ရောက်တာပဲ။ တကယ်တမ်းဆိုရင် ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာဝင်တွေလည်း အချစ်ကားဖြစ်ဖြစ်၊ အိမ်ထောင်ရေးကားပဲဖြစ်ဖြစ်၊ ဟာသကားပဲဖြစ်ဖြစ်၊ ပြောရမယ်ဆိုရင် ဘယ်လိုကားမျိုး ဖြစ်ဖြစ် ဒဲ့တိုးကြီး စည်းရုံးတာမျိုး၊ စည်းရုံးမှန်းသိသာတာမျိုး မဟုတ်ဘဲနဲ့ ပါးပါးလေး ပုတ်တယ်ဆိုတာမျိုးပေါ့။ ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာရဲ့ အမှန်တရား၊ သစ္စာတရား၊ ရတနာသုံးပါးရဲ့ အစွမ်းသတ္တိ၊ ရတနာသုံးပါးမှာဆိုရင်လည်း အဓိကကတော့ တရားတော်ပါပဲ။ ဘုရားရဲ့လမ်းညွှန်ချက် အဆုံးအမတွေက ဘဝကို ဘယ်လောက်တောင် ကောင်းကျိုးပြုတယ် ဆိုတာလေးတွေကို အဆင်ပြေရင်ပြေသလို ထည့်သွင်းသွားမယ်ဆိုရင် အင်မတန် ကောင်းပါတယ်။ ဒီကားကတော့ လူသားတိုင်းအတွက် စိတ်ဓာတ်ရေးရာ အကျိုးပြုတဲ့ကားလည်းဖြစ်သလို သာသနာပြုတဲ့ ဇာတ်ကားလို့လည်း ပြောမယ်ဆို ပြောလို့ရပါတယ်။ ပြောရမယ်ဆိုရင် ဗုဒ္ဓဘာသာ အားလုံးအတွက် ဂုဏ်ယူစရာဇာတ်ကားပဲပေါ့။ ဒီဇာတ်ကားနဲ့ ပတ်သက်လို့ စကားစုလေးတစ်ခု ပြောရမယ်ဆိုရင်တော့ *နှလုံးသားထဲမှာ အမုန်းတရားစွဲရင် အရှုံး တရားပဲ* ရလိမ့်မယ်လို့ပဲ ပြောချင်ပါတယ်-လို့ မိန့်ကြားခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**





www.burmeseclassic.com

www.burmeseclassic.com



အရပ် ၅ ပေသာ ရှိသော်လည်း
ကမ္ဘာကျော်ခဲ့သည့် ဒေါ်လီပါတန်က
သူ့ဘဝဇာတ်ကြောင်းကို
ဖွင့်ဟပြောကြားခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com



၁၉၆၀ ခုနှစ်များအတွင်းက ဒေါ်လီနှင့် ဒိန်း(န)တို့ကို တွေ့ရစဉ်



သားသမီးမထွန်းကားခဲ့သော ဒေါ်လီက စူပါစတားတစ်ဦးဖြစ်တဲ့ မိုင်လီဆိုင်းရပ်စ်ရဲ့ ခေါင်းကိုင်မိခင်အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

# ကျွန်မရဲ့ သီးခြားကမ္ဘာ

ဘို

အရပ် ၅ ပေသာရှိပေမဲ့ ကမ္ဘာကျော်တစ်ဦးဖြစ်တဲ့ ဒေါ်လီပါတန်က ဆယ်စုနှစ်ပေါင်းများစွာ တည်တံ့အောင် ထိန်းသိမ်းနိုင်ခဲ့တဲ့ သူ့အိမ်ထောင်ရေးနဲ့ နာမ်ပျိုအောင် ဘယ်လိုထိန်းသိမ်းနိုင်ခဲ့တယ် ဆိုတာကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့ထုတ် People မဂ္ဂဇင်းမှာ ဖွင့်ဟပြောကြားလိုက်ပါတယ်။ ဒေါ်လီပါတန်ရဲ့ အသက်က ၇၂ နှစ်ရှိပြီ ဖြစ်ပါတယ်။ ဒေါ်လီပါတန်ကို သက်တော်စောင့် အစောင့်အကြပ်များ မပါဘဲ တွေ့ဆုံဖို့ဆိုတာ မလွယ်ကူလှပါဘူး။ ကုန်စုံဆိုင်ကို သွားတာကအစ ဒေါ်လီမှာလည်း သူ့အဆင့်အတန်း၊ သူ့ဂုဏ်ဒြပ်နဲ့ညီအောင် ဝတ်စား ပြင်ဆင်ပြီးမှ သွားလို့ရပါတယ်။ ဒါမှ သူ့ကိုတွေ့သွားတဲ့ ပရိသတ်က တွေ့ရကျိုးနပ်ပြီး ကျေနပ်သွားမှာ ဖြစ်လို့ပါပဲ။ ဒီလိုမဟုတ်ဘဲ

ဖြစ်သလိုထ,သွားမယ်ဆိုရင် တွေ့မြင်လိုက်ရတဲ့ ပရိသတ်က ဒေါ်လီပါတန်ဆိုလို့ ကြည့်လိုက်ပါတယ်၊ စုတ်ပြတ်နေတာပဲဆိုတဲ့ အပြောမျိုးကို မခံနိုင်ဘူးလို့ ကျေးလက်ဂီတအဆိုကျော် ဒေါ်လီပါတန်က ဖွင့်ဟပြောပြပါတယ်။ သူ့ရယ်သံလွင်လွင်ကလေးက အင်တာဗျူးလုပ်နေတဲ့ ခန်းမထဲမှာ လွင့်ပျံ့သွားခဲ့ပါတယ်။


အသက် ၇၂ နှစ်အရွယ် ဒေါ်လီကတော့ ဖျော်ဖြေရေးလောကထဲ ရောက်ခဲ့တာ နှစ်ပေါင်း ၆၀ ရှိခဲ့ပြီဖြစ်ပေမဲ့ ပန်းပန်နေဆဲပါပဲ။ အသံရော၊ စတိုင်ရော ထိပ်ဆုံးမှာ ရှိနေခဲ့တဲ့ ဒေါ်လီက "ကျွန်မမှာ ကိုယ်ပိုင်ဟန်ရှိတဲ့အတွက် ဒီဟန်၊ ဒီစတိုင်ကနေ သွေဖည်မသွားချင်ပါဘူး" လို့ ဆိုပါတယ်။ အင်တာဗျူးလုပ်တဲ့နေ့က ချိန်းထားတဲ့အချိန်ရဲ့ မိနစ် ၃၀ စောပြီး People မဂ္ဂဇင်းက ဓာတ်ပုံရိုက်မယ့်နေရာကို ရောက်ရှိလာခဲ့



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ ဆံပင်ပုံစံက သူတစ်သက်လုံး ထိန်းသိမ်းထားခဲ့တဲ့ ပုံစံအတိုင်း ရှိနေပါတယ်။ မျက်ဝန်းတစ်ဝိုက်မှာ ဆေးအမည်းရောင်ခြယ်ထားပြီး နှုတ်ခမ်းများကလည်း တောက်ပရွှန်းစိုနေဆဲပါပဲ။ သူ



မိသားစုမှာ ဆင်းရဲနွမ်းပါးသော်လည်း ဂီတအနုပညာ ကြွယ်ဝခဲ့ကြသည်။



အကျော်ကြားဂီတအဆိုကျော်လေး ဖြစ်လာမယ့် ဒေါ်လီကို ၁၉၅၅ ခုနှစ်က တွေ့ရစဉ်

အလှက ဓာတ်ပုံအရိုက်ခံဖို့ အဆင်သင့်ရှိနေပြီး ခန္ဓာကိုယ်ရဲ့ ဘယ်အစိတ်အပိုင်းကိုမှ ဖုံးကွယ်ပေးဖို့ မလိုလောက်အောင် ဒေါ်လီက သူ့အလှကို ထိန်းသိမ်းနိုင်ဆဲဖြစ်ပါတယ်။ သူ Netflix အစီအစဉ်အတွက် နောက်ဆုံးရိုက်ကူးနေတဲ့ ရုပ်ရှင်ကားဖြစ်တဲ့ **Dumplin** ဇာတ်ကားမှာဆိုရင် သူနဲ့အတူ ဂျန်ဖာအနစ္စတန် ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒီကားရိုက်ကူးဖို့အတွက် ခရီးဝေးတွေ သွားရပေမဲ့ ဒေါ်လီကတော့ ပင်ပန်းတယ်လို့ ဘယ်သောအခါမှ မညည်းခဲ့ပါဘူး။

ဇနီးသည်အပေါ်မှာ တစ်စက်ကလေးမှ သွေဖည်မှုမရှိအောင် ချစ်တဲ့ ခင်ပွန်းသည်အတွက်လည်း သူ့အသားအရေက အခုအသက်အရွယ်အထိ စိုပြည်ဝင်းပနေဆဲပါပဲ။ အမေရိကန်ပြည်ထောင်စု တင်နက်ဆီပြည်နယ်၊ ပစ်မဲန်းစင်တာရဲ့ အခန်းတစ်ခန်းသာရှိတဲ့ အိမ်ခန်းထဲမှာ မွေးဖွားခဲ့တဲ့ ဒေါ်လီဟာ မွေးချင်း ၁၂ ယောက်တို့ထဲက စတုတ္ထမြောက်ရင်သွေးဖြစ်ပြီး လယ်သမားတစ်ဦးဖြစ်တဲ့ ရောဘတ်လီပါတန်နဲ့ အိမ်ရှင်မ အဗီလီတို့ရဲ့ ရင်သွေးဖြစ်ပါတယ်။ "ကျွန်မ ကြီးပြင်းခဲ့ရတာက အင်မတန် ဆင်းရဲတဲ့ မိသားစုထဲမှာ ဖြစ်ပါတယ်။ အိမ်မှာအပိုသုံးပစ္စည်းရယ်လို့ ဘာမှမရှိပါဘူး။ ကိုယ်လိုချင်ရင် ကိုယ့်ဘာသာကိုယ် ရှာယူရတာပါ"လို့ ပါတန်က ဆိုပါတယ်။ ညီအစ်မ ၅ယောက်၊ အစ်ကို၊ မောင် ၆ ယောက်တို့ကြားမှာ လှုပ်ရှား ရုန်းကန်ခဲ့ရတဲ့ မိန်းကလေးတစ်ဦးဖြစ်ပါတယ်။

အခက်အခဲများကြားမှာ ရုန်းကန်ခဲ့ရတဲ့ မိန်းကလေးက အခုတော့ သီချင်းသစ် ၆



၁၉၈၇ ခုနှစ်က တွေ့ရသည့် ဒေါ်လီ



www.burmeseclassic.com

www.burmeseclassic.com

ပုဒ်ကို Dumplin ဇာတ်ကားအတွက် တခြားတစ်ယောက်နဲ့ ပူးတွဲရေးဖွဲ့နိုင်ခဲ့ပါတယ်။ ဒီရုပ်ရှင်ကားက တေးဂီတနောက်ခံ ဟာသကားတစ်ကားဖြစ်ပြီး စာရေးဆရာမ ဂျူလီ မာဖီက သူ့ဝတ္ထုကို အဲဒီနာမည်နဲ့ပဲ ရေးခဲ့တာဖြစ်ပါတယ်။ စာရေးဆရာမက ပြောပြရာမှာ "ကျွန်မဇာတ်မှာ မိန်းကလေးက အဝလွန်နေတဲ့ ဆယ်ကျော်သက်မိန်းကလေးဖြစ်ပြီး သူ့မိခင်ကတော့ အလှမယ်ဘွဲ့ရခဲ့သူဖြစ်ပါတယ် (မိခင် နေရာမှာ ဂျနီဖာအနစ္စတန်က သရုပ်ဆောင်ခဲ့တာပါ။)။ ဒီမိန်းကလေးက ဒေါ်လီပါတန်ရဲ့ဂီတသံစဉ်တွေကို စိတ်ဝင်စားတယ်ပေါ့။ ဒါကြောင့် ၁၉၇၀ ခုနှစ်များရဲ့ ဂီတလောကမှာ နံပါတ်တစ်ချိတ်ခဲ့တဲ့ သီချင်းတွေကို စွဲလမ်းနှစ်ခြိုက်ခဲ့သူအဖြစ် ဖန်တီးထားပါတယ်။ အဲဒီသီချင်းတွေကတော့ ဒေါ်လီရဲ့အအောင်မြင်ဆုံးသီချင်းတွေပေါ့။ အဲဒီသီချင်းတွေ အောင်မြင်ပြီးမှ ဒေါ်လီက ဟောလိဝုဒ်ရုပ်ရှင်လောကမှာ ဇာတ်လမ်းရုပ်ရှင်တွေ ဝင်ပြီးရိုက်ခဲ့တာပါ။ ပထမဆုံးရိုက်ခဲ့တဲ့ ရုပ်ရှင်ကားက 9 to 5 ဇာတ်ကားဖြစ်ပြီး ဒေါ်လီက ဒီကားရိုက်ကူးတဲ့အချိန်မှာ သူ့အတွက်အခက်အခဲတွေ အများကြီးရှိခဲ့တယ်"လို့ ပြောပြခဲ့ပါတယ်။

"ကျွန်မအနေနဲ့ ဒီဝတ္ထုကိုရေးဖွဲ့တဲ့နေရာမှာ မိန်းကလေးငယ်များဟာ သူတို့ရဲ့ ဆယ်ကျော်သက်ဘဝမှာ ဘယ်လိုသီချင်းတွေစိတ်ဝင်စားတတ်တယ်၊ ကြီးလာတဲ့အချိန်မှာတော့ ငယ်ဘဝက သီချင်းတွေကို စွဲလမ်းနေတတ်တယ်ဆိုတာကိုလည်း ဖော်ပြထားပါတယ်"လို့ စာရေးဆရာမက ဆိုပါတယ်။ အဲဒါအပြင် သူ့ငယ်ဘဝမှာ အဝလွန်ခဲ့ဖူးတာကြောင့် စိတ်ထဲမှာ ဘယ်လိုခံစားရတယ်ဆိုတာကိုလည်း ဆရာမက သိနေတဲ့အတွက် Dumplin မှာ သူ့ကိုယ်တွေ့ တွေကို ထည့်သွင်းရေးဖွဲ့ခဲ့တာဖြစ်ပါတယ်။ ဒေါ်လီပါတန်ကလည်း ရုပ်ရှင်ကားထဲကလို အဝလွန်နေတဲ့ မိန်းကလေးများ မခံစားရအောင်



ဂီတအမျိုးအစားမှန်သမျှကို
ကျွန်မ နှစ်သက်ပါတယ်ဟု ဆိုသည့် ဒေါ်လီ



www.burmeseclassic.com

www.burmeseclassic.com



The Dolly Show
ဒေါလီ ပွဲစဉ်တစ်ခု၌ တွေ့ရစဉ်



9 to 5
9 to 5 ရုပ်ရှင်ဇာတ်ကားမှာ သရုပ်ဆောင်မှု



The Best Little Whorehouse in Texas
The Best Little Whorehouse ရုပ်ရှင်ဇာတ်ကားကို တက္ကသက်ဒ်၌ ရိုက်ကူးစဉ်



Steel Magnolias
Steel Magnolias မှ ဇာတ်ဝင်ခန်း



Dumplin'
Dumplin မှ ဇာတ်ဝင်ခန်း

တတ်နိုင်သမျှ ဖေးမ,ကူညီပေးတယ်လို့ ပြောခဲ့ပါတယ်။

People နဲ့ တွေ့ဆုံရာမှာ ဒေါလီက သူနဲ့ခင်ပွန်းဖြစ်သူ ကားလ်သောမတ်စ်ဒီးန်တို့ နှစ်ယောက် အသက် ၁၈ နှစ်အရွယ်မှာ စတင်ဆုံစည်းခဲ့ပုံကိုလည်း ပြောပြပါတယ်။ ဒီနှစ်မှာ သူတို့နှစ်ဦး တွေ့ဆုံပေါင်းစည်းခဲ့ကြတာ ၅၂ နှစ်ပြည့်မြောက်ခဲ့ပါပြီ။ ဒါပေမဲ့ ဒီနေ့ထက်ထိ နှစ်ယောက်တွဲပုံ စာနယ်ဇင်းများမှာ ဖော်ပြခြင်းမခံရအောင် ဒီးန်က ရှောင်လွှဲတတ်ပါတယ်။ ဒေါလီက ခင်ပွန်းသည်နဲ့ပတ်သက်ပြီး ပြောကြားရာမှာ "ကျွန်မ ခင်ပွန်းက ဓာတ်ပုံအရိုက်ခံဖို့ထက် အဝတ်အစားကောင်းကောင်းဝတ်ရမှာကို မနှစ်သက်တာကြောင့်ပါ။ ကျွန်မတို့နှစ်ယောက်ရဲ့ဘဝက ရိုးရိုးသားသား အေးအေးဆေးဆေး ဖြတ်သန်းခဲ့တာပါ။ အိမ်မှာ တခြားအပေါင်းအဖော်တွေလည်း မရှိပါဘူး။ ကျွန်မတို့က နှစ်ယောက်တည်းနေရတာကို သဘောကျပါတယ်" လို့ ဆိုပါတယ်။

ဒေါလီ အားလပ်တဲ့ရက်များမှာတော့ ဂီတမြို့တော်ဖြစ်တဲ့ နပ်ရှ်ဗီးလ်မြို့ အခြေစိုက် အနေများတဲ့ သူတို့နှစ်ယောက် ကျေးလက်ဒေသများကို ပျော်ပွဲစားထွက်တတ်ကြပါတယ်။ အိမ်ထောင်သက်တမ်း နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီဖြစ်ပေမဲ့ တစ်ယောက်ကိုတစ်ယောက် ငြီးငွေ့ခြင်းမရှိ ချစ်ခင်စုံမက်နေကြဆဲ ဖြစ်ပါတယ်။ "သူက မက္ကဆီကန်အစားအသောက်တွေကြိုက်တယ်။ ဒါကြောင့် ကျွန်မတို့ကို အနှောင့်အယှက်မရှိတဲ့နေရာမျိုးကို ရွေးပြီးသွားရပါတယ်။ သူကအဲဒီလိုနေရာမျိုးကို သဘောကျတယ်"လို့ပြောပြပါတယ်။ အဲဒီလိုနှစ်ယောက်သားအပြင်ထွက်ရတဲ့အခါမျိုးမှာ ဒေါလီက သူ့ဆံပင်တွေကို အပေါ်လိပ်တင်ထားပြီး လူငယ်တစ်ယောက်လို ဖန်တီးထားပါတယ်။ ဒါပေမဲ့ သူသိထားတဲ့အသိက ခင်ပွန်းသည်ဟာ သူ့ရဲ့အရေပြားပေါ်ကအလှထက် အတွင်းစိတ်အလှကို ချစ်သူဖြစ်တယ်ဆိုတာပါပဲ။ ဒေါလီက ပြောပြရာမှာ "သူက ကျွန်မ ဘာပဲဝတ်ဝတ်ဂရုမစိုက်ဘူး။ အရေးကြီးတာ ကျွန်မပျော်နေဖို့ပဲလို့ ပြောတယ်။ အဝတ်အစားက အရေးမကြီးဘူး၊ ကျွန်မကသာ အရေးကြီးတယ်" လို့ ခင်ပွန်းသည်ရဲ့ အချစ်ကို ပြောပြပါတယ်။

လွန်ခဲ့တဲ့ ၂ နှစ်ကတော့ သူတို့နှစ်ယောက်ပေါင်းစည်းခဲ့ကြတာ နှစ် ၅၀ ပြည့်ပြီဖြစ်လို့ သူတို့နေအိမ်ရှိရာ အရပ်မှာရှိတဲ့ တောင်ကုန်းထိပ်ကိုသွားပြီး နောက်တစ်ကြိမ် လက်ထပ်ခဲ့ကြပါတယ်။ "ကျွန်မတို့နှစ်ယောက် နောက်တစ်ကြိမ် ပြန်လက်ထပ်ပွဲဆင်နွှဲရတာ အင်မတန်ပျော်စရာကောင်းပါတယ်" လို့ ဒေါလီက ဆိုပါတယ်။ ၁၉၆၆ ခုနှစ် ဒေါလီ အောင်မြင်ထင်ရှားစ,ပြုချိန်မှာ ဓာတ်ပြားကုမ္ပဏီက အိမ်ထောင်ပြုလိုက်ရင် ပရိသတ်ကျဆင်းသွားမှာစိုးတာကြောင့် အိမ်ထောင်မပြုဘဲနေပါလို့ တားခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒေါလီက နားမထောင်ခဲ့ပါဘူး။ ဂျော်ဂျီယာပြည်နယ်မှာရှိတဲ့ ရင်းဂိုးလ်လို့ခေါ်တဲ့မြို့မှာ လက်ထပ်ခဲ့ကြပါတယ်။ "ဓာတ်ပြားကုမ္ပဏီကတော့ ကျွန်မလက်ထပ်တာကို မကြိုက်ဘူးပေါ့။ အဲဒီတုန်းက ကျွန်မက အဖြူရောင်ဝတ်စုံကိုဝတ်ပြီး ကျွန်မအမေ လုပ်ပေးတဲ့ လက်ကိုင်ပန်းကို ကိုင်ခဲ့တာပါ" လို့ အမှတ်တရပြောပြပါတယ်။

မင်္ဂလာသက် ရွှေရတုတိုင်လို့ ပြန်ပြီး လက်ထပ်ကြတဲ့အချိန်မှာတော့ ဒေါလီက အကောင်းစားမင်္ဂလာဝတ်စုံကို ဆင်မြန်းပြီး ပဝါရှည်ကြီးနဲ့ လျှောက်လှမ်းလာခဲ့ပါတယ်။ သတို့သားကလည်း အကောင်းစားဝတ်စုံများနဲ့ သူ့သတို့သမီးကို ကြိုဆိုခဲ့ပါတယ်။ "အဲဒီတုန်းက အရမ်းပျော်ခဲ့တာပဲ။ နှစ် ၅၀ လည်းပြည့်တာကိုး။ နောက်ထပ်ဘယ်နှနှစ် နေကြရဦးမယ်ဆိုတာကိုတော့ မပြောနိုင်ပါဘူး။ ဘာပဲဖြစ်ဖြစ် နှစ် ၅၀ ဆိုတာ အတော်ရှည်လျားတဲ့ခရီးပါ" လို့ ဆိုပါတယ်။

သူ့အိမ်ထောင်သက် ရွှေရတုကျော်ခဲ့သလို ဂီတလောကမှာ အောင်မြင်မှုကလည်း အခုချိန်အထိ ရှိနေသေးပါတယ်။ Rolling Stone ဂီတမဂ္ဂဇင်းကြီးက ဒေါလီကို "ရုပ်တန့်၍မရနိုင်သော အနုပညာရှင်" လို့ တင်စားခဲ့ပါတယ်။ ၁၉၅၉ ခုနှစ်ကတည်းက ဂီတလောကထဲ ဝင်ရောက်လာခဲ့တဲ့ ဒေါလီဟာ အယ်လ်ဘမ်ပေါင်း ၄၅ ခု သီဆိုနိုင်ခဲ့ပြီး ရုပ်ရှင်ကား တစ်ဒါဇင်ခန့်မှာ သူ့သီချင်းတွေ ပါဝင်ခဲ့ပါတယ်။ သူတို့ဇနီး



www.burmeseclassic.com

www.burmeseclassic.com

မောင်နဲ့ ကိုယ်ပိုင်စတူဒီယိုတည်ထောင်ပြီး အောင်မြင်မှုသရဖူ ထပ်ဆင့်ရရှိခဲ့ပြန်ပါတယ်။ သူတို့ကုမ္ပဏီနိုင်ငံက Dollywood လို့ ခေါ်ပါတယ်။ နောက်နှစ်ဖြစ်တဲ့ ၂၀၁၉ ခုနှစ်မှာ Netflix က ဒေါ်လီရဲ့ အောင်မြင်တဲ့သီချင်းတွေကို စုစည်းပြီး ထုတ်ဝေဖို့ စီစဉ်နေပါတယ်။ ဒေါ်လီက 'အသက်ကြီးလာတာနဲ့အမျှ လိုချင်ဆန္ဒနည်းသွားတယ် လို့ ဆိုနိုင်ပေမဲ့ ကျွန်မဘဝမှာ မလုပ်မိလေခြင်းလို့ ဘယ်တော့မှ နောင်တမရချင်ပါဘူး။ အိပ်တယ်ဆိုတာ အရေးမပါ,ပါဘူး၊ အလုပ်လုပ်တာကမှ အရေးကြီးတာပါ' လို့လည်း ဒေါ်လီက ဆိုပါတယ်။

ဒေါ်လီပြောတာ မလွန်ပါဘူး။ နေ့စဉ် နံနက် ၃ နာရီအချိန်မှာ သူ အိပ်ရာက ထ,ပါတယ်။ 'မနက် ၇ နာရီဆိုရင် လုပ်စရာအလုပ်တွေ ပြီးသွားပါပြီ။ ဘာကြောင့်လဲ ဆိုတော့ ဒီအချိန်မှာ တိတ်ဆိတ်ငြိမ်သက်နေလို့ အလုပ်လုပ်ရတာ ပိုပြီးတွင်ကျယ်ပါ



စတူဒီယိုတစ်ခု၌ သီဆိုအသံသွင်းနေစဉ်

တယ်' လို့ ဒေါ်လီက ဆိုပါတယ်။ 'ကျွန်မက မနက်ခင်းမှာ ဘုရားရှိခိုးပြီး တရားထိုင်ပါတယ်။ ဘုရားနဲ့စကားပြောတယ်ဆိုကြပါစို့။ အဲဒါပြီးရင် ကော်ဖီသောက်တယ်။ အစားစားရာမှာ ကျွန်မ ဆင်ခြင်တယ်။ ကြက်၊ ဝက်တို့တော့ စားပါတယ်' လို့လည်း ဆိုပါတယ်။

အိမ်ရှင်မအဖြစ်နဲ့ ချက်ရပြုတ်ရတာကိုလည်း ဝါသနာပါသူ ဖြစ်ပါတယ်။ မိခင်ဖြစ်သူက ၂၀၀၃ ခုနှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။ 'မာမာက ကွယ်လွန်သွားပြီဆိုပေမဲ့ ကျွန်မရင်ထဲမှာ၊ ချက်တဲ့ပြုတ်တဲ့နေရာမှာ အခုထက်ထိ သက်ရှိထင်ရှားရှိနေတုန်းပါပဲ' လို့ မိခင် ဖြစ်သူကို အမှတ်တရဆိုပါတယ်။ သူသီဆိုခဲ့တဲ့ *Coat of Many Colors* ဆိုတဲ့ သီချင်းက သူ့ခံစားချက်ကို ဖွဲ့သီထားတဲ့သီချင်းဖြစ်တယ်လို့လည်း ဒေါ်လီက ဆိုပါတယ်။ ဒီသီချင်းက သူ့မိခင်ဖြစ်သူအတွက် ခံစားချက်တွေကို ဖွဲ့ဆိုထားတာဖြစ်ပြီး ဒီသီချင်းဆိုတိုင်း မျက်ရည်ကျခဲ့ရတယ်လို့လည်း ဆိုပါတယ်။

သားသမီး ၁၂ ယောက်ထွန်းကားတဲ့မိသားစုက ပေါက်ဖွားလာခဲ့တာဖြစ်ပေမဲ့ ဒေါ်လီကိုယ်တိုင်ကတော့ သားသမီး မရှိခဲ့ပါဘူး။ တူမတွေ၊ မွေးစားသမီးတွေသာ သူ့အနားမှာ ဝိုင်းဝိုင်းလည်နေပါတယ်။ မိုင်လီဆိုင်းရပ်စ်ဆိုရင် သူ့မွေးစားသမီးပါပဲ။ အဲဒါအပြင် သူ့ကိုချစ်ကြတဲ့ သန်းပေါင်းများစွာသော ပရိသတ်တွေဟာ သူ့သားသမီး၊ ဆွေမျိုးများပါပဲလို့ ခံယူထားပါတယ်။ 'ကျွန်မပရိသတ်တွေက ကျွန်မဟာ သူတို့ရဲ့အဒေါ်၊ သူတို့ရဲ့အစ်မအဖြစ် ခံယူထားကြတယ်' လို့ ပြောရင်း ရယ်မောနေပါတယ်။ 'အခုတော့ ကျွန်မက အိုလာပြီ။ ကိုယ်ပိုင်သားသမီး မရှိတဲ့အတွက် သူများမွေးထားတဲ့ ကလေးတွေဟာ ကျွန်မသားသမီးတွေပါပဲ။ ဒါကြောင့် အငှားသားသမီးတွေကို ကိုယ့်သားသမီးလို ခံစားပြီး သီချင်းတွေ ရေးဖွဲ့ပါတယ်' လို့လည်း ပြောပြပါတယ်။

ဒေါ်လီက သူ့အလုပ်ကို ဘယ်တော့မှ လျှော့မှာမဟုတ်ဘူးလို့လည်း ပြောပြပါတယ်။ 'ကျွန်မ ဘယ်တော့မှ အနားယူမှာ မဟုတ်ဘူး။ သီချင်းဆိုရင်းပဲ စင်ပေါ်မှာ သေသွားချင်ပါတယ်' လို့ အဆုံးသတ်အနေနဲ့ ပြောကြားသွားပါတယ်။

■ ဘို

*Ref: December 3, 2018, People.*



www.burmeseclassic.com

www.burmeseclassic.com



# စက်ခဲ ကြမ်းတမ်းခဲ့တဲ့ သူ့ရဲ့အနုပညာလမ်းကြောင်းကို ပြန်ပြောပြတဲ့ နေမျိုးအောင်

လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းက ဗီဒီယိုဇာတ်ကားများစွာမှာ ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့ပြီး နယ်မင်းသားလို့ ပြောခဲ့ကြပေမဲ့ အခုအချိန်မှာတော့ သရုပ်ဆောင် နေမျိုးအောင်က ရုပ်ရှင်ဇာတ်ကားများကို ဆက်တိုက်ရိုက်ကူးနေရပြီဖြစ်တာကြောင့် သူလျှောက်လှမ်းလာတဲ့ အနုပညာခရီးကို ပြန်ပြောင်းမေးကြည့်ဖြစ်ခဲ့ပါတယ်။

**နေမျိုးအောင်ရဲ့ အနုပညာသက်တမ်းက ဘယ်လောက်ရှိပြီလဲ။ ဘယ်လိုနဲ့ စပြီးဝင်ခဲ့တာလဲ။**

ကျွန်တော် အနုပညာဖြတ်သန်းခဲ့တာ ၂၃ နှစ်ရှိပါပြီ။ အနုပညာဖြတ်သန်းခဲ့တဲ့လမ်းကြောင်းဟာ နည်းနည်းတော့ကြမ်းတယ်။ ကျွန်တော် အိမ်ထောင်ကျပြီးလို့ သားအကြီးကောင် မွေးပြီးတော့မှ အနုပညာလောကထဲကို ခြေစုံပစ်ပြီးဝင်ခဲ့တာပါ။ ပထမဦးဆုံး ကျွန်တော့်ရဲ့ဆရာက ရှုတင်မန်နေဂျာ ခင်မောင်ကြီး(စစ်ကိုင်း)ပါ။ ဒါရိုက်တာ မောင်မျိုးမင်း၊ ဒါရိုက်တာ စန္ဒာအောင်သိန်းတို့က ကျွန်တော့်ရဲ့ဆရာအရင်းတွေပါပဲ။

ဆရာ ခင်မောင်ကြီး(စစ်ကိုင်း)နဲ့ ဆရာ စန္ဒာအောင်သိန်းတို့ကတော့ ကွယ်လွန်သွားကြပါပြီ။ ကျွန်တော် သူတို့ဆီကနေ အနုပညာကို ဆည်းပူးတယ်။ ၄၊ ၅ နှစ်လောက် ဆရာတွေနောက်ကနေ လွယ်အိတ်တစ်လုံးလွယ်ပြီးတော့ လိုက်ပြီးဆည်းပူးခဲ့တာပါ။ အချိန်ကျလာတော့လည်း ကျွန်တော်ဖြစ်ချင်တဲ့ဆန္ဒတွေ၊ ကျွန်တော့်ရဲ့ ကြိုးစားအားထုတ်မှုနဲ့ ဝီရိယတွေကြောင့် အခုအချိန်မှာတော့ ကျွန်တော့်အတွက်တန်ဖိုးမဖြတ်နိုင်တဲ့အရာတွေဖြစ်နေပါပြီ။

**ဆရာတွေဆီကနေ ဘယ်လိုနေရာက ဘယ်လိုလုပ်ပြီး သင်ယူခဲ့ရတာလဲ။**

ကျွန်တော့်ရဲ့ ဆရာ ခင်မောင်ကြီး(စစ်ကိုင်း)က ရှုတင်မန်နေဂျာဆိုတော့ သူ့နောက်ကနေ ဆက်တင်ပစ္စည်းတွေလည်း သယ်ရတယ်။ မနက်မိုးလင်းလို့ မင်းသား၊



www.burmeseclassic.com



မင်းသမီးတွေကို ရှုတင်ကြိုပြီဆိုရင် လိုက်ထရပ်ကားမျိုးနဲ့ ကျွန်တော်လိုက်သွားပြီး ကြိုရတယ်။ ရှုတင်မှာဆိုရင်လည်း ရှုတင်ထမင်းကျွေးတဲ့အချိန် ကျွန်တော်တို့က အလုပ်လုပ်နေရ တယ်။ ကိုယ်တွေက စက်ပြင်အဖွဲ့ကိုး။ ဦးခင်မောင်ကြီးရဲ့ တပည့်ထဲမှာ ကျွန်တော်ရယ်၊ အောင်ဇော်မင်းရယ်၊ အောင်နိုင်ဝင်းရယ် တပည့်သုံးယောက် ရှိတယ်။ ပြောရမယ်ဆိုရင် ဇာတ်လမ်းတစ်ပုဒ်စာ မကပါဘူး။ တော်တော်လေးကို ကြမ်းတမ်းခဲ့ပါတယ်။

**အဲဒီဘဝကနေ သရုပ်ဆောင်ဖြစ်ဖို့ ဘယ်လိုအချိုးအကွေ့ ကြုံလာတာလဲ။**

နာမည်ကြီးမင်းသားတွေ၊ သရုပ်ဆောင်တွေ သရုပ်ဆောင်နေတဲ့အချိန်မှာ အချိန်ရရင်ရသလို ကျွန်တော် လေ့လာတယ်။ သူတို့အိုက်တင်လုပ်တာတွေက ကျွန်တော့်အတွက် မြင်ဆရာပါပဲ။ အဲဒါတွေကို ကျွန်တော်မှတ်ထားတယ်။ သိမ်းထားတယ်။ ပြီးတော့ ငါ့အလှည့်ကျရင် ဘယ်လိုလုပ်လိုက်ရင် ကောင်းမလဲ ဆိုတဲ့ စိတ်မျိုးတွေ ရင်ထဲမှာ အပြည့်ရှိနေခဲ့တယ်။

နောက်ပိုင်း တစ်ခန်းစ၊ နှစ်ခန်းစ ဝင်ရိုက်ခွင့်ရခဲ့တယ်။ လိုအပ်ရင် ဟိုနားက ဖြတ်လျှောက်လိုက်၊ ဒီနားက ပါပေးလိုက်ပေါ့။ ဒီနေရာ ရောက်ဖို့အတွက် အဲဒီက စ,ခဲ့ရတာပေါ့။ အဲဒီလိုနဲ့ ၅ နှစ်၊ ၆ နှစ်လောက် ကြာခဲ့တယ်။ ဦးခင်မောင်ကြီး ကွယ်လွန်သွားတော့ ဆရာ စန္ဒာအောင်သိန်းဆီ ရောက်တယ်။ အဘ စန္ဒာအောင်သိန်းဆီရောက်တော့ မှတ်တမ်းနဲ့ တည်းဖြတ် ကျွန်တော် ကိုင်ရတယ်။ မှတ်တမ်း ရေးတာအပြင် အဘက ကျန်းမာရေးသိပ်မကောင်းတော့ အဘလက်တန်းပြောတဲ့ ဇာတ်ညွှန်းကို ကျွန်တော် လိုက်ရေးရတယ်။ ဆင်း(န)ခွဲတယ်။ ဒီလိုနဲ့ အဘဆီကနေ ပညာသင်ယူခဲ့တာ။ ကားရိုက်ပြီးရင် မြို့ထဲက မွန်းရှိုင်းမှာ ကားသွားဆက်ရတယ်။ နေ့တိုင်းနီးပါးပဲ။ ဒီလိုနဲ့ပဲ အဘက **လျှို့ဝှက်စွာ ခေါ်ဆောင်တတ်သော** ဆိုတဲ့ ဝတ္ထုကို မင်းသားက ကျော်သူ၊ ကြည်လဲ့လဲ့ဦး၊ ကျွန်တော်က ဒုတိယမင်းသားအဖြစ် မစုလှိုင်နှင်းတို့နဲ့ စပြီး ရိုက်ဖြစ်ခဲ့တာပါ။ တကယ်တမ်း ကျွန်တော့်ကို ပထမဦးဆုံး ရိုက်ပေးခဲ့တာက ဒါရိုက်တာ ကျော်ဇောလင်းပါ။ ကျွန်တော် ဒီလောကထဲရောက်တဲ့အချိန်မှာ ကျွန်တော့်ဆရာ ခင်မောင်ကြီး(စစ်ကိုင်း)က ဒီကောင့်ကို ရိုက်ပေးပါလို့ ပြောတဲ့အတွက် ကိုကျော်ဇောလင်းက ကျွန်တော့်ကို **သရဲလေးကောင်နဲ့ ညဏ်နီညဏ်နက်** ဆိုတဲ့ကား စ,ရိုက်ခဲ့တာပါ။

**တကယ်တမ်း အချိုးအကွေ့ဖြစ်ခဲ့တာ ဘယ်ကားနဲ့လဲ။**

ကျွန်တော့် အပြောင်းအလဲကတော့ မှတ်မှတ်ရရ ဒါရိုက်တာ ကိုနိုင်(MVG)က အန့်တီဖြူသီနဲ့ ကိုထူးအိမ်သင် သီဆိုထားတဲ့ *မိုင်ပေါင်းကုဋေမှ လမ်းပြကြယ်သို့* ဆိုတဲ့ စီးရီးကြော်ငြာလေးကို ကျွန်တော့်ရဲ့ ဘဝတစ်ဆစ်ချိုး ကြော်ငြာလို့တောင် ပြောလို့ရဖို့ ကိုနိုင်က ဘုန်းကြီးကျောင်းကို လိုက်လာတယ်။ ကျွန်တော်က ဘုန်းကြီးကျောင်းမှာ နေရတာကိုး။ အဘ စန္ဒာအောင်သိန်းနဲ့ ဘုန်းကြီးကျောင်းမှာ နေခဲ့ရတယ်။ ကိုနိုင်လိုက်လာပြီး အဘဆီက ခွင့်တောင်းတော့ အဘက ကဲ… ရိုက်ပါကွာ သားတဲ့။ ကိုနိုင်နဲ့ အဘကလည်း အရမ်းရင်းနှီးတာကိုး။ အန့်တီဖြူသီတို့နဲ့လည်း ရင်းနှီးတယ်။ အဲဒီလိုနဲ့ ခေါ်ရိုက်ဆိုပြီး ပြောလိုက်တဲ့အချိန်မှာ ကျွန်တော် ကြည်လဲ့လဲ့ဦးနဲ့ မှတ်မှတ်ရရ အဲဒီစီးရီးကြော်ငြာရိုက်ဖြစ်ခဲ့တယ်။

ဂျာနယ်မျက်နှာဖုံးမှာလည်း ပါခွင့်ရတယ်။ အဲဒီမျက်နှာဖုံးကို ကျွန်တော် သိမ်းထားတယ်။ အဲဒီပုံမြင်လိုက်တော့ ကျွန်တော့်ရဲ့ ဘဝတစ်ဆစ်ချိုးအတွက် ကံတရားက ပေးလိုက်တယ်လို့ ထင်ပါတယ်။ အဲဒီမျက်နှာဖုံးကို ကြောင်ကမ္ဘာဗီဒီယိုထုတ်လုပ်ရေးက ဦးခင်ဆိုင် တွေ့သွားပြီး အဘ စန္ဒာအောင်သိန်းကို ခေါ်တယ်။ ဒီကောင့်ကို ကျွန်တော် မင်းသားတင်မယ်၊ ခွင့်ပြုမလားတဲ့။ အဲဒီလိုနဲ့ မင်းသား စ,ဖြစ်ခဲ့တာပါ။

ကျွန်တော် ရိုက်တဲ့ကားတွေ အစကတည်းက ပေါက်

www.burmeseclassic.com

ခဲ့တယ်လို့ ပြောလို့ရတယ်။ **ဒေါင်းယာဉ်ပျံဘုံနံဘေးမှာ စာရေးလို့ ထားချင်တယ်။ နောက်ပြီး ကျွန်တော့်နာမည်သုညု။** ဒီကားကို တော့ ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင်တို့ ရိုက်ခဲ့တာပါ။ **ပျဉ်းမငုတ်တိုရဲ့ လပြည့်ည** စသဖြင့် ကားတွေ အများကြီးပေါက်ခဲ့တဲ့အတွက် ဒီနေရာမှာ လက်ရှိအချိန်အထိ ရပ်တည်နေနိုင်ခွင့်ရတာပါ။

**အဘာ စန္ဒာအောင်သိန်းနဲ့ ဘုန်းကြီးကျောင်းမှာ နေခဲ့ရတဲ့အကြောင်း ပြောပြပါလား။**

အဘာနဲ့ ဘုန်းကြီးကျောင်းမှာ ၄၊ ၅ နှစ်လောက်ရှိမယ်။ အဘာအိမ်က အသင်းတိုက်မှတ်တိုင်မှာ ရှိတယ်။ အဘာမှာလည်း သားသမီးတွေ ရှိတယ်။ အဘာက ရင်ကျပ်ပြီး ကျန်းမာရေးမကောင်းတဲ့အခါကျတော့ သူ့စိတ်ထဲမှာ ခံစားမှုတစ်ခုခုရှိလာရင် အဘာက ဘုန်းကြီးဝတ်လိုက်တယ်။ အဲဒါကြောင့် သူကားရိုက်တဲ့အခါ အဘာရဲ့ ဝေယျာဝစ္စကို ကျွန်တော့်အဖေလို၊ ကျွန်တော့်ဦးလေးလို၊ ဆရာလို၊ နောက်ဆုံး အဘာ မထ, နိုင်တော့တဲ့အထိကို ကျွန်တော် ပြုစုစောင့်ရှောက် ခဲ့တယ်။ အဘာက သူ့အိမ်မှာ မနေဘူး။ အနုပညာအလုပ်လုပ်တဲ့အခါ မလွတ်လပ်တာရော၊ ကျန်းမာရေးကြောင့်ရော ဘုန်းကြီးကျောင်းမှာပဲ နေတယ်။ ကျွန်တော့်အမျိုးသမီးကတော့ ကျောက်တန်းမှာပဲ သားအကြီးနဲ့ နေတယ်။ ကျွန်တော်က ရန်ကုန်မှာ အဘာနဲ့ နေတယ်။ တစ်ပတ်တစ်ခါ အမျိုးသမီးက ကျွန်တော့်ဆီလာတွေ့ပေါ့။ ကျွန်တော် အားတဲ့အချိန်လည်း ကျောက်တန်းကို ပြန်ပေါ့။ ဒီလိုနဲ့ အနုပညာလမ်းကြောင်းကို ခက်ခဲကြမ်းတမ်းစွာ လျှောက်ခဲ့ရတာပါ။

**ကြောင်ကမ္ဘာကနေ ရိုက်ဖြစ်ပြီး နယ်မင်းသား၊ ဖိုက်တင်မင်းသား ဘယ်လိုဖြစ်ခဲ့တာလဲ။ ဖိုက်တင်ချရင်တော့ မုဒ်က အပြည့်ပဲနော်။**

ဟုတ်တယ်ဗျ၊ ကျွန်တော် ပထမရိုက်ခဲ့တဲ့ကားတွေက ဖန်စီတွေ၊ ဒရာမာတွေ များတယ်။ အက်ရှင်ကတော့ နည်းတယ်။ နောက်ပိုင်းကျတော့ ဈေးကွက်ပေါ်မှာမူတည်ပြီး ပရိုဂျူဆာတွေကလည်း ရိုက်စေချင်တဲ့အခါကျတော့ ဖိုက်တင်တွေချလာရတယ်။ တကယ်တမ်းကျတော့ ကျွန်တော် ဖိုက်တင်မထိုးတတ်ပါဘူး။ အိုက်တင်နဲ့၊ မုဒ်နဲ့ အဓိကကျတဲ့အတွက် ကျွန်တော့်ရဲ့ သင်ဆရာ၊ မြင်ဆရာတွေ သင်ပေးထားတာတွေပေါင်းပြီး မုဒ်နဲ့ ဖွင့်လိုက်တော့ ကားတိုင်းကားတိုင်းမှာ အံဝင်ခဲ့တယ်။

**ကိုကျော်ဇောလင်း ရိုက်တဲ့ 'ငါးပါးသီလ' ထဲက အိုက်တင်ကို အခုထက်ထိ မှတ်မိနေတုန်းပဲ။ ဘယ်လိုလုပ်ခဲ့ရတယ်ဆိုတာ ပြန်ပြောပြပါလား။**

အဲဒီဇာတ်ကတော့ ကိုယ်မဟုတ်တာလုပ်ရင် မဟုတ်တာဖြစ်မယ်။ အဲဒီကားမှာ ကျွန်တော့်မိန်းမနေရာက ခိုင်နှင်းဝေ။ ကျွန်တော်က အဝေးပြေးကားမောင်းရင်း သောင်းကျန်းတော့ Aကိုက်တာပေါ့။ သွေးစစ်လိုက်တော့ HIV ရောဂါဖြစ်နေပြီ။ အဲဒီမှာ မိန်းမကိုလည်း မပြောရက်ဘူး။ ကိုယ်တစ်ယောက်တည်း ကျိတ်ခံစားပြီးတော့ ယူကျုံးမရဖြစ်ရတဲ့အခန်းကို သေသေချာချာလေး ကြိုးစားခဲ့ရတာပါ။ ကျွန်တော့်ရဲ့ရှုးသွပ်မှုက ကြီးတယ်။ သိမ်းထားတဲ့ အနုပညာတွေ၊ အပြင်မှာ တွေ့တာတွေကို သင်ယူထားတာတွေနဲ့ပေါင်းပြီး သရုပ်ဆောင်တဲ့အခါ ထုတ်သုံးလိုက်တယ်။

**Aကိုက်နေပြီလို့ သိလိုက်ရချိန်မှာ တုန်လှုပ်ချောက်ချားသွားတဲ့ အမူအရာ တော်တော်ကောင်းတယ်။ ဒါက ဖြည့်ဆည်းထားတဲ့ ဝမ်းစာတွေကြောင့်လား။**

ဆရာတွေကြောင့်လည်း ပါ,ပါတယ်။ ကိုယ့်ရဲ့ စုဆောင်းထားမှုကြောင့်လည်း ပါတယ်။ ကျွန်တော်တို့ရဲ့ လူ့ပတ်ဝန်းကျင်က နေထိုင်သွားလာဖြစ်ပျက်မှုတွေဟာ သင်ယူတတ်ရင် ဝမ်းစာတွေပဲ။ လူတိုင်းမှာ အိုက်တင်ကိုယ်စီ ရှိတယ်။ ဒါတွေကို မှတ်ထားပြီး လိုအပ်တဲ့အခါ ကျွန်တော် ထုတ်သုံးမိတယ်။ တကယ်တမ်း ကြုံလာလို့ ထုတ်သုံးလိုက်တဲ့အခါ ကွက်တိဖြစ်သွားတာပေါ့။

**ကိုစတီးလ်နဲ့ တွေ့တဲ့အချိန် နောက်ထပ် တစ်ဆစ်ချိုးပြောင်းခဲ့ပြီး တောက်လျှောက် ရိုက်ခွင့်ရနေတယ်နော်။**

ဟုတ်ပါတယ်။ ကိုစတီးလ် ဆိုတာ အရင်ကတည်းက အရမ်းကိုရင်းနှီးခဲ့တဲ့ အစ်ကိုတစ်ယောက်ပါပဲ။ ကားကြီးရိုက်ဖို့ ကမ်းလှမ်းတာ ကိုစတီးလ်ပါပဲ။ ကျွန်တော်ရိုက်ရတာ ဗီဒီယိုတွေပဲ များတယ်။ ကျွန်တော်က သဘာဝဇာတ်ရုပ်တွေရိုက်ရတာများတယ်။ မိဘမေတ္တာလိုမျိုးတွေ၊ မောင်နှမဇာတ်တွေ၊ ဟဲဗီးဒရာမာတွေ ရိုက်ရတာများတော့ ကိုစတီးလ်က ဇာတ်ကောင်ကာရိုက်တာ အဓိကကြည့်တဲ့သူဖြစ်နေတော့ သူ့ရဲ့ဇာတ်ရုပ်တွေထဲမှာ ကျွန်တော်နဲ့လိုက်ဖက်တဲ့ ဇာတ်ရုပ်တွေ တော်တော်များများ ပါနေတယ်။ ဒါကြောင့်လည်း သူကမ်းလှမ်းလာတော့ စ,ရိုက်ဖြစ်ခဲ့ရာက တော်တော်များများ ရိုက်ဖြစ်ခဲ့တယ်။ ကိုစတီးလ်နဲ့ စ,ရိုက်ဖြစ်တဲ့ ကားကတော့ **အထီအတွေ့** ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားပါပဲ။ ဒါပေမဲ့ ရုံတော့မတင်ရသေးဘူး။ ရိုက်ထားတာ ၂ နှစ် ကျော်သွားပြီ။

**'အထီအတွေ့' မှာရော ဘယ်လိုသရုပ်ဆောင်ခွင့်ရခဲ့တာလဲ။ ပိုစတာက မုဒ်ကတော့ ပီပြင်တယ်။**

ဒီကားမှာတော့ ကျွန်တော်က ကိုစတီးလ်ရဲ့ လမ်းညွှန်မှုနဲ့ သူ့ရဲ့သင်ပြမှုနဲ့ ကျွန်တော်အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ထားပါတယ်။ ဘယ်တော့လောက် ရုံတင်ခွင့်ရမယ်တော့ မသိဘူး။ အဓိကသရုပ်ဆောင် သုံးယောက်ပါ။ ထွန်းထွန်းရယ်၊ ကျွန်တော်ရယ်၊ အိချောပိုရယ် သုံးယောက်မှာ ဖြစ်သွားတဲ့ဇာတ်ပါ။ အိချောပိုဆိုရင် တော်တော်ကောင်းပါတယ်။ ဒီကားကို ပရိသတ် သဘောကျမယ် ထင်ပါတယ်-လို့ နေမျိုးအောင်က သူ့ရဲ့ အနုပညာခရီးလမ်းကြောင်းကို ပြန်ပြောင်းပြောပြခဲ့ပါတယ်။

■ လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



၁၉၇၆ ခုနှစ်က
People မဂ္ဂဇင်း မျက်နှာဖုံး


၁၉၇၃ ခုနှစ်က လက်ထပ်ခဲ့ကြတဲ့
မိုက်ကယ်လ်ကိန်းနဲ့ ရှာကီရာ


၂၀၁၇ ခုနှစ် အောက်တိုဘာလ
၈ ရက်နေ့က လန်ဒန်တွင် တွေ့မြင်ရပုံ

# မြေးတွေကြောင့် အသက်ရှည်နေတဲ့ မိုက်ကယ်လ်ကိန်း

**ဇာနည်ညီမိုး**


အသက် ၈၅ နှစ်ရှိပြီဖြစ်တဲ့ ရုပ်ရှင်မင်းသားကြီး မိုက်ကယ်လ်ကိန်းဟာ ရုပ်ရှင်ကားပေါင်း ၁၀၀ ကို ရိုက်ကူးခဲ့ပြီး အော်စကာဆု နှစ်ကြိမ်ရခဲ့ဖူးသူ ဖြစ်ပါတယ်။ **The Cider House Rules** ဇာတ်ကားနဲ့ **Hannah and Her Sisters** ဇာတ်ကားများအတွက် ရရှိခဲ့တာ ဖြစ်ပါတယ်။ အခုလည်း သရုပ်ဆောင်နေဆဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒါထက် ပိုပြီးထူးခြားတဲ့အချက်ကတော့ ဟောလိဝုဒ်မှာ မမြဲကြတဲ့ အိမ်ထောင်ရှင်တွေကြားမှာ သက်တမ်း ၄၅ နှစ်ရှိပြီဖြစ်တဲ့ သူ့အိမ်ထောင်ကို တည်မြဲအောင် ထိန်းသိမ်းထားနိုင်ခြင်းပဲ ဖြစ်ပါတယ်။ ဗြိတိသျှနိုင်ငံသား ရုပ်ရှင်မင်းသားကြီးက သူ့ဘဝမှတ်တမ်းစာအုပ်တစ်အုပ် ရေးသားထုတ်ဝေလိုက်ပါတယ်။ စာအုပ်အမည်က **Bloody Doors Off** ဆိုတဲ့ စာအုပ်ပါပဲ။ ဒီစာအုပ်နဲ့ပတ်သက်ပြီး People မဂ္ဂဇင်းကြီးက မင်းသားကြီးကို သွားရောက်တွေ့ဆုံပြီး ဟောလိဝုဒ်မှာ ဒီလောက်သက်တမ်းရှည်ကြာတဲ့ အိမ်ထောင်တည်မြဲအောင် ဘယ်လိုထိန်းသိမ်းခဲ့သလဲဆိုတာကို မေးမြန်းခဲ့ပါတယ်။ မင်းသားကြီးနဲ့အတူ



www.burmeseclassic.com



ကိန်းမိသားစု ကိန်း(ယာဘက်)၊ ရှာကီရာနဲ့ သမီးများဖြစ်တဲ့ နာတာရှာ(ဝဲဘက်)၊ နီကီ(ပဌမအိမ်ထောင်မှမွေးခဲ့သူ)တို့ကို ၂၀၀၀ ပြည့်နှစ်က အင်္ဂလန်နိုင်ငံ ဘုရင်မကြီးက သူကောင်းပြုခံရအပြီး တွေ့မြင်ရပုံ






မြေးများဖြစ်တဲ့ မိုင်းလ်စ်၊ အယ်လ်ဂျီရာ၊ တေလာတို့နဲ့ တွေ့မြင်ရစဉ်

ဇနီးသည်ဖြစ်သူ အသက် ၇၁ နှစ်အရွယ်ရှိ ရှာကီရာတို့ကို မေးမြန်းခဲ့တာပါ။ (မင်းသားကြီးရဲ့ ပထမဇနီးက ပက်ထရစ်ရှာဟိန်းစ်ဖြစ်ပြီး သမီးကြီး နီကိုရဲ့ မိခင် ဖြစ်ပါတယ်။) ဖြေကြားရာမှာ မင်းသားကြီးက "ကျွန်တော့်ဇနီးသည်ကတော့ ကျွန်တော့်ဘဝ သက်တမ်းတစ်လျှောက်မှာ တန်ဖိုးအကြီးဆုံးပါပဲ" လို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။

**ခင်ဗျားတို့နှစ်ယောက် ဘယ်လို စတွေ့ခဲ့ကြတာလဲ။**

ကျွန်တော် သူ့ကို ကြော်ငြာတစ်ခုမှာ တွေ့လိုက်တာဗျ။ ဒါနဲ့ ကြော်ငြာအေဂျင်စီကတစ်ဆင့် သူ့တယ်လီဖုန်းနံပါတ် ရအောင်တောင်းခဲ့တယ်။ ဖုန်းဆက်တော့ သူ ကျွန်တော့်ကို လွတ်အောင် မရှောင်နိုင်တော့ဘူး။ အပြင်မှာ အတွေ့ခံတယ်။ အဲဒီကနေ ကျွန်တော်တို့ နှစ်ယောက်မြင်မြင်ချင်း ချစ်မိသွားကြပြီး အခု နှစ်ပေါင်း ၄၇ နှစ်ကြာတဲ့အထိ ခိုင်မြဲတဲ့ အိမ်ထောင်ကိုထူထောင်ခဲ့ကြတာပဲ။

**အဲဒီလို ခိုင်မြဲအောင် လုပ်ဆောင်တဲ့နည်းလမ်းများ ရှိပါသလား။**

ကျွန်တော်တို့နှစ်ယောက် ဘယ်တော့မှ မခွဲဘူး။ သူဟာ ကျွန်တော်တွေ့ဖူးသမျှ အမျိုးသမီးတွေထဲမှာ အလှဆုံးပါပဲ။ ပြီးတော့ သိမ်မွေ့တယ်။ လူတစ်ဖက်သားအပေါ်မှာ ကြင်နာတတ်တယ်။ ဘယ်မိန်းမနဲ့မှ မတူ၊ ချောလွန်းတဲ့ ဒီမိန်းမက ကျွန်တော့်အတွက် အင်မတန်အရသာရှိတဲ့ အီတာလျံအစားအသောက်တွေလည်း ချက်ကျွေးတတ်တယ်။ ဒီတော့ဗျာ ဘဝမှာ ဒီထက်ကောင်းတာ ဘာရှိတော့မှာလဲ။

**ခင်ဗျား အသက် ၄၀ အရွယ် အတွင်းတုန်းက အရက်တော်တော် သောက်ခဲ့ပေမဲ့ ရှာကီရာက အရက်ပြတ်**



၁၉၇၁ ခုနှစ်က ရှာကီရာ ကိုယ်ဟန်ပြနေစဉ် ၁၉၆၇ ခုနှစ်တွင် မယ်ကမ္ဘာပြိုင်ပွဲ၌ တတိယဆု ရခဲ့သည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

**သွားအောင် ကူညီခဲ့တယ်လို့ ရေးထားတယ်။ အဲဒါ ဘယ်လိုများပါလဲ။**

ကျွန်တော်က အရက်စွဲတာတော့ မဟုတ်ဘူးဗျ။ ဒါပေမဲ့ တော်တော်တော့ သောက်တယ်။ ဒီလိုနှုန်းနဲ့သာသောက်သွားရင် ကျွန်တော်သေနိုင်တယ်ဆိုတာလည်းသိတယ်။ ရှာ့ကီရာက မွတ်စလင်တစ်ဦးပါ။ သူတို့က အရက်မသောက်ဘူး။ ဒါကြောင့် ကျွန်တော့်ကို သူထိန်းပေးပြီး အရက်ပြတ်သွားစေခဲ့တာပါ။

**ခင်ဗျားမှာ မြေးသုံးယောက်ရှိတယ်လို့ သိထားပါတယ်။ အဘိုးဖြစ်ရတာ ဘယ်လိုနေလဲဗျ။**

ဘဝကို ပြန်စရသလိုပါပဲ။ လူတွေက အိုလာပြီဆိုရင် သေဖို့အကြောင်းပဲ စဉ်းစားကြတယ်။ ဒါပေမဲ့ မြေးတွေနဲ့ နေရတဲ့အခါမှာတော့ သေဖို့ မစဉ်းစားအားတော့ဘဲ သူတို့နဲ့ လိုက်ပျော်ရတာပေါ့။ ဒါဟာ တကယ်အောင်မြင်တဲ့နည်းပါပဲ။ ကျွန်တော့်မြေးတွေက ကျွန်တော့်ကို အဖော်လုပ်ပေးကြတယ်။ အဲဒီအတွက်တော့ ကျွန်တော့်ကို ဆုပေးစရာမလိုပါဘူး။

**အော်စကာဆုတွေကို ဘယ်မှာများထားပါသလဲ။**

ကျွန်တော့် အမိနိုင်ငံက အင်္ဂလန်ပါ။ ကျွန်တော့်ဇာတိမြို့က လန်ဒန်ပါ။ ကျွန်တော့်ဆုတွေကို အဲဒီမှာပဲထားတယ်။ ဟိုတလောဆီက အဲဒီမှာမြေးတစ်ယောက်နဲ့ အတူတူရှိနေတုန်း သူက မေးတယ်။ 'အဘိုးဆုတွေ ဘယ်နှခုရဖူးသလဲဆိုတာ မှတ်မိလား' တဲ့။ ကျွန်တော်က မမှတ်မိပါဘူးကွာလို့ ဖြေလိုက်တော့ သူက ပြောတယ်။ 'အားလုံးပေါင်း ၃၈ ခုရှိတယ်။ ကျွန်တော် ရေပြီးပြီ' တဲ့။

**ဒီအသက်၊ ဒီအရွယ်အထိရောက်အောင် ကျန်းမာရေးအတွက် ဘာတွေများလုပ်ပါသလဲ။**

မြေးတွေရလာတဲ့အခါကျတော့ အသက်ရှည်ချင်လာတယ်။ ငယ်ငယ်တုန်းကထက် ပေါင်သုံးဆယ်တော့ ကျသွားတယ်။ ကျွန်တော် နေ့တိုင်း ကောင်းကောင်းစားတယ်။ ဒါပေမဲ့ ဘာစားမိသလဲဆိုတာကိုတော့ ဂရုစိုက်တယ်။ ညစာစားရင်တော့ ခုထက်ထိ အရက်သောက်နေတုန်းပါပဲ။



၁၉၆၈ ခုနှစ်က The Magus ရုပ်ရှင်ဇာတ်ကား ရိုက်ကွင်းပေါ်တွင် တွေ့ရသည့် ကိန်း



၁၉၇၃ ခုနှစ်က ကိန်းနှင့် ရှာကီရာတို့ကို သမီး နာတာရှာနှင့်အတူ တွေ့ရစဉ်



၁၉၇၃ ခုနှစ်က လက်မထပ်မီ ချစ်သူဘဝ

**အခုရောက်နေတဲ့ အသက်အရွယ်နဲ့ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။**

အပျော်ဆုံးအချိန်တွေပါပဲ။ ငွေရေးကြေးရေးအတွက် ငယ်ငယ်တုန်းက ပူပန်ခဲ့ရပေမဲ့ အခု မပူတော့ဘူး။ အမေ ပြောသလို ကိုယ့်ကိုယ်ကို ဂရုစိုက်ရမယ် ဆိုတဲ့အတိုင်း ဂရုစိုက်နေတယ်။ မြေးတွေကလည်း ရှိနေပြီဆိုတော့ ကျွန်တော့် ဘဝမှာ အပျော်ဆုံးအချိန်တွေပါပဲ။

■ **ဇာနည်ညီမိး**

***Ref: December 3, 2018, People.***



www.burmeseclassic.com

www.burmeseclassic.com



YGW မှာ သွားရောက်လှူဒါန်းခဲ့တဲ့

# အောင်ခိုင် နဲ့ ဝါဝါအောင်တို့ရဲ့ မင်္ဂလာနှစ်ပတ်လည်အလှူ

လင်းနိုင်ဦး

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေး မိုင်တိုင် ၈၉ မိုင်၊ ၅ ဖာလုံ၊ အင်းပတ်လည် ကျေးရွာအုပ်စု ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဒေသ၊ ပဲခူးရိုးမခြေရင်းမှာ YGW အဝါရောင် မျိုးဆက်သစ် လူငယ် ပရဟိတအသင်းကို ဖွင့်လှစ်ပေးထားပါတယ်။ ဒီကျောင်းမှာ မိဘမဲ့ကလေး ၆၀၀ ကျော်ကို ပြုစုပျိုးထောင်၊ ကျွေးမွေးထားပြီး ပညာတတ်များဖြစ်အောင် ဘုန်းတော်ကြီးများနဲ့ ဆရာ၊ ဆရာမများက ကြီးကြပ်ညွှန်ကြားလျက် ရှိပါတယ်။ ဒီဇင်ဘာလ





www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၈ ရက်နေ့ မနက်က အကယ်ဒမီဇနီးမောင်နှံနှစ်ဦးဖြစ်တဲ့ အောင်ခိုင်နဲ့ ဝါဝါအောင်တို့ရဲ့ ၁၃ နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ပွဲကို YGW မိဘမဲ့ပညာရေးကျောင်းမှာ သွားရောက်လှူဒါန်းခဲ့ပါတယ်။ ကိုအောင်ခိုင်နဲ့ မဝါဝါအောင်တို့အိမ်မှာ စုရပ်လုပ်ပြီး စာနယ်ဇင်းများနဲ့ မိတ်ဆွေများ လိုက်ပါသွားခဲ့ကြပါတယ်။ မနက် ၆ နာရီ စုရပ်လုပ်ပြီး ၇ နာရီခွဲကျော်ကျော်မှာ စတင်ထွက်ခွာခဲ့ကြပါတယ်။

မင်္ဂလာဒုံအလွန် ခိုင်ခိုင်ကျော်ထမင်းဆိုင်မှာ မနက်စာစားကြပြီးနောက် ကိုလူချောအဖွဲ့များ လိုက်ပါလာတဲ့ ပစ္စည်းတင်ကား၊ ကိုအောင်ခိုင်နဲ့ မဝါဝါအောင်တို့ မိသားစုကား၊ မိတ်ဆွေများ၊ စာနယ်ဇင်းများ လိုက်ပါလာကြတဲ့ကားများနဲ့ YGW မှာ လှူဒါန်းဖို့ ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။ ကျွန်တော်တို့ကို လိုက်ပို့ပေးတဲ့ကားကတော့ ကိုအောင်ခိုင်ရဲ့ညီ မောင်းနှင်တဲ့ကားပါ။ ကိုအောင်ခိုင်နဲ့လည်း တော်တော့်ကိုတူပါတယ်။ ကားတွေ တန်းစီပြီး ထွက်ခွာခဲ့ကြတာ YGW ကို နေ့လယ် ၁၁ နာရီမှ ရောက်ရှိခဲ့ကြပါတယ်။

YGW ရောက်တာနဲ့ သံဃာတော်များကို ဝတ်ပြုပြီး ပထမဦးဆုံး ကလေးငယ်များ ထားရှိတဲ့နေရာကို သွားရောက်ခဲ့ကြပါတယ်။ ရေကန်ဘေးမှာ ရေချိုးပေးနေတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်တော့ ဒီကလေးက အသက်ဘယ်နှနှစ်ရှိပြီလဲ။ ဘယ်အရွယ်ကတည်းက YGW ကို ရောက်လာခဲ့တာလဲ မေးကြည့်တဲ့အခါ ရေချိုးပေးနေတဲ့ ဘော်လန်ဒီယာမိန်းကလေးက နှစ်ရက်သားကတည်းက ဒီကို ရောက်ရှိလာတာလို့ ပြောပြပါတယ်။ နောက်ကလေးတစ်ယောက်ကိုတော့ ခေါင်းရိတ်ပေးနေတာ တွေ့ခဲ့ရပါတယ်။

ကလေးငယ်များ ထားရှိတဲ့ အဆောင်ကို ကိုအောင်ခိုင်နဲ့ မဝါဝါအောင်တို့ရောက်သွားတဲ့ အချိန်မှာတော့ ကလေးငယ်များက မိဘမဲ့ခဲ့သလို နှစ်သိမ့်ပေးမယ့်ရင်ခွင်နဲ့လည်း ဝေးနေကြသူတွေဖြစ်တော့ တွေ့တဲ့သူတွေအပေါ် တက်၊ တွေ့ရာလျှောက်ဆွဲနဲ့၊ တချို့လည်း လေးဖက်တွား၊ တချို့လည်း အိပ်ရာထဲ အိပ်နဲ့၊ တချို့ကျတော့လည်း ငိုနေလို့ နို့ဘူးတိုက်ပေးနေရင်း တန်းလန်းက နောက်တစ်ယောက်ကိုလည်း ချော့မော့နေတာ တွေ့ရပါတယ်။ အဲဒီအဆောင်မှာ နို့မပြတ်သေးတဲ့ ကလေးငယ် ၄၄ ဦး ရှိတယ်လို့ သိရပါတယ်။ အဲဒီအထဲမှာ ၈ ရက်သားပဲရှိသေးတဲ့ ကလေးငယ်တစ်ဦးကိုလည်း ပုခက်ထဲမှာ တွေ့ရပါသေးတယ်။ တချို့ကလေးတွေဆိုရင် ဗိုလ်တထောင်ဆိပ်ကမ်းလိုနေရာမျိုးမှာ မိဘတွေက စွန့်ပစ်ခဲ့တာကို ဘုန်းတော်ကြီးများက သွားရောက်ခေါ်ပြီး ယခုလို ကျွေးမွေးစောင့်ရှောက်ပြုစုထားတာလို့လည်း သိရပါတယ်။

ကိုအောင်ခိုင်နဲ့ မဝါဝါအောင်တို့ရင်ခွင်ထဲမှာ ကလေးသုံးလေးယောက်လောက် ရောက်နေချိန်မှာတော့ ကလေးတွေက အခုမှ သူတို့အဖေနဲ့အမေကို တွေ့ရသလို တွယ်ကပ်ပြီး ငြိမ်ငြိမ်လေးနဲ့ မျက်နှာတွေကို လိုက်ကြည့်နေကြပါတယ်။ YGW မိဘမဲ့ကျောင်းကိုရွေးချယ်ပြီးလှူဖြစ်တာနဲ့ ပတ်သက်လို့ ကိုအောင်ခိုင်တို့ ဇနီးမောင်နှံက "အားလုံးတွေ့ကြတဲ့အတိုင်းပါပဲ။ ကလေးတွေက မိဘမဲ့တွေဆိုတော့ မိဘမေတ္တာကို တအားလိုချင်နေကြတယ်။ မိဘမေတ္တာဆိုတာ သူတို့အတွက်တော့ ဘယ်လိုဟာမျိုးလဲ။ ဘယ်နားနေမှန်းမသိဘူး။ ပြုစုစောင့်ရှောက်ပေးတဲ့ ဘော်လန်ဒီယာကလေးမလေးတွေရဲ့ မေတ္တာနဲ့ပဲ သူတို့နေခဲ့ကြရတာပါ။ ဒီနေရာကို ရွေးတာကလည်း ကလေးတွေသည် ခိုကိုးရာမဲ့ဖြစ်နေတယ်။ သူတို့ကိုမွေးဖွားခဲ့တဲ့ မိဘတွေဆိုတာလည်း ဘယ်သူမှန်းမသိရှာကြဘူး။ အဲဒီတော့ သူတို့မိဘတွေရဲ့ကိုယ်စား ကျွန်တော်တို့ ဇနီးမောင်နှံက ဒီကလေးတွေကို မေတ္တာပေးချင်တယ်။ အဓိက,က အဲဒီရည်ရွယ်ချက်ပါပဲ" လို့ ပြောပြခဲ့ပါတယ်။

မဝါဝါအောင်ကလည်း "ကလေးတွေကို မြင်လိုက်ရတဲ့အချိန်မှာ တကယ်စိတ်ထဲမကောင်းဘူး။ ကလေးတွေ ကိုယ့်ရင်ခွင်ထဲမှာ တွယ်ကပ်နေတာကိုပဲ ကြည့်လိုက်ပါ။ မဝါတို့က သားသမီးမရှိပေမဲ့ ရုပ်ရှင်ဇာတ်ကားတွေရိုက်တဲ့အခါ အမေနေရာက သရုပ်ဆောင်ခဲ့ရပါတယ်။ အဲဒီတော့လည်း အမေတစ်ယောက်စိတ်မွေးထားရတာပေါ့။ အခု ဒီကလေးတွေတွေ့လိုက်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com







အချိန်မှာ တကယ်စိတ်မကောင်းဘူး။ ဒီအချိန်မှာ ကလေးတွေက သူတို့မိဘတွေ စုံစုံညီညီနဲ့ မိဘတွေရင်ခွင်မှာ နေချင်ကြမှာပဲလေ။ ရင်ထဲမှာ တကယ်မကောင်းပါဘူး။ ခံလည်းမခံစားနိုင်ပါဘူး” လို့ မျက်ရည်တွေကျလာရင်း ပြောပြခဲ့ပါတယ်။

“ဒါကြောင့်လည်း မိဘမဲ့ကလေးများအတွက် YGWမှ သံဃာတော်များက အွန်လိုင်းပေါ်မှာ တင်ထားတာက ပဲခူးရိုးမနဲ့လည်း နီးတယ်။ ဆောင်းလည်းဝင်လာပြီဆိုတော့ ကလေးတွေအတွက် စောင်တွေ၊ အနွေးထည်တွေ လိုတယ်ဆိုလို့ ကလေးတွေ အရမ်းအေးနေမှာစိုးတဲ့အတွက် စောင်တွေ၊ အနွေးထည်တွေ လှူမယ်ဆိုပြီး စီစဉ်ခဲ့တာပါ။ ဘေးကနေ ဝိုင်းဝန်းကူညီလှူပေးကြတဲ့ မိတ်ဆွေတွေရဲ့ ကျေးဇူးကြောင့်ပါ။ အဲဒါကြောင့် အနွေးထည် ၁၅ သိန်းဖိုးလောက် ဝယ်လာဖြစ်ခဲ့တယ်။ အသစ်နီးပါးတွေ ပါသလို တချို့ တံဆိပ်မဖြုတ်ရသေးသာတွေလည်း ပါတယ်။

“ဒီအချိန်မှာ တကယ်လိုအပ်နေတဲ့ အနွေးထည်နဲ့ စောင်တွေအပြင် နို့မှုန့်၊ ဘီစကစ်မုန့် လိုတယ်ဆိုတာကြောင့် ဒါတွေကိုလည်း အဓိကထားယူလာပါတယ်။ အနှီးတွေလည်းပါတယ်။ ကလေးတွေရေချိုးဖို့ ဆပ်ပြာ၊ သီးခြားအလှူရှင်တွေလှူဒါန်းလိုက်တဲ့ မုန့်မျိုးစုံတွေရော ပါဝင်ပါတယ်” လို့ မဝါဝါအောင်က ပြောပြခဲ့ပါတယ်။

ပစ္စည်းများ လှူဒါန်းပေးပြီးတဲ့အချိန်မှာတော့ ကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားတဲ့ စာသင်ကျောင်းကို လိုက်လံကြည့်ရှုခဲ့သလို ၁၃ နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်အဖြစ် အကယ်ဒမီ ဇနီးမောင်နှံတို့က သံဃာတော်များကို ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ၁၃ နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ကိတ်ကို ဘုန်းကြီးကျောင်းမှာပဲ ခွဲခဲ့ကြပြီး အလှူအစုစုအတွက် ရေစက်သွန်းချ အမျှဝေပေးခဲ့ကြပါတယ်။

ကလေး ၆၀၀ ကျော်ကို ပြုစုစောင့်ရှောက်ကျွေးမွေးထားရတဲ့အတွက် YGW မှာ လိုအပ်ချက်တွေ များစွာရှိနေပါတယ်။ YGW(Yellow Generation Wave) အဝါရောင်မျိုးဆက်သစ် လှုငယ်ပရဟိတအသင်းရဲ့ ရည်ရွယ်ချက်က “ရခဲလှတဲ့ လူ့ဘဝရဲ့ အချိုးအကွေ့တွေမှာ ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ် စတဲ့ ဘဝဒုက္ခအမျိုးမျိုးကြောင့် သောကတွေ ပင်လယ်ဝေနေရတဲ့ လူသားတွေရဲ့ ကူညီတောင်းခံသံတွေကို နှလုံးသားနဲ့ နားထောင်ပြီး စေတနာလက်တွေနဲ့ တတ်စွမ်းသမျှ ပေးဆပ်နိုင်ရန်” မှန်ကန်သောဆုံးဖြတ်ချက်၊ ခိုင်မာသောသန္နိဋ္ဌာန်ဖြင့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့က စတင်တည်ထောင်ခဲ့တာ ဖြစ်ပြီး အခုဆိုရင် နေရာတော်တော်များများမှာ YGW မိဘမဲ့ကျောင်းတွေကို တည်ထောင်ထားပြီး မိဘမဲ့ကလေးများကို ပြုစုစောင့်ရှောက်ပေးနေပါတယ်။ YGWကို ဆက်သွယ်လှူဒါန်းနိုင်မယ့် ဖုန်းနံပါတ်ကတော့ ၀၉-၇၈၈၇၂၀၈၂၀ ဖြစ်ပြီး ရပ်ဝေးက လှူဒါန်းပေးတဲ့ ပစ္စည်းများကို ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမပေါ် မိုင်တိုင် ၈၉၊ ၅ ဖာလုံ ကျောင်းလမ်း ထိပ်မှာ ချထားပေးရင်လည်း သွားရောက် ယူဆောင်ပေးတယ်လို့ သိရပါတယ်။

အခုလို တကယ်လိုအပ်တဲ့နေရာမှာ သွားရောက်လှူဒါန်းပေးခဲ့တဲ့ ကိုအောင်ခိုင်နဲ့ မဝါဝါအောင်တို့ ဇနီးမောင်နှံ ရာသက်ပန် ရိုးမြေကျ ပျော်ရွှင်စွာပေါင်းဖက်နိုင်ပြီး အနုပညာအလုပ်တွေ ဆတက်ထမ်းပိုးလုပ်ဆောင်နိုင်ကာ ပြည်သူချစ်တဲ့ အနုပညာရှင်များ ဖြစ်ကြပါစေလို့ အမှတ်တရ ဆုတောင်းပေးလိုက်ပါတယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ကလေးထဲကို
ကျွန်တော်
ရောက်သွားချိန်မှာ
ကျွန်တော်ကလွဲပြီး
အခြားပိုင်း တစ်ပိုင်းမျှ
ရှိမနေသော
အချိန်ဖြစ်သည်။
ထုံးစံအတိုင်း
မျက်မှန်းတန်းမိစပြု
နေသည့်
ဆိုင်ဝန်ထမ်းမလေး
တွေဆီမှာ ကော်ဖီစေ့စစ်စစ်
ကြိတ်ကာ လတ်လတ်
ဆတ်ဆတ် ဖျော်ပေးသော
Cappuccino တစ်ခွက်
မှာလိုက်သည်။
ထိုင်နေကျပိုင်းမှာ
ထိုင်ပြီး အပြင်ဘက်ကို
ငေးမော စောင့်ဆိုင်း
နေခဲ့လေသည်။
အစဉ်သဖြင့်
မဟုတ်သော်လည်း
အခါအားလျော်စွာ
ဒီဆိုင်လေးဘက်ရောက်
တိုင်း ကျွန်တော်
ဝင်ထိုင်နေကျဖြစ်သည်။
မြို့လယ်ကောင်ကျပေမဲ့
ဆိုင်ကလေး၏ တည်နေရာ၊
ဆိုင်ကလေး၏
ဖွဲ့စည်းတည်ဆောက်မှုမှာ
ချစ်စရာကောင်းသည်။
လုံးဝ မြန်မာ
မဆန်သော်လည်း
ယဉ်ကျေးမှု ကင်းလွတ်
သော အဆင့်အထိ
မရောက်သလို

အမှတ် ၃၅၀၊ ဇန်နဝါရီ၊ ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဖော်ရွေပျူငှာသော ဆိုင်ဝန်ထမ်းလေးတွေ၏ ချစ်စရာ ဓလေ့ကို မြင်တွေ့နိုင်သည်။

အထူးသဖြင့် ခရီးသွားဧည့်သည်များသာ ထိုင်လေ့ထိုင်ထများသော ဆိုင်ကလေးမှာ စားသုံးသူ မြန်မာလူမျိုးလည်း ခပ်ရှားရှားသာပင်။ ကျွန်တော်က Cappuccino ကိုကော်ဖီလောက်မကြိုက်။ သို့သော် ဤဆိုင်မှ ကော်ဖီအရသာစစ်စစ်နှင့် ဖျော်သော Cappuccino တစ်ခွက်တော့ အမြဲကုန်အောင် သောက်နိုင်သည်။

အကြောင်းအမျိုးမျိုးကြောင့် မြို့ထဲ တစ်ယောက်တည်း ရောက်ဖြစ်သောအခါများတွင် ကျွန်တော် ဒီဆိုင်ကလေးထဲ ဝင်ဖြစ်အောင် ဝင်နေကျဖြစ်သည်။ ဒီနေ့လည်း ကျွန်တော်ဝင်ဖြစ်သည်။ မှာထားသော Cappuccino တစ်ခွက် အသင့်လာချပေးအပြီး ကျွန်တော် အပြင်ဘက်ကိုငေး၊ ကော်ဖီ Cappuccino အရသာလေးခံနေတုန်း ဆိုင်ကလေး၏ မှန်တံခါးတွေ သက်ဝင်လှုပ်ရှားလာခဲ့တာ ဖြစ်သည်။

ဇာတ်လမ်းတစ်ပုဒ် သို့မဟုတ် သင်ခန်းစာတစ်ခုကို ထိုအချိန်မှာ ကံကြမ္မာက ကျွန်တော့်ဆီ သယ်ဆောင်ပေးလာခြင်းဟု ကျွန်တော် ကြိုမသိခဲ့ပေ။ ရယ်စရာနည်းနည်းကောင်းခဲ့သည်မှာ ကျွန်တော်၏ သိစိတ်တစ်ခုက သိသိကြီးနှင့်ပင် ထိန်းချုပ် တားဆီးထားသည့်ကြားမှ စပ်စပ်စုစုနိုင်ခဲ့ခြင်း အဖြစ်သာပင်။ အပြင်ဘက်မှာ ဇွန်လ၏ ကောင်းကင်တစ်ခုလုံး မိုးရိပ်မိုးယောင်တွေ အုံ့ဆိုင်းပြီး ပတ်ဝန်းကျင်ကို လွှမ်းခြုံထားခဲ့လေသည်။

❑

ထိုကောင်မလေး ဆိုင်၏ မှန်တံခါးချပ်တွေကို တွန်းဖွင့်ဝင်ရောက်လာချိန်မှာ ကျွန်တော် ရုတ်တရက် အမှတ်တမဲ့ စတင်၍ သတိထားမိခဲ့ခြင်းဖြစ်သည်။ သူမ ကောင်တာမှာ တစ်စုံတစ်ရာ မှာယူနေချိန်ပြီးနောက် ကျွန်တော့်ဝိုင်းနှင့် မျက်စောင်းထိုးမကျတကျဝိုင်းမှာ ဝင်ရောက်နေရာယူထိုင်နေချိန်များအထိ အမှတ်တမဲ့သာ ရှိခဲ့လေသည်။

သူမသည် ကျွန်တော့်လိုပင် အမှတ်တမဲ့ရှိခဲ့ပုံရပြီး ပတ်ဝန်းကျင်ကို စူးစူးစမ်းစမ်းမရှိ။ Phone တစ်လုံးဖြင့် အလုပ်ရှုပ်နေခဲ့သည်။ မကြာခဏ ဖုန်းခေါ်ဆိုမှုပြုဟန်၊ စိတ်မရှည်သလို ဖုန်းချဟန်၊ ပြန်ထပ်၍ ခေါ်ဆိုဟန်စသည်ကို ကြည့်ရုံဖြင့် တစ်စုံတစ်ယောက်ကို သူမ စောင့်ဆိုင်းနေခဲ့မှန်း ခန့်မှန်းသိရှိနိုင်ပါသည်။ နာရီဝက်မျှ ကြာပြီးသည့်အခါ နောက်ထပ် သက်ဝင်လှုပ်ရှားမှုတစ်ခု စတင်လာခဲ့ပါသည်။

ကျွန်တော် မော့ကြည့်ဖြစ်လိုက်ချိန်မှာ ဆိုင်၏ မှန်တံခါးချပ်များ လှုပ်ရှားသက်ဝင်လာပါသည်။ မရှေးမနှောင်းမှာ အပြင်ဘက်၌ ရန်ကုန်မိုးက ရုတ်တရက်ဝေါခနဲ သွန်ချလိုက်ချိန်ဖြစ်သည်။ ကောင်မလေးနှင့် အသက်အရွယ်ချင်း မတိမ်းမယိမ်းရှိနိုင်သော ကောင်လေးတစ်ယောက် ခပ်သွက်သွက် တိုးဝင်လာခြင်း ဖြစ်ပါသည်။

“Sorry sorry ငါနည်းနည်းလေး နောက်ကျသွားပြီ။ တကယ် Sorry”

ဆိုသည့် ပေါ့ပေါ့ပါးပါးတောင်းပန်သမှု စကားတစ်ခုနှင့် ထိုကောင်လေးက ကောင်မလေးစားပွဲ၌ ဝင်ရောက်ထိုင်လိုက်ချိန်မှာ ကျွန်တော် ထိုအတွဲကို သိသိသာသာ သတိထားလာမိလိုက်ပြီဖြစ်သည်။ ကောင်မလေး၏ နှုတ်ခမ်းတွေ အမှတ်တမဲ့ တွန့်လိပ်ရှုံ့မဲ့ပြလိုက်တာကိုပင် မြင်ဖြစ်အောင် မြင်လိုက်သေး၏။ ကြားကနေ ဘုမသိဘမသိ ခံစားမိသည့် ကြည်နူးမှုလေးတစ်ခုကိုလည်း သတိထားမိကာ အလိုလို ကျိတ်ပြုံးမိလျက်သား ဖြစ်သွားသည်။

“နာရီဝက်ကလေး နောက်ကျတာလေနော်၊ သိပ်မပြောပလောက်ပါဘူး။ ဘာပဲဖြစ်ဖြစ်ပါ။ နောက်ဆို ဒီလိုစောင့်ခွင့်ရဖို့ မဖြစ်နိုင်တော့မယ့် အတူတူ ငါနင့်ကို လုံးဝခွင့်လွှတ်လိုက်တယ်။ အမှတ်တရပေါ့။ နောက်ကျတတ်တာ နင့်အကျင့်ပဲ။ ကဲပါ၊ လုပ်စရာရှိတာလုပ်၊ ပြောစရာရှိတာပြော၊ ရှင်းစရာရှိတာ ရှင်းလင်းပြီး ငါပြန်မယ်။ အချိန်သိပ်မရတော့ဘူးလေ”

ဆိုသည့် ကောင်မလေး၏ စကားကို ခပ်ဆန်းဆန်းကြားရချိန်မှာ ကျွန်တော် တဒင်္ဂ မှင်တက်သွားပေမဲ့ ထိုကောင်လေးမှာ အရယ်အပြုံးမပျက်၊ ကောင်မလေးကို တီးတိုး အစအနောက်မပျက် ရှိနေခဲ့သေးသည်။ စိတ်ဝင်စားစရာကောင်းသော မြင်ကွင်းမျိုး မဟုတ်သော်လည်း ကျွန်တော့်စိတ်၏ စူးစမ်းမှုခေါ်ရာကို ကျွန်တော် ထပ်မံလိုက်ပါမိနေသည်။ သို့သော် အခြေအနေမှာ ကျွန်တော် လုံးဝထင်မှတ်မထားသော အပြောင်းအလဲ ဆန်းဆန်းကို တဖြည်းဖြည်း ထပ်မံဆောင်ကြဉ်းလာခဲ့ပါသည်။

❑

“နင် နားလည်ပြီးသားမို့ ငါ အရှည်ကြီးလည်း ထပ်မရှင်းပြချင်ဘူး သွန်း။ နင်နဲ့ငါ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်။ အချိန်တွေအကြာကြီး နားလည်မှုတွေရှိခဲ့ကြတယ်။ ဒါတွေအားလုံး ငါတို့နှစ်ယောက်စလုံး နားလည်နေကြတယ်။ ဒါက တစ်ကဏ္ဍပေါ့ဟာ”

“ငါသိတယ်လေ။ အဲ့ဒါတွေမပြောလည်း အခုကိစ္စမှာ ဘာရှော့ခ်မှရှိမှာ မဟုတ်ဘူး။ နင် ချိန်းကတည်းက ဒါတွေ အချိန်ကုန်ခံပြောနေဖို့ မလိုဘူးဆိုတာ နင်လည်း သိနေတာပဲ။ ငါ့အတွက်လည်း တကယ်ကို မလိုအပ်ဘူး၊ ရတယ် အသက်”

အပြင်က မိုးသံလုံးဝမကြားရအောင် မှန်တွေ လုံခြုံမှုရှိသော်လည်း လိုအပ်တာထက် အနည်းငယ်ပိုကာ သူတို့အတွဲ ပြောဆိုနေသည့် အသံနှုန်း ခပ်မြင့်မြင့်ကို ကျွန်တော် အားစိုက်နားထောင်ရန် မလိုပြန်။ ကြိုတင် ချိန်းဆိုမှုတစ်ခုနောက်က နားလည်မှုရှိနှင့်ပြီး တွေ့ဆုံဆွေးနွေးမှု



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုဆိုတာ သိသာထင်ရှားလာခဲ့သည်။ ကောင်လေးသည် ကောင်မလေး ဘာပြောပြော အပြုံးကလေးတစ်ချက်မပျက် လိုက်ပါတဲ့ပြန်မှုလေးတွေ ပြုဆဲပင်။

"ငါမှာလိုက်တာတွေရော အကုန်ပါရဲ့လား သွန်း"

"ပါတာပေါ့။ တစ်ခုမှကျန်မနေစေရဘူး။ ဘာဖြစ်လို့လဲဆိုတော့ နင့်ကို လိပ်ပြာသန့်စေချင်လို့။ ငါမဟုတ်တဲ့ အခြားတစ်ယောက်နဲ့ နင့်ဘဝရဲ့ အနာဂတ်ကို ငါ့ကြောင့်ဆိုတဲ့ ပယောဂမြူမှုန်တစ်စက်တောင် အနှောင့်အယှက်ပါမသွားစေချင်လို့"

"ကျေးဇူးတင်တယ်။ ငါတို့ အခု တကယ်လမ်းခွဲကြမှာနော် သွန်း။ စိတ်ထဲမှာတော့ တစ်မျိုးကြီး ခံစားရပါတယ်ဟာ။ ဒါပေမဲ့"

"ဒါပေမဲ့ နင်လည်း ငါ့ကို မရွေးချယ်နိုင်ဘူး။ ပြီးတော့ နင့်မိသားစုကလည်း ငါ့ကို လက်မခံနိုင်ဘူး။ ငါတို့ချင်းက သူငယ်ချင်း ငယ်သံယောဇဉ် ဘာညာ ဒါတွေ နင်ပြောချင်နေလား။ No လုံးဝ လုံးဝကို မလိုအပ်ပါဘူး အသက်ရာ"

ကျွန်တော် အံ့သြရပါသည်။ ဒါလမ်းခွဲဖို့ တွေ့ဆုံဆွေးနွေးနေကြသော ချစ်သူတွေတဲ့လား။ မေးခွန်းက ကျွန်တော့်ကိုပြန်ပြီး ခေါင်းရှုပ်သွားစေသည်။

ကြည့်လေ။ ထိခိုက်ကြေကွဲမှု ပြယုဂ်တစ်စုံတစ်ရာမပါ၊ တစ်ယောက်နှင့်တစ်ယောက် သူသာ ငါနာငြင်းခုံစကားလုံးတွေ လုံးဝမပါ။ တည်ငြိမ်လိုက်ကြသည်မှာ တော်တော် ယုံကြည်ရခက်လှသည်သာ။ ကျွန်တော် စိတ်မကောင်းဖြစ်မိပေမဲ့ စိတ်ဝင်စားဖွယ်ရာမို့ တိတ်တဆိတ် စောင့်သာ ကြည့်နေမိပါသည်။

"အေး ဟုတ်တယ်။ သူက ငါ့မိသားစုက ရွေးချယ်တဲ့သူ။ ဒါပေမဲ့ ငါ့ဘဝအတွက်လည်း ငါ့ဘက်က သူ့ကို ကြည်ဖြူနိုင်အောင် ကြိုးစားပေးရလိမ့်မယ်။ ဘာလို့လဲဆိုတော့ တစ်ချိန်မှာ ငါနဲ့ အနီးဆုံး အတူရှိနေရမယ့်သူလေ"

"နင့် ရွေးချယ်မှုလေး ပါဝင်နေပြီပဲ။ အချိန်အကြာကြီး နင်သိပ်ကြိုးစားလက်ခံရလိမ့်မယ်လို့ ငါမထင်ပါဘူး။ နင့်စိတ်နင့်အကြောင်းကို ငါကောင်းကောင်းသိပြီးသားလေ အသက်ရဲ့"

"ဟဲ့ သွန်း၊ ငါ့မင်္ဂလာဆောင်တော့ နင်မလာနဲ့နော်။ ငါ နင့်မျက်နှာကြည့်ပြီး လူပုံအလယ် ဧည့်မခံရဲဘူး။ နင့်ကို အားမနာပါဘူး၊ ငါတို့အကြောင်းသိနေတဲ့သူတွေရှေ့မှာ ငါ နင့်အပေါ် မတရားရာကျတယ် အမြင်မခံနိုင်ဘူး"

"ဟား ဟား ဟား၊ အေးပါ အသက်ရာ။ ငါ မြင်ယောင်ပါသေးတယ်။ နင့်လူက မောင့်ကျက်သရေခေါင်းပေါင်းကြီးနဲ့၊ နင်က မရှိတဲ့ ဆံထုံးအတုကြီးနဲ့"

"အိုး ဒါကတော့ သူတို့မိသားစုက သိပ်ရှေးဆန်တာလေ။ ငါ့သဘောအတိုင်းဆို ဒီလိုဆောင်မလား။ ဘာပဲဖြစ်ဖြစ်ပေါ့သွန်းရယ်။ ရောမရောက်ရင် ရောမလို ကျင့်ကြံနေထိုင်တတ်ရမှာပေါ့"

"နင် သူဌေးကတော်ဖြစ်သွားဖို့ အဓိကမဟုတ်ဘူးလား အသက်။ ငါက စကားအဖြစ် စ,တာပါ"

"တော်ပြီဟာ တော်ပြီ။ ထပ်မပြောနဲ့တော့ အဲ့ဒီအကြောင်းတွေ။ ကဲ ငါမှာလိုက်တာတွေ ပေးတော့"

"ကောင်းပါပြီ၊ ကောင်းပါပြီ"

ကောင်မလေးသည် ပြောဆိုနေကြရင်းမှ စိတ်ကူးပြောင်းလဲသွားပုံရသည်။ စိတ်မရှည်တော့သလို စကားလမ်းကြောင်းလွှဲပြီး ကောင်လေးဆီမှ တစ်စုံတစ်ရာကို ခပ်သွက်သွက် တောင်းယူလေသည်။ ကောင်လေးက ခပ်ပြုံးပြုံး၊ အမူအရာမပျက် သူပါလာသော အိတ်ထဲမှ ပစ္စည်းအချို့တစ်ဝက် ခပ်သွက်သွက် နှိုက်လေသည်။

ဖိုင်ချပ်ကလေးများ၊ လှလှပပ ထုပ်ပိုးထားသော ချစ်စရာလက်ဆောင်ပါဘူးငယ်လေးများ ဖြစ်ပုံရပြီး အခြားတိုလီမုတ်စ ပစ္စည်းပစ္စယကလေးတွေ အပါအဝင် ထုတ်ယူ၍ စုံလင်သွားချိန်မှ ကျွန်တော် တစ်စုံတစ်ရာ ခန့်မှန်း၍ရလာသည်။ ရင်ထဲမှာမြင်ကွင်းကို ခပ်နင့်နင့်လေး ခံစားလာရသည်။ Cappuccino ခွက်ကလေး ခပ်နွေးနွေးသာ ကျန်ရစ်ပါတော့သည်။

❑

"ဒီဘူးလေးကို နင်မှတ်မိလားအသက်။ ငါတို့နှစ်ယောက် ကျိုက်ထီးရိုးတောင်တက်ကြတုန်းကလေ နင်လိုချင်မှန်းသိလို့ အပြန်မှာ နင်မသိအောင် ငါခိုးဝယ်လာပြီး နင့်ကိုပေးခဲ့တာ။ ဒါနဲ့ နင်က ငါ့ကို ချစ်သူဖြစ်တာလေးလ အမှတ်တရဆိုပြီး ဒီဘူးလေးထဲမှာ နင့်ရဲ့ကြယ်ရင်ထိုးလေး ပြန်ထည့်ပြီးပေးခဲ့တာ။ အပြန်အလှန်ဆိုပြီး အဲ့ဒီလို နင်သိမ်း ငါသိမ်း အမှတ်တရပစ္စည်းလေးတွေ အများကြီးထဲမှာ ငါ ဒီဘူးလေးကို သိပ်အမှတ်ထားမြတ်နိုးတာ။ ဒါပေမဲ့ နင် ပြန်ပေးထားတဲ့ အလှည့်ဆိုတော့ ဒီပစ္စည်းက အခု နင် ပြန်ပိုင်သွားပြီလေ"

"နေဦး သွန်း။ နင် သင်တန်းတက်မယ်ဆိုတုန်းက ငါ လှည်းတန်းမှာ ဝယ်ပေးဖူးတဲ့ ရွှေရောင်ဘောပင်လေး မတွေ့ပါလား။ မင်သုံးလို့ကုန်ရင်တောင် အခွံပြန်ပေး၊ မချန်ထားခဲ့နဲ့နော်"

"ပါပါတယ်ဟာ။ တစ်ခုမှ ချန်မထားဘူးနော်။ အကုန်ပြန်ပေးမှာ စိတ်ချ။ ဒါက နင်ပေးတဲ့ မွေးနေ့လက်ဆောင် ပို့စကတ်တွေ။ ဒါက နင်နေမကောင်းလို့ ဆေးခန်းပြရတုန်းကလေ မှတ်မိလား။ ဆရာဝန်ပေးတဲ့ ဆေးထဲမှာ အခါးဆုံး တစ်လုံးထုတ်ပြီး အမှတ်တရ မသောက်ဘဲ ငါ့ကိုပေးခဲ့တာလေ။ တွေ့လား၊ လုံးဝ မကျန်စေရဘူး"

"သြ၊ စက္ကူငှက်လေ စက္ကူငှက်အကောင် ငါးရာ ငါခေါက်ထားတဲ့ဘူး"

"ဒီမှာ ပါပါ့ဗျာ။ ဘူးက



www.burmeseclassic.com

www.burmeseclassic.com

အိတ်ထဲကျန်နေတာ။ ဟော့ဟော့ အသက်။ ငါက အကုန်စုံတယ်နော်။ နင်ကရော"

"လာမယ်လေ၊ မလောနဲ့။ အသက်တို့က ရော့ ပတ္တမြား၊ ရော့နဂါး သိတယ်မလား"

"ဟား ဟား ဟား၊ ပြပါဦး ပြပါဦး သူဌေးကတော်မကြီးရဲ့"

စားပွဲပေါ်မှာ ပစ္စည်းလေးတွေ ရှုပ်ပွလို့ လောကကြီးကို သူတို့မေ့နေကြသလို သာပင်။ သက်မမောကိုချဖို့တောင် ကျွန်တော်လည်း မေ့လျော့ချင်ချင်။ တကယ့်ကို ထူးဆန်းလှသည့် ဖြစ်အင်ဟု ကျွန်တော် တွေးနေမိသည်။

တစ်ခါမှ မတွေ့ဖူးသည့် လမ်းခွဲခြင်း အသစ်ကလေးပေါ့။ သူတို့ ဘာကြောင့် မကြေကွဲကြသလဲ၊ သူတို့ ဘာကြောင့် မတုန်လှုပ်ကြသလဲ ကျွန်တော် သိပ်သိချင်နေမိသည်။

တစ်ယောက်ကို တစ်ယောက် မချစ်ခဲ့ကြလို့လား။ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပါပေ။ သူတို့နှစ်ယောက်ရှေ့ စားပွဲပေါ်က ချစ်သူသက်တမ်းတစ်လျှောက် အမှတ်တရပစ္စည်းကလေးတွေကို ထောက်ရှုကြည့်လျှင်ပင် မြင်နိုင်စရာ အစုံအလင်။

ချစ်ခဲ့ကြပါလိမ့်မည်။ သံယောဇဉ်ကို ကျွန်တော် မြင်ရသည်။ စိတ်မှာ သူတို့နှင့်မတူ တစ်မူထူးပြီး လိုက်ပါ ခံစားနေရမှု အပူအပင် ကျွန်တော့်ကိုကျွန်တော် မြင်နေရသည်။

"ဒီမှာ နင်ဝယ်ပေးတဲ့ နာရီလေး။ ငါသိပ်ကြိုက်တယ်။ နင်ဝယ်ပေးခဲ့ဖူးလို့လည်း မြတ်နိုးဖူးတယ်။ ဒါပေမဲ့ နင်ပြန်ယူတော့။ ဒါက နင်နဲ့ငါ မိုးတွေ အရမ်းမိတဲ့နေ့က နင်ဝယ်ပေးတဲ့ ဦးထုပ်လေး။ နွမ်းနေပြီဟ။ ငါ အမှတ်တရ သိမ်းထားတာ ပြန်ယူပါ။ ဒါတွေက နင်ပစ္စည်းမြင်တာနဲ့ သိတယ်။ အကုန်ပဲ၊ ကုန်ပြီ။ ငါ့မှာလည်း နင်နဲ့ပတ်သက်တာ ဘာမှမရှိတော့ဘူး။ ဒါဆို ငါလည်း စိတ်ရှင်းပြီ"

"အသက် နင် လက်ထပ်ရတော့မယ်ဆိုတော့ ရင်တွေမခုန်ဘူးလားဟင်"

"နင့်အလှည့်ကျတော့ နင်သိမှာပေါ့။ ငါ့ကိုမေးလည်း ဒီအချိန်မှာ ငါဘာမှ အမှန်မဖြေချင်ဘူး"

"ကပ်စေးနှဲမရယ်။ ဒါလေးဖြေတာများ တွန့်တိုနေတယ်။ မဖြေချင်နေ၊ ကဲကဲပေး ငါ့ပစ္စည်းတွေ။ စုံပြီလား။ နင်လည်း ဘာမှမချန်နဲ့"

"အဲဒီမှာ အကုန်ပဲလေ။ စစ်ကြည့်ပေါ့ နင့်ဘာသာ။ ကဲ နင်နဲ့ငါ ပြီးပြီနော်။ ပြန်မယ် ဆိုမှကွာ မိုးကလည်း။ သွန်း နင်ဘာနဲ့ပြန်မှာလဲ"

"အချောင် Taxi လိုက်စီးစီးဖို့ မစဉ်းစားနဲ့။ ငါ ဘတ်စ်နဲ့ ပြန်မှာ။ နင့်လူကြီး လာမကြို ဘူးလား"

"အမယ်လေး၊ ခိုးထွက်လာတာ ဟော့ အိမ်ကမသိအောင်။ ရှင်းပြီလား။ လာကြိုဖို့ နေနေသာသာ"

"ငါဒိုးပြီ။ Good Luck အသက်၊ ငါ နင့်ကို လုံးဝမမေ့ဘူး။ ချစ်ခဲ့တာတွေ မေ့လိုက်မယ်၊ OK"

ကောင်လေး သုတ်ခနဲနှုတ်ဆက်ထ၊ ထွက်သွားချိန်မှာ ကောင်မလေးသည် ဘာမှမဖြစ်သလို စောစောက သူမအပြန်ကားကိစ္စအတွက် ပါးစပ်ပွစိပွစိလှုပ်စမြဲ ကျန်ရစ်ခဲ့သည်။ ကောင်လေးကို နှုတ်ပင်မဆက်။ ကောင်လေးလည်း တစ်ချက်ကလေးမျှ နောက်ပြန် လှည့်ကြည့်မသွားခဲ့ပါပေ။

❑

ဆိုင်ကလေးထဲကနေ ကောင်မလေး ပေါ့ပေါ့ပါးပါး ပြန်လည် ထွက်ခွာသွားချိန်မှာ ပတ်ဝန်းကျင်လေး အတိုပြန်လည် အေးစက်သွားခဲ့သည်။ ဆိုင်ကလေးထဲမှာ ကျွန်တော် ကျန်ရစ်နေခဲ့ပါသေးသည်။ ကျွန်တော် Cappuccino ခွက်ကလေးကို ငုံ့ကြည့်မိသည်။

အေးစက်၍ ခါးသက်နေသော အရသာတစ်ဝက်စာတိတိကို ကျွန်တော်မျိုချဖို့ တွေဝေနေခဲ့သည်။ သို့သော် ကျွန်တော် ထိုအရသာကို မျိုချရပါမည်။ ကျွန်တော့်ရင်ထဲမှာ နွေးနေသည်။

"*နာကျင်စေတဲ့ ××× ဒဏ်ရာတွေနဲ့ မတူမတန်ဘဲ မင်းလေးကိုပေးတာ တရားပါသလား××× မြင်ယောင်မိလို့ ဝမ်းနည်းရ××× နင်မရှိဘဲ ဘယ်လိုနေရမလဲ ငါ ဒီနေ့အထိ တွေးနေတုန်းပဲ××× ကြောက်လန့်ကာ ဒီတစ်နေ့တာကုန်ဆုံးခဲ့ပြီ အခုဆို အချိန်တွေ ကြာမြင့်သွားခဲ့ပြီ××× ကိုယ်တို့နှစ်ဦး အရမ်းချစ်ခဲ့ကြ သံယောဇဉ်ဆိုတာ ဖြတ်ဖို့ခက်တာ××× မင်းလည်းသိတယ် ငါလည်းသိတယ် တကယ်ပါ××× နာကျင်မှုတွေ××× မင်းနဲ့ငါ့ကြားမှာ မထားဘဲ ကြင်နာနေကြမယ်××× ဘဝမှာ ပျော်ရွှင်စရာများနဲ့××× နှစ်ယောက်အတူရှင်သန်နေထိုင်မယ်××× မင်းနဲ့ကိုယ်နဲ့ နှစ်ယောက်ကြားမှာ အဆင်မပြေတာတွေ မေ့ထားလိုက်×××ကိုယ်တကယ်တောင်းပန်တယ် ခွင့်လွှတ်ပါကွယ်×××အလွမ်းများနဲ့ မထားခဲ့နဲ့×××*"

မှန်တံခါးတွေ တွန်းဖွင့်ပြီး အပြင်ဘက်ကို လှမ်းမျှော်အကြည့် တိုးဝင်လိုက်မိသည့် သံစဉ်တစ်ခု။ အဝေးကနေ ပျံ့လွင့်လာပုံရသည်။ ဆင်ခြင်မိလိုက်သည် မျက်ဝါးထင်ထင် သင်ခန်းစာသစ်ကလေးတစ်ခု ငြိမ်သက်စပြုချိန် အရောင်မှိန်ဖျော့လုသော အတိတ်သည်ရင်ဘတ်၏ တစ်နေရာဆီ ပြေးဝင်လာသည်။

စောစောက ကောင်မလေးနှင့် ကောင်လေးကို မြင်သည်။ ကျွန်တော့်ကိုယ်ကျွန်တော် မြင်သည်။ အတိတ်အချို့တွင် ယခုကဲ့သို့ လမ်းခွဲခြင်းခေါင်းစဉ်အောက်မှ လူသားနှစ်ယောက်ကို နာနာကျင်ကျင် ဆန့်ကျင်ဘက်ဆန်စွာ မြင်သည်။

ကျွန်တော့်ရင်စစ်ခနဲ နာချင်ချင် ဖြစ်သွားသည်။ ပြီးဆုံးခဲ့ပြီးသော အတိတ်တစ်ခုသာပင်။ ခြေလှမ်းတွေပြင်ပြီး ပစ္စုပ္ပန်ထဲ တိုးဝင်လိုက်တော့ အပြင်ဘက်မှာ မိုးအားလျော့ပါးလုနေပြီဖြစ်သည်။ ■

**တေဇလင်း**

(နည်းပညာတက္ကသိုလ်၊



www.burmeseclassic.com

www.burmeseclassic.com



# ပန်ဆင်ရာ ကောသာတင့်စေဖို့

မောင်လွန်းကြင်

၁။

ကျွန်တော်နှင့် ကျွန်တော့်ဦးလေးတို့မှာ သိမ်ကြီးဈေးဘက်သို့ ရောက်တိုင်း လိုလိုပင် ဒီရုံရှိ 'ရွှေကြက်'ပဲလှော်ဆိုင်သို့ ဝင်တတ်ကြသည်။ ဝယ်စရာခြမ်းစရာ ရှိလျှင်လည်း ထိုဆိုင်မှတစ်ဆင့် သွားရောက် ဝယ်ယူပြီးမှ အိမ်သို့ ပြန်တတ်ကြသည်။ ရွှေကြက် ပဲလှော်ဆိုင်ပိုင်ရှင် ဦးတင်ဦးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၅၀၊ ဇန်နဝါရီ၊ ၂၀၁၉

ရုပ်စုံမဂ္ဂဇင်း

## ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

စာရေးဆရာ မောင်လွန်းကြင် ရေးသားပြီး
၁၉၈၃ ခုနှစ်၊ ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင်
ဖော်ပြပါရှိခဲ့သည့် "ပန်ဆင်ရာ ကောသာတင့်စေဖို့"
ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ကျင်မွှေးတို့မှာ ကျွန်တော်တို့နှင့် ဆွေမျိုးသားချင်းလို ချစ်ခင်ရင်းနှီးကြသည်။ ဦးတင်ဦးနှင့် ကျွန်တော့်ဦးလေးမှာ ခမ္မမိတ်ဆွေများလည်း ဖြစ်ကြသည်။

ဦးလေးမှာ အဝယ်အခြမ်း လောဘကြီးသူဖြစ်ရာ တစ်ခါ တစ်ရံ ပါလာသည့်ငွေ ကုန်သွားသော်လည်း နောက်ထပ် ဝယ်စရာ ကျန်သေးလျှင် ဒေါ်ကျင်မွှေးတို့ထံမှ လိုသလောက် ငွေကို ခေတ္တယူရပြီး နောက်တစ်ကြိမ် ကျွန်တော်တို့ သိမ်ကြီးဈေးသို့ ပြန်ရောက်မှ ပေးရသည်။

ရွှေကြက် ပဲလှော်ဆိုင်သို့ ကျွန်တော်တို့ ရောက်တိုင်း ရောက်တိုင်း ဒေါ်ကျင်မွှေးက ကျွန်တော်တို့အတွက် မုန့်ဟင်းခါးနှစ်ပွဲ၊ ဟင်းရည်သတ်သတ်တစ်ပွဲကို သူတို့ဆိုင်မှ ကောင်ကလေးတစ်ယောက်ယောက်အား မနီးမဝေးရှိ ဒေါ်စန်းရီ မုန့်ဟင်းခါးဆိုင်မှ သွားရောက်ဝယ်ခိုင်းကာ ကျွန်တော်တို့ကို ကျွေးလေ့ရှိသည်။ အိမ်အပြန်တွင်လည်း အမြဲလိုလို ပဲလှော်များ ထည့်ပေးတတ်သေးသည်။

ရွှေကြက် ပဲလှော်ဆိုင်မှာ ရွှေတိဂုံဘုရားလမ်းကို မျက်နှာမူလျက် ပြည်သူ့ကုန်တိုက်ကြီး၏ ဓာတ်လှေကားနှင့် မျက်နှာချင်းဆိုင် တည့်တည့်လောက်မှာ ရှိသော ဒီရုံ၊ ဈေးချို ၂ မှ ဆိုင်ခန်းငယ်တစ်ခန်းဖြစ်သည်။

ငါးပေပတ်လည်နီးပါးမျှသာ အကျယ်အဝန်းရှိသည့် ဆိုင်ခန်းလေးတွင် ပဲလှော်ထည့်သည့် မှန်သေတ္တာ၊ မှန်ပုံးကြီးများ ပတ်လည် ဝိုင်းရံလျက် လူနေရန် နေရာကွက်ကွက်ကလေး လောက်ပဲ ကျန်သည်။ သူတို့ဆိုင်တွင် ပဲကြီးလှော်၊ ကြက်သွန်ဖြူ မြေပဲဆားလှော်၊ ဆားမပါသည့် ရိုးရိုးမြေပဲလှော်၊ ပဲလုံး

cl&w nhb naM m hsn,E®ym,w pfyw ef
t aygm,o Zi fyeft w ku kdSyek m,&yg dhb , fv kd
t aM m ft csu f sn,&Seyg dho Zi fyeft ppESb m
q kd Qfo r\ t v S su b a&r Syk dyi fay.v Gk i &Sn
aeODn f q ejzLjzLx r i fyefu ew Gpyg kw pfaph
pG b v kdu Rfaw nfr o u f o mr au s eyfcphm,&o n f

ကြော်များ ရောင်းသည်။ ပဲလှော်ထည့်ပေးသည့် စက္ကူအိတ်တွင် "ဧည့်ဝတ်ကျေတဲ့ သိမ်ကြီးဈေး ရွှေကြက်" ဟု ကြော်ငြာထားသလို ရွှေကြက်၏ ပဲကြီးလှော်နှင့် ကြက်သွန်ဖြူ မြေပဲဆားလှော်မှာ အမှန်ပင် ဧည့်ဝတ်ကျေဟန် တူပါသည်။ ထိုပဲလှော် နှစ်မျိုးမှာ နာမည်ကျော်ကြားသည်နှင့်အညီ အရောင်းရဆုံး ဖြစ်သည်။ လဆန်းစရက်များ၊ စနေနေ့များနှင့် အများပြည်သူ ရုံးပိတ်ရက်၊ ဘာသာရေးဆိုင်ရာ နေ့ကြီးရက်ကြီး ရုံးပိတ်ရက်၏ အကြိုနေ့ရက်များတွင် ပို၍ ရောင်းကောင်းသည်။ ပြည်သူ့ကုန်တိုက်ကြီး ဖွင့်လှစ်ပြီးနောက်ပိုင်းမှာမူ ဘယ်နေ့ ဘယ်ရက် ရယ်လို့ မဟုတ်တော့ဘဲ နေ့စဉ်နေ့တိုင်း အရောင်းရ တွင်ကျယ်နေတော့သည်။

ဆိုင်မှာ ဒေါ်ကျင်မွှေးနှင့် တူမကလေးသုံးယောက်၊ အကူ အညီခေါ်ထားသည့် ကောင်ကလေးနှစ်ယောက်တို့မှာ တစ်နေ့ လုံးလိုလို အနားမရအောင် ရောင်းကြရသည်။ ဦးတင်ဦး ကတော့ သူ၏ ခမ္မကိစ္စအဝဝနှင့်သာ အလုပ်ရှုပ်လျက် ရှိတတ်ရာ သူ့ကို ဆိုင်မှာ တွေ့ရခဲသည်။

❑

၂။

ဒီဇင်ဘာလဆန်းစ၊ တစ်နေ့ နံနက် ၁၀ နာရီအချိန် လောက်မှာ ကျွန်တော်နှင့် ဦးလေးတို့ ရွှေကြက် ပဲလှော်ဆိုင်သို့ ရောက်သွားကြသည်။ ထုံးစံအတိုင်း ဒေါ်ကျင်မွှေး မှာကျွေးသော မုန့်ဟင်းခါးကို ပဲလှော်ထည့်သည့် ထင်းရှူးသေတ္တာများပေါ်မှာ ကျဉ်းကျဉ်းကျပ်ကျပ် ထိုင်စားကြရင်း ဈေးလာ ဝယ်သူများကို ကျွန်တော်တို့ တစေ့တစောင်း ကြည့်နေမိသည်။

ဆိုင်မှာ လူကျချိန်ဖြစ်သောကြောင့် ဝယ်သူအများမှာ ဆိုင်၏ မျက်နှာစာ ပတ်ပတ်လည်တွင် ဝိုင်းအုံနေကြသည်။ ဝယ်သူအများ၏နောက် ခပ်ကျကျမှာ လက်ဆွဲအိတ်လှလှ တစ်ခုကို ဆွဲကိုင်လျက် ရပ်စောင့်နေသည့် မိန်းကလေးတစ်ဦး ကို ကျွန်တော် သတိထားကြည့်နေမိသည်။

လူအများကြားထဲတွင် သူမ၏ ရုပ်ရည်မှာ ကွက်၍ ထင်ရှားပေါ်လွင်နေတော့သည်။ အမူအရာ၊ အဆင်အပြင်၊ အဝတ်အစား၊ ပုံပန်းသဏ္ဌာန်ကို မြင်လိုက်ရုံမျှနှင့် ပညာတတ် အထက်တန်းစားထဲကမှန်း သိသာလောက်သူကလေးပင်။ အထူးခြားဆုံးကတော့ ကြည်စင်လန်းဆန်းမှုနှင့် တည်ငြိမ်အေး မြခြင်းကို ပေါင်းစပ်ထားသည့် သူမ၏ မျက်နှာလှကလေးပဲ ဖြစ်သည်။ သည်လိုမျက်နှာမျိုးမှာ မျိုးရိုးသန့်ခြင်းနှင့် ကျန်းမာရေးကောင်းခြင်းကို ဖော်ပြသည့် အမှတ်လက္ခဏာပဲ မဟုတ်ပါလား။ သူမ၏ ဖြူဝင်းနုညက်သည့် အသားအရေ၊ ရှည်သွယ်နွဲ့လျသည့် ကိုယ်ဟန်အနေအထားနှင့် လိုက်ဖက်သော သနပ်ခါးရောင် ပိုးပျော့လက်စက အင်္ကျီနှင့် အပွင့်သေးသေးစိပ်စိပ် အစိမ်းရင့်သွေးကဲသည့် အကောင်းစား အင်ဒိုနီးရှားပါတိတ် လုံချည်ကို ဝတ်ထားသည်။

အသက်လေးဆယ်အရွယ်တွေပင် ဆံပင်ကို တိုနိုင်သမျှ တိုတိုဖြတ်ကာ ကျောတစ်ပြင်လုံး ဖြန့်ချထားတတ်သည့် ယနေ့ ခေတ် မြန်မာအမျိုးသမီးတို့၏ ဆံပင်ပုံစံ အဆင်အပြင်ထဲတွင် အသက်အစိတ်ထက် ဘယ်နည်းနှင့်မျှ မကျော်လွန်နိုင်သေးသော သူမက ဆံပင်ကို သေသေသပ်သပ် နောက်တွဲ ထုံးဖွဲ့ထားသည်မှာ ကျွန်တော့်အဖို့ ဆန်းသစ်နေတော့သည်။ ဤ ထုံးဖွဲ့မှုကြောင့်ပင် မိန်းကလေး၏ ချောမောလှပခြင်းကို ခံ့ညား



www.burmeseclassic.com

www.burmeseclassic.com

ကျက်သရေရှိခြင်းက ဘောင်ကွပ်ပေးထားသလို ကျွန်တော် ခံစားရသည်။ ရင့်ကျက်တည်ငြိမ် ဣန္ဒြေရှိလှသော မြန်မာမှု၊ မြန်မာ့ဟန်ကို ယဉ်ကျေးစွာ ဖော်ကျူးလှစ်ပြနေဟန် ကျွန်တော် ချဲ့ထွင်ချီးကျူးမိသေးသည်။

သူမ၏ နောက်တွဲဆံထုံးတွင် သဇင်ပန်းတစ်ခက် ကပိုကရို ပန်ထားသည်ကို တွေ့ရသည်။ သဇင်ပန်းကို မြင်ရတော့ ကျွန်တော့်စိတ်ထဲ သက်မကင်း ဖြစ်သွားသည်။ အသေအချာ စူးစိုက်ကြည့်လိုက်ရာ ထင်သည့်အတိုင်း စက္ကူနှင့် ပြုလုပ်ထားသည့် သဇင်ပန်းအတု ဖြစ်နေပါတော့သည်။ သဇင်ပန်း အတုမှန်း သေချာစွာ သိလိုက်ရမှပင် ကျွန်တော် ပိုပြီး စိတ်ဝင်စားသွားတော့သည်။

ဘာကြောင့် သဇင်ပန်းအတုကိုမှ ပန်ရပါလိမ့်။ သည်မနက်ပဲ သိမ်ကြီးဈေး သစ်သီးဆိုင်တန်းဘေးက ဒေါ်ဘီ၏ ပန်းဆိုင်တွင် သဇင်ပန်းများကို ကျွန်တော် တွေ့ခဲ့ရသေးသည်။ ပေါ်ဦးပေါ်စ သဇင်ပန်းမို့ တစ်ခက်ကို ငါးကျပ်၊ ခြောက်ကျပ်လောက် ဈေးတောင်းချင် တောင်းမည်။ သည့်ထက် ဈေးပိုတောင်းဦးတော့ သူမ ပေးဝယ်နိုင်သည့်အခြေအနေ ရှိသည် (ကျွန်တော် သည်လိုပဲ စိတ်ထဲက အလိုလို မှတ်ယူ ယုံကြည်ထားသည်)။ ခုတော့ ဘာကြောင့်များ နှစ်ပြားတစ်ပဲတန် အပေါစား သဇင်ပန်းအတုကိုမှ ပန်ထားရပါလိမ့်။ ဘယ်လို အကြောင်းအချက်များ ရှိနေပါလိမ့်။ သဇင်ပန်းအစစ်နှင့်သာ ဆိုလျှင် သူမ၏ အလှကျက်သရေမှာ ပို၍ပင် ပေါ်လွင်ထင်ရှားနေဦးမည်။ ဆန်ဖြူဖြူ ထမင်းပန်းကန်တွင် စပါးလုံးတစ်စေ့ စွက်သလို ကျွန်တော် မသက်မသာ မကျေမနပ် ခံစားရသည်။

ကားလမ်းဘက်သို့ ငေးနေသော သူမက ဝယ်သူအတော်ပါးသွားပြီဖြစ်သောကြောင့် ဆိုင်ရှေ့သို့ တိုးလာတော့မှ ကျွန်တော်သည်လည်း မျက်လွှာချလိုက်ပြီး လက်ထဲရှိ မုန့်ဟင်းခါး ပန်းကန်ထဲမှ ဟင်းရည်နှင့် မုန့်ဖတ်များ ကုန်လုနီးမို့ ထိုးထိုးထောင်ထောင် ထွက်ပေါ်လာရသည့် ကြက်သွန်ဥ စိမ်းဝါပြောင်ပြောင်ကို ခပ်ကြောင်ကြောင် ကြည့်ငေးနေလိုက်ရတော့သည်။

"ကြက်သွန်ဖြူ မြေပဲဆားလှော် ငါးဆယ်သား ပေးပါ"

ဆည်းလည်းသံချိုကလေး လွင်ပြည်သံ ကြားလိုက်သောအခါ မုန့်ဟင်းခါးပန်းကန်မှ တစ်ဖန် ကျွန်တော် မျက်နှာခွာပြီး သူမကို မသိမသာ ခိုးကြည့်လိုက်ရပြန်သည်။ ကျွန်တော့် မျက်စိအာရုံသည် သူမ၏ ဆံထုံးမှ သဇင်ပန်းဆီသို့သာ ရောက်ရှိသွားသည်။ ပို၍ နီးကပ်နေသောကြောင့် ပို၍ လေ့လာခွင့်ရသည်။ သေချာပါပြီ။ သဇင်ပန်းအတုမှ သဇင်ပန်းအတုပါပဲ။

မိန်းမပျိုကလေးက ဒေါ်ကျင်မွေးနှင့် ဆိုင်မှ မိန်းကလေးများကို ဣန္ဒြေရရ ပြုံးပြသည်။ ထို့နောက် ကျသင့်သောတန်ဖိုးငွေကို ပေးချေပြီး မြေပဲဆားလှော်ထုပ်ကို လှမ်းယူကာ ထွက်သွားတော့သည်။

လူအများထဲက သူမ ပျောက်ကွယ်သွားတော့မှ သူမ၏ နောက်ကျောမှ လိုက်လံကပ်ပါသွားသည့် ကျွန်တော့်အကြည့်ကို ပြန်လည် ရုပ်သိမ်းလိုက်ကာ-

"အဲဒီမိန်းကလေးကို ဒေါ်ဒေါ်တို့ သိတယ် မဟုတ်လား"

ဟု မေးလိုက်ရတော့သည်။ ဒေါ်ကျင်မွေးက စောစောကတည်းကပဲ ကျွန်တော်၏ အရိပ်အကဲကို ကြည့်မြင်သိရှိထားဟန်နှင့်-

"စိတ်ဝင်စားသွားပြီလား၊ ကောင်မကလေးက တော်တော်ချောတယ်နော်။ ဒေါ်ဒေါ်တို့ရဲ့ အသိမိတ်ဆွေတော့ မဟုတ်ပါဘူး၊ ဆိုင်ကို မကြာမကြာ လာပြီး မြေပဲဆားလှော် ဝယ်နေလို့ မှတ်မိနေတာ။ သူ့ရုပ်ကလေးက တစ်ခါ မြင်တွေ့လိုက်တာနဲ့ အမြဲတမ်း မှတ်မိသွားနိုင်တဲ့ ရုပ်ကလေးပဲနော်" ဟု ပြောသည်။

"ဟုတ်တယ် ဒေါ်ဒေါ်ရဲ့၊ သူ့ရုပ်က ထူးထူးခြားခြားကို ကျက်သရေရှိတဲ့ ရုပ်ပါပဲ။ ကျွန်တော်က အဲဒီ သူ့ရုပ်ရည်ထက် သူ ပန်းပန်ထားတာကို ပိုပြီး စိတ်ဝင်စားနေမိလို့ပါ"

"သူက ဘယ်လိုများ ပန်းပန်ထားလို့လဲ၊ ဒေါ်ဒေါ်တောင် သတိမထားလိုက်မိပါဘူး"

"သူ့ဆံထုံးမှာ သဇင်ပန်း ပန်ထားတယ်လေ။ သဇင်ပန်းက စက္ကူနဲ့လုပ်ထားတဲ့ သဇင်ပန်းအတုဗျ။ သူ့ကြည့်ရတာ ချမ်းချမ်းသာသာထဲက ဖြစ်ဟန်တူပြီး ဘာကြောင့် သဇင်ပန်းအစစ်ကိုမပန်ဘဲ အတုကို ပန်ထားရသလဲ မသိဘူးနော်။ သဇင်ပန်းတွေ ပေါ်နေပြီမဟုတ်လား။ အဲဒီအချက်ကို ကျွန်တော် စဉ်းစားတွေးတောပြီး စိတ်ဝင်စားနေမိတာပါ"

"မောင်မောင်ကတော့ စာရေးဆရာပီပီ စိတ်ကူးယဉ်ပြီ။ ဟုတ်တယ်နော်။ သူ့ကိုကြည့်ရတာ ချမ်းချမ်းသာသာ မိကြီးဖကြီး သားသမီးပုံပါပဲ။ ကားနဲ့လာပြီး ဈေးဝယ်တယ် ထင်ပါရဲ့"

ဒေါ်ကျင်မွေး၏ တူမ ခင်စန်းအေးက-

"သူ့ကားကလည်း အပုံစားပဲ။ ငွေပြာနုရောင် နောက်ဆုံးပေါ် ကားကလေး ဒေါ်ဒေါ်ရဲ့။ သူကိုယ်တိုင် တစ်ယောက်တည်း ကားမောင်းမောင်းပြီး ဈေးလာဝယ်တာ။ တစ်ခါတစ်ခါ သူ့နံဘေးမှာ အဘွားကြီးတစ်ယောက် ပါပါလာတတ်တယ်။ သူ့ကားကို ဟို"ယုဇန"လက်ဖက်ဆိုင်ရှေ့နားမှာ ရပ်ရပ်ထားခဲ့တယ်။ ဒီနေ့တော့ အဲဒီနေရာမှာ သူ့ကားကို မမြင်မိဘူး"

ဟု ဆိုကာ မလှမ်းမကမ်း တစ်နေရာသို့ လှမ်းကြည့်နေသည်။

"အံမယ်၊ ညည်းတို့က ဒီလောက်တောင် သိနေကြပါလား"

"အဲဒီ မမက ရုပ်က ထူးထူးခြားခြားကို ချောလှနေတော့ သူလာရင် ကျွန်မတို့က ဂရုတစိုက် ကြည့်ကြည့်နေလို့ပါ ဒေါ်ဒေါ်။ ဟုတ်တယ်၊ သူက အမြဲပဲ ပန်းတစ်ခက် ပန်ပန်ထားတာ တွေ့ရတယ်။ သူပန်ထားတော့ ပန်းအစစ်လို့ပဲ ကျွန်မတို့က ထင်နေတာ၊ ခု အစ်ကိုပြောမှ အတုမှန်း သိရတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com

"သဇင်ပန်းအတုမှ အတုကြီးပါ။ ကိုယ်သေသေချာချာ ကြည့်လိုက်တာပဲ။ အဲဒီလို ထူးထူးခြားခြား ချောလှသူ၊ ချမ်းသာကြွယ်ဝသူကလေးဟာ ဘာကြောင့်များ အပေါစား သဇင်ပန်းအတုကို ပန်ထားရပါလိမ့်။ တကယ့် သဇင်ပန်းအစစ်ကိုသာ ပန်ထားမယ်ဆိုရင် ခုထက် ပိုပြီးတောင် ကြည့်ကောင်းဦးမှာနော်"

ဒေါ်ကျင်မွေးက ကျွန်တော့်ကိုကြည့်ပြီး ပြုံးစနဲ့နဲ့နှင့်–

"ကဲ ဒီတော့ သဇင်ပန်းအစစ်ကို မင်းက ဝယ်ပြီး လက်ဆောင် ပေးလိုက်ပါလား၊ ဈေးမှာ သဇင်ပန်းတွေတောင် ပေါစပြုနေပြီ။ ဈေးက ကြီးပါ့တော်"

"ကျွန်တော်သာ သူ့ကို သဇင်ပန်းလက်ဆောင် ပေးမယ်ဆိုရင် ရန်ကုန်မှာ ခု ရောင်းနေတဲ့ သဇင်ပန်းတွေကို မပေးချင်ပါဘူး။ ဟို လူသူမနီးတဲ့ တောတောင်ကြီးထဲက သစ်ပင်မြင့်ကြီးတွေပေါ်မှာ သူ့သဘာဝ အလိုအလျောက် အလေ့ကျပေါက်နေတဲ့၊ တကယ့်ကို မြင့်မြတ်သန့်စင်တဲ့ ရွှေသဇင်ကိုမှ ပေးချင်တာ။ စာဆိုဦးတိုးက သူ့ရဲ့ "ရာမရကန်"ထဲမှာ မြတ်ပန်းတော် သဇင်ပန်းဆိုတာ "*စိမ့်ကြီးမြိုင်ကြီး၊ ရိပ်ကြီးတောတောင်၊ နေရောင်မခံ၊ ပန်းပျံပင်ဆင့်၊ မြေနှင့်ရန်ဘက်၊ ခက်လက်စိမ်းမြ၊ မိုးမခဘူး…*"လို့ ဖွဲ့ဆိုထားတယ် မဟုတ်လား။ ရန်ကုန်က သဇင်ပန်းတွေကတော့ လူစိုက်တဲ့ သဇင်ပန်းတွေ၊ လူနံ့သူနံ့၊ ကားနံ့၊ ညှော်နံ့၊ မြို့တော်ရဲ့ ညစ်ညမ်းတဲ့ ရနံ့ပေါင်းစုံ ရှူရှိုက်ခံစားနေရလို့ မရှင်မလန်းတဲ့ သဇင်ပန်းတွေပဲ။ ကျွန်တော်တို့ဆီက "ရခိုင်သဇင်"ကို ဒေါ်ဒေါ်တွေ့ဖူးတယ် မဟုတ်လား၊ ရခိုင်သဇင်က တခြားသဇင်တွေထက် အခက်အတံကလည်း ပိုရှည်၊ အပွင့်အငုံကလည်း ပိုလို့ ထွားတယ်။ အမွှေးရနံ့ကလည်း ပိုသင်းတယ်"

"ဟုတ်တယ်၊ ရခိုင်သဇင်ဟာ ရန်ကုန်မှာ တော်တော်နာမည်ကြီးတာပဲ"

"ဟိုတုန်းကဆိုရင် ကျွန်တော်တို့ သံတွဲမှာ သဇင်ပန်းတွေ သိပ်ပေါတာပဲ။ နတ်တော်၊ ပြာသို သဇင်ပန်းတွေ ပေါ်ချိန်ဆိုရင် သံတွဲဈေးထဲမှာ သဇင်ပန်းတွေ ဖွေးနေတာပဲ။ ငပလီနာမည်ကြီးလာတော့ ငပလီကိုလာတဲ့ ဧည့်သည်တွေက သဇင်ပန်းတွေကို အရမ်းပစ်ဝယ်ကြတယ်။ သူတို့က သဇင်ပန်းရော၊ သဇင်ဥရော ရသလောက် သယ်သယ်သွားကြတာမို့ ခုဆိုရင်

r eu fq , fen&D csdfav nu f&D
t 'JDefu av ; q fdfu fda&nu fv nyKD
ajr ydq m,av f&0, fw , f a' a' .w f n f o w d m,yKD
o bcgfu fdMn f fn fd faw nhri fajyno v fdo b fdl fdl&D
o Zi fyeft w kw pfcu fyef m,w maw f&w , f

သံတွဲဘက်မှာ သဇင်ပန်း တော်တော်ရှားသွားပြီ။ ကြာရင် မျိုးပါပြုန်းသွားမှာ စိုးရတယ်"

"သံတွဲဘက်က သဇင်တွေက ရန်ကုန်မှာလိုပဲ အိမ်ခြံတွေမှာ လူစိုက်တဲ့ သဇင်ပဲမဟုတ်လား"

"ဘယ်ဟုတ်မလဲ ဒေါ်ဒေါ်ရဲ့။ မြို့နဲ့ မိုင်နှစ်ဆယ်၊ သုံးဆယ်လောက် ကွာဝေးတဲ့ လူသူ အရောက်အပေါက်နည်းလှတဲ့ တောကြီးတောင်ကြီးတွေထဲက သစ်ပင်အမြင့်ကြီးတွေပေါ်မှာ သူ့အလေ့ကျ သဘာဝပေါက်နေတဲ့ သဇင်ပဲ။ သဇင်ပန်းပေါ်ချိန် ရောက်ပြီဆိုရင် သဇင်ပန်းရှာတဲ့ လူတွေက တောကြီးတွေထဲဝင်၊ သဇင်အုံကို လှမ်းတွေ့ရင် သစ်ပင်ကြီးပေါ်တက်ပြီး သဇင်ပန်းတံကို ဖြတ်ယူပြီး မြို့ဈေးမှာ လာရောင်းကြတယ်။ သဇင်ဥတွေ ကျန်ရစ်တဲ့ သစ်ပင်ကြီးတွေကို သူတို့အမှတ်အသား ပြုလုပ်ထားခဲ့ကြပြီး နောက်နှစ် သဇင်ပေါ်ချိန်ရောက်ရင် သတ်မှတ်ထားခဲ့တဲ့ နေရာကို ပြန်သွားပြီး သဇင်တံတွေကို ဖြတ်ယူကြပြန်တယ်။ နောက်ပိုင်းမှာတော့ သဇင်ပန်းရှာတဲ့ လူတွေက များလာ၊ သဇင်ပန်းတို့၊ သဇင်ဥတို့ ဈေးကလည်း သိပ်ကောင်းလာတော့ သဇင်အုံတွေ့ပြီဆိုရင် ဘာမှ မချန်ထားတော့ဘဲ ရသမျှ တစ်ခါတည်း အားလုံး ပန်းရော၊ ဥရော ခွာယူသွားကြတော့တာပါပဲ။ သစ်တောကြိုးဝိုင်းတွေ အပြင်မှာရှိတဲ့ တောတွေထဲ ပေါက်နေတဲ့ သဇင်အုံတွေကို မျိုးပြုန်းမသွားအောင် အရမ်းခွာမယူဖို့ သစ်တောဘက်က ဥပဒေ ထုတ်ထားဖို့တောင် ကောင်းတယ်။

သံတွဲမြစ်ရဲ့ ဟိုး မြစ်ဖျား မြစ်ညာဘက်၊ ရိုးမတောင်ခြေအစပ်က သစ်တောကြိုးဝိုင်းကြီးတွေထဲမှာ သဇင်ပန်းလှလှတွေ ရနိုင်တယ်။ ကျွန်တော့်မိတ်တွေ သစ်ထုတ်ရေးစခန်းက အရာရှိတွေဆီကို မှာလိုက်ရင် သူတို့ ကျွန်တော့်ဆီကို ပို့ပေးမှာပါပဲ။ ကျွန်တော်သာ သဇင်ပန်းလက်ဆောင်ပေးမယ်ဆိုရင် အဲဒီ သဇင်ပန်းမျိုးကိုမှ ပေးချင်တာ။ အဲဒီလို သဇင်ပန်းကမှ မြင့်မြတ်သန့်စင်သလောက် တန်ဖိုးရှိလှတဲ့ မြတ်ပန်းတော် သဇင်ပန်းပဲ မဟုတ်လား"

"ဒီလောက်တောင် စာဆိုလှတဲ့ ရခိုင်သဇင်ပန်းကို မင်းတကယ်ပဲ သူ့ကို ပေးချင်သလား။ ပေးမယ်ဆိုရင် သံတွဲကို မှာလိုက်လေ။ ဆိုင်ကို အဲဒီမိန်းကလေး မြေပဲဆားလှော် လာဝယ်ရင် ဒေါ်ဒေါ် သူ့ကို ပေးဖြစ်အောင် ပေးလိုက်မယ်"

❑

၃။

သို့လျှင် အိမ်မှထွက်ခဲ့စဉ်က ဘယ်လိုမျှ ရည်ရွယ်ချက် မရှိခဲ့သော်လည်း ဒေါ်ကျင်မွေးတို့ ပဲလှော်ဆိုင်မှ အိမ်သို့ ပြန်ရောက်ချိန်တွင်မူ သံတွဲသို့ သဇင်ပန်းမှာရန် ကျွန်တော် စီစဉ်ရ



www.burmeseclassic.com

www.burmeseclassic.com

ပါတော့သည်။

သဇင်ပန်းမှာ နှင်းများများကျမှ လန်းလန်းရွှင်ရွှင် ထွားထွားဝေဝေ ပွင့်တတ်သည့် နှင်းသောက်ပန်းမျိုးဖြစ်သည်။ ယခုလို နတ်တော်လ အချိန်အခါတွင် ကျွန်တော်တို့ဆီမှာ နှင်းများ ဝေမှိုင်းအောင် ကျဆင်းနေပေရော့မည်။

ထို့ကြောင့် သံတွဲရှိ သစ်လုပ်ငန်း ကော်ပိုရေးရှင်းမှ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသည့် ပြည်နယ်မန်နေဂျာထံ တောထဲမှ ဥပါသည့် သဇင်ပန်းလှလှများ လက်ဆောင်ပေးရန် အတွက် ကျွန်တော့်ထံ အမြန်ဆုံး ပို့ပေးပါရန် အဝေးပြောတယ်လီဖုန်းနှင့် လှမ်းမှာလိုက်ရသည်။ ကံအားလျော်စွာပင် နောက်ဆယ်ရက်ခန့် အကြာတွင် ကျွန်တော့်မိတ်ဆွေ လေယာဉ်မှူးတစ်ဦးနှင့် ကျွန်တော့်ထံသို့ လှပဖွံ့ထွားသည့် ဥနှင့်တကွ သဇင်ပန်းတံ သုံးဆယ်ခန့် ပေးပို့လိုက်ပါသည်။

သဇင်ပန်းများကို ကျွန်တော်ကိုယ်တိုင် ရေဖျန်းပေးကာ ငှက်ပျောညွန့် ဖက်စိမ်းနှင့် ပတ်ထားလိုက်သည်။ ကျွန်တော့်လက်ထဲ သဇင်ပန်းများ ရောက်လာမှ ကိုယ်နှင့် ဘာမျှ မသက်ဆိုင်၊ မသိကျွမ်းသူ မိန်းကလေးတစ်ဦးထံ သဇင်ပန်း လက်ဆောင်ပေးရမှာ မရေမရာလှသည့်အဖြစ်ကို တွေးမိပြန်သည်။ မဝံ့မရဲလည်း ဖြစ်မိသည်။ ရိုးသားဖြူစင်သော ကျွန်တော့်စေတနာကို တလွဲအထင်မှားသွားမှာကိုလည်း စိုးရိမ်မိသည်။ သဇင်ပန်းများကို တတန်တက မှာယူခဲ့ပြီးမှတော့ ပေးဖြစ်အောင် ပေးလိုက်ပါတော့မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။

ထိုနေ့ ညနေမှာပင် ဒေါ်ကျင်မွေးတို့ နေထိုင်ရာ မေတ္တာညွန့် စက်မှုလက်မှုရပ်ကွက်သို့ ကျွန်တော်သွားရောက်ပြီး ငှက်ပျောညွန့်ဖက်စိမ်းကတော့ထဲ ထည့်ယူလာခဲ့သည့် သဇင်ပန်းများကို ပေးလိုက်ပါတော့သည်။ သဇင်ပန်းများကို မြင်တွေ့လိုက်သောအခါ ဒေါ်ကျင်မွေးက-

'ဟယ် လှလိုက်တဲ့ သဇင်ပန်းတွေတော့'

ဟု တအံ့တသြ ပြောသည်။

ဒေါ်ကျင်မွေးတို့အတွက် သဇင် ဆယ်ခက်ခန့် ပေးလိုက်ပြီး ကျန် သဇင်ပန်းများကို မိန်းကလေး မြေပဲဆားလှော်လာဝယ်လျှင် ပေးလိုက်ပါရန် ပြောရသည်။ ကျွန်တော်တို့နှင့် ဆိုင်မှာ တွေ့ဆုံပြီး နောက်ပိုင်းမှာ ဆိုင်သို့ သူကလေး ပြန်ရောက်လာသေးသလား မေးရာ ရောက်မလာသေးကြောင်း ဒေါ်ကျင်မွေးက ပြောပြသည်။

သဇင်ပန်းများကို မိန်းကလေးထံသို့ မရောက်မီ မညှိုးနွမ်းဘဲ လန်းဆန်းမြဲ လန်းဆန်းနေအောင် နေ့စဉ် ရေအေးအေး ဖျန်းပက်ပေးပါရန်၊ ဆိုင်သို့ မိန်းကလေး ရောက်လာလျှင် တစ်ခါတည်း သဇင်ပန်းများ ပေးလိုက်နိုင်အောင် နေ့စဉ်နေ့တိုင်း ဒေါ်ကျင်မွေးတို့ ဆိုင်သို့လာလျှင် သဇင်ပန်းထုပ်ကို ငှက်ပျောညွန့်ရွက်နှင့် ထုပ်၍ တယုတယ ယူလာပါရန် ပူပင်စိတ်နှင့် မှာကြားရပါသည်။ ကျွန်တော်၏ ရည်ရွယ်ချက်မှာ မိန်းကလေးအား သဇင်ပန်း ပန်စေလိုသည့် စေတနာသက်သက်မျှဖြစ်ရာ ဘယ်သူဘယ်ဝါ ပေးသည်ကို မပြောပြရန် ဒေါ်ကျင်မွေးကို မှာရပါသေးသည်။

❑

၄။

ဒေါ်ကျင်မွေးတို့အိမ်သို့ သွားရောက်ကာ သဇင်ပန်းများ ပေးခဲ့ပြီးနောက် တော်တော်နှင့် ကျွန်တော်တို့ သိမ်ကြီးဈေးသို့ မရောက်ဖြစ်ပါ။ သဇင်ပန်းကိစ္စကိုလည်း အထူးအထွေ သတိမရနိုင်တော့ဘဲ နိစ္စဓူဝ ကိစ္စဝိစ္စတွေနှင့်သာ ကျင်လည်လျက်ရှိစဉ် တစ်နေ့နံနက်ခင်းမှာ ဦးတင်ဦးက ကျွန်တော့်ထံ တယ်လီဖုန်း ဆက်သည်။ ကျွန်တော့်အတွက် လက်ဆောင်ပစ္စည်းတစ်ခု သူ၏ ဇနီး ဒေါ်ကျင်မွေးထံ ရောက်ရှိနေသောကြောင့် သိမ်ကြီးဈေး ပဲလှော်ဆိုင်သို့ လာရောက်ယူပါရန် ပြောပါသည်။

ထို့ကြောင့် ကျွန်တော်နှင့် ဦးလေးမှာ ရွှေကြက် ပဲလှော်ဆိုင်သို့ သွားရောက်ရပါတော့သည်။ ရောက်လျှင် ရောက်ချင်း ဒေါ်ကျင်မွေးက ပြုံးပြုံးပြီး-

'ဒီနေ့တော့ ဦးခင်မောင်ကြီးတို့ တူဝရီးကို ကျွန်မက မုန့်ဟင်းခါး မကျွေးတော့ဘူး၊ ဦးခင်မောင်ကြီးရဲ့ တူကိုပဲ ကျွန်မတို့ကို မုန့်ပြန်ကျွေးခိုင်းရတော့မယ်'

ဟု ပြောသည်။

ဦးလေးနှင့် ကျွန်တော်က-

'ဘာကြောင့်မို့တုံး'

'ဘာကြောင့်လဲ'ဟု ပြိုင်တူ မေးလိုက်ရပါတော့သည်။

ဒေါ်ကျင်မွေးက သူ၏ လက်ဆွဲအိတ်ကြီးထဲမှ အရာဝတ္ထုတစ်ခုကို ထုတ်ယူလိုက်ပြီး ကျွန်တော့်ထံ ကမ်းပေးလိုက်သည်။ အလျား လေးလက်မ၊ အနံ ခုနစ်လက်မအရှည် အရွယ်အစားလောက် ခန့်မှန်းရသည့် လှပသားနားသော စာအုပ်ကလေးတစ်အုပ် ဖြစ်သည်။

စာအုပ်၏ နက်ပြာရောင် အဖုံးပေါ်တွင် ငွေရောင်ဖောင်းကြွ အင်္ဂလိပ်စာလုံးနှင့် 'Pfizer'ဟု ရိုက်နှိပ်ထားသည်။ စာအုပ်၏ အနားသုံးဖက်စလုံးကို ရွှေမင်ခြယ်ထားသည်။ နိုင်ငံခြားရှိ နာမည်ကျော် ဆေးကုမ္ပဏီကြီးများက မေတ္တာလက်ဆောင်ပေးရန် ထုတ်ဝေသော နေ့စဉ်မှတ်တမ်းစာအုပ်ကလေးမျိုး ဖြစ်သည်။ စာအုပ်တစ်အုပ်လုံးကို ပါးလွှာသော ပလတ်စတစ်အိတ်ကလေးနှင့် အသေဖုံးပိတ်ထားသည်။

'ကျွန်တော့်အတွက် လက်ဆောင်ဆိုတာ ဒီစာအုပ်ကလေးလား၊ ဘယ်သူက ပေးတာလဲဗျာ'

ဟု ကျွန်တော်က မေးရပါသည်။

ဒေါ်ကျင်မွေးက အဖြေမပေးသေးဘဲ အဓိပ္ပာယ်ပါပါ ပြုံးနေသည်။ ဆိုင်မှ မိန်းကလေးများကလည်း ပြုံးစိစိလုပ်နေကြပါသည်။ ခဏကြာမှ ဒေါ်ကျင်မွေးက-

'မင်း ရခိုင်သဇင် လက်ဆောင်ပေးလိုက်တဲ့ မိန်းမလှကလေးက မင်းအတွက် ပေးခဲ့တဲ့ လက်ဆောင်လေ'ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မျှော်လင့်မထားသော သတင်းစကားကို ကြားလိုက်ရသောကြောင့် အံ့သြသည်နှင့်အမျှ အတော်ကလေး စိတ်လှုပ်ရှားသွားရပါသည်။

"ဒါဖြင့် ကျွန်တော် သံတွဲက မှာပေးတဲ့ သဇင်ပန်းတွေကို သူ ရသွားပြီပေါ့နော်"

"အေးပေါ့။ အဲဒီအကြောင်းပြောရင်း ဒီစာအုပ်လည်း မင်းကို ပေးမလို့ ကိုတင်ဦးကို ဖုန်းဆက်ခိုင်းရတာ။ မင်း အံ့သြသွားအောင် ဒီအကြောင်းနဲ့ ပတ်သက်လို့ ဘာမှ မပြောလိုက်နဲ့ဦးလို့တောင် ကိုတင်ဦးကို ဒေါ်ဒေါ် မှာလိုက်ရသေးတယ်။ ဒေါ်ဒေါ်လည်း မင်း မှာခဲ့တဲ့အတိုင်း ဆိုင်ထွက်လာတိုင်းမှာ သဇင်ပန်းတွေကို ရေဖျန်း၊ ငှက်ပျောညှာနဲ့ ထုပ်ထုပ်ပြီး ယူလာတယ်။

"ဆိုင်သိမ်းချိန်ထိ မိန်းကလေး ရောက်မလာတော့မှ အိမ်ကို သဇင်ပန်းထုပ်ကို ပြန်ပြန်ယူသွားရတယ်။ ဒီလိုနဲ့ ကုန်ခဲ့တဲ့ လေးရက်၊ ငါးရက်လောက်က မနက် ဆယ်နာရီအချိန်လောက်မှာ အဲဒီမိန်းကလေး ဆိုင်ကို ရောက်လာပြီး မြေပဲဆားလှော် ဝယ်တယ်။ ဒေါ်ဒေါ်တို့လည်း သတိထားပြီး သူ့ခေါင်းကို ကြည့်လိုက်တော့ မင်းပြောသလို သူ့ဆံထုံးမှာ သဇင်ပန်းအတု တစ်ခက် ပန်ထားတာ တွေ့ရတယ်။

"ဒါနဲ့ စကားမရှိ စကားရှာပြောပြီး "ဒေါ်ဒေါ်တို့ဆိုင်ကို အလည်လာတဲ့ မိတ်ဆွေတစ်ဦးက တူမကြီး စက္ကူသဇင်ပန်း ပန်ထားတာမြင်တော့ သဇင်ပန်းအစစ်သာ ပန်လိုက်ရင် ပိုပြီး ကျက်သရေရှိမယ်ပြောပြီး သူတို့နယ်က ရခိုင်သဇင်ကို တကူးတက မှာယူပြီး တူမကြီးကို လက်ဆောင်ပေးမလို့ ဒေါ်ဒေါ်တို့ဆီမှာ ပေးထားခဲ့တယ်" လို့ ပြောလိုက်တယ်။ ဒီလို သဇင်ပန်းမျိုးကို လူသူမနီးတဲ့ တောကြီးတောင်ကြီးတွေထဲက ခက်ခက်ခဲခဲ ဘယ်ပုံဘယ်နည်း ရှာဖွေယူရကြောင်းတွေကိုလည်း မင်းပြောပြတဲ့အတိုင်း ဒေါ်ဒေါ်က သူ့ကိုပြောပြပြီး သဇင်ပန်းတွေ သူ့ကို ပေးလိုက်တယ်။

"သူဟာ သဇင်ပန်းတွေကို ကြည့်ပြီး သိပ်ဝမ်းသာသွားပုံရတယ်ကွဲ့။ ရုတ်တရက် စကားတောင် ပြန်မပြောနိုင်ဘူး။ ခဏကလေးကြာမှ ဒီလောက်လှတဲ့ သဇင်ပန်းတွေကို ဒီတစ်ကြိမ်ပဲ သူ တွေ့ဖူးသတဲ့။ ပန်းတွေထဲမှာ သဇင်ပန်းကို သူ အနှစ်သက်ဆုံးပါပဲလို့ ပြောတယ်။ အဲ သူဘာကြောင့် သဇင်ပန်းအတု ပန်ရတာကိုတော့ ဘာတစ်ခွန်းမှ မပြောဘူးကွဲ့။ ပြီးတော့ သူ့ကို သဇင်ပန်း လက်ဆောင်ပေးတဲ့သူဟာ ဘယ်သူလဲဆိုတာ သူ သိချင်တယ်လို့ ပြောတယ်။ ဒေါ်ဒေါ်လည်း မင်းမှာထားတာမို့ မင်းရဲ့ စာရေးဆရာနာမည်ကို ပြောပြလိုက်ရင် ကောင်းမလား၊ မပြောဘဲ ထားရကောင်းမလား စဉ်းစားနေတုန်းမှာပဲ မဝင်းကြည်တို့က သံတော်ဦးတင်လိုက်တယ်တော့။

"မင်းရဲ့ စာရေးဆရာနာမည်ကို သူ ကြားလိုက်ရတော့ အတော်ကလေးကို အံ့သြဝမ်းသာသွားပုံရတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလိုပဲ သူ့ရဲ့ ခံစားမှုကို ထိန်းသိမ်း ဖုံးဖိလိုက်ဟန်နဲ့ "ကျွန်မဟာ ဆရာ့ရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ ဆရာ့ကို မတွေ့ မမြင်ဖူးပေမဲ့ ဆရာရေးတဲ့ဝတ္ထုတွေကိုတော့ ကျွန်မ အမြဲတမ်း တွေ့ဖူး၊ ဖတ်ဖူးနေပါတယ်" လို့ ပြောတယ်"

"ဒါဖြင့်ရင် ကျွန်တော် လူပျိုဆိုတာ သူ သိမှာပေါ့နော်"

ကျွန်တော်က ဒေါ်ကျင်မွေး၏ စကားကို ကြားဖြတ်ကာ ပြက်ရယ်ပြောလိုက်ပါသည်။

သည်တော့မှ စကားတစ်ခွန်းမျှ မပြောဘဲ ကျွန်တော်တို့ ပြောဆိုနေကြသည်ကို ငြိမ်၍သာ နားထောင်နေသော ဦးလေးက-

"ကောင်မကလေးက မင်း လူပျိုဆိုတာရော၊ မင်းမှာ ရည်းစားတွေ များတယ်ဆိုတာရော၊ မင်း တေတာ ဆိုးတာတွေကိုရော အားလုံးသိပြီး ဖြစ်မှာပေါ့"

ဟု ပြောလိုက်သည်။ ဒေါ်ကျင်မွေးက-

"ဟုတ်မှာပေါ့၊ ဟုတ်မှာပေါ့"

ဟု ဦးလေးကို ထောက်ခံလိုက်ပြီး ဆက်ပြောသည်။

"မိန်းကလေးက သွားခါနီးမှာ "ဆရာ့ကို သိပ်ကျေးဇူးတင်ကြောင်း ပြောပေးပါ" လို့ ပြောပြီး သဇင်ပန်းထုပ်ကို ယူပြီး သွားတော့တယ်။ အဲ မနေ့ကတော့ ဆိုင်ကို သူ မြေပဲလာဝယ်နေကျ အချိန်မဟုတ်ဘဲ ညနေဆိုင်ပိတ်ခါနီးမှာ ရောက်လာတယ်။ "ဆရာ့ကို ဒီစာအုပ် ပေး,ပေးပါ" လို့ ပြောပြီး အဲဒီစာအုပ်ကလေးကို ပေးသွားတယ်။ ရခိုင်သဇင်ပန်းတွေက လှလွန်းလို့ ဘုရားတင်လိုက်တဲ့အကြောင်း၊ သဇင်ဥတွေကိုတော့ ခြံထဲမှာ သူကိုယ်တိုင် စိုက်ထားလိုက်မယ့်အကြောင်း ပြောပြီး ကတိုက်ကရိုက်ပဲ သူ ပြန်သွားတော့တယ်။ ဒီတစ်ကြိမ်မှာ မြေပဲတော့ ဝယ်မသွားဘူးကွဲ့။ စာအုပ်ပေးဖို့ သက်သက်လာခြင်းဖြစ်မှာပဲ။ သူ့ကို သဇင်ပန်းတွေ ပေးလိုက်တုန်းက မမေးဖြစ်လိုက်တဲ့ သူ ဘယ်မှာ နေတယ်ဆိုတာရယ်၊ သူ့နာမည်ရယ်ကိုတောင် မမေးရသေးခင် သူ ထွက်သွားတော့တာပဲ"

"ကျွန်တော် သိလိုလှတဲ့ သူ ဘာကြောင့် သဇင်ပန်းအတု ပန်ထားတယ်ဆိုတဲ့အကြောင်းကိုတော့ သိခွင့်မရတော့ဘူးနော်"

"အဲဒါကတော့ သူ့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စလို ဖြစ်နေတော့ ဒေါ်ဒေါ်တို့ မေးဖို့ မသင့်တော်ဘူးထင်တာနဲ့ မမေးလိုက်ဘူးကွယ်"

"ဒါတော့လည်း ဟုတ်ပါတယ်လေ၊ ဟုတ်ပါတယ်"

သည်တော့ ဦးလေးက-

"ဘာမှ ထွေထွေထူးထူး ခေါင်းအရှုပ်ခံ စဉ်းစား အတွေးချဲ့မနေနဲ့တော့။ သူက သဇင်ပန်းကြိုက်တော့ ဆယ့်နှစ်ရာသီ အမြဲတမ်း သဇင်ပန်းပန်ချင်မယ်။ သဇင်ပန်းအစစ်က သူ့ရာသီနဲ့သူသာ ပေါ်တာမို့ အမြဲတမ်း ပန်ချင်လို့မရဘူး မဟုတ်လား။ ဒီတော့ အမြဲတမ်း ပန်လို့ရတဲ့ သဇင်အတုကိုပဲ သူပန်တာ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်သည်။

"ဦးလေးရဲ့ အကြောင်းပြ ထင်မြင်ချက်ဟာ အလျော်ကန် အသင့်မြတ်ဆုံးပါပဲ။ အဲဒီလို ထင်ရတာ စိတ်အချမ်းသာဆုံးပဲ။ ဒီအတိုင်းပဲ ဖြစ်ပါစေဗျာ။ ဪ ဒါထက် မနေ့က သူ ဆိုင်ကို လာတော့ ကျွန်တော်ပေးလိုက်တဲ့ သဇင်ပန်းတွေ သူ ပန်ထား သလား၊ ဒေါ်ဒေါ်တို့ မြင်မိလိုက်သလား"

"အဲဒါတော့ ဒေါ်ဒေါ်လည်း ကောင်းကောင်း သတိ မထားလိုက်မိဘူး၊ သူက စာအုပ်ပေးပြီး ချက်ချင်းဆိုသလို ထွက်သွားတော့တာပဲ။ ဟဲ့ မဝင်းကြည်တို့၊ မာရီတို့၊ မနေ့က သူ့ခေါင်းမှာ သဇင်ပန်း ပန်ထားတာ ညည်းတို့ မြင်မိလိုက် သလား"

မဝင်းကြည်က -

"ကျွန်မတို့လည်း သတိမထားလိုက်မိဘူး၊ ဆိုင်ကလည်း ပိတ်ခါနီး၊ ဝယ်သူတွေလည်း ရှိနေတော့ ကောင်းကောင်း သတိမထားလိုက်မိဘူး ဒေါ်ဒေါ်"

ဟု ပြန်ပြောသည်။

"ငါ့ရဲ့ ဖြူစင်တဲ့ စေတနာကို သူ သိတန်ကောင်းပါရဲ့ လေ"ဟု ကျွန်တော် စိတ်ထဲက ဖြေသိမ့်ကျေနပ်လိုက်ရသည်။

❑

၅။

အိမ်သို့ ကျွန်တော် ပြန်ရောက်ပြီး ကျွန်တော့် စာကြည့် ခန်းထဲရောက်မှ စာအုပ်ကလေးကို ဂရုတစိုက် ကြည့်မိသည်။ စာအုပ်တစ်အုပ်လုံးကို ဖုံးချုပ်ထားသည့် ပလတ်စတစ်အိတ် ကို ကက်ကြေးနှင့် အသေအချာ ညှပ်ကိုက်ကာ စာအုပ်ကလေး ကို ထုတ်ယူကြည့်လိုက်သည်။

အသွေးအရောင်၊ အဆင်အပြင်၊ အရွယ်အစားကအစ မြင်သူ့စွဲမက် ပိုင်ဆိုင်ချင်အောင် ဆွဲဆောင်စွမ်းအားရှိသည်။

ဆန်းတော့မည့် နှစ်သစ်အတွက် ထုတ်ဝေသော လှပ ချစ်စဖွယ် နေ့စဉ်မှတ်တမ်းစာအုပ်ကလေးဖြစ်သည်။

စာရွက်များကို တစ်ရွက်ချင်း လှန်လှောကြည့်ရာ ဦးစွာ "ဖစ်ဇာ"ဆေးကုမ္ပဏီကြီးမှ ထုတ်လုပ်သော ဆေးကြော်ငြာ များ၊ အညွှန်းစာများကို တွေ့ရသည်။ ဇန်နဝါရီလဆန်းတစ် ရက်နေ့စွဲ ရိုက်ထားသည့် စာမျက်နှာ၏ ထိပ်ဆုံးနေရာတွင်မူ မြန်မာလို ရေးထားသည့် စာကြောင်းများကို တွေ့ရသော ကြောင့် စိတ်လှုပ်ရှားစွာနှင့် အလျင်စလို ဖတ်ကြည့်လိုက် သည်။

***ဆရာသို့ အမှတ်တရ လက်ဆောင်...***

*အသည်းအတုနှင့် မဟုတ်ဘဲ၊ အသည်းအစစ်နှင့် ချစ် တတ်၊ ကြင်နာတတ်၊ ခံစားတတ်နိုင်ပါစေ။*

***စာဖတ်သူတစ်ဦးထံမှ***

ဝိုင်းစက်ညီညာအောင် တမင်တကာ ကြိုးစားရေးထားပုံ ရသည့် စာလုံးလှလှကလေးများကို အခေါက်ခေါက်အခါခါ ဖတ်ကြည့် ငေးမောရင်း အပြုံးအတုကိုသာ ကျွန်တော် အနိုင် နိုင် ပြုံးလိုက်ရသည်။ ■

**မောင်လွန်းကြင်**


***ရှုမဝမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၁၉၈၃။***

ကော်ပြာ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# မောင်သန်းဆွေ(ထားဝယ်)

## လှေသင်းအတွင်းဝန်ရှင်းတမ်း

ကုန်းဘောင်ခေတ် အနောက်ဆုံးပိုင်းတွင် လှေသင်းအတွင်းဝန်နှစ်ယောက် ရှိခဲ့သည်။ မင်းတုန်းမင်းတရားကြီးလက်ထက် လှေသင်းအတွင်းဝန် ဦးချိန်နှင့် သီပေါမင်းတရားလက်ထက် လှေသင်းအတွင်းဝန် ဦးရွှေမောင်တို့ဖြစ်၏။ မင်းတုန်းမင်းတရားကြီး လက်ထက်နှင့် သီပေါမင်းတရားလက်ထက်သည် ရှေ့ဆင့်နောက်ဆင့်ဖြစ်ရာ ဖော်ပြပါ လှေသင်းအတွင်းဝန် နှစ်ယောက်နှင့် ပတ်သက်ပြီး မှားယွင်းလေ့ရှိသောကြောင့် ဤ လှေသင်းအတွင်းဝန်ရှင်းတမ်းကို ရေးလိုက်ရပါသည်။

**မင်းတုန်းမင်းလက်ထက်တော် လှေသင်းအတွင်းဝန် ဦးချိန်**

မင်းတုန်းမင်းတရားကြီး လက်ထက်မှ ပထမ လှေသင်းအတွင်းဝန်ဟု ဆိုရမည့် ဦးချိန်၏ မွေးဇာတိမှာ သလ္လာဝတီမြစ်ခေါ် ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းရှိ မုံရွာမြို့ဖြစ်ပါသည်။ မောင်ချိန်၏ ကျုံ့ကူလက်လှည့်ဆရာကား ရတနာပူရ စတုတ္ထမြို့တည်၊ နန်းတည် စစ်ကိုင်းမင်းတရားကြီး လှူဒါန်းဆက်ကပ်သော ဣန္ဒာဝဇီရာဘိလင်္ကာရသီရိဓဇ မဟာရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ကို လက်ခံရရှိသော မုံရွာဆရာတော် အရှင်အာဒိစ္စရံသီ ဖြစ်သည်။ မုံရွာဆရာတော်သည် ဂန္ထန္တရ(ကျမ်းဂန် အထွေထွေ)



www.burmeseclassic.com

www.burmeseclassic.com

ဗဟုသုတအရာ၌ နှံ့စပ်ကုံလုံသည့် အလျောက် မြန်မာစာပေလောကတွင် ယနေ့တိုင်ကျော်ကြား ထင်ရှားလျက်ရှိသော သမန္တစက္ခု ဒီပနီကျမ်းကြီးကို ပြုစုခဲ့သည်။ ထို့ကြောင့် မောင်ချိန်သည် ငယ်စဉ်ကတည်းကပင် ဂန္ထန္တရ ဗဟုသုတ ခိုင်ခိုင်မာမာရှိခဲ့သည်ဟု ဆိုနိုင်ပါ၏။

မောင်ချိန်သည် ရဟန်းဝတ်ဖြင့် ပညာဆည်းပူးခဲ့ရာ စာပေဂန္ထန္တရ ဗဟုသုတအရာ၌ ပြည့်စုံကုံလုံလာသည့်အခါ လူဝတ်လဲ၍ မြန်မာနှစ် ၁၁၈၁ ခုတွင် နန်းတက်သော စစ်ကိုင်းမင်းတရားကြီးထံ ခစားထမ်းရွက်ရာ ရှေးဦးစွာ မြဲတိုက်သံဆင့်၊ ထို့နောက် သံတော်ဆင့်အရာ၌ ခန့်ထား သူကောင်းပြုခြင်း ခံရသည်။ မဟာသင်္ချယာရွှေသားဘွဲ့ကိုလည်း ချီးမြှင့်ခံရပါ၏။

မြန်မာနှစ် ၁၁၉၂ ခု၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် မြန်မာဘာသာ ဝေါဟာရတို့၏ အရင်းအမြစ်ကို ဖွင့်လှစ်ပြသော ဝေါဟာရလီနတ္ထကျမ်းကို သံတော်ဆင့်အမတ် ဦးချိန်က ရေးသားပြုစုခဲ့သည်။ ထိုအချိန်က ဦးချိန်သည် ၃၄ နှစ်သာရှိသေးသည်။

ဦးချိန်သည် ယင်းကျမ်းကို မကွေးမြို့စားဝန်ထောက်တော် မင်းကြီးမင်းလှ မဟာစည်သူ၏ တောင်းပန်ချက်အရ တာဝန်ဝတ္တရားမှ အားလပ်သည့်အချိန်အတွင်း အပတ်တကုတ် ကြိုးစားပြုစုရာ တစ်နှစ်အတွင်း ပြီးစီးအောင်မြင်ခဲ့သည်။ ဤကျမ်းကို ရေးသားပြုစုရန် အဘိယာစကပြုသူ မကွေးမြို့စားဝန်ထောက်တော် မင်းကြီးမင်းလှမဟာစည်သူသည်လည်း နှယ်နှယ်ရရပုဂ္ဂိုလ်မဟုတ်ပေ။ ဂန္ထန္တရဗဟုသုတ မာတင်မုန်သောက်ပညာရှိကြီးတစ်ယောက်ဖြစ်ပါ၏။

မြန်မာနှစ် ၁၁၉၉ တွင် နောင်တော်စစ်ကိုင်းမင်းတရားကြီး၏ အရိုက်အရာကို ဆက်ခံစိုးစံသော သာယာဝတီမင်းတရားကြီးကလည်း ဦးချိန်၏ အရည်အသွေးကို လေးစားကြည်ညိုရင်းရှိသည့် အလျောက် သံတော်ဆင့်အရာ၌ ဆက်လက် သူကောင်းပြုမြဲတိုင်း ပြုပါ၏။ သားတော် ပုဂံမင်းတရားကြီး လက်ထက်တွင်လည်း ခမည်းတော် သာယာဝတီမင်းတရားကြီးလက်ထက်ကကဲ့သို့ ဦးချိန်အား မညှိုးနွမ်းစေဘဲ ဆက်လက်သူကောင်းပြုသည်သာမက သံတော်ဆင့်အရာမှ တိုးတက်၍ လှေသင်းဝန်ရာထူး၌ ခန့်အပ်သူကောင်းပြုခဲ့ပါ၏။

မြန်မာနှစ် ၁၂၁၄ ခု၊ တပေါင်းလဆန်း ၁ ရက်၊ ကြာသပတေးနေ့တွင် အမရပူရမြို့တွင် စံနေတော်မူသော ပုဂံမင်းတရားကြီးကို ကနောင်မင်းကနန်းချပြီးလျှင် ရတနာသိင်္ဃမြို့တော်သို့ လာရောက် သစ္စာတော်ခံယူသော ပုဂံမင်းတရားကြီး၏ မှူးဟောင်းမတ်ဟောင်းများကို အရည်အချင်းအလိုက် ပြန်လည်သူကောင်းပြုရာတွင် လှေသင်းဝန် မဟာဇေယျသင်္ချယာဦးချိန်ကို မင်းကြီး မဟာသီဟသူ၊ မင်းကြီး မဟာမင်းလှစည်သူ၊ မဟာမင်းကလေးတို့နှင့် တွဲဖက်လျက် အတွင်းဝန်အရာ၌ ခန့်ထားခဲ့ပါ၏။ ဘွဲ့ရင်းတွင် "မင်းကြီး" ဖြည့်စွက်လျက် ရွှေသားဘွဲ့သနားတော်မူသည်။ ထိုအချိန်မှစလျက် လှေသင်းအတွင်းဝန်မင်းကြီး မဟာဇေယျသင်္ချယာ ဦးချိန်ဟု ထင်ရှားခဲ့ပါ၏။

လှေသင်းအတွင်းဝန်မင်းသည် မင်းတုန်းမင်းတရားကြီး၏ အမှုတော်ကို အားကြိုးမာန်တက် ဆောင်ရွက်ခွင့်ကို မရရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် လှေသင်းအတွင်းဝန်မင်း ဦးချိန်သည် အသက် ၅၉ နှစ်သို့အဝင် မြန်မာနှစ် ၁၂၁၇ တွင် မြတ်စွာဘုရား ရဟန္တာများသော်မှ မလွန်ဆန်နိုင်သော အနိစ္စတရားသို့ ရောက်ရှိသောကြောင့် ဖြစ်ပါသည်။

ဝေါဟာရလီနတ္ထကျမ်းအပြင် လှေသင်းအတွင်းဝန် ဦးချိန် ရေးသားပြုစုခဲ့သော ကျမ်းများမှ (၁) သာသနာဝင်စသော ကျမ်းဂန်အကိုးအကားများနှင့်တကွ ရှေးသူဟောင်းတို့၏ အမှတ်အသားများကို စုဆောင်းရေးသားသော တဏ္ဍုတ္တဒီပနီကျမ်း၊ (၂) စစ်ကိုင်းမင်းတရားကြီး၏ ဆရာတော်ရင်းဖြစ်သော ပညာဇောတာဘိသီရိပဝရလင်္ကာရ၊ မဟာဓမ္မရာဇာဓိပတိရာဇဂုရုဘွဲ့ရ သာသနာပိုင်ဆရာတော်ဘုရားကြီးတို့၏ တိုက်တွန်းချက်များအရ ရေးသားပြုစုခဲ့သည့် မာဂဓဘာသာကျမ်း၏အဖွင့် အဘိဓာနတ္ထဝိသောဓနီကျမ်းတို့ ဖြစ်ကြပါသည်။

**သီပေါမင်းလက်ထက်တော် လှေသင်းအတွင်းဝန် ဦးရွှေမောင်**

သီပေါမင်းတရားလက်ထက် လှေသင်းအတွင်းဝန် စလေမြို့စားကြီး သီရိမဟာဇေယျကျော်ထင်ဘွဲ့ခံ ဦးရွှေမောင်ကို ပြည်လုံးအုံလှော်ကားတော် ထောင်ကဲကြီး၊ သစ်ဆိမ့်ကြီးရေတော် နှစ်ရှာစား မဟာမင်းလှမင်းထင် ဦးရွှေလုပ်နှင့် ဝါးချက်သူဌေးသမီး ထောင်ကဲကတော်တို့က ၂၉ စက်တင်ဘာ၊

o Daygif
ygaw mfib rMNaenu f
NAw d W Nm,
aw mf eSf
yk u kef r sm,
jzpfay:cbl n f
x kM
jzpfay:cjzi frsmo n f
av Si f
t wG0eaf[ mif
OD&Tr mifu
aenu f S
t m;ay;u h D n f
[ k
NAw d W N
t x i f&Sb n f



www.burmeseclassic.com

www.burmeseclassic.com

၁၈၄၃ ခုနှစ်တွင် ဖွားမြင်ပါသည်။ မွေးချင်းအစ်မနှစ်ဦးရှိရာတစ်ဦးများ၏ လက်သုံးတော်ကြီးကိုင်၊ လက်ဝဲကြောင်း သေနတ်ဗိုလ်၊ နဂါးဆင်းမြို့စားမဟာမင်းခေါင် သူရိန်၏ကတော်ဖြစ်ပြီး ကျန်အစ်မတစ်ဦးမှာ ပုပ္ပားမြို့စားဝန်ထောက်မင်းကြီး မဟာမင်းထင်မင်းကျော်၏သား၊ ပင်းတလဲ ဝန်ထောက်ကြီး မဟာမင်းခေါင်သူရိန်၏ကတော် ကျူဝန်းဆယ်တော်ရွာစား သုသီရိမာလာဖြစ်ပါသည်။

မင်းတုန်းမင်း မင်္ဂလာအိမ်တော်စံတော်မူကတည်းကပင် ထောင်ကဲကြီး မိသားစုနှင့် ခင်မင်ရင်းနှီးသည့်အလျောက် စစ်ကိုင်းဘက်သို့ ဘုရားဖူးထွက်တော်မူသည့်အခါတိုင်း ထောင်ကဲကြီးနေအိမ်၌ စတည်းချမြဲဖြစ်ရာ မောင်ရွှေမောင်၏ တက်ကြွသွက်လက်ပုံကို သတိပြုတော်မူပြီး ဖြစ်ပါ၏။ ထို့ကြောင့် မင်းတုန်းမင်းတရားကြီး အထွတ်အမြတ် ရောက်တော်မူသောအခါ မောင်ရွှေမောင်ကို ဖခင်ထောင်ကဲကြီးထံမှ တောင်းယူကာ လက်ဖက်ရည်တော် အရာ၌ ခန့်ထားသူကောင်းပြုတော်မူ၏။

၁၈၆၀ ပြည့်နှစ်တွင် လှေသင်းစာရေးကြီး၊ ၁၈၆၃ ခုနှစ်တွင် မင်းကြီးမဟာမင်းထင်ဘွဲ့ခံ ဖောင်ဝန်ရာထူးများရရှိခဲ့သည်။ ၁၈၆၆ ခုနှစ်၊ မြင်ကွန်းမြင်းခုန်တိုင် အရေးတော်အပြီး၌ မင်းလှသခ်ယာဘွဲ့ ပေးအပ်ချီးမြှင့်ခံခဲ့ရ၏။ မကြာမီ ဖခင်၏ ရာထူးဖြစ်သော ပြည်လုံးအုံ့ထောင်ကဲကြီးအရာ ရရှိခဲ့သည်။ ၁၈၇၇ ခုနှစ်တွင် မင်းကြီးမဟာ ဇေယျကျော်ထင်ဘွဲ့ဖြင့် ရွှေစလွယ် ၁၂ သွယ် ပေးအပ်ခံခဲ့ရပြန်သည်။

လှေသင်းအတွင်းဝန် ဦးရွှေမောင်၏ဖခင် ပြည်လုံးအုံ့လှော်ကားတော်ထောင်ကဲကြီး သစ်ဆိမ့်ကြီးရွာစား မဟာမင်းလှမင်းထင်သည် ဦးရွှေမောင်အသက် ၂၄ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပြီး မိခင်ထောင်ကဲကတော်ကြီးမှာမူ အလွန်အသက်ရှည်သူဖြစ်ပါသည်။ အသက် ၉၀ ကျော်အရွယ် ဗြိတိသျှအစိုးရလက်ထက်ရောက်မှ ကွယ်လွန်ပါသည်။

၁၈၇၈ ခုနှစ်၊ သီပေါမင်းနန်းတက်စတွင် ဖောင်ဝန်အဖြစ်လည်းကောင်း၊ ၂၂ ဇန်နဝါရီ၊ ၁၈၇၉ ခုနှစ်တွင် မြို့တော်ဝန်အဖြစ်လည်းကောင်း ခန့်အပ်ခံခဲ့ရ၏။ ၃ ဇူလိုင်၊ ၁၈၈၀ ပြည့်နှစ်တွင် စလေမြို့စားအတွင်းဝန်၊ လှေသင်းဝန်ရာထူးများဖြင့် တာဝန်ထမ်းရွက်ရ၏။ သို့ဖြင့် လှေသင်းအတွင်းဝန်ဟု ခေါ်ဆိုကြသည်။ သီပေါမင်းပါတော်မူသွားပြီးနောက် ဗြိတိသျှတို့အား တော်လှန်ပုန်ကန်မှုများဖြစ်ပေါ်ခဲ့သည်။ ထိုသို့ဖြစ်ပေါ်ခဲ့ခြင်းများသည် လှေသင်းအတွင်းဝန်ဟောင်း ဦးရွှေမောင်က နောက်မှအားပေးကူညီသည်ဟု ဗြိတိသျှတို့က အထင်ရှိခဲ့သည်။ ထို့ကြောင့် လှေသင်းအတွင်းဝန်ဟောင်း ဦးရွှေမောင်သည် မိသားစုနှင့်အတူ ၃ မေ၊ ၁၈၈၆ ခုနှစ်တွင် အိန္ဒိယသို့ ထွက်ခွာသွားခဲ့၍ ကာလကတ္တား၌ လေးနှစ်ကျော် နေထိုင်ခဲ့ပြီးမှ မြန်မာပြည်သို့ ပြန်လာခဲ့၏။

လှေသင်းအတွင်းဝန် ဦးရွှေမောင်၏ ဝန်ကတော် ဒေါ်ခင်ခင်ညွှာမှာ သူရဲဝန် ဦးရွှေလုံးနှင့် ဒေါ်ခင်ခင်ကြီးတို့၏ သမီးဖြစ်ပါသည်။ ဒေါ်ခင်ခင်ညွှာနှင့် သားသမီး မထွန်းကားပါ။ အခြားဝန်ကတော်တစ်ယောက်ဖြစ်သော ဒေါ်နုနှင့် သား လှေသင်းမောင်မောင်ကို ဖွားမြင်ခဲ့သည်။

ပါတော်မူပြီးနောက် လှေသင်းအတွင်းဝန်ဟောင်း ဦးရွှေမောင်သည် ဝက်မစွတ်ဝန်ထောက် ဦးလတ်၊ မင်းတုန်းမင်းတရားကြီး၏ သမီးတော် ချွန်းတောင်ထိပ်ခေါင်တင်တို့နှင့်အတူ ရတနာဂီရိစံ သီပေါမင်းတရား၏ မန္တလေးမှ ကိုယ်စားလှယ်တော်များအဖြစ် မြန်မာနိုင်ငံမှ ကိစ္စအဝဝကို ဆောင်ရွက်ပေးကြသည်။

ထိုစဉ်တွင် လှေသင်းအတွင်းဝန် ဦးရွှေမောင်အား အခဆိပ်ရှိသည့် သတ္တဝါကိုက်ခံရပြီး အသက်ဆုံးရှုံးရမည့်ဘေးရှိသည်ဟု ဗေဒင်ဟောထားသဖြင့် လှေဖောင်ပေါ်တွင် အိမ်လုပ်၍ နေလေသည်။ ၁၂၇၃ ခု၊ ဝါခေါင်လဆုတ် ၁၁ ရက်နေ့၊ ညဉ့် ၂ နာရီအချိန်၊ လှေသင်းအတွင်းဝန်မင်း နေရင်း ဖောင်ပေါ်သို့ ခွေးရူးတစ်ကောင် တက်လာသည်။ ဖောင်နှင့် ဆက်သွယ်ထားသည့် တံတားလှေကားမရုပ်သိမ်းမိ၍ ဖြစ်၏။ ဦးရွှေမောင်၏ လက်ကို ခွေးရူးအကိုက်ခံရသည်။ ခွေးရူးမပြန်၊ ပျောက်ကင်းစေတတ်သည့် ဆေးအမျိုးမျိုးများကို နေ့စဉ်ရက်ဆက် စားသောက်ကုသခဲ့ရာ ကိုက်ခဲရင်း ယာဘက်လက်ဖမိုးမှ အနာများပျောက်ကင်းသွားသော်လည်း သီတင်းကျွတ်လဆန်း ၇ ရက်နေ့ ခွေးရူးပြန်မြဲလက္ခဏာ ထင်ရှားပေါ်ပေါက်လာသည်နှင့် ကောင်းရာကောင်းကြောင်း ဆေးအမျိုးမျိုးပြောင်း၍ ကုသပါသော်လည်း ချမ်းသာခွင့်မရဘဲ လဆန်း ၉ ရက်၊ နံနက် ၁၀ နာရီအချိန်တွင် ကွယ်လွန်ခဲ့သည်။

ဦးရွှေမောင် မှာထားခဲ့ရင်းအတိုင်း အလောင်းကို ထုံးစံရှိရာ အခမ်းအနား၊ အခင်းအကျင်းများနှင့် ခင်းကျင်းပြီးလျှင် သက်စေ့ပင့်ရန် သံဃာတော်များ အနက် မန္တလေးဘက် ဆရာတော်၊ သံဃာတော် ၂၆ ပါးတို့နှင့် ဂေါဝိန်ဥယျာဉ်ဝင်းအတွင်း ၄င်းလဆန်း ၁၃ ရက်နေ့ သရဏဂုံတင်ပြီးလျှင် အလောင်းကို သင်္ဘောနှင့်တင်ဆောင်၊ စစ်ကိုင်းမြို့၊ ဝါးချက်ရွာအရောက် ယူပြီးလျှင် ၄င်းလဆန်း ၁၄ ရက်၊ နံနက်၊ စစ်ကိုင်းဘက် သံဃာတော် ၄၄ ပါးတို့နှင့် သရဏဂုံတင်၍ ဂူသွင်းသင်္ဂြိုဟ်လိုက်သည်။

ဤအကြောင်းများကို ချွန်းတောင်ထိပ်ခေါင်တင်နှင့် ဝက်မစွတ်ဝန်ထောက်တို့က ရတနာဂီရိမှ အရှင်နှစ်ပါးထံ စာရေးလျှောက်ထားလိုက်သောကြောင့် ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေသောဝန်မင်း ပျက်စီးဆုံးရှုံးရခြင်းအတွက် အရှင်နှစ်ပါး ဝမ်းနည်း၊ နှလုံး မသာမယာ များစွာ ဖြစ်တော်မူရရှာပါသည်ဆိုပါသည်။ ■

**မောင်သန်းဆွေ၊ထားဝယ်၊**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

o l o wl, f[ kvf m, u av ;av ;aw G v kds;av w kd ar nyef;v mv bl t cgzpfzpf aMl nu bwl f ay:v mv bl t cgzpfzpf w pfckku kd v Sfq SD w i f;w i f;u syfu syf u kdk m,&r S v jckv , fv kd x i fwl , f

မျက်လုံးများနှင့် တူနေသည်။ သူမ ခန္ဓာကိုယ်သေးသေးလေး၏ အကွေ့အဝိုက် ကောက်ကြောင်းတိုင်းသည် ထိတွေ့ပွတ်သပ် ကြည့်လိုက်လျှင် အေးစက်နေပေသည်။ ခန္ဓာကိုယ်လေးမှာ အေးစက်နေသဖြင့် သူမကို ဆတ်ခနဲ ပွေ့ချီပြီး လက်နှစ်ဖက်ထဲမှာ ထွေးထွေးပိုက်ပိုက် ထားလိုက်ချင်မိသည်။

ထိုသို့ဆိုလိုက်သဖြင့် ယုန်ပေါက်လေးတစ်ကောင်သို့မဟုတ် ကြက်ပေါက်စလေးတစ်ကောင်ကို ကိုင်ထားသော ယောကျ်ားတစ်ယောက်၏ ပုံရိပ် စိတ်ထဲပေါ်ကောင်း ပေါ်လာလိမ့်မည်။ သို့ရာတွင် ကျွန်တော် ဆိုလိုသည်မှာ ထိုသို့မဟုတ်ပါ။ ကျွန်တော့် လက်ဖဝါးနှစ်ဖက်ထဲ လက်သည်းချွန်ချွန်လေးဖြင့် နေရာအနှံ့ ထိုးဆွပြီး ကလိနေပုံမှာ ဆန်းပြားပြီး အသည်းယားစရာ ကောင်းနေသည့် ခံစားမှုမျိုး ပေါ်လာခြင်းကို တွေးမိခြင်းသာဖြစ်သည်။ ကျွန်တော်သည် လက်နှစ်ဖက်ကို အသာဟ၍ ချောင်းကြည့်သောအခါ အနီရောင် လျှာပြားပါးပါးလေးသည် ဒေါသတကြီး လှုပ်ယမ်းနေပေမည်။ လက်ဖဝါးကြားထဲ ငုံ့၍ ချောင်းကြည့်နေသော ကျွန်တော်၏ အထီးကျန် မျက်နှာသည် ချစ်ရည်မြူးရန် တစ်စုံတစ်ရာအား တွေ့နေသည်ကို အသက်မဲ့နေသော မျက်လုံးထဲတွင် ရောင်ပြန်ထင်ဟပ်နေသည်ကို တွေ့ရပေမည်။ ကျွန်တော့်အနေဖြင့် အိမ်မြှောင်အပေါ် ထိုသို့ စိတ်ခံစားမှုမျိုး ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

ထိုညက ကျွန်တော် အိပ်ရာဝင်နေခဲ့ပြီဖြစ်သည်။ ကျွန်တော် အိပ်ပျော်ခါနီး အချိန်မှာ အိမ်မြှောင်သည် ကျွန်တော့်အိပ်ရာထဲ ရောက်လာခဲ့သည်။

"တို့ အရမ်းပင်ပန်းတယ်ကွာ"ဟု အခန်းထဲဝင်လာရင်း သူမက ပြောသည်။ အမှောင်ထဲတွင် သူမ၏ အဖြူရောင် ကုတ်အင်္ကျီကိုသာ ရိပ်ခနဲမြင်လိုက်ရသည်။ စိတ်နောက်ကျူဖြစ်နေသော သူမမျက်နှာကို ကျွန်တော် မမြင်လိုပါ။ ကျွန်တော်သည် အိပ်ရာမှ ထ,ထိုင်ပြီး နာရီကို လှမ်းကြည့်လိုက်သည်။ မနက် နှစ်နာရီ ထိုးနေပြီ။ မီးဖွင့်ရန် ခလုတ်ဆီ လက်လှမ်းလိုက်စဉ် သူမ ကျွန်တော့်ကိုယ်ပေါ် ရောက်လာသည်။ ကျွန်တော့် ရင်ဘတ်ပေါ် မျက်နှာ အပ်ထားကာ အေးစက်သော သူမ လက်များက ညဝတ်အင်္ကျီအောက်က ကျွန်တော့်ကိုယ်ပေါ် ရောက်နေသည်။ သူမလက်၏ အေးစက်သော အထိအတွေ့ ခံစားမှုကို ကျွန်တော် နှစ်သက်သည်။

ကျွန်တော့်အသက်မှာ ၂၉ နှစ်ရှိပြီ။ ကျွန်တော်သည် ကလေးစိတ်ကျန်းမာရေး ဆေးရုံလေးတစ်ခုတွင် ကုထုံးပညာရှင်နှင့် အကြံပေးပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။ အိမ်မြှောင်နှင့် ကျွန်တော် သိကျွမ်းခဲ့သည်မှာ ၃ နှစ်တိုင်ခဲ့ပြီ။ သို့ရာတွင် ကျွန်တော်တို့ နှစ်ဦး စ,သိခဲ့သည့် အချိန်ကာလကိုမူ ကျွန်တော် မမှတ်မိတော့ပေ။ ကျွန်တော်တို့ နှစ်ဦး ချစ်နေကြစဉ် အတောအတွင်း အိမ်မြှောင်သည် တချို့အကြောင်းအရာများကို ကျွန်တော်မှလွဲ၍ အခြားသူများကို သိပ်ပြောလေ့ပြောထ မရှိပေ။ သို့ဖြင့် ကျွန်တော်သည် သူမနှင့်ပတ်သက်သည့် တစ်ဦးတည်းသော တိုင်ပင်ဖော် တိုင်ပင်ဖက် ဖြစ်လာခဲ့တော့သည်။

ခါတိုင်းလိုပင် ထိုညက ကျွန်တော့်အိပ်ရာပေါ် အိမ်မြှောင်ရောက်လာခဲ့သည်။ ကျွန်တော့် ညှပ်ရိုးအောက် တည့်တည့်က ရင်ဘတ်ပေါ်တွင် သူမမျက်နှာကို အတင်းဖိကပ်ထားသည်။ တစ်ယောက်ယောက်က သူမအား ကျွန်တော်နှင့် အတူနေရန် အတင်း တွန်းထိုး ပို့လိုက်သည့်နှယ် အိပ်ရာထဲရောက်လာသူ ခန္ဓာကိုယ်သေးသေး ထိုမိန်းမ၏ ခွန်အားသည် ကျွန်တော့်ကိုယ်ထဲ စီးဝင်လာကာ တစ်ကိုယ်လုံး ဖုံးလွှမ်းသွားတော့သည်။ ကျွန်တော့်ကိုယ်ပေါ် ထိုကဲ့သို့ ခွန်အားမျိုးဖြင့် ပြိုလဲကျလာ ပြီးနောက် သူမ ငိုချလိုက်တော့မည်ဟု ကျွန်တော် သေချာပေါက် ထင်ခဲ့မိသည်။ မဟုတ်ပါ။ ပြောပြရမည်ဆိုလျှင် အဆုံးတွင် ကျွန်တော့်ကိုယ်ပေါ်မှ သူမ ဖယ်ခွာပြီးနောက်တွင် သူမကို မြင်ရသည်မှာ အမြဲ လန်းလန်းဆန်းဆန်းနှင့် သက်သောင့်သက်သာရှိနေကာ မျက်လုံးများက ချိုသာနူးညံ့နေပေသည်။

ဘာကြောင့် ထိုကဲ့သို့ နေထိုင်ချင်သည်ကို ကျွန်တော် မခန့်မှန်းတတ်ချေ။ လူတစ်ယောက် စိတ်မချမ်းမြေ့စရာ ဖြစ်လာသည့်အခါ အိပ်ရာထဲ ဝုန်းခနဲ ပစ်လှဲကာ ခေါင်းအုံးပေါ် မျက်နှာမှောက် အိပ်ချလိုက်သကဲ့သို့ သူမ ကြုံတွေ့ခဲ့ရသော တစ်နေ့တာ၏ စိတ်နောက်ကျူစရာ ကိစ္စအချို့ကို ဖယ်ပစ်ချင်သည့် နည်းလမ်းတစ်ခုလည်း ဖြစ်နိုင်သည်။ ခြေကုန်လက်ပန်းကျနေသဖြင့် ဘာကိုမှ မစဉ်းစားချင်တော့ဘဲ အတွေးများကို ခေါင်းထဲမှ ထုတ်ပစ်ထားချင်စိတ်ကြောင့်လည်း ဖြစ်နိုင်သည်။

ထိုအမှောင်ခန်းထဲက အမှတ်တရ ထိုညမှာ သူမက



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အား အကျိုးအကြောင်း ရှင်းပြသည်။

‘တို့ ကလေးဘဝတုန်းက မျက်စိခဏ ကွယ်သွားဖူးတယ်။ အဲဒီအကြောင်း သူ့ကို ပြောပြချင်လာလို့’

‘မျက်စိကွယ်သွားတယ်၊ ဟုတ်လား’ဟု ကျွန်တော်က သူမ လျှို့ဝှက်ချက်ကို တအံ့တသြ မေးလိုက်သည်။

‘ထူးဆန်းနေလားဟင်’

‘အင်း၊ ဘယ်လိုဖြစ်သွားရတာလဲကွာ’

‘ဆရာဝန်က ပြောတာတော့ စိတ်ကြောင့် ပိုဆိုးသွားရတာတဲ့။ တို့ ငါးနှစ်သမီးမှာ မျက်စိစကွယ်သွားတာ။ ၃-နှစ်တောင်ကြာတယ်’

‘ဘယ်လိုလုပ်ပြီး ပြန်မြင်သွားလဲဟင်’

‘ဆေးရုံက မေတ္တာစေတ်နဲ့ ကုသပေးမှုတွေ အများကြီးပါမယ်လို့ တို့ ထင်တာပဲ။ အဲဒီဆေးရုံက သူ အခုလုပ်နေတဲ့ နေရာမျိုးပဲ’

‘ဘယ်လိုဖြစ်သွားတာလဲဆိုတာ ကျွန်တော့်ကို ပြောပြပါလားဗျာ၊ ဆက်ပြောလေ အစ်မ’

အိမ်မြှောင်က အသက်ပြင်းပြင်းရှူလိုက်ပြီးနောက် ‘ထိတ်လန့်စရာကောင်းတာ တစ်ခုကို တို့ မြင်ခဲ့ရလို့ပဲ။ ဖြစ်တုန်းက အိမ်မှာ တို့ ရှိနေတယ်။ အဲဒါကို တို့ မြင်ခဲ့ရတယ်’ဟု ပြောသည်။

‘ဒီအကြောင်းကို အစ်မ ပြန်ပြောပြရလို့ စိတ်ထိခိုက်မယ်ဆိုရင်တော့ မပြောပါနဲ့တော့’ဟု ကျွန်တော်က သူမအား တားလိုက်သည်။ သူမ စိတ်ထဲ၌ ဖြစ်ပေါ်နေသော ခံစားမှုကို ကျွန်တော် စိုးစဉ်းမျှ မသိသည့်တိုင် ထိုကိစ္စကို ပြောပြရန်အတွက် သူမခမျာ အတော် ကြိုးစားအားထုတ်နေရမှန်းကိုမူ ကျွန်တော် ပြောနိုင်ပါသည်။ သူမ မိဘတွေနှင့် ကျွန်တော် ဆုံဖူးသည်။ အဖေရော အမေပါ ကျန်းကျန်းမာမာနှင့် အိမ်ထောင်ရေး သာသာယာယာရှိပါသည်။ သူမတွင် မောင်နှမသားချင်း မရှိသဖြင့် သူတို့နှင့် ပတ်သက်ပြီး စိတ်သောက ဖြစ်စရာလည်း မရှိပေ။ သူမ၏ ကလေးဘဝသည် ပျော်ရွှင်စရာကောင်းသည့် ကလေးဘဝဖြစ်မည်ဟု ကျွန်တော် အမြဲယူဆထားမိပါသည်။

‘အဲဒီအချိန်တုန်းက တို့က ငယ်ငယ်လေးပဲ ရှိသေးတယ်။ အဲဒီအချိန်ကတည်းက စပြီး တို့အနေနဲ့ တစ်ယောက်ယောက်ကို ပွေ့ဖက်ထားလိုက်ရမှ လုံခြုံသွားတယ်လို့ ခံစားနေမိတော့တယ်။ သူ သိတယ်မဟုတ်လား ကလေးလေးတွေလိုမျိုးလေ။ တို့ မောပန်းလာတဲ့အခါဖြစ်ဖြစ်၊ ကြောက်စိတ်ပေါ်လာတဲ့အခါဖြစ်ဖြစ် တစ်ခုခုကို လှမ်းဆွဲပြီး တင်းတင်းကျပ်ကျပ် ကိုင်ထားရမှ လုံခြုံတယ်လို့ ထင်မိတယ်။ အို…စိတ်မကောင်းလိုက်တာ၊ တို့ပြောလိုက်လို့ သူ စိတ်ထိခိုက်နေလားကွယ်’ဟု သူမက ပြောပြီးနောက် ကျွန်တော့်ကို ဖက်ထားလျက်မှ တစ်ချက် ဖျစ်ညှစ်လိုက်သည်။

‘ကျွန်တော် စိတ်မကောင်းဖြစ်နေမိတာပါ အစ်မ။ ဆေးရုံမှာ လူတွေ့ရင် တွယ်ကပ်တတ်တဲ့ ကလေးတော်တော်များများရှိတယ် အစ်မ။ သူတို့ ဘာလို့ ဒီလို တွယ်ကပ်တာလဲဆိုရင် သူတို့ဟာ လုံခြုံမှုမရှိဘူးလို့ ခံစားနေရလို့ပဲလေ။ အစ်မပြောတဲ့ အကြောင်းကို ကျွန်တော် ကောင်းကောင်းနားလည်ပါတယ်ဗျာ’

‘တို့ သိသားပဲ၊ သူ နားလည်မယ်ဆိုတာကို’

ထို့နောက်တွင် ကျွန်တော့်စိတ်ထဲ အစောကြီးကတည်းက ဖြစ်ပေါ်နေသော ကိစ္စကို ဖြုန်းစားကြီး ပြောချလိုက်တော့သည်။

‘အိမ်မြှောင် လက်ထပ်ကြရအောင်ကွာ။ ကိုယ်တို့ နှစ်ယောက် အတူနေဖို့ နေရာကောင်းလေးတစ်နေရာ ရှာကြရအောင်နော်’

အိမ်မြှောင်က တိတ်နေသည်။ သူမမျက်နှာက ကျွန်တော့်ရင်ဘတ်ပေါ် ဝှက်ထားဆဲဖြစ်သည်။ တိတ်ဆိတ်နေသဖြင့် သူမနှလုံးခုန်သံ တဒုတ်ဒုတ်ကို ကျွန်တော် အတိုင်းသား ကြားနေရသည်။ သူမ ခန္ဓာကိုယ်ထဲမှ စိုးရိမ်ပူပန်မှုကို ကျွန်တော် ခံစားနေရသည်။ ညဘက်တွေမှာ ကျွန်တော့် အိပ်မက်နှင့် လုံးဝမတူသည့် အိပ်မက်များ မက်တတ်သော၊ တစ်မူထူးခြားသော အရေပြားကိုယ်ကျပ်ဝတ်စုံအတွင်းထဲ ထုပ်ပိုးထားသော၊ ထူးခြားသော ကိုယ်တွင်းအင်္ဂါများနှင့် သက်ရှိတစ်ဦးဖြစ်သော အိမ်မြှောင်၏ သီးခြားတည်ရှိမှုကို ကျွန်တော် သတိထားလာမိသည်။

အိမ်မြှောင်က ကျွန်တော့်အား တစ်စုံတစ်ရာ စ,ပြောလိုက်သည်။ သူမအသံက ကြည်လင်သည့်တိုင် တိုးလွန်းနေသည်။ သို့ရာတွင် အိမ်မြှောင်သည် စကားကို ဆက်မပြောတော့ဘဲ ရုတ်တရက် ရပ်ပစ်လိုက်သည်။

‘တို့မှာလေ…’

သူမသည် ကျွန်တော့်မျက်နှာပေါ် မှောက်အိပ်ကာ အတန်ကြာ ငြိမ်သက်နေသည်။ သူမ ဆက်ပြောမည့် စကားကို ကျွန်တော် မှန်းဆကြည့်နေမိသည်။ ‘တို့မှာလေ…’။ သူမရဲ့ ကမ္ဘာမှာ ဘာများရှိနေပါလိမ့်။ ပြဿနာတစ်ခုလား။ တစ်ယောက်တည်းပဲ နေချင်နေတာလား။ ကလေးမရနိုင်တဲ့ နည်းသစ်တစ်ခုလား။ ငါ့အခန်း ပြင်ဆင်စရိတ်အတွက် ဘောက်ဆူးပေးမလို့လား။ ကျွန်တော် လုံးဝ မသိပါ။ နောက်ဆုံးတွင် သူမ စကားဆက်ပြောသည်။ သို့တိုင် သူမမျက်နှာကို ကျွန်တော့်ရင်ဘတ်ပေါ် မှောက်ထားဆဲ။ ထို့ကြောင့် သူမ စကားတွေက အနည်းငယ် ဗလုံးဗထွေးဖြစ်နေသည်။

‘တို့မှာ ဝန်ခံစရာတစ်ခုရှိတယ်။ တို့ရဲ့ အတွင်းရေးကိစ္စတစ်ခုကို သူ့ကိုပြောပြမလို့’

❑

ကျွန်တော်သည် တစ်ပတ်လျှင် နှစ်ကြိမ် ကျန်းမာရေး ကလပ်တစ်ခုတွင် ရေသွားကူးလေ့ရှိသည်။ ထိုကလပ်တွင် အိမ်မြှောင်ကို စ,တွေ့ခဲ့ခြင်းဖြစ်သည်။ သူမက အေရိုးဗစ်ဆရာမဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမကိုတွေ့တိုင်း ဒီအမျိုးသမီး ဘယ်သူလဲဟု ကျွန်တော် တွေးမိသည်။ မြူးမြူးကြွကြွနှင့် ချစ်ဖို့ကောင်းသည့် သင်တန်းဆရာမ အများစုကဲ့သို့ မဟုတ်ဘဲ အိမ်မြှောင်ကို ကြည့်ရသည်မှာ စိတ်ပျက်အားငယ်နေပုံပေါက်နေရာ အားလုံးကြားထဲမှာ တစ်မူထူးခြားနေပေသည်။ မျက်ပေါက်ကျဉ်းကျဉ်းထဲက မျက်လုံးများက အပေါ်သို့တက်နေပြီး ခန္ဓာကိုယ်မှာ သေးသေးကျစ်ကျစ်လေးဖြစ်သည်။ တွေ့တွေ့ချင်းပင် သူမကို ချစ်သွားသလားဆိုတာကို ကျွန်တော် မသိခဲ့သည့်တိုင် သူမအကြောင်းကိုမူ အရမ်းသိချင်နေမိသည်။

ပြေးလမ်းတစ်ပတ် ရေကူးခဲ့ပြီးနောက် ကျွန်တော်သည် အိမ်မြှောင်ကို တွေ့လိုတွေ့ငြား အေရိုးဗစ်ခန်းမဘေးက ဖြတ်လျှောက်လာခဲ့သည်။ ခန်းမထဲက လှုပ်ယမ်းနေကြသော ခန္ဓာကိုယ်လွှင်ပြင်ထဲမှာ စိတ်ပျက်စရာကောင်းသော ပုံရိပ်သေးသေးလေးကို မြင်လိုက်ရသည်။ သူမကို မြင်လိုက်ရသည်မှာ ကိုးရိုးကားရား ကိုယ်နေဟန်ပုံတွေ၊ အစဉ်လိုက်ရေးဆွဲထားသည့် ဒါလီ၏ ပန်းချီကားတွေအနက် တောင့်တင်းအေးခဲသွားစေသော ပန်းချီကား တစ်ချပ်ထဲက ရုပ်ပုံတစ်ခုနှင့် ချွတ်စွပ်တူနေပေသည်။ ကျွန်တော်သည် တောင့်တင်း အေးခဲသွားသည်ဟူသော စကားလုံးကို သုံးလိုက်ရခြင်းမှာ သူမသည် လှပစွာ လှုပ်ယမ်းနေသော်လည်း လှုပ်ယမ်းနေသည်နှင့် မတူသောကြောင့် ဖြစ်သည်။ တေးဂီတမှာ ကျယ်လောင်ဆူညံနေသည့်တိုင် အိမ်မြှောင်ကမူ တိတ်ဆိတ်သောနေရာတစ်နေရာတွင် တစ်ယောက်တည်း ရှိနေသည့်နှယ် က, နေပေသည်။

ကျွန်တော်သည် တစ်စုံတစ်ရာ ဖြစ်ပေါ်လာမည့်နေ့အထိ သူမကို ဆက်လက်စောင့်ကြည့်နေမိသည်။ ထိုနေ့က ရေကူးပြီးသွား၍ ကလပ်ထဲက အဝတ်လဲခန်းသို့ ပြန်လာခဲ့သည်။ ခါတိုင်းလိုပင် အေရိုးဗစ်ခန်းမထဲ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်မိသည်။ ခန်းမထဲတွင် သင်တန်းသူ အားလုံး သူတို့၏ ဖျာများပေါ်တွင် ထိုင်နေကြသည်။ အိမ်မြှောင်က သင်တန်းသူများအား ဝမ်းဗိုက်လေ့ကျင့်ခန်းကို သင်ပေးနေသည်။ ထိုအခိုက်အတန့်တွင် တစ်နေ့နေ့မှာ အိမ်မြှောင့်အခန်းသို့ ကျွန်တော်ရောက်သွားခဲ့ပြီး သူမအိမ်ခန်းတွင် တစ်ယောက်ယောက်အား တွေ့ခဲ့ပါက ကျွန်တော် အလွန် ဆွေးသွားလိမ့်မည်ကို စိတ်ထဲ ရုတ်ခြည်း ခံစားလိုက်မိသဖြင့် မှင်တက်သွားမိသည်။ ကျွန်တော်သည် လင်ရှိ မိန်းမတစ်ယောက်နှင့် အချိန်အကြာကြီး ချစ်ခဲ့ပြီး ယခုမူ လမ်းခွဲခါစရှိသေးသည်။ အမှန်က သူမက ကျွန်တော့်ကို ပစ်သွားခဲ့ခြင်းဖြစ်သည်။ ကျွန်တော်သည် အဆုံးစွန် ကြေကွဲခဲ့ရပြီးနောက် အချစ်ရေးကို စိတ်ပျက်နေပြီဖြစ်သည်။ သို့ရာတွင် ကျွန်တော် ရပ်ပြီး အိမ်မြှောင်ကို ငေးကြည့်နေစဉ်အတွင်း ကျွန်တော့်စိတ်ထဲတွင် တစ်စုံတစ်ရာ လွှမ်းမိုးလာနေသည်ကို လုံးဝ မမျှော်လင့်ဘဲ သိလိုက်ရသည်။

ထိုအချိန် အခိုက်အတန့်တွင် ကျွန်တော့်စိတ်ထဲ ဖြစ်ပေါ်လာနေသော ခံစားမှုကို အသေအချာ ကျွန်တော် ပြောပြနိုင်ပါသည်။ ကျွန်တော်သည် ဆယ်ကျော်သက်ကောင်လေးတစ်ဦးနှယ် ရှင်ပျမြူးထူးနေပါသည်။ ကုန်လွန်ခဲ့ပြီးသော နှစ်များက နွေးထွေးသော နွေဦးတစ်ညနေခင်းကလို ကျွန်တော့်စိတ်သည် အူရှင်နေပါသည်။ ထိုနွေဦးညနေခင်းက မြေအောက်ရထားပေါ် ထိုင်စီးလာရင်း ဘီယာလေးဘာလေးသောက်ရင်း ညစာစားရန် ချိန်းဆိုထားသည့်နေရာကို တွေးရင်းလိုက်ပါလာခဲ့သည်ကို ပြန်အမှတ်ရလာမိသည်။ ဘဝသည် အံ့သြစရာကောင်းပါသည်။ ရထားပေါ်မှ ကျွန်တော် ဆင်းလိုက်သည့်အခါ သူမက ကျွန်တော့်ကို စောင့်နေသည်ကို တွေ့ရပါသည်။ ပန်းပွင့်လေးတွေပါသော ပိုးလည်စည်းစလေးနှင့် သူမမှာ အရမ်းလှနေသည်။ အနားစကွပ်ထားသော ကုတ်အင်္ကျီရှည်က သူမ၏ ခြေထောက်လှလှ ပတ်ပတ်လည်ကို သပ်သပ်ရပ်ရပ် ဖုံးထားပေးသည်။ သူမက ကျွန်တော် မိုက်ခနဲလဲကျသွားနိုင်သည့် အပြုံးဖြင့် ပြုံးလိုက်သည်။ လှပသာယာသော ရှုခင်းကို မြင်လိုက်ရသည့်အခါ စိတ်ထဲကြည်လင်သွားသကဲ့သို့ ကျွန်တော့်စိတ်သည် စင်ကြယ်နေပေသည်။ ထိုညက ကျွန်တော် သူမနှင့်အတူတူ အိပ်ခဲ့သလားဆိုတာကိုပင် အမှတ်မထားမိအောင် ဖြစ်နေမိသည်။ သူမကို မြင်လိုက်ရုံနှင့်ပင် ကျွန်တော့်လိုအင်ဆန္ဒပြည့်သွားခဲ့သည်။ ထိုနေ့က အိမ်မြှောင်ကို ကျွန်တော် မြင်လိုက်စဉ် ခဏတာအတွင်းမှာ လွန်ခဲ့သော အချိန်ကာလများက နွေဦးပန်းပွင့်များ၏ မွှေးကြိုင်သင်းပျံ့သော ရနံ့ကို ရလိုက်သည့်နှင့် တိမ်းတိမ်းမူးမူးစိတ်တွေ ပြန်ပေါ်လာခဲ့သည်။

ကျွန်တော် လှည့်ပြန်တော့မည့် အခိုက်မှာ အော်သံကို ကြားလိုက်ရသည်။ ကျွန်တော်သည် လန့်ဖျပ်သွားကာ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်မိသည်။ သင်တန်းသူတစ်ယောက်သည် သူ့ခြေထောက်ကို ဆုပ်ကိုင်ထားသည်ကို တွေ့ရသည်။ ခြေဆစ် လွဲသွားပုံရသည်။ ချက်ချင်းပင် အိမ်မြှောင်က သူမဘေးကို ရောက်သွားသည်။ အိမ်မြှောင်၏ လက်က ထိုသင်တန်းသူ၏ ခြေထောက်ကို ဆုပ်ကိုင်ကာ နှိပ်နယ်ပေးနေသည်မှာ ဆရာဝန်တစ်ယောက်က ကြည့်ရှုစောင့်ရှောက်ပေးနေသည့်နှယ်။ အိမ်မြှောင်က သူမ၏ ပဥ္စလက်အတတ်နှင့် သက်သာအောင် လုပ်ပေးနေစဉ် မီးမှိန်မှိန်ထွန်းထားသော စတူဒီယိုခန်းမထဲတွင် ဂီတသံက ကျယ်ကျယ်လောင်လောင် ထွက်ပေါ်နေသည်။ ထိုအခိုက်အတန့် မြင်ကွင်းသည်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်စိတ်ထဲ တစ်သက်လုံး စွဲကျန်နေကာ အိမ်မြှောင်သည် ကျွန်တော့်အဖို့ ခမ်းနားထည်ဝါသော ပန်းပုရုပ်နှင့် တူနေကာ အရိပ်များကြားတွင် ထိုပန်းပုရုပ်သည် ဝင်းပြက်နေပေတော့သည်။

သင်တန်းသူ အမျိုးသမီးမှာ ပြုံးလာသည်။ အိမ်မြှောင်က သွားမပေါ်ရုံပြုံးသည်။ သူမနှုတ်ခမ်းက နီရဲနေသည်။ ကျွန်တော်ရပ်နေသောနေရာမှ သူတို့ပြောစကားကို မကြားရသည့်တိုင် အဖြစ်အပျက်ကို ကျွန်တော်မှန်းဆ၍ရပါသည်။ အိမ်မြှောင်က မတ်တတ်ထ,ရပ်လိုက်သည်။ ထိုစဉ် ကျွန်တော် ထိုအရာကို မြင်လိုက်မိခြင်းဖြစ်သည်။ သူမ၏ ညာဘက်ပေါင်ခြံတွင် အိမ်မြှောင်ဆေးမင်ကြောင်ရုပ်သေးသေးလေးကို မြင်လိုက်ရာ ထိုတဒင်္ဂအခိုက်အတန့်တွင် ကျွန်တော်သည် သူမနှင့်အတူနေချင်စိတ် ဖြစ်ပေါ်လာခဲ့သည်။ ထိုအရာသည် အိမ်မြှောင်နှင့် ကျွန်တော်၏ ဆန်းပြားဆွတ်ပျံ့ဖွယ် အချစ်ဇာတ်လမ်းအစဖြစ်လာပါတော့သည်။

❑

ရှံ့ဖန်ရံခါဆိုသလို ကျွန်တော်သည် အလုပ်မှာ ပင်ပန်းလွန်းသဖြင့် စိတ်ရောကိုယ်ပါနွမ်းနယ်နေတတ်သည်။ လူနာများနှင့် ပတ်သက်၍ လေးလေးနက်နက် မျှဝေခံစားကြည့်လင့်ကစား ကျွန်တော့်ရည်မှန်းချက် မပျောက်ဖို့ ကျွန်တော့်ကိုယ်ကျွန်တော် ဖိအားပေးထားရသည်။ လူနာတွေက သူတို့၌ ဖြစ်ပေါ်နေသော ဒေါသနှင့် နာကျင်မှုရောရောထွေးထွေး ဖြစ်နေတိုင်း ကျွန်တော့်အား ပြောပြခြင်း၊ သူတို့၏ ခံစားချက်များကို ကျွန်တော့်အား မျှဝေပေးခြင်းဖြင့် သူတို့၏ စွမ်းအား တစ်ရွေးသားလေးဖြင့် အာရုံစူးစိုက်မိအောင် လုပ်လေ့ရှိသည်။

ယခုတိုင် ကျွန်တော်သည် မျက်နှာမလိုက်ဘဲ တည်တည်ငြိမ်ငြိမ် ရှိနေပါသည်။ ကျွန်တော့်အဖြစ်မှာ အလွန်အမင်း ဆာလောင်လာသည့်အခါ ပန်းကန်ပြားထဲက အရသာရှိသော စားကောင်းသောက်ဖွယ်တို့ကို မသိကျိုးကျွန်လုပ်နေရသည့် ပုံနှင့် အနည်းငယ်ဆင်နေပါသည်။ ထိုပန်းကန်က လက်ယပ်ခေါ်လိုက်လျှင် အနံ့ကို နှစ်သက်ကာ မျက်လုံးများက တပ်မက်သွားစေခြင်းသည် ပြဿနာမဟုတ်ချေ။ သို့ရာတွင် တချို့နေရာများတွင်မူ ဆာလောင်သူနှင့် တသီးတခြား ဖြစ်နေသည်ကို နားလည် သဘောပေါက်ရလိမ့်မည်။ ကျွန်တော့်အဖြစ်က စားပွဲထိုးကောင်းတစ်ယောက်အဖို့ ပန်းကန်ပြားထဲမှ အနံ့အရသာပြည့်စုံသော အစားအစာသည် ထိုသူနှင့် မသက်ဆိုင်သည့် အဖြစ်မျိုးနှင့် တူပါသည်။ ကျွန်တော့်အလုပ်မှာ အရသာရှိသော ဟင်းအမယ်ပေါင်းများစွာ ထည့်ထားသော ပန်းကန်ပြားများကို လျှစ်လျူရှုရင်း လိုရာစားပွဲများဆီ သယ်ပေးသွားရရုံမျှသာ ဖြစ်ပါသည်။

ကျွန်တော်သည် ကျွန်တော့်လူနာများအား ရောဂါပိုသက်သာလာအောင် ကုသပေးသည့် ကျွန်တော့်ပန်းတိုင်ပေါ်မှ လွဲဖယ်မသွားရအောင် အမြဲ သတိထားပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော် ပိုင်းခြားချင့်ချိန်နိုင်လျှင် ကျွန်တော်၏ ရည်မှန်းချက်ကို ပုဂ္ဂိုလ်မဖက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ကိုင်တွယ်နိုင်မည်ဖြစ်သည်။ ကိုယ့်ကိုယ်ကို စည်းကမ်းရှိခြင်းသည် ကျွန်တော့်လုပ်ငန်းအရ မရှိမဖြစ် ရှိနေရမည့် ကျွမ်းကျင်မှုတစ်ခုဟု သဘောပေါက်ထားခြင်းမှာ လူနာများသည် ပင်ကိုအားဖြင့် အကူအညီမပေးနိုင်သောကြောင့် ဖြစ်သည်။ သို့ရာတွင် နွေဦးညနေခင်းက ခံစားချက်မျိုးလို ကျွန်တော့်စိတ်ထဲ တစ်စုံတစ်ရာ ဖြစ်လာသည့်အခါ အကျပ်ရိုက်နေပါသည်။

ကျွန်တော် နေ့တိုင်းသွားစားသည့် ခေါက်ဆွဲဆိုင်မှာ နေ့လယ်စာစားရင်း အိမ်မြှောင်၏ လျှို့ဝှက်ချက်ဖြစ်နိုင်တာတွေကို တွေးနေမိသည်။ ကျွန်တော့်ကို လက်မထပ်ချင်တော့ဘူးလား။

ဤသီးသီးသန့်သန့်ဆိုင်လေးသည် ဆေးရုံနှင့်ဝေးသဖြင့် ကျွန်တော် သဘောကျနေသည်။ ထိုနေရာတွင် ကျွန်တော့်လူနာများနှင့် တန်းတိုးမိမှာ စိုးရိမ်စရာမရှိပေ။ လမ်းတစ်ဖက် ပန်းခြံထဲမှ စိမ်းစိမ်းစိုစို အပင်မျိုးစုံတို့သည် နေ့လယ်ခင်း နေရောင်ခြည်တောက်ပမှုထဲတွင် ဝင်းပြက်နေကြသည်။ စီးပွားရေးသမားများနှင့် ပင်စင်စားလူကြီးများသည် ပန်းခြံထဲက ခုံတန်းရှည်တွင် ထိုင်နေကာ နွေးထွေးလတ်ဆတ်သောလေကို ရှူရှိုက်နေကြသည့် မြင်ကွင်းမှာ တစ်သွေးတည်းတစ်သားတည်းလို ဖြစ်နေသည်။ ထို့ပြင် သဘာဝအနုပညာလက်ရာ၏ ခမ်းနားထည်ဝါသော အစိတ်အပိုင်းများ အားလုံး၊ ယောကျ်ားများနှင့် မိန်းမများ၊ ငယ်ရွယ်သူများနှင့် အိုမင်းသူများ။ ဘယ်လိုပဲဖြစ်ဖြစ် ကြည့်ရသည်မှာ လှနေသည်။

ထိုမြင်ကွင်းကိုကြည့်ရင်း လက်ရှိအလုပ်ကို ကျွန်တော် ဘာကြောင့် လုပ်ဖြစ်ခဲ့သလဲဆိုတာနှင့် ထိုအလုပ်အပေါ် ကျေနပ်အားရမှုရှိခဲ့တာတွေကို သတိရသွားစေသည်။ ကျွန်တော် အလုပ်ဆက်လုပ်ရလိမ့်ဦးမည်။ ကျွန်တော် စိတ်ချမ်းသာပါသည်။ ထိုနေ့က အိမ်မြှောင်သည်လည်း ကျွန်တော့်လိုပင် တစ်မိုးအောက်တည်းမှာ တူညီသော အတွေးများနှင့် အလုပ်လုပ်နေမည်ကို ကျွန်တော် သိနေပါသည်။

❑

သင်တန်းသူအပေါ်မှာ အိမ်မြှောင်၏ ပဥ္စလက်အတတ်ကို မြင်ခဲ့ရသည့် ထိုနေ့ည၊ အပြင်မှာ ညစာသွားစားရန် ပထမဦးဆုံးအကြိမ် ကျွန်တော် ဖိတ်လိုက်သည်။ အိမ်မြှောင်သည် ဂျင်းဘောင်းဘီနှင့် အနက်ရောင်ဆွယ်တာကို ဝတ်ပြီး အဝတ်လဲခန်းမှ ထွက်လာသည်။ ယခင်က သူမကို ထ,သွား‌ထ,လာ အဝတ်အစားဖြင့် မမြင်ဖူးခဲ့ပေ။ အေရိုးဗစ်သင်သည့်အခါ



www.burmeseclassic.com

www.burmeseclassic.com

ဝတ်သည့် အသားကပ်ဝတ်စုံ မဟုတ်သည့်အတွက် တွန့်ခေါက်နေသော အဝတ်အစားအောက်မှာ သူမခန္ဓာကိုယ်ကို ဖုံးကွယ်ထားရာ အိမ်မြှောင်ကို မြင်ရသည်မှာ အခြားမိန်းကလေးများနှင့်မခြား အတူတူလို ဖြစ်နေပါသည်။

အိမ်မြှောင်သည် ရယ်လျှင် ဟက်ဟက်ပက်ပက် ရယ်မောတတ်သည်။ သူမ ပါးနှစ်ဖက်တွင် တင်းတိပ်တွေ ပြည့်နေသဖြင့် မိတ်ကပ်ကို ထူထူလိမ်းထားသည်။ ထို့အတွက် ကျွန်တော် အပြစ်မမြင်ပါ။ သူမ လမ်းလျှောက်ဟန်ကိုပင် ကျွန်တော့်မှာ သဘောကျနေကာ သူမလို အတုခိုးကာ ကျွန်တော် လျှောက်ကြည့်နေပြီဖြစ်သည်။

ကျွန်တော့်မျက်စိထဲတွင် အိမ်မြှောင်ကို မြင်ရသည်မှာ သာသနာပြု မစ်ရှင်အဖွဲ့က မိန်းမနှင့် တူပါသည်။ ရွေးချယ်၍ဖြစ်စေ၊ မလွှဲမရှောင်သာ၍ဖြစ်စေ သူမသည် ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းနေရကာ ထိုဝန်ထုပ်ဝန်ပိုးကြီးကို စိတ်ပါလက်ပါ ဆောင်ရွက်နေသည့်ပုံမျိုးနှင့် တူနေပါသည်။ သူမနှင့်ပတ်သက်ပြီး ဘာကြောင့် ထိုသို့ ကျွန်တော်ခံစားနေရသည်ကို ကျွန်တော် ဇဝေဇဝါဖြစ်နေသည်။ သူမ၏လေးနက်မှုကို ကျွန်တော်သဘောကျသည်။ သူမ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်တိုင်း အဓိပ္ပာယ်တစ်စုံတစ်ရာရှိနေသည်။ အိမ်မြှောင်သည် ဘယ်လိုဘယ်ပုံ ပြုံးရမည်ကိုသိသည်။

ကျွန်တော်တို့နှစ်ယောက်သည် ဂျပန်ရိုးရာ

b 0o n f
t bl p&m
au mifygo n f
&x m;ayr S
u Bfaw nfh
q i fv kd b n h
t cg
o ł u
u Bfaw nfo kd
apmifaeo n fu kd
aw Gyo n f
yefyiGav ;aw G
ygao m
ykd
v n fpn fpav ;ESh
o ł r Sh
t &r fv Seo n f

စားသောက်ဆိုင်လေးထဲတွင် ညစာစားကြသည်။ ဆိုင်ထဲတွင် လူရှင်းနေသည်။ ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်လျက် တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေကြသည်။ ကျွန်တော့်တစ်သက် ထိုမျှလောက် စိတ်လှုပ်ရှားခြင်းမျိုး မရှိခဲ့ပေ။ အိမ်မြှောင်သည် စကားပြောခဲ့သည်။ သူမသည် ညစာကို နည်းနည်းပဲစားသည်။ ဆာကေးခွက်ကို ထိပင်မထိ။

သူမသည် ဆရာကောင်းတစ်ယောက်ဟု ကျွန်တော့်အမြင်ကို ပြောလိုက်သည့်အခါ 'ရယ်စရာကောင်းလိုက်တာရှင်၊ ကျွန်မက နောက်လဆိုရင် အေးရိုးဗစ်ဆရာမအလုပ်က ထွက်တော့မလို့ရှင့်' ဟု ပြန်ဖြေသည်။

'ဘာကြောင့် ထွက်မှာမှာလဲ' ဟု ကျွန်တော် တအံ့တသြ မေးလိုက်မိသည်။

'ကျွန်မ လုပ်ချင်တာလေးတွေ ရှိလို့ပါ'

'ဘာကိုလုပ်ချင်တာလဲဟင်၊ ကျွန်တော် စပ်စုသလိုဖြစ်သွားပြီနော်၊ အစ်မက အေရိုးဗစ်သင်တာ သိပ်တော်တယ်လေ၊ အေးဗျာ…ဒီလိုဆိုရင်တော့ စိတ်မကောင်းစရာပဲ'

'မေးလို့ရပါတယ်၊ ကျွန်မ တရုတ်အပ်စိုက်ကုထုံးကို သင်ချင်လို့'

သူမစကားကြောင့် နောက်ထပ် ပို၍ အံ့အားသင့်ရပြန်သည်။

'တရုတ်အပ်စိုက် ကုထုံး ဟုတ်လား'

'အင်း၊ အစ်မက အေရိုးဗစ် ပြရတာထက် ဆေးကုပေးရတာကို ပိုသဘောကျတယ်။ နေမကောင်းဖြစ်နေတဲ့သူတွေရဲ့ ရောဂါဇာစ်မြစ်ကို အာရုံခံတဲ့နေရာမှာ အစ်မက ချွန်တယ်လို့ ဆိုရမယ်'

'အစ်မက အဲဒါမျိုးလည်း ရတယ်၊ ဟုတ်လား'

'အင်း'

ကျွန်တော်တို့ အချိုပွဲများ စားနေစဉ် သူမက ဒဿနဆန်သော စကားများ ပြောသည်။

'အေရိုးဗစ် အက,က ရုပ်ပိုင်းဆိုင်ရာအတွက်ကောင်းပါတယ်။ ဒါပေမဲ့ စိတ်နဲ့ပတ်သက်တာတွေ ဖော်ပြဖို့ကျတော့ နည်းလမ်း ရှာရတော့မယ်။ ဒီလိုမဟုတ်ရင်တော့ စိတ်ကျေနပ်မှု တစ်သက်လုံး ရတော့မှာ မဟုတ်ဘူး။ စိတ်တွင်းခံစားချက်တွေကို ဖော်ပြဖို့ နည်းလမ်းတော့ လိုလာပြီလို့ အစ်မ သဘောပေါက်လာတယ်လေ။ အစ်မ ဆိုလိုတာကလေ ရုပ်ပိုင်းဆိုင်ရာတွေကို တက်တက်ကြွကြွ ဆက်တိုက်လုပ်နေမယ်ဆိုရင်လည်း စိတ်ဒဏ်ရာဒဏ်ချက်တွေကို တောင့်ခံနိုင်တာပါပဲ။ ကျော်လွှားသွားနိုင်တာပါပဲ။ ဒါပေမဲ့ ဒီထက်ကောင်းတဲ့ နည်းလမ်းတစ်ခုတော့ ရှိရဦးမယ်ဆိုတာ အစ်မ သိနေသလိုပဲ။ အစ်မ အသက်ပဲ ၃၃ နှစ်တောင် ရှိနေပြီလေကွယ်'

'ဟင်…အစ်မက ၃၃ နှစ်'

ကျွန်တော့်အဖို့ သူမကို ကြည့်ရသည်မှာ ၂၅ နှစ်လောက်ဟု ထင်နေမိသည်။

'အင်း…သူ့ထက် အစ်မက ပိုကြီးမှန်း သိသာပါတယ်' ဟု သူမကပြောသည်။

ညစာစားပြီးနောက် ဘူတာရုံသို့ နှစ်ယောက်သား ခြေကျင်လျှောက်လာခဲ့ကြသည်။

'ညစာလိုက်ကျွေးတာ ကျေးဇူးပါရှင်၊ ဒီလိုမျိုး ကိုယ့်အကြောင်းကို မပြောဖြစ်တာ ကြာလှရော။ သူ သိမှာပါ။ အစ်မမှာ သူငယ်ချင်းမိတ်ဆွေဆိုလို့ ရှိကိုမရှိတာ။ အစ်မ မိဘတွေနဲ့လည်း အမြဲမတွေ့ဖြစ်ဘူးလေ။ ဒီည စကားတွေအများကြီး အစ်မပြောခဲ့တာပဲနော်၊ ဟုတ်တယ်ဟုတ်။ သူ နားငြီးသွားလားဟင်' ဟု အိမ်မြှောင်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

ညအမှောင် သွားလာနေကြသူများ၊ လေ၊ အဆောက်အဦ မြင့်မြင့်ကြီးများ၏ ပြတင်းပေါက်များ၊ ထွက်ခွာသွားသော ရထားတစ်စင်း၏ တဖြည်းဖြည်း တိုးဝင်ပျောက်ကွယ်သွားသော အချက်ပေးခေါင်းလောင်းသံ၊ အိမ်မြှောင်၏ လေးနက်သည့် စကားလုံးများ၊ မျက်လုံးနက်နက်တစ်စုံ။

"အစ်မနဲ့ ထပ်တွေ့ချင်သေးတယ်ဗျာ" ဟု သူမလက်ကို ဆုပ်ကိုင်ရန် လက်ကို လှမ်းရင်း ကျွန်တော်ပြောလိုက်သည်။

အို . . . ဘုရားသခင်။ သူမလက်ကို ထိပါရစေ။ ထိခွင့်မရရင် ကျွန်တော် တစ်ခုခု လုပ်မိတော့မည်။ ကျွန်တော် အရူးအမူးဖြစ်နေပြီ။ ကျွန်တော့်စိတ် အရိုင်းဆန်နေပြီ။ ထို့ကြောင့် ကျွန်တော် လက်လှမ်းလိုက်သည်။ သူမလက်ကို ထိလိုက်သည်။ ထိကြည့်ရုံလေးမျှသာ။

ထိုအခိုက်အတန့်မှာ ကျွန်တော် ဘယ်လောက်တောင် ခံစားသွားခဲ့ရသလဲဆိုတာ အပိုတွေပြောနေခြင်း မဟုတ်ပါ။ ကျွန်တော်တို့ နှစ်ယောက် ဇာတ်လမ်းအစလျှင် ထိုညမှာပင် ချစ်တင်းနှော လိုက်မည့်ဇာတ်လမ်းကို သိထားသည့် တွေ့ဆုံပုံမျိုး မဟုတ်ပါ။ အိမ်မြှောင်နှင့် တွေ့လိုက်သည့်အခါတွင် ကျွန်တော့်စိတ်ထဲ၌ သူမခန္ဓာကိုယ်ကို ပွတ်သပ်ပေးချင်စိတ်၊ နမ်းရှုပ်ချင်စိတ်၊ ပွေ့ဖက်ထားချင်စိတ်၊ ချစ်မှုကိစ္စပြုချင်စိတ်များ တဖွားဖွား ပေါ်ပေါက်နေပါသည်။ စိတ်ထဲမှာ ဘယ်လိုဖြစ်နေဖြစ်နေ ကိစ္စမရှိပါ။ ကျွန်တော့်အနားမှာ သူမကို ရှိနေစေချင်ရုံလေးဖြစ်သည်။ အိမ်မြှောင်မှလွဲ၍ တခြား ဘယ်သူမျှ မရှိစေချင်ပါ။ ထိုသို့ တွေးလိုက်သည့်အခါ ချက်ချင်းပင် မျက်ရည်များ ဝဲလာသည်။ အိမ်မြှောင်ကို ရူးရူးမူးမူး လိုချင်နေမိသည်။

"အင်း၊ တို့လည်း ဒီလိုမျိုး တွေ့ရတာ ကြိုက်တယ်" ဟု ပြောပြီး ကျွန်တော့်အား သူ့ဖုန်းနံပါတ်ပေးပါသည်။

ထို့နောက် သူမသည် နောက်ဘက်သို့ ပြန်လှည့်မကြည့်တော့ဘဲ လှေကားထစ်များပေါ်တက်ကာ ဘူတာရုံဆီသို့ လျှောက်သွားသည်။ ထို့နောက် လှေလှိုင်းလုံးကြီးထဲတွင် အိမ်မြှောင်

အတွက် လိုင်စင်ရဖို့ ကျောင်းပြန်တက်ရသည်။ သူမသည် တရုတ်နိုင်ငံတွင် ခြောက်လကြာမျှ တရုတ်အပ်စိုက်ကုဆေးခန်းတွင် အလုပ်သင်အဖြစ် ဝင်လုပ်သည်။ ထို့နောက် ဂျပန်သို့ ပြန်လာကာ ကိုယ်ပိုင်အရှေ့တိုင်းအပ်စိုက်ကု ဆေးခန်းကို ဖွင့်သည်။ ဆေးခန်းမှာ ခမ်းခမ်းနားနား မဟုတ်သည့်တိုင် အလွန်အောင်မြင်သည်။ အချိန်တိုလေးအတွင်းမှာပင် ဆေးခန်း၌ သူမအား ကူညီရန် လက်ထောက်တစ်ယောက်ထားနိုင်ခဲ့သည်။

ကမ္ဘာအနှံ့အပြားမှ လူနာများသည် အိမ်မြှောင်ကို တွေ့ရန် တရုတ်အပ်စိုက်ဆေးကုခန်းသို့ နေ့စဉ် ရောက်လာကြသည်။ အများစုမှာ အခြေအနေဆိုးသူများဖြစ်ကြပြီး သူတို့သည် အိမ်မြှောင့်နာမည်ကို တစ်ဆင့်စကားဖြင့် ကြားခဲ့ကြကာ သူတို့၏ နောက်ဆုံးမျှော်လင့်ချက်အနေဖြင့် သူမဆီ ရောက်လာခဲ့ခြင်းဖြစ်သည်။ လူနာများ ပိုများလာသည့်တိုင် အိမ်မြှောင်၏ ကုသမှု စွမ်းရည်မှာ ယုတ်လျော့သွားခြင်းမရှိချေ။ သို့ရာတွင် မှ သူမသည် ခါတိုင်းထက်

သည့်အခါ ကျွန်တော့် အံ့အားသင့်နေမိသည်။ ဆေးခန်းမှာ အရောင်မွဲခြောက်ခြောက်နှင့် ဟာလာဟင်းလင်း ဖြစ်နေသည့်အတွက် ဆရာဝန်တစ်ယောက်၏ အလုပ်ခန်းဟုပင် မထင်ရပေ။

ကျွန်တော် သူ့ဆေးခန်းထဲဝင်လာသည်ကို အိမ်မြှောင် အနေဖြင့် ထူးခြားပုံမရပါ။ သူမလုပ်လက်စ အလုပ်ကို တိတ်တိတ်ဆိတ်ဆိတ် လုပ်နေပါသည်။ ထို့အတွက် ကျွန်တော့်အဖို့ အလွန်ထူးဆန်းနေပါသည်။ ခုတင်နံဘေးက သူမအပြုအမူသည် ကျွန်တော့်အပေါ်၌ နှုတ်ဆိတ်နေပါသည်။ သို့ရာတွင် လူနာများကိုမူ စကားအနည်းငယ်ပြောပါသည်။ ရောဂါသိပ်မသည်းသည့် လူနာတွေသည် သူမဆေးခန်းကို တစ်ခေါက် နှစ်ခေါက်သာ ရောက်လာပြီး ဘာကြောင့် နောက်ထပ် မလာတော့သည်ကို ကျွန်တော် တွက်ဆကြည့်မိပါသည်။ ဆရာဝန်တချို့ လက်လျှော့လိုက်သည့် လူနာများသည်သာ အိမ်မြှောင့်ဆေးခန်းမှာ ရှိနေကြခြင်းဖြစ်ပါသည်။ လူနာများ၏ နာကျင်မှုနှင့် ထိတ်လန့်မှုတို့ကို ကုသပေး

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်မှာ မိုးတိမ်တွေထက်
ပိုမြင့်ပြီး မိုးကောင်းကင်မျက်နှာကြက်
ပြာနှမ်းနှမ်းကြီးထဲအထိ
ထိုးဖောက်ဝင်ရောက်သွားတယ်လို့
ထင်ရလောက်အောင် မြင့်မားဝေသီလှတဲ့
တောင်တန်းကြီးတွေ ရှိနေကြတယ်။ သူတို့
ဘာကြောင့်ရှိနေကြသလဲ၊
ရှိလာကြသလဲဆိုတဲ့ မေးခွန်းကို ခင်ဗျား
ဘယ်လိုဖြေမှာလဲ။ ခင်ဗျားကတော့
အများတွေးသလိုတွေးပြီး 'တောင်တန်း
ကြီးတွေကို သဘာဝတရား
မိခင်ဖန်တီးရှင်ကြီးက
ဩကာသလောကရဲ့ အဆင်တန်ဆာ အလှအပအတွက် မွေးဖွား
ထားတာပါ'လို့ ကဗျာဆန်ဆန် ဖြေချင်ဖြေမှာပေါ့။ သဘာဝ
သိပ္ပံသမားတွေကတော့ ခင်ဗျားဖြေသလိုမျိုး ဖြေမှာ မဟုတ်ကြ
ဘူး။ 'မြေကမ္ဘာရယ်လို့ ဖြစ်တည် ပေါ်ပေါက်လာပုံဟာ အစီ
အစဉ်တကျ မရှိလှပါဘူး။ သဘာဝတွက်ဖြစ်စဉ်မှာ ကြိုတင်
စီစဉ်ထားတဲ့ ဒီဇိုင်း မရှိဘူး။ ရုတ်တရက် ဖန်တီးလိုက်တဲ့
Automatism ပန်းချီကားတစ်ချပ်လို ဆေးရောင်မျိုးစုံက အချင်း
ချင်း တွန်းထိုးလှုယက်ပြီး နေရာဝင်ယူသွားကြတာပါပဲ။ နိမ့်တဲ့
အပိုင်းဟာ သမုဒ္ဒရာတွေဖြစ်လာကြတယ်။ မြင့်တဲ့အပိုင်းဟာ
တောင်တန်းတွေဖြစ်လာကြတာ'လို့ သူတို့က ဖြေချင်ဖြေမှာ။

စိတ်ကူးယဉ်ဝါဒကို အမိအရ ဖက်တွယ်ထားကြတဲ့
ဘာသာရေးယောင်ယောင် ပုဂ္ဂိုလ်တွေကတော့ 'တောင်ကုန်း၊



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တောင်တန်း၊ တောင်စွယ်၊ တောင်ထွတ်မှန်သမျှကို ဖန်ဆင်းရှင်က အနုစိတ်အကွက်ချပြီးမှ ဖန်ဆင်းတည်ဆောက်လိုက်တာ။ ဖန်ဆင်းရှင်ဟာ အနုပညာသည်တစ်ယောက်လည်း ဖြစ်တယ်ဆိုတာ ဂျပန်က ဖူဂျီတောင်ကြီးကိုပဲ ကြည့်ပေတော့။ ဘယ့်ကလောက် လှပဝင့်ကြွားနေသလဲ။ ဘယ့်ကလောက် တည်ငြိမ်ခံ့ညားမှုရှိနေသလဲ။ ဘယ့်ကလောက် ရိုသေပျပ်ဝပ်စရာ၊ ဦးခိုက်ကြည်ညိုစရာသွင်ပြင်ရှိနေသလဲ' လို့ လေးနက်တဲ့ လေသံနဲ့ ဆိုကောင်းဆိုမယ်။

ကျွန်တော့်ရဲ့ တင်ပြယူဆချက်ကတော့ တစ်မျိုးပါ။ ကမ္ဘာပေါ်မှာ မြင့်မားဝေသီတဲ့ တောင်တန်းတောင်ထွတ်ကြီးတွေ ရှိနေကြတာဟာ 'ဟော့ မင်းတို့လို ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်ပြီး နှာခေါင်းနှစ်ပေါက်နဲ့ အသက်ရှူကြတဲ့ အခြေနှစ်ချောင်းသတ္တဝါတွေ ငါ့ဦးခေါင်းပေါ်အထိ တက်နိုင်ကြရဲ့လားဆိုတာ သိချင်စမ်းလှသကွာ' လို့ အဲသည်တောင်တန်းကြီးတွေက ကျွန်တော်တို့ မနုဿလူသားတွေကို စိန်ခေါ်နေကြတာပါပဲ။ သူတို့ရဲ့ စိန်ခေါ်ချက်ကို ရှေးရှေးကတော့ ကျွန်တော်တို့ မတုံ့ပြန်နိုင်ခဲ့ကြဘဲ သူတို့ကို ကြောက်ကြောက်လန့်လန့်နဲ့ 'အရှင် သေလာစိုး နတ်မင်းကြီးတို့ကို အကျွန်ုပ်တို့ ပူဇော်ဆည်းကပ်ပါတယ်' ဆိုပြီး အရိုအသေပြုခဲ့ကြတာကလား။

အဲသလို ရှေးရှေးက

a&Sa&S
t pGm
vu &S
acwbpf xd
raysnufysif
cdo ;bJ
awmjfriBD
awGkd
½kd $kd
u kdf½kdfwkd
"av [m
wnfwhl
pjGaew, f
wjcm;Ekdf awG
ukdwnh
cP arkmyg
u Rfawmfwkd
ci Ason;wkdU
wkdfyn fqyJ
Mln h

အစွဲဟာ လက်ရှိခေတ်သစ်အထိ မပျောက်ပျက်ခဲ့သေးဘဲ တောင်မြင့်ကြီးတွေကို ရိုကျိုးကိုင်းရှိုင်းတဲ့ဓလေ့ဟာ တည်တံ့စွဲမြဲနေတယ်။ တခြားနိုင်ငံတွေကိုတော့ ခဏ မေ့ထားပါ။ ကျွန်တော်တို့၊ ခင်ဗျားတို့ရဲ့ တိုင်းပြည်မှာပဲကြည့်။ ပုပ္ပါးတောင် ဆိုရင် နတ်အပေါင်းတို့ ပျော်စံရာ မြင့်မြတ်တဲ့ ဘုံဗိမာန်ကြီးတစ်ခုလို သဘောထား ယုံကြည်ကြတဲ့ လူတွေ ဒုနဲ့ဒေး။ နိုင်ငံတွင်း တခြားနေရာက တောင်ကုန်း တောင်တန်းအမြင့်ပိုင်းတွေမှာလည်း နတ်ကွန်းကလေးတွေ ပူဇော်ထားတာကို တွေ့ရမှာပဲ။

တစ်ချိန်တည်းမှာပဲ တောင်မြင့်တောင်ထွတ်တွေကို ပူဇော်တဲ့သူက ပူဇော်နေကြပြီး တောင်ရဲ့ အထွတ်အဖျားဆီအထိ မရောက်ရောက်အောင်ဖွဲနပဲနဲ့ ကုတ်ကတ်တွယ်တက်နေကြတဲ့ လူတွေ တစ်ကမ္ဘာလုံးမှာ ထောင်သောင်းချီပြီးရှိနေကြတယ်။ တောင်တက်တာကို အားကစားနည်းတစ်ရပ်အဖြစ် သတ်မှတ်ပြီး တောင်တန်းပေါများတဲ့ နိုင်ငံတွေမှာ တောင်တက်အသင်းတွေ ဖွဲ့စည်းထူထောင်ထားကြတယ်။ ချုပ်ပြောရရင်တော့ တောင်တန်းတောင်ထွတ်တွေ ရှိနေကြပြီဆိုရင်တော့ လူက တောင်ထိပ်ပေါ်ရောက်အောင် တက်နိုင်ဖို့ မဖြစ်မနေ လိုအပ်လာပြီ။ တောင်တွေရဲ့ စိန်ခေါ်သံကို လူက တုံ့ပြန်နိုင်ရမယ်။ တုံ့ပြန်ပုံက ရိုးရိုးလေးရယ်။ တောင်ထိပ်ပေါ် အရောက် တက်သွားပြီး တောင်ထိပ်မှာ 'ငါအောင်နိုင်ခဲ့ပြီ' ဆိုတဲ့ ကမ္ဗည်းစာတန်းပါတဲ့ အောင်လံကလေးကို မိမိရရ စိုက်ထူထားဖို့ပါပဲ။

ကျွန်တော်ဟာ တောင်တက်သမားတစ်ယောက်ပါ။ မြေပထဝီပေါ်မှာ အခြေစိုက်ထားကြတဲ့ ကျောက်သားကျောက်ထည်တောင်သေလာကြီးတွေကို တက်တဲ့၊ အားကစားနွယ်တဲ့ တောင်တက်သမားတော့ မဟုတ်ပေဘူး။ ဆင်းရဲနိမ့်ကျတဲ့ ဘဝချောက်နက်ထဲကနေ တွင်းနှုတ်ခမ်းပေါ် တွယ်တက်ခဲ့ပြီး အဲသည်ကမှ လူကုံထံဆိုတဲ့ လောကီချမ်းသာတောင်တန်း တောင်ထွတ်ထိပ်ဖျားကို တက်ဖို့ ကြိုးစားအားထုတ်နေသူ လူငယ်တစ်ဦးမျှသာ ဖြစ်ပါတယ်။ ကျွန်တော့်နာမည် မိုးသက်အောင်လို့ ခေါ်ပါတယ်။

စကားစပ်မိလို့ တောင်နဲ့ ပတ်သက်တာ၊ တောင်တက်သမားနဲ့ ပတ်သက်တာတွေ ပြောရပါဦးမယ်။

ကမ္ဘာပေါ်မှာ အမြင့်ဆုံးတောင်ထိပ်ဟာ ဧဝရက် (Everest)ဆိုတာ ဗဟုသုတလိုက်စားတဲ့ မူလတန်းကျောင်းသားကလေးတောင် သိပါတယ်။ ဧဝရက်ဟာ နီပေါနိုင်ငံ ဟိမဝန္တာတောင်တန်းမှာ တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်ကနေ ပေပေါင်း ၂၉၀၂၈ မြင့်ပါသတဲ့။ တောင်တက်ကျွမ်းကျင်သူတွေ ပေါ်ထွန်းလာခဲ့တဲ့ ၁၈ ရာစုကစ,လို့ တောင်တက်သမားတွေ ဧဝရက်ကို မျက်စောင်းထိုးနေခဲ့ကြပါလိမ့်မယ်။ ဧဝရက်တောင်ထိပ်ကလည်း သူတို့ကို လက်ခမောင်းခတ်ပြီး စိန်ခေါ်နေပြီမဟုတ်လား။

ကမ္ဘာရဲ့ တခြားဒေသတွေက မြင့်ပါပေ့ဆိုတဲ့ တောင်ထိပ်အားလုံးကို တောင်တက်သားချန်ပီယံတချို့ တက်ပြီးခဲ့ကြ၊ အောင်နိုင်ပြီးခဲ့ကြပြီ။ 'တောင်ကြီးဖဝါးအောက်' ဆိုတာ တောင်တက်သမားတွေရဲ့ ကြွေးကြော်သံပါ။ သို့ပေမဲ့ ဧဝရက်တောင်ထိပ်ကို တက်နိုင်ဖို့ သူတို့ အသက်၊ သွေး၊ ချွေး ရင်းနှီးပြီး အချိန်ယူစောင့်ဆိုင်းခဲ့ကြရတယ်။ သူတို့ လက်



www.burmeseclassic.com

www.burmeseclassic.com

လျှော့ကြမှာ မဟုတ်ဘူး။ တစ်ဗိုလ်ကျ တစ်ဗိုလ်တက် စနစ်နဲ့ သူတို့ တောင်ထိပ်ကို မရောက်ရောက်အောင် တက်ကြရတော့မယ်။ သည်လိုနဲ့ ၁၉၅၃ ခုနှစ်ကျခါမှ တောင်တက်သမား ဥရောပသား Hillary နဲ့ နီပေါနိုင်ငံသား လမ်းပြ Tensing ဆိုသူတို့နှစ်ယောက်ဟာ ဧဝရက်တောင်ထိပ်ကို ပထမဆုံးအကြိမ် ခြေချနိုင်တဲ့ မဟာလူသားများအဖြစ် ရောက်ရှိသွားကြပါတယ်။ သူတို့ဖြတ်သန်းရာ တောင်တက်လမ်းတစ်လျှောက်မှာတော့ မအောင်မြင်ခဲ့ကြတဲ့ တောင်တက်သမားတွေရဲ့ အရိုးစုတွေ ဖွေးဖွေးလှုပ်နေခဲ့ပါလိမ့်မယ်။ အရိုးစုပိုင်ရှင်တွေဟာ ပျံသန်းရင်း သေကြတဲ့ ငှက်တွေလိုပါပဲ။

ကျွန်တော်ကတော့ ပျံရင်း မသေချင်ဘူး။ တိုက်ရင်း မကျဆုံးချင်ဘူး။ တောင်ထိပ်ကို အရောက်တက်ပြီး အောင်လံစိုက်ထူချင်တဲ့လူမျိုး။ အောင်လံစိုက်ထူ နိုင်ခြင်းဟာ ကျွန်တော့်ဘဝရဲ့ အဆုံးသတ်ပြီးပြည့်စုံခြင်းပဲ။ ပြီးပြည့်စုံအောင် အားထုတ် ကြိုးပမ်းခြင်းဟာ ကျွန်တော့်ဘဝရဲ့ အဓိပ္ပာယ်ပဲ။

အထက်မှာ ကျွန်တော် ပြောပြခဲ့တဲ့ ဧဝရက်တောင်ထိပ်နဲ့ ပတ်သက်တဲ့အကြောင်းတွေကို ကျွန်တော့်ရဲ့ အင်္ဂလိပ်စာကျူရှင်ဆရာ(…)က ကျွန်တော့်ကို ဥပမာအဖြစ် သွန်သင်လမ်းညွှန်ခဲ့တာပါ။ အဲသည်တုန်းက ကျွန်တော် ၁၀ တန်းတက်နေတုန်း။ ၁၀ တန်းစာမေးပွဲ ၂ နှစ်ဆက်ကျတဲ့အတွက် ကနေ့အထိ ကျွန်တော် တောင်ထိပ်ပေါ်မရောက်နိုင်တော့ဘဲ လမ်းခုလတ်မှာ သောင်မတင် ရေမကျဖြစ်နေတယ်။ ကျွန်တော် ဇွဲမလျှော့ဘူး။ တောင်ထိပ်ကို မရောက်ရောက်အောင် ပြန်တက်ဦးမှာ။ ၁၀ တန်းအောင်ဖို့ ပြောနေတာ မဟုတ်ဘူး။ ၁၀ တန်းထက်မြင့်တဲ့ တောင်ထိပ်ကို တက်မှာပါ။ နေဥစ္စာကြွယ်ဝချမ်းသာမှုဆိုတဲ့ ရွှေတောင်ထိပ်ပေါ့။ ၁၀ တန်းပညာက ကျွန်တော့်အတွက် အရေးမကြီးတော့ပါဘူး။ မြန်မာနိုင်ငံက အချမ်းသာဆုံးဆိုတဲ့ မြန်မာနိုင်ငံသားတွေထဲမှာ ၁၀ တန်းမအောင်တဲ့သူတွေ တစ်ပုံကြီးရှိတယ်ဆိုတာ ချမ်းသာဖို့ စိတ်ကူးရှိကြတဲ့ လူငယ်တိုင်း သိထားသင့်ပါရဲ့။

ကျွန်တော့်ဖေဖေ ဦးရွှေမိုးဟာ မေမေနဲ့ မညားခင် လူပျိုဘဝက ကားဒရိုင်ဘာပေါ့။ မေမေနဲ့ညားပြီးတော့လည်း ကားဒရိုင်ဘာပဲ။ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေ လူလားမြောက်လာတော့လည်း ဖေဖေဟာ ကားဒရိုင်ဘာဘဝမှာပဲ ကျောက်ချထားတာ။

ဖေဖေက ခေတ်ပညာ သိပ်မတတ်ပေမဲ့ ကားမျိုးစုံကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တယ်။ ကားပြင်တဲ့မော်တော်မက္ကင်းနစ်ပညာကိုလည်း တော်တော်လေး တီးမိခေါက်မိရှိတယ်။ ကျွန်တော်က ဖအေတူသားဆိုတော့ ၁၄ နှစ်သားလောက်ကတည်းက ဖေဖေမောင်းတဲ့ တိုယိုတာ ဟိုင်းလပ် ပစ်ကပ်ကားကို မောင်းတတ်နေတယ်။ ဖေဖေက ကားမောင်းသင်ပေးပေမဲ့–

"မင်း ကားမောင်းတတ်ဖို့ပဲ လိုတယ်။ သူများကားကို အငှားမောင်းရတဲ့ မပိုင်ဝက်မွေး လခစားဒရိုင်ဘာတော့ ဖြစ်ဖို့မလိုဘူး။ သူများကားကို လခစားဒရိုင်ဘာဘဝနဲ့ မောင်းရတဲ့ကောင်ဟာ လူစင်စစ်က စက်ရုပ်ကြီးဖြစ်တော့တာပဲ။ ဖေဖေ့ကိုကြည့်၊ ဖေဖေဟာ ကားပေါ်ရောက်တာနဲ့ စက်ရုပ်ကြီးဖြစ်သွားကရော"

လို့ ဖေဖေက ကျွန်တော့်ကို သတိပေးဆုံးမခဲ့ပါတယ်။ မှန်ပါတယ်။ ကျွန်တော်ကလည်း ဒရိုင်ဘာစက်ရုပ်တော့ လုပ်မစားချင်ပါဘူး။ ကျွန်တော်ပြောပြီးပြီလေ။ ကျွန်တော်က တောင်တက်သမား။ ဟို…တောင်ထိပ်အမြင့်ကြီး အထိတက်မှာ၊ တောင်ထိပ်မှာ ကြာပင်ပေါက်၊ ကြာပန်းပွင့်ပြမယ့်ကောင်။ သားသမီးများတဲ့ ကားဒရိုင်ဘာတစ်ယောက်ရဲ့ သားအကြီးဆုံးဘဝဟာ ဆင်းရဲပါတယ်လို့ ပြောပြစရာလိုသေးလို့လား။

ကျွန်တော့်ရဲ့ မွေးရာပါ ဘုရားပေးတဲ့ ဆုလာဘ် အရည်အချင်းကတော့ ယောကျ်ားပီပီသသနဲ့ ရုပ်ဖြောင့်တယ်။ ရှေးစကားနဲ့ ပြောရရင် "ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်"ပေါ့။ ဒါပေမဲ့ ကျွန်တော်က "စော်မပွေဘူး"။ နှမချင်း၊ အစ်မချင်း ကိုယ်ချင်းစာတယ်။ အိမ်ထောင်ပြုမိမှာစိုးလို့ ရည်းစားမထားဘူး။ မိန်းကလေးတစ်ယောက်က ကျွန်တော့်ကို လာငြိမယ်လို့ ဟန်ပြရင် ကျွန်တော် ဝေးဝေးက ရှောင်တော့တာပဲ။ အဲသလို ရှောင်ရင်းတိမ်းရင်းနဲ့ ကျွန်တော့်အသက်က ၂၄ နှစ်ထဲဝင်လာပြီ။ ၁၀ တန်းလည်း မအောင်ခဲ့ဘူး။ အလုပ်အကိုင်လည်း မည်မည်ရရ မရှိသေးဘူး။ ကားပစ္စည်းပွဲစားလိုလို၊ တရားမဝင် ခိုးမောင်းရတဲ့ ကြားပေါက်တက္ကစီဒရိုင်ဘာလိုလို ယောင်ခြောက်ဆယ်ဖြစ်နေတယ်။

ကံဆိုးပုံကတော့ ဖေဖေဟာ သည်နှစ်ပိုင်းမှာ ဆီးချိုရောဂါ ရုတ်တရက်ပေါ်လာပြီး ဒရိုင်ဘာဘဝကို လက်ပြနှုတ်ဆက်ရတော့မလို ဖြစ်လာတယ်။ ဖေဖေ နောက်ဆုံး ၅ နှစ်လုံးလုံးမောင်းနေခဲ့တာက စက်မှုလုပ်ငန်းပိုင်ရှင် ဦးဘုန်းအောင်စီးတဲ့ လက်ဇပ်ဇိမ်ခံကားကြီးပါ။ အပြောအဆိုရည်မွန်၊ အနေအထိုင်သပ်ရပ်၊ ကားမောင်းကျွမ်းကျင်တဲ့ ဖေဖေ့ကို ဘောစိ ဦးဘုန်းအောင်က အရမ်းသဘောကျတယ်။ လခအပြင် မကြာခဏ အပိုဆုကြေးတွေပေးတတ်တယ်။ ဖေဖေက အိမ်မှာ တစ်ခါတလေ ပြောတယ်။

"ဦးဘုန်းအောင်ရဲ့ ကားကိုမောင်းရတာ ဘုရားသခင်ရဲ့ကားကို မောင်းရသလိုပါပဲကွာ။ ဇရာမသူဌေးကြီးဆိုပေမဲ့ မာန်မာနနှမ်းစေ့လောက်တောင် မရှိဘူး"

"သူဌေးကတော်တွေ၊ သူဌေးရဲ့ သားသမီးတွေကကော ဘယ်လိုလဲ၊ သူဌေးကြီးလိုပဲ သဘောကောင်းတာပဲလား"လို့ မေမေက မေး



www.burmeseclassic.com

www.burmeseclassic.com

တယ်။

'သူတို့အကြောင်း တော့ မပြောတတ်ဘူးဟ။ ငါ့ကားကို သူဌေး ဦးဘုန်းအောင်ပဲ အစီးများတယ်။ သူဌေးကတော်တို့၊ သူတို့သားသမီးတွေတို့ ငါ့ကားပေါ်ပါရင် ငါ့အကဲခတ်ကြည့်တယ်။ ခပ်အေးအေးပုံစံတွေပါပဲ။ ပြည့်စုံနေကြလို့ အပူအပင်ကင်းနေကြတာ ဖြစ်မှာပေါ့'

ဖေဖေက သူဌေး ဦးဘုန်းအောင်ကို ကျန်းမာရေးကိစ္စဖွင့်ပြောပြီး ဒရိုင်ဘာနေရာမှာ ကျွန်တော့်ကို လက်ခံဖို့ တောင်းပန်တယ်။ ကျွန်တော်ဟာ ၁၄ နှစ်သားကတည်းက ကားမောင်းတတ်တဲ့အကြောင်း အမှန်အတိုင်းပြောပြတယ်။ သူဌေးက ကျွန်တော့်ကို ခေါ်တွေ့ပြီး အင်တာဗျူးတယ်။ သားနားတဲ့ရုပ်ရည်၊ သပ်ရပ်တဲ့ အဝတ်အစား၊ ရည်မွန်တဲ့ အပြောအဆိုကို ကြည့်ပြီး သူဌေး ဦးဘုန်းအောင်က ပြုံးတယ်။

'မင်းက ကားဒရိုင်ဘာနဲ့မတူဘဲ ဗီဒီယိုမင်းသားပုံပေါက်နေတယ်။ ဘယ်လိုမဆို ကားမောင်းကျွမ်းကျင်ဖို့နဲ့ အကျင့်စာရိတ္တကောင်းရင် ပြီးတာပဲ။ မင်းကတိပေးနိုင်မလား၊ ငါ့ဆီမှာ အလုပ်လုပ်ရင် အရက်နဲ့ မူးယစ်ဆေး ရာနှုန်းပြည့်ကင်းရှင်းရမယ်။ ငါ့ကားမောင်းရတဲ့ အလုပ်ချိန်အတွင်း ဆေးလိပ်လည်း လုံးဝမသောက်ရဘူး။ ငါ တောင်းတဲ့ကတိက အဲဒါပဲ'

'စိတ်ချပါ အန်ကယ်၊ ကျွန်တော် ကတိပေးပါ

aw mif rif h
aw mifk Wfaw Gkd
ylaZnfw bd u
ylaZnfaeMI N,D
aw mif&U
t x Wf zsm,q D
t x d
r a&nu f
a&nu fat mif
ZBy eJ
u kw fu wf
w,Gfw u faeMI w bd
v law G
w pfu r Q;w kHS
ax mifao mifcsM,D
&SeMI w , f

တယ်'

အမှန်ပြောရရင် ကျွန်တော်က တစ်ခါတလေ သူငယ်ချင်းတွေနဲ့ ဝီစကီတို့၊ ဘီယာတို့ ခပ်ပါးပါးသောက်တတ်တယ်။ စီးကရက်လည်း သောက်တတ်တယ်။ သို့သော် ကျွန်တော်က ဘာမဆို ထိန်းနိုင်တယ်။ တောင်တက်နေတဲ့ကာလမှာ အာရုံဝေဝါးလို့ မဖြစ်ဘူး။ တောင်ထိပ်ကိုရောက်ပြီးလို့ ပြန်ဆင်းလာရင်တော့ လောကစည်းစိမ်ခံစားမှာပေါ့လေ။

သည်လိုနဲ့ သူဌေး ဦးဘုန်းအောင်ရဲ့ လက်ဇပ်ကားကြီးကို ကျွန်တော်မောင်းရတယ်။ ဖေဖေ့လစာအတိုင်းပဲရတယ်။

ဖြစ်ပုံကတော့ ကျွန်တော် ကားမောင်းသက် တစ်လသာသာပဲရှိသေးတယ်။ သူဌေး ဦးဘုန်းအောင်ရဲ့ ကျန်းမာရေး ပြိုလဲသွားတာပဲ။ သူက သွေးတိုးကော၊ နှလုံးကောဖြစ်တာ။ သူ့လုပ်ငန်းတွေကို မကြီးကြပ်နိုင်တော့ဘူး။ သို့ပေမဲ့ သူတို့လို စီးပွားရေးသမားတွေမှာက ရုတ်တရက်ဆိုက်ရောက်လာမယ့် ပြဿနာကို ဖြေရှင်းနိုင်ဖို့ ကြိုတင်အစီအစဉ်တွေ ရှိပြီးသား။

စင်ကာပူက တက္ကသိုလ်တစ်ခုမှာ MBA ဘွဲ့ယူပြီး အဲသည်တက္ကသိုလ်မှာပဲ ဆရာမပြန်လုပ်နေတဲ့ သူဌေး ဦးဘုန်းအောင်ရဲ့သမီးအကြီးဆုံး အေးသီတာအောင် ဆိုတာ ဖြန်းစားကြီး ပြန်ရောက်လာတယ်။ သူက ပညာလည်းတတ်၊ ဖခင်ရဲ့စီးပွားရေးလုပ်ငန်းကို နားလည်နေတော့ သူ့ဖအေရဲ့ ကုလားထိုင်မှာ ချက်ချင်း ဝင်ထိုင်လိုက်တာပေါ့။

အေးသီတာအောင်က အသက် ၃၀ ကျော်ကျော် အပျိုကြီးပါ။ အသားဖြူပေမဲ့ အရုပ်ကတော့ ဆိုးမှဆိုး။ နဖူးမောက်မောက်၊ နှုတ်ခမ်းထူထူ၊ နှာတံပွပွ၊ မျက်လုံးကပြူးသေးတယ်။ ကိုယ်လုံးကိုယ်ပေါက်ကတော့ တင်ကြီး၊ ရင်ကြီး၊ ခြေသလုံးကြီးကြီး၊ လက်မောင်းကြီးကြီးနဲ့ တကယ့်ဟဲဗီးပဲ။ အရေးထဲ ပညာမာန်၊ ဓနမာန်တက်နေသလား မသိဘူး။ မျက်နှာထားက သံမဏိမျက်နှာ။

'ဟင်… ဒါ ငါ မလွဲမသွေတက်ရမယ့်တောင်ပဲ'

ကျွန်တော် အံကြိတ်ကြုံးဝါးလိုက်မိတယ်။

'မမီတဲ့ပန်းကို တုံးခုပြီး လှမ်းမှာလား'လို့ မေးချင်ကြမှာပေါ့။ တုံးပဲခုခု၊ တံချူနဲ့ပဲ ချူချူ၊ အပင်ပေါ်တက်ပြီး လက်နဲ့ပဲခူးခူး အဲသည်ပန်းကို အမိအရ ပိုင်ဆိုင်နိုင်ဖို့ပဲ မဟုတ်လား။

အေးသီတာအောင်နဲ့ တွေ့ဆုံ မျက်နှာချင်းဆိုင်ပြီး ပထမဦးဆုံးအကြိမ် စကားပြောဆိုဆက်ဆံရတဲ့အချိန်မှာပဲ ကျွန်တော်တက်ရမယ့်တောင်ဟာ မြင့်ရုံသာမက တောင်ခြေကလည်း ညီညီညာညာမရှိဘဲ ဖုတွေထစ်တွေ၊ အချွန်အတက်တွေ၊ လွှသွားလို ကျောက်စောင်းတွေ တင်းကျမ်းပြည့်နေတယ်ဆိုတာ တွေ့ရတော့ ကျွန်တော် မသိမသာ ရင်မောသွားတယ်။

'ဒီစာရွက်ထဲက စည်းကမ်းတွေကို သေချာဖတ်ပါ။ ဖတ်ပြီးတော့ အလွတ်ကျက်ထားပါ'လို့ အေးသီတာအောင်က အသံအောအောကြီးနဲ့ ပြောပါတယ်ခင်ဗျ။ ကျွန်တော်လည်း ကွန်ပျူတာစာစီထားတဲ့ အေဖိုးစာရွက်ကို ကြည့်ရင်း နည်းနည်းတော့ ကြောင်တိကြောင်တက်ဖြစ်သွားတယ်။ သူက ကျွန်တော့်ကို ဆေးကြော်ငြာစာရွက်ပဲ ပေးသလိုလို၊ ရွှေပေလွှာပဲ ကမ်းသလိုလို၊ ကျူးကျော်နေထိုင်သူကို ရုံးက နှင်ထုတ်တဲ့ နို့တစ်အမိန့်စာရွက်ပဲ လာချသလိုလို ကျွန်တော် ယောင်ချာချာခံစားရတယ်။ 'ဟ…



www.burmeseclassic.com

www.burmeseclassic.com

ဘာတုံးဟ၊ ဘာကြီးလဲ'လို့ တောင် ပါးစပ်က ယောင်ပြီး ထွက်မိမလိုပဲ။

စာရွက်အပေါ်ဆုံးမှာ 'ဒရိုင်ဘာလိုက်နာရန်'ဆိုတဲ့ ခေါင်းစီးကို စ,တွေ့ရတယ်ဗျ။

'အခုပဲ ဖတ်လိုက်ပါ' လို့ ပြောပြီး အေးသီတာအောင်က ကားပေါ်တက်ထိုင်တယ်။ ကျွန်တော်က ကားအောက်မှာရပ်နေရင်း စာရွက်ကိုကြည့်ပြီး ကမန်းကတန်း ဖတ်ကြည့်တယ်။ လက်စသတ်တော့ အေးသီတာအောင်က လေကုန်သက်သာအောင် ပါးစပ်နဲ့မပြောဘဲ စာနဲ့ အမိန့်တွေထုတ်တာပဲ။ ဟင်း… ဘီလူးမကြီး။

ဆေးလိပ်မသောက်ရ၊ ကွမ်းမဝါးရဆိုတာတွေကို ထားတော့။ ကော်လာကတုံး၊ ရှပ်အဖြူလက်ရှည်၊ အရောင်ရင့်ရင့်ချည်ချောပုဆိုးတို့ကို သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ရမည်ဆိုတာတွေကိုလည်း ထားတော့။ ရော်ဘာဖိနပ်မစီးရ၊ ကတ္တီပါဖိနပ်သာ စီးရမည်ဆိုတာကိုလည်း ထားပါတော့။ ဆံပင်ရှည်မထားရ၊ ခေါင်းတုံးရိတ်မထားရဆိုတာတွေကိုလည်း ထားလိုက်ပါတော့။ ဒေါ်အေးသီတာအောင်အတွက် ကားတံခါးဖွင့်ပေးရန်၊ ကားတံခါးပိတ်ပေးရန်ဆိုတာကျတော့ စီးပိုးသံနည်းနည်းပါလာပြီ။ နောက်ပြီး ကားပေါ်တွင် ကားမောင်းနေစဉ် ဒေါ်အေးသီတာအောင်က စကားစ,မပြောမချင်း ဒရိုင်ဘာက စကားပြောခွင့်မရှိဆိုတာကျတော့ ဖိနှိပ်စိုးမိုးပြီး ခွဲခြားဆက်ဆံရာမကျဘူးလားဗျာ။ ကားပေါ်မှ အပြင်သို့ တံတွေးမထွေးရတဲ့။ ခက်တာပဲ။ အီးမပေါက်ရလို့ မပါတာ တော်ပါသေးရဲ့။

ကားထဲမှာ ရေဒီယိုမဖွင့်ရ။ ချောင်းဆိုးလျှင် လက်ကိုင်ပဝါ သုံးပါ။ မလိုအပ်ဘဲ ဘရိတ် Dead-stop မအုပ်ရဆိုတာတွေကိုလည်း ကျွန်တော် နားလည်နိုင်ပါတယ်။ နောက်ဆုံးအချက်ဖြစ်တဲ့ ဒေါ်အေးသီတာအောင် ညွှန်ကြားချက်များကို အစဉ်လိုက်နာပါ။ ဆင်ခြေမတက်ပါနှင့်။ ဆင်ဝှေ့ရန်ရှောင်မလုပ်ပါနှင့်ဆိုတဲ့ ညွှန်ကြားချက်ကတော့ ကျွန်တော့်ကို ကျွန်ဇာတ်သွင်းလိုက်တာပါပဲ။ အင်း… ကျေးပိုင်ကျွန်ပိုင်စနစ်ကြီး ကုန်ဆုံးသွားတာ နှစ်ပေါင်း ၄၀၀၀ ကျော်ပေမဲ့ တချို့နေရာများမှာ သခင်ဆိုတာလည်းရှိတုန်း၊ ကျွန်ဆိုတာလည်း ရှိတုန်းလို့ ကျွန်တော် ဆင်ခြင်သိမှတ်လိုက်ပါတယ်။ အင်း… ဝက်ဖြစ်မှတော့ ချေးကြောက်လို့ မဖြစ်ချေဘူး။

နောက်တစ်ချက်က ဖေဖေကားမောင်းစဉ်ကတည်းက သူဌေး ဦးဘုန်းအောင်ပေးတဲ့ ဒရိုင်ဘာလစာက ထုံးစံထက်များပါတယ်။ နှစ်ပတ်လည်အထိမ်းအမှတ်လက်ဆောင်ပစ္စည်းတွေ၊ ဆုကြေး Bonus တွေလည်း မှန်မှန်ပေးနေတာပဲ။ ဦးဘုန်းအောင်ရဲ့သမီး အေးသီတာအောင်လက်ထက်မှာလည်း သည်အစဉ်အလာကောင်းက ဆက်ရှိနေဦးမှာလို့ ကျွန်တော်ထင်တယ်။ သူတို့စက်ရုံက ဘာပြဿနာမှမရှိဘဲ အောင်မြင်တိုးတက်နေတဲ့ စက်ရုံဆိုတာ စက်ရုံအလုပ်သမားတစ်ထောင်ကျော်ရဲ့ မျက်နှာထားတွေ၊ အမူအရာဟန်ပန်တွေကြည့်ရင် သိနိုင်တာပဲ။ သူဌေးကြီးပွားရင် အလုပ်သမားလည်း ချောင်လည်မှာပဲ။ ရေမြင့်ကြာမြင့်ပေါ့။ ကျွန်တော် သည်လိုပဲ နားလည်ထားတယ်လေ။

အေးသီတာအောင်ကို ကားမောင်းပို့ဆောင်ပေးရတဲ့ အလုပ်က ၁၀ ရက်လောက်အထိတော့ အေးဆေးပဲ။ အိုကေပဲ။ ဒါကလည်း သူ့စည်းကမ်းအတိုင်း ကျွန်တော်က လိုက်နာနေခဲ့ပေသကိုး။ 'သခင်အားရ ကျွန်အစာဝ' ဆိုတာ ဒါမျိုးပေါ့။ အလုပ်သမားဟာ ထမင်းဝဝစားချင်ရင် အလုပ်ရှင်ကို မရှက်မကြောက် (မရှိသေ့စကား) ဖင်လျက်ဆားဖြူးလုပ်။ အဆင်ချောနေမှာပဲ။ ကိုယ့်မိသားစုက စားဝတ်နေရေးပြေလည်နေမှာပဲ။ ကျွန်တော်တို့ မိသားစုက ဒရိုင်ဘာလုပ်ခလစာပေါ် မှီခိုနေကြရတာမဟုတ်လား။ ပြီးတော့ ဘာမှပင်ပန်းတဲ့အလုပ်မှ မဟုတ်တာဘဲ။ သိန်းထောင်ကျော်တန်ကားကို လမ်းကောင်းတဲ့ ရန်ကုန်မြို့တော်ဧရိယာထဲမှာပဲ မောင်းရတာ။ တကယ့်ကို အေးဆေးတဲ့အလုပ်။

ကားရပ်ပြီးတော့ ကျွန်တော်က အရင်ဆင်း၊ တစ်ဘက်ကိုကွေ့လျှောက်ပြီး အေးသီတာအောင်ရဲ့ တံခါးကို ဖွင့်ပေးရင်း ဘေးမှာ အသာရပ်နေတယ်။ အေးသီတာအောင်က သူ့ကိုယ်လုံးကို ရွှေ့ယူရင်း ခပ်လောလောလှမ်းဆင်းတယ်။

'ဟယ်'လို့ မအော်စဖူး ခပ်တိုးတိုးမြည်ဟလိုက်တဲ့ အသံဟာ ကျွန်တော့်နားထဲမှာတော့ ဗုံးကွဲသလိုပဲ။ ကျွန်တော်က ကားရပ်နေကျနေရာ မြက်ခင်းပေါ်မှာ ရပ်တာပါ။ ဘာများဖြစ်သွားလို့လဲ။

'အိုး… ကြည့်စမ်း၊ ချွေးချေးတွေ…'ဆိုတဲ့ အသံကတော့ စူးစူးရှရှနဲ့ တုန်ယင်နေတယ်။ ဟုတ်ပဗျာ၊ သူ့ခြေတစ်ဖက်က ဘယ်လိုကဘယ်လိုရှိလာမှန်းမသိတဲ့ မခြောက်တခြောက် ချွေးချေးပုံပေါ် နင်းမိလျက်သားဖြစ်နေတယ်။ သူ့ဖိနပ်ဖြူဖြူကလေးလည်း ညစ်ပတ်သွားပြီ။ သိန်းကျော်တန်ဖိနပ်လည်း ချွေးလေချွေးလွင့်အညစ်အကြေးကို နမ်းသွားရပြီပေါ့။

ကျွန်တော် ဘာလုပ်ပေးရမလဲ။

ပထမဆုံး ရေတစ်ပုံး နဲ့ အဝတ်စုတ်တစ်ခု သွားရှာရပါတယ်။ ညွှန်ကြားချက်အတိုင်းပေါ့။ ကားကိုမှီပြီးရပ်၊ ချွေးချေးနင်းမိတဲ့ ခြေထောက်ကို ရှေ့ထုတ်ထားတဲ့ အေးသီတာအောင်ရဲ့ ဖြူဖြူဖောင်းဖောင်း ညာဘက်ခြေခုံ၊ ခြေဖမိုး၊ ခြေချောင်းတွေပါမကျန် ညာဘက်ခြေထောက်အောက်ပိုင်းတစ်ခုလုံးကို သန့်ရှင်းရေးလုပ်ပေးရတာပေါ့။ အိုဗျာ… ဖိနပ်လည်း ပါတာပေါ့ဗျ။ သိန်းကျော်တန်ဖိနပ်ဖြူဖြူကလေးကိုလည်း ပြောင်စင်သွားအောင် ဆေးကြောပေးရတာပေါ့။ ■

ကျူးနှစ်



www.burmeseclassic.com

www.burmeseclassic.com

၁။

'ကျုပ်တို့ အညာမှာ မင်္ဂလာတစ်မျိုးသာပ၊ အဟုတ်ဗျို့၊ မှေတာ
အစဉ်အလာ မညှိုးခဲ့ပေဘူ၊ အရိုးသမကျ ရွေးလိုပ၊ အသွားကလည်း
ကျီတစ်ဆောင်။
အမျိုးကလည်း မသေးပေဘူ၊ အဘိုးအဖနှင့်တကွ မေးကြပါတော့၊
တစ်မျိုး ငါ့မြေးဖို့ရယ်လို့...
အိုကွယ် အဘိုးက ပေးလိုက်ပါတဲ့ နွားညီနောင်...'

❑

# အညာမင်္ဂလာဆောင်

## သာပြွန်ကျော်





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၂။

"အဲသဟာကွာ အတော် ခက်သာကိုးကွ၊ ရာညွန့်ရဲ့"

ကျွန်တော် အိပ်ရာမှ မနိုးတတ်သေး၊ ရွာတောင်ထိပ်တွင်နေသည့် ကိုကျီးပို၏ အရင်းမရှိ၊ အဖျားမရှိ အောက်ကလိအာသံကြီးကို သောတဆင်လိုက်ရလေ၏။ သူသည် မိုးလင်းလာလျှင် အရက်နှင့် မျက်နှာသစ်တတ်သူဖြစ်၏။ သူ့၌ အလုပ်ဟူ၍ မည်မည်ရရ ပြောစရာမရှိ။ ဖခင်ထံမှ အမွေရခဲ့သော နွားတစ်ရှဉ်းနှင့် ယာတစ်ကွက်ရှိခဲ့လေရာ မိုးခေါင်သောနှစ်၌ နွားစာရှားသည့်ဒဏ်ကြောင့် စာဥသည် နွားဘဝဝဋ်ဒုက္ခ ငြိမ်းလေတော့၏။ ယခုအခါ ကျန်ရစ်သည့် တစ်ကောင်တည်းသော နွားပြာနီပင်လျှင် စားကျက်မှ မြက်ခြောက်အနံ့ခံ၍ မဝရေစာ အရိုးပေါ်အရေတင် အထီးကျန်ဖြစ်နေရှာလေ၏။ တစ်ဧကမျှရှိသော ယာတစ်ကွက်ကိုမူ ကိုယ်တိုင်မလုပ်နိုင်၊ သီးစားချထားလေ၏။

ဇနီးဖြစ်သူ မလှခင်က မိုးမလင်းခင်ကပင် တောတက်ဖော် ဆွေတစ်သင်းတို့နှင့်အတူ အနောက်ဘက်တောင်ရိုးသို့ သွား၍ မျှစ်ချိုး၊ မှိုရှာ ထွက်ရရှာသည်။ သားဖြစ်သူ ဖိုးစီနှင့် ဟန်သိန်းတို့သည် တောသို့ထွက်ပြီး ကန္တာရသားထင်းခွေရ၏။ သူကမူ အိမ်ထောင်ဦးစီးပီပီ တစ်ကောင်တည်းသော နွားပြာနီကို ဆောင်ယူကာ ရွာတောင်ဘက်ရှိ ကိုစိန်ရှင် ထန်းတဲအနီး မြက်ခြောက်တောတွင် ကြိုးရှည်ရှည်နှင့် လံ၍ထားပြီး ထန်းရည်ခါးသောက်ရင်း

w p&Gv }kv\ G\f S
au mu  \fq ef\k r i f
pm;Ekd\b  l G\n
av ;i gQD u f yk\d
u se\f  d\fax mi f
t  aw mf\n smr smr G\n
q ejy\u fb d m
yy\Jgav u mnQ
ajymi\fq efa&n&m
o \kvl G\jw i f
x r i \fu k\d m
eyf G\at  mi f
r BM\M &u k\ef
o lw \kY
r d mpk  zkY m,
o \kvl G\jw i fk r i f
r q k\d m\b d
ajymi\fx r i \fu k\d
o mv  Q\f
]v n facsmi\fu k\d
ajr v  G\f?
*v k\gl efat  mi f
pkd\l ef ar G\g
\M\l &&G\n

ကျောင်းလေ့ရှိ၏။ နေညိုချိန် တိမ်တောက်လျှင်တော့ သားနှစ်ယောက် ခွေလာသည့် ထင်းနှစ်စည်း အနက် တစ်စည်းကိုရွက်ကာ ရွာအနောက်တောင်ချောင်ရှိ သန်းပိုင်၏ အရက်ဖိုတွင် အရည်ဖျော်လေတော့၏။ သူ့အဖို့ မနက် ထန်းရည်၊ ညနေ အရက် ခွက်ချင်းဆက်နေရလျှင် ထမင်းမေ့ ဟင်းမေ့ ဖြစ်နေတော့၏။

မေ့မည်ဆိုကလည်း မေ့လောက်စရာ အကြောင်းရှိ၏။ ရပ်ဓလေ့၊ ရွာထုံးစံ တစ်ရွာလုံးတွင်မှ ကောက်ဆန်ထမင်းစားနိုင်သူမှာ လေးငါးဦးထက်မပို။ ကျန်အိမ်ထောင် အတော်များများမှာ ဆန်ပြက်သီကာ၊ ပဲပါလေကာမျှ ပြောင်းဆန်ရောရာ သုံးလွှန်းတင်ထမင်းကိုသာ နပ်မှန်အောင် မှီဝဲကြရကုန်၏။ သူတို့မိသားစုအဖို့ကား သုံးလွှန်းတင်ထမင်း မဆိုထားဘိ၊ ပြောင်းထမင်းကိုသာလျှင် "လည်ချောင်းကို မြေလှန်၊ ဂလုံဆန်အောင် စုံကန်၍မျှော" ကြရရှာ၏။ ရုံဖန်ရံခါ မဝတဝရူတင်ကိုပင် ကျင့်ဆောင်ကြရကုန်ရှာသတည်း။

သူ၏ လာရင်းအကြောင်းကိုသိလိုသဖြင့် ကျွန်တော်သည် အိပ်ရာမှ မထသေးဘဲ သူ့စကားအသွားအလာကို နားစွင့်နေမိ၏။

"ခက်ဆို ဟိုလူ ဟန်သိန်းပေါ့လကွာ၊ နှောပင်က ကောင်မလေး ခိုးလာသာဟေ့"

"ဟမ်… မင့်သားကလည်း မခေပ့ါလား၊ အိမ်ရှိတဲ့ သူတွေတောင် ထမင်းနပ်မမှန် ရတဲ့အထဲ၊ လူပိုခေါ်တင်လာရသယ်လို့"

"အေးကွာ၊ ကာလသား ကာလသမီးတွေများ အပြောရအဆိုရတယ်ကျပ်သာကိုးဟ။ အေးလေ သူတို့မှ မနေတော့ တောင်းရမ်းပေးရမှာ ကိုယ့်တာဝန်လေ။ အဲသာကြောင့် မင်းနဲ့ ဆရာ့ကို လူကြီးအရာ ထားပြီး အပ်တောင်းတောင်းဖို့ လာတိုင်ပင်သာ။ မင်္ဂလာဆောင်ပေးဖို့ ရက်ရွေးဖို့ရယ်၊ မင်္ဂလာစကားပြောဖို့ရယ်ကတော့ မင်းနဲ့ ကျောင်းဆရာ တာဝန်ဗျ။ အို… ကျောင်းဆရာ ထတော့ဗျို့၊ အိမ်မှာ အရေးကောင်းနေသာ၊ အင်း တယ်ခက်သကိုး"

ကျွန်တော် မနေသာတော့၊ အိပ်ရာမှ ထ၍ ကပျာကယာသွားတိုက်လိုက်ပြီး စားပွဲတွင်ဝင်ထိုင်ကာ ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်ရင်း-

"ဆိုပါဦး ကိုကျီးပို ရဲ့၊ ခင်ဗျားသား ဟန်သိန်း ဘယ်ကဟာနဲ့ ဘယ်လိုတွေ့ လာရတာတုံး"

ကိုကျီးပိုက သူ့ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း-

"ကောင်မလေးက နှောပင်က မိစိန်တဲ့။ သူက ဆိတ်ကျောင်းရင်း၊ ဆရာ့တပည့်က ထင်းခွေရင်း တွေ့ကြသာ ဆိုပါတော့။ အဲသာ ကလေးမလေးက ဆိတ်အုပ်ကို လူကြုံနဲ့ ရွာပြန်ထည့်ပေးလိုက်ပြီး အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနဲ့ ထွက်လိုက်လာသာတဲ့ဗျို့"

သူက ပြောရင်းမှပင် သက်ပြင်းကို မသက်မသာ ချလိုက်လေ၏။

ဟန်သိန်းသည် လေးတန်းအောင်ပြီးသည်မှာ သုံးလေးနှစ်ခန့်သာ ရှိသေး၏။ ကျောင်းဆက်မထားနိုင်တော့သဖြင့် တောအလုပ် ထင်းခွေ၊ မျှစ်ချိုး၊ ကြံ့ရာကျပန်းလုပ်ပြီး မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေရှာရသူ ဖြစ်သည်။ သူသည် အလုပ်ကြမ်းလုပ်ရ၍ အစားသန်သူဖြစ်သောကြောင့် လူလုံးလူဖန်ကြီးသော ကာလသား



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ကြီးပင် ဖြစ်နေလေတော့၏။ တပည့်၏ မင်္ဂလာရေးဖြစ်၍ ကျွန်တော့်အဖို့ တတ်စွမ်းသမျှ ကူညီပံ့ပိုးပေးရလေတော့မည်။

"နို့… နေပါဦး၊ ကလေးမလေးက မွေးချင်းများသလား"

"ခက်လိုက်သာဗျာ မပြောပါနဲ့တော့၊ သူတို့မှာ မွေးချင်းချည်းပဲ တစ်ကျိပ်လောက်ရှိသာ၊ သူက နို့ညှာဗျ။ အဲသာ ဆရာ့တပည့်နဲ့ မင်္ဂလာဆောင်ပြီးရင်လည်း ကျုပ်တို့အိမ်မှာပဲ သောင်တင်နေမယ့်ကိန်းပေါ့ဗျာ"

ဦးရာညွှန့်က-

"ကျီးပိုရ၊ မင့်မှာလည်း သမီးမိန်းကလေးမရှိတော့ အံကိုက်ဆိုပေါ့ဟ။ ရက်ကတော့ ခုလာမယ့် လပြည့်ကျော်ကိုးရက်က ရက်ရာဇာပဲ။ မြေခံလည်းကောင်းသဗျ။ အကျွေးအမွေးကရော မင်းက ဘယ်လိုစိတ်ကူးထားသတုံး"

ဟု ပြက္ခဒိန်ကြည့်ရင်း မေးလိုက်လေ၏။

"အဲသည်ကိစ္စ တိုင်ပင်ချင်လို့ပေါ့ကွာ။ ငါတို့မယ်လက္ခဏာရှားပါးသာ မင်းလည်းအသိ၊ သူများတကာလိုတော့ ဝက်သားချက်နဲ့ ထမင်းဘယ်ကျွေးနိုင်ပါ့မလဲ။ အဲသာ အမဲသားဆန်ပြုတ်တိုက်ရကောင်းမလားလို့၊ နထိုးသည်အောင်ရင်ဆီက မင်္ဂလာဆောင်ပြီးမှပေး၊ အမဲ ခုနစ်ပိဿာလောက် ယူမယ်ကွာ၊ ဆန်ကတော့…"

သူပြောရင်းမှ တစ်စုံတစ်ခုတွေးကာ သက်ပြင်းချပြီး ရပ်သွားလေ၏။

"ဆန်က တစ်ဒယ်ကို

q efjyKv fao mu f
aeMl ao m
u av ;y&d w f
at mf pf
q h bHuHv n f
w pf csu f w pf csu f
x G fay:
v mv w fao ;\
q efjyKv fk dS
q , f
pGJpf v kd fao m
t r J#kd u kd &i f
&efapmi f
u kd fcdeMl ao m
ac;&efy G kd
EGJ ei f aeo n h
u mv o m;acgif
z kd v kv f
B dfar mi f o H
u kd n f
pn&i fu kdae&i fr S
Ml m;&jy ef

သုံးခွက်၊ ခုနစ်ဒယ်ဆိုတော့ ထားပါ ဆယ့်နှစ်ပြည်။ ဆီက တစ်ပိဿာနဲ့ သုံးအစိတ်သား၊ ကြက်သွန်က ခုနစ်ပိဿာ၊ ဒါမိုင်ကုန်ပဲ။ အဲဒါလည်း မင့်နှမ မယ်သောင်းတို့ဆီက အကြွေး ယူပေါ့ဟ"

ကိုကျီးပိုက ခေါင်းကုတ်ရင်း-

"အဲသာ အတော်ခက်သားကိုးဟ ရာညွှန့်ရဲ့"

ဟု ညည်းတွားလေ၏။

ကိုကျီးပိုနှမ ဒေါ်သောင်းမြသည် ဈေးသည်ဖြစ်၍ ရွာထဲတွင် အတော်အတန် သောင်သာသူဖြစ်သည်။ သို့သော် ကိုကျီးပိုက အရက်မူးလာလျှင် ဆရာဖြစ်သော ကျွန်တော့်ကိုသာ နတ်နေကိုင်းအဖြစ် ချန်၍ ရွာလူကြီး ဦးရာညွှန့်လည်း မနေရ၊ နှမရင်းဖြစ်သူ ဒေါ်သောင်းမြကိုလည်း မချန်၊ ရွာလမ်းတစ်လျှောက် အိမ်ပေါက်စေ့ "မောင်ရာညွှန့်သော မောင်ညွှန့်သော၊ မယ်သောင်းမြသော မယ်မြသော နောဇာနာမိ ငါမသိ"ဟု ပတ်ရမ်းတတ်၊ အော်ဆဲတတ်သူဖြစ်၏။ မမူးသော အချိန်ဆိုလျှင် ရွာလူကြီး ဦးရာညွှန့်အိမ်ရိပ်ကိုပင် မနင်းရဲ၊ နှမဖြစ်သူ ဒေါ်သောင်းမြကလည်း သူ၏ အကျင့်စရိုက်ကို မကြိုက်သဖြင့် သေခန်းဖြတ်ထားလေတော့၏။ ထို့ကြောင့် သူ့နှမထံမှ ဆန်ဆီ၊ ကြက်သွန်တို့ကို မင်္ဂလာဆောင်ပြီးချေ ယူရန် အကြံအိုက်နေပုံရသည်။

"အိုဗျာ၊ မမယ်သောင်းကလည်း ခင်ဗျားကိုသာ မခေါ်မပြောတာ၊ တကယ်တော့ ဟန်သိမ်းက သူ့တူအရင်းပဲဟာ ဘယ်နေပါ့မလဲ၊ ခင်ဗျားကသာ မင်္ဂလာဆောင်ပြီးရင် မဖြစ် ဖြစ်တဲ့နည်းနဲ့ ပြန်ဆပ်ပါ့မယ် ကတိပေး။ ကျုပ် တာဝန်ခံပေးမယ်"

"ဆရာကသာ အာမခံပေးဗျာ၊ ကျုပ်ဖြစ်အောင်ဆပ်မှာ၊ ပြီးတော့ ဆရာ့ကျောင်းက စာသင်ခုံတွေကိုလည်း ငှားဦးဗျ။ မင်္ဂလာစကားကိုလည်း ဆရာနဲ့ ရာညွှန့်ပဲ ပြောပေးရမှာနော်"

ရွာထဲတွင် သာရေးနာရေးရှိလျှင် စာရေးခုံတွဲများကို လာငှားကြလေ့ရှိသည်။ ထိုခုံတွဲများကို မျက်နှာချင်းဆိုင်လိုက်ပါက ဧည့်ခံစားပွဲနှင့် ကုလားထိုင် အဆင်သင့်ဖြစ်သွားလေတော့၏။ ထိုရက်မျိုးတွင် စာသင်ရန်ခုံမရှိတော့သဖြင့် ကျောင်းကိုပါ တစ်ဆက်တည်း ပိတ်ပေးရတတ်၏။

"ကဲပါဗျာ၊ လူမတတ်လည်း လက်ဖက်ထုပ်က တတ်တယ်ဆိုတဲ့စကား ရှိသားပဲ။ ခင်ဗျားကသာ မှန်ပါစေ၊ ဟန်သိန်းမင်္ဂလာဆောင် အစစအဆင်ပြေအောင် ကျုပ်တို့ ဝိုင်းကူလုပ်ပေးမှာပေါ့"

သူသည် ခေါင်းလေးကို ပွတ်ကာပွတ်ကာဖြင့် ပြန်သွားလေတော့၏။ ဦးရာညွှန့်သည် ကျွန်တော့်ကိုကြည့်ပြီး-

"အင်း… ဖြဟ္မာ့ဦးခေါင်း ကျုပ်တို့လက်ပေါ် ပြောင်းလာပြီဗျို့"

ဟု ပြုံး၍ ပြောလိုက်လေ၏။

"နေစမ်းပါဦး သူကြီးရဲ့၊ ဒီဒေသမှာ မင်္ဂလာဆောင် အမဲသားဆန်ပြုတ်တိုက်တဲ့ အလေ့အထရှိဖူးသလားဗျ"

"ဘယ်ကလာ ဆရာရယ်၊ ဝက်သားကျွေးနိုင်ရင် ကျွေး၊ မကျွေးနိုင်ရင် မုန့်ဟင်းခါးလောက်တော့ တိုက်ဆောင်ကြတာပေါ့။ ဒါပေမဲ့ ဆရာ့လူက ဆန်ပြုတ်တောင် အရပ်ကူပါ၊ ရွာဝိုင်းပါရယ်။ သူကများ သားသမီး ယူထားမိမှာတော့ အကျွေးအမွေး တော့ပါရမှာပေါ့ဗျ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့အပေါ် တာဝန်



www.burmeseclassic.com

www.burmeseclassic.com

ကျလာပြီလေ'

ပြောမယ့်သာ ပြောရသည်။ သူသည်လည်း ရွာတွင် အလှူမင်္ဂလာဆောင်ရှိလျှင် တိုက်ပုံကလေးကိုဝတ်၊ မောင့်ကျက်သရေခေါင်းပေါင်းကိုဆောင်းကာ သံဃာစင်ပေါ်တက်၍ ဟောပြောနေရလျှင်၊ မင်္ဂလာစကားပြောနေရလျှင် ထမင်းခုနစ်ရက်လောက် မစားဘဲ အာဟာရသိဒ္ဓိပြီးနေတတ်သူဖြစ်၏။

❑

၃။

'အဟမ်း… အာဝါဟ ဝိဝါဟ ဆိုသာ သားပေး၍ သမီးတောင်းယူခြင်း၊ သမီးပေး၍ သားကိုဆောင်ယူခြင်း ဆိုတော့ မင်္ဂလာဆယ့်နှစ်ပါးထဲမှာ တစ်ပါးအပါအဝင်ပေါ့။ ဒါလီဖွဲ့၍ လက်ထပ်ခြင်း၊ စုလျားရစ်ပတ် လက်ထပ်ခြင်း၊ ရေဖလားတွင် လက်နှိုက်၍ လက်ထပ်ခြင်း၊ အဲ… ပုဆိုးတန်းတင်၍ လက်ထပ်ခြင်း… အင်း…'

ဦးရာညွှန့်သည် ကိုကျီးပိုပြန်သွားသည့် နေ့မှစ၍ ဘိသိက်ပညာဆရာဖြစ်သင်စာအုပ်ကို လက်မှ မချတမ်း အာဂုံဆောင်ကာ အသံနေအသံထားဖြင့် ပွဲမဝင်ခင် အပြင်က လေ့ကျင့်နေလေတော့၏။

ကျွန်တော် ကျောင်းသွားတိုင်း ကိုကျီးပိုအိမ်ရှေ့မှ ဖြတ်သွားရလေ့ရှိသဖြင့် ကိုကျီးပိုက 'ခဏဝင်ပါဦး ဆရာရဲ့'ဟု အမြဲ ဖိတ်ခေါ်ကာ ဦးနင်းပဲ့ထောင်၊ မမွှာသောကကြမ်းပြင်ကို ဖျာစုတ်လေးခင်း၍ ကြိုနေတတ်၏။ သားဖြစ်သူ၏ မင်္ဂလာကိစ္စ

]["bh
o w&'r D r pdef
b , a&nu aew kH
t dfayu kd
w u fcj
t y&at min f
v j&'
a, nu ©
r v Si fu
v Safac:v kd f S
x i fpn fykdy:
x kdfaeao m
r pdefb n f
&Sfu k&Sfu efzi h
t dfay:
w u fv nfyD
[ eb elf t em,
u yfk kdfv kd f

အတွက် အားကိုးတကြီး တိုင်ပင်ဆွေးနွေးတတ်သည်။

မောင်ကို မယုံသော်လည်း ကျွန်တော်၏ အာမခံပေးမှုကြောင့် ဒေါ်သောင်းမြက ဆန်၊ ဆီ၊ ကြက်သွန်များကို မင်္ဂလာဆောင်လက်ဖွဲ့ရငွေဖြင့် အကျေချေမည်ဖြစ်၍ 'လိုအပ်လျှင် ဆရာကိုယ်တိုင် လာပြီး ယူပါ'ဟု စကားကြောင်းထား၏။ ရွာတွင် အလှူမင်္ဂလာဆောင်ရှိတိုင်း ကျွန်တော်ပင် စာရင်းကိုင်ဖြစ်၍ ငွေပေး၊ ငွေယူကိစ္စကို ကျွန်တော်ကသာလျှင် ဒိုင်ခံ၍ ဖြေရှင်းရစမြဲ ဖြစ်လေ၏။

'ဆရာနော်၊ ကျုပ်က နမပေမဲ့ သိပ်ပြောပျင်းသာ၊ အဲသာ ဆရာပဲ လိုအပ်သာ စီမံပေတော့၊ ဆန်ပြုတ်ခုနစ်ဒယ်ဆို လောက်ကောင်းပါရဲ့'

'လောက်မှာပါဗျ၊ တစ်လောက အရီးကျော်ကလေးမွေးနေ့လုပ်တာမှ လေးဒယ်ပဲကုန်တာ'

'ကန်တော့ပွဲကလည်း သုံးဆယ် တောင်းထားသာဗျ၊ အင်း ကုန်သမျှအားလုံး လက်ဖွဲ့ရတဲ့ငွေနဲ့ ကျေတန်ကောင်းပါရဲ့နော့'

'အင်း'

ကျွန်တော်က မခန့်မှန်းတတ်သဖြင့် အင်းရှည်ကြီးဆွဲကာ စကားလမ်းကြောင်းလွှဲလိုက်၏။

'ဒါနဲ့ သတို့သားနဲ့ သတို့သမီးလည်း မမြင်မိပါလား'

'မလင်းခင်က ထင်းခုတ်ဖို့ နှစ်ယောက်လုံး တောထွက်သွားကြလေရဲ့'

'ခင်ဗျားကလည်းဗျာ၊ မင်္ဂလာဆောင်ခါနီး တောအလုပ်တောင်အလုပ်တွေ မနေမနား ခိုင်းရသလား'

'ဆရာရေ ကျုပ်တို့ တောသူတောင်သားဆိုသာ လက်လှုပ်မှ ပါးစပ်လှုပ်ရသာ၊ ပြီးတော့ သူတို့ မင်္ဂလာကိစ္စ ကုန်ကျစရိတ် သူတို့ကိုယ်တိုင် ရှန်းရမှာပဲလေ'

'ဟန်ကျသဗျာ၊ သားအပြင် ချွေးမရော၊ နှစ်ယောက်ခုတ်တာဆိုတော့ ထင်းပုံကြီးကလည်း ဟည်းနေတာပဲ'

အိမ်၏ အနောက်ဘက်တွင် ပုံထားသည့် ထင်းစည်းပုံကြီးကိုကြည့်ရင်း ပြောလိုက်မိသည်။ 'ဒါလေးက မတ်တတ်စာလေးပေါ့ ဆရာရယ်'

ကိုကျီးပိုက ခေါင်းကုတ်ရင်း မရှိသွားဖြဲဟန်ဖြင့် ပြန်ဖြေလေ၏။

စကားကောင်းနေစဉ် ကျောင်းပေါ်မှ ကျောင်းတက်သံချောင်းသံကြားသဖြင့် ကျွန်တော်သည် စကားဖြတ်၍ ကျောင်းပေါ်သို့ အပြေးတစ်ပိုင်း တက်ခဲ့လေတော့၏။

❑

၄။

*'ဆွေပြမျိုးပြသွားရင်လေ××× မောင့်မိဘဆွေမျိုးတွေက ဝိုင်းဝန်းချစ်မှာ အမှန်မလွဲပေ××× ခင့်မိဘဆွေမျိုးတွေက ဝိုင်းဝန်းချစ်မှာ အမှန်မလွဲပေ×××'*

တစ်ဖက်ရွာမှ ငှားထားသော အသံချဲ့စက်မှ မလင်းမီကတည်းက မင်္ဂလာတေးများ အဆက်မပြတ်ဖွင့်နေလေ၏။ ကျွန်တော်လည်း စာရင်းကိုင်ပြီး မင်္ဂလာစကားပြောရမည်ဖြစ်၍ အိပ်ရာမှ စောစောထ,ကာ ပြင်ဆင်နေ၏။ ဦးရာညွှန့်သည် တိုက်ပုံလက်ကို တမမ၊ ခေါင်းပေါင်းစကို တပြင်ပြင်နှင့် မှန်ရှေ့ရပ်လိုက်၊ လမ်းလျှောက်လိုက်၊ ချောင်းဟန့်၍ အသံရှင်းလိုက်ဖြင့် ဂနာမငြိမ်ဖြစ်နေလေ၏။

'ဆရာ လုပ်ဗျို့ မြန်မြန်၊ နောက်ကျနေလိမ့်မယ်'

'ဟာဗျာ… သူကြီးကလည်း ခုမှ ခြောက်နာရီတောင် မထိုးသေးဘူး၊ စောပါသေးတယ်'



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားသာ စောနေ၊ မင်္ဂလာဆောင်အိမ်မှာတော့ တခြားရွာက ဧည့်သည်တောင် မရောက်သေးဘူး၊ ရွာတင် ကလေးတွေနဲ့ကို ဆန်ပြုတ်လေးဒယ် ပြတ်ပြီတဲ့"

"ဗျာ… ဟုတ်လား၊ ကဲကဲ… ဒါဆိုလည်း သွားကြစို့"

ကျွန်တော်က အဝတ်အစားကို လမ်းသွားရင်းဝတ်ပြီး ကပျာကယာရှေ့မှ ဦးဆောင်ထွက်ခဲ့လေတော့၏။

"ဆရာ လာဗျို့၊ လက်ဖွဲ့မယ့်သူတွေရောက်နေပြီ"

ကျွန်တော် ရောက်မဆိုက်ပင် စာရင်းကိုင်ခုံ ဝင်ထိုင်လိုက်၏။

*"ငယ်သူငယ်ချင်းရေ… ခုတော့ ငယ်ကျွမ်းဆွေ××× ခုလိုပြန်လည်ဆုံတွေ့ရတာ ဝမ်းသာမဆုံးနိုင်ပေ××× ခုလို ဆုံတွေ့ရတာ ဝမ်းသာမဆုံးနိုင်ပေ×××"*

"သံဖို ကိုဆန်းကြိုင်က ငါးရာ၊ သစ်ပုလွေကုန်းကို အောင်လင်းက တစ်ထောင်၊ နှောပင်က မအေးငြိမ်းက ငါးရာ"

အသံချဲ့စက်၏ ဆူညံသံကြောင့် ငွေလက်ဖွဲ့သူတို့၏ အသံကို ကောင်းကောင်းမကြားရ။

"ကိုကျီးပိုရာ ခင်ဗျားအသံချဲ့စက်သမားကို တိုးတိုးဖွင့်ခိုင်းစမ်းပါ၊ ဘာအသံမှ မကြားရဘူး"

အသံချဲ့စက်သံ တိုးသွားမှ လက်ဖွဲ့ငွေစာရင်းကို ကောင်းကောင်းရေးနိုင်လေ၏။ သတို့သား ဟန်သိန်းသည် သူ့ရပ်ဝေးသူငယ်ချင်းများကို လိုက်၍ ဧည့်ခံနေ၏။ သတို့သမီး မိစိန်သည်ကား ထင်းစည်းပုံပေါ်တွင် ငူငူကြီးထိုင်နေလေ၏။ သတို့သမီးဆိုသော်လည်း အဝတ်အစားအသစ်မဟုတ်၊ ဟန်သိန်းနောက်လိုက်ခဲ့စဉ်က ဝတ်စုံနှင့်ပင် ဖြစ်၏။ တစ်သက်မှ တစ်ခါသာ ဆောင်ရသော မင်္ဂလာဆောင်ဖြစ်သဖြင့် တခြားသတို့သမီးများကဲ့သို့ ကြိုးကြိုးချိတ်၊ ဇာအင်္ကျီချုပ် ခိုင်းရ ကောင်းမှန်းမသိ၊ သူသိ၍ ပူဆာလျှင်လည်း သားရှင် ယောက္ခမများက ဝယ်ဆင်နိုင်မည် မဟုတ်။

ဆန်ပြုတ်သောက်နေကြသော ကလေးပရိသတ်၏ အော်ဟစ်ဆူညံသံကလည်း တစ်ချက်တစ်ချက် ထွက်ပေါ်လာတတ်သေး၏။ ဆန်ပြုတ်ထဲမှ ဆယ်၍ စွန့်ပစ်လိုက်သော အမဲရိုးကိုလုရင်း ရန်စောင်ကိုက်ခဲနေကြသော ခွေးရန်ပွဲကို နှိမ်နင်းနေသည့် ကာလသားခေါင်း ဖိုးတုတ်၏ ကြိမ်းမောင်းသံကိုလည်း စာရင်းကိုင်နေရင်းမှ ကြားရပြန်၏။ ဆန်ပြုတ်ဒယ်များမှ အမဲညှီနံ့ကလည်း နှာခေါင်းရှိုင်းသူ ကျွန်တော့်အဖို့ အခံရခက်လှ၏။ အဝေးရွာမှ ဧည့်ကျချိန်တွင် ဆန်ပြုတ်သည် နှစ်ဒယ်မျှသာ ကျန်တော့၏။ ကိုကျီးပို ခေါင်းကိုလက်ဖြင့်ကုတ်ရင်း စာရင်းကိုင်ခုံအနီး ရောက်လာ၏။

"ဆရာ လူဘယ်လောက်ရောက်ပြီလဲ။ လူနှစ်ရာကျော် ဖိတ်ထားသာ၊ အခြေအနေကတော့ သိပ်မဟုတ်ချင်ဘူး"

"လူနှစ်ရာတော့ ကျော်သွားပြီ၊ ငွေက နှစ်သောင်းလေးထောင်ပေါက်ပြီ၊ ဆန်ပြုတ်က ထပ်ပြုတ်ရဦးမှာလား၊ ငွေထုတ်ချင်လို့လား"

"လောက်မလားလို့ပဲ ဆရာရယ်၊ လူသိပ်မကျန်တော့ရင်လည်း ဒါနဲ့ပဲ ဖြတ်လိုက်သာပေါ့။ ကုန်ထ ဝ, တန်ပေါ့"

ဆယ့်တစ်နာရီလောက်ရှိလျှင် လူကလည်း ကျဲသွားလေ၏။ ဆန်ပြုတ်လည်း လက်ကျန်ပြတ်လေပြီ။ ငွေကတော့ မှန်းသလောက်မပေါက်သေး။ အဝေးဧည့်များကမူ အမဲသားဆန်ပြုတ်ကိုပင် ဝ,အောင်မသောက်ရသဖြင့် ပွစိပွစိဖြင့် တွတ်ထိုးနေကြ၏။ တစ်ထောင်ကူမည့်သူက ငါးရာ၊ ငါးရာလက်ဖွဲ့မည့်သူက သုံးရာသာလျှင် လက်ဖွဲ့ကြတော့၏။ မသောက်ရသူအချို့က လက်မဖွဲ့တော့ဘဲ စိတ်ဆိုး၍ ပြန်သွားကြလေ၏။ ကိုကျီးပိုသည်လည်း စာရင်းကိုင်ခုံနားလာ၍ လက်ဖွဲ့စာရင်းစစ်လိုက်၊ ခေါင်းကုတ်လိုက်၊ ငွေမေးလိုက်၊ ဆန်ပြုတ်တိုက်သည့် အနားသွား ဧည့်ခံလိုက်ဖြင့် ယောက်ယက်ခတ်နေရှာလေ၏။

*"မင်္ဂလာဆောင်မယ်××× မင်္ဂလာဆောင်မယ် ဒီတစ်မိုးကုန်ရင်ကွယ်××× လူကြီးတွေလည်း ဖိတ်ကြားမယ်××× သူငယ်ချင်းတွေလည်း ဖိတ်ကြားမယ်××× မောင်ဒေါနနဲ့ ကွမ်းတောင်ကိုင်ရယ်××× မင်္ဂလာဆောင်ရင် တစ်ရွာလုံး ဖိတ်ကြားမယ်×××"*

"ဆရာ စာရင်းပိတ်တော့ဗျို့၊ မင်္ဂလာအချိန်ကျပြီ။ မင်္ဂလာစကားပြောဖို့ အိမ်ပေါ်ကြွခဲ့တော့"

ဦးရာညွန့်က အိမ်ပေါ်မှ လှမ်းခေါ်လိုက်သောကြောင့် ကျွန်တော်သည် စာရင်းချုပ်၊ ငွေပေါင်း၊ ငွေရေကာ ကိုကျီးပိုကိုခေါ်၍ အပ်လိုက်ပြီး အိမ်ဦးခန်းသို့ တက်ထိုင်လိုက်လေ၏။

"ဟဲ့ သတို့သမီး မိစိန် ဘယ်ရောက်နေတုံး၊ အိမ်ပေါ်ကို တက်ခဲ့ဟ။ အပ်ရအောင်လို့"

ယောက္ခမ မလှခင်က လှမ်းခေါ်လိုက်မှ ထင်းစည်းပုံပေါ် ထိုင်နေသော မိစိန်သည် ရှက်ကိုးရှက်ကန်းဖြင့် အိမ်ပေါ်တက်လာပြီး ဟန်သိန်းအနားကပ်ထိုင်လိုက်၏။ တွန့်လိပ်နေသော အင်္ကျီခါးအစကို လက်ဖြင့် ဆွဲချလိုက်ရင်း ရွှေခွန်းတော်မတုံ့ ခေါင်းကိုသာငုံ့၍ နာခံနေလေတော့၏။

"အဟမ်း… သုနက္ခတ္တံ၊ သုမင်္ဂလံ၊ သုပ္ပဘာတံ၊ သုဟုဋ္ဌိတံ ကောင်းသော မင်္ဂလာအချိန်အခါရောက်ရှိလာပြီဖြစ်လို့ သစ်ပုလွေကုန်းရွာနေ ကိုကျီးပို၊ မလှခင်တို့သားမောင်ဟန်သိန်းနဲ့ နှောပင်ကျေးရွာ ကိုဖိုးမြ၊ မညိုအေးတို့၏ သမီး မမိစိန်တို့ရဲ့ လူငယ်တို့ဘာဝ ချစ်ရည်မျှကြလို့ နှစ်ဖက်မိဘသဘောတူ လက်ထပ်ထိမ်းမြား မင်္ဂလာအခမ်းအနား စတင်ပါ



www.burmeseclassic.com

www.burmeseclassic.com

တော့မယ်။ သတို့သားဘက်က ကျုပ်ကအပ်နှံပြီး သတို့သမီးဘက်ကတော့ ကျောင်းဆရာ ဦးသာလွန်ကျော်က လက်ခံပေးမှာ ဖြစ်ပါတယ်။ ဟော့… အသံချဲ့စက်သမား အဆိုတော် တင်တင်မြရဲ့ "အခါတော်ပေးလေး ဖွင့်လိုက်စမ်းဦးဟ" ဟု တစ်ဆက်တည်းပင် စက်သမားကိုပါ အကွက်စေ့အောင် ညွှန်ကြားလိုက်လေသည်။

*"အတိုင်းမသိ မင်္ဂလာကျက်သရေ ရှိပါဘိတယ်ကို××× တော်ကြီးငယ် ယင်ရာ××× ဇမ္ဗူဒီ တောင်ကျွန်း××× တင့်ရွှန်းတည့် ကျက်သရေဖြာ××× ရှစ်ဖြာပွှာ လက်ျာသံချီးကြွေး××× အောင်ဖေယျတု××× ငွေခရုသခ်ါ××× သွန်းဘိသိက်ညာ××× ပုဏ္ဏား၀န်းပြည့်×××"*

"ဟိုးထား ဟိုးထား"

ဦးရာညွှန့်က အသံချဲ့စက်သမားကို ဤနေရာ၌ ရပ်စေရန် လက်ခုပ်တီးပြီး အချက်ပေးလိုက်၏။ မိုက်ကို ကောက်ကိုင်ကာ ဖူးခနဲ မှုတ်လိုက်ပြီး "ဖ၀ါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ် ဝါးဖတ်တော်ကစီနှစ်နဲ့ လူဖြစ်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့သော နှစ်ဖက်မိဘတို့ကို ကန်တော့ကြရအောင်" ဟု မင်္ဂလာကိစ္စ ဆက်လက်ဆောင်ရွက်ပြန်လေ၏။ သူ့အရပ်နှင့် သူ့ဇာတ်ဆိုသလို ရွာနီးချုပ်စပ်တွင် မင်္ဂလာစကားပြောဆိုလျှင် ဦးရာညွှန့်ကို မီသူမပေါ်သေးဟု ပြောစမှတ်ပြုကြ၏။

ကိုကျီးပိုကတော့ ခေါင်းကိုသာ တွင်တွင်ကုတ်ပြီး တွေတွေကြီး စဉ်းစားခန်း၀င်ကာ ပြုံး၍လည်းကောင်း၊ မဲ့၍လည်းကောင်း ကန်တော့ခံနေလေတော့၏။ စိတ်နှင့်လူ ကပ်ဟန်မရှိချေ။ မလှခင်ကမူ ယောဖက်ဆေးလိပ်ကြီးကို အားရပါးရ ရှိုက်ဖွာနေလေရာ မီးထတောက်သွားသဖြင့် ကပျာကယာ လက်ကိုတံတွေးဆွတ်၍ မီးငြိမ်းလိုက်လေ၏။ ဦးရာညွှန့်သည် ကျက်မှတ်ထားသမျှ ဝိသာခါဇာတ်၊ ဓမ္မဒိန္နာဇာတ်၊ သိင်္ဂါလဇာတ်တို့ကို ဥဒါဟရုဏ်ဆောင်၍ မင်္ဂလာဘိသိက်ခန်း ဖွင့်နေသည်မှာ နောက်ဆုံးနားတွင် ထိုင်နေသော ကာလသားခေါင်း ဖိုးတုတ်၏ "ဝါး" ခနဲ သမ်းဝေလိုက်သော အသံကြားမှ အဆုံးသတ်ရန် သတိရလေတော့၏။ တပည့်ကျော် မောင်ဟန်သိန်းနှင့် တစ်ရွာသူ မမိစိန်တို့၏ မင်္ဂလာပွဲသည် ရွှေကြိုးတားသူမရှိ၊ ခဲဖိုးတောင်းသူနတ္ထိဖြင့် အောင်မြင်စွာ ပြီးမြောက်ခဲ့လေပြီ။

*"မင်္ဂလာ ရက်မြတ်××× လက်ထပ်ပွဲလည်း ပြီးမြောက်ခဲ့လေပြီ×××"*

အသံချဲ့စက်သမား ချစ်ခင်သည် အသံကုန် ဒစ်ကုန်မြှင့်၍ ဖွင့်လိုက်လေတော့သတည်း။

❑

၅။

မင်္ဂလာပွဲ ပြီးသော နောက်ရက်တွင် ကျောင်းပြန်ဖွင့်သဖြင့် ခါတိုင်းကဲ့သို့ပင် ကိုကျီးပို အိမ်ရှေ့မှ ဖြတ်ကာ ကျောင်းပေါ်တက်ရ၏။ "ဆရာ ဝင်စမ်းပါဦး" ဟု အတင်းခေါ်သဖြင့် ဝင်ထိုင်ရပြန်သည်။ သူက လက်ဖွဲ့စာရင်းစာအုပ်ကို ယူလာပြီး ကျွန်တော့်ရှေ့ ချပေး၏။

"ဆရာ ဒီစာရင်းလေး ကိုက်၊ မကိုက် စစ်ပေးစမ်းပါဗျာ"

"အင်း… လက်ဖွဲ့ငွေက နောက်ထပ်ရောက်တာ ရောဆို နှစ်သောင်းခြောက်ထောင့်လေးရာ။ ကုန်ငွေက ကန်တော့ပွဲဖိုး၊ ကျွေးမွေးစရိတ်နဲ့ စုစုပေါင်း သုံးသောင်းကိုးထောင်ဆိုတော့ အတော်စိုက်ရမှာပဲ။ ဒါလည်း တခြားလူမှမဟုတ်တာ၊ ဖြည်းဖြည်းမှ ဆပ်ပေါ့"

သူက ခေါင်းကို တဗျင်းဗျင်းမြည်အောင် ကုတ်လိုက်ပြန်သည်။

"ခက်လိုက်သာ ဆရာ့နယ်၊ သူစိမ်းကမှ နေလိမ့်ဦးမယ်၊ ညနေဆို လာတော့သာဗျ"

သူ၏ စိတ်ပျက်လက်ပျက် အသံကြောင့် သူ့ကိုပင် သနားရမည်လား၊ အစ်မဖြစ်သူ မသောင်းမြကိုပင် ဒေါသဖြစ်ရမည်လား မဝေခွဲနိုင်တော့ပေ။ အိမ်အနောက်ဘက်ရှိ ထင်းစည်းပုံကတော့ တစ်စည်းတလေမျှပင် မမြင်ရတော့။ မသောင်းမြ လာ၍ ကုန်ကြွေးဖိုး သိမ်းသွားဟန်တူသည်။

"အင်း… ထင်းစည်းအကုန်လုံး ဈေးဖြတ်ယူသွားတော့ တော်သေးတာပေါ့နော်"

"ဘာတော်မှာတုံးဗျာ၊ ခက်လိုက်သာ ဆရာ့နယ်၊ ထင်းစည်းအကုန်ကိုမှ လေးထောင်ပဲ ဈေးဖြတ်သွားတာ။ ကျန်ငွေလည်း ညတွင်းချင်းပဲ ယောက်ဖလုပ်သူ လာတောင်းလို့ ကျုပ်လည်း မခံချင်သာနဲ့ မနက်လင်းလင်းချင်း ဟန်သိန်းကို နွားပြာနီလေးဆွဲသွားပြီး ပို့ခိုင်းလိုက်သာ"

ငိုသံပါကြီးနှင့် ပြောလိုက်သော ကိုကျီးပိုအသံကြောင့် ကျွန်တော်သည် အာစေးထည့်ထားသကဲ့သို့ဖြစ်ကာ သူ့ကို ငေးနေမိလေ၏။ စိတ်ထဲ၌ကား "မိနှ၊ သူ့ကြွေး ရှိဆပ်လိုက်" ဟူသော ညောင်ကန်ဆရာတော် ဦးဗုဒ်၏ လေသံကို နားနှင့်ဆတ်ဆတ်ကြားယောင်လိုက်သကဲ့သို့ ရှိလိုက်ပါတော့သတည်း။

❑

၆။

*"အညာပြေ ဌာနပေါင်းဆီက၊ အကြွေးတစ်ရာကို ဒွေးခါကလည်း တောင်းပြန်ပေါ့တဲ့…။*

*(အမယ်မင်း)မောင်းစရာရယ်လို့မျှား တပ်လိုက်မှဖြင့်၊ ခေါင်းတခါခါနှင့် ဆတ်လှစွာသော၊ လှလှဖွေ့ဖွေ့ရယ်နှင့် ဝ,ဝပြည့်ပြည့် နပြာတစ်ရှဉ်းကိုလှ၊ ကျောင်းဒကာကိုသာ အပ်လိုက်ပေရော့၊ ရသဖြေ့ ဘာဘာညာညာရယ်လို့ မငြင်းလေနှင့်၊ အိုကွယ်…ရောင်းကာသာ ဆပ်လိုက်ပါတော့၊ ရွာရှေ့က ယာတစ်ခင်း…"* ■

သာလွန်ကျော်



www.burmeseclassic.com

www.burmeseclassic.com

၁။
နွေနေ့လယ်ခင်း
တစ်ခုသည်
အပူငွေ့တရှိန်ရှိန်ဖြင့်
ချစ်ချစ်တောက်နေသည်။
ရွာကလေး၏
ခြံဝိုင်းတစ်ဝိုင်းထဲတွင်
အပင်တို့ အမည်စုံရှိနေ၏။
တစ်ပင်နှင့်တစ်ပင်
ပင်ခြေချင်း
ဆက်နေလောက်အောင်
ပြွတ်သိပ်နေသော်ငြား
နွေနေပူကို
အန်မတုနိုင်ရှာကြ။
တစ်နှစ်တစ်ကြိမ်
အရွက်ဟောင်း
ခြွေချတတ်ကြသည့်
ကုက္ကိုပင်တို့၏
ဆယ်ပြားစေ့သာသာ
အရွက်ကလေးများ
မှာလည်း
နွေနေပူအောက်တွင်
ရိုးတံမှာတချို့၊
မြေပြင်မှာတချို့။
မိုးကလေး
တစ်ပြိုက်လောက်
ဖျန်းဆွတ်လေမှ
အရွက်နု ထွက်လာ
တတ်ကြသည့်
မန်ကျည်းပင်တို့မှာ
နေပူကျဲကျဲအောက်တွင်
ရိုးတံပြိုင်းပြိုင်း
ရှိနေပုံက အထီးကျန်ပင်
ဆန်လွန်းလှသေး။
*ဟေး…ဒီနေ့



တို့ ဘာတမ်း
ကစားကြမလဲဟေ့။
ကုက္ကိုချိုတ် ချိုတ်တမ်း
ကစားကြမလား၊ ဘောလုံး
ပေါက်တမ်း ကစားကြ



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆိုတာ လူကြီးတွေရဲ့
ကိုယ်ပွားပါပဲ။ ခေတ်တစ်ခေတ်ရဲ့
ပုံရိပ်ပါပဲ။ အဲဒီ ကလေးမိဘတွေ
ဘာလုပ်နေလဲ။ အဲဒီခေတ်တစ်ခေတ်
ဘာဖြစ်နေလဲဆိုတာကို
အလွယ်တကူသိချင်ရင်
ဘယ်မှ လျှောက်ကြည့်မနေနဲ့
ကလေးတွေ ဘယ်လိုကစားနည်းမျိုး
ကစားနေသလဲသာ ကြည့်လိုက်

# မင်းဝေဟင်

## နွေလယ်နေမွန်းတည့်တည့်



www.burmeseclassic.com

www.burmeseclassic.com

မလား”

“ဟင့်အင်း၊ ငါက ထုပ်ဆီးတိုးတမ်း ကစားချင်တာ”

“.....”

ကလေးတစ်သိုက် အသံတို့ ဆူညံစွာထွက်လာ၏။ ကလေးတို့ထုံးစံ တစ်ယောက်အဆိုတင်သွင်းသည့် ကစားနည်းကို နောက်ထပ်တစ်ယောက်က နောက်ကစားနည်းတစ်ခုအမည်ဖြင့် ထပ်မံအဆိုတင်သွင်းကာ ပထမကစားနည်းကို ပယ်ချ၏။ ဟင့်အင်း ဟေ့ ဟင့်အင်း ဆိုသော အသံတို့ ဆူညံစွာ ထွက်လာကြပြန်သည်။ ဗိုလ်၊ ကျား၊ သေနတ်ရွေးကာ ကစားနည်းတစ်ခု စတင်ကစားတော့မည့်အချိန်ထိပင် ကလေးတို့တစ်သိုက် သူတို့ကစားမည့်ကစားနည်းတစ်ခုကို အတည်မပြုနိုင်ကြသေး။

ကလေးတစ်အုပ်မှာ သိပ်မများလှ။ အရွယ်အားဖြင့်လည်း သိပ်တော့မစုံလှ။ စိန်ပန်းနီနီတို့ ပွင့်အာမည့် သဏ္ဍာန်ဖြင့် အဖူးအညွန့်တို့ အပြွတ်လိုက်၊ အခိုင်လိုက်ရှိနေသည့် စိန်ပန်းနီပင်အောက်မှာ ဝါးကုလားထိုင်တစ်ခုဖြင့် ထိုင်နေသည့် သူက ကလေးတစ်အုပ်ကို လှမ်း၍ အကဲခတ်၏။ ကလေးတစ်အုပ်တွင် ခြောက်နှစ်အရွယ်၊ ခုနစ်နှစ်အရွယ်တွေသာ များ၏။ စုစုပေါင်း ၆ ယောက်ရှိ၏။ မိန်းကလေး လေးယောက်၊ ယောကျ်ားလေး နှစ်ယောက်။ သူက ကလေးတစ်အုပ်ကို သေသေချာချာ မသိလှ။ ကလေးတစ်အုပ်ကလည်း သူ့ကိုတော့ သေချာသိလှသည်မဟုတ်။ သူက

ar nifav ;u
t ifwneu fS
n u
pu m;ajymx m;w bl
w pfa, nu f
r[ kwfv m,
t [ if[ if[ if
apsu aw nh
t ifwneu fS
ajymx m;NDw bl
t w kdf
w pfym;r S
rav Gbkdb l
av u Gf
' apseaw nif
r r rS
aznu b n faw G
t jyn fq kdv m
ar nifav ;v n f
o dew myDpön

ကလေးတစ်အုပ်ထဲမှာ ရှိနေသည့် သည်ခြံထဲက အိမ်မှာနေသော သူ့တူမလေး မနှင်းစက်မှလွဲ၍ ကျန်သည့် ကလေးများအား ရွာထဲမှ မည်သူမည်ဝါ၏ ကလေးတွေမှန်းမသိ။

သည်ရွာကလေးကို သူအရောက်အပေါက်နည်းလွန်းလှသည်။ ရွာကလေးမှာ သူက ၆ တန်းအထိသာ ကျောင်းနေဖူးပြီး၊ ၆ တန်းအောင်ကတည်းက သူက ရန်ကုန်က ဘကြီးတွေရှိရာ ကျောင်းသွားနေရင်း ဆယ်တန်းအောင်၊ ရေကြောင်းသိပ္ပံဆက်တက်၊ သည်လိုနှင့် သူက သင်္ဘောသားလုံးလုံး ဖြစ်နေခဲ့သည်မှာပင် ကြာလှရှိပြီ။ သူ့အသက်ပင် ၂၈ နှစ်ထဲသို့ ရောက်နေပြီ။ သင်္ဘောပင် အခေါက်ခေါက်အခါခါ လိုက်ဖူးခဲ့ပြီ။

၁၀ တန်းမပြီးခင်အထိ သည်ရွာကလေးကို သူ တစ်နှစ်တစ်ခေါက်ရောက်၏။ ၁၀ တန်းပြီးသည့် နောက်ပိုင်းတွင် ရေကြောင်းသိပ္ပံတက်ရင်း၊ သင်္ဘောသားတစ်ယောက်ဖြစ်ဖို့ လိုအပ်သည့်သင်တန်းပေါင်းများစွာတက်ရင်း၊ နောက်ဆုံး သင်္ဘောပေါ်ရောက်ရင်း ရွာကလေးသည် သူနှင့် စိမ်းစိမ်းပြတ်ပြတ် ဖြစ်ခဲ့၏။ တစ်နှစ်တစ်ခေါက်မှသည် နှစ်နှစ်တစ်ခေါက်၊ သည်လိုနှင့် သုံးနှစ်တစ်ခေါက် ဖြစ်လာခဲ့သည်။ ထို့ကြောင့် ရွာကလေးမှ နောက်ပေါက် ကလေးငယ်တို့ကို သူ မသိတော့။ သူသည်ပင် သည်ရွာကလေး၏ ဧည့်သည်တစ်ယောက်ဖြစ်နေခဲ့ပြီ။

သည်နှစ်တော့ သင်္ကြန်နားနီး နွေတစ်ရက်မှာ သင်္ဘောပေါ်က သူ ဆင်းဖြစ်ရင်း အားနေသည့် အချိန်အခိုက် အတန့်ကြား ရန်ကုန်နွေကို ရှောင်ရင်းတိမ်းရင်းဖြင့် သည်နွေမှာ သည်ရွာကလေးသို့ သူရောက်ခဲ့ပြီ။ သည်ရွာကလေး၏ သည်ခြံဝိုင်းလေးထဲတွင် သူ့အဖေရှိ၏။ အိမ်ထောင်မကျသည့် သူ့အစ်မ အပျိုကြီးတစ်ယောက်ရှိ၏။ သူ့အစ်ကို မိသားစုရှိ၏။ ကလေးများထဲမှ မနှင်းစက်မှာ သူ့အစ်ကို၏ သမီးဖြစ်၏။

“ဟဲ့...ငါက ဒီမှာ ရှစ်ကျနေတာကို၊ ညည်းက ဖဲခိုးရိုက်တော့ ညည်းက ဘူမဖြစ်ဘဲ ကိုးဖြစ်သွားတာပေါ့အေ့။ ညည်းက ညစ်တယ်။ ညည်းကို ပိုက်ဆံမလျှော်ဘူး”

မနှင်းစက်အသံစာစာလေးကို ကြားရ၏။ အရွက်ကျဲပါးနေသည့် စိန်ပန်းပင်အောက်ကနေ မလှမ်းမကမ်းမှာရှိသည့် ငှက်ပျောတောလေးသို့ သွားမည့်ဟန်ဖြင့် သူက ဝါးကုလားထိုင်ကို မ,ရင်း ကလေးတွေဘက်ကို အမှတ်မထင်အာရုံရောက်၏။ နေပြောက်တို့ ဟိုတစ်ကွက် သည်တစ်ကွက် ကွက်ကျားထ,နေသည့် ကုက္ကိုပင်၏ အရိပ်အောက်တွင် ထိုင်စရာအခင်းတစ်ခုခင်းရင်း ကလေးတို့ ဖဲရိုက်တမ်း ကစားနေကြ၏။ ဖဲထုပ်မှာ အနည်းငယ်ဟောင်းနေပြီဖြစ်သော်လည်း လူကြီးတွေကစားသည့် ဖဲထုပ်အစစ်ဖြစ်သည်။ ကလေးတို့ပြောသည့် ပိုက်ဆံဆိုသည်မှာတော့ လေတိုက်တိုင်း တလွင့်လွင့် ဝဲပျံကျလာသည့် ကုက္ကိုရွက်ခြောက်များသာဖြစ်သည်။

“ကလေးဆိုတာ လူကြီးတွေရဲ့ ကိုယ်ပွားပါပဲ။ ခေတ်တစ်ခေတ်ရဲ့ ပုံရိပ်ပါပဲ။ အဲဒီကလေးမိဘတွေ ဘာလုပ်နေလဲ။ အဲဒီခေတ်တစ်ခေတ် ဘာဖြစ်နေလဲဆိုတာကို အလွယ်တကူသိချင်ရင် ဘယ်မှ လျှောက်ကြည့်မနေနဲ့။ ကလေးတွေ ဘယ်လိုကစားနည်းမျိုး ကစားနေသလဲသာ ကြည့်လိုက်၊ အဖြေက ရှင်းရှင်းလေး”

အမေ မဆုံးခင်က ပြော



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ဖူးသည့်စကား၊ တစ်နည်းအားဖြင့် သူငယ်ငယ်က ရွာမှာရှိစဉ် သူတို့ကစားသည့် ကစားနည်းကိုကြည့်ရင်း အမေ့နှုတ်မှ ရေရွတ်နေသည့် စကားသံတို့ကို သူ့အာရုံက ပြန်ကြား၏။ ကလေးတွေကို သူစိတ်ဝင်စားသွားသည်။ ကလေးတို့သည် အမှန်တကယ် ဖဲရိုက်တတ်ကြ၍တော့ မဟုတ်။ သို့သော် ဖဲချပ်လေးတို့သည် ကလေးတို့လက်ထဲ၌ ဖြောင်းခနဲ၊ ဖြောင်းခနဲ မြည်အောင်ပင် ကလေးတို့က အထာကျကျရိုက်နေကြသေးသည်။ ကလေးတစ်ယောက်မှာ ဖဲချပ်များကို တစ်ဝက်စီခွဲကိုင်ကာ ဖလပ်ဖလပ်နှင့် တဖျပ်ဖျပ် မြည်အောင်ပင် ကုလားဖန်ထိုးနေသေးတော့သည်။

တူမလေး မနှင်းစက်ကို ကြည့်ကာ သူ ပြုံးလိုက်သည်။ သူ့အစ်ကိုကို တွေ့လျှင် အမေပြောခဲ့ဖူးသည့် စကားအချို့ကို သက်သေပြုကာ "မင်းရဲ့သမီးတော့ ဖဲသမလေး ဖြစ်နေပြီ" ဟု ရယ်ရယ်မောမော သတိပေးဖြစ်ဦးမည်။ စင်စစ် ကလေးတို့သည် ကလေးသာဖြစ်သည်။ ပတ်ဝန်းကျင်မှ မြင်တွေ့ကြားသိသမျှသည် ကလေးတို့အတွက် ကလေးတို့မသိစိတ်မှ အစဉ်မပြတ် သင်ယူနေသည့် သင်ခန်းစာများသာ ဖြစ်သည်။

ကလေးတစ်အုပ်ထဲမှ ကလေးတစ်ယောက်၏ မျက်နှာကို အမှတ်မထင်ကြည့်မိတော့ ရင်းရင်းနှီးနှီး မျက်နှာတစ်ခုဖြစ်နေသည်။ ကျန်သည့်ကလေးများကိုမူ သူမသိ။ ထိုအချိန် သူထိုင်နေရာ အပင်ရိပ်ဆီ အစ်မက ကော်ဖီတစ်ခွက်နှင့် လက်ဖက်သုပ်တစ်ပွဲ လာချ၏။ သူ့စိတ်ထဲ သိသလိုလိုရှိနေသည့် မျက်နှာပိုင်ရှင်လေးကို လက်ညှိုးထိုးကာ ဘယ်သူ့သမီးလဲဟု အစ်မအားမေးတော့ "ဟဲ့…အဲဒါ နင်နဲ့ ငယ်ငယ်က ဆော့ဖော်ဆော့ဖက် ကြည်ပြာ့သမီးလေ" ဟု အစ်မက ပြော၏။ အစ်မအပြောအောက်တွင် သူ့စိတ်ထဲ တရိပ်ရိပ် ပြန်မှတ်မိလာသော ကြည်ပြာ့ပုံရိပ်တို့ကို အမိအရ ပြန်လည်ဖမ်းဆုပ်ရင်း "ဟော… ဟုတ်လား။ အခု ကြည်ပြာ ဘာတွေလုပ်နေလဲ" ဟု သူက မေးစဉ် အစ်မက ကလေးတစ်အုပ်ဘက်သို့ အကြည့်ရွှေ့၏။ ပြီးမှ…။

"ကြည်ပြာက သူ့ယောက်ျားနဲ့ကွဲနေတာ ကြာပြီ။ ရွာတောင်ပိုင်းမှာပဲနေတာလေ။ အိမ်က မနှင်းစက်နဲ့ သူ့သမီးက အရွယ်တူဆိုတော့ နေ့လယ်နေ့ခင်းအချိန် ဒီလိုပဲ အရိပ်ရှိတဲ့ ငါတို့ခြံထဲ လာကစားနေကြတာပဲ။ ဘာတွေလုပ်နေလဲဆိုတော့… အဲ… ငါလည်း သိပ်တော့မပြောတတ်ဘူး။ ပြောင်းလဲလာတဲ့ ခေတ်နဲ့အညီ လုပ်နေတဲ့ အလုပ်ပေါ့ဟယ်။ ကြည်ပြာက ရွာမှာတော့ သိပ်မရှိဘူးဟဲ့။ သူ့အလုပ်က အားအားရှိ ရန်ကုန်ပဲ တက်နေရတာ"

"ဘာအလုပ်လဲ" ဟု သူထပ်၍မေးခွန်းထုတ်မည်ပြုစဉ် အစ်မက သူ့အနားမှာမရှိတော့။ သူ့အာရုံထဲသို့ ကြည်ပြာက ဖျတ်ခနဲရောက်၏။ ကြည်ပြာနှင့်အတူ သူ ငယ်ငယ်က ရွာမှာ ကစားနေကျ ကစားဖော်တို့က အာရုံထဲဝင်လာကြပြီ။ ယုယုဝင်းပါ၏၊ အေးမင်းပါ၏၊ စန္ဒာချိုပါ၏၊ မျိုးထက်ပါ၏။ သူဆက်၍ စဉ်းစားနေစရာမလိုဘဲ ငယ်ဘဝပုံရိပ်သည် အာရုံမှာ တစ်ကန့်စီပေါ်၏။

❑

၂။

"ဟော့ကောင်တွေ၊ ပိတောက်ရွက်တွေနဲ့ ဒီလောက်ရိုက်နေတာ မင်းတို့ သေတော့လေ။ ဟော့ကောင် အေးမင်း မင်းသေတော့လေကွာ"

ပိတောက်ခက်တွေကို လက်မှစုကိုင်ရင်း မျက်နှာလွှဲကာ အေးမင်းကို တဘုန်းဘုန်း တဖျန်းဖျန်းရိုက်ရင်း သူက ပြောပေမဲ့ အေးမင်းက သေပြီဆိုကာ အရှုံးပေးမည့်ပုံ တစ်စက်မှမပေါ်။ သူရိုက်ကိုယ်ရိုက်ဖြင့် သူနှင့် အေးမင်း လုံးထွေးသတ်ပုတ်နေကြစဉ် "ရွှစ်…ရွှစ်…ရွှစ်…" ဆိုသည့် ပါးစပ်မှ အသံနှင့်အတူ ကြည်ပြာက သူတို့အနား ရောက်လာ၏။ "ဟဲ့၊ နင်တို့နှစ်ယောက်လုံးသေပြီ။ သေကြလေ သေကြလေ" ဟုပင် ပါးစပ်က အော်ပြောနေသည်။ လက်ကလည်း ဖြလက်မလောက်ရှိသည့် ပိတောက်ကိုင်းလေးတွေကို ကိုင်ထားလိုက်သေးသည်။

"နေဦး ကြည်ပြာ၊ ဘာတုံး ရွှစ်ရွှစ်ရွှစ်က"

"ဟဲ့…ရွှစ်ရွှစ်ရွှစ် ဆိုတာ ဂျင်ကလိနဲ့ နင်တို့ကို ပစ်နေတာလေ။ ပိတောက်ရွက်နဲ့ ရိုက်လို့မသေဘူး၊ ဂျင်ကလိနဲ့ ပစ်မှသေတာ။ ငါ့အဖေ ပြောတယ်။ ငါတို့မမွေးခင်က လူတွေအများကြီး သေတဲ့ အရေးအခင်းမှာ အဲဒီလိုပဲ ဂျင်ကလိတွေနဲ့ တရွှစ်ရွှစ် ပစ်ကြတာတဲ့။ မသေတဲ့ လူတွေကိုလည်း ဂွီခနဲ ဂွီခနဲ ခေါင်းဖြတ်တာတဲ့။ ခေါင်းဖြတ်တာတောင်မှ ဓားထက်ထက်နဲ့ ရွှမ်းခနဲ၊ ရွှမ်းခနဲ ဖြတ်တာတဲ့"

"ဟဲ့…ဟဲ့…ဟဲ့… ဒီကလေးတွေ ဘယ်လိုကစားနည်းတွေ ကစားနေကြပြန်တာတုံး။ မနက်ကပဲ အိမ်ရှေ့မှာ ရွှံ့ရုပ်တွေနဲ့ စစ်တိုက်တမ်းကစားနေကြလို့ အော်ထုတ်ပြီးပြီ။ အခုလည်း ဘာတွေခေါင်းဖြတ်နေကြပြန်တာလဲ။ နိမိတ်မရှိ နမာမရှိတွေဟယ်။ ဒုက္ခပါပဲ။ တခြားနည်းနဲ့ ဝေးဝေးမှာ သွားကစားကြစမ်းပါဟယ်"

သူတို့ပြောကြသည့် စကားကို အမေကကြားရင်း သူတို့ကို အော်ထုတ်တော့ ကစားနည်းပျက်ရပြန်၏။ အမေကတော့ ခေတ်တွေ၊ နိမိတ်တွေ တတွတ်တွတ် ရေရွတ်ရင်း နောက်မှာ ကျန်ခဲ့ပြီ။ ကြည်ပြာ၊ ယုယုဝင်း၊ စန္ဒာချိုတို့က မိန်းကလေးများပီပီ အငြိမ့်က,တမ်း ကစားကြမည်ဟုဆိုကာ သူတို့ခြံထဲသို့ကစားဖို့ လာကြစဉ် ခေါင်းဆောင်းအဖြစ် ဆောင်းလာကြသည့် ပုဆိုးတွေကိုပင် ဆံပင်အဖြစ် ခေါင်းမှာ စုချည်လိုက်ကြပြီ။ အဲသည်တော့ သူရယ်၊ အေးမင်းရယ်၊ မျိုးထက်ရယ်လည်း ထုံးစံအတိုင်း ထန်းလက်ခြောက်တွေ၊ သွပ်ပြားစတွေကို ရှာရပြီ။ ရှာလို့ရသည့် ထန်းလက်



www.burmeseclassic.com

www.burmeseclassic.com

ခြောက်တွေ၊ သွပ်ပြားစတွေက ယုယုဝင်းတို့ အငြိမ့်က၊ စဉ် သူတို့က၊သည့် အကတို့ မြိုင်ဆိုင်အောင်ဆိုင်းအဖြစ် တဖြန်းဖြန်း၊ တဂျမ်းဂျမ်း တီးပေးကြရဦးမည်လေ။

ရှာမှာရှိနေသည့် ကလေးက အနည်းစုမို့ ကစားနည်းမှာ မိန်းကလေး ယောကျ်ားလေး အမျိုးအစား ခွဲခြားထား၍မရ။ သူတို့ ဘောလုံးကန်ကြလျှင် ကြည်ပြာတို့၊ ယုယုဝင်းတို့က လိုက်ကန်ကြသလို မိန်းကလေးများ ထုပ်ဆီးတိုးတမ်း၊ ဖန်ခုန်တမ်း ကစားကြလျှင်လည်း သူတို့ကပါရသည်ပင်။ ထိုစဉ်အခါ ကြည်ပြာတို့၊ ယုယုဝင်းတို့ ဝတ်ထားကြသည့် စကတ်များသည်လည်း သူတို့ယောကျ်ားလေးတွေခေါင်းပေါ် ဝဲခနဲ… ဝဲခနဲ။

"တော်ပြီဟာ၊ အငြိမ့်က၊တမ်း မကစားတော့ဘူး။ ယုယုဝင်း နင်က သောက်ကျင့်ယုတ်တယ်၊ အငြိမ့်တမ်းကစားရင် နင်ချည်းပဲ ခေါင်းဆောင်မင်းသမီးလုပ်ချင်တယ်။ နင်ချည်း က၊နေတာပဲ။ ငါတို့မှာ နင်ကဖို့ တက်ဂျေးဂျေး၊ တက်ဂျေးဂျေး အော်ပေးနေရတာ ပါးစပ်ညောင်းတယ်။ တော်ပြီ၊ တော်ပြီ။ လူကြီးတွေလစ်မှ ဂျင်ကလိပစ်တမ်း၊ ခေါင်းဖြတ်တမ်းပဲ ပြန်ကစားတော့မယ်"

ကြည်ပြာက ယခင်နည်းတူ ခပ်စွာစွာဖြင့် ကစားနည်းကို သိမ်းမည်ပြု၏။ ခေါင်း၌ဆံပင်အဖြစ် စည်းနှောင်ထားသော ပုဆိုးစကို ဆောင့်၍ ဆောင့်၍ ဆွဲဖြုတ်၏။ ယုယုဝင်းနှင့် စန္ဒာချိုတို့လည်း ပွစိပွစိဖြင့် အငြိမ့်က၊ခြင်းကို ရပ်လိုက်ရသလို ယောကျ်ားလေးတွေဖြစ်သည့် သူတို့လည်း တဂျမ်းဂျမ်း၊ တဂျောင်းဂျောင်း တီးနေရာမှ အတီးရပ်လိုက်ရပြီ။

❑

၃။

ငယ်စဉ်က သူတို့ သူငယ်ချင်းတစ်စု ကစားကြလျှင် အမြဲတမ်းစိတ်ဆိုးကာ ကစားပွဲကို ဦးစွာသိမ်းပစ်တတ်သည့်၊ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ကစားနည်းများကိုသာ နှစ်သက်လေ့ရှိသည့် ကြည်ပြာ။ သူ ရန်ကုန်မှာ ကျောင်းတက်ရသည့်အချိန်မှစ၍ သည်နေ့အထိလည်း ကြားမှာ နှစ်ကြိမ်လား၊ သုံးကြိမ်လား ရွာလယ်လမ်းမှာ ဖြတ်သွားဖြတ်လာ ဆုံမိသည်မှလွဲ၍ ကြည်ပြာ့အကြောင်းက သူ့အတွက် အစိမ်းသက်သက် ဖြစ်နေခဲ့သည်။

ယခု ကြည်ပြာ၏ သမီးလေးပင် သည်အရွယ်လေးရောက်နေပြီ။ အိမ်ထောင်ကွဲသွားပြီဟုလည်း အစ်မက ပြောသေးသည်။ ငယ်စဉ်က ကစားဖော်တစ်ယောက်၏ အကြောင်းက ယခုမှပင် သူ့အာရုံ၌ စိုက်ဝင်၏။ ကြည်ပြာ့သမီးလေးဆိုသူကို သူလှမ်းကြည့်လိုက်သည်။ ကြည်ပြာ့သမီးလေးသည် အခြားကလေးတို့နှင့် ရောနှောကစားနေလျှက်။ မျက်ဝန်းနက်နက်လေးတို့သည် ကြည်ပြာငယ်ငယ်ကအတိုင်း။ ဆံပင်တို့သည် မည်းနက်ဖြောင့်စင်းလျှက်။ သူ့အတွေးတို့ ကစဉ့်ကလျား ရှည်လျားနေချိန်အတွင်း ကလေးတွေလည်း ကစားနည်းပြောင်းကုန်ကြပြီထင်၏။ စောစောကလို ဖျာကြမ်းတစ်ချပ်ပေါ်တွင် ထိုင်ကာ ဖဲရိုက်တမ်းကစားနည်း မဟုတ်ကြတော့။

သူထိုင်နေရာ ငှက်ပျောပင် အရိပ်အောက်မှသည် သူ့အာရုံကို ကလေးတို့ဆီသို့ သိသိသာသာ ပို့ထားလိုက်သည်။ ကလေးတို့သည် စောစောကလို ထိုင်မနေကြတော့။ ကလေး ၆ ယောက်အနက် ယောကျ်ားလေး နှစ်ယောက်မှလွဲ၍ မိန်းကလေး လေးယောက်၏ ခေါင်းပေါ်တွင် ဘယ်အချိန်ကတည်းက ရောက်နေသည်မသိသော နီညိုရောင် ဇေဒါမြစ်ခြောက်ရှည်မျောမျော ရှုပ်ပွပွတို့က နေရာယူထားသည်။ ဆံပင်အဖြစ် ကလေးတို့ အသုံးပြုထားခြင်း ဖြစ်လိမ့်မည်။ ကြည်ပြာ့သမီးလေးဖြစ်သည့် ကလေးက ဇေဒါမြစ်ခြောက်ပေါ်တွင် ကြက်မောက်ပန်း အနီရဲရဲတစ်ပွင့်ကို ပန်ထားသေးသည်။

လှုပ်လှုပ်ရွရွရှိနေကြသည့် ကလေးတို့ကိုကြည့်ရင်း ကလေးတို့ ဘယ်လိုကစားနည်းမျိုးကို ကစားနေကြသလဲဟု သူသိချင်လာသည်။ ကလေးတို့နှင့်နီးရာသို့ သူ မယောင်မလည်ရွှေ့သည်။ ကလေးတို့သည် ဝါးရုံပင်အရိပ်တွင် ကျဲကျဲပြန့်ပြန့် နေရာယူလျှက်။ တစ်ယောက်ကိုတစ်ယောက် ဘာစကားပြောနေကြသည်မသိသော်လည်း ကျီစယ်ဟန်ဖြင့် တဖြန်းဖြန်းထုရိုက်လျှက်။ ကြည်ပြာ့သမီးလေးက အခြားကလေးတစ်ယောက်ကို မျက်စောင်းလေးဝင့်ကာဝင့်ကာဖြင့် စကားဆိုလျှက်။

ကလေးတို့အနီးသို့ သူတိုးသည်ထက် တိုးလိုက်သည်။ သူ့အာရုံနှင့်သူ ရှိနေသည့် ကလေးတို့သည် သူ့အား ဂရုမထားကြ။

"မောင်လေးက အင်တာနက်မှာ ညက စကားပြောထားတဲ့တစ်ယောက် မဟုတ်လား။ အဟင်း ဟင်း ဟင်း။ ဈေးကတော့ အင်တာနက်မှာ ပြောထားပြီးတဲ့အတိုင်း တစ်ပြားမှ မလျှော့နိုင်ဘူးလေကွယ်။ ဒီဈေးနဲ့တောင် မမမှာ ဖောက်သည်တွေအပြည့်ဆိုတာ မောင်လေးလည်း သိနေတာပဲဥစ္စာ။ အဟိ ဟိ ဟိ…ဟီ ဟီ"

ကြည်ပြာ့သမီးလေး ပြောလိုက်သည့်စကားက သူ့အာရုံသို့ ပြင်းပြင်းထန်ထန် ဝင်ဆောင့်၏။ ခေါင်းတခါခါ၊ ဆံပင်တယမ်းယမ်းဖြင့် အထက်ပါစကားကို ဆက်ကာ ဆက်ကာ ပြောနေသည့် ကြည်ပြာ့သမီးလေးကို သူ ဆက်ပြီး မကြည့်နိုင်တော့။ တစ်ချိန်က အမေပြောဖူးသည့် "ကလေးဆိုတာ ခေတ်ရဲ့ပုံရိပ်၊ မိဘတွေရဲ့ ကိုယ်ပွား" ဆိုသည့် အသံကို ပြန်ကြားယောင်မိသည်။ ငယ်ငယ်တုန်းက ကစားဖော် ကြည်ပြာကို ပြေးမြင်မိသည်။

ကလေးတို့ ကစားရာဆီမှ ခပ်လှမ်းလှမ်းနေရာကို သူ ခွာခဲ့သည်။ ကလေးတို့သည် ကစားမြဲ ကစားနေဆဲ။ နွေလယ်နေ့တစ်နေ့သည် ပူမြဲ ပူနေဆဲ…။ ■

မင်းဝေဟင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဝိုင်း
တက်လာသော
မျက်ရည်တို့ကို
မသုတ်မိ ဘယ်သူ
တစ်ဦး
တစ်ယောက်မှ
မိမိတို့ဘဝကို
စာနာ နားမလည်
နိုင်ပါလေားကွယ်
လူအချင်းချင်း
ကြင်နာ
နွေးထွေးသည့်
လက်တစ်စုံကို
မဖြစ်နိုင်မှန်းသိလျက်
မွတ်သိပ်စွာ
တောင့်တ
မိပြန်သည်

ဖျတ်ခနဲ မျက်လုံးဖွင့်
လိုက်စဉ်မှာပဲ
ဆာလောင်ခြင်းဒဏ်ကို
ခံစားရသည်။ ညဦးပိုင်းက
ဘာမှ မစားဘဲ
အိပ်ခဲ့ရတာပါလားဟု
တွေးလိုက်မိပြီး
သက်ပြင်းချမိပြန်သည်။
ကိုယ်ခန္ဓာကို
ရွေ့လျားလိုက်စဉ်
ဝါးခင်းကြမ်းပြင်
တချွတ်ချွတ်
မြည်သွားသည်။
ယိုင်နဲ့နေသော တဲအိမ်ထဲ
ဆောင်းလေတစ်ချက်အတိုက်



www.burmeseclassic.com

www.burmeseclassic.com

သူတို့တဲလေး သိမ့်သိမ့်တုန်သွားသည်။ ဘေးတစ်ဖက်တစ်ချက်မှာ အိပ်မောကျနေသော သားနှစ်ယောက်က ဆောင်းလေကြောင့် ထင်၊ ဒူးခေါင်းကြား လက်နှစ်ဖက်သွင်းပြီး ကွေးအိပ်နေလျက်က တွန့်ခနဲ ဖြစ်သွားသည်။

နှွင်းနံ့ကို ရှူရှိုက်မိစဉ် တစ်ဖက်က မယ်ခင့်ဆီ အကြည့်ရောက်ပြန်သည်။

“ဘယ်က ဝိညာဉ်လေးများ ငါတို့ဘဝထဲ ဝင်စားပြန်ပါလိမ့်ကွယ်”

မွေးကင်းစ ကလေးငယ်လေးကို ငုံ့ကြည့်ပြီး တွေးမိသည်။ မယ်ခင် တတိယ အကြိမ်မြောက် မီးဖွားပြန်ပြီလေ။ ကျပ်တည်းကျဉ်းမြောင်းသော ဘဝထက် စိတ်ပျက်စရာများကို မသေရုံတစ်မည် အားတင်းဖြတ်ကျော်ဆဲ၊ သားနှစ်ယောက်ပြီး ခုသမီးမွေးတယ်ဆို တော့ ဝမ်းသာကြည်နူးမိပြန်သည်။ ဒီတော့မှ တွေးမိသည်၊ ငါတို့လို ဘဝထဲ မိဘစိတ် ရှိသေးသားပဲလို့၊ ရုန်းကန်ရလွန်းသည့် ဘဝမှာ တစ်ခါတစ်ခါတော့ မိဘစိတ်ပျောက်နေသလိုတောင် ထင်မိသည်။

ဒါပေမဲ့လေ သည်ဝမ်းသာစိတ်က တစ်ခဏပါပဲ။ နောက်တော့လည်း နာလန်မထူသည့် စီးပွားရေးက တစ်အိမ်လုံးကို ဝါးမျိုသွားသည်။ မီးမထွက်ခင် လျှော်နေမည့် မယ်ခင့်လုပ်အားကို ဖာထေးနိုင်ဖို့ ဘယ်လိုများ လုပ်ရမလဲ။ လူမမည် သားနှစ်ယောက်ကလည်း ဘာမှမလုပ်နိုင်သေးသည့် အရွယ်၊ ဆန်က တစ်ပြည်ကို တစ်ထောင့်သုံးရာ။ အတွေးက သည်မှာပဲ လုံးလည်လိုက်လို့ မိုးစင်စင်လင်းသည်အထိ။

မနေ့ညကလည်း ညနေစာထမင်းမလောက်လို့ သားနှစ်ယောက်နှင့် မယ်ခင့်ကိုသာ ကျွေးပြီး ဖေကြီး မဆာဘူးဟုပြောတော့ မယ်ခင်က အဓိပ္ပာယ်ပါသော မျက်ဝန်းတို့ဖြင့် လှမ်းကြည့်သည်။ ရေသောက်ပြီး စောစောအိပ်ရာဝင်မိသည်။ ဆာလောင်နေတာကြောင့် အိပ်မပျော်။ သည်ကြားထဲက အတွေးတွေက ဝင်လာတော့ မနက်လင်းသည်အထိပါပဲလေ။

ခု နိုးလာတော့လည်း ဘာမှစားစရာ မရှိပါဘူးလေ။ တရိပ်ရိပ်မူးလာသည့် ခေါင်းကို အားယူထ,လိုက်သည်။

တဲတံခါးကနေ အပြင်ကို လှမ်းကြည့်လိုက်စဉ် ရောင်နီတောင် လာပြီဟု တွေးမိသည်။ ခွေးသံ၊ လူသံတို့ဖြင့် သူတို့ရပ်ကွက်လေး အသက်ဝင်စပြုပြီ။ တစ်နေ့တာအတွက် ရုန်းရကန်ရ တိုက်ပွဲဝင်ရဦးမယ်။ သူတို့လိုဆင်းရဲကျပ်တည်းသူတို့ရဲ့ တိုက်ပွဲမှာ နားချိန်မှ မရှိဘဲကွယ်။

မယ်ခင်နှင့် သားနှစ်ယောက်အတွက် ဘိန်းမုန့်တစ်ယောက်တစ်ခုကို ညနေမှပေးမယ်လို့ အကြွေးဝယ်ပေးခဲ့ပြီးတဲပေါ်ကဆင်းတော့ မယ်ခင်က လှမ်းမှာသည်။

“ညနေ ရှင် ပြန်လာရင် ဆန်လေးရအောင် ရှာခဲ့ပါရှင်၊ မီးထွက်ကို ထမင်းလေး စားချင်လို့ပါ”

ရင်ထဲ နင့်ခနဲဖြစ်သွားရသည်။ အေးဟု ပြန်ပြောသံက လျှော့ရဲနေမှာပါပဲ။ ခုမနက်တော့ ဆန်ပြုတ်သောက်ကြမယ်ထင်ပါရဲ့။

သက်ပြင်းချပြီး နေရာက လှည့်ထွက်စဉ် ဆောင်းနေက ကျောတည့်တည့်ကို ထိုးနေပြီကော။

❑

မြို့၏ လူချမ်းသာများ နေသော ရပ်ကွက်ကို ခပ်ဖြည်းဖြည်းလျှောက်နေရင်း အလုပ်ခေါ်မည့် အသံကို နားစွင့်မိသည်။ တအားအား အော်မြည်ပြီး သူ့နောက်က လိုက်လာသည့် ကျီးကန်းတွေကို လမ်းသွားလမ်းလာတွေက အထူးအဆန်း ကြည့်ကြသည်။ ခွေးတွေကလည်း စူးစူးဝါးဝါး ဟောင်နေ၏။

“တိရစ္ဆာန်တွေက သိတယ်နော်။ သူတို့ကို စားတဲ့သူဆို အဲလိုဟောင်တာ၊ အော်တာပဲ။ လူတွေများ အကြင်နာမဲ့ချက်၊ ခွေးတောင် ချမ်းသာမပေးဘူး”

သူတို့အနားက ဖြတ်သွားစဉ် တီးတိုးပြောသံတို့ကြောင့် ခေါင်းကိုငုံ့ချလိုက်မိသည်။ ပြည့်ဝိုင်းတက်လာသော မျက်ရည်တို့ကို မသုတ်မိ။ ဘယ်သူတစ်ဦးတစ်ယောက်မှ မိမိတို့ဘဝကို စာနာ နားမလည်နိုင်ပါလားကွယ်။ လူအချင်းချင်း ကြင်နာနွေးထွေးသည့် လက်တစ်စုံကို မဖြစ်နိုင်မှန်းသိလျက် မွတ်သိပ်စွာ တောင့်တမိပြန်သည်။

“ဟော့…ဟော့၊ ခဏ”

လက်ခုပ်တီးပြီး ခေါ်လိုက်သံကြောင့် ခြေလှမ်းတို့တုံ့ခနဲ ရပ်သွားသည်။ ခေါ်နေသည့် ခြံဝန်းတံခါးဆီ လှမ်းလာသော ခြေလှမ်းတို့ သွက်နေသည်။

“အုန်းပင်က ခြောက်နေတဲ့ အသီးတွေ ချချင်လို့ကွ၊ မတော် ပြုတ်ကျရင် အခက်သားကွ”

“ဟုတ်ကဲ့၊ ကျွန်တော် ချပေးပါ့မယ်”

မနက်ခင်း နေရောင်အောက် တလက်လက်ဖြင့် ထက်မြက်လှသည့် ဓားကို ခါးကြားထိုးပြီး အုန်းပင်ပေါ်ကို လျှင်လျှင်မြန်မြန် တက်မိသည်။

ခေါင်းမူးနေတာ ခဏ္ဍမေ့သွားခိုက် မယ်ခင့်အသံကို ကြားယောင်မိပြန်သည်။

❑

အနောက်ဘက်ကို တရွေ့ရွေ့သွားနေသည့် နေမင်းကို ငေးမောကြည့်နေမိသည်။ ညနေခင်းသည် နေမင်းကြောင့် မြင်သမျှအရာအားလုံးကို ရွှေရောင်လက်နေ၏။ တစ်နေ့တာ ရသမျှလုပ်အားခကို ဆန်ဖိုးဖြင့် နှိုင်းယှဉ်ကြည့်မိပြန်သည်။ ထန်းရွက်တို့ကို ဖယ်ရှားရင်း အောက်ကို ငုံ့ကြည့်မိသည်။ မယ်ခင်တို့ကို ထမင်းကျွေးချင်သဖြင့် သည်အချိန်ထိ မုန့်လေး နှစ်ခုသာ စားထားသော ခေါင်းက မကြည်။ တရိပ်ရိပ် မူးလာသောအခါ ခေါင်းကိုပြန်မော့လိုက်ရင်း လယ်ကွင်းပြင်တို့ဆီ ငေးမောမိပြန်သည်။

ဟိုးမှာ… ရွှေရောင်စပါးခင်းကြီးရှိသည်။

ဟိုး… အဝေးမှာ ရွှေ



www.burmeseclassic.com

www.burmeseclassic.com

ရောင် စပါးခင်းကြီးများရှိသည်။

ဟိုး… အဝေး အဝေး မိုးကုပ်စက်ဝိုင်းတစ်ဆုံး ရွှေရောင် စပါးခင်းကြီးပေါင်း မြောက်မြားစွာ ရှိသည်။ ငါတို့ နိုင်ငံဟာ ဆန်စပါးစိုက်ပျိုးသည့် နိုင်ငံပေပဲကွယ်။

မျက်လုံးကို စုံမှိတ်လိုက်စဉ် မယ်ခင့်စကားကို ကြားယောင်ပြီး မိုက်ခနဲ ဖြစ်သွားသည်။ ထန်းပင် ပင်စည်ကို ကိုင်ထားသောလက် လွတ်ထွက်သွားပြီး ရင်ထဲအေးခနဲ ဖြစ်သွားသည်။ ကျပြီဟု အသိစိတ်ဝင်လိုက်စဉ် လက်သည် ဖမ်းဆုပ်အားကိုးစရာ ရှာမရတော့ပေ။

အော်ဟစ်သံတို့ ဆူညံစွာ ကြားလိုက်ရပြီး ဦးခေါင်းသည် မဟာပထဝီ မြေကြီးနှင့် ရိုက်သံကို ကမ္ဘာပျက်သံအလား ကြားလိုက်သည်။ စေးကပ်သော သွေးစက်တို့၏ အတွေ့ကို ပါးပြင်တစ်လျှောက်ခံစားမိရင်း ဦးခေါင်းသည် ဆတ်ခနဲလည်ကျသွားသည်။

သားနှစ်ယောက်နှင့် မယ်ခင့်မျက်နှာ၊ မွေးကင်းစ သမီးငယ်၏ မျက်နှာတို့ကို အသိမှာ ဝေဝါးစွာမြင်မိပြီး လောကသည် မှောင်အတိကျသွား၏။

❑

"အရီးမယ်ခင်၊ အရီး မယ်ခင့်ယောကျ်ား ထန်းပင်ပေါ်က လိမ့်ကျလို့ ပွဲချင်းပြီးပဲတဲ့"

"ဘာ"

လာပြောသည့် ဆယ်နှစ်အရွယ် ကောင်လေးကို မယ်ခင် စူးစိုက်ကြည့်နေမိသည်။

"ကိုရင် ထန်းပင်ပေါ်က ကျလို့ သေပြီ၊ ဟုတ်လား"

ဗလုံးဗထွေး ပြောရင်း ရင်တစ်ခုလုံး ဆို့တက်လာရသည်။ ဦးခေါင်းထိပ်က ပူခနဲ ဖြစ်သွားပြီး လက်ထဲမှာ ပွေ့ချီထားသည့်ကလေး လွတ်ကျသွားသည်။

"ဟာ… ဒီကလေးတွေ ခက်တော့တာပဲ၊ သွေးနုသားနုကို ဒါ လာပြောရလား"


နံဘေးက ပြောနေသံတွေ မယ်ခင် မကြားတော့ပေ။ ခွေခနဲကျသွားကတည်းက အသိစိတ် လွတ်သွားခဲ့ပြီပဲလေ။

စူးစူးဝါးဝါး အော်ငိုလိုက်သော အကြီးကလေးနှစ်ယောက်အသံက တဲအိမ်လေးထဲ ပဲ့တင်ထပ်လျက်ရှိသည်။ ဘဝတူလူတွေချင်း သတင်းမေးရဲ့ သနားရဲ့ကလွဲလို့ သူတို့လည်း ဘာမှမတတ်နိုင်။ တဖြည်းဖြည်း လွှမ်းလာသော အမှောင်ထုက မီးမရှိသော သူတို့ရပ်ကွက်လေးကို မှောင်မိုက်သွားစေသည်။ ဒါပေမဲ့ အလင်းရောင်ယဲ့ယဲ့လေး ရနေသလိုပါလား။ ကောင်းကင်ကိုမော့အကြည့် လမင်းကြီးက ထိန်ထိန်သာနေ၏။ သည်နေ့ လပြည့်ညပေပဲ။

အို… သေချာကြည့်တော့ လက တစ်ခြမ်းတည်းသာနေတာပဲ။

သည်ဘက် တစ်ခြမ်းကတော့ မှောင်မိုက်လျက်ပါလားလေ။ ■

**နန်းဇေကရီရှင်**

**အရိုင်းဒီရေ** သည်
မြန်မာပရိသတ်နှင့်ရင်းနှီးပြီးဖြစ်သည့်
ကမ္ဘာကျော်စာရေးဆရာ
Amitav Ghosh ၏
ထင်ရှားသည့်လက်ရာစာအုပ်ကို
ဆရာရာပြည့်က
မြန်မာပြန်ဆိုထားခြင်းဖြစ်သည်။
ဆွန်ဒါရ်ဘန်စ်မြစ်ဝှမ်းမှ
ကျွန်းတစ်ကျွန်းပေါ်တွင်
အခြေချလာရောက်နေထိုင်သူများကို
အိန္ဒိယအစိုးရက ရက်ရက်စက်စက်
ချေမှုန်းရှင်းလင်းပစ်ခဲ့ပုံများ၊
ဆွန်ဒါရ်ဘန်စ်၏နာမည်ကျော်လူသားစား
ကျားများအကြောင်း၊
ရေဝတီလင်းပိုင်အပါအဝင်
ရေချို၊ ရေငန် လင်းပိုင်များ၏
အလေ့အထများအကြောင်း
ရက်ရှယ်ရေးဖွဲ့ထားသည့်
ဇာတ်လမ်းဖြစ်သည်။
■
NDSP
Yangon Book Plaza,
၅ လွှာ၊ သံဈေး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
E-mail : www.ndspbook.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

pmayu i fayw kdfppdpfa&;acw f u syfu mv w kefu
pma&;q áw mM o n f
o w k Sd ydk m;&w m
r au G fat mif
au :M o n f

'သူ့တွင်သိမ်မွေ့ခြင်းမရှိ၊ အလှအပကို မမက်မော။ သူသည် ကြမ်းတမ်းသည်၊ ရိုင်းသည်။ ဆက်ဆံ ပေါင်းသင်းရေးတွင်ရှိသော ဧည့်ဝတ်ထုံးစံ၊ ယဉ်ကျေးခြင်း စသည်တို့ကို သူသည် လုံးဝ ဂရုမစိုက်။ ဂီတ၊ ပန်းချီ၊ သဘင် စသော အနုပညာများကို မလိုက်စား။ သူ့ကိုယ်သူ အတင်းယဉ်ကျေးအောင် မလုပ်။ သူ၏ နဂိုအတိုင်း ခပ်ရိုင်းရိုင်း ခပ်ကြမ်းကြမ်းပင် မပြုမပြင်ဘဲ နေ၏'

**ဗိုလ်ချုပ်အောင်ဆန်းနှင့် အရိုင်းဝိသေသ**'(ဒဂုန်တာရာ။ ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာကားချပ်များ၊ စာ ၁၀၂)

'အင်မတန်နှမြောဖို့ကောင်းတယ်ဗျာ။ သိပ်ပြီးရက်စက်ကြမ်းကြုတ်တဲ့ နိုင်ငံရေးလုပ်ကြံမှုပဲ စသည်ဖြင့် လူအချို့သည်

# အမြင့်ကျယ်မှ အကျယ်မြင့်မည်

## ဦးစန္ဒိမာ(စလင်း)

ညည်းတွားလျက်ရှိကြလေသည်။ ဇော်ဂျီက 'အမျိုးသားပျက်စီးခြင်း တစ်ရပ်ပဲ'ဟု တသသပြောသည်။

'တစ်ရေးနိုးဆုံးလျှင် ဘယ်တော့များမှ မေ့ပျောက်ပါ့မလဲနော်'ဟု အိပ်ချင်သံနှင့် ဆိုကြသည်။ တစ်ရေးနိုးတိုင်း သတိရလျက်ရှိသည်။ မကြာခဏ အိပ်မက်ပြီး နိုးသည်။ သို့နှင့်ပင် တအောက်မေ့မေ့၊ တသသနှင့် ထိုညကို လွန်မြောက်ရလေသည်။

**ဦးအောင်ဆန်း၏ နောက်ဆုံးနေ့**(ဒဂုန်တာရာ။ ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာများ၊ စာ- ၁၄၅။)

စာရေးသူ အသက် ၆၀ နား ကပ်နေပါပြီ။ အာဇာနည်နေ့တွေလည်း ကြုံရပေါင်း များခဲ့ပါပြီ။ သို့တိုင်အောင် သည်နေ့သည်အချိန်ရောက်လေတိုင်း ရင်လှိုင်း လှုပ်ခါနေဆဲပင်ဖြစ်သည်။ ဝမ်းနည်း ပူဆွေးခြင်း၊ ယူကျုံးမရ တသသဖြစ်ခြင်း၊ နှမြောဝမ်းနည်းဖြစ်ရ သြော်··· ဖြစ်မှဖြစ်ရလေခြင်းဆိုသည့် သောကဝေဒနာများ ဝေဝါးမသွားခဲ့ပါ။ တစ်နှစ်နှင့်တစ်နှစ် တွေ့ကြုံရပုံချင်းများကား မတူ။

ငယ်စဉ်တုန်းကတော့ ဗိုလ်ချုပ် အောင်ဆန်းမိန့်ခွန်း အသံချဲ့စက်က ဖွင့်သည်၊ ဥဩဆွဲသည်။ ကျဆုံးသွားသည့် အာဇာနည်ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးများအတွက် အာဇာနည်နေ့သီချင်းဖွင့်သည်၊ လူပြောသူပြောနှင့် ဝမ်းနည်းခဲ့ရလေသည်။ ဗိုလ်ချုပ်တို့ လုပ်ကြံသူများကို မုန်းတီးစက်ဆုပ်ခဲ့ရလေသည်။ ဆယ်ကျော်သက်အရွယ် မကွေးမြို့ မဟာရတနာရာမတိုက်မှာ စာသင်သားဘဝတုန်းကတော့ တစ်ခုမှတ်မိနေသည်။ အာဇာနည်နေ့ရောက်လျှင် အရဏ်ဆွမ်း ဝက်သားဆီပြန်၊ ငရုတ်သီးကြော်၊ သရက်သီးချဉ်သုပ်နှင့် ဟင်းကောင်းစားရခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

[ ldwef;u
t nZnen faeY
Ald csKfaM ;¼kfa&SD
*g&0
o Gjyk&i f
v Gfo NyefacG
o Gfcs&i fu kd
t ppf aq ;
t ar ;t jr ef
t zrf t q Daw G
v kfcJhg n f

အာဇာနည်နေ့ရောက်လျှင် အုပ်ချုပ်ရေးအစိုးရဌာနက အထက်ပါဟင်းများဖြင့် မြို့ပေါ်ရှိသံဃာကုန်ကို သံဃာ့ဒါနအရဏ်ဆွမ်းလောင်းလှူပါသည်။ ထိုစဉ်က မကွေးမြို့မှာ သံဃာ့ဒါနလောင်းသူ (အထူးဆွမ်း) နည်းပါးပါသည်။ ခုမှသာ လောင်းလှူသူတွေ ပေါများလာခြင်း ဖြစ်သည်။ ဆွမ်းလောင်းရုံက ကုလားပဲဟင်း(ဆီမပါပျားမပါ)ကိုသာ စားရလေသည်။ ဒါကြောင့် ဟင်းကောင်း ဟင်းရုံနှင့် စားရသော အာဇာနည်နေ့ကို မှတ်မိနေခြင်းဖြစ်သည်။ နောက်ပိုင်းတော့ ထိုအစဉ်လာ ပျောက်ကွယ်သွားပါတော့သည်။ နှစ်တွေအကြာကြီး။

၁၉၈၈ နှစ်နောက်ပိုင်း သမိုင်းတွေပြောင်းပြန်ဇောက်ထိုး ဖြစ်ကုန်သည်။ အာဇာနည်နေ့ကို ဖျောက်ဖျက်ပစ်ကြသည်။ ဗိုလ်ချုပ်မိန့်ခွန်း၊ အာဇာနည်သီချင်း၊ ဥသြဆွဲသံ၊ အာဇာနည်နေ့ သံဃာ့ဒါနလောင်းလှူခြင်းများ ရွှေ့လျားပျောက်ကွယ်သွားပါတော့သည်။ ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံများ တဖြည်းဖြည်း ဖျောက်ဖျက်ပစ်ကြသည်။ ငွေကြေးပိုက်ဆံမှာပင် မထား၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာ စာမျက်နှာတွေပေါ်မှာ ဗိုလ်ချုပ်ပုံ၊ ဗိုလ်ချုပ်အကြောင်း သမိုင်းပုံရိပ်တွေပါ ဖျောက်ဖျက်ပစ်ကြသည်။ ထိုနည်းတူစွာ သခင်ကိုယ်တော်မှိုင်း၊ ဦးသန့်၊ ဆရာမင်းသုဝဏ်၊ ဆရာ တင်မိုး၊ လူထုဒေါ်အမာတို့ ပုံတွေ စာတွေကိုလည်း မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပါသည်။

မဂ္ဂဇင်းစာမျက်နှာပေါ်မှာ ပုံတွေစာတွေပါလာလျှင် ငွေမင်သုတ်တာတို့၊ ဆုတ်ဖြဲပစ်တာတို့ဖြင့် ပယ်ဖျက်စေခဲ့ပါသည်။ လူဆိုတာကလည်း ခက်သည်။ မကြည့်ပါနှင့်ဆိုတာမှ ကြည့်ချင်သည်။ မလုပ်ပါနှင့်ဆိုတာမှ လုပ်ချင်သည်။ မသိပါနှင့်ဆိုတာမှ သိချင်သည်။ ငွေမင် သုတ်ထားတာကို မပေါ်ပေါ်အောင် ဖော်ကြည့်သည်၊ ရှာဖွေသည်၊ စူးစမ်းသည်။ ထိုအခါ မေ့ပျောက် အပစ်ခံရသူတွေ အကြောင်းနှင့် စာတွေ ကဗျာတွေကို ကျားကုတ်ကျားခဲ ရှာဖွေဖတ်ရှုလေ့လာ ပါတော့သည်။

အာဇာနည်နေ့ဆိုလည်း မေ့မှိန်သေးသိမ်အောင်လုပ်လေ လူတွေက ပိုစိတ်ဝင်စားလေ၊ ရှာဖွေလေပဲဖြစ်သည်။ စာပေကင်ပေတိုင်စိစစ်ရေးခေတ်ကျပ်ကာလတုန်းက စာရေးဆရာ၊ ကဗျာဆရာတွေ သိပ်တော်ကြသည်။ သူတို့ရင်ထဲရှိတာ၊ အစာမကြေတာ၊ မျိုသိပ်ထားရတာ၊ မကျေနပ်တာတွေကို မလွတ်လွတ်အောင် ကွေ့ကာရှောင်ကာ ရေးဖွဲ့နိုင်ခဲ့ကြသည်။ သည်လိုနှင့် စာပေစိစစ်ရေးလွတ်လာတာတွေ မနည်း။ သို့တိုင်အောင် အလိုတော်ရိတွေ ဖော်ကောင်လုပ်သဖြင့် ထောင်ကျ တန်းကျ အနှိပ်စက်ခံရသူတွေလည်း ရှိသည်။ စာပေဘက်မှာ ဘာမှလည်း နားမလည်။ စာပေလည်းမဖတ်။ နကန်းတစ်လုံးမှလည်း မသိ။ ရေးလည်းမရေးတတ်သူတွေက နေရာယူထားတော့ ငါးပါးမကသံဃာစင်ပါ မှောက်ပြီပေါ့။ အမြင်မကျယ်တော့ အကျယ်မမြင်ဖြစ်ပြီး ခရီးမလှခဲ့ပါ။ အသီးအပွင့်တွေ မကြီးရင့်ခဲ့ပါ။

၂၀၁၅ ခုနှစ်မှာ အရပ်သားအစိုးရတက်လာတော့ ထိုက်သင့်သလောက် စာပေလွတ်လပ်ခွင့်တွေ ရလာပါပြီ။ ပြောင်းလဲသင့်သလောက်လည်း ပြောင်းလဲကုန်ပါပြီ။ ဒါတောင် အုပ်ချုပ်သူများခမျာ အပြည့်အဝ အခွင့်အာဏာမရကြသေး။ လုပ်ပိုင်ခွင့် မရရှိကြသေးပါ။ စာပေလွတ်လပ်ခွင့်ရသော်ငြား မဂ္ဂဇင်းအတော်များများ ဂျာနယ်အတော်များများ ကွယ်ပျောက်သွားကြလေသည်။ နိုင်ငံရေးအယူအဆ၊ သုံးသပ်ချက်၊ အတွေးအခေါ်နှင့် ပတ်သက်ပြီး "ပြည်သူ့ခေတ်ဂျာနယ်၊ ပြည်သူ့အရေးဂျာနယ်" တွေကိုပဲ အားကိုးတကြီး အပတ်စဉ် ဝယ်ယူဖတ်ရှုရင်း အင်အားဖြည့်၊ လေ့လာ၊ အဖော်လုပ်လာခဲ့ရလေသည်။ သို့တိုင်အောင် တဖြည်းဖြည်းချင်း သည်ဂျာနယ်နှစ်စောင်လည်း ပျောက်ကွယ်သွားခဲ့လေပြီ။ တော်ပါသေးသည်။ "အတွေးအမြင်" မဂ္ဂဇင်းလစဉ်ထုတ်များက မားမားမတ်မတ်ရပ်တည်ရှင်သန်နေလို့ နိုင်ငံရေးနှင့်ပတ်သက်လာလျှင် သည်ဂျာနယ်၊ သည်မဂ္ဂဇင်းတွေကမှ ဝေဝါးကွေ့ကောက်ချည့်နဲ့မသွားအောင် ဖြောင့်မတ်စောင့်စည်း ထိန်းသိမ်းထားနိုင်သည်မဟုတ်ပါလား။ ဒါကြောင့် "အတွေးအမြင်" မဂ္ဂဇင်း၊ "ရွှေအမြုတေ" မဂ္ဂဇင်းတွေ ကျန်းမာအသက်ရှည်ပါစေကြောင်း ဆုတောင်းနေရပါတော့သည်။

အခုနောက်ပိုင်းမှာတော့ အာဇာနည်နေ့တွေလည်း ရှင်သန်အသက်ဝင်ထင်ရှားခဲ့ညားလာပါပြီ။ ဟိုတုန်းက အာဇာနည်နေ့ ဗိုလ်ချုပ်ကြေးရုပ်ရှေ့ ဂါရဝသွားပြုရင်၊ လွှမ်းသူ့ပန်းခွေသွားချရင်ကို အစစ်အဆေး၊ အမေးအမြန်း၊ အဖမ်းအဆီးတွေ လုပ်ခဲ့ပါသည်။ ဟောအခုတော့ ထင်ထင်ပေါ်ပေါ် သွားလာကန်တော့ လွှမ်းသူပန်းခွေချလို့ ရနေပါပြီ။ နံနက်စောစော ဗိုလ်ချုပ်မိန့်ခွန်းတွေဖွင့်လို့။ အာဇာနည်နေ့သီချင်းတွေဖွင့်လို့



www.burmeseclassic.com

www.burmeseclassic.com

၁၀း၃၇ နာရီမှာ ဥဒြတွေဆွဲလို့ ဘယ်လောက်လွမ်းစရာ၊ သတိရစရာကောင်းထားလဲ။ အုပ်ချုပ်ရေးဌာနတွေမှာ နေရာမှာလည်း ဆရာတော်သံဃာတော်တွေပင့်၊ ဆွမ်းကပ် ဝါဆိုသင်္ကန်းကပ် တရားနာ အမျှဝေနေသည်။

သဘောထားကြီးတာ၊ သူတစ်ထူးကျေးဇူး သိတတ်တာ၊ ကျေးဇူးဆပ်တာ၊ သမိုင်းကိုမပိတ်ပင်၊ မဖျက်ဆီး၊ မဖျောက်ဖျက်တာတွေဆိုတာ သူတော်ကောင်းတရားပင် ဖြစ်သည်။ လောကကြီးပွားကြောင်းတရားပင် ဖြစ်သည်။ လက်ဆင့်ကမ်းသင့်သော အမွေပင်ဖြစ်သည်။ ၇၁ နှစ်မြောက် အာဇာနည်နေ့မှာ ကျောင်းရောက်လာသည့် လူငယ်တွေကို အာဇာနည်နှင့်ပတ်သက်ပြီး ပြောပြဖြစ်သည်။

"အာဘုသော၊ ကာရဏာ၊ ကာရဏံ၊ ဇာနာတိတိ၊ အာဇာနိယော" ပြင်းပြင်းထန်ထန်၊ နက်နက်နဲနဲ၊ အကြောင်းသင့်မသင့်ကို နက်နက်နဲနဲ သိသူကို အာဇာနည်ဟု ခေါ်ကြောင်းပင်ဖြစ်သည်။ သူတို့လေးတွေ စိတ်ဝင်တစား ရှိ၍ ဝမ်းသာရပါသည်။ ယခင်နှင့် ယခု နိုင်ငံရေးရေစီးကြောင်း အလှည့်အပြောင်း ကွာခြားပုံတွေပါ ပြောဖြစ်သည်။ နောက်ဆုံးပြောဖြစ်သည်မှာ လူငယ်တွေ နိုင်ငံရေးလေ့လာသင့်ကြောင်း၊ စာပေတွေ ဖတ်ရှုမှတ်သားသင့်ကြောင်း၊ ကိုယ်တတ်နိုင်သည့်ဘက်မှ အများပြည်သူဘက် ရပ်တည်သင့်ကြောင်းများနှင့် အမြင်ကျယ်အောင် မျက်စိကြီး၊ နားကြီး၊ နှလုံးသားကြီးဖြင့် မြင်တတ်ကြည့်တတ် ခံစားတတ်ဖို့တွေပါ ပြောဖြစ်သည်။ အဲသလို အမြင်ကျယ်မှသာ အကျယ်မြင်ပြီး လောကဓမ္မ၊ အတ္တပရမျှတစွာ လောကကြီး လှပသာယာအောင် ဖန်တီးထုဆစ်နိုင်မည်ဆိုတာပါပဲ။ စားသုံးခြင်းထက် စိုက်ပျိုးခြင်းသည်သာ မူလဘူတကျသည်ဆိုတာပါပဲ။

■

**ဦးစန္ဒိမာ၊စလင်း၊**

ကျွန်တော့်ဘာသာပြန်စာအုပ်များဖြစ်သည့် "ဗမာ့ဟယ်လင်"၊ "ဗမာ့စောင်း" တို့ကိုထုတ်ဝေသူ မဟာစာပေက Amazon တွင် Miss Burma ဆိုသည့် စာအုပ်တစ်အုပ် မေလဆန်းတွင် ထွက်မည်ဟု ကြော်ငြာထားကြောင်း သတင်းပေးပါသည်။ မြည်းစမ်းကြည့်ရာ ကျွန်တော်တို့ငယ်စဉ်က နာမည်ကျော်ခဲ့သော မယ်ဗမာ နော်လွီဇာဘင်ဆင်အကြောင်းကို သမီးဖြစ်သူ ရှာမိန်းခရိတ်က ရေးဖွဲ့ထားခြင်းဖြစ်သည်ဟု သိရပါသည်။ မယ်ဗမာ၊ ရုပ်ရှင်မင်းသမီးဖြစ်လာသော နော်လွီဇာဘင်ဆင်နှင့် ပတ်သက်၍ သတင်းများစွာ ကြားခဲ့ရဖူးပါသည်။ စစ်အာဏာရှင် ဗိုလ်ချုပ်နေဝင်းနှင့် ဇာတ်လမ်းများ။ ကရင်သူပုန် ဗိုလ်ချုပ်လင်တန်(ခေါ်)လင်းထင်နှင့် တရားဝင်လက်ထပ်လိုက်ကြပြီး တောခိုသွားကြသည်။ အစိုးရတပ်များနှင့်တိုက်သည့် တိုက်ပွဲတစ်ခုတွင် လင်တန် ကျဆုံးသွားသောအခါ နော်လွီဇာဘင်ဆင်ကိုယ်တိုင် ဦးစီးတိုက်သည်ဟု ဆိုသည်။ ထို့နောက် သူ့သတင်းပျောက်သွားခဲ့၏။ ယခု သမီး စာရေးဆရာမ ရှာမိန်းခရိတ်က အချစ်၊ အလွမ်း။ ကောလာဟလများ။ မြန်မာ့သမိုင်းတွင် ပျောက်ကွယ်နေသည့် အချက်အလက်များနှင့် ရောယှက်ရေးဖွဲ့လိုက်သောအခါ ဝတ္ထုတစ်ပုဒ်သဖွယ် ဖတ်ကောင်းသည့်စာတစ်အုပ် ဖြစ်လာပါတော့သည်။


■






www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၅၀၊ ဇန်နဝါရီ၊ ၂၀၁၃

ချယ်ရီ ရုပ်စုံမဂ္ဂဇင်း

ဝတ္ထုရှည်၈/ဆုံး

# ၈၀ ဆိုတာ သီချင်းတစ်ပုဒ်လား အိပ်မက် ရိုးမှုလား

## မေရွှန်အေး

၁။

ပြောရလျှင်. . .။

ကီးကီးနှင့် လမင်းကြီးက ငယ်ပေါင်းကြီးဖော်။ သို့ဖြင့် ကီးကီး လမင်းကြီးကို သဘောကျ ခင်မင်သည်။ သံယောဇဉ်တွယ်တာမှုရှိသည်။ သူက ကီးကီးတို့ သူငယ်ချင်းတွေ ကစားကြသည့်အခါ သူ့ အလင်းရောင်ကို အစွမ်းကုန်သာပေးသည်။ လမင်းနှင့် ကီးကီးတို့က မိတ်ရင်းဆွေရင်းတွေ။ သို့ပေမဲ့ တစ်ခါတစ်ခါ လမင်းကြီးက ပျောက်ကွယ်ပုန်းလျှိုး နေတတ်ပြန်သည်။ အဲဒီအချိန်ဆိုလျှင် မှောင်မည်းပြီး



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ပျော်စရာ မကောင်းတော့။ ဘိုးဘိုးကို မေးကြည့်တော့ သူလည်း သဘာဝတရားကို မလွန်ဆန်နိုင်ဘူးတဲ့။ အလှည့်ဆိုသော သဘာဝတရားရဲ့ စီမံခံကြရတာပေါ့ဟု ဘိုးဘိုး ပြောတာ မှတ်မိနေသေးသည်။ ဘာပဲဖြစ်ဖြစ် ကီးကီးကတော့ သာမည့်လကို မျှော်ရသည့်အလုပ်ကို နှစ်သက်သည်။

ကီးကီးဘဝမှာ အလင်းမျှင်တစ်စကို ပေးသည့်လက အရေးကြီးသည်။ ကီးကီးနှင့် လမင်းကင်းကွာ၍မဖြစ်။ လာလှလှ ငေးရသော လမင်းကြီးကို ကီးကီး မျှော်ရသည်။

လမင်းကြီးရေ... ကီးကီးဆီ ဘယ်တော့ အရောက်လာမှာလဲ။

❑

ကီးကီးကို အမေပြန်လာခေါ်သည့်နေ့။

ကီးကီးမှတ်မိသေးသည်။ ဘွားဘွားက တရှုပ်ရှုပ် ငိုနေသည်။ ဘိုးဘိုးက မျက်နှာမကောင်း။ အိမ်ပေါ်က ဆင်းပြီး ဘုန်းတော်ကြီးကျောင်းထွက်သွားသည်။ ဘွားဘွားက အမေ့ကို စကားတစ်ခွန်းပြောသည်။ ထိုစကားတစ်ခွန်းကို အဲဒီအချိန်က ကီးကီးသိပ်နားမလည်ခဲ့။ အမေ့နောက်လိုက်ရမည်ဆိုသည့် အသိစိတ်တစ်ခုက ကီးကီးတစ်ကိုယ်လုံး အပျော်တွေက ထုံကူးလို့။ နောက်တော့မှ ကီးကီး တဖြည်းဖြည်း နားလည်လာသည်။ အဲဒီအချိန်မှာ ဘွားဘွားနှင့် ဘိုးဘိုးကို ကီးကီး တောင်းပန်ချင်သော်လည်း ဘိုးဘိုးရော ဘွားဘွားပါ မရှိကြတော့ပါချေ။

“တင်တင်လတ်... ကလေးကို မခေါ်သွားပါနဲ့။ နင့်မှာလည်း အစားထိုးစရာတွေရှိနေတာပဲ။ ဒီကလေးက နင်နဲ့နေရင် တစ်နေ့ နင် နောင်တရလိမ့်မယ်”

အမေကတော့ ဇွတ်ပဲ။ ဘာစကားကိုမျှ နားမထောင်။

ကီးကီးကတော့ ပျော်တာပဲ သိသည်။ ရှိစုမဲ့စု အင်္ကျီလေးတွေကို အမေက ပါလာသည့် လက်ဆွဲအိတ်ထဲ ထည့်။ ကီးကီးကလည်း ခြံစည်းရိုးပေါ် လှန်းထားသည့် ဂါဝန်ကို ကျန်ခဲ့မှာစိုး၍ အပြေးယူပြီး အမေ့ကို ပေးသည်။

“အခြေအနေအရ အမေတို့နဲ့ ထားခဲ့တာလေ။ ကိုယ့်သားသမီး ကိုယ်ပြန်ခေါ်တာ နောင်တရစရာ မလိုပါဘူး”

အဘွား လက်လျှော့လိုက်သည်။ မျက်ရည်စမ်းစမ်းဖြင့် ကီးကီးကို လာနမ်းသည်။ ကီးကီးကလည်း အဘွား၏ ပါးရိုးပိန်ပိန်ကို နောက်ဆုံးနမ်းရခြင်းဖြစ်ကြောင်း ကီးကီး မသိခဲ့ပေ။ အဘိုးကိုတောင် မနှုတ်ဆက်ရဘဲ ကီးကီး အမေနှင့်အတူ လိုက်ပါလာသည်။ ငယ်သူမို့ ဘာမျှမသိခဲ့ပါ။

❑

ဘဝသစ်တစ်ခု စ,ခဲ့ပြီ။

အဘွားဆီက ထွက်လာပြီး ကီးကီး ကျောင်းတက်ရသည်။ ကျောင်းတက်နေရသည့်အချိန်မှာတော့ ကီးကီး ပျော်ရသည်။ အိမ်ပြန်ရောက်သည်နှင့် ကီးကီး ကလေးထိန်းရသည်။ ကလေးက အမေ့ကလေးတဲ့။ ဗိုက်ထဲမှာက နောက်တစ်ယောက်။ အဘိုးနှင့်အဘွား ပြောသံလည်း ကီးကီး မကြားမိ။ ကီးကီးရောက်ပြီးမှ မွေးတာက မောင်လေး။ ပေကျံညစ်ပတ်နေသည့် အနှီးများကို ကီးကီး လျှော်ရသည်။ နံစော်လွန်းလို့ ကီးကီး ထမင်းစားချင်စိတ် ပျောက်ပျောက်သွားတတ်သည်။

အမေကတော့ တစ်မျိုးပါပဲ။ ချက်ပြုတ်ပြီးရင် အပြင်ကိုထွက်သွားလိုက်တာ ညရောက်မှ ပြန်လာတတ်သည်။ မောင်လေးကတော့ နို့ဘူးနှင့်ပဲ ကြီးပြင်းရသည်။ ကီးကီး အဖေ့ကိုတော့ တစ်ခါမျှ မမြင်ဖူးပေမဲ့ အမေ့ယောကျ်ားကတော့ ကီးကီးအဖေမဟုတ်တာ သေချာသည်။ သူကလည်း ကီးကီးကို သူစိမ်းလိုပဲ ဆက်ဆံသည်။ အပြင်ထွက်သည့်အခါ ထွက်သည်။ အိမ်မှာနေလျှင်တော့ အရက်ကလေးတမြမြ။ ပြီးတော့ ဂဏန်းအက္ခရာများနှင့် ဆော့နေတတ်သည်။

ကီးကီး လေးတန်းစာမေးပွဲဖြေပြီးတော့ ကျောင်းထွက်လိုက်ရသည်။ လသာသည့်ညတွေမှာ ကီးကီး ပြတင်းတံခါးနားမှာ ရပ်ပြီး တစ်ယောက်တည်း စကားပြောတတ်လာသည်။

“လမင်းကြီးရယ်၊ ကီးကီးလေ... ငယ်ငယ်တုန်းကလိုပဲ သူငယ်ချင်းတွေနဲ့ ကစားချင်လိုက်တာ။ ဘိုးဘိုးနဲ့ ဘွားဘွားကိုလည်း အောက်မေ့လှပြီ”

❑

ကီးကီးကို မြင်လိုက်လျှင် အမြဲတမ်းပေတီပေစုတ်နှင့်။ ဆံပင်ကလည်း အရှည်၊ ကျောလယ်လောက်ရှိသည်။ ခေါင်းခဏခဏလျှော်လျှင် အမေက မကြိုက်။ ရှန်ပူတစ်ထုပ် ငါးဆယ်ကျပ်ကို အမေ မသထာ။ ပုစုခရုထိန်းနေမှတော့ ကီးကီးကိုယ်က ချဉ်နံ့စူးနေမှာပေါ့။

ထိုနေ့က ကိုကိုနှင့် စ,တွေ့သည်။ တွေ့ပုံက ခပ်ဆန်းဆန်း။

အခုရက်ပိုင်း ချိုးဖြူရေပိုက်လိုင်းပြင်လို့တဲ့၊ အားလုံး ရေမရကြ။ လမ်းထဲမှာ ကိုကိုတို့တစ်အိမ်သာ အဝီစိရေတွင်းရှိသည်။ ဒါကြောင့် တစ်လမ်းလုံးကို ကိုကိုတို့အိမ်က ရေပေးလှူသည်။ ပုံးတွေတန်းစီထားရသည်။ ကိုကိုက တစ်ပုံးချင်း ပိုက်ဖြင့် ရေဖြည့်ပေးသည်။

“ကီးကီး... ရေပုံးနှစ်ပုံးယူသွားပြီး ရေသွားတန်းစီ။ ဒီမှာ အိုက်ပူလှပြီ။ ကလေးတွေလည်း ရေမချိုးရသေးဘူး။ သွားသွား မြန်မြန်သွား”

ကီးကီး ရေပုံးနှစ်ပုံးဆွဲပြီး ကိုကိုတို့အိမ်ရှေ့မှာ တန်းစီလိုက်သည်။ ကိုကိုတို့ အိမ်က တိုက်အိမ်။ ခြံဝင်းထဲမှာ ပန်းတွေက မနည်းမနော၊ များလိုက်တာ။ ကီးကီးက ရေအလှည့်စောင့်ရင်း ကိုကို့အိမ်က ပန်းတွေကို ငေးနေလိုက်တာ ကိုယ့်အလှည့်ရောက်မှန်း ကီးကီး မသိလိုက်ပေ။ ကိုကိုက ပိုက်နှင့် ကီးကီးပုံးဖြည့်နေပြီး ကီးကီးကို အကဲခတ်နေသည်။ အသားရောင်ဝင်းဝင်း၊ မျက်နှာလေးက ဂျပန်မနှင့်တူသည်ဟု ကီးကီးကို ပြောကြတာပဲ။ ဒါပေမဲ့ အဝတ်အစားက မပြောင်ရောင်။ ခေါင်းက



www.burmeseclassic.com

www.burmeseclassic.com

အုန်းဆီနှင့် ကင်းဝေးတော့ နီကြောင်ကြောင်။ ကီးကီးရုပ်က ဘယ်လိုမှ ကြည့်ချင်စရာမကောင်း။ ကီးကီးကိုယ်တိုင်ကလည်း ကိုယ့်ကိုယ်ကို သိနေသည်။

‘ဟေး… ညီမ ရေပြည့်ပြီလေ’

ကိုကို့ဆီက စကားသံကြားမှ ခြံထဲက ပန်းတွေဆီ စိတ်ရောက်နေသည့် ကီးကီးတစ်ယောက် ပျာပျာသလဲ ရေပုံးကိုဆွဲထုတ်ပြီး ဘေးသို့ နေရာရွှေ့သည်။ ရေပုံးက သံပုံးဆိုတော့ ကီးကီးအင်အားနှင့် မမျှချင်။ ရေတစ်ပုံးချန်ပြီး တစ်ပုံးကို ရှိသမျှ ခွန်အားနှင့် ဖျစ်ညှစ်ပြီး ဆွဲလာသည်။ လေးငါးလှမ်း, လှမ်းပြီးလျှင် တစ်ခါရပ်နားရသည်။ ကိုကိုတို့အိမ်နှင့် ကီးကီးတို့အိမ်က လမ်း၏ ထိပ်ပိတ်နှင့် နောက်ပိတ်ဆိုတော့ တစ်မျှော်တစ်ခေါ် သွားရတာပေါ့။ အမေက ပုံးကို မ,ပြီး ရေစည်ထဲလောင်းထည့်သည်။

‘ကြာလိုက်တာ’

‘လူတွေက အများကြီး’

ရေပုံးလွှတ်ဆွဲပြီးနောက်တစ်ကျော့ ပြန်စီထားရသည်။ စောစောက ရေပြည့်နေသည့်ပုံးကိုဆွဲဖို့ ဟန်ပြင်တော့ ကိုကိုက ‘နိုင်ရဲ့လား၊ အိမ်မှာ လူကြီးတွေ မရှိဘူးလား’။ နှမတစ်ယောက်လို မမြင်ရက်သဖြင့် အမှတ်တမဲ့ မေးလိုက်ခြင်းပါ။ သို့သော် ရေတန်းစီသည့် လူတွေက ကီးကီးကို ဝိုင်းကြည့်ကြသည်။ ကီးကီးက ဘာနားလည်မှာလဲ။

‘ဟင့်အင်း’

ကီးကီးက ခေါင်းလည်းခါ၊ ပါးစပ်ကလည်း ပြောလိုက်တော့ ကိုကိုက သူတို့အိမ်ထဲဘက်သို့ လှည့်ပြီး တစ်စုံတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

‘ဘိုဘိုရေ… ခဏ’

ကိုကိုနှင့် ရုပ်နည်းနည်းဆင်သည့် ကောင်လေးတစ်ယောက် ထွက်လာသည်။ သူက ဘိုဘိုပေါ့လေ။ ကီးကီး ခဏခဏတွေ့ဖူးသားပဲ။ သူက ကီးကီးကို အမြဲစ,နောက်တတ်သည်။ မထိခလုတ်၊ ထိခလုတ်နှင့်။

‘ပေတလူးမ၊ ပေတလူးမ… ရုပ်ကလေးကလှလှ၊ လူက ညစ်ပတ်ပါ့’တဲ့။ သူ့သူငယ်ချင်းတွေပါ လိုက်စ, နောက်ကြသည်။ ကီးကီး သူတို့ကိုကြည့်၍မရ။ ညီမလေးတွေကို ကျောင်းပို့တိုင်း ဆုံနေကျလေ။

‘အေးကွာ… ဘိုဘို၊ ဒီမှာ ရေဖြည့်ပေးထား။ ကိုကို ဒီကလေးမလေးကို ကူသယ်ပေးလိုက်ဦးမယ်။ ကြည့်ရတာ မှောက်လျက်လဲကျတော့မယ်’

ဟုတ်တော့ ဟုတ်သည်။ ရေတန်းစီသည့်လူတွေအားလုံး လူကြီး၊ လူရွယ်၊ လူလတ်တွေ။ ကလေးဆို၍ ကီးကီးတစ်ယောက်တည်း။ ကိုကိုက ကီးကီးရေပုံးကို ဆွဲမ,လိုက်တာများ ပေါ့ပေါ့ပါးပါး သာသာလေး။

‘ရပါတယ် ကိုကို၊ ကီးကီး ဖြည်းဖြည်းချင်းဆွဲလို့ရတယ်’

ကိုကိုခေါ်လိုက်လို့လား၊ ကီးကီးပြန်ပြောတာကို သဘောကျလို့လား မသိဘူး။ ကီးကီးကို ပြုံးပြီးကြည့်သည်။ ကိုကိုဆွဲသည့်ရေပုံးက ကိုကို့ဗလနှင့် ပေါ့ပေါ့လေးလိုပဲ။ ကီးကီး ဘေးချင်းယှဉ်လိုက်လာရတာ အားနာနေသည်။

‘ကီးကီးတဲ့ လား၊ ဘယ်နှတန်းရောက်ပြီလဲ’

ကီးကီး ဝမ်းနည်းသွားသည်။ ဒီလိုအမေးခံလိုက်ရမှ ကီးကီး အဆင့်အတန်းနှင့် အနိမ့်အမြင့်ကို ချက်ချင်း ခံစားမိသည်။

‘ဟင့်အင်း၊ ကျောင်းမနေတော့ပါဘူး’

ကီးကီးမျက်ဝန်းမှာ မျက်ရည်တွေပြည့်နေတာကို ကိုကို သတိထားမိပုံရသည်။ စကားတစ်ခွန်းမျှမဆိုတော့ပေ။ အိမ်ရောက်တော့ မေမေက အံ့ဩတကြီးနှင့်-

‘အို… ရဲထွဋ်ခေါင်ပါလား၊ အားနာစရာကြီး၊ ကီးကီးက အပူကပ်လိုက်တယ်နဲ့ တူတယ်’

‘မဟုတ်ပါဘူး အန်တီ၊ သူမနိုင်မနင်းဖြစ်နေတာတွေ့လို့ ကျွန်တော် ကူညီတာပါ။ ရေပုံးနဲ့ လဲကျရင် မလွယ်ဘူး’

ကိုကို့နာမည်က ရဲထွဋ်ခေါင်တဲ့။ နောက်မှသိရတာက ဆေးကျောင်းသားတစ်ယောက်ဆိုပါလား။ ကီးကီး မော့ကြည့်ရမယ့်သူပေါ့။ ဒီကြားထဲ မေမေက ပြောသေးသည်။

‘ဝေးဝေးနေနော်၊ သူ့အမေ၊ သူ့အစ်မတွေက မာနကြီးပါဘိနဲ့’

❑

ကီးကီးချစ်ခင်ရသည့် သူတွေထဲမှာ ကီးကီးတို့ တစ်လမ်းကျော်က အန်တီကေသီလည်း ပါသည်။ အန်တီကေသီက အလှပြင်ဆိုင်ဖွင့်ထားသည်။ အထည်လည်း ရောင်းသည်။ ကီးကီး အငယ်ဆုံးလေး ခါးထစ်ခွင်ပြီး လျှောက်ထိန်းရင်းနှင့် အန်တီကေသီဆိုင် ခဏခဏရောက်သည်။

‘ကီးကီးက ဘာလို့ ဆံပင်အရှည်ထားတာလဲ။ အရှည်ထားရင် သန့်ရှင်းမှ ကောင်းတာ။ ခု ကီးကီးဆံပင်က မလျှော်တာကြာလို့ ချပ်ခဲဖြစ်နေတယ်။ သန်းတွေလည်း များမှများ။ အုန်းဆီမလိမ်းတော့ နီကြောင်ကြောင်နဲ့။ အန်တီ စေတနာနဲ့ ညှပ်ပေးမယ်လေ။ ကီးကီး မျက်နှာနဲ့လိုက်တဲ့ပုံ ညှပ်လိုက်ရင် တကယ့်ဂျပန်မအစစ်တစ်ယောက်ပဲ။ ကီးကီး မျက်နှာက အေးချမ်းတယ်။ နှာတံကျပုံလေးက အလှဆုံးပဲ’

ကီးကီး အမေ့ကို မပြောရဲပါဘူး။ လူတွေက ကီးကီးကို ဂျပန်မလေးနှင့် တူသည်ဆိုပြီး ချစ်ကြ၊ မုန့်တွေဝယ်ကျွေးကြ။ ဒါပေမဲ့ သူတို့ဆီက တစ်စွန်းတစ်စ ကြားထားရသည့် စကားများက သတင်းဆိုးကြီးမို့ ကီးကီး မပျော်နိုင်ပေ။ အမေ့ယောက်ျားက ကိန်းဂဏန်းတွေကို တွယ်တာသူ။ ကိန်းဂဏန်းနှင့် လိုက်တမ်းပြေးတမ်းကစားသူ။ ဘာအလုပ်မှ လက်ကြောတင်းသူ မဟုတ်တဲ့။ အမေကလည်း လောဘရမ္မက်ဖြင့် ပဋ္ဌလက်ကစားနည်းများနှင့် မသေချာသော



www.burmeseclassic.com

www.burmeseclassic.com

ဘဝကို သေချာနေချင်တဲ့သူ။ ပိန်ချည်တစ်ခါ၊ ဖောင်းချည် တစ်လှည့်ဖြင့် လောကကို ခါးစောင်းတင်ချင်နေသူနှစ်ဦး၊ အသွင်တူတော့ အိမ်သူဖြစ်ကြတာ ဘာဆန်းမလဲ။ ကီးကီးကတော့ နားလည်သလိုလို၊ နားမလည်သလိုလို။

အန်တီကေသီက ကီးကီး မလာလျှင် မျှော်နေတတ်သည်။ ဟင်းကောင်းချက်သည့်အခါ ပိုမျှော်တတ်သည်။ ဒီနေ့တော့ ကီးကီး အန်တီကေသီဆိုင်ဘက် ထွက်လာသည်။

"အမယ်လေး ကီးကီး ရယ်၊ လာပါဦး၊ လာပါဦး"

ဆိုင်ရှေ့ ရောက်ရုံရှိသေး။ အန်တီကေသီ၏ အလန့်တကြားခေါ်သံကြောင့် ကီးကီး လန့်သွားသည်။

"ဘာဖြစ်လို့လဲ အန်တီ"

အန်တီကေသီက လက်ညှိုးထိုးပြသည်။ ကီးကီးဝတ်ထားသည့် အမေ့ထဘီ အဟောင်းကိုပေါ့။ ကီးကီး ငုံ့ကြည့်တော့ ပန်းရောင်ရင့်ရင့် အကွက်တွေက ထဘီတစ်ထည်လုံး ဟိုတစ်ကွက်၊ သည်တစ်ကွက်။

ယခု တလော . . . ကီးကီး ကြီးကောင်ဝင်အရွယ်ရောက်လာပြီလေ။ ဗိုက်က အောင့်အောင့်ပြီး နာကျင်ကိုက်ခဲသည့်အကြောင်း အမေ့ကိုပြောပြတော့-

"ရော့ ငါ့ထဘီ အဟောင်းယူလိုက်။ ဘောင်းဘီတိုကို အထဲကဝတ်"

ဘောင်းဘီတိုက လည်း နှစ်ထည်တည်းရှိတာ။ တစ်ထည်လျှော်၊ တစ်ထည်ဝတ်။ မခြောက်သည့်

u kd EkSh
pwi faw Gq ketw m
u D D
b , faw mhSar hSm
r[ kw fyg l
o b n0w &m;\
v S fpm;csi fu
wu , f
x lq efo n f
u kd kf kd
w pB dfw pfcg Q
rjr i fzlao mfv n f
wu , fw rf
w pB df
aw Gzlv kd f/kESh
t B dfB df
aw Gq kEkzpfv m
&w mu v n f
t bll p&myJ
jzpfb n f

အခါ ထဘီတစ်ထည်ပဲ ဝတ်ထားရတာလေ။ အန်တီကေသီက အရေးကြီးခွင်ကျယ်လုပ်လို့။ ကီးကီးက ပေစုတ်စုတ်ပါဆိုမှ။ ဒါပေမဲ့ အန်တီကေသီက သိပ်ချစ်စရာ ကောင်းတာပဲ။ အပွင့်မည်းမည်းများများပါသည့် သူ့ထဘီ သုံးထည်၊ အင်္ကျီ သုံးထည်ပေးသည်။ ထဘီလေးက အနက်ဆိုတော့ ဘာအကွက်မှ မပေါ်တော့ဘူး။ ပြီးတော့ ကီးကီးက အသားဖြူတာဆိုတော့ အနက်ရောင်ထဘီလေးဝတ်လိုက်ရင် အသားက ပိုပြီးဖြူလာသလိုပဲ။ ပိုပြီးလည်း လှလာသည်။ ကီးကီးထင်တာကို ပြောတာပါ။

လူရှင်းသည့်နေ့ဆို လျှင် အန်တီကေသီတပည့်တွေက ကီးကီးကို သေသေချာချာ ခေါင်းလျှော်ပေးသည်။ ခေါင်းလျှော်စင်ပေါ်မှာ ကီးကီး အိပ်ပျော်နေတတ်သည်။ ဒီလိုဇိမ်ရှိရှိ ခေါင်းလျှော်နိုင်ဖို့ ဆိုတာ ပိုက်ဆံရှိသူတွေပဲ လုပ်နိုင်သည်ဆိုတာ ကီးကီး သိသည်။ ကီးကီးလည်း ချမ်းသာချင်လိုက်တာ။ ချမ်းသာသူတွေက ချမ်းသာပြီး ကီးကီးတို့ကျတော့ ဘာကြောင့် ဆင်းရဲနေရပါလိမ့်နော်။

❑

၂။

ပန်းတစ်ပွင့်လို ငုံရာမှ ပွင့်လာခဲ့ရပေမဲ့ ကီးကီးဘဝကတော့ အကျဉ်းအကျပ်သံသရာထဲ လည်ဆဲ။

လသာသည ညများမှာ ကီးကီး ကြယ်လေးတွေကို ရေတွက်ကြည့်နေမိသည်။ ကြယ်စုံ၊ လစုံ ညတွေကို ကီးကီး ချစ်သည်။ ညတွေဟာ ကီးကီးရဲ့အဖော်ပဲ။ ညတွေကို ကီးကီးပိုင်ဆိုင်လိုသည်။ တစ်နေ့လုံး အချိန်ကို ကီးကီးမပိုင်ဆိုင်ခဲ့သော်လည်း ညက ကီးကီးအတွက် လွတ်လပ်ခြင်းအရသာကို ပေးစွမ်းနိုင်သည်။ ညမှာ လဝါဝါကို ကီးကီးပြောချင်တာတွေအားလုံး ပြောပြဖြစ်သည်။ ဝမ်းနည်းသည့်အခါလည်း တဝကြီးငိုလိုက်သည်။ ဒါပေမဲ့ ညတွေဟာ ကီးကီးချစ်သလောက် ပြန်မချစ်ဘူး။ ကီးကီးမှာ ဘာအပြစ်ရှိလို့လဲ။ ညနှင့်နေ့ နှစ်ခုမှာ ကီးကီးက ညကိုချစ်နေမိတာ မှားနေမှန်း ကီးကီး နောက်မှ သိရသည်။ တကယ်တော့ ညက အပြစ်ရှိလား၊ ကီးကီးက အပြစ်ရှိလား။ ကိုကိုရယ်. . . ကီးကီးကို လမ်းပြပေးပါ။

❑

ကိုကိုနှင့် ကီးကီး။

ကီးကီးနှင့် ကိုကို။

အရင်က တစ်ခါမှ မဆုံဖူးသော်ငြား ရေရှားပါးသည့် နွေတုန်းက ကိုကိုနှင့် စတင်တွေ့ဆုံခဲ့တာ ကီးကီး ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူး။ သဘာဝတရား၏ လှည့်စားချက်က တကယ်ထူးဆန်းသည်။ ကိုကို့ကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော်လည်း တကယ်တမ်း တစ်ကြိမ် တွေ့ဖူးလိုက်ရုံနှင့် အကြိမ်ကြိမ်တွေ့ဆုံဖို့ ဖြစ်လာရတာကလည်း အံ့သြစရာပဲဖြစ်သည်။

အခါတိုင်း ကိုကို အပြင်ထွက်သည့်အခါ ကိုကို့အိမ်ဘေး လမ်းကြားထဲက ထွက်လျှင် ကားလမ်းမဆီ ခဏလေးရောက်သွားသည်။ ကီးကီးနှင့် ဆုံပြီးနောက်ပိုင်း ကိုကိုတစ်ယောက် ကီးကီးတို့အိမ်ရှေ့ဘက် ဖြတ်လျှောက်ထွက်လာပြီး ကားလမ်းမဆီ ရောက်အောင် တစ်ပတ်ကြီးလျှောက်သည်။ နောက်မှ ကိုကိုပြောပြတာက ကီးကီးကိုမြင်လိုက်ရုံနှင့် ခရီးက ဘယ်လောက်ဝေးဝေး အနီးကလေးဟု ထင်မိသည်တဲ့။ စကားတတ် သည့်ကိုကို။

ကိုကိုက လှပသောသူ့အနာဂတ်တည်ဆောက်ဖို့ ဆေးတက္ကသိုလ်တက်နေသည်။ ဆေးကျောင်းသား ကိုကို။ ဆရာဝန်လောင်း ကိုကို။ ကီးကီးနှင့် ကိုကိုက အသက်ချင်းကွာသည်။ အဆင့်အတန်းချင်းကွာသည်။



www.burmeseclassic.com

www.burmeseclassic.com

ပညာအရည်အချင်းပါ ကွာသည်။ ပြီးတော့ ကိုကိုက အသက်ကြီးတော့ အကွက်မြင်တတ်သည်။ ကီးကီးက ညီမလေးတို့ကို ကျောင်းသွားပို့လျှင် ဘိုဘိုတို့အဖွဲ့နှင့် အမြဲဆုံတတ်သည်။ ဘိုဘိုက ကီးကီးကို အရင်လို သိပ်မစ,တော့၊ အသိအမှတ်ပြုသလို နှုတ်ဆက်လာသည်။ ညီမလေးတွေကို မုန့်ထုပ်တွေ ပေးလာတတ်သည်။ ကီးကီးက သူ့ကို မုန်းဆဲ။ ကလေးတွေကတော့ ငတ်ကြီးကျတော့ ယူကြတယ်လေ။ ကီးကီး မတားတော့ပေ။

ကျောင်းတက်ပြီးမှ ပြန်လာသည့် ကီးကီးကို လမ်းချိုးတစ်ခု၏ ခရေပင်ရိပ်ကောင်းကောင်းအောက်မှာ ကိုကို စောင့်နေတတ်သည်။ လက်ထဲမှာ ကီးကီးအတွက် စံပယ်ပန်းတွေ အခက်လိုက်ခူးလာခဲ့ပြီး ပေးသည်။ ကီးကီးက ပန်းကြိုက်သူဆိုတော့ ဘုမသိ ဘမသိ ယူလိုက်တာပဲ။ ကိုကိုက ဗီဒီယိုကားထဲက အင်္ဂလိပ်မင်းသား တွမ်ခရုနှင့် ဆင်သည်။ ကိုကိုကတောင် ပိုချောနေသလားပဲ။

‘ကီးကီးက ဂျပန်မလေးနဲ့တူတယ်။ သိပ်ချစ်စရာ ကောင်းတာပဲ’

‘ဟုတ်လို့လား’

‘တကယ်ပြောတာပါ’

‘မယုံပါဘူး ကိုကို’

ကီးကီးတို့နှစ်ယောက် ခရေပင်အောက် အုတ်ခုံလေးမှာ နေ့တိုင်းနီးပါးဆုံဖြစ်သည်။ အဲဒီနေရာလေးက လူအသွားအလာကျဲသည်။ ကျောင်းပိတ်ရက်တွေ မဆုံဖြစ်တဲ့အခါ ကိုကို့ကို လွမ်းလိုက်တာ။ တစ်ခါတော့ ကိုကို ကီးကီးမွေးနေ့ကို မေးသည်။ ကီးကီးလည်း အမှတ်တမဲ့ပြောလိုက်မိသည်။

သို့ဖြင့် တစ်နေ့… ခရေပင်အောက်မှာ ဆုံကြတော့ ကိုကိုက သူ့ကျောပိုးအိတ်ထဲက အထုပ်ကြီးတစ်ထုပ်ကို ပေးလာသည်။

‘ဘာတွေလဲ ကိုကို’

‘ကီးကီးမွေးနေ့အတွက် ကိုကို့လက်ဆောင်။ အမှတ်တရသိမ်းထားနော်။ စာလည်း တစ်စောင်ပါတယ်။ ကီးကီးဖတ်ပြီးရင် ဆုတ်ဖြဲပစ်လိုက်နော်။ သူများတွေ့လို့ မဖြစ်ဘူး’

ဘာတွေလဲ၊ ကီးကီး ရင်ခုန်သွားသည်။ စာတစ်စောင်လည်း ပါတယ်တဲ့။ ကီးကီး ကိုကို့ကို အစ်ကိုတစ်ယောက်လိုချစ်သည်။ သို့သော် ကိုကို့ကိုမြင်တွေ့လျှင် အလိုလို ရင်ခုန်သည်။ သွေးတွေနွေးလာသည်။ ဟိုလေ… ကိုကို့စာက အပျံသင်စ,မလေး ကီးကီးကိုများ…။

❑

အိမ်ရောက်သည်နှင့် မောင်လေးကို အပ်ထားသည့် အိမ်ကိုမဝင်သေးဘဲ အိမ်သို့တန်းပြန်သည်။ ကိုကို့အထုပ်ကို ဖွင့်ဖောက်ကြည့်သည်။ အို… ကလီးရားရှန်ပူဘူးကြီးတစ်ဘူး။ ဂျပန်မအရုပ်လှလှလေးက တစ်ခု။ ပြီးတော့ စာလေးတစ်စောင်။ အဲဒါတွေကို ဖယ်ချထားပြီး စာအိတ်ထဲက စာကို ဖွင့်ဖတ်လိုက်၏။ ဟင်… ကီးကီးမျှော်လင့်ထားတဲ့ စာမှမဟုတ်တာ။ ရေးထားတာက ကီးကီးက သိပ်လှတာပဲ။ ဆွဲဆောင်မှုလည်းရှိတယ်တဲ့။ ဒါကြောင့်မို့ အန္တရာယ်အလွန်များသည့်အတွက် ကိုကိုစိတ်မချနိုင်ဘူးတဲ့။ ပြီးတော့ ကီးကီးက အရွယ်ရောက်နေပြီတဲ့။ ကိုကို ဘယ်လိုသိသွားတာလဲ။ ကီးကီးရှက်လိုက်တာ။ နောက်ပြီး ရေးထားသေးတယ်။ ကီးကီးအဖေမဟုတ်တဲ့သူ အိမ်မှာရှိလျှင် တစ်ယောက်တည်းမနေပါနှင့်တဲ့။ ကီးကီးကို ပန်းလေးတစ်ပွင့်လို အမြဲတမ်းလန်းဆန်းနေချင်သည်တဲ့။ ကိုကိုက ဆရာဝန်ဖြစ်ဖို့ နှစ်တွေအများကြီးလိုသေးသည်။ ကိုကို ဆရာဝန်ဖြစ်မှ ကီးကီးကို လှပတဲ့ဘဝတစ်ခု ဖန်ဆင်းပေးမယ်တဲ့။ စာအဆုံးမှာတော့ ‘ကီးကီးရဲ့ အချစ်ဆုံးကိုကို’ ဆိုပြီး ရေးလိုက်သေးသည်။

ကီးကီး ရင်ခုန်ရမည့်စာမျိုး ထင်ထားတာ။ အခုစာကတော့ ကီးကီးနားမလည်တာ အမှန်ပဲ။ ကိုကိုက စာဖတ်ပြီးရင် ဆုတ်ဖြဲပစ်လိုက်ပါတဲ့။ ကီးကီး မဆုတ်ဖြဲရက်ပါဘူး။ ကီးကီးရင်ဘတ်ထဲမှာ အမြဲသိမ်းထားမည်။ ကိုကို့စာကိုတော့ ကီးကီးချစ်သော အန်တီကေသီဆီ သွားပြီး စာ၏အနက်အဓိပ္ပာယ်ကို ဘာသာပြန်ခိုင်းရဦးမည်။

‘သမီး ကီးကီး၊ သမီးက အရမ်းလှတဲ့ မိန်းကလေးတစ်ယောက်။ အမေရှိပေမဲ့ အမေက ရင်အုပ်မကွာ မနေနိုင်ဘူးမဟုတ်လား။ ကီးကီး အဖေမဟုတ်တဲ့ဦးလေးရှိရင် ကီးကီးတစ်ယောက်တည်း အိမ်မှာမနေနဲ့။ အန်တီကေသီဆီ မောင်လေးထိန်းရင်း လာနေပေါ့။ သမီးကိုကိုက သမီးကို ချစ်နေတာ။ ကလေးမုန့်ပေးပြီးကြိုက်တယ်လို့ မြင်ကြမှာစိုးလို့ ကီးကီးကို ဖွင့်မပြောတာ။ သမီးနားလည်ထားဖို့က သမီးကိုကိုအတွက် သမီးစောင့်ထိန်းပါ။ အမြဲသတိရှိနော်။ ညကျရင် အခန်းတံခါးသေချာပိတ်အိပ်’

ကီးကီး စေ့စေ့တွေးကြည့်တော့ အန်တီကေသီပြောသလိုပဲ ကိုကိုချစ်နေတာ ကီးကီး သိနေသလိုပဲ။ ကိုကိုပြောဖူးတဲ့စကားတွေ အများကြီးရှိသည်။ ကိုကို ဆရာဝန်မဖြစ်ခင် ကီးကီးနှင့် နေ့တိုင်းတွေ့ချင်သည်။ ဒီကြားထဲမှာ ထူးခြားတာရှိခဲ့လျှင် ကိုကို့ကို အားလုံးပြောပြရမည်တဲ့။ ကိုကိုနှင့်ကီးကီးတို့ဘဝအတွက် ဆုံးဖြတ်ဖို့၊ ရှေ့ဆက်ရမည့် ခရီးတွေအတွက် ဒီအုတ်ခုံလေးက သက်သေပဲ။ ကိုကိုက ကီးကီးအကြောင်း အားလုံးသိချင်တာပဲလား။ ကီးကီးလည်း ကိုကို့အကြောင်း သိချင်တာပေါ့ ကိုကို။

‘ကိုကိုတို့ကျောင်းမှာ ဆရာဝန်မလောင်းတွေ သိပ်လှမှာပဲနော်’

‘ကီးကီး ခြေဖျားတောင်မမီဘူး’

‘ဟုတ်ဘဲနဲ့၊ ကိုကို လူညာကြီး’

ကိုကိုက ကီးကီးခေါင်းလေးကိုပွတ်ပြီး ‘တကယ်… တကယ်’ပြောတော့ ကီးကီးက ‘ယုံလိုက်မှာပါ’ ပြန်ပြောတော့ နှစ်ဦးသား ရယ်သံလွင်လွင်က ဖြူဖြူစင်စင်ရယ်။

❑

မေမေ အပြင်မထွက်တာ သုံးရက်ရှိပြီ။

မျက်နှာလည်း



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ (၁၃၁၀၀၀/ –) နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်

ဖုန်း၀၉-၂၁၃၂၀၇၆၊၀၉-၄၅၀၂၀၀၇၃၇၊၀၉-၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ)ဖုန်း၀၉-၉၁၀၂၃၇၈၇၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂-၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှုလက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

### ရန်ကုန်

သီဟသုဓမ္မသီရိ သီရိသုဓမ္မသီရိ ဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ)(မှတ်၉၈၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း)၀၁-၅၅၄၃၉၇/၀၉လ-၅၁၁၃၅၃၈)

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာယံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၅၁၅၂၂၇၇၊ ၀၉-၇၉၉၂၅၇၂၀၃)

ဒေါ်ခင်စန်း(AMBO Hotel) အမှတ်–၈၁/အေ–၁၀၊ စုပေါင်းလမ်းသွယ်၊ အင်းယားမြိုင်၊ ဗဟန်း။ ဖုန်း၀၉-၅၁၂၂၀၀၃၊၀၁-၅၃၆၆၈၀)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၉-၇၃၀၇၂၄၉၂၊ ၀၉-၇၉၀၅၆၂၁၃၁)

ဒေါ် မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၉-၇၃၁၀၉၁၃၄၊၀၉-၂၆၀၉၇၀၁၂၇)

ဒေါ်စန်းစန်းနိုင်(Real Gems)(အေ–၁၀၊ အမှတ် ၂၃–၂၅၊ ဂိုးဖြူရိပ်သာ၊ ဂိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း၀၁-၂၅၂၂၇၂၊၀၉-၅၀၈၂၂၄၁၊၀၉-၇၉၅၄၄၈၂၇၆)

ဒေါ်ယဉ်ယဉ်နီ(ပွင့်ဦးရတနာ၊ ဗိုလ်ချုပ်ဈေး၊ ဖုန်း–၀၉-၂၅၀၇၉၃၈၇၃)

ဒေါ်ခင်မြရွှေ(အမှတ် ၂၅၊ ကမ္ဘောဇရိပ်သာ၊ ဗဟန်း၊ ရန်ကုန်၊ ဖုန်း–၀၁-၅၄၃၉၂၀၊ ၀၉-၇၉၈၂၃၅၀၀၉)

## အလှူရှင်များ

ခွဲစိတ်ခန်းတွင် အသုံးပြုရန် TV Screen ဝယ်ယူခြင်းအတွက် လှူဒါန်းကြသူများ

| | |
|---|---|
| ၁။ ပါမောက္ခ Dr.ဦးဝင်းမြင့် + ဒေါ်ခင်သိန်းဦး(OG)မိသားစု။ | US $ 1000 |
| ၂။ ဦးထွန်းသိန်း + ဒေါ်ခင်ခင်နွယ် မိသားစု။ (Best Maker အထည်ချုပ်လုပ်ငန်း) | US $ 1000 |
| ၃။ ဒေါ်ကြည်ကြည်မာ မိသားစု (ကမ္ဘာကျော်သောက်ရေသန့်) | US $ 1000 |
| ၄။ ဦးလှသိန်း + Dr. ဒေါ်ခင်လေး(OG) | US $ 600 |
| ၅။ ဒုဗိုလ်မှူးကြီး လှမိုး(ငြိမ်း) + ဒေါ်ခင်မလေးနှင့် ကျန်ရစ်သူမိသားစု။ | US $ 500 |
| ၆။ ဦးကျော်ဇေယျ + ဒေါ်မိုးမိုးအိ မိသားစု။(ကျော်မိုးဝင်းပုံနှိပ်တိုက်နှင့် ထွန်းတောက်မီဒီယာ) | US $ 500 |
| ၇။ ဦးအောင်သိမ်း + ဒေါ်လေးလွင် (ရွှေအိုးဝေ)မိသားစု | US $ 400 |

www.burmeseclassic.com

www.burmeseclassic.com

၈။ Dr.ဒေါ်စန်းစန်းရီ (ဥက္ကာသီရိ Co.) US $ 2200

**Laparoscope Spareparts ဖြည့်တင်းဝယ်ယူရန်အတွက် လှူဒါန်းကြသူများ**

၁။ အီတလီနိုင်ငံမှ ခွဲစိတ်ဆရာဝန်ကြီး Dr. Robin Chan US $ 2000

၂။ ဒေါ်စန်းစန်းဆွေ(ကမ္ဘာကျော် Trading) US $ 1000

၃။ ပါမောက္ခ Dr.နေဇင်လတ် + AMBO ဒေါ်ခင်စန်း US $ 1000

**US $ 85000 တန် Laparoscope Set ဝယ်ယူရန် အစပျိုး လှူဒါန်းကြသူများ**

၁။ ဦးကြင်အောင် + ဒေါ်ခင်ရွှေတင့် မိသားစု (DI Export Fashion) US $ 2000

၂။ ဒေါ်စန်းစန်းဆွေ (ကမ္ဘာကျော် Trading) US $ 1000

**ထာဝရငွေပင် အလှူရှင်များ**

၁။ "ဦးသန့်စင်+ဒေါ်တင်မေလတ်(ကုံကော်ဆေးရုံ)" ထာဝရငွေပင်
နှစ်ဖက်သောမိဘများအား ရည်စူး၍ ဦးသန့်စင်+သုခမ္မသိဂီဒေါ်တင်မေလတ် မိသားစု ၃၀,၀၀,၀၀၀ိ/-
ကုံကော်ဆေးရုံ(ရန်ကုန်-မန္တလေး) (သိန်းသုံးဆယ်ကျပ်)

၂။ "လှ+သန္တာ" ထာဝရငွေပင်
အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်+ဒေါ်သန္တာခင်မိသားစု ၁၅,၀၀,၀၀၀ိ/-
အမှတ် ၃၁၄၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။ (တစ်ဆယ့်ငါးသိန်းကျပ်)

၃။ "ကြီးရွှေ+ဝင်းမေ" ထာဝရငွေပင်
အငြိမ်းစားဆေးရုံအုပ်ကြီး Dr.ကြီးရွှေ+ဒေါ်ခင်ဝင်းမေ
(ဝင်းမေစတိုး)မိသားစု ၁၀၅,၀၀,၀၀၀ိ/-
အမှတ် ၉၃၊ ဘုန်းကြီးလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။ (တစ်ရာ့ငါးသိန်းကျပ်)

၄။ "သစ္စာဦး" ထာဝရငွေပင်
ဒုဗိုလ်မှူးကြီး မောင်ထွန်း(ရေ/ငြိမ်း)+ဒေါ်မြမြရီ
သမီး မနှင်းနွယ်ဦး။ ၃၅,၀၀,၀၀၀ိ/-
ပါရမီရိပ်သာ၊ ရန်ကင်း၊ ရန်ကုန်မြို့။ (သုံးဆယ့်ငါးသိန်းကျပ်)

၅။ "Dr.နှင်းအေးခိုင်" ထာဝရငွေပင်
Dr.နှင်းအေးခိုင် ၁၅,၀၀,၀၀၀ိ/-
အမှတ် ၁၅၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ (တစ်ဆယ့်ငါးသိန်းကျပ်)

၆။ "ဒေါက်တာ ဥာဏသာရ" ထာဝရငွေပင်
ခမည်းတော်ကြီး ဦးစိန်ဝင်းအား ရည်စူး၍ ဒေါက်တာ ဥာဏသာရနှင့်
မယ်တော်ကြီး ဒေါ်ညိုမြ မိသားစု ၆,၀၀,၀၀၀ိ/-
ကတောရွာ၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်း။ (ခြောက်သိန်းကျပ်)

၇။ "မြိုင်မာလာ" ထာဝရငွေပင်
ဒုဗိုလ်မှူးကြီး ကြည်ထွန်း+ဒေါက်တာ ဒေါ်သီတာအေး မိသားစု။ ၃၅,၀၀,၀၀၀ိ/-
မန္တလေးမြို့။ (သုံးဆယ့်ငါးသိန်းကျပ်)

၈။ "သိန်းကမ္ဘာ" ထာဝရငွေပင်
ဦးချော+ဒေါ်သိန်းကြည်(သိန်းကမ္ဘာရွှေဆိုင်)မိသားစု ၂၂,၀၀,၀၀၀ိ/-
အမှတ် ၂၈ရပ်ကွက်၊ ဘုတာမြောက်၊ မတ္တရာမြို့၊ မန္တလေးတိုင်း။ (နှစ်ဆယ့်နှစ်သိန်းကျပ်)

၉။ "ရောင်ခြည်ဦး" ထာဝရငွေပင်
ဒေါ်အုန်းမြိုင်၊ ဒေါ်တင်ရီ၊ ဒေါ်အုန်းမြင့် ၂၅,၀၀,၀၀၀ိ/-
ရောင်ခြည်ဦး စာသင်ဝိုင်း၊ တရုတ်စုရပ်၊ စဥ့်ကိုင်မြို့၊ မန္တလေးတိုင်း။ (နှစ်ဆယ့်ငါးသိန်းကျပ်)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

မကောင်းပါ။ ချက်ပြုတ်ပြီးသည်နှင့် အခန်းအောင်းနေသည်။ ကီးကီးကတော့ ညီမလေးတွေကို ကျောင်းပို့၊ ကိုကိုနှင့်တွေ့နေကျ အုတ်ခုံမှာ ဆုံတော့ မေမေ အိမ်မှာရှိနေ၍ အမြန်ပြန်မှဖြစ်မည်ဟု ပြောရာ-

'ဟုတ်လား၊ ကီးကီး မေမေ အိမ်ကပ်နေပုံထောက်တော့ တစ်ခုခုတော့ တစ်ခုခုပဲ။ စိတ်ပူလိုက်တာ'

'နေမကောင်းတာလည်း ဖြစ်မှာပါ'

ကိုကို စိတ်အေးသွားသည်။ နောက်ရက်မှစပြီး ကိုကို စာမေးပွဲဖြေရမှာမို့ နှစ်ပတ်ကြာမည်။ အုတ်ခုံလေးမှာ ထိုင်ချိန်မရသည်နှင့် အတော်ဖြစ်သွားခဲ့သည်။ ထိုနေ့က ကိုကို့ကို နောက်ဆုံး တွေ့လိုက်ရခြင်းဆိုတာ ကီးကီးတို့နှစ်ယောက်စလုံး မသိခဲ့ကြဘူးနော်··· ကိုကို။

ကိုကို့ကို လွမ်းရတဲ့ အလွမ်းရက်ရှည်ကြီးပေါ့။ ကိုကို စာမေးပွဲဖြေနိုင်ပါစေ။

ညီမလေးနှစ်ယောက်ကို ကျောင်းသာပို့နေရတာ ကီးကီးအတွက် အဓိပ္ပာယ်မရှိဘူးဖြစ်နေ၏။ မမျှော်လင့်သည့်တစ်နေ့မှာ ဘိုဘိုတစ်ယောက် ထူးထူးခြားခြား ကျောင်းရှေ့က မုန့်ဆိုင်မှာ ရှိနေသည်။ ညီမလေးတွေအတွက် မုန့်ဝယ်အပြီး ဘိုဘိုက ကီးကီးကို လှမ်းခေါ်သည်။ ဘိုဘို့ကို ကီးကီး တကယ်အမြင်ကတ်သည်။ ကိုကို့ညီမို့ မကောင်းတတ်၍ မျက်နှာချင်းဆိုင်လိုက်သည်။

'ဒီမှာ နင့်ညီမလေးတွေအတွက် မုန့်နဲ့ နင့်အတွက်

u D D
&i cbeb ao n f
pnw pfapninv n f
ygv , fw bl
u D D
u bl bl bl pfu bl
w pfa, nu v bl
cspb n f
o bo nf
u bl bl bl
jri aw G Qf
t v bl bl
&i cbeb n f
ao aw G
aEG no n f
[ blv ...
u bl bnu
t ybli p,rav ;
u D D bsq ..

ချောကလက်'

ရုတ်တရက် ကီးကီး ကြောင်သွားသည်။

'ဟင့်အင်း··· ဒီမှာ ဝယ်ပြီးပြီ'

'နောက်မှစားလည်း ရပါတယ်။ မပုပ်သိုးတတ်ဘူး'

ကီးကီးလက်ကိုဆွဲပြီး လက်ထဲ အထုပ်တွေထည့်လိုက်သည်။ ပြီးတော့ ခပ်သွက်သွက်ထွက်သွားသည့် ဘိုဘို့နောက်ကျောကို သူပေးသည့်အထုပ်နှင့် ပစ်ပေါက်မည်ဟု ကြံရွယ်လိုက်သည်။ မုန့်ဈေးတန်းမှာ လူတွေရှိနေသည်ကိုတွေးမိပြီး စိတ်ထိန်းလိုက်ရသည်။ အပြန်လမ်းမှာတော့ ကိုကိုနှင့် ထိုင်နေကျ နေရာလေးမှာ ထိုင်ပြီး တစ်ယောက်တည်း ကိုကို့ကို ရင်ဖွင့်မိသည်။

'ကိုကို့ညီက သိပ်ဆိုးတယ်၊ သူပေးတာတွေ ကီးကီး ဒီခုံပေါ်မှာ ထားခဲ့တယ်'။ မုန့်ဘူးမှာ ကပ်ထားသည့် စာတစ်စောင်ကိုလည်း ကိုကို ဖတ်ဖို့ ကီးကီးထားခဲ့သည်။ ဘိုဘိုက ကီးကီးကို ချစ်တယ်တဲ့။ ဟာ···ဟာ။ ရယ်စရာ။

ကီးကီးက သူ့ကို မုန်းသည်။

❑

အိမ်ထဲဝင်လိုက်တော့ ဖိနပ်ချွတ်မှာ ယောကျ်ားစီးဖိနပ်တစ်ရန်ကို တွေ့လိုက်ရသည်။ ဒါကြောင့် အိမ်ရှေ့အကျော်လေးမှာ လမ်းထဲ၌ မမြင်ဖူးသည့် ကားလှလှတစ်စီးရပ်ထားတာ ကီးကီးတို့ အိမ်လာသည့် ဧည့်သည်ကားကိုး။ ကီးကီး အသာလေး အိမ်ထဲဝင်လိုက်သည်။ ထမင်းစားခန်းက ဧည့်သည်၏ စကားသံကို ကီးကီး အတိုင်းသားကြားလိုက်ရသည်။

'အပျိုစင်လေးပါနော်'

မေမေ့အသံ တိတ်နေသည်။

'ကျွန်တော် ခင်ဗျားအိမ်ပေါင်ထားတဲ့ အကြွေးတွေ တစ်ပြားမှ မယူတော့ဘူး။ ဟောဒီမှာ ၁၅ သိန်းထပ်ပေးလိုက်မယ်။ တစ်ပတ်အတွင်းတော့ ပို့ပေးဗျာ။ လက်မှတ်တော့ထိုးပေး။ တိုက်ခန်း တစ်လုံး ဝယ်ထားတာ အဆင်သင့်ရှိတယ်။ ဟောဒီမှာ လိပ်စာကတ်ပြား။ ကျွန်တော် မျှော်နေမယ်။ နောက်ပိုင်းမှာ ခင်ဗျား လုံးဝ ဆက်သွယ်ဖို့ မလိုဘူး၊ လာကိုမလာနဲ့ဗျာ'

မေမေ့ဆီက စကားတစ်လုံးမှ မကြားရတာ ဆန်းတော့ဆန်းသည်။ ဧည့်သည်စကားတွေကို ကီးကီး ဘာတစ်ခုမျှ နားမလည်။ ဒါပေမဲ့ အိမ်ပေါင်ထားသည့်အကြွေးတွေ မယူတော့ဘဲ ဆယ့်ငါးသိန်း ထပ်ပေးဦးမည်ဆိုပါလား။ အဲဒီစကားအဓိပ္ပာယ်က ဘာလဲ။ ကီးကီး အိမ်ရှေ့ကပင် အသာလေးလှည့်ထွက်လာသည်။ အရာရာကို နားလည်သည့် အန်တီကေသီဆိုင်ကိုပဲပေါ့။ ဒီနေ့ ကီးကီးကံမကောင်း။ မုန်းသည့် ဘိုဘိုနှင့် ဆုံသည်။ အိမ်ရောက်တော့ နားမလည်သည့် စကားတွေ ကြားလာရသည်။ ဒီတစ်မနက်လုံး ကီးကီး အောက်မျက်ခမ်းစပ်တွေ လှုပ်နေလိုက်တာ။ ကီးကီး ကြားဖူးတာတစ်ခုရှိသည်။ အဲဒီလိုလှုပ်လျှင် အကြီးအကျယ်ငိုရတတ်သည်။ စိတ်ဆင်းရဲရတတ်သည်တဲ့။ ကီးကီး မငိုပါရစေနှင့် အရှင်ဘုရား။ အန်တီကေသီကို ပြောပြနေရင်း ကီးကီးမျက်ရည်ကျချင်နေသည်။ အန်တီကေသီ လက်ကို အားကိုးတကြီး ဆုပ်ကိုင်ပြီး-

'ပြောပါဦး အန်တီရယ် ကီးကီးနားလည်အောင်'

'အန်တီကေသီ ပြောမယ်၊ သေသေချာချာနားထောင်နော်။ အခု သမီးတို့အိမ် လာတဲ့ ဧည့်သည်က နာမည်ကြီး မူးယစ်ဆေးဝါး၊ လောင်းကစား၊ အရက်၊ မိန်းမ၊ မဟုတ်တာအကုန်လုပ်တဲ့သူ။ သမီးတို့လမ်းထဲက မသန်းမြင့်က အန်တီ့ကို အကုန်ပြောပြထားတယ်'



www.burmeseclassic.com

www.burmeseclassic.com

အန်တီကေသီ ဆက်ပြောပြတာက အဲဒီလို ဖဲဝိုင်းအကြီးအကျယ်ထောင်ပြီး ရှုံးသည့်သူတွေဆီက အိမ်တွေ သိမ်း၊ သမီးပျို အပျိုစင်လေးတွေကိုပါ ယူတာတဲ့။ သူရှိုးအီသွားသည့်အခါ နောက်ထပ် အသစ်စက်စက်ကလေးတွေကို ခွင်ဖန်သည့်သူမျိုး ဖြစ်သည်။ အခု ကီးကီးအမေ ဖဲရှုံးတော့ သူလုပ်နေကျအတိုင်း လုပ်တော့မည့်အကြောင်း လာပြောခြင်း ဖြစ်မည်။ သူ့နာမည်က ဦးမင်းဝေ။ လူသားစား မနုဿကျားကြီးတစ်ကောင်ဖြစ်ကြောင်း အန်တီ ပြောပြသည်။

'ဟင်'

ကီးကီး မျက်လုံးတွေ ပြာဝေသွားသည်။ ကြားရတာက ကိုယ့်နားပင် မယုံချင်။ မျက်ရည်တွေက ဘယ်လိုလိမ့်ကျစီးဆင်းလာမှန်းပင် မသိတော့။ မျက်နှာတစ်ပြင်လုံး ရွှဲရွှဲစိုလျက်။

'ကီးကီး ဘာလုပ်ရမလဲ အန်တီရယ်'

အန်တီကေသီ သက်ပြင်းတစ်ချက်ချလိုက်သည်။ ပြီးတော့မှ -

'ကီးကီး ထွက်ပြေးမလား၊ အန်တီကေသီ့ညီမလားရှိုးမှာ ရှိတယ်။ သူတို့လည်း ဗြူတီပါလာဆိုင် ဖွင့်ထားတယ်။ ကီးကီးလည်း ဆံပင်ပညာသင်လို့ရတာပေါ့'

ကီးကီး ဘာလုပ်ရမလဲ။ အမိကကတော့ ကိုကိုနှင့် တစ်မြေစီခြားမနေချင်တာပဲ သိသည်။ နောက်တစ်ခု ခေါင်းပူအောင် စဉ်းစားလိုက်တာက ကီးကီး ဆုံးဖြတ်ချက်တစ်ခုက အမေနှင့် အမေ့ကလေးတွေ နေသည့် အိမ်ကို ထိုလူကြီး သိမ်းလိုက်လျှင် ဘယ်လိုနေထိုင်ကြမလဲ။ ကီးကီးက မြီးကောင်ပေါက် အပျိုစင်စစ်တစ်ယောက်။ ချစ်ရသည့်ကိုကိုနှင့် အနာဂတ်အတွက် နေ့တိုင်း အိပ်မက်တစ်ခုမက်နေကျ။ ကီးကီးက အိမ်ထောင်ပြု၊ လင်ယူ၊ သားမွေးရမည့် အရွယ်မှ မဟုတ်တာ။ ကီးကီးတို့ ဝေးကြရတော့မယ်ထင်ပါတယ် ကိုကိုရယ်။ ဒီအချိန်မှာ ကိုကိုကလည်း စာမေးပွဲဖြေနေတော့ ကီးကီးတို့ တွေ့ဖို့မလွယ်ကြဘူး။ ကံကြမ္မာက ရိုင်းလိုက်တာ။

အမေ ကျောင်းဆက်မထားတာလည်း ကီးကီး စိတ်မဆိုးပါပေ။ သမီးပျိုလေးတစ်ယောက်ကို တန်ဖိုးမထားဘဲ လျစ်လျူရှုထားတာလည်း ဝမ်းမနည်းပါဘူး။ အပျိုကလေးဖြစ်လာတော့ အမြင်မတော်သည့် ပတ်ဝန်းကျင်က ဖုံးဖုံးဖိဖိ ပေစုတ်စုတ်အခြေအနေကို ဝိုင်းပြီး ဖုံးကွယ်ပေးခဲ့တာတွေ ပြန်တွေးမိလည်း မရှက်ပါဘူး။ အမေရယ်။ ခုတော့ အမေ့ အတ္တလှိုင်းတံပိုးအောက်မှာ သမီးဘဝ နစ်မွန်းရတော့မည်။ သမီးချစ်သည့် ကိုကိုနှင့် ကမ္ဘာခြားကာ အဝေးကြီး ဝေးရတော့မည်။ ကီးကီး ဘာလုပ်သင့်လဲ အမေရယ်...။

❑

အမေဆိုတာ မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးရှင်။ စိတ်နှင့်တောင် မပြစ်မှားကောင်းဘူးတဲ့။ အန်တီကေသီ ဆုံးမထားခဲ့သည်။ အမေ့ဆီက ဘာတစ်ခုမှ ကီးကီးမရခဲ့တာ ကီးကီးအသိဆုံး။ ဘဝကံကြမ္မာရိုင်းက ကီးကီးတစ်ယောက်တည်းကို ကွက်ပြီး မိုးခါးရေစိုစေတော့လည်း ရှိပါစေတော့။

ဒီည လမင်းကြီး ထိန်ထိန်သာမည့် လပြည့်နေ့ည။ ကီးကီး ရင်ဖွင့်ပါရစေ လမင်းကြီးရယ်...။

အမေနှင့် အမေ့ယောကျ်ား၊ နှစ်ယောက်သားထူးထူးခြားခြား ထမင်းစားခန်းမှာ တီးတိုးစကားတွေ တွတ်ထိုးနေကြသည်။ ကီးကီး မသိဟန်ဆောင်နေလိုက်သည်။ အမေပြောလာမည့်စကား၊ ပြောလာမည့်နေ့ရက်ကိုသာ ရင်ခုန်လှုပ်ရှားစွာ စိတ်ပျက်လက်ပျက် စောင့်နေသည်။ ကိုကိုသာရှိလျှင် သိပ်ကောင်းမှာပဲဟုလည်း တမ်းတမိနေသေးသည်။

တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ညသာသည့်လက အလှဆုံးပဲဟု ကီးကီး ထင်သည်။

ကီးကီး ရွာကို သတိရလိုက်တာ။ ရိုးရှင်းသည့်ဘဝလေးကိုပေါ့။ လမင်းကြီးဘေးနားက ကြယ်တွေကို တစ်လုံးချင်း ရေတွက်ကြည့်နေမိသည်။ ကြည့်နေရင်းမှာပဲ ဖြုတ်ခနဲ ကြယ်တစ်လုံး ကြွေကျသွားသည်။ ကြယ်ကြွေတာ ကီးကီး ဒီတစ်ခါပဲ မြင်ဖူးသည်။ ကြယ်ကလေးရယ်၊ မင်းဘယ်နားရောက်သွားပြီလဲကွယ်။ ကြယ်ကြွေတာမြင်ရင် နိမိတ်မကောင်းဘူးလို့ ကီးကီး ကြားဖူးသည်။ ကီးကီးဝမ်းနည်းလိုက်တာ။ မျက်ခမ်းတွေလှုပ်ကတည်းက နိမိတ်ဆိုးမည့်ပုံပြနေတာပဲ။ မျက်ရည်ကျရမတဲ့လေ။ ကီးကီး ရှိုက်ကြီးတငင်ငိုနေမိသည်။ ကြယ်တွေကြွေမှာ မမြင်ရက်ဘူး။ ကီးကီး မကြည့်ချင်ဘူး လမင်းကြီးရယ်၊ ကီးကီးကို နားခွင့်ပေးပါတော့နော်။

အလှည့်ကို အကျည်းတန် တိမ်သလ္လာတွေ ဖုံးတော့မှာလား။

❑

'ဟင်... ကိုကို ဘယ်တုန်းက ရောက်နေတာလဲ'

'ရှူး... ကိုကိုလေ ကီးကီးကို သိပ်သတိရတာပဲ။ ဒီနေ့ပဲ စာမေးပွဲပြီးတာ။ ကီးကီးကို သိပ်လွမ်းတာပဲ'

ကိုကိုက ကီးကီးပါးပြင်နုနုလေးကို နမ်းနေသည်။ ကီးကီးမတားမြစ်ချင်တော့။ ကိုကို့ကို ပြန်သိုင်းဖက်ပြီး ကိုကို့ပါးကို တစ်ရှိုက်မက်မက်ပြန်နမ်းနေမိသည်။ ကိုကိုက ကီးကီးကို တိုးဖက်လာသည်။ ပြီးတော့ ကိုကို စည်းကျော်ဖို့ ကြိုးစားလာသည်။ ဒါကိုတော့ ကီးကီး ခွင့်မပြုနိုင်ပေ။ ကိုကိုက ဘာဖြစ်တာလဲ။ မတွေ့ရတာကြာလို့ ပေါက်ကွဲသွားတာလား။

'ဟင့်အင်း... ဟင့်အင်း... ကိုကိုရယ် လွှတ်ပါ၊ ဖယ်ပါ။ ဒီလိုမရက်စက်ပါနဲ့၊ မလုပ်ပါနဲ့နော်'

ကီးကီး အတင်းရုန်းထ,သည်။ ကိုကိုကလည်း အသက်ရှူသံပိုပြင်းလာပြီး ကီးကီးကို မြွေတစ်ကောင်လို သိုင်းချုပ်ထား၏။

'လွှတ်ပါ၊ လွှတ်ပါ။ ကီးကီးကြောက်ပါတယ် ကိုကိုရယ်'

ကိုကိုက ကီးကီးပါးစပ်ကို လက်ဝါးနှင့် လိုက်ပိတ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကီးကီး ဇောချွေးတွေ ပြန်လာသည်။ ကီးကီးလည်း အတင်းရုန်းကန်ပြီး ပါးစပ် ပိတ်ထားသည့် ကိုကို့လက်ကို ဖယ်ထုတ်ပစ်နေသည်။ ဟင်… ကိုကို့လက်ဖဝါးက နုနုလေး။ အခုလက်ကြီးက ကြမ်းကြမ်းတမ်းတမ်းကြီးပါလား။

ကီးကီး လန့်နိုးသွားသည်။ အိပ်မက်မက်နေတာလား။ မဟုတ်ဘူး။ အိပ်မက် မဟုတ်ဘူး။ အရက်နံ့ကို သန့်ခန့်ရလိုက်သည်။ ကီးကီး သိလိုက်ပါပြီ။ အမေ့ယောကျ်ားကြီး။ လူယုတ်မာ။ သားသမီးချင်း မစာမနာ။

"အမေရေ… အမေရေ၊ သမီးကို ကယ်ပါဦး"

ကီးကီး ရှိသမျှခွန်အားဖြင့် ရုန်းထ,ကာ အသံခပ်ကျယ်ကျယ်အော်လိုက်တော့ အမေ နိုးလာသည်။ ကီးကီး အခန်းမီးကို ဖွင့်လိုက်သည်။ ထင်းထင်းကြီး အဆီပြန်နေသည့် မျက်နှာနှင့် အမေ့ယောကျ်ား။ ကီးကီးကို ဒေါသတကြီးကြည့်ပြီး-

"တောက်… သိပ်ကြီးကျယ်မနေနဲ့"

တောက်ခေါက်ကာ အပြင်သို့ အတည်ပေါက် ထွက်သွားသည်။ ကီးကီးလည်း တစ်နေ့လုံး လေနေသည့်စိတ်ကြောင့် တံခါးပိတ်အိပ်ဖို့ မေ့ခဲ့တာဖြစ်၏။ ဒီလိုဘယ်နှကြိမ်များ တံခါးတွန်းဖွင့်ဖို့ ကြံစည်နေပါသလဲ။ အမေ့ကို အံ့သြပြီး ကြည့်နေမိသည်။ သူ့သမီးကို စော်ကားဖို့ကြံစည်သည့် သူ့ယောကျ်ားကို ဘာတစ်ခွန်းမျှ အပြစ်ဖွဲ့ဆိုခြင်းမရှိ။ ကျောက်ဆစ်ရုပ်

pnt q kIaw nh
]u D DU
t cspq kd kd jkd
q bD
a&v kd ao ;o n f
u D D
&i Cke&r n pmn sD
x i fk m;w m
t cpnu aw nh
u D D
em;r v n fw m
t rEyJ
u kd kd
pnzw fyD&i f
q kw jzylpf kd fygw b
u D D
r q kw jz&u fyg !
u D D
&i b w fk dS
t jrd dfx m;r n f

မျက်နှာနှင့် "တံခါးပိတ် အိပ်တော့"တဲ့။ သည်မျှသာ။

ကြောက်စရာကောင်းလိုက်တာ။ ကီးကီး၏ အပျိုစင်ဘဝကို အိပ်မက်ထဲမှာတောင် ကိုကို့ကို ခွင့်မပြုနိုင်။ ခုတော့ ကီးကီး ထိန်းသိမ်းတန်ဖိုးထားတဲ့ ကီးကီးအပျိုစင်ဘဝက အမေ့ယောကျ်ားလူယုတ်မာ၊ လူသားစားမနုဿကျားကြီး၊ သူတို့က သမီးအရွယ် ကီးကီးကို မစာမနာ ဝါးမျိုဖို့ ကြံစည်နေကြပြီပဲ။ ဘယ်မှာလဲ ကီးကီး တန်ဖိုးထားခဲ့တဲ့ အပျိုစင်ဘဝ။ ဘာမှအဓိပ္ပာယ်မရှိပါလား။ ကီးကီး ဝမ်းနည်းလွန်းလို့ အားရပါးရငိုချလိုက်တော့သည်။

❑

ကီးကီးအခန်းထဲ မေမေဝင်လာသည်။ အမေက တံခါးပိတ်လိုက်သည်။ ကျောင်းပိတ်ရက်ဆိုတော့ ကီးကီး အားသည်။

"ကီးကီး အမေပြောမယ်၊ သေသေချာချာနားထောင်။ ညက အမေ မနိုးရင် ဘယ်လိုလုပ်မလဲ။ သမီးအတွက် လုံခြုံဖို့ စိတ်မချရဘူး။ ဒါကြောင့် သမီးကို အမေ တစ်နေရာပို့မယ်။ အန်ကယ်ဦးမင်းဝေတို့အိမ်ပဲ။ သူက သမီးကို လုံလုံခြုံခြုံထားမယ်။ သမီး အဲဒီမှာ လိမ်လိမ်မာမာနေနော်။ သူက အမေ့အကြွေးတွေ ဆပ်ပေးမယ်"

သြော်… ညကကိစ္စကြောင့် ကီးကီးကို လုံခြုံသည့်နေရာကို ပို့မလို့ဆိုပါလား။ အားလုံးသိနေပါလျက် ရင်ထဲက မချိလွန်းတော့ စကားတစ်ခွန်း လွှတ်ခနဲထွက်သွားသည်။

"အိမ်ဖော်သွားလုပ်ရမှာလား အမေ"

အမေ မရယ်စဖူး အရယ်ထူးကာ အားရပါးရရယ်ပြီး စ,သလိုနောက်သလို ကီးကီးကို ပြန်ပြောသည်။

"ဟဲ့ ငါ့သမီးရုပ်က အိမ်ဖော်လုပ်တဲ့ရုပ်လား။ အရှင်သခင်မိဖုရားလုပ်ရမှာ၊ မိဖုရား… မိဖုရား၊ ဟား… ဟား… ဟား… ဟား"

အိမ်ဖော်ဘဝကတောင် လွတ်လပ်မှုရှိဦးမယ်။ လုပ်ချင်ရာလုပ်ပြီးမှ အမေတစ်ယောက်က သမီးကို အိမ် "ထောင်"ထဲက မိဖုရားအဖြစ် ပို့လိုက်တာပေါ့နော် အမေ။

ရင်ထဲ မျိုသိပ်လိုက်ပါသည်။ ဝဋ်ကြွေးတော်တွေ ပြေပါစေတော့။ အဲဒီနေ့ကပဲ ကီးကီး လူသားစားခြင်္သေ့ဂူထဲ တွန်းချခြင်းခံလိုက်ရသည်။ အမေ အခန်းထဲက ထွက်သွားတော့ ဝေ့သီတွဲကျလာသောမျက်ရည်နှင့်အတူ ကီးကီး ရှိုက်ကြီးတငင်ငိုချလိုက်ပါတော့သည်။

ဘဝတစ်ခု၏ ပြောင်းလဲခြင်းက ခေါင်းတစ်ချက်ညိတ်၊ ခေါင်းတစ်ချက်ခါလိုက်ရုံပဲ မဟုတ်လား။

❑

၃။

ကီးကီးဘဝ အပြောင်းလဲကြီးပြောင်းလဲသွားခဲ့သည်။

ကမ္ဘာစိမ်းတစ်ခုကတိုက်ခန်းတစ်ခုထဲမှာ။ လှောင်ချိုင့်စံငှက်ကလေးဆိုပေမဲ့ လိုတ,ရသည့် ငှက်ကလေး။ မမြင်ဖူး၊ မစားဖူးတာအားလုံး လက်ထဲမှာအပြည့်။ လက်ကိုင်ဖုန်းလှလှလေးနှင့် "ဦးရေ"လို့သာ ချွဲနွဲ့ခေါ်လိုက်၊ ကားဆိုကား၊ ငွေဆိုငွေ။ ဘယ်သွားချင်သလဲ၊ ဒရိုင်ဘာနှင့်။ အိမ်ဖော်မမသန်းက ဘော်ဒီဂတ်။ ကီးကီး အရင်က စိတ်ကူးအိပ်မက်ထဲကအတိုင်း ချမ်းသာလာပြီ။ နာမည်ကြီးဗျူတီပါလာမှာ ဇိမ်ခံခေါင်းလျှော်နိုင်ပြီ။ သို့သော် ကီးကီး မပျော်နိုင်ပါဘူး။ ကိုကိုတစ်ယောက် ကီးကီးအကြောင်း ကြားလောက်ရောပေါ့။ ကီးကီးကို မုန်းမျက် စက်ဆုပ်နေလောက်ရောပေါ့။

လမင်းကြီးကိုလည်း ကီးကီး ရှက်သည်။ လမင်းကြီးကလည်း ကီးကီး အကြောင်း အားလုံးသိသည်။



www.burmeseclassic.com

www.burmeseclassic.com

အခုတလော… ဦးမင်းဝေ အလာကျဲသွားသည်။

ကီးကီး သိပါသည်။ အန်တီ ကေသီ ပြောဖူးတာပဲလေ။

'သူ ရိုးအီသွားရင် နောက်တစ်ယောက်'တဲ့။

ကီးကီးကို သူ ရိုးအီသွားပြီပေါ့လေ။

သုံးနှစ်ဆိုသော အချိန်ကာလက ကီးကီးကို အများကြီးပြောင်းလဲခဲ့ပြီလေ။ ကီးကီး ဘဝအကြောင်း နားလည်လာသည်။ အထူးသဖြင့် ပုရိသယောကျ်ားတွေအကြောင်း။ လောကမှာ အနာဂတ်မဲ့နေသည့် လူငယ်လေးတွေအကြောင်း၊ ကီးကီး စာနာသည်။ နားလည်ပေးနိုင်သည်။ အကြောင်းအမျိုးမျိုးကြောင့် ကီးကီးလို ရွယ်တူမိန်းကလေးတွေ တေပေလေလွင့်ခဲ့ရသူတွေ၊ မထူးဇာတ်ခင်းခဲ့ရသူတွေ အများကြီး… အများကြီး။

ကီးကီးရင်ထဲမှာတော့ သီးသန့်အချစ်တစ်ခု ရှိသည်။ ကီးကီးမှာ စာနာစိတ်တစ်ခု ရှိသည်။ ဒါကြောင့်မို့လည်း ကီးကီးဘဝကို အမေတို့ မိသားစုတစ်ခုလုံးအတွက် ထိုးကျွေးခဲ့တာပေါ့။

'ဖြစ်ရပ်တိုင်းသည် အချိန်တိုင်း ပြောင်းလဲနေသည်'ဆိုသော စကားကို ကီးကီး ဘယ်မှာဖတ်ဖူးတာလဲ မမှတ်မိတော့ပေ။ ကီးကီးက ခုနောက်ပိုင်း စာတွေဖတ်ဖြစ်သည်။ လေးတန်းလောက်ပဲစာတတ်ထားသည့် ကီးကီး စာဖတ်သည်ဟုကြားလျှင် ရယ်မောနေကြမည်လား မသိ။

ရယ်ကြပါစေ။ ပွင့်လင်းသည့်သူမှ ရယ်နိုင်ကြသည်ဆိုတာ ကီးကီး အတွေ့အကြုံထဲက သိလာရသည်။ ကီးကီးစာဖတ်ဖြစ်တာ သုခဆိုသည့် ချာတိတ်လေးတစ်ယောက်ကြောင့် ဖြစ်၏။ သူက ကီးကီး မကြာခဏ ရောက်ရောက်သွားတတ်သည့် ကာရာအိုကေဆိုင်က ဖြစ်သည်။ ရုပ်ရည်ကလေး သနားကမားနှင့် ဘဝသမား။ မိဘကိုလုပ်ကျွေးနေသူတစ်ယောက်။ အဝေးသင်တက္ကသိုလ်တက်ပြီး ဒီထက်မြင့်မားသည့် အလုပ်တစ်ခု လုပ်ရန် မျှော်မှန်းထားသည်။ သူက ကီးကီးကို ဘောစိတစ်ယောက်၏သမီးဟု ထင်နေပုံရသည်။ အပျိုမလေးပေါ့။ လှသည်။ ဆိုရှယ်ကျသည်။ ငွေပေါသည်ပေါ့။ သူကလေးက ဆက်ဆံရေးတော့ မကောင်းလှ။ လူသစ်ဆိုတော့ အလုပ်လာဘ်မမြင်တတ်သေးပေ။ သူ့ဆက်ရှင်၌ လူသိပ်မဝင်လှပေ။ ဒီလိုပုံဆို သုခ အလုပ်ပြုတ်ဖို့ရှိသည်။ ဒါကြောင့်မို့ ကီးကီးကပဲ တစ်နေ့လုံးအတွက် ဘွတ်ကင်လုပ်ထားပေးသည်။ ရိုးသားသော သုခတို့မိသားစု ဘဝလေး အေးချမ်းစေရန်အတွက် ကီးကီးတတ်နိုင်သမျှ အကူအညီပေးချင်သည်။

သုခက ကီးကီးစားချင်တာ၊ သောက်ချင်တာအားလုံး စီမံပေးသည်။ ဆိုချင်သည့် သီချင်းလည်း ရွေးပေးတတ်သည်။ ကီးကီးဘော်ဒါတွေ ရောက်လာပြီး သောင်းကျန်းကြသည့်အခါ သုခတစ်ယောက် အခန်းထောင့်တစ်ထောင့်မှာ

သို့တိုင် သူက ကီးကီးကို လှောင်ပြောင်ရယ်မောနေတော့ ကီးကီး လသာရက်ကို မမြင်ချင်တော့။ ညကိုလည်း ကြောက်သည်။ ညရောက်မှာ အကြောက်ဆုံး။ နေ့ကို ဆွဲဆန့်လို့ရလျှင် သိပ်ကောင်းမည်။ ကီးကီးနှင့်ကိုကို ထိုင်ခဲ့သည့် ခရေပင်အောက်က အုတ်ခုံကလေးဆီ ကီးကီး မကြာမကြာရောက်သည်ဟုဆိုလျှင် ကိုကို ယုံမှာလား။ ဟုတ်ပါတယ် ကိုကို။ ကျောင်းပိတ်ရက် မနက်စောစော လူရှင်းချိန်တွေမှာ ကီးကီး ရောက်ခဲ့ပါသည်။ ကိုကို့အရိပ်တွေ၊ ကိုကို့စကားသံတွေအားလုံး ကီးကီးကိုယ်မှာ ပူးကပ်ဆဲပါ။

အနာဂတ်အိပ်မက်တွေ ကျကွဲခဲ့သည့် ကီးကီး အကြောင်း အုတ်ခုံကလေးက သိနေမှာပါ။ ကိုကိုပေးထားသည့် စာကလေးတောင် ဝါကြင့်ကြင့်အရောင်နှင့် ဆွေးမြည့်တော့မည်။ ကိုကိုနှင့် ကီးကီးကတော့ ပြန်မဆုံကြတော့ဘူးပေါ့နော်။ အဲသည်လို တွေးမိသည့်အခါ နေ့ခင်းဘက်တွေမှာ ကီးကီးလုပ်ချင်တာတွေ အကုန်လုပ်ပစ်သည်။ လောကကြီးမှာ ကီးကီးဖြစ်ချင်တာ ဖြစ်ခွင့်မရမှတော့ ကီးကီးလုပ်ချင်တာ အကုန်လုပ်ပစ်တာက တန်ကာကျမည်။ တရားမည်။ စဉ်းစားကြည့်တော့ ကီးကီးက ပညာတတ်တစ်ယောက်မှမဟုတ်တဲ့။ လောကကြီးကို အရွဲ့တိုက်တာ ဘယ်ဆန်းပါ့မလဲ။ ကာရာအိုကေဆိုင်ကိုသွားပြီး စိတ်ထဲရှိသည့် အတိုင်း သီချင်းတွေနှင့် ဖောက်ခွဲအော်ဆိုပစ်လိုက်သည်။ ဘီယာတဲ့။ ဝိုင်တဲ့။ ဘလက်လေဘယ်လ်တဲ့။ ဦးမင်းဝေ သင်ကြားလေ့ကျင့်ပေးထား၍ ကီးကီး ကြိုက်တတ်နေပြီ။ အရသာတွေ့နေပြီ။ ဘယ်မှာလဲ၊ ဤအရပ်မှာ သိက္ခာရှိသူတွေ။ ဂုဏ်ဒြပ်တွေ၊ ပကာသနအရေခြုံပြီး မိသားစုတွေကို သစ္စာဖောက်ဖျက်သွေဖည်လာသည့် လူကြီးလူကောင်းတွေတဲ့။ အလကား ညာတာပါတေး၊ နွားအိုမြက်နုကြိုက်တွေ။

လူငယ်တွေကကော အရွယ်တွေနှင့်မမျှ မဟုတ်တာ အကုန်ကျွမ်းကျင်သည်။ ကီးကီးက နှလုံးသားအသစ်နှင့်သူတစ်ယောက်အဖြစ် မွေးလိုက်ပြီ။ ဘီယာပြိုင်သောက်သည်။ မူးလာလျှင် သူတို့ခေါ်သွားသည့် တူနှစ်ကိုယ်တိုင်းပြည်ကို အလည်သွားသည်။ ဦးမင်းဝေနှင့်စာလျှင် အားလုံး လတ်လတ်ဆတ်ဆတ်။ အဘိုးကြီးစော်မနံဘူး။ ညမမှောင်ခင် အိမ်ပြန်ရမည်ဆိုသောအသိကိုတော့ အားလုံးကို ပြောပြထားသည်။

သူလာလာ၊ မလာလာ ကိုယ်က စောင့်ရမှာ ဆိုသည်က ဘယ်သူ့သီချင်းမှန်းမသိ။ အိမ်ပြန်ရောက်သည်နှင့် ကီးကီး အော်ဆိုနေကျ။ ဘော်ဒီဂတ် မမသန်းကို ကီးကီးအကြောင်း မပြောဖို့ ဆင်တစ်ကောင်ပစ်ပေးပြီး နှုတ်ပိတ်ထားလိုက်တာ အားလုံးအိုကေသည်။ အမူပြေအောင်လုပ်နည်းကိုလည်း မမသန်းက ကျွမ်းပြီးသား။

❑



www.burmeseclassic.com

www.burmeseclassic.com

စာတစ်အုပ် အမြဲဖတ်နေတတ်သည်။ တစ်နေ့မှာတော့ ကီးကီး စပ်စုကြည့်လိုက်တာ သုခဖတ်နေသည့် စာအုပ်တွေက စာကြီးပေကြီးစာအုပ်တွေ ဖြစ်နေမှန်း သိလိုက်ရသည်။

"အစ်မ… ဟောဒီဝတ္ထုစာအုပ် ဖတ်ကြည့်ပါလား။ ဝတ္ထုတော့ ဝတ္ထုပဲ။ ဒါပေမဲ့ ရသပါတဲ့ဝတ္ထု"

ကီးကီးက ရသဆိုတာ ဘာမှန်းတောင် မသိခဲ့ဘူး။ ဒါပေမဲ့ သူ့အထင်ကို မဖျက်ဆီးချင်၍ "အိမ်ကိုငှားလိုက်မလား" မေးတော့ "တစ်ရက်ပဲရမယ်" ဆို၍ တစ်ရက်နှင့်အပြီး ဖတ်ပြီး ပြန်ပေးလိုက်ရသည်။ ဤသို့ဖြင့် သူနှင့်ဆက်စပ်ပြီး ကီးကီး စာဖတ်ဖြစ်လာသည်။ သူပြောသည့် စာအုပ်တွေကို အပိုင်ဝယ်ဖြစ်လာသည်။ ကီးကီးရင်ဘတ်ထဲရောက်သည့်စာလည်း ရှိလာသည်။

ဦးမင်းဝေ၏ ပြောင်းလဲမှုမတိုင်ခင်ကတည်းက ကီးကီး လက်တွေ့ဖြစ်တည်မှုဘဝကို နားလည်ပြီးသား။ ဦးမင်းဝေ အဆိပ်တက်နေစဉ်ကတည်းက ယခုနေသည့်အခန်းကို ကီးကီးနာမည်နှင့် မရမက လွှဲထားခိုင်းသည်။ ရသမျှငွေကြေးကို ခွာယူသည်။ အန်တီကေသီ့စကားများက သူ့အတွက် လက်တွေ့သင်တန်းပို့ချထားသည်မို့ ကီးကီး မမေ့မလျော့ သတိရှိနေခဲ့သည်။ ကီးကီးဘဝတစ်ခုလုံး ကြွေမွလွင့်စဉ်ခဲ့ရတာ ဘယ်သူ့ကြောင့်ဖြစ်ဖြစ် ကီးကီးကတော့ ဘဝ ဝဋ်ကြွေးဟုသာ ပေါ့ပေါ့ပါးပါး သဘောထားနိုင်အောင် ကြိုးစားလိုက်သည်။

❑

သို့ဖြင့်…။

ငယ်ငယ်ရွယ်ရွယ်နှင့် ကီးကီး လောကကြီးကို ငြီးငွေ့လာသည်။ အဘိုး၊ အဘွားကို သတိတရရှိပေမဲ့ ကီးကီး ရင်မဆိုင်ရဲတော့။ သူတို့ရှိချင်မှလည်း ရှိကြတော့မှာပါ။ အမေဆိုတာ တစ်မြို့တည်းနေပေမဲ့ စိမ်းဝေးလွန်းသည်။ ကီးကီးကိုယ်တိုင်လည်း သွားချင်စိတ်မရှိသလို ကီးကီးအပေါ် အမြတ်ထုတ်ဖို့ ကြံရွယ်နေသည့် အမေ့ယောကျ်ားကို ပို၍ မမြင်ချင်။ ဒါပေမဲ့ ကိုကို့ကို မေ့မရတာကတော့ အဆိုးဆုံးပါ။ ကီးကီး တစ်ကြိမ်တစ်ခါတော့ တွေ့ချင်ပါသည်။ သို့သော် ဘဝချင်းက ကွာခြားသွားတော့ ဖြစ်နိုင်စရာရှိပါဦးမလား။ ကိုကိုပင် ဆရာဝန်ဖြစ်နေလောက်ပြီ ထင်သည်။ ပြီးတော့… ပြီးတော့ ချစ်ရမည့်သူ၊ ဒါမှမဟုတ် အိမ်ဆည်းလည်း သားသမီးတွေနှင့် ကြယ်စုံလစုံ ဘဝမျိုးထဲ တိုးဝင်နေပြီလား။

အဲဒီလို အတွေးမျိုးတွေ ဝင်လာတော့ ကီးကီး မပျော်တော့ဘူး။ မျက်ရည်တွေက ဘယ်လိုကျလာမှန်းပင် မသိနိုင်၊ မျက်နှာတစ်ခုလုံး ရွှဲရွှဲစိုလျက်။ ပြီးတော့ အိပ်ရာထဲခွေပြီး နေချင်လာသည်။ ကိုကိုနှင့် အနာဂတ်အတွက် အိပ်မက်မက်ခဲ့သည့် အုတ်ခုံလေးဆီ စိတ်က ရောက်သွားတော့ ကီးကီး အံကြိတ်မိလိုက်သည်။ ကီးကီး၏ မြီးကောင်ပေါက်အချစ်က ကိုကို့အပေါ် မြင်းရိုင်းတစ်ကောင်လို ခုန်ပေါက်ပြေးလွှားတိုးဝင်ခဲ့ဖူးသည်။ အခုတော့ ကီးကီး၏နှလုံးသားမှာ ဆူးတစ်ချောင်းလို စူးစူးနစ်နစ် စိုက်ဝင်နေမိပြီ။ ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာဆိုလား ကီးကီး ဖတ်ဖူးသည်။ ကီးကီးလေ… ဘယ်မှ သွားချင်လာချင်စိတ်မရှိတော့ဘူး။ အလွမ်းများနှင့်သာ နေချင်သည်။ ဦးမင်းဝေတစ်ယောက် အာရုံနည်း၍ အလာကျဲရုံမက ပျောက်ချက်သား ပါကောင်းနေပုံထောက်တော့ အသစ်… အသစ်များဆီသို့ ခြေဆန့်နေပြီထင်၏။ ဘော်ဒီဂတ် မမသန်းကိုလည်း အလုပ်မှ ရပ်စဲလိုက်သေးသည်။

ကီးကီး ဘာလုပ်လျှင်ကောင်းမည်နည်း။

ကီးကီးနာမည်နှင့် တိုက်ခန်းတစ်ခန်းရှိသည်။

ငွေကြေးအနည်းငယ်ရှိသည်။

လက်ဝတ်လက်စား အပြည့်အစုံ ရှိသည်။

ဒါတွေက ကီးကီး အလှ၊ ကီးကီးဘဝနှင့် လဲလှယ်ထားရသည့်တန်ဖိုးတွေဟု ဆိုနိုင်သည်။ စိတ်ထောင်းတော့ ကိုယ်ကြေဆိုသလို ကီးကီး စိတ်ပင်ပန်း၊ လူနွမ်းလာသည်။ လသာညများကို ကီးကီးမကြည့်ရဲတော့။ ရင်မဆိုင်ဝံ့တော့။ အမှောင်ထဲက အလင်းတစ်စကို ကီးကီး ဘယ်လိုရင်ဆိုင်ရမှာကိုပဲ တစ်နံ့တစ်လျှား တွေးတောနေမိသည်။

အိပ်ရာထဲက မထချင်။ အစားအသောက်လည်း မစားချင်။ အတွေးများဖြင့်သာ အိမ်ဖွဲ့ပြီး နေချင်သည်။ ကြာလာတော့ ကိုယ်ရောစိတ်ပါ ညှောင်းချည့်လာသည်။ မဖြစ်တော့ပေ။ အညှောင်းမိပြီး တစ်ခုခုဖြစ်သွားနိုင်သည်။ ကီးကီး အိပ်ရာဘေး စားပွဲပေါ်မှ ရေသန့်ကို တဝကြီး သောက်လိုက်သည်။ နည်းနည်းလန်းသွားသလိုပဲ။ မှန်ရှေ့မှာ ခေါင်းဖြီးဖို့ ရပ်လိုက်သည်။ ဘုရား… ဘုရား… ဘုရား…။

"ဟင်…"

ကီးကီးမှ ဟုတ်ပါလေစ။ ကိုယ့်ကိုယ်ကို အံ့သြထိတ်လန့်သွားသည်။ ကြည့်စမ်းပါဦး။ မျက်တွင်းဟောက်ပက်နှင့်။ ပိန်လှီသွားသော ခန္ဓာကိုယ်ကလည်း ပါးပါးလှပ်လှပ်လေး။ ကီးကီး ဘယ်လောက်တောင် အအိပ်အနေနည်းခဲ့မိပါလိမ့်။ အစားလည်း စားရကောင်းမှန်း မသိရလောက်အောင် အတွေးတွေနယ်ချဲ့မိနေပါပကော။ ကီးကီး တော်တော်ပိန်သွားသည်။ ကြည့်ရင်း ခေါင်းထဲက မူးနောက်နောက်ဖြစ်လာတော့ အိပ်ရာပေါ် ပြန်လှဲချလိုက်ရသည်။ ဒီလိုကျန်းမာရေးချို့တဲ့သွားပုံနှင့် ကီးကီး တစ်ယောက်တည်း အပြင်ထွက်၍ ဖြစ်မည်မဟုတ်ချေ။ ခေါင်းထဲမှာ အပြေးအလွှား စဉ်းစားရ၏။

မမသန်း။

သူကတော့ ကီးကီးကို သံယောဇဉ်ရှိသည်။ ဖုန်းနံပါတ်ပေးထားသည်။ အကူအညီလိုလျှင် အချိန်မရွေး ခေါ်လိုက်ပါတဲ့။ ဟင့်အင်း… ဦးမင်းဝေနှင့် ပတ်သက်နေသူမို့ သူ့ကို မခေါ်



www.burmeseclassic.com

www.burmeseclassic.com

ချင်ပေ။ နောက်ထပ် အပြေး အလွှားစဉ်းစားရပြန်သည်။ သြော်…သတိရပြီ။ သုခ… သုခ၊ ဒီကောင်လေးက ရိုးသားသည်။ ကြိုးစားသည်။ မိဘကို လုပ်ကျွေးနေပြီး တစ်ဖက်က ပညာကြိုးစားသင်ယူနေသူ။ ကီးကီးကို စာဖတ်ချင်လာအောင် သူ လေ့ကျင့်သင်ကြားပေးခဲ့သည်။ ကီးကီး မုန့်ဖိုးပေးတိုင်း ငြင်းဆန်တတ်သလို မငြင်းသာသည့်အဆုံးမှာမှ အိမ်အတွက် တစ်ခုခု ဝယ်သွားမည်ဟု ပြောကာ မိဘအပေါ် သိတတ်သည့် သုခ။ ကီးကီး အားကျရသည့် သုခ။ သူကလည်း ကီးကီးကို နားလည်သည်။ အစ်မ တစ်ယောက်လိုချစ်သည်။ သူ အားလပ်ခွင့် အော့ဖ်ရသည့်နေ့မှာ အချိန်မရွေး ဖုန်းဆက်ခေါ်ဖို့ ဖုန်းနံပါတ်ပေးထားသည်။ သုခရေ… ကီးကီးကို ကူညီပါဦးနော်…။

❑

'ညီမ သိပ်အားနည်းနေတယ်။ ချောင်းကောဆိုးသေးလား။ ဆီး၊ ဝမ်းနဲ့ သွေးတော့ စစ်ရလိမ့်မယ်။ ဟောဒီစာရွက်ထဲက လိပ်စာအတိုင်း ဓာတ်ခွဲခန်းမှာ သွားစစ်ပြီး ရီဇပ်ဖ်ရတာနဲ့ ဆေးခန်းကို ပြန်လာခဲ့နော်'

ကီးကီး ဆရာဝန်မလေးကို ငေးကြည့်နေမိသည်။ ကိုကိုနှင့် သက်တူရွယ်တူလောက် ရှိမည်။ ကိုကို့အကြောင်း မေးချင်လိုက်တာ။ ဆရာဝန်မလေးက သိပါ့မလား။

'အစ်မ သွားကြရအောင်'

သုခက သူ့ကို လူနာခုတင်ပေါ်က တွဲချပြီး သတိပေးလိုက်မှ သူ့အတွေးစတွေ ရပ်တန့်သွားသည်။

'အစ်မ တစ်ခါတည်း အဲဒီဓာတ်ခွဲခန်း သွားလိုက်ကြရအောင်နော်'

မောင်လေးအရင်းသဖွယ် သူ့အပေါ် ကြင်နာတာကို ခံစားရသဖြင့် မျက်ဝန်းက မျက်ရည်က ကျလုလု။ မျက်တောင်ဖြင့် ပုတ်ခတ်သိမ်းပစ်လိုက်ရသည်။ နှစ်ယောက်သား တစ်ရက်တည်း ဆေးစစ်မှုကိစ္စအားလုံး ပြုလုပ်လိုက်သည်။ အိမ်တွင်းအောင်းနေတာ ကြာ၍ ဖြစ်မည်။ လှုပ်ရှားမှုတွေ ဆက်တိုက်ဆိုတော့ ကီးကီး မောနေသည်။ သုခနှင့်အတူ အိမ်ပြန်ရောက်သည်နှင့် ဆိုဖာပေါ်မှာ တစ်ကိုယ်လုံး ပုံလဲကျသွားသည်။ အရုပ်ကြိုးပြတ်ပမာ။

'အစ်မ… အစ်မ'

သုခတစ်ယောက် သူ့ကို ပူပန်သောကများစွာဖြင့် လှုပ်ခါနေသည်။ ကီးကီးက သတိမလစ်။ မျက်လုံးမဖွင့်ချင်တာလေ။ သုခကို ခေါင်းညိတ်ပြသည်။ သုခကတော့ ကီးကီးဘေးနား ထိုင်ကာ တတွတ်တွတ်ပြောနေလေရဲ့။

'အစက… အစ်မကို မိသားစုနဲ့ နေတယ်လို့ ထင်နေတာ။ အစ်မမိဘတွေက ဘယ်မှာလဲ။ အစ်မစိတ်ဆိုးပြီး အိမ်ကဆင်းလာတာလား။ အစ်မ တစ်ယောက်တည်းနေတာ အန္တရာယ်ကြီးတယ်နော်။ အစ်မကို ကျွန်တော့်အစ်မအရင်းလို ခင်တယ်။ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောပြပါလား… နော် အစ်မ'

သုခ အဲယားကွန်းထ,ဖွင့်သည်။ ရေခဲသေတ္တာထဲက အအေးဘူးဖောက်ပြီး ကီးကီးကို ပေးသည်။ သူလည်းသောက်သည်။ အချိန်တိုအတွင်းမှာ ကီးကီး အမောပြေသွားသည်။ တော်ပါသေးရဲ့။

'အစ်မအချစ်တွေ ကမ္ဘာပျက်ကြီးထဲ ကျပျောက်ခဲ့တယ်။ အစ်မတစ်ယောက်တည်းပဲနေတယ်။ ငါ့မောင်ရေ… အစ်မကို မသနားပါနဲ့။ အစ်မသွေးသားရင်းတွေတောင် အစ်မကို မသနားတာပဲ။ အစ်မ နေတတ်သွားပြီ။ အခုလို အစ်မကျန်းမာရေး ချို့တဲ့သွားတာ အစ်မ အံ့သြတယ်။ အစ်မ အပြင်မထွက်တာ နှစ်ပတ်ကျော်ပဲ ရှိသေးတယ်။ ဒီလောက်တောင် ဖြစ်သွားစရာလား။ ငါ့မောင်ကို ကျေးဇူးတင်ပါတယ်။ အစ်မကို ဆက်ပြီး ကူညီပါဦးနော်'

'ဖူး'

သုခတစ်ယောက် သူ့ပါးစပ်က လေပူတွေမှုတ်ထုတ်လိုက်သည်။ သူ နည်းနည်းတော့ နားလည်ပုံရသည်။ အလုပ်ပိတ်ရက်မဟုတ်လည်း အချိန်မရွေး သူ့ကို လိုအပ်လာလျှင် ခေါ်ဖို့အကြောင်း အထပ်ထပ်အခါခါ မှာသည်။ ဆေးစစ်ချက်အဖြေလည်း သူယူပြီး လာပို့မည်ဖြစ်ကြောင်း ပြောလိုက်သေးသည်။ ပြီးတော့ အစ်မမှာ အားနည်းတာကလွဲပြီး ရောဂါထွေထွေထူးထူး ရှိမှာ မဟုတ်သည့်အတွက် စိတ်အေးချမ်းသာနေဖို့ အစ်ကိုကြီးတစ်ယောက်လို မှာကြားနေသည်။ သုခ အပြန်ခရီးတွင် ကီးကီးအပေါ် စိတ်မချခြင်းတို့က ပူးကပ်လိုက်ပါသွားမှာ သေချာသည်။

❑

၄။

ဒီနေ့ ကီးကီး ဆေးစစ်သည့်အဖြေ သိရမည့်နေ့။

သုခ သေချာပြောသွားခဲ့သည်။ သူကိုယ်တိုင် လာပို့မည်တဲ့။ နေသာ ညိုသွားသည်။ သုခ ပေါ်မလာ။ သူ အလုပ်များနေတာ ဖြစ်မည်ဟု ဖော့တွေးပေးလိုက်သည်။ အမှောင်တွေက တဖြည်းဖြည်း သိပ်သည်းလာသည်။ သုခဖုန်းကို ခေါ်တော့လည်း စက်ပိတ်ထားသည်တဲ့။ အချိန်ကလည်း မရှိတော့။ ဓာတ်ခွဲခန်းပိတ်ရောပေါ့။ ကီးကီး အခြေအနေကလည်း တစ်နေ့တခြား အင်အားဆုတ်ယုတ်နေသလိုပဲ။ ဒါကြောင့် ကီးကီးက ဆေးစာကို ပိုသိချင်နေမိသည်။ မောမောနေသည်က နှလုံးရောဂါအစများလား။ အရွယ်နှင့်မမျှ စိတ်ရောကိုယ်ပါ ဖိစီးမှုများနေ၍ သည်ရောဂါဖြစ်နိုင်ခြေများသည်။ အနာသိလျှင် ဆေးရှိမည်။ လကွယ်ညတွေမှာ ကီးကီးတို့ မဆော့ဘဲ အဘိုးပြောပြသည့်ပုံပြင်တွေကို နားထောင်ခဲ့တာတွေကို လွမ်းလိုက်တာ။ ကီးကီး စိတ်သောကတွေကိုမျှယူပြီး ကူကယ်မယ့်သူ မရှိတော့ဘူးလား။ ဤသို့ဖြင့် ရှည်လျားသောညတစ်ညတာ ကုန်ဆုံးသွားခဲ့၏။

သုခ မနက်စောစော ပေါက်ချလာသည်။ မျက်နှာမကောင်းလှ။ ကီးကီးကို

စာမျက်နှာ(၂၄၂)သို့…



www.burmeseclassic.com

www.burmeseclassic.com


စာရေးဆရာမကြီး
(ဒေါ်)ကြည်အေး


စာရေးဆရာမကြီး
ဆီမွန်ဒီဗိုးဗွား


စာရေးဆရာကြီး
(ဦး)မင်းကျော်

# ပါးပါးလေး ခြားထားတဲ့ နံရံ

**မောင်ညွန့်မှာ**

၁၉၇၀ ပြည့်လွန်နှစ်များအတွင်းက ဖြစ်ပါသည်။ ငယ်ရွယ်စဉ် ထိုကာလက ဖတ်ဖြစ်ခဲ့သော မဂ္ဂဇင်းတစ်ခုထဲတွင် သရုပ်ဖော်ရေးဆွဲထားသည့် ပန်းချီပုံလေး တစ်ပုံကို အမှတ်ရနေမိသည်။ ယင်းပန်းချီသည် ဆတ်တစ်ကောင်၏ပုံ ဖြစ်သည်။ သို့ရာတွင် ဆတ်တစ်ကောင်ထက် ကျွဲနှင့် ပိုတူနေသည်ကို မှတ်မိနေသည်။ စာက သရော်စာ ဖြစ်ပြီး "မော်ကျင်းကြေးအိ ဆတ်ဝါဒီ" ဟူ၍ ခေါင်းစဉ်တပ်ထားပါသည်။ စာကိုယ်၏သဘောမှာ စာရေးဆရာ မင်းကျော်သည်လည်းကောင်း၊ စာရေးဆရာမ ကြည်အေးသည်လည်းကောင်း ဆာ့တ်ဝါဒီများ ဖြစ်ကြသည်ဟု စွဲဆိုထားခြင်း ဖြစ်ပါသည်။ ထိုမှတစ်ပါး ထိုမဂ္ဂဇင်းထုတ်ဝေသည့် ခုနှစ်သက္ကရာဇ်ကို လည်းကောင်း၊ မဂ္ဂဇင်းအမည်ကို လည်းကောင်း၊ ယုတ်စွအဆုံး စာရေးသူ၏အမည်ကို လည်းကောင်း ကျွန်တော် အမှတ်မရတော့ပါ။ ထိုသရော်စာကို ဖတ်ဖူးလိုက်သော်လည်း ဆာ့တ်ဝါဒ ဆိုသည်မှာ မည်သို့သောဝါဒမျိုး ဖြစ်သည်ကို ကျွန်တော် စိုးစဉ်းမျှ မသိပါ။ ထို့အတူ မင်းကျော်နှင့်ကြည်အေးတို့သည် ဆာ့တ်ဝါဒီများဖြစ်သည်ဟူ၍လည်း မသိပါ။ ထိုစာကို ဖတ်မိမှသာ ကြားဖူးလိုက်ရခြင်း ဖြစ်ပါသည်။

❑

ကျွန်တော် ဖတ်ရှုနေသော စာပေနယ်ပယ်ထဲသို့ **စည်းအပြင်ကလူ** (L' Etranger) ဝတ္ထု ချင်းနင်းဝင်ရောက်လာသောအချိန်သည် ၁၉၇၅ ခုနှစ် ဖြစ်သည်။ အောက်တိုဘာလ၏ ဆောင်းနှင်းအေးအေးအောက်တွင် ရုတ်ခြည်းဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။ ထိုစာအုပ်ကြောင့် ငယ်စဉ်က ကြုံကြိုက်ခဲ့ဖူးသော ဆာ့တ်ဝါဒကို စူးစမ်းကြည့်လိုစိတ် တစ်ဖန်ပြန်လည်၍ ခေါင်းထောင်လာခဲ့သည်။ ဆာ့တ်ဝါဒနှင့် ဤဝတ္ထုကြားမှာ အဆင့်တစ်ခု ခြားနေသေးသော်လည်း ဆက်ကြောင်းကို ကျွန်တော် တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

**စည်းအပြင်ကလူ** စာအုပ်၏ မူရင်းစာရေးသူက အယ်ဂျီးရီးယားမှာ မွေးဖွားသည့် ပြင်သစ်လူမျိုး အယ်လ်ဘတ်ကမူးဖြစ်ပြီး ဘာသာပြန်သူက ဆရာထင်လင်းဖြစ်ပါသည်။ အယ်ဂျီးရီးယားမှာ မွေးဖွားသည့် ပြင်သစ်လူမျိုးသည် ပြင်သစ်မှာ မွေးသည့် ပြင်သစ်လူမျိုးနှင့် နောက်ခံသမိုင်းမတူသလို အတွေးအခေါ်လည်း မတူ၊ ခံစားနားလည်ပုံ ချင်းလည်း မတူဟု ဆိုကြသည်။

ဤဝတ္ထု၏ နောက်ခံဒေသသည် လူငယ်များ၏ တိုင်းပြည်ဟု သတ်မှတ်ထားသည့် အယ်လ်ဂျီးရီးယားနိုင်ငံဖြစ်ပြီး နိုင်ငံသားလူငယ်တို့သည် ပျော်တတ် ပါးတတ်သည်။ လွတ်လပ်ပျော်ရွှင်ရသော ဘဝကို နှစ်သက်သည်။ ငရဲဆိုတာ တကယ်မရှိ၊ နိဗ္ဗာန်ဆိုတာ ယခုဘဝထဲမှာပင် ရှိနိုင်သည်ဟု ယူဆထားကြသူများဖြစ်သည်။ ဝတ္ထုထဲမှ ဇာတ်ကောင် "မာဆိုး"သည် ထိုသို့သော လူငယ်မျိုးပင် ဖြစ်သည်။ ဆိုးသွမ်းဟော့ရမ်းသူ မဟုတ်သော၊ သာမန်အတွေးအခေါ်ရှိသော လူထဲက လူတစ်ယောက်သာဖြစ်သည်။ လူငယ်တစ်ဦးပီပီ မိန်းမလှလေးတွေကို စိတ်ဝင်စားသည်။ ဘဝရပ်တည်ရေးအတွက် အလုပ်လုပ်၍ ဝင်ငွေရှာမည်။ အလုပ်ပြီးသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်၊ လမ်းလျှောက်၊ ကောင်မလေးတွေကို ကြည့်၊ စားစားသောက်သောက်လုပ်၊ ချစ်သူနှင့် အပျော်ကြူးမည်။ တနင်္ဂနွေနေ့မှာ ပင်လယ်ကွေ့သို့သွား၍ ရေကူးမည်။ နောင်ဘဝဆိုတာ ရှိလား၊ မရှိလား မသိ။ စိတ်လည်း မဝင်စား။ လောကကြီးကိုလည်း ဘာမှမငြိုငြင်၊ ငြူစူတတ်သူလည်း မဟုတ်။ သူ့ဘဝတွင် ဘာမှရေးကြီးခွင့်ကျယ် တွေးတောစရာလည်း မရှိ။ ပြောချင်နေတာလည်း မရှိ။ ပကတိအေးချမ်းသည်။ ဘာကိုမှလည်း အလေးအနက်မထား။ လူမှုမလေ့ ထုံးတမ်းတွေ နီတိစည်းကမ်းတွေမှ ကင်းလွတ်ပြီး ပေါ့ပါးလွတ်လပ်စွာနေလို သူသာ ဖြစ်သည်။

တစ်နေ့မှာတော့ ပင်လယ်ကမ်းစပ်ဘက် အုပ်စုလိုက် အလည်သွားကြသည်။ သူတို့အုပ်စုထဲမှာ မိန်းကလေးတွေလည်းပါသည်။ ကမ်းစပ်မသွားမီ မြို့ထဲ ကားဆိပ်မှာ ကတည်းက အာရပ် ၃ ယောက်အုပ်စုက သူတို့ကိုလှမ်းကြည့်နေသည်။ ထိုအထဲမှ အာရပ်တစ်ယောက်က သူတို့ထဲက တစ်ယောက်နှင့် ရန်စရှိခဲ့ဖူးသည်။ ပင်လယ်ဘက်ရောက်၊ ရေကူးကြ၊ စားကြ သောက်ကြ၊ ထပ်ပြီး ရေကူးကြ။ နောက် အာရပ်အုပ်စုထဲက တစ်ယောက်နှင့် ကတောက်ကဆတ်ဖြစ်၊ တစ်ဖက်က ဓားဖြင့်ထိုးက်ခိုက်လာ၍ မာဆိုးက သေနတ်ဖြင့် ပစ်သတ်လိုက်သည်။ သေပြီးမှကို ကျည်ဆန်ကုန်သည်အထိ ထပ်ပစ်လိုက်သေးသည်။ အမှန်မှာတော့ ဒေါသ

v r pfygt jcm;o u &S u f w w G
]zpfw n f\ t "dbh ; u y" neu $ND
, i fu k t rjyKND S]zpfw n f}u
&S n&o n f v w G l]zpfw n f}u
y" neu $ND, i fu k t rjyKND S
]zpfw n f\ t "dbh ; u &S n&o n f
[ kq k n f t jcm;o u &S u f w ESh
ajymin fyejzpb n f þ t ajcc jzi h
b 0\ jyó emn sr;u kajz&S f E k&ef
o k yfq i fci fci fu k
t w b 0r e0g[ k
acq ki f ; zpb n f



ပြင်သစ်တွေးခေါ်ပညာရှင်
ယန်းပေါလ်ဆာ့တ်



www.burmeseclassic.com

www.burmeseclassic.com

ri faus sfo n f
igv Mcw ESh MdKf
pmt kf x B D d
t cefq u f
a&;cdo mf n f
t MDo w f
EkdcdM mf
t rS&rd n f
x d Mo m
t ajct aer sfw G
o Zmw fau mf
w Y n f
t wå 0r eDgDm,
[ kwf [ kwf
w kdfw n&ef
t v eDu fcd n f
jzpfyg n f
rddS f d rQ d
t ajcw n fMD
w kdfw m
M n fawnn n f
q nw 0gESh
NdeSfaeEkdb n fh
t csi fu d
Mn fMn f v if v if
x i fk i &G&G
raw GSaw nfMD

အလျောက်ခိုက်ရန်ဖြစ်ပွားရင်း လူသတ်မှုဖြစ်ရခြင်းဟု ယူသော်ရနိုင်ပေမဲ့ မာဆိုး၏ လူ့လောကကြီးအပေါ် အပိုလောကွတ်တွေမရှိ၊ ပေါ့ပြက်ပြက် ရှုမြင်ကျင့်ကြံခဲ့မှုများကြောင့် လူမဆန်သော ရက်စက်မှုကြီးအဖြစ် ပုံဖော်ခြင်းခံရပါသည်။ နိဂုံးချုပ်တော့ မာဆိုးကို ခေါင်းဖြတ်စက်ဖြင့် လူမြင်ကွင်းတွင် ခေါင်းဖြတ်၍ အပြစ်ပေးလိုက်ခြင်းပင် ဖြစ်သည်။ ဝတ္ထုက သည်မျှသာ ဖြစ်သည်။

စာရေးသူ အယ်လ်ဘတ်ကမူးသည် သူ့ဘဝသက်တမ်းတစ်လျှောက် အလုပ်မျိုးစုံလုပ်ဖူးသည်။ ဘောလုံးဂိုးသမား၊ သတင်းထောက်၊ သတင်းစာအယ်ဒီတာ၊ တော်လှန်ရေးစစ်သားနှင့် စာရေးဆရာ။ သူသည် ဝတ္ထု လေး၊ ငါးပုဒ်နှင့် ဆောင်းပါးများ၊ မှတ်စုမှတ်တမ်းများရေးခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ပထမဆုံးရေးသည့် ဤ**စည်းအပြင်က လူ** ဝတ္ထုဖြင့် စာပေဆိုင်ရာ နိုဗယ်ဆုကို ရရှိခဲ့လေသည်။ ပြင်သစ်ဝတ္ထုများတွင် ယခုခေတ်ထိ အရေးအပါဆုံးဝတ္ထုအဖြစ် သတ်မှတ်ခြင်းခံရပြီး ခေတ်ပြိုင်ဝတ္ထုလောကတွင် ဩဇာတိက္ကမ ကြီးမားခဲ့သည်။

ဝတ္ထုထဲမှာ စာရေးသူက ဘာကို ပြောချင်နေပါသနည်း။ သူပြောလိုသော အဓိကအချက်ကို စေ့ငုရှာဖွေကြည့်ရန်လိုမည်ဟု ထင်မိပါသည်။ တကယ်တော့ စာရေးသူသည် ထိုစဉ်က အထူးရေပန်းစားနေသည့် အတ္တဘဝမှန်ဝါဒ(ဝါ) ဖြစ်တည်မှုပဓာနဝါဒ (Existentialism) ကို လှစ်ဟပြလိုက်ခြင်းဟု အများက မြင်ကြသည်။ ထိုဝါဒကို ကိုယ်စားပြုနိုင်မည့် ဇာတ်ကောင်တစ်ကောင်ကို ဖန်ဆင်းပြလိုက်ခြင်း ဖြစ်သည်။ မာဆိုးသည် ထိုဝါဒီဇာတ်ကောင်မျိုး ဖြစ်ပါသည်။ တကယ်တော့မူ ၂၀ ရာစုအစတွင် ထွက်လာသမျှ အတွေးအခေါ် စာအုပ်တိုင်းသည်လည်း အတ္တဘဝမှန်ဝါဒနှင့် သီးခြားကင်းလွတ်နေလေ့မရှိပါ။ ထိုစာအုပ်ကြောင့် အယ်လ်ဘတ် ကမူးသည် အတ္တဘဝမှန်ဝါဒကို တည်ထောင်သည့် ဖန်တီးရှင်လေလားဟု တွေးထင်စရာ ဖြစ်ခဲ့သည်။ မဟုတ်ပါ။ ကမူးသည် အတ္တဘဝမှန်ဝါဒကို နှစ်သက်လက်ခံသူ ဖြစ်သော်လည်း ထိုဝါဒကို တည်ထောင်သူ မဟုတ်ခဲ့ပါ။ သို့ဆိုလျှင် ဤဝါဒကို တည်ထောင်သူသည် မည်သူနည်း။ ဤဝါဒ၏ ဖန်ဆင်းရှင်သည် မည်သူနည်း။

❑

ဆီမွန်ဒီဗူးဗွား (Simone De Beauvoir) ဆိုသော စာရေးဆရာမသည် ပြင်သစ်စာပေလောကတွင် ထင်ရှားသူ ဖြစ်သည်။ ၁၉၂၉ တွင် ဆိုဗွန်းတက္ကသိုလ်မှ ဒဿနိကဖြင့် ဘွဲ့ရရှိခဲ့သည်။ ကျောင်းမှာကတည်းက ဒဿနိက ဘာသာရပ်တွင် ထူးချွန်ပြောင်မြောက်ခဲ့သူဖြစ်သည်။ သို့သော် သူ့ထက် ပိုတော်သူတစ်ဦးက ရှိနေပါသေးသည်။ ထို့ကြောင့်လည်း သူမသည် ထိုဘာသာရပ်တွင် ဒုတိယအမှတ်အများဆုံးဖြင့်သာ ကျေနပ်ခဲ့ရခြင်း ဖြစ်သည်။ ထိုနှစ်က ပထမအမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့သူ ဒဿနိကပညာရှင်မှာ နောင်တစ်ချိန်တွင် သူ့ဘဝလက်တွဲဖော် ဖြစ်လာခဲ့သည်။ သူတို့နှစ်ဦးသည် တရားဥပဒေက ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များနှင့် လူ့အဖွဲ့အစည်းက လက်ခံထားသော လူမှုဓလေ့ထုံးတမ်းစဉ်လာများအားလုံးကိုပစ်ပယ်ပြီး တစ်သက်လုံးအတူနေထိုင်ခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦး အပေးအယူမျှစွာ၊ ပျော်ရွှင်စွာနေထိုင်ခဲ့ကြသည်။ အရေးအကြီးဆုံးအချက်မှာ ထိုပုဂ္ဂိုလ်သည် လူအများစိတ်ဝင်စားပြီး စာပေနယ်တွင် ထင်ရှားသည့်အတ္တဘဝမှန်ဝါဒကို တည်ထောင်ခဲ့သည့် အတွေးအခေါ်ပညာရှင် ဖြစ်နေခြင်းပင်တည်း။

သူကား အခြားမဟုတ်။ ဂျာမန် ဒဿနိကပညာရှင် ဟိုက်ဒဂ္ဂါ၏ တပည့် ပြင်သစ်တွေးခေါ်ပညာရှင် ယန်းပေါလ်ဆာ့တ် (Jean Paul Sartre) ဖြစ်ပါသည်။ ထို့ကြောင့်ပင် အချို့က အတ္တဘဝမှန်ဝါဒကို သူ့နာမည်အား အစွဲပြု၍ ဆာ့တ်ဝါဒ ဟုလည်း ခေါ်ဝေါ်ကြခြင်း ဖြစ်ပုံရပါသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

ပထမကမ္ဘာစစ်အပြီး ၂၀ ရာစု အဝင်ကာလတွင် လူတို့သည် လူ့ဘဝ၏ မတည်မြဲသော၊ အဓိပ္ပာယ်ကင်းမဲ့သောသဘောကို ပိုမိုသိမြင်လာခဲ့ကြသည်။ ယခင်က အမှတ်တမဲ့ လက်ခံကျင့်သုံးလာခဲ့သည့် ဘာသာရေးဆိုင်ရာ အယူဝါဒများ၊ လူမှုရေး ဆိုင်ရာ ဓလေ့ထုံးစံများ၏ အားနည်းပျော့ညံ့ရာနေရာတို့ကို ထိုးဖောက်တော်လှန်၍ အသိသစ်၊ အမြင်သစ်၊ အဓိပ္ပာယ်သစ်များကို ရှာဖွေလာခဲ့ကြသည်။ ဤသို့ ရှာဖွေရာတွင် လူမှုတစ်ပါး အခြားသက်ရှိသက်မဲ့တို့တွင် "ဖြစ်တည်မှု၏အဓိပ္ပာယ်" က ပဓာနကျပြီး ယင်းကို အမှီပြုပြီးမှ "ဖြစ်တည်မှု"က ရှိလာရသည်။ လူတွင်မူ "ဖြစ်တည်မှု"က ပဓာနကျပြီး ယင်းကို အမှီပြုပြီးမှ "ဖြစ်တည်မှု၏အဓိပ္ပာယ်"က ရှိလာရသည်ဟု ဆိုသည်။ အခြားသက်ရှိသက်မဲ့တို့နှင့် ပြောင်းပြန်ဖြစ်သည်။ ဤအခြေခံဖြင့် ဘဝ၏ပြဿနာများကို ဖြေရှင်းနိုင်ရန် သုံးသပ်ဆင်ခြင်ခြင်းကို အတ္တဘဝမှန်ဝါဒဟု ခေါ်ဆိုခြင်း ဖြစ်သည်။

ထိုဝါဒကို လက်ခံကြသူများသည် အခြေခံတူကြသော်လည်း အယူအဆပိုင်း တွင် ကွဲပြားမှုများရှိနေသည်။ မူလက တွေးခေါ်မှုအပိုင်းတွင် ဘုရားသခင်၏ ဘာသာ ရေးဆိုင်ရာ အတွေးအမြင်များကို ထည့်သွင်း စဉ်းစားခဲ့ကြသည်။ လက်ခံထား ခဲ့ကြသည်။ ဤဝါဒသို့ ချဉ်းကပ်ရာလမ်းကြောင်းတွင် ဘုရားသခင်၏ ဘာသာ တရားအဆုံးအမများကို ပူးကပ်ဆက်စပ်၍ စဉ်းစားခဲ့ကြသည်။ သို့သော် ဂျာမန် တွေးခေါ်ပညာရှင် မာတင်ဟိုက်ဒဂ္ဂါကမူ အတ္တဘဝမှန်ဝါဒတွင် ဘုရားမရှိ။ မိမိဘဝ ဖြစ်တည်မှုအတွက် မိမိဘာသာ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ဖန်တီးရမည်ဟု ဆိုခဲ့သည်။

တစ်ဖန် ဂျာမန်တွေးခေါ်ပညာရှင် ကားလ်ယတ်စပါးကလည်း ဘဝဖြစ် တည်မှု၏ ပြဿနာများကို အဖြေရှာရာတွင် ဘာသာရေးကို အခြေခံ၍ မချဉ်းကပ်သင့်။ ယင်းအစား မေတ္တာတရားကိုသာ အခြေခံရမည်ဟု ဆိုခဲ့ပြန်သည်။ သို့ဖြင့် အတ္တဘဝ မှန်ဝါဒသည် အကြမ်းဖျင်းအားဖြင့် ဘုရားမဲ့ဝါဒသဖွယ် ဖြစ်လာခဲ့သည်။

ယန်းပေါလ်ဆာ့တ်သည် မာတင်ဟိုက်ဒဂ္ဂါ၏ တပည့်ဖြစ်ပြီး ခရစ်ယာန်ကျမ်း လာ ဖန်ဆင်းရှင်ဘုရားသခင်ကို ယုံကြည်ခြင်းမရှိပါ။ လူသည် သူ့ဘဝဖြစ်တည်မှု ပြဿနာများ၊ ဝေဒနာများကို ဆင်ခြင်သုံးသပ်ရာတွင် ကြောင်းကျိုး ဆင်ခြင်တုံ တရားဖြင့် မိမိဘာသာ မိမိရှာဖွေဖော်ထုတ်နိုင်ရမည်။ မိမိ၏ ကံကြမ္မာ မိမိအနာဂတ် ကို မိမိဘာသာ ဖန်တီးနိုင်စွမ်းရှိရမည်ဟု ပြဋ္ဌာန်းထားသည်။

ဆာ့တ်သည် ၁၉၄၆ ခုနှစ်တွင် Existentialism and Humannism ကို ရေးသား ပြီး သူ့ဝါဒကို ရှင်းလင်းတင်ပြခဲ့သည်။ ထိုအတွက် စာပေနိုဗယ်ဆု ချီးမြှင့်ခြင်း ခံခဲ့ရသော်လည်း ဆာ့တ်က လက်မခံဘဲ ငြင်းပယ်ခဲ့သည်။ အယ်လ်ဘတ်ကမူး၏ **စည်းအပြင်ကလူ** စာအုပ်ထွက်ပေါ်လာပြီးနောက် သတင်းထောက်များက ကမူးသည် အတ္တဘဝမှန်ဝါဒသမား ဟုတ်မဟုတ် ယန်းပေါလ်ဆာ့တ်အား မေးမြန်းခဲ့ရာ "ကမူး ဟာ ဂျာမန်တွေးခေါ်ပညာရှင်တွေဖြစ်တဲ့ ဟိုက်ဒဂ္ဂါနဲ့ ယတ်စပါးတို့ရဲ့ အရိပ်အငွေ့တွေ ပါဝင်နေပေမဲ့ သူဟာ အတ္တဘဝမှန်ဝါဒီတစ်ယောက် မဟုတ်ပါဘူး" ဟု ငြင်းဆို သွားခဲ့ပါသည်။

❑

ဆာ့တ်ဝါဒ ဆိုသည်မှာ ယန်းပေါလ်ဆာ့တ် တည်ထောင်သည့် အတ္တဘဝမှန် ဝါဒကို ခေါ်ဆိုခြင်းဖြစ်ကြောင်း သိလာပြီးသည့်နောက်တွင် ငယ်စဉ်က တွေ့ရသည့် မင်းကျော်နှင့် ကြည်အေးတို့သည် ဆာ့တ်ဝါဒီ ဟုတ်မဟုတ် ကိုယ်တိုင်ဆန်းစစ် ကြည့်လိုစိတ် ဖြစ်လာပါသည်။ သို့သော် ရှင်းလင်းမြင်သာစွာ ဆန်းစစ်နိုင်ရန် မလွယ်ကူသည်ကိုလည်း သတိပြုမိပါသည်။ ထို့ပြင် ကျွန်တော်ကိုယ်တိုင် သည် ဝါဒရေးရာကိုကိုင်တွယ်၍ တိုင်းတာအဖြေရှာရာ၌ မှန်မှန်ကန်ကန် စွမ်းဆောင်နိုင် သည့် အရည်အချင်းကော ရှိပါရဲ့လားဆိုသည့် သံသယကလည်း တစ်ဖက်က ဝင်မိသေးသည်။

ကျွန်တော်သည် မင်းကျော် ရေးခဲ့ သည့်စာများကို ငယ်စဉ်က ဖတ်ရှုရာ တွင် တစ်အုပ်တလေကိုမျှ အလွတ် မပေးခဲ့ပါ။ ဆရာနတ်နွယ်နှင့် တွဲဖက်၍ "မလိခ"ကလောင်အမည်ဖြင့် ပြုစုခဲ့သည့် **မြန်မာဝတ္ထုများအညွှန်း** စာအုပ်များနှင့် ကျော်လှိုင်ဦး အမည်ခွဲဖြင့် ထုတ်ဝေသည့် ဘာသာပြန်စာအုပ်များ ပင် မကျန်ခဲ့ပါ။ သို့သော် ထိုဖတ်သမျှ တို့မှာ ကြာမြင့်လှပေပြီ။ နယ်ချဲ့ဆန့် ကျင်ရေးအတွက် ညွှန်းဆိုခဲ့သော **ပုဂံသား**၊ မြေရှင်များ၏ ပဋိပက္ခကို ဖွဲ့ဆိုထားသည့် **လှိုင်** ဝတ္ထု၊ တည်ဆောက်ရေးသမားတို့ အကြောင်း ဖော်ကျူးထားသည့် **မဟာ** နှင့် ကျောင်းသားလှုပ်ရှားမှုကြီးကို ခြယ်မှုန်းထားသည့် **ငါတို့ခေတ်နှင့်အပြိုင်** တို့သည် အဝေးဆီတွင် မှုန်ရီဝေဝါးစွာဖြင့် ရပ်တန့်ကျန်ရစ်ခဲ့ပြီ။ မင်းကျော်သည် **ငါတို့ခေတ်နှင့်အပြိုင်** စာအုပ်အထူကြီးကို အခန်းဆက်ရေးခဲ့သော်လည်း အပြီးမသတ်နိုင်ခဲ့ကြောင်း အမှတ်ရမိသည်။ ထိုသို့သော အခြေအနေမျိုးတွင် သူ့ဇာတ်ကောင်တို့သည် အတ္တဘဝမှန်ဝါဒီများ ဟုတ်မဟုတ် တိုင်းတာရန် အလွန်ခက်ခဲမည် ဖြစ်ပါသည်။ မိမိမှတ်မိသမျှကို အခြေတည်ပြီး တိုင်းတာကြည့်တော့လည်း ဆာ့တ်ဝါဒနှင့် ငြိစွန်းနေနိုင်သည့် အချက်ကို ကြည်ကြည်လင်လင်၊ ထင်ထင်ရှားရှား မတွေ့ရတော့ပြီ။ မင်းကျော်သည် ဆာ့တ်ဝါဒီပါဟု ဆွဲထုတ်ပြနိုင်မည့် အချက်ကလေးတစ်ချက်ကိုမှ ကျွန်တော် မရှာနိုင်ခဲ့ပါ။ အချက်အလက်များကို မေ့လျော့နေခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ မင်းကျော်သည် ဆာ့တ်ဝါဒီ ဖြစ်ပါသည်ဟု သရော်စာဖြင့် ဖော်ပြခဲ့သည့် မှုရင်းစာရေးဆရာကိုသာ သေချာမှုရှိ၊ မရှိ ပြန်မေးရန်သာ ရှိတော့သည်။

ကြည်အေးကျတော့ ပြောင်းပြန်။ ၁၉၇၀ ကျော်နှစ်များအတွင်းက ကြည်အေးသည် ကဗျာမှာရော၊ ဝတ္ထုမှာပါ အလွန်နာမည်ကြီးနေခဲ့ပါပြီ။ သို့



www.burmeseclassic.com

www.burmeseclassic.com

သော် အံ့သြစရာကောင်းလှချည့်။ တစ်အုပ်တလေမှ ထိုစဉ်က ကျွန်တော် မဖတ်ဖူးခဲ့ပါ။ ဘယ်သို့ဘယ်ပုံ ကျော်လွှားခဲ့မိလေသည်မသိ။ ရေစက်မဆုံ၍ ဖတ်ခွင့်မကြုံခဲ့ဟုသာ မှတ်ယူရပါတော့သည်။ ၂၀၁၃ ခုနှစ်နောက်ပိုင်းတွင်မှ ကြည်အေးစာအုပ်တွေ တစ်လှေကြီးနှင့် နဖူးတွေ့ဒူးတွေ့ ပြန်တွေ့ပြီး တဝကြီး ဖတ်ရပါတော့သည်။ ကြည်အေး၏ ဇာတ်ကောင်များသည် အများနှင့်မတူထူးခြားသောစရိုက်များရှိသည်ကို သတိပြုမိသည်။

**နွမ်းလျအိမ်ပြန်**သည် အသက် ၁၅ နှစ်အရွယ်က ရေးသားခဲ့သည့် ပထမဆုံး ဝတ္ထုဖြစ်သော်လည်း 'ကြည်အေး' ဟု အများက သိလာရလောက်အောင် ထူးထူးခြားခြား ကောင်းမွန်လှပါသည်။ အဓိကဇာတ်ကောင် တင်မေသည် မချောမွေ့လှသော အိမ်တွင်းရေးများကြောင့် ကြွပ်ဆတ်ဆတ် မာကျောကျောဖြစ်နေသူ၊ မယားငယ် ယူသော ဖအေကို ကိုယ်ထိလက်ရောက် ပုန်ကန်သူ။ သူ့အစ်မ ခင်မေက အချစ်ရှာပြီး အိမ်မှခွာသွားခဲ့ရာ တင်မေကလည်း အိမ်မှခွာရန် ရန်ကုန်တက်၍ ပညာရှာသည်။ တကယ့်တကယ် တင်မေ မက်မောသည်က 'အိမ်'။ နောက်ပိုင်း အိမ်ပြန်သောအခါ သူ့အတွက် အိမ်ပြန်ခရီးသည် ချမ်းမြေ့စရာ မရှိ၊ ပကတိ နွမ်းလျဖွယ်။ ကျွမ်းနေသော အဆုတ်ရောဂါကြောင့် မီးစာကုန်၍ ဆီခန်းလှအနေအထား။ သူ၏ အိမ်အပြန်သည် အဆုံးစွန်သော အပြန်လမ်း ဖြစ်သွားခဲ့သည်။

**'မီ'**ဝတ္ထုသည် **Dead Reckoning** စာအုပ်ကို မှီးသည်ဆိုရုံမျှ မှီးထားသည်ဟု ဆရာ ဒဂုန်တာရာက ဆိုပါသည်။ ထိုဝတ္ထုတွင် အတ္တဘဝမှန်ဝါဒ၏ အရိပ်အငွေ့များ ရိပ်ဖမ်းသံဖမ်းဝေ့ဝဲပါနေသည်ဟု ထင်သည်။ သိပ်တော့မသေချာ။ မီသည် အသွင်သဏ္ဌာန်ကသာမန်မိန်းကလေးသာ ဖြစ်သော်လည်း ဆန့်ကျင်ဘက်လိင်တို့ကို ရက်စက်စွာဒုက္ခအပေးနိုင်ဆုံး အသည်းစား ဘီလူးမ

]r Dw k6 n f

**Dead Reckoning**

pnt kfu bt ;B n fq bbkQ
r ;D m;o n f[ kq &m
' * kefw n&nu q ;bgo n f
x Bdw kw G
t wb 0r eD g\
t &ydf ai Gsn;
&ydzr ;fo zH ;fa0h
0ygeo n f[ k i b n f
o ydaw nhr ao csn
r D n f o Gb P rheu
o mef edfu av ;o m
jzpfao nfr n f;
q eY s b u f/ idfw bY kd
&u bu pG
' kd © ay;Ekdq ;kH
t o n ;fpm;b D ;r
jzpfaeo n f o bYo mh
t b , fQ f&u bu fyep
y&d w bY n fpd/ f em
Ekdb Jyi fu t df S
u yNeo m
o m;au nify r m
o lY em;r So m
w &p00J
&SecbM av o n f

ဖြစ်နေသည်။ သို့သော် အဘယ်မျှပင်ရက်စက်ပါစေ ပုရိသတို့သည် စိတ်မနာနိုင်ဘဲ ပင့်ကူအိမ်မှာ ကပ်ငြိသော သားကောင်ပမာ သူ့အနားမှာသာ တရစ်ဝဲဝဲ ရှိနေခဲ့ကြလေသည်။ မီ၏ နေထိုင်ပြုမူပုံသည် အတ္တဘဝမှန် ဝါဒီအတိုင်း ဖြစ်နေပါသလား။ သံသယတော့ ဝင်မိသည်။

နောက်ဝတ္ထုတစ်ပုဒ်ဖြစ်သည့် **'တမ်းတတတ်သည်'**တွင်လည်း အမိက ဇာတ်ကောင် ထိပ်တင်မထွေးက ဘုရင့်မြေးတော်ဖြစ်သည်။ သူမအဖေက ဘုရင့်သား။ သို့သော် နန်းတွင်းသူလို မကျင့်၊ ယောက်ျားဆန်ဆန် ဝတ်စားပြီး လမ်းပေါ်မှာ ဆေးကုနေသူဖြစ်သည်။ လွတ်လပ်စွာ နေထိုင်လှုပ်ရှားသည်။ သူ့ထက်ငယ်သည့် မောင်ကို သိပ်ချစ်သွားသည်။ မောင်က ပျော့ညံ့သူဖြစ်သည်။ နောက်ဆုံး မောင် ပြန်သွားသောအခါ လမ်းပေါ်က အရူးတစ်ယောက်ကို ဆေးကုပေးပြီး ထိုအရူးနှင့် အတူနေထိုင်သည်။ နောက်ဆုံး အရူးက ဓားနှင့်ထိုး၍ ထိပ်တင်မထွေး သေရသည်။ ထူးခြားသည် စရိုက်လက္ခဏာဖြစ်သော်လည်း အတ္တဘဝမှန်ဝါဒကို အခြေတည်ထားခြင်း ဟုတ်မဟုတ် ကျွန်တော် ပိုင်ပိုင်နိုင်နိုင် ကောက်ချက်မချဝံ့ပါ။

**'အပြင်ကလူ'**ဆိုသော ဝတ္ထုကိုတော့ ဒါ အတ္တဘဝမှန်ဝါဒပါပဲဟု အသေအချာ ပြောနိုင်မည်ထင်ပါသည်။ ရဲရဲတင်းတင်း ဆိုနိုင်မည်ထင်ပါသည်။ အဘယ်ကြောင့်ဆိုလျှင် **'အပြင်ကလူ'**သည် အယ်ဘတ်ကမူး၏ **စည်းအပြင်ကလူ**နှင့် ကျောရိုးချင်း တထေရာတည်းတူနေသောကြောင့် ဖြစ်ပါသည်။ သို့သော် ကြည်အေးသည် ကမူး၏ စာအုပ်ကို ဘာသာပြန်ထားခြင်းမဟုတ်။ မှီးထားခြင်းလည်း မဟုတ်ပါ။ **'အပြင်ကလူ'** ထဲမှ 'သူ'သည် မာဆိုး မဟုတ်ပါ။ လူတွေ၏ ဓလေ့ထုံးတမ်းတွေ၊ စည်းကမ်းကျင့်ဝတ်တွေ ကြားထဲ မွန်းကျပ်စွာ ပိတ်မိမနေဘဲ လွတ်လပ်စွာ နေလိုသော လူငယ်တစ်ယောက်၏ အားထုတ်မှုကို ပင်မကျောရိုးယူပြီး သူ့ဘာသာပြန်ရေးထားခြင်း ဖြစ်လေသည်။ သူသည် ဇနီးကို ချစ်မြတ်နိုးသူ၊ သားလေးကို သံယောဇဉ်တွယ်သူ ဖြစ်သော်လည်း အတူတူ နေ၍ မဖြစ်လောက်အောင် စရိုက်ချင်း ကွာခြားလွန်းသောကြောင့် ကွဲကွာခဲ့ရသည်။ သူသည် လူကောင်းတစ်ယောက် ဖြစ်သော်လည်း ထိုကောင်းသည့် စိတ်ထားကြောင့် ရုံးရောက်ဂါတ်ရောက် ဖြစ်ရသည်။ ရဲ



www.burmeseclassic.com

www.burmeseclassic.com

စခန်းမှာ အစစ်ဆေးခံရသည်။ အတ္တဘဝမှန်ဝါဒီတို့သည် ဇာတ်သိမ်းမကောင်းကြပါလားဟု ကောက်ချက်ချရမလို ဖြစ်ပါသည်။ သူတို့၏လွတ်လပ်သော အတွေးလမ်းကြောင်းကို ရှေးရိုးစွဲများက အပြစ်ဟု မြင်နေကြသည်။ ကမူး၏ ဇာတ်ကောင် "မာဆိုး"က ခေါင်းဖြတ်စက်ဖြင့် အစီရင်ခံရသည်။ ကြည်အေး၏ ဇာတ်ကောင် "သူ"က သူချစ်သော မိသားစုနှင့် ဝေးကွာခဲ့ရပြီး ရုံးရောက် ဂါတ်ရောက်။ အမှုတွေ ပွေခဲ့ရ။

ကြည်အေးသည် ဆယ်ကျော်သက်အရွယ်ကတည်းက ပြောင်မြောက်သော ကဗျာတွေ၊ ဝတ္ထုတွေကို ရေးခဲ့သည်။ ကျောင်းဆရာမလည်း လုပ်ဖူးသည်။ ဆေးကျောင်းတက်ပြီး ဆရာဝန်တစ်ယောက် ဖြစ်လာပြီးနောက် အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့သွားခဲ့သည်။ ထိုမှတစ်ဖန် အင်္ဂလန်နိုင်ငံ တောင်ပိုင်းသို့ ထပ်မံ ရွှေ့ခဲ့ကာ ဆရာဝန်တစ်ယောက်အဖြစ် အသက်မွေး နေထိုင်ခဲ့သူဖြစ်သည်။ အသက် ၈၀ ကျော်အရွယ် မကြာခင် နှစ်များကမှ ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

❑

အမေရိကန် ဆေးတက္ကသိုလ်မှ ဆရာမကြီး ဒေါ်ခင်ဆက်ရီသည် ၁၉၆၀ ပြည့်နှစ်လောက်မှာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ သူနှင့်အတူ ယန်းပေါ်လ်ဆာ့တ်၏ အတ္တဘဝမှန်ဝါဒဆိုင်ရာ စာအုပ်စာတမ်းတွေ တော်တော်ပါလာခဲ့သည်ဟု သိရပါသည်။ သည့်အရင်က ဒဿနိက မဟာဝိဇ္ဇာတန်းမှာ ပို့ချနေသည့် မော်တန်ဝှိုက်၏ The Age of Analysis စာအုပ်မှာ သည်ဝါဒအကြောင်း အညွှန်းမျှလောက်သာပါ၍ မြည်းစမ်းရုံသာရှိခဲ့သည်။ ဒေါ်ခင်ဆက်ရီက ကိုယ်တိုင်လည်း စိတ်ဝင်တစား လေ့လာထားပြီး စာအုပ်များကိုလည်း ဖြန့်ဖြူးပေးခဲ့သဖြင့် မြန်မာစာပေလောကအတွင်း အတော်လေး ပြန့်နှံ့သွားခဲ့သည်ဟု သိရပါသည်။

pnaa&q &mq &m
at mifb ifonf
v k k m,onfv kd
&Sifv ifajymjycJh
zlygw nf
]'Dkd a&pD
v kdsf&if
'Dkd a&pBU
t Ebo n&aw G
Ekdf BH ∫D m,yD pGm
aex kdfu sfMu &r, f
'Dkd a&pD
u sfDw faw G kd
o kd m,zkdv kdg, f
ro b lq Bkif
Anarchy ac:w hd
rifrh½kd fq eb GBXD
u sjkd Gr Gzpfw, f
'Dkd a&pD Y
t enc Dq kdw m
eBy ty gav ;yJ
jcm,ygw, f }

စာပေနယ်ပယ်သည်မှာ ပန်းစုံပေါ်သည့် တောရဂုံကြီးတစ်ခုဟု မှတ်ယူထားပါသည်။ သည်လို ပန်းမျိုးစုံဘဏ်တိုက်ကြီးထဲမှာ ရန့်သစ် သို့မဟုတ် အရောင်သစ်ဖြင့် ပန်းမျိုးအသစ် ပေါ်ထွက်လာလျှင် အဆိပ်ပြင်းသည့် ဗိုင်းရပ်ပိုးမှတစ်ပါး လာသမျှကို လှိုက်လှိုက်လှဲလှဲ လက်ခံကြိုဆိုသင့်လှသည်ဟု မိမိယူဆပါသည်။ စာပေနယ်၏ ကြွယ်ဝမှုတစ်ရပ်အဖြစ် သတ်မှတ်ဂုဏ်ယူသင့်သည်ဟု မြင်ပါသည်။

အတ္တဘဝမှန်ဝါဒသည် လူ့လောကကြီးအတွင်း ဘာသာရေးနှင့် လူမှုရေးဆိုင်ရာ နီတိစည်းကမ်းများမှ ကင်းလွတ်၍ လွတ်လပ်စွာ၊ ပေါ့ပါးလွယ်ကူစွာ၊ အနှောင်အဖွဲ့ကင်းစွာ၊ ဖြတ်သန်းနေထိုင်ရေးကို ရည်ညွှန်းထားပါသည်။ သမားရိုးကျ တွေးခေါ်တင်ပြနေမှုများမှ လွန်မြောက်ပြီး အတွေးသစ်၊ အမြင်သစ်တို့ဖြင့် ဆန့်ထွက်လာခြင်းဖြစ်၍ စာပေလောကကြီးအတွက် အဖိုးတန်ရတနာများသာဖြစ်သည်ဟု ကျွန်တော် ယူဆမိပါသည်။ သို့သော် ထိုသို့သော အယူအဆဖြင့် နေထိုင်ကြရာတွင် တစ်ဖက်သားကို သို့မဟုတ် ကိုယ်မှတစ်ပါး တခြားလူကိုလည်းကောင်း၊ မိမိပတ်ဝန်းကျင်ကို သို့မဟုတ် တခြားနယ်ပယ်ကိုလည်းကောင်း ထိခိုက်နစ်နာမှု မဖြစ်စေရ၊ ပျက်စီးရာ ပျက်စီးကြောင်း မဖြစ်စေရ၊ ပိတ်ပင်နှောင့်ယှက်မှု မဖြစ်စေရ ဟူသော ထိန်းချုပ်ကန့်သတ်မှုများ အသေအချာ ရှိနေရပါမည်။

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် ဒီမိုကရေစီရရှိရေး တောင်းဆိုသည့် အရေးအခင်းကြီး ပေါ်ပေါက်လာခဲ့စဉ်က စာရေးဆရာ ဆရာ အောင်သင်းသည် လူထုအား သည်လို ရှင်းလင်းပြောပြခဲ့ဖူးပါသည်။

*"ဒီမိုကရေစီ လိုချင်ရင် ဒီမိုကရေစီရဲ့ အနှစ်သာရတွေ၊ နိုင်ငံကြီးသားပီသစွာ နေထိုင်ကျင့်ကြံရမယ့် ဒီမိုကရေစီကျင့်ဝတ်တွေကို သိထားဖို့ လိုပါမယ်။ မသိဘူးဆိုရင် Anarchy ခေါ်တဲ့ မင်းမဲ့စရိုက် ဆန့်သွားပြီး ကျဆုံးသွားမှာဖြစ်တယ်။ ဒီမိုကရေစီနဲ့ အနာခီ ဆိုတာ နံရံပါးပါးလေးပဲ ခြားပါတယ်"*


ထို့အတူပါပဲ အတ္တဘဝမှန်ဝါဒ၏ အနှစ်သာရသည် တစ်ကိုယ်ကောင်းဆန်သော၊ ပရမ်းပတာ ရမ်းကားမှု ဖြစ်စဉ်ကြီးနှင့် နံရံပါးပါးလေးသာ ခြားထားသည်ကို သတိချပ်ရမည်ဖြစ်ပါသည်။ ■

**မောင်ညွှန့်မာ**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရတဲ့ မြင်ကွင်းက
အိပ်ချင်မူးတူးဖြစ်နေတဲ့
ကျွန်မရဲ့ မျက်လုံးကို
ပြူးကျယ်သွားစေတယ်။ ဒီလူရဲ့
အပြောတွေအောက်မှာ ခံစားရခက်တဲ့
တစ်ဆို့ဆို့ အလုံးကြီးက
ကျွန်မရင်ဝကို တိုးဝင်လာတယ်။
အသက်ရှူတွေ မြန်လာပြီး
ကျွန်မရဲ့လက်တွေက
တဆတ်ဆတ် တုန်လာတယ်။
ကျွန်မ တစ်ခုခုတော့
ပြန်ပြောရလိမ့်မယ်။ စဉ်းစားစမ်း၊
စဉ်းစားစမ်း။ ဒီလူ့ကို ကျွန်မ
ဘာပြန်ပြောရပါလိမ့်။

❑

'ချစ်...ပိုးတန်းထဲက
အိမ်လေး မဆိုးဘူးနော်။ အဲဒီမှာပဲ
နေကြစို့လား'
မုန့်ဟင်းခါးသောက်ရင်း
ပြောနေတဲ့ မောင့်ရဲ့အပြောကို
ကျွန်မ ခေါင်းမခါမိသလို
ခေါင်းလည်း မညိတ်မိသေးဘူး။
ပိတ်ရက်လေးရတုန်း
စစ်ကိုင်းမြို့ထဲမှာ
အိမ်ငှားဖို့ အိမ်လိုက်ရှာနေရတာ
တစ်နေကုန်တော့မယ်။
စိတ်တိုင်းကျတဲ့အိမ်
တွေ့တော့လည်း ခေါ်တဲ့ဈေး
တစ်လစာက ကျွန်မ
တစ်လစာမကဘူး။
ဈေးနည်းတဲ့အိမ်ကျတော့လည်း

# ကျတ်တွင်း

## ဟာမ်စိုင်း [ဆေး-မန်း]

ရေ၊ မီး၊ အိမ်သာ အဆင်မပြေတာမို့
ကျွန်မနဲ့ မောင်က မကြိုက်ကြပြန်ဘူး။
အိမ်ငှားဖို့ လိုက်ရှာရင်း အမောဆို့၊



www.burmeseclassic.com

www.burmeseclassic.com

ဗိုက်ဆာတာနဲ့ သုဓမ္မာလမ်းက မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါး စားရင်း မောင်နဲ့ ကျွန်မ တိုင်ပင်နေကြတာ။

“ကြိုက်တော့ ကြိုက်ပါတယ် မောင်ရယ်။ ဒါပေမဲ့ ဘေးပတ်လည်က အိမ်ငှားတွေနဲ့ အဆင်ပြေပါ့မလား။ နောက် ဈေးကလည်း…”

သံပရာရည်ကို မုန့်ဟင်းခါးထဲညှစ်ရင်း ကျွန်မရဲ့ ဝန်ထမ်းဘဝကို ခပ်ချဉ်ချဉ် တွေးနေမိတယ်။ ကျွန်မက နယ်ဆေးရုံကနေ စစ်ကိုင်းမြို့ပြည်သူ့ဆေးရုံကြီးကို သိပ်မကြာခင်ကမှ ပြောင်းခဲ့ရတဲ့ သူနာပြုဆရာမတစ်ယောက်ပါ။ ဆေးရုံမှာ ဝန်ထမ်းအိမ်ရာသွားလျှောက်တော့ အိမ်ထောင်သည်လိုင်းခန်းအလွတ် မရှိသေးတာမို့ မပေးနိုင်သေးဘူးပြောတယ်။ အခန်းတစ်ခန်းထဲမှာ အိမ်ထောင်သည် နှစ်စုအတူနေဖို့ပြောလို့ အခန်းကို သွားကြည့်မိပါတယ်၊ အမယ်လေးလေး ဆယ့်နှစ်ပေပတ်လည် အခန်းကျဉ်းလေးထဲမှာ အိမ်ထောင်သည် နှစ်စု နေရမယ်ဆိုတာသိတော့ ပထမနေနေတဲ့ အစ်မကိုလည်း အားနာရ၊ သူ့ပစ္စည်းတွေနဲ့ ကလေးနှစ်ယောက်နဲ့တင် အခန်းက ပြည့်ရုံမက လျှံထွက်နေတာ။ ကျွန်မတို့ လင်မယားက ဘယ်လိုလုပ်ဝင်နေလို့အဆင်ပြေပါ့မလဲ။ ဒါနဲ့ပဲ မရှိမဲ့ ရှိမဲ့ ပိုက်ဆံနဲ့ မြို့ထဲမှာ အိမ်ငှားနေဖို့ စီစဉ်လိုက်ရတာ။

“ပြေမှာပါ ချစ်ရဲ့။ မောင် အလုပ်သွားရတဲ့ ညတွေမှာ ဘေးအိမ်က လူတွေရှိတော့ မောင် နောက်ဆံမတင်း

]o r sn,
r , n;aw Gsn,
Mi enr kd fw m
Asn}
aq ;½kd
* sw D Gz kd
t ajy;t v mn,
v kfaew bd
u Ef t w G f
ar mi fu
au nfzD
azsfay;&i f
ab ;t dfu kd
r s i pypfyw , f
jr i fv kd &w bd
jr i fu Gfu
w u , fu kd
½kdew fpf
q ef q efyJ

ရတော့ဘူးပေါ့ကွာ”

မောင်က ကားသမားဆိုတော့ အော်ဒါရရင် မကြာခဏ ခရီးထွက်နေရတတ်တယ်။ ဝန်းအကျယ်ကြီးထဲမှာ ဝါးထရံ၊ သွပ်မိုးထားတဲ့ သုံးပင် အငှားအိမ်လေးတွေကို မောင်က သဘောကျနေပုံပဲ။ အိမ်သာ၊ ရေချိုးခန်း သီးသန့်ဆောက်ပေးထားတာမို့ ကျွန်မလည်း သဘောကျပါတယ်။ ဝန်းအကျယ်ကြီးထဲမှာ အိမ်ငှား ငါးအိမ်ကို ဆောက်ထားပြီး အိမ်ရှင်တွေက ဘေးကပ်လျက်ခြံမှာ သီးသန့်နေကြတာမို့ အိမ်ရှင်နဲ့အတူ တွဲမနေရတာကိုလည်း ကျွန်မ သဘောကျပါတယ်။ သဘောမကျတာက တစ်လတစ်လ ကျွန်မလစာနီးပါး ပေးရမယ့် အိမ်ငှားခကိုပါ။

“ဈေးကတော့ မကြည့်တော့နဲ့ ချစ်ရေ။ ဒီတစ်မြို့လုံး ပတ်ရှာပြီးပြီလေ”

“အင်းပါ မောင်ရဲ့။ ဒါပေမဲ့ ဘေးအိမ်က အိမ်ငှားတွေမှာ အမူးသမားပါမှာ ချစ်ကြောက်တယ်။ အမူးသမားဆို ကြည့်လို့ကို မရဘူး”

“ချစ်ကလည်း သူများမကောင်းလည်း ကိုယ်ကောင်းဖို့ပဲ လိုတာပါ။ အဲဒီမှာပဲ ငှားလိုက်ရအောင်နော်။ ကဲ ပိုက်ဆံ စရန်သွားချေထားရအောင်”

မောင်က ပိုက်ဆံရှင်းဖို့ စားပွဲထိုးကို ခေါ်တယ်။

“အင်းပါ။ ဆေးရုံက လိုင်းခန်းလွတ်ရင် ဆေးရုံကို ပြောင်းရအောင်နော်”

“ကမ္ဘာလဆန်း တစ်ရက်နေ့လား…ဟားဟား”

ရယ်နေတဲ့ မောင့်ကို မျက်စောင်းထိုးမိတယ်။ လိုင်းခန်း မရနိုင်သေးတာ သိလျက်နဲ့ ဆေးရုံကပေးမယ့် အဆောင်ကို မျှော်ရင်း တစ်ဆက်တည်းမှာပဲ ဘေးအိမ်က အိမ်ငှားတွေနဲ့ အဆင်ပြေအောင် ပေါင်းသင်းရမယ်လို့ ကျွန်မ တွေးမိတယ်။ မောင်မရှိတဲ့အချိန် အရေးရယ် အကြောင်းရယ်ဆိုရင် ဘေးအိမ်က လူတွေကိုပဲ အားကိုးရမှာ။

❑

ကျွန်မတို့ ငှားနေတဲ့ ဝန်းထဲမှာ အိမ်ငှား ငါးလုံးရှိပေမဲ့ လက်ရှိနေတာဆိုလို့ ကျွန်မတို့ အိမ်ရယ်၊ ဘေးအိမ်က အိမ်ရယ်မှာသာ လူငှားတွေ တွေ့ရတယ်။ ခြေရင်းအိမ်က အိမ်ငှားတွေက တစ်ခါတလေသာ လာနေတယ်လို့ အိမ်ပိုင်ရှင်က ပြောတယ်။

“သူများ မယားတွေများ ကြင်နာလိုက်တာဗျာ”

ဆေးရုံ ဂျူတီသွားဖို့ အပြေးအလွှားလုပ်နေတဲ့ ကျွန်မအတွက် မောင်က ကော်ဖီဖျော်ပေးရင်း ဘေးအိမ်ကို မျက်စပစ်ပြတယ်။ မြင်လိုက်ရတဲ့ မြင်ကွင်းက တကယ့်ကို ရိုမန့်တစ်ဆန်ဆန်ပဲ။ မိန်းမဖြစ်သူက သူ့အမျိုးသားကို ထမင်းခွံ့ကျွေးနေတာ။ ဆံပင်နီနီနဲ့ ခေတ်ဆန်ဆန် ဝတ်ထားတဲ့ အမျိုးသမီးရဲ့ ပေါင်ပေါ်မှာ အမျိုးသားက ကလေးလေးလို ထိုင်ပြီး ထမင်းစားနေတယ်။

“တော့်ကို အစကတည်းက ပြောပြီးသားနော်၊ အန္တာ ခံနိုင်မှ လက်ထပ်ပါလို့”

စကားပြောရင်း သနပ်ခါးသွေးကာ သနပ်ခါးလိမ်းရတယ်။ သနပ်ခါးလိမ်းပြီးတာနဲ့ ရင်ရှားထားတဲ့ ထဘီကိုချွတ် အဝတ်အစားလဲရတယ်။

“ဟုတ်ပါပြီ မိန်းမရာ။ ချစ် ကြိုက်တဲ့ ကော်ဖီလေး ဖျော်ထားပါတယ်ခင်ဗျ”

မောင်နဲ့ ကျွန်မ တိုင်ပင်မထားပါဘဲ ဘေးအိမ်ကိုကြည့်မိကြပြန်တယ်။ မိန်းမလုပ်သူက သူ့ယောကျ်ားရဲ့ နှုတ်ခမ်းကို တစ်ရှူးစလေးနဲ့သုတ်ပေးနေတယ်။ ယောကျ်ားလုပ်သူက သူ့မိန်းမလည်ပင်းကိုနမ်းလိုက်တယ်။ လက်ကနာရီကို ကြည့်မိတော့ ခုနစ်နာရီအတိ။



www.burmeseclassic.com

www.burmeseclassic.com

“အမယ်လေး၊ ခုနစ်နာရီတောင် ထိုးနေပြီ။ နောက်ကျလို့ မာမီသောင်းက ဆူတော့မှာပဲ”

စားပွဲပေါ် မောင်ဖျော်ပြီးချထားတဲ့ ကော်ဖီကို အနံ့တောင် မခံနိုင်တော့ဘဲ အမြန်မော့ရင်း ပဲကိတ်နှစ်လုံး အမြန်စားရတယ်။ လိုအပ်တဲ့ ပစ္စည်းတွေယူပြီး အိမ်ရှေ့ထွက်လာတဲ့အချိန် မောင်က ဆိုင်ကယ်ပေါ်ခွလို့ အသင့်အနေအထားနဲ့ စောင့်နေတယ်။ ဟိုဘက်အိမ်က စုံတွဲလည်း ဆိုင်ကယ်တစ်စီးအတူစီးပြီး ထွက်လာတာကိုတွေ့ရတယ်။ မိန်းမဖြစ်သူက သူ့အမျိုးသားရဲ့ ခါးကို လက်တစ်ဖက်ကဖက်ပြီး ကျန်လက်တစ်ဖက်မှာ ခြင်းတောင်းလေးကို ကိုင်ထားတယ်။

“အသစ်ပြောင်းလာတဲ့ အိမ်ငှားတွေလား၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင့်”

အနားရောက်ရောက်လာချင်း နှုတ်ဆက်လိုက်တဲ့ စကားသံကြောင့် မောင်နဲ့ ကျွန်မ မျက်လုံးအဝိုင်းသားကြည့်မိကြတယ်။ လင်နဲ့မယားလို့ ထင်ထားတဲ့ အတွဲက လင်နဲ့လင် ဖြစ်နေတယ်။ ဆိုင်ကယ်အရှေ့က ကောင်လေးက အသားဖွေးဖွေး၊ မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်နဲ့ တကယ့်ကို သန့်သန့်ပြန့်ပြန့်။ ကျွန်မတို့ကို နှုတ်ဆက်စကားဆိုသူက ဆိုင်ကယ်အနောက်ကနေ လိုက်လာတဲ့လူ။ နှုတ်ခမ်းနီတွေကို ရဲနေအောင် ဆိုးထားပြီး ကြိုးတစ်ချောင်းအင်္ကျီ၊ ဘောင်းဘီဖင်ကျပ် ဝတ်ထားတဲ့လူ။ မျက်နှာက ဝက်ခြံတွေကို မိတ်ကပ်ဖို့ထားပေမဲ့ သူ့ရဲ့ ရုပ်ရည်က ကြည့်ပျော်ရှုပျော်ကို ရှိမနေခဲ့ဘူး။

“ဟုတ်ကဲ့ဗျ၊ အိမ်ငှားအသစ်တွေပါ။ တွေ့ရတာ ဝမ်းသာပါတယ်”

မောင်က ဆိုင်ကယ်အရှိန်ကို လျှော့ပြီး ရပ်ကာ နှုတ်ဆက်တယ်။ ကျွန်မကလည်း ခေါင်းညိတ်ပြုံးပြရင်း အသိအမှတ်ပြုလိုက်တယ်။

“ကျွန်မက ရွှေရွှေပါ၊ သူက ကျွန်မအမျိုးသားကိုအောင်။ အသစ်ပြောင်းလာတဲ့ သူနာပြုလင်မယား ထင်တယ်”

“ဟုတ်တယ်ဗျ”

သူတို့နှစ်ယောက်စလုံးမှာ နှစ်လိုဖွယ်အပြုံးနဲ့ ဖော်ရွေမှုကို တွေ့ရတယ်။

“အခု အလှူတစ်ခုကို မိတ်ကပ်သွားလိမ်းပေးရမှာမို့ နောက်ကျနေလို့ပါ၊ ညနေမှ အေးဆေးလာလည်မယ်နော်”

“ခွင့်ပြုပါဦးဗျ”

“ဟုတ်ကဲ့ဗျ”

“ဟုတ်ကဲ့ရှင့်”

“အဲ ကွာ။ ငါက တကယ့်မိန်းမနဲ့ ယောကျ်ားအတွဲ ထင်နေတာ”

ရွှေရွှေတို့အတွဲ မြင်ကွင်းထဲက ထွက်သွားတော့ မောင်က အံ့သြစွာပြောတယ်။ မောင်နဲ့ကျွန်မ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ပြုံးမိကြတယ်။

❑

မနက်အစောကြီး ရှိသေးတယ်။ စစ်ကိုင်းဆေးရုံကြီးရဲ့ ပြင်ပလူနာဌာနမှာ လူနာတွေက စုပြုံနေတယ်။ လက်ထဲက ခြင်းတောင်းကို အခန်းထဲထားပြီး တာဝန်ကျရာ နေရာမှာ ဝင်ထိုင်ပြီး Duty Over ယူရတယ်။

“မောနီး ဆရာ”

“မောနီး အစ်မ”

“မောနီး ညီမ”

ထုံးစံအတိုင်း တာဝန်ကျဆရာနဲ့ ဆရာမကို နှုတ်ဆက်စကားဆိုရတယ်။

“ဘာအိုဗာ ပေးစရာရှိလဲ အစ်မ”

“မနက်ကတည်းက မီးပျက်နေတာ ညီမရေ။ မီးလာချိန် စာအုပ်ထဲ ရေးဦးနော်။ မရေးရင် ဒဏ်ငွေပေးရမယ်။ နောက် Rabies Vaccines(ခွေးရူးပြန်ကာကွယ်ဆေး) ပြတ်နေတယ်။ မာမီလာရင် ထုတ်ခိုင်းဦး။ နောက် ထိုးဆေးစာရင်း၊ သောက်ဆေးစာရင်းတွေ လုပ်ရဦးမယ်”

ကျွန်မတို့ သူနာပြုဆရာမတွေလည်း စာရင်းကိုင်သင်တန်း မတက်ခဲ့ရဘဲ ဆေးစာရင်း၊ မီးစာရင်း၊ ဘာစာရင်း၊ ညာစာရင်းတွေ မှတ်ရလွန်းလို့ စာရင်းကိုင် ကျွမ်းကျင်သူတွေကို ဖြစ်လို့။ ဆေးထိုးပေးရမှာလား၊ စာရင်းပဲ တွက်ပေးရမှာလားတောင် ဝေခွဲရခက်နေပြီ။

“ဆရာ လူနာ ထပ်ခေါ်ပေးရမလား”

ခုတင်ပေါ်က ခေါင်းကွဲလူနာကို ချုပ်ပေးပြီး ဆေးမှတ်တမ်းရေးနေတဲ့ ဆရာ့ကို မေးတော့ ဆရာက ခေါင်းညိတ်ပြသည်။

“ဒေါ်ပုမ”

လူနာစာအုပ်ပုံ တစ်ထပ်ကြီးထဲက အပေါ်ဆုံးစာအုပ်က နာမည်ကို ခေါ်တော့ အသက်သုံးဆယ်အရွယ် အမျိုးသမီးက မျက်ကွင်းတစ်ဖက်ကို အုပ်ပြီး တဟီးဟီးနဲ့ ငိုယိုပြီး ဝင်လာတယ်။ တာဝန်ကျဆရာဝန်က မေးမြန်းတော့ သူ့ရဲ့ ယောကျ်ားက မူးပြီး ထိုးတယ်လို့ သိရတယ်။ ရဲစခန်းသွားတိုင်တော့ ဆေးစာယူဖို့ ဆေးရုံကို လွှတ်လိုက်တာလို့ သိရတယ်။ အဲဒီလို မူးရူးပြီး ရမ်းကားတဲ့ အရက်သမားတွေကို ကျွန်မ မုန်းလိုက်တာ။ သူများ သားသမီးကို ယူတုန်းက ယူထားပြီး တိရစ္ဆာန်မသောက်တဲ့ အရည်တွေသောက်ပြီး ရမ်းကားနေကြတာ။

“ဆရာမရေ၊ ရဲစခန်း ဖုန်းဆက်ခေါ်ပေးဦး။ ရဲစခန်းက လွှတ်တယ်ပြောပြီး ရဲလည်း ပါမလာဘူး”

“ဟုတ်ကဲ့ ဆရာ”

ငိုနေတဲ့ ဒေါ်ပုမ မျက်ကွင်းတစ်ဖက်က ပန်ဒါဝက်ဝံမျက်လုံးလို ညိုမည်းလို့။ ကျွန်မလည်း ဝမ်းသာအားရနဲ့ ရဲစခန်းကို ဖုန်းဆက်ပေးလိုက်တယ်။

“ဟယ်လို၊ မြို့မရဲစခန်းကပါလား၊ စစ်ကိုင်းဆေးရုံကြီးက ဆက်တာပါ။ PC (မူခင်း)လူနာ ရောက်နေလို့”

မှုခင်းလူနာတွေလာရင် ရဲစခန်းကို ဖုန်းဆက်ပေးရတယ်။ တာဝန်ကျ ရဲအရာရှိက ဆေးစာ စာရွက်ကို တာဝန်ကျဆရာဝန်ဆီ လာပေးကာ ဆေးစာရေးခိုင်းရတယ်။ နောက်တော့ တရားရုံးမှာ ဆရာဝန်က ဒဏ်ရာအတိမ်အနက်၊ သာမန်ဒဏ်ရာ၊ ပြင်းထန်ဒဏ်ရာကို ထွက်ဆိုပေးရတယ်။ ဒီခေတ်ကြီးထဲ ယောကျ်ားတွေ နှိပ်စက်သမျှ မိန်းမတွေ ငြိမ်ခံရ



www.burmeseclassic.com

www.burmeseclassic.com

မယ့်ခေတ် မဟုတ်တော့ဘူးလို့ ကျွန်မ တွေးမိတယ်။ တုံ့ပြန်သင့်တာတုံ့ပြန်မှ အရက်သမားတွေမှတ်ကြမှာ။ မောင့်ကိုလည်း အရက်မသောက်ဖို့၊ အရက်မပြောနဲ့ ဘီယာနဲ့ဝိုင်တောင် မသောက်ဖို့ ကျွန်မ မှာထားတယ်။ အရက်မသောက်မှ လက်ထပ်မယ်လို့ပြောပြီး မောင်နဲ့ လက်ထပ်ခဲ့ကြတာ။

❑

စစ်ကိုင်းကို ရောက်ပြီး တစ်လအကြာမှာ ကျွန်မတို့စုံတွဲနဲ့ ဘေးအိမ်က ရွှေရွှေတို့စုံတွဲဟာ တကယ့် ငယ်ပေါင်းကြီးဖော်တွေလို ဖြစ်သွားကြတယ်။ သူတို့စုံတွဲရဲ့ ဖော်ရွေမှုတွေကြောင့်လည်း ပါတာပေါ့။ အာပူလျှာပူနဲ့ အကြော်သိပ်ကြိုက်တဲ့ ကျွန်မနဲ့ ရွှေရွှေက ညနေခင်း အားလပ်ချိန်တိုင်း စစ်ကိုင်းကမ်းနားလမ်းမှာ လမ်းလျှောက်ရင်း သွားစားကြသလို လက်ဖက်ရည်ကြိုက်ပြီး ဘောလုံးပွဲတွေကို မလွတ်တမ်းကြည့်တဲ့ မောင်နဲ့ ရွှေရွှေရဲ့ အမျိုးသားကလည်း ညီအစ်ကိုလို ဖြစ်နေကြပြီ။

ရွှေရွှေနဲ့ ကျွန်မ ပေါင်းလာတာကြာတော့ ရွှေရွှေက သူ့ယောကျ်ားကို အလွန်ချစ်ပြီး သဝန်တိုတာကို သိလာရသလို၊ စရိုက်လည်း ကြမ်းတာ သိခဲ့ရတယ်။ ကျွန်မနဲ့ ရွှေရွှေ ကမ်းနားလမ်းမှာ အာပူလျှာပူသောက်ကြရင်း ရွှေရွှေက ရင်ဖွင့်စကားဆိုတယ်။

“စနိုက်ကြော်မ အကြောင်းတွေ ပြော မပြောချင်ဘူး အစ်မရေ။ ဟိုဘက်တစ်အိမ်ကျော်က အစစ်မ

ar mi fel Ref
w kfyi f
rx myo J
ab ;t dfu kd
Mn fhMIyef
w, f
r elfr v kyb u
o Y
a, mu fn&U
Ew cr fu kd
w pf/Epav ;eY
o kv fay;aew, f
a, mu fnv kyb l
u
o Yelfr
v n fyi fu kd
er fv kd fw, f

လေ။ ရွှေရွှေ ယောကျ်ားကို နှိုက်မြည်းချင်နေတာ”

“ဟုတ်ရဲ့လား ရွှေရွှေရယ်”

“ဟုတ် ဟုတ်နဲ့တောင် မြည်နေသေး အစ်မရယ်။ နောက်ပြီး ခြေရင်း နှစ်အိမ်ကျော်က ကျူရှင်ဆရာ အပုန်းမကလည်း ရွှေရွှေယောကျ်ားကို ကျိတ်ကြံနေတာ”

စကားပြောကြမ်းပေမဲ့ ရွှေရွှေ့ဘဝက သနားစရာကောင်းပါတယ်။ မိန်းမစိတ်ပေါက်နေတာမို့ မိဘတွေက ပစ်ထားကြတယ်။ အတန်းပညာ သိပ်မတတ်ပေမဲ့ မိတ်ကပ်လိမ်းတဲ့ အတတ်ပညာနဲ့ သူ့ခြေထောက်ပေါ်ကို သူရပ်တည်ခဲ့တယ်။ ဒီကြားထဲ ယောကျ်ားယူလိုက်တာမို့ သူ့မိဘတွေက အဆက်အသွယ်လုံးဝ ဖြတ်ထားတာလို့ သိရတယ်။ ရွှေရွှေရဲ့ အမျိုးသားကတော့ ဘာအလုပ်မှ မလုပ်ဘဲ ရွှေရွှေရဲ့လုပ်စာကို ထိုင်စားနေတာကို သိရတယ်။

“ဒီလောက် သူ့အပေါ်ကောင်းလျက်နဲ့ ရွှေရွှေအပေါ် ဖောက်ပြန်ရင်တော့ သူနဲ့ ရွှေရွှေ အပြတ်ပဲ”

ရွှေရွှေရဲ့ မျက်ဝန်းတွေကို ဖျတ်ခနဲကြည့်မိတော့ ဒေါသအရိပ်အယောင်တွေ သန်းလို့။

❑

“ရှင် ကျွန်မအနားမကပ်နဲ့။ ဒီအရည်တွေ မသောက်ဘူးလို့ ကတိပေးထားပြီး အီးဟီး ဟီး”

ဘုန်း…ဘုန်း။

မောင့်ရဲ့ ရင်ဝကို ထုလိုက်၊ ဆွဲကုတ်လိုက်လုပ်ရင်း ကျွန်မ ငိုမိတယ်။ ညနေကတည်းက ဘောလုံးပွဲသွားကြည့်မယ်ပြောပြီး ရွှေရွှေရဲ့ အမျိုးသားနဲ့ အတူထွက်သွားကြတာ။ မောင်ပြန်လာတော့ ပီကေတွေဝါး၊ သွားတွေ တိုက်နေတာ မသင်္ကာလို့ အနားကပ်မိတော့ ချဉ်စူးစူးအနံ့က နှာခေါင်းထဲ ဝင်လာရော။

“ချစ်ကလည်းကွာ၊ မောင်က ဝိုင်၊ စပိုင်ဝိုင်လေ။ အဲဒါပဲ သောက်ခဲ့တာပါ။ ဟိုကောင် အတင်းတိုက်လို့ပါ။ အရက်တောင် မောင် မသောက်ခဲ့ဘူး”

“သွား၊ လာမဖက်နဲ့။ ဝိုင်လည်း အရက်ပဲ၊ ဘီယာလည်း အရက်ပဲ။ သူတိုက်တိုင်း သောက်ရအောင် သူက မောင့်အဖေမို့လို့လား”

ဝိုင်နံ့ချဉ်စူးစူးက ကျွန်မကို ပိုဒေါသထွက်စေတယ်။ ဟိုကောင်ကလည်း အခြောက်ထဘီနှားခိုစားနေတာ အားမရဘဲ မောင့်ကိုလာဖျက်ဆီးနေတယ်။

“ချစ်ကလည်းကွာ၊ မနက်ဖြန် မောင်က ခရီးထွက်ရမှာကို။ စိတ်မဆိုးတော့နဲ့ကွာ။ ချစ်မကြိုက်ရင် မောင် နောက် မသောက်တော့ဘူး။ မောင် ကတိပေးတယ်ကွာ။ နော်၊ နော်လို့…ဟော ပြုံးတော့မယ်၊ ပြုံးတော့မယ်”

“ဘာမှ မပြုံးဘူး၊ အနားမကပ်နဲ့လို့ ပြောနေတယ်လေ။ နောက်တစ်ခါ သောက်ရင် ဝိုင်သောက်သောက် ဘီယာသောက်သောက် ရှင်နဲ့ ကျွန်မ အပြတ်ပဲ”

“အေးပါ အေးပါ ချစ်ရာ”

မောင့်လက်တွေက ကျွန်မကိုယ်လုံးလေးကို တင်းကျပ်စွာ ဖက်တွယ်ထားတယ်။

“မောင့်ကို မချစ်ဘဲ မနေပါနဲ့နော်”

“သွား လူဆိုးကြီး၊ လာမဖက်နဲ့လို့ ပြောနေတာကိုး”

❑

“ငါ နင့် Facebook ကို ကြည့်ပြီးပြီ။ အဲကောင်မနဲ့နင် ပလူးနေကြတာ ရွံစရာတောင်ကောင်းတယ်။ ဝေါ့…”

“ငါ မဟုတ်ဘူးလို့ နင့်ကို ဘယ်နှခါ ပြောရမလဲ”

ဖုန်း…ဒိုင်း…။

ရွှေရွှေတို့ အိမ်ဘက်က ဆူသံ၊ ပစ္စည်းရိုက်ခွဲသံတွေကြောင့် ညဂျူတီသွားဖို့ ပြင်



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ ကျွန်မ လုပ်လက်စ အလုပ်တွေ ရပ်ပြီး နားစွင့်နေမိတယ်။

'နင် ဖြေစမ်းပါ။ ချက် (Chat)ထားတဲ့စာတွေ အကုန် ငါသိမ်းထားတယ်။ မယားရှိတာသိလျက်နဲ့ ကြောင်တောင် နှိုက်ချင်တဲ့ကောင်မတွေ ငါ့ဟာသာ လာနှိုက်ဟေ့'

ရွှေရွှေရဲ့ အသံဟာ တကယ့်ကို ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြားပါ။

'ကဲ နင်ဖြေလေ။ နင် ယောကျ်ားပဲ၊ နင်ဖြေလေ'

'နင်က မိန်းမအစစ် မဟုတ်လို့ဟာ၊ ရှင်းပြီလား'

'အောင်မယ်၊ ငါ့ထဘီနား ခိုစားနေတဲ့ကောင်က များ'

ဆဲဆိုတဲ့ အသံတွေက ပိုဆူညံလာတယ်။ သူတို့ဆီ သွားဖျန်ဖြေရမလား၊ ချီတုံချတုံဖြစ်နေတုန်း ရွှေရွှေရဲ့ အော်သံကို ကြားလိုက်ရတယ်။

'အား . . . အမယ်လေး . . . သေပါပြီတော့'

ရွှေရွှေရဲ့ ငယ်သံပါအောင် အော်သံကြောင့် ကျွန်မ ဘာမှမစဉ်းစားတော့ဘဲ အမြန်သွားရတယ်။ သူတို့အိမ်ထဲ ရောက်သွားတော့ ရွှေရွှေက ခွေခွေလေး လဲနေတယ်။ ရွှေရွှေက ကျွန်မကိုမြင်တော့ ငိုပြီး ကျွန်မဆီပြေးလာတယ်။ ရွှေရွှေရဲ့ နဖူးကနေ သွေးတွေ စီးကျနေတာ မြင်မကောင်းဘူး။

'ရွှေရွှေကို ကယ်ပါဦး အစ်မ။ ရွှေရွှေ သူနဲ့မပေါင်းနိုင်တော့ဘူး။ သူ့ကို ထောင်ချရမှ ရွှေရွှေ ကျေနပ်မယ်'

ရွှေရွှေရဲ့ အမျိုးသားက မျက်ထောင့်နီကြီးနဲ့ ကြည့်တယ်။ အရက်နံ့က ထောင်းခနဲ ရတယ်။

'နင့်လို အခြောက်မကို ငါကလည်း မပေါင်းနိုင်ဘူး။ ကြိုက်တဲ့ဆီ သွားတိုင်၊ ခွီးထဲမှပဲ'

ရွှေရွှေလုပ်စာ ထိုင်စားနေတဲ့ကောင်ကများ ရွှေရွှေကို ကြိမ်းမောင်းနေသေးတယ်။

'လာ ရွှေရွှေ'

ကျွန်မရဲ့ ဆိုင်ကယ်ပေါ်မှာ ရွှေရွှေကိုတင်ပြီး စစ်ကိုင်းဆေးရုံ ပြင်ပလူနာဌာနကို မောင်းလာမိတယ်။

'အီးဟီးဟီး၊ ဒီမသာနဲ့ အပြတ်ပဲ အစ်မ။ ဘေးအိမ်က ကောင်မနဲ့ ခိုးစားနေတာသိလို့ ရွှေရွှေကို ရန်ရှာပြီး ရိုက်တာ။ သင်းကို အချုပ်ချရမှ ရွှေရွှေ ကျေနပ်မယ်။ ရွှေရွှေရဲ့ အရေပြားက အနာထက် စိတ်ထဲက ဒဏ်ရာက ပိုဆိုးတယ် အစ်မ'

ဆေးရုံ အရေးပေါ်လူနာဌာနမှာ ရွှေရွှေဖူးက ဒဏ်ရာကို သုံးချက်ချုပ်လိုက်ရတယ်။ ရဲစခန်းကိုလည်း ကျွန်မကိုယ်တိုင် ဖုန်းဆက်ပြီး ဆေးစာလာပို့ခိုင်းလိုက်တယ်။ ရဲအရာရှိက မနက်ဖြန် မနက်မှာ အမှုလာဖွင့်ဖို့ ပြောတယ်။ မာမီသောင်းဆီ ခွင့်ခဏတိုင်ပြီး ရွှေရွှေကို အိမ်ပြန်ပို့ရတယ်။ ကျွန်မရဲ့ အိမ်မှာပဲ ရွှေရွှေကို ထားခဲ့ရမယ်။ သူ့အိမ် ပြန်ပို့ရင် ဟိုကောင်က မူးရူးပြီး နှိပ်စက်နေလိမ့်မယ်။

'ရွှေရွှေ အားနာလိုက်တာ အစ်မရယ်'

ကျွန်မရဲ့ အဝတ်အစားတစ်စုံ ထုတ်ပေးတော့ ရွှေရွှေက မဝံ့မရဲ ယူဝတ်တယ်။ မပေးလို့မဖြစ်ဘူး၊ ရွှေရွှေ ဝတ်ထားတဲ့ အဝတ်အစားတွေက သွေးတွေ ပေပွနေပြီ။

'ရပါတယ် ရွှေရွှေရဲ့။ ဘာမှ အားမနာနဲ့။ အစ်မက မနက်ဖြန် ခုနစ်နာရီမှ ဂျူတီထွက်ရမှာ။ ထမင်းအိုးထဲ ထမင်းနည်းနည်းကျန်သေးတယ်။ ရေခဲသေတ္တာထဲ ဟင်း တွေရှိတယ်၊ ယူစားနော်'

'အစ်မ မနက်ပြန်လာရင် ရွှေရွှေကို ရဲစခန်းလိုက်ပို့ပေးပါနော်။ သင်းကို ထောင်မကျကျအောင်လုပ်ရမှ ရွှေရွှေ နေသာမယ်'

မနက်ဖြန် မနက်ကျရင် ရွှေရွှေကို ရဲစခန်းလိုက်ပို့ပေးရမယ်။ အရက်သမားကောင် အချုပ်ထဲရောက်မှ နားအေးမယ်လို့ ကျွန်မ တွေးမိတယ်။ တစ်ဆက်တည်း မောင်လို လူလိမ္မာလေးကို ရထားတဲ့ ကျွန်မကိုယ်ကျွန်မ ကံကောင်းလိုက်တာလို့ တွေးမိတယ်။

❑

မြင်လိုက်ရတဲ့ မြင်ကွင်းက အိပ်ချင်မူးတူးဖြစ်နေတဲ့ ကျွန်မရဲ့ မျက်လုံးကို ပြူးကျယ်သွားစေတယ်။ ဒီလူရဲ့ အပြောတွေအောက်မှာ ခံစားရခက်တဲ့ တစ်ဆို့ဆို့ အလုံးကြီးက ကျွန်မရင်ဝကို တိုးဝင်လာတယ်။ အသက်ရှူတွေ မြန်လာပြီး ကျွန်မလက်တွေက တဆတ်ဆတ် တုန်လာတယ်။ ရွှေရွှေလေ။ ဘောင်းဘီ ဖင်ကျပ်ဝတ်ပြီး သူ့အမျိုးသားရဲ့ ဆိုင်ကယ်နောက်မှာ ခွထိုင်လို့။ လက်တွေက သူ့အမျိုးသားခါးကို ပြုတ်ထွက်မတတ် ဖက်ထားတယ်။ ကျွန်မကိုမြင်တော့ သူတို့နှစ်ယောက်စလုံး မခို့တရို့ ပြုံးပြကြတယ်။

'မနေ့ညက ကျွန်တော် မူးပြီး ပြောမှားဆိုမှားရှိခဲ့ရင် တောင်းပန်ပါတယ်အစ်မ။ သူ့ကိုချော့တဲ့အနေနဲ့ မေမြို့ ပန်းပွဲတော်ကို လိုက်ပို့မလို့'

'အစ်မ၊ သူက တောင်းပန်တာနဲ့ ရွှေရွှေလည်း ကျေနပ်လိုက်တယ်'

နဖူးမှာ ပတ်တီးစည်းထားတဲ့ ရွှေရွှေရဲ့မျက်နှာက မှိုရတဲ့မျက်နှာ။ မဟုတ်သေးဘူး။ သိန်းတစ်သောင်းထီ ပေါက်တဲ့ မျက်နှာနဲ့။

'မမ မေမြို့က ဘာမှာဦးမလဲဟင်'

'အစ်မ မနက်ပြန်လာရင် ရွှေရွှေကို ရဲစခန်းလိုက်ပို့ပေးပါနော်။ သင်းကို ထောင်မကျကျအောင်လုပ်ရမှ ရွှေရွှေ နေသာမယ်'လို့ နာနာကြည်းကြည်း ပြောခဲ့တဲ့ ဒေါသမျက်ဝန်းတွေနဲ့ ရွှေရွှေက အခုတော့ အချစ်ရည်ရွှန်းလဲ့တဲ့ မျက်လုံးတွေနဲ့။

'မမ မေမြို့က ဘာမှာဦးမလဲလို့'

'ဟုတ်ပါတယ် အစ်မရဲ့ အားနာမနေပါနဲ့၊ မှာသာမှာ'

ကျွန်မ တစ်ခုခုတော့ ပြန်ပြောရလိမ့်မယ်။ စဉ်းစားစမ်း၊ စဉ်းစားစမ်း။ ကျွန်မ ဘာပြန်ပြောရပါလိမ့်။ သူတို့ကို ဒေါသတကြီး ရန်တွေ့လိုက်ရကောင်းမလားလို့ ဝေခွဲမရခင် ကျွန်မရဲ့ ပါးစပ်က စကားတွေ ထွက်ကျလာတယ်။

'ဝိုင်တစ်ပုလင်း၊ မောင့်အတွက် မေမြို့ဝိုင်တစ်ပုလင်းလောက် ဝယ်ခဲ့ပေးပါ'


■

**ဟာမ်စိုင်း၊ဆေး-မန်း၊**



www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# လူပြန်တော်

ဆွန်း ၊ စက်မှုတက္ကသိုလ် ၊

"အင်မတန် အရေးကြီးတဲ့ ကိစ္စတစ်ခုပြောဖို့ ဒကာ၊ ဒကာမကြီးတို့ကို ဆင့်ခေါ် လိုက်ရတာပဲ။ အားလုံးသိကြတဲ့ အတိုင်း ဒီနှစ်တွေမှာ ဦးပဍ္ဍင်းကြီးရဲ့ ကျန်းမာရေးက လွန်လွန်မင်းမင်း ဆိုးရွား ပျက်စီးလာတယ်။ ဆေးရုံ ဆေးခန်းတွေနဲ့ ကျောင်းကို ဥဒဟို လွန်းထိုး သွားချည်ပြန်ချည် လုပ်နေတယ်"

အနည်းငယ် မောသွားဟန်ဖြင့် ဦးပဍ္ဍင်းကြီးက စကားရပ်လိုက်သည်။ ဦးပဍ္ဍင်းကြီးသည် သက်တော် ရှစ်ဆယ်ကျော်ပြီ။ ငယ်ဖြူမဟုတ်၊ တောထွက်ဖြစ်၏။ တပ်မတော် အရာရှိဘဝက အငြိမ်းစား ယူပြီးနောက် မိသားစုနှင့် လောကီရေးရာများကို စွန့်လွှတ်ကာ သာသနာ့ဘောင်သို့ ခိုဝင်ခဲ့သည်။ ယခုဆိုလျှင် ရဟန်းဝါပင် နှစ်ဆယ့်တစ်ဝါ ရနေပြီ။

"ရောဂါတွေက ပိုတိုး၊ ပိုဆိုးလာ နေတယ်။ သံဃာ့ဆေးရုံကို တက်လိုက် ဆင်းလိုက် အကြိမ်ကြိမ်အခါခါ လုပ်နေ ရတယ်"

ဦးပဍ္ဍင်းကြီး၏ ရှေ့မှာ ဦးပဍ္ဍင်းကြီး၏ သားသမီး လေးယောက်က တုတ်တုတ်မျှ မလှုပ်ဘဲ ပုံ့ပုံ့ယုံ့ယုံ့ စီတန်း ငြိမ်သက် ထိုင်နေကြသည်။ ဦးပဍ္ဍင်းကြီး ဆက်လက် မိန့်ကြားမည့် စကားကို စိတ်ဝင်တစား စောင့်နေကြသည်။ သူတို့စိတ်ထဲမှာတော့ နည်းနည်း ထူးခြားသည်ဟု ထင်နေကြ၏။ တော်ရုံတန်ရုံ ဝေဒနာရောဂါအကြောင်း ပြောဖို့ဆိုဖို့လောက်နှင့်တော့ သူတို့ကို ဦးပဍ္ဍင်းကြီးက ဆင့်ခေါ်ရိုး မရှိ။ အထူးသဖြင့် ယခုလို သားစုံသမီးစုံ တစ်ချိန်တည်း တစ်ပြိုင်တည်း ခေါ်ယူ တွေ့ဆုံ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းမျိုး ယခင်က တစ်ကြိမ် တစ်ခါမှ ပြုလုပ်ခဲ့ခြင်း မရှိ။

လူသူလေးပါးနှင့် ဝေးရာအရပ်မှာ တစ်ပါးတည်း ဇေကစာကျင့်ရင်း တရားအားထုတ်ခြင်း မပြုနိုင်သော်လည်း ဦးပဥ္စင်းကြီးက အတတ်နိုင်ဆုံး လူသူတို့နှင့် ကင်းကင်းရှင်းရှင်း နေလေ့ရှိသည်။ သားသမီးရင်းချာများကိုပင် အရေးတကြီး အကြောင်းကိစ္စမရှိဘဲ သူ့ထံ အဝင်အထွက် မပြုရန် တင်းကျပ်စွာ တားမြစ်ထားသည်။ သူကလည်း သာသနာရေးကိစ္စမှအပ မည်သည့် ဒကာ၊ ဒကာမနှင့်မှ အဆက်အဆံ အပြောအဆို မရှိ။ ပြောလျှင်လည်း လိုရင်းတိုရှင်း။

ဦးပဥ္စင်းကြီးက ကျန်းမာရေးနှင့်စပ်လျဉ်း၍ မိန့်ခြွေလာသည့်အခါ အားလုံးကိုယ်စီ စိတ်ထင့်သွားကြသည်။ ဘုရား…၊ ဘုရား…။ ဦးပဥ္စင်းကြီးမှာ အလွန်ဆိုးရွားသည့် ရောဂါတစ်ခုခုများ စွဲကပ်နေပြီလား။ ဝေဒနာကသည်းမခံနိုင်လောက်အောင် နာကျင်ပြင်းထန်နေပြီလား။ နှလုံးကြေကွဲဖွယ်ရာ စကားတွေကိုများ ကြားရတော့မှာလား။ သားသမီးများက စိုးရိမ်တကြီးနှင့် ဦးပဥ္စင်းကြီး၏ မျက်နှာတော်ကို မော်ဖူးကြသည်။

ဇရာလက္ခဏာတို့ ထင်ထင်ရှားရှား လွှမ်းမိုးနေပြီး ကျန်းမာရေးက သိသိသာသာ ယိုယွင်းဆုတ်ယုတ်နေသော်လည်း တရားမွေ့သူတို့ ဓမ္မတာအတိုင်း ဦးပဥ္စင်းကြီး၏ မျက်နှာတော်က ကြည်ကြည်စင်စင် လန်းလန်းဆန်းဆန်းရှိ

t cgcyfb cdf
w pfygo t ay:
t m,u kdf Bkde&w bd
*vd neo Ed m
jzpfaeNyD
r Mf ncP
0dn faw nfeJY
Ndefaew , f
'D kd jzpf ukdeJY
&[ efab mnf ffh
r aysnfar Gdkdb l
v k Gf , f
t Jg
v kd yfw naw G
w iB kdpD k m,
EkdfzkY u m
'u mnB Dw kY kd
q i fac:
r eJY Bw my;J
ODyl öfB D
pu m,t q kdfh
t m,v kd
Ndfu so Go n f

နေသည်။ အခါခပ်သိမ်းကဲ့သို့ ကြည်ညိုဖွယ် အဆင်းကို ဆောင်မြဲဆောင်နေဆဲ။ ရဟန်းဖြစ်ပြီးမှ မြင်တွေ့လာရသည့် သိမ်မွေ့နူးညံ့မှုကိုလည်း မြင်တွေ့နေကျအတိုင်း မြင်တွေ့နေရဆဲ။

"ကျန်းမာရေးက လွန်လွန်ကြူးကြူးကို ယိုယွင်းပျက်စီးနေတော့ သာသနာ့ဘောင်မှာ ဝိနည်းတော်နဲ့အညီ ကျင့်ကြံနေထိုင်ဖို့ အင်မတန်ခက်ခဲလာတယ်။ ကိုယ့်ဝန်ကိုယ်ထမ်းပြီး ကိုယ့်အမှုကိုကိုယ် မရွက်ဆောင်နိုင်တော့ဘူး။ အခါခပ်သိမ်း တစ်ပါးသူအပေါ် အားကိုးမှီခိုနေရတဲ့ ဂိလာနသံဃာ ဖြစ်နေပြီ။ မကြာခဏ ဝိနည်းတော်နဲ့ ငြိစွန်းနေတယ်။ ဒီလိုအဖြစ်မျိုးနဲ့ ရဟန်းဘောင်မှာ မပျော်မွေ့နိုင်ဘူး။ လူထွက်မယ်။ အဲဒါ လိုအပ်တာတွေ တင်ကြိုစီစဉ်ထားနိုင်ဖို့ ဒကာ ဒကာမကြီးတို့ကို ဆင့်ခေါ် မိန့်ဆိုရတာပဲ"

ဦးပဥ္စင်းကြီး၏ စကားအဆုံးမှာ အားလုံး ငြိမ်ကျသွားသည်။ သူတို့ ဘယ်လိုမှ တွေးထင်မျှော်လင့်မထားသည့် စကားကို ဦးပဥ္စင်းကြီး မိန့်တော်မူသွားပြီ။ ဦးပဥ္စင်းကြီးသည် ရဟန်းဘဝကိုစွန့်ကာ "လူပြန်တော်" လုပ်တော့မည်တဲ့။

"စဉ်း…စဉ်းစားတော်မူပါဦးဘုရာ့။ ဟို…ဟိုလေ၊ ရဟန်းဝါက နှစ်ဆယ့်တစ်ဝါတောင်မှ ရနေပြီဆိုတော့ နမြော- နမြောစရာကြီးများ ဖြစ်နေမလားလို့ပါ ဘုရား"

သမီးကြီး ဒေါ်ဖြူဖြူက မဝံ့မရဲ ထစ်ထစ်ငေါ့ငေါ့ လျှောက်တင်နေဆဲမှာပဲ ဦးပဥ္စင်းကြီးက ထိုင်ရာမှ ထ,သည်။ ထို့နောက် မည်သည့်စကားကိုမျှ မိန့်ကြားတော်မမူတော့ဘဲ စင်္ကြန်ခြေချလျက် အတွင်းဆောင်သို့ ပြန်ကြွသည်။

❑

"ဦးပဥ္စင်းကြီးတို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ ရဟန်းဝါ နှစ်ဆယ့်တစ်ဝါနဲ့ ကျောင်းထိုင်ကိုယ်တော်တောင် ဖြစ်နေမှ လူပြန်ထွက်ချင်ရသတဲ့။ လူပြောသူပြောတော့ ခံရတော့မှာပဲ။ ငါ စိတ်ညစ်တယ်၊ ငါ စိတ်ညစ်တယ်"

အိမ်ပြန်ရောက်ရောက်ချင်း ဒေါ်ဖြူဖြူက မထိန်းနိုင် မသိမ်းနိုင် မြည်တွန်တောက်တီး ပွင့်အန်ပေါက်ကွဲသည်။ ဘုန်းကြီးကျောင်းမှာကတည်းက မြည်တွန်တောက်တီး ပွင့်အန်ပေါက်ကွဲချင်ခဲ့သည်။ ဦးပဥ္စင်းကြီးကို ကြောက်ရ၍သာ။ အပြန်လမ်းတစ်လျှောက်မှာလည်း မြည်တွန်တောက်တီး ပွင့်အန်ပေါက်ကွဲချင်ခဲ့သည်။ ပတ်ဝန်းကျင် အမြင်မတင့်တယ်မှာ စိုးကြောက်နေ၍သာ။ အခုအိမ်ပြန်ရောက်မှပဲ ရင်ထဲမှာ ကြိတ်မှိတ်အောင့်အည်း မျိုသိပ်ထားခဲ့ရသမျှတို့ကို အားပါးတရ ရင်ဖွင့်ရတော့မည်။

ဒေါ်ဖြူဖြူက အမှန်တကယ်လည်း စိတ်ညစ်နေသည်။ ဦးပဥ္စင်းကြီးကတော့ သိက္ခာချ၊ သင်္ကန်းချွတ်၊ လူဝတ်လဲရုံမျှဖြင့် လူပြန်ဖြစ်နိုင်သည်။ ခက်တာက လူပြန်ဖြစ်ပြီဆိုသည်နှင့် "ဃရာဝါသော ဗဟုကိစ္စော" ဆိုသည့် ပါဠိစကားနှင့်အညီ ကိစ္စများပြားမြောင် လူတို့ဘောင်မှာ လူအရေးလူကိစ္စအဝဝကို ဦးပဥ္စင်းကြီး ဘယ်သို့ ရင်ဆိုင် ဖြေရှင်း ဖြတ်သန်းကျော်လွှားမှာလဲ။ ဦးပဥ္စင်းကြီးက လူ့ရေးလူ့ရာများနှင့် ပြတ်စဲကင်းကွာနေသည်မှာ အနှစ် နှစ်ဆယ်ကျော်မျှ ကြာမြင့်ခဲ့ပြီမဟုတ်လား။

အခြားသော ထွေလီကာလီများကို ဖယ်ရှားလိုက်ပါ။ လူတစ်ယောက်အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးတို့ကိုပဲ ဦးပဥ္စင်းကြီးက ဘယ်လိုဖြေရှင်းမှာလဲ။ သာမန်ကာလျှံ



www.burmeseclassic.com

www.burmeseclassic.com

ကာ အပေါ်ယံလျှပ်ကြည့်လျှင်တော့ ထိုကိစ္စက အလွယ်လေးပေါ့။ တင့်တင့်တယ်တယ် နေနိုင်စားနိုင် သုံးစွဲနိုင်သော လူလတ်တန်းစား သားထောက်သမီးခံ လေးယောက်တောင် ရှိသော တစ်ကိုယ်ရေ တစ်ကာယ ဖခင်အိုတစ်ယောက်၏ စားဝတ်နေရေးကိစ္စလောက်တော့ စာမဖွဲ့လောက်သည့် အပယိကဟု ထင်စရာရှိ၏။ တကယ့်လက်တွေ့မှာတော့ ထိုသို့မဟုတ်ပါ။

အဓိကပြဿနာက လူပြန်တော်ဖခင်ကြီးသည် ဘယ်သူ့အိမ်မှာ လိုက်ပြီးနေမှာလဲ။ ဦးပဉ္စင်းကြီးသည် မုဆိုးဖိုဘဝမှ တောထွက်သင်္ကန်းဆီးခဲ့သည်။ အကယ်တန္တ ဦးပဉ္စင်းကြီး လူဝတ်လဲဖြစ်ခဲ့လျှင် သူ့ကရိကထခံကာ သူ့ဝတ်ကြီးဝတ်ငယ်တို့ကို ပြုစုစောင့်ရှောက် အလုပ်အကျွေးပြုမည့် "ဇနီးသည်" မရှိတော့။ သည်အသက်သည်အရွယ်ရောက်ခါမှ တစ်အိုးတစ်အိမ်ထောင် ထပ်ထူထောင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်။ ကျန်းမာရေးက ကောင်းတော့တာ မဟုတ်။ သားသမီးများကိုသာ လုံးလုံးလျားလျား အားကိုးမှီခိုရမှာ သေချာသည်။ ဒေါ်ဖြူဖြူက သူမအိမ်မှာ ဖခင်ကြီး လာနေမှာကို စိုးရိမ်နေ၏။

ဒေါ်ဖြူဖြူ့အိမ်မှာ လင်ကိုယ်မယား နှစ်ဦးတည်းနေသည် မဟုတ်ပါ။ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ ချွေးမတွေ၊ သမက်တွေနှင့် "အိမ်ပြည့်လူပြည့်" တိုးဝှေ့စုဝေး နေထိုင်ကြရသည်။ အရေးထဲ အရာက ပေါ်လိုက်သေးသည်။ လွန်ခဲ့သည့် ခြောက်လက သမီးအလတ်မသည် အိမ်ထောင်ပြိုကွဲကာ ဒေါ်ဖြူဖြူ့ အိမ်ပေါ်သို့ သားတွဲလောင်း၊ သမီးတွဲလောင်းနှင့် ပြန်ရောက်လာ၏။ မိဘဆိုတော့ ဒုက္ခရောက်ပြီး ပြန်လည် မှီခိုလာသည့် သမီးနှင့် မြေးများကို စိတ်ထိခိုက်စွာ တစ်ဖန် လက်ခံခဲ့ရသည်ပဲပေါ့။ အိမ်မကြီးမှာ နေစရာနေရာ မရှိတော့၍ အိမ်နံဘေး၌ အဖီဆွယ်ကာ အဆောင်ထုတ်ပြီး နေထိုင်စေခဲ့ရသည်။ ဆိုလိုသည်မှာ ဒေါ်ဖြူဖြူ့အိမ်တွင် ဖခင်ကြီး နေထိုင်ရန် နေရာ လုံးဝ မရှိတော့ပါ။

"ဟုတ်ပါရဲ့အေ။ ဦးပဉ္စင်းကြီးတို့ လုပ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ။ ရဟန်းဝတ်မယ်ဆိုတုန်းကလည်း မိသားစုသံယောဇဉ်ကို တိခနဲဖြတ်ပြီး သူ့သဘော သူ့ဆန္ဒနဲ့သူ ဝတ်ခဲ့တယ်။ သာသနာ့ဘောင်မှာ မွေ့ပျော်တယ်၊ သင်္ကန်းဝတ်နဲ့ပဲ အရိုးထုတ်မယ်ဆုံးဖြတ်ပြီး နေလာခဲ့တာ နှစ် နှစ်ဆယ်တောင် ကျော်ခဲ့ပြီ။ ဝိနည်းတော်နဲ့အညီ နေထိုင်ကျင့်ကြံတဲ့ ကိုယ်တော်ဆိုပြီး လူအများ ကြည်ညိုကိုးကွယ်လိုက်ကြတာ။ ဟော- အခုတော့ နည်းနည်းလေး မကျန်းမမာဖြစ်တာနဲ့ ဝိနည်းတော်ကို အကြောင်းပြပြီး လူပြန်ထွက်ချင်ရသတဲ့။ တခြားကိုယ်တော်တွေလည်း ဒီလိုပဲ ခန္ဓာဝန်ချတဲ့အထိ သင်္ကန်းဝတ်နဲ့ နေသွားကြတာပါပဲတော်"

သမီးငယ် ဒေါ်နီနီကလည်း အစ်မကြီးဖြစ်သူ၏ စကားကို သံယောင်လိုက်ပြီး မဲ့ကာရွဲ့ကာနှင့် ထောက်ခံစကားဝင်ပြောသည်။ ဦးပဉ္စင်းကြီး လူဝတ်လဲပြီးနောက် သူမအိမ်မှာ လာရောက် မှီခိုမှာကို ဒေါ်နီနီကလည်း ဒေါ်ဖြူဖြူ့လိုပဲ စိုးရိမ်နေသည်။

ဒေါ်နီနီ စိုးရိမ်ရခြင်း အကြောင်းအရင်းက တစ်မျိုးတစ်ဘာသာ။ ဒေါ်နီနီတို့ မိသားစုသည် အိပ်ချိန်မှအပ တစ်နေ့ကို ဆယ့်ရှစ်နာရီလောက် ကိုယ့်အလုပ်နှင့်ကိုယ် ဂျင်ခြေလည်နေကြသည်။ မိသားစုဝင် အချင်းချင်း ထွက်တိုက်ဝင်တိုက်သာ ဖြစ်နေကြပြီး တစ်ယောက်နှင့်တစ်ယောက် စကားစမြည် ပြောချိန်လေးသော်မျှ မရကြ။ ထမင်းလက်ဆုံလေးသော်မျှ မစားကြရ။ တစ်ချိန်လုံး လှုပ်လှုပ်ရှားရှား ပြေးပြေးလွှားလွှား ဖွေရှာနေကြရတာမို့ ကျန်းမာရေး မကောင်းတော့သည့် ဖခင်အိုကြီးကို အိမ်ပေါ် ခေါ်တင်ထားဖို့ အခက်အခဲရှိသည်။ ခေါ်တင်ထားခဲ့ရလျှင်လည်း ဘယ်နည်းနှင့်မျှ ဂရုစိုက်ပြီး ပြုစုစောင့်ရှောက်နိုင်ကြလိမ့်မည်မဟုတ်။

"အဲဒီလိုတော့ မပြောပါနဲ့ နီနီရယ်။ ဦးပဉ္စင်းကြီးက ဝိနည်းသိက္ခာပုဒ်တွေကို အင်မတန် စောင့်ထိန်းတဲ့ပုဂ္ဂိုလ်လေ။ ရဟန်းတစ်ပါးဟာ ပရိယတ္တိကိုလည်း ဆည်းပူးကြိုးကုတ်နေပါမှ၊ ဒါမှမဟုတ် ပဋိပတ္တိကိုလည်း ကျင့်ကြံအားထုတ်နေပါမှ ရဟန်းအဖြစ်နဲ့ သာသနာ့ဘောင်မှာ နေထိုင်သင့်တယ်။ အဲဒီလို နေထိုင်စဉ်မှာလည်း ဝိနည်းသိက္ခာပုဒ်တို့ကို မတိမ်းမစောင်း လိုက်နာစောင့်ထိန်း နေသင့်လှပေတယ်လို့ မိန့်ကြားလေ့ရှိတဲ့ ကိုယ်တော်ပါကွယ်။ ဝိနည်းတော်ကို စောင့်ထိန်းဖို့ ခက်ခဲနေလို့သာ လူပြန်ထွက်ချင်တာ ဖြစ်မှာပါလေ"

သားအကြီး ဦးမျိုးခင်က ဖျောင်းဖျသလို လေအေးအေးလေးနှင့် ဝင်ပြောသည်။ ဒေါ်ဖြူဖြူနှင့် ဒေါ်နီနီတို့၏ မျက်စောင်းများ ဦးမျိုးခင်ထံသို့ တစ်ပြိုင်တည်းကျရောက်သည်။ ဦးမျိုးခင်က ယောက္ခမအိမ်မှာ လိုက်နေသူမို့ လူပြန်တော် ဂိလာနဖခင်ကြီးကို သူ့ထံ ခေါ်ထားရေးမှ အလိုအလျောက် လွတ်ကင်းခွင့်ရသလို ဖြစ်နေ၏။ ထို့ကြောင့်လည်း ရွှေပြည်အေးသူတော်ကောင်းစကားကို အေးအေးလူလူ ပြောနိုင်သည်ဟု အစ်မနှင့် နှမတို့က ထင်ကြသည်။

ထိုသို့မဟုတ်ပါ။ ဦးပဉ္စင်းကြီးလူထွက်လာမှာကို ဦးမျိုးခင်ကလည်း သူ့နည်းနှင့်သူ စိုးရိမ်နေပါသည်။ ဦးမျိုးခင်ကတော့ ဦးပဉ္စင်းကြီး လူဝတ်လဲပြီးနောက် သူ့အိမ်မှာ လာရောက်မှီခိုမှာကို အစ်မနှင့်နှမတို့လို ပူပန်သည်တော့ မဟုတ်ပါ။ သို့သော် လူဝတ်ကြောင်ဖခင်ကြီး၏ စားဝတ်နေရေးနှင့် ကျန်းမာရေး စရိတ်စကများအတွက် ဝိုင်းဝန်းကျခံ ပေးကမ်းရန် ဝတ္တရားကိုယ်စီ ရှိလာမည်။ သူက များများစားစား ပိုပိုလျှံလျှံ ဖြစ်အောင်ပင် ပေးကမ်း ထောက်ပံ့သင့်သည်။ ဘယ်ငွေနှင့် ပေးရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com

ဦးမျိုးခင်သည် အောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သော်လည်း သူ့ဝင်ငွေ၏ လေးဆယ်ရာခိုင်နှုန်းလောက်ကို အငယ်အနှောင်းများနှင့် အသောက်အစားအပျော်အပါးအတွက် သုံးစွဲနေသူဖြစ်၏။ ထို့အပြင် ယောက္ခမ မိသားစုကိုလည်း ကြည့်ရှုထောက်ပံ့နေရသေးသည်။ လောလောဆယ်၌ သူ နောက်ဆုံး ကောက်ယူထားသည့် မယားငယ်လေးက အသုံးစရိတ်ငွေ ပိုတောင်းနေသည်။ သူမ အလိုကျ မပေးကမ်း မထောက်ပံ့နိုင်လျှင် သူမကို လက်လွှတ်ဆုံးရှုံးရလိမ့်မည်။ ထိုသို့တော့ အဖြစ်မခံနိုင်ပါ။ ဦးမျိုးခင်က ထိုအငယ်မလေးကို အလွန်အမင်း နှစ်သက်စွဲလမ်းနေသည်။ ဖြစ်သည့်နည်းနှင့် သူမ၏ဆန္ဒကို လိုက်လျော ဖြည့်ဆည်းပေးရမည်။ သည်လိုအချိန်မှာ ဖခင်ကို ထောက်ပံ့ပေးကမ်းရန် အကြောင်းပေါ် လာမှာကို ဦးမျိုးခင်က စိုးရိမ်နေမိခြင်းဖြစ်သည်။ ပေးခြင်းပေးစမောလ်လေးကိုပဲ ဦးမျိုးခင်က ပိုပိုသာသာလေး ပေးလိုက်ချင်သည်လေ။

သားအငယ် ဦးတိုးလွင်ကတော့ အဝေးဆီသို့ ငေးငေးရီရီ ကြည့်နေသည်။ သူ့ရင်ထဲမှာ တင်းကျပ်ဆို့နင့်နေသည်။ ကျန်းမာရေးအရ ရဟန်းဘဝမှာမနေလိုတော့သည့် ဦးပဥ္စင်းကြီး သင်္ကန်းချွတ်ပြီး လူထွက်လာမှာကို စိုးရိမ်နေကြသည့် မောင်နှမများကို ကြည့်ကာ ဦးပဥ္စင်းကြီးအတွက် ကြေကွဲဝမ်းနည်းနေသည်။

ဦးပဥ္စင်းကြီးသည် စစ်

]pOf...
pOfpm;aw mf
r lygOD &nh
[ kd.[ kdv
&[ ef0gI
EpSfq , fw pf
0gaw mi f S
&aelyOD kdw nh
ESjr m
ESjr np&nB Ds;n,
jzpfaer v m;v ygg
b &m;}
o r D;B D
a' jzljzLu
r 0hJ&J
x pfk pfai gi g
av Ou fw i faeq J
r ByJ
OyÍ öf;B D;
x kd&m;S ,o n f

သားပီပီ အပြောအဆို မသိမ်မွေ့ မယဉ်ကျေးသော်လည်း၊ သားသမီးနှင့် လက်ပွန်းတတီး ယယုကယင် နေလေ့မရှိသော်လည်း သားသမီးများကို အင်မတန်ချစ်သည့် ဖခင်ကောင်းတစ်ယောက် ဖြစ်ခဲ့သည်။ သားသမီးတို့၏ အနွံအတာအမျိုးမျိုးကို ဖွဲနပဲကြီးစွာ စိတ်ရှည်သည်းခံသည့် ဖခင်ကောင်းတစ်ယောက် ဖြစ်ခဲ့သည်။ သားသမီးတို့အပေါ် ဝတ္တရားကုန်စင် ကျေပွန်ခဲ့သည့် ဖခင်ကောင်းတစ်ယောက် ဖြစ်ခဲ့သည်။

ပညာတတ်ဖြစ်ရန် ရည်သန်၍ သူ့ကို ဖခင်က ရန်ကုန်မှာ ဘော်ဒါထားခဲ့သည်။ သူက ပညာမကြိုးစားဘဲ အပေါင်းအသင်းများနှင့် သောက်စားပေတေ လေလွင့်ပျက်စီးခဲ့သည်။ ပြဿနာမျိုးစုံ မီးထွန်းရှာခဲ့သည်။ ဖခင်က နောက်မှလိုက်ပြီး ဒိုင်ခံ ဖြေရှင်းပေးခဲ့ရသည်။ အပြစ်တင်စကားတစ်ခွန်း မပြောခဲ့၊ မျက်နှာတစ်ချက် မပျက်ခဲ့။ နောက်ဆုံး သူ မူးမူးရူးရူးနှင့် တွေ့ရာမိန်းမကို လက်ထပ် ပေါင်းသင်းရန် အိမ်ပေါ်ခေါ် တင်လာတော့လည်း ဖခင်က မညည်းမညူ လက်ခံကျွေးမွေး စောင့်ရှောက်ပေးခဲ့သည်။ မကြည်ဖြူ မနှစ်သက်သည့် ကျန်မောင်နှမများ ငြိုငြင်ခြင်း မဖြစ်ရလေအောင် လိမ္မာပါးနပ်စွာ ကိုင်တွယ်ဖြေရှင်းပေးခဲ့သည်။ ပညာမစုံဘဲ ကြင်ရာစုံခဲ့ပြီး အလုပ်လက်မဲ့ဘဝဖြင့် မိဘအိမ်တွင် ခိုဝင်မှီခိုနေရသော်လည်း နည်းနည်းလေးမှ မျက်နှာမငယ်ရအောင် ကူညီဖေးမ ထောက်ပံ့ခဲ့သည်။ ထို့ကြောင့်လည်း ဦးတိုးလွင် ဘဝ ပြန်လည် ထောင်မတ်နိုင်ပြီး လူတစ်လုံးသူတစ်လုံး ဖြစ်လာခဲ့သည်။

ယခုအချိန်မှာ ဦးတိုးလွင်က ဖခင်ကြီးကို တစ်ပြန်တစ်လှည့် တုံ့ပြန်ကျေးဇူးဆပ်ချင်သည်။ အိုမင်းမစွမ်းဖြစ်နေသည့် ဖခင်ကြီးကို အနီးကပ် စောင့်ရှောက်ပြုစုခွင့်ရခြင်းသည် ရခဲလှသည့် ဒုလ္လဘ မဟုတ်လား။ "အဖေ့ကို ကျွန်တော်ခေါ်ထားမယ်" လို့ ခေါင်းမော့ရင်ကော့ကာ ပြောလိုက်ချင်ပါသည်။ မဖြစ်။ သူ့မိသားစု၏ ခပ်ပေါ့ပေါ့ ခပ်ရှုပ်ရှုပ် အနေအထိုင်အပြောအဆို အပြုအမူများသည် ဖခင်ကြီးအတွက် "မျက်စိစပါးမွေး စူး" စရာချည်းသာ ဖြစ်နေပေလိမ့်မည်။ သူ့မိသားစု၏ ဆိုးရွားကြမ်းတမ်းသည့် ဗီဇလေ့စရိုက်များနှင့် ဖခင်ကြီး၏ မြင့်မြတ်ဖြူစင်လှသည့် ကိုယ်ကျင့်သိက္ခာများသည် "ပြဒါးတစ်လမ်း သံတစ်လမ်း" ဖြစ်နေသည်။ ဖခင်ကြီးကို သူ့အိမ်မှာ ခေါ်ထားမည်ဆိုက "ငါးကို ကုန်းပေါ်တင်ထားသလို" ဖြစ်နေပေလိမ့်မည်။ မကျန်းမာသော အိုမင်းမစွမ်း ဖခင်ကြီးကို အသက်တိုအောင် ပြုလုပ်သည်နှင့် တူနေပေလိမ့်မည်။

သူတို့သည် နာရီအနည်းငယ်ကြာသည်အထိ တစ်ယောက်တစ်ပေါက် ပြောချင်ရာပြောနေကြသည်။ လူပြန်တော် ဖခင်ကြီးကို တစ်ယောက်ပခုံးပေါ်တစ်ယောက် လွှဲတင်ပုတ်ထုတ်နေကြသည်။ တစ်ယောက်ကိုတစ်ယောက် ဝေဖန်အပြစ်တင်နေကြသည်။ ပြောရင်းဆိုရင်း အမျက်ဒေါသ ထွက်လာသည့်အခါ နင်ပဲ ငဆ စကားလုံးများသုံးကာ ကြီးမားပြင်းထန်သည့် ရန်ပွဲတစ်ခု ဖြစ်လုနီးပါး ဖြစ်သွားတတ်သည်။ သို့သော် အချိန်မီ ထိန်းသိမ်းနိုင်ကြသည်။ ထို့နောက် အစမှပြန်လည် ဆွေးနွေး ညှိနှိုင်း အဖြေရှာကြပြန်သည်။ အဖြေကား မတွေ့။ သားသမီးလေးယောက်သည် လူပြန်တော်ဖခင်ကြီးကို အိမ်ပေါ် ခေါ်တင်ထားမည်ဟု မည်သူတစ်ဦးတစ်ယောက်မှ တာဝန်မယူကြ။ အကယ်၍



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ယောက်က တာဝန်ယူကာ အိမ်ပေါ် ခေါ်တင်ထားမည်ဆိုပါမူ လိုအပ်မည့် ငွေကြေးကို ဝိုင်းဝန်းပေးကမ်း ထောက်ပံ့မည်ဟုသာ ဆိုကြသည်။

နောက်ဆုံး၌ သူတို့သည် ဦးပဉ္စင်းကြီး လူဝတ်လဲရေးကို နောက်မှ ဆက်ဆွေးနွေးကြမည်ဆိုကာ လူစုခွဲလိုက်ပါသည်။

❑

သည်ကနေ့လည်း ဦးပဉ္စင်းကြီး၏ စိတ်တွေ တိမ်းတိမ်းပွေပွေဖြစ်နေသည်။ အမှတ်မလွတ်အောင် သတိနှင့် နေထိုင်တတ်သူဖြစ်ခဲ့သော်လည်း အရွယ်အိုမင်းကာ ရောဂါဖိစီး နှိပ်စက်လာသောအခါ စိတ်က လွင့်ပျံ့ချင်သည်။ ရုတ်ခြည်း ပြန်လည်ထိန်းချုပ်ကာ အစိုးမရသည့် သဘောကို နှလုံးသွင်း ဆင်ခြင်ရ၏။ အာရုံစူးစိုက်ထားနိုင်ရန် ခက်ခဲနေခြင်းကို ဦးပဉ္စင်းကြီးက ဘဝင်မကျ။ ထိုထက်ပို၍ နှလုံးစိတ်ဝမ်း ညှိုးနွမ်းရသည်က ဝေဒနာပြင်းထန်စဉ် မကြာခဏ ဝိနည်းကျိုးပေါက်ခဲ့ရခြင်းများ။

ဝိပဿနာစုရကို စွမ်းစွမ်းတမံ အားမထုတ်နိုင်ရုံမက ဝိနည်းကိုလည်း အခါခပ်သိမ်း လိုက်နာစောင့်ထိန်းခြင်း မပြုနိုင်တော့သည့်အခါ ဦးပဉ္စင်းကြီးသည် ရဟန်းဘောင်မှာ မပျော်ပိုက်တော့ပါ။ အခက်ခဲဆုံး ဆုံးဖြတ်ချက်ကိုချရန် လပေါင်းများစွာ ကြိုးစားခဲ့ရသည်။ ပိုင်နိုင်သေချာစွာ ဆုံးဖြတ်ပြီးသောအခါ သားသမီးများကို ဆင့်ခေါ်၍ လူထွက်မည့်အကြောင်းနှင့် လူဝတ်ကြောင်ဘဝအတွက် လိုအပ်သည့် အစီအမံများကို တင်ကြိုပြုလုပ်ထားရန် မိန့်တော်မူခဲ့ရသည်။

ထိုအချိန်မှစပြီး သားသမီးများ ပျောက်သွားလိုက်သည်မှာ တစ်ရက်လည်း ပေါ်မလာ၊ နှစ်ရက်လည်း ပေါ်မလာ၊ တစ်ပတ်လည်း ပေါ်မလာ၊ နှစ်ပတ်လည်း ပေါ်မလာ၊ တစ်လလည်း ပေါ်မလာ၊ နှစ်လလည်း ပေါ်မလာ။ ယခုဆိုလျှင် သုံးလထဲသို့ပင် ချင်းနင်းဝင်ရောက်လာခဲ့ပြီ။ သားတစ်ဦး သမီးတစ်ယောက်၏ အရိပ်အယောင်လေးသော်မျှ မမြင်ရ။ အကျိုးအကြောင်း အဆိုးအကောင်း စကားတစ်ခွန်းသော်မျှ ပြန်မကြားရ။

ဦးပဉ္စင်းကြီးသည် အံ့သြခြင်းကြီးစွာနှင့် မယုံကြည်နိုင်အောင်ဖြစ်နေ၏။ အသက်အရွယ် အတွေ့အကြုံအရ၊ ဉာဏ်ပညာနှင့် ဆင်ခြင်တုံတရားအရ မိဘများအပေါ် သားသမီးတို့ထားလေ့ရှိသည့် စိတ်သဘာဝကို ဦးပဉ္စင်းကြီးက မသိမဟုတ်။ သိသည်။ သို့သော် များစွာသော မိဘများလိုပဲ ဦးပဉ္စင်းကြီးက ကိုယ့်သားသမီးကို အကောင်းမြင်သည်။ နာမကျန်း ဖြစ်နေသော ဖခင်အိုကြီးတစ်ယောက်၏ တာဝန်လောက်ကိုတော့ ကြည်ကြည်ဖြူဖြူ လိုလိုလားလား ယူချင်ကြလိမ့်မည်ဟု ထင်ခဲ့သည်။

ဦးပဉ္စင်းကြီး၏ အထင်မှားယွင်းကြောင်းကို တစ်ရက်ပြီးတစ်ရက် ကုန်လွန်ကွယ်ပျောက်နေသည့် နေ့ရက်များက သက်သေပြနေသည်။

ယခုဆိုလျှင် ရက်ပေါင်းကိုးဆယ်ပင် ပြည့်တော့မည်။ သားသမီးများက လူမလာ၊ အကြောင်းမကြား။ နေစိမ့်နိုင်အား ကြီးမားစွာနှင့် လျစ်လျူရှုနေကြသည်။ ဤသည်ပင် သူတို့စေပါးလိုက်သည့် အဖြေစကားဖြစ်ကြောင်း ဦးပဉ္စင်းကြီးက နားလည်လက်ခံသည့် အခိုက်အတန့်တွင် လောကဓံရှစ်ပါးကို မတုန်မလှုပ် ခံနိုင်စွမ်းသော ရဟန်းရင့်မာကြီး၏ ရင်ထဲက အသည်းနှလုံးတို့ လောင်ကျွမ်း ဆုံးရှုံးသွားသလိုခံစားရသည်။ ဥပေက္ခာ အကြည့်နှင့် ကျင့်သားရခဲ့သော ဦးပဉ္စင်းကြီး၏ ဝေသီရီမှိုင်းသော မျက်ဝန်းအစုံတွင် မျက်ရည်ကြည်များ ရစ်ဝိုင်းသိုင်းဖွဲ့လာသည်။

ဦးပဉ္စင်းကြီးသည် တဒင်္ဂမျှ အမှတ်သတိ ကင်းလွတ်သွားပြန်သည်။ ချက်ချင်း သတိလည်ကာ ဣန္ဒြေပြန်ဆည်နိုင်သော အခိုက်အတန့်မှာ ဦးစွာ သတိရမိတာက လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ကွယ်လွန်တိမ်းပါးသွားခဲ့ရှာသော ဘဝဟောင်းက "ဇနီးသည်"။ ဩော်… ဒကာမကြီးသာ သက်ရှိထင်ရှား ရှိနေဦးမည်ဆိုပါက ဦးပဉ္စင်းကြီး လူထွက်သောအခါ ပြန်စရာနေရာ ဧကန်ရှိပေမည်။

ဦးပဉ္စင်းကြီးက သက်ပြင်းချလိုက်သည်။ ခဏအကြာမှာ ညင်သာသိမ်မွေ့သော ခြေလှမ်းတော်များနှင့် ဘုရားဆောင်သို့ စင်္ကြံကြွချီသည်။ သပ္ပာယ်လှသည့် ဆင်းတုတော်ကို ကြည်ညိုရိုကျိုးစွာ ဝတ်ပြုသည်။ ပြီးမှ ပြုခဲ့သမျှ ကောင်းမှုကုသိုလ် အစုစုကို ဘဝတစ်ပါးက ဇနီးဟောင်း ရစေခြင်းငှာ လေးလေးနက်နက် တည်တည်ကြည်ကြည် အမျှအတန်း ပေးဝေသည်။

❑

တစ်နေ့သောအခါ ဦးပဉ္စင်းကြီး ယခင်က သီတင်းသုံးတော်မူခဲ့သော ကျောင်းဆီသို့ ဦးပဉ္စင်းကြီး၏ သားသမီးများ အူယားဖားယားနှင့် အပြေးအလွှား ရောက်လာကြသည်။ ခရီးရောက်မဆိုက်ပင် လွန်ခဲ့သော ရက်အနည်းငယ်ခန့်က ကျောင်းမှ တိတ်တဆိတ် ပျောက်ကွယ်သွားသော ဦးပဉ္စင်းကြီးအကြောင်းကို စိုးရိမ်တကြီးနှင့် သူ့ထက်ငါဦး စူးစမ်း စနည်းနာကြ၏။

သူတို့လိုချင်သော အဖြေကို မည်သူမှ မပေးနိုင်ကြပါ။ အဘယ်ကြောင့် ဆိုသော် ဦးပဉ္စင်းကြီးသည် မည်သူ့ကိုမှ အကျိုးအကြောင်း တစ်ခွန်းတစ်ပါဒမျှ မိန့်ကြားခြင်းမပြုဘဲ သိုသိပ်လျှို့ဝှက်စွာ ပျောက်ကွယ်သွားသောကြောင့် ဖြစ်သည်။


ဘယ်သို့သွားသည်၊ ဘယ်လိုသွားသည် ဆိုသည်ကိုလည်း ခြေရာခံကာ စုံစမ်းထောက်လှမ်း ဖော်ထုတ်နိုင်ကြလိမ့်မည် မဟုတ်ပါ။ ဦးပဉ္စင်းကြီးသည် သူနှင့်ပတ်သက်သမျှ သဲလွန်စအားလုံးကို မမေ့မလျော့ မပေါ့ဆဘဲ စေ့စပ်သေချာစွာ အကြွင်းအကျန်မရှိအောင် သူနှင့်အတူ ပျောက်ကွယ်စေခဲ့သောကြောင့် ဖြစ်ပါသည်။ ။ ■

**ဆွန်း၊စက်မှုတက္ကသိုလ်၊**



www.burmeseclassic.com

www.burmeseclassic.com



၁။


ညက အေးစက်စက် ကော်ဖီတစ်ခွက်လို သူ့ခန္ဓာကိုယ်ထဲကို ခါးသက်စွာ စီးဆင်းသွားခဲ့ကြသည်။ အဝေးက ခွေးအူသံကို သူ မနှစ်မြို့စွာ ကြားလိုက်ရသည်။ အခန်းကျဉ်းထဲတွင် နာရီသံတချက်ချက်မှအပ တိတ်ဆိတ်နေခဲ့သည်။ လမိုက်ညသည် မီးပျက်မှုကြောင့် သူ၏အလှကို အစွမ်းကုန်ဖော်ကျူးခွင့် ရသွားသည်ထင်သည်။ တိတ်ဆိတ်ခြင်းသည် ချောက်ချားစရာ ကောင်းလွန်းပေစွ။ သို့သော် ဤညတော့ မပါဟု သူ ပြင်ဆင်ချက် ထုတ်လိုက်သည်။ ဤညကို သူဘယ်လို လွန်မြောက်ရမှာပါလိမ့်ဆိုသည့် အရင်တုန်းက အတွေးမျိုး သူ့ထံမှာ ရှိမနေခဲ့ တော့ပေ။ ရှိနေစရာအကြောင်းလည်း မရှိတော့ပြီလေ။

အမှောင်သည် သူ့တစ်ကိုယ်စာ ပိန်းပိတ်မှောင်သည်။ အရင်တုန်းကတော့ သူ အမှောင်ကို မုန်းသည်၊ အမှောင်ကို ကြောက်သည်။ အမှောင်ထဲမှာ သူ မမြင်မသိနိုင်သည့် ထူးဆန်းသောအရာတွေ ရှိနေနိုင်သည်ဟု တွေးထင်ခဲ့သည်။ ယခုတော့ အမှောင်ထဲမှာ သူတစ်ယောက်တည်း။ ခြော် မှားလို့။ အခန်းထောင့်မှာ စုတ်ထိုးနေသည့် အိမ်မြှောင်လေးတစ်ကောင် ရှိသည်။ သူ အမှတ်မမှားဘူးဆိုလျှင် ညကြီးအချိန်မတော် သူ့အခန်းထဲသို့ တိတ်တဆိတ်ဝင်လာတတ်သည့် ကြွက်တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်နေရာရာမှာ ရှိနေပေလိမ့်မည်။ သို့သော် လူသား တစ်ယောက် အနေနှင့်ကတော့ သူတစ်ယောက်တည်း ရှိနေခဲ့သည်မှာ သေချာသည်။ သူ၏ အသက်ရှူသံသည် သူ့ဆီကမှ ဟုတ်ရဲ့လားဟု ထင်ရအောင် စိမ်းသက် ကျယ်လောင်နေခဲ့သည်။

အမှောင်ထဲမှာ သူ၏ မျက်လုံးတို့သည် ဘာကိုမှ သဲသဲကွဲကွဲ မမြင်နိုင်ပေမဲ့ အရာဝတ္ထုတို့၏ ပုံပန်းကို မှန်းနိုင်လောက်အောင်မူ မြင်နိုင်သည်။ အမှောင်သည် သူ့ဆီသို့ တိုးဝင်လာခဲ့နေသလား၊ သူကပဲ အမှောင်ဆီ တိုးဝင်နေခဲ့တာလား မသိပေ။ သူနှင့် အမှောင်သည် တစ်သားတည်း

သူ့စာအုပ်စင်ပေါ်က ဗလာစာအုပ်ထဲမှာ
ဘယ်မဂ္ဂဇင်း၊ ဘယ်စာစောင်ကိုမျှ
မပို့ဖြစ်ခဲ့သည့် ကဗျာတွေ အများကြီး
ရှိသည်။ သူသည် ဘယ်တော့မှ
စာရေးဆရာတစ်ယောက် မဖြစ်နိုင်ဟု
သူ့ကိုယ်သူ သိနေခဲ့ခြင်းက
သူ့ကဗျာများကို ဗလာစာအုပ်ထဲမှာပဲ
ပိတ်မိစေခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေခဲ့ကြသည်။ အခန်းနံရံကို မှီထိုင်နေရင်း သူ့မျက်လုံးတို့က အခန်းထဲသို့ ဖြန့်ကြက်ကြည့်နေခဲ့သည်။ သိပ်သည်းသည့် ညအမှောင်ထဲမှာဖြစ်ပေမဲ့ သူ့အခန်းကို အလွတ်ရနေသည့် ဦးနှောက်မှတ်ဉာဏ်တို့က မျက်လုံးတို့ကို လမ်းပြခေါ်ဆောင်သွားခဲ့ကြသည်။ ဤအခန်းလေးထဲမှာ ငါးနှစ်လုံးလုံးနေထိုင်ခဲ့ရသည်။ ဤအခန်းလေးသည် အကောင်းစားတိုက်ခန်းတစ်ခု မဟုတ်ခဲ့ပါ။ သို့သော် သူ့ကို ငါးနှစ်တိတိ နားခိုခွင့်ပေးထားခဲ့သည့် အခန်းလေးသည် သူ့အတွက်တော့ လွတ်မြောက်ရာနယ်မြေဖြစ်သည်။ တစ်ချိန်တုန်းကပေါ့။ ဟုတ်သည်။ တစ်ချိန်တုန်းက သူ့အတွက် စိတ်လွတ်ကိုယ်လွတ် နားခိုစရာ နေရာတစ်ခု အရေးတကြီး လိုအပ်ခဲ့သည်။ မှောက်ချင်မှောက် လှန်ချင်လှန် ကြိုက်သလိုနေနိုင်သည့် အခန်းလေးသည် သူ့အတွက်တော့ ကမ္ဘာတစ်ခုဖြစ်ခဲ့သည်။

ဤအခန်းကျဉ်းလေးမှာပေးနေသည့် သူ့အဒေါ်တစ်ဝမ်းကွဲကိုလည်း ကယ်တင်ရှင်တစ်ယောက်ပမာ ကျေးဇူးတင်မိခဲ့သည်။ ထပ်ခိုးအခန်းကျဉ်းလေးသည် သူများအတွက်တော့ နေချင်စရာ မကောင်းသည့် နေရာတစ်ခု ဖြစ်ချင်ဖြစ်လိမ့်ပေမဲ့ သူ့အတွက်တော့ သုခရိပ်မြုံလေး ဖြစ်ခဲ့သည်။ နယ်မြို့လေးကနေ တက်လာခဲ့သည့် သူ့အတွက် ယခုလို အခန်းကျဉ်းလေးတစ်ခု အပိုင်စားရခဲ့သည်ကပင်

o bYl, tcsf
rdwfaq G
au nifav ;
wpfa, mu fu k
o bY AsmawG
jycdlyg nf
Ewcr feD
wpfawmifu k
pmt ykf
wpf ykfk u f
ykdNyD
ru frmao m
ol, tcsfrav ;u
t mjemygem
cP om
, Mun fykdNyD
]au nifygw, f
[ kajymu m
jyefay;cJh nf

နတ်ကောင်းများ မစ,ခဲ့သောကြောင့်ဖြစ်မည်ထင်သည်။ တကယ်ဆို သူသည် ဇာတိမြို့ငယ်လေးမှာပဲ ကုတ်ကတ်နေချင်မိသည်။ သို့သော် သူ၏ မှီတွယ်စရာ မိဘနှစ်ပါး ဆုံးသွားပြီးနောက်မှာတော့ မြို့ကလေးမှာ ဆက်နေဖို့အတွက် သူ့ကိုယ်သူ အကြောင်းပြချက်ကောင်းကောင်း မပေးနိုင်တော့ပေ။ ထို့ပြင် နယ်မြို့လေးမှာ သူ့အတွက်က အလုပ်က ရှားပါးလွန်းလှသည်။ နောက်ဆုံးမှာတော့ လွယ်အိတ်တစ်လုံး၊ သေတ္တာတစ်လုံးနှင့် မဟာရန်ကုန် ရွှေမြို့တော်ဆီသို့ ဘဝခရီးကျောင်းရန် ထွက်ခွာလာခဲ့သည်။ ထိုသို့ထွက်လာခဲ့ရခြင်း အကြောင်းများထဲတွင် စာရေးဆရာတစ်ယောက် ဖြစ်ချင်သည့် သူ့အိပ်မက်သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ သို့သော် သူသည် စာရေးဆရာတစ်ယောက် မဖြစ်ခဲ့ရဘဲ ကုမ္ပဏီတစ်ခု၏ လခစားအလုပ်သမားတစ်ယောက်သာ ဖြစ်နေခဲ့ရသည်ဟု အတိတ်ကို ပြန်ပြောင်း တွေးနေမိသည်။

❑

၂။

ည၏ အရောင်သည် နုလာသည်လား၊ ရင့်လာသည်လား သူ မသဲကွဲတော့။ အနီသည်လည်းကောင်း၊ အဝါသည်လည်းကောင်း အမှောင်ထဲမှာတော့ အတူတူသာ ဖြစ်ပါသည်။ လင်းမှလှသည့် ဘဝတွေရှိသလို မလင်းမှ လှရသည့်ဘဝတွေလည်း ရှိနေကြသည်။ သူ့ဘဝသည်လည်း လင်းမှလှသည့် ဘဝမျိုးထဲမှာ မပါဘူးဟု ထင်မိသည်။ လင်းမှသာလှရမည်ဆိုပါက သူ့ဘဝသည် တစ်သက်လုံး မလှမပ ဖြစ်နေပေတော့မည်ဟု တွေးမိသည်။ သူ့မှာ မျှော်လင့်ချက်တွေလည်းမလင်း၊ အိပ်မက်တွေလည်းမလင်း၊ ရင်ခုန်သံတွေလည်းမလင်း။ သူ့ဘဝသည် အလင်းမဲ့ ကဗျာတစ်ပုဒ်ဟု တစ်ခါတလေ တွေးခဲ့မိဖူးသည်။ ယခုလည်း ထိုကဲ့သို့ တွေးမိနေပြန်သည်။ ဥတစ်လုံး တစ်ကောင်ကြွက် ဘဝတွင် သူ့အတွက် အပေါင်းအသင်း မိတ်ဆွေကလည်း နည်းလှပါသည်။

ဒေါင်ဒေါင်ဟူသော နာရီသံ၏ ဖွင့်ဆိုချက်ကို သိရအောင် သူစောင့်ပြီး နားထောင်မနေနိုင်ပါ။ ဘယ်နှနာရီပဲဖြစ်ဖြစ် သူ့အတွက် အချိန်တွေက နည်းလှသည်မှာ သေချာသည်။ သို့မဟုတ် သူ့အတွက် အချိန်အသစ်တွေ အများကြီး ပိုင်ဆိုင်ရပေတော့မည်။ အချိန်တွေ အချိန်တွေ။ အချိန်တွေက တိမ်တွေလိုပဲဟု ရေးခဲ့ဖူးသည့် သူ့ကဗျာတစ်ပုဒ်ကို သတိရလိုက်မိသည်။ သူ့စာအုပ်စင်ပေါ်က ဗလာစာအုပ်ထဲမှာ ဘယ်မဂ္ဂဇင်း၊ ဘယ်စာစောင်ကိုမျှ မပို့ဖြစ်ခဲ့သည့် ကဗျာတွေ အများကြီးရှိသည်။သူသည် ဘယ်တော့မှ စာရေးဆရာ တစ်ယောက် မဖြစ်နိုင်ဟု သူ့ကိုယ်သူသိနေခဲ့ခြင်းက သူ့ကဗျာများကို ဗလာစာအုပ်ထဲမှာပဲ ပိတ်မိစေခဲ့သည်။ အရင်တုန်းကတော့ သူ့သူငယ်ချင်း မိတ်ဆွေကောင်မလေးတစ်ယောက်ကို သူ့ကဗျာတွေ ပြခဲ့ဖူးပါသည်။ နှုတ်ခမ်းနီတစ်တောင့်ကို စာအုပ်တစ်အုပ်ထက် ပိုပြီးမက်မောသော သူငယ်ချင်းမလေးက အားနာပါးနာ ခဏသာ ယူကြည့်ပြီး "ကောင်းပါတယ်"ဟုပြောကာ ပြန်ပေးခဲ့သည်။ ထိုကတည်းက စပြီး သူ့ကဗျာတွေကို ဘယ်သူ့ကိုမှ ထပ်မပြဖြစ်တော့ပေ။

အမှောင်ထဲမှာ ကျင့်သားရလာသည့် မျက်လုံးက ခုတင်အောက်မှာ တရွေ့ရွေ့သွားနေသည့် အကောင်တစ်ကောင်ကို မြင်မိသည်။ သေချာပါသည်။ ထိုအကောင်သည် ကြွက်တစ်



www.burmeseclassic.com

www.burmeseclassic.com

ကောင် ဖြစ်ပါလိမ့်မည်။ ကြွက်တစ်ကောင် မဟုတ်ပါကလည်း ထိုအရာသည် ဘာကောင်မှန်း သူ မခန့်မှန်းနိုင်တော့ပါ။ ထားလိုက်ပါ။ ကြွက်တစ်ကောင်အဖြစ် သူ့ဘာသာ သတ်မှတ်ပေးလိုက်သည်။ တစ်ခါတလေကျတော့ သတ်မှတ်ချက်သည် လိုအပ်နေတတ်သည်။ လူဆိုတာက သတ်မှတ်ချက်တွေအောက်က မတ်တတ်ရပ်သတ္တဝါတွေသာ ဖြစ်ကြသည်။ သူကတော့ ထိုကဲ့သို့ပဲထင်မိသည်။ တကယ်ဆိုအိမ်မြှောင်တစ်ကောင်မှာဖြစ်ဖြစ်၊ ကြွက်တစ်ကောင်မှာဖြစ်ဖြစ် နာမည်ရှိလိမ့်မည်မထင်။ သူတို့သည် နားလည်သိမှတ်မှုဖြင့်သာ ဆက်သွယ်လိမ့်ကြမည်ဟု သူယုံကြည်သည်။ လူတွေကတော့ သူတို့၏ ခန္ဓာကိုယ်ကြီးအတွက် အမည်နာမတွေ သတ်မှတ်ကြသည်။

လူကောင်းဟု သတ်မှတ်လိုက်ရုံနှင့် လူကောင်းမဖြစ်နိုင်ပေမဲ့ လူကောင်းဟူသော သတ်မှတ်ချက်တစ်ခုအောက်တွင် အယောင်ဆောင်နေကြသည်။ ပုန်းကွယ်နေခဲ့ကြသည်။ လူဆိုးဟူသောဝေါဟာရဖြင့်လည်း လူတချို့ကို ပစ်ပေါက်နေခဲ့ကြသည်။ တစ်ခါတစ်ရံ အမှန်တရားသည် သတ်မှတ်ချက်များ၏ ဖိစီးမှုခံရကာ ပျောက်ကွယ်နေခဲ့ကြသည်။ သူသည် လူတွေ၏အကြောင်းကို သိလာလေလေ သတ်မှတ်ချက်တွေကို မုန်းတီးလာမိလေလေဖြစ်သည်။ တကယ်တော့ သူသည်လည်း မင်းခဟူသော အမည်နာမ တပ်ထားသည့် ရုပ်ခန္ဓာကြီးတစ်ခုထဲ၌ ပိတ်ဆို့မိနေသည့် ဝိညာဉ်ကောင်တစ်ကောင်မျှသာဖြစ်သည်။ သူ၏ရုပ်နှင့် သူ၏ဝိညာဉ်တို့သည် အခိုက်အတန့်တစ်ခု၌ ပူးတွဲနေမိကြခြင်းသာဖြစ်သည်။ သူ၏အတွေးတို့သည် မှန်ကန်မှု ရှိ၊ မရှိ မဆန်းစစ်လိုပါ။ သို့သော် သူသည် ဘာကောင်မှ မဟုတ်သည်ကိုတော့ သူ့ကိုယ်သူ သိနေခဲ့သည်။ ထိုအသိကပဲ သူ၏ ညတို့ကို ပိုပြီး မှောင်မိုက်စေခဲ့သည်။

❑

၃။

သူသည် စိတ်မဆိုးတတ်သူတစ်ဦးဟု သူ့ကိုယ်သူ ယူဆယုံကြည်ထားခဲ့သည်။ သူ၏ ယုံကြည်ချက်တို့သည် အခြားသူတို့၏ ထင်မြင်ချက်များနှင့် ထပ်တူညီလိမ့်မည်ဟု အာမမခံပါ။ သို့သော် သူ၏ အတိတ်တွင် သက်သေအဖြစ်ပြနိုင်သည့် အဖြစ်အပျက်တို့ကို မြှုပ်နှံထားခဲ့သည်။ ထိုအဖြစ်အပျက်တို့ကို တူးဆွပြနိုင်ပါသည်။ သူ၏ တစ်ခုတည်းသော ပိုင်ဆိုင်မှုဖြစ်သည့် သေတ္တာထဲမှ အနက်ရောင် အိတ်ကလေးထဲတွင် သူ၏ တစ်ဦးတည်းသော ချစ်သူထံမှ စာများ ရှိနေကြပါသေးသည်။ ထိုစာများထဲမှ နောက်ဆုံးစာတစ်စောင်သည် သူ့ချစ်သူ သူ့ထံမှ စွန့်ခွာသွားမှုအတွက် သက်သေခံချက်အဖြစ် ရှိနေခဲ့သည်။ မိဘဟူသည့် စကားလုံးသည် သူ၏ ချစ်လှစွာသော မိန်းမပျိုအတွက် အကြောင်းပြချက်ကောင်းကောင်းပေးနိုင်သည့် စကားလုံးဖြစ်အောင် ထိုစာထဲတွင် စာစီကုံးထားသည်။ သူသည် ထိုစာ သူ့ဆီသို့မရောက်ခင်ကတည်းကပင် သူ၏ ချစ်သူသည် မူမမှန်တော့ကြောင်းကို သိနေခဲ့သည်။ အဘယ်ကြောင့် ဆိုသော် သူသည် သူမကို နှစ်နှစ်ကာကာ မြတ်နိုးစုံမက်နေခဲ့သောကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ အကြည့်တို့သည် အေးစက်သွားခဲ့သောကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ အနမ်းတို့သည် အသက်မဝင်တော့သောကြောင့် ဖြစ်သည်။

သို့သော် သူသည် ထိုအကြောင်းကို ဖွင့်ဟ,မပြောခဲ့ပါ။ သူသည် အရာရာကို နားလည်ပေးနိုင်သည့် လူသားတစ်ယောက်ဖြစ်သည်။ သူ၏ ချစ်သူသည် ပြောင်းလဲတတ်သော သဘာဝကို ပိုင်ဆိုင်ထားသည့် လူသားတစ်ယောက်ဖြစ်ကြောင်း သိနေခြင်းကြောင့် အပြစ်မဆိုရက်ခဲ့ပေ။ သူသည် သူမထံမှ အချစ်မှလွဲ၍ ဘယ် အရာမှ မမျှော်လင့်ထားခဲ့ပါ။ ယခု အချစ်ကိုပါ မရနိုင်တော့ကြောင်း သိရသည့်အခါတွင်မူ ပို၍ပင် မျှော်လင့်ချက်တို့ မထားဖြစ်တော့ပါ။ တကယ်တော့ သူသည် မျှော်လင့်ချက်ကို အသီးအဖြစ် ရိတ်သိမ်းခွင့်ရအောင် ဖန်ဆင်းနိုင်သူ မဟုတ်ပါ။ ထို့ကြောင့် သူ့ဘဝတွင် မျှော်လင့်ချက်ဟူသော စကားလုံးသည် မျှော်လင့်ချက်ဟူသော ဒြပ်မဲ့အရာတစ်ခုအတွက် အမည်နာမ သက်သက်ဖြစ်နေခဲ့သည်။ သူသည် မျှော်လင့်ချက်ကို စိုက်ပျိုးတတ်သူ မဟုတ်ခဲ့ဘူး ဆိုလျှင် အိပ်မက်တွေကို အသက်သွင်းတတ်သူလည်း မဟုတ်နိုင်ကြောင်း တစ်နှင့်တစ်ပေါင်းခြင်း၏ ရလဒ်အဖြေကို သိသကဲ့သို့ အလွယ်တကူ သိနိုင်ပါလိမ့်မည်။

သူသည် အဒေါ်ဝမ်းကွဲ မျက်နှာကြောင့် ဤတိုက်ခန်းလေးကို အပိုင်စားရခဲ့သလို ညီမဝမ်းကွဲများနှင့် ဦးလေးဝမ်းကွဲ၏ မနှစ်မြို့မှုကိုပါ လက်ခံခဲ့ရသည်။ သူ၏ ဘာသိဘာသာနေတတ်သော အကျင့်သည် သူတို့အတွက် စိတ်ပျက်စရာဖြစ်နေခဲ့ခြင်းလော။ သို့မဟုတ် ဤအိမ်ကြီးထဲ၌ လူပိုတစ်ယောက်ရှိနေခြင်းကြောင့် လွတ်လွတ်လပ်လပ် မနေရသဖြင့် မနှစ်သက်ခြင်းပေလော။ သူ မသိပါ။ သူ လုံးဝမသိပါ။ သူသည် ပတ်ဝန်းကျင်ကိုလည်း စိတ်ဝင်စားတတ်သူ မဟုတ်ပါ။ ဘယ်သူတွေ ဘယ်လိုထင်ထင် သူ စိတ်မဝင်စားပါ။ သူသည် နောက်ပိုင်း၌ ဘယ်အရာကိုမှလည်း စိတ်မဝင်စားလှတော့ပါ။ အရင်တုန်းက အငမ်းမရ ဖတ်ခဲ့မိသော စာအုပ်များသည်လည်းကောင်း၊ သူ့တွင်ရှိနေခဲ့သည့် တစ်ခုတည်းသော ဖျော်ဖြေရေးပစ္စည်းဖြစ်သည့် အမ်ပီသရီးပလေယာလေးထဲမှ သီချင်းသံများသည်လည်းကောင်း သူ့စိတ်ကို အရင်လို ညှို့တ်နှူးအောင် မလုပ်နိုင်ကြတော့ပေ။ သူသည် လောကကြီးကို ပျင်းရိ ငြီးငွေ့သော အကြည့်တို့ဖြင့်သာ ကြည့်နေမိသည့်အချိန်တို့ များလာခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်။ သူသည် လူသားတစ်ယောက်အဖြစ် ရှင်သန်နေရခြင်း၏ အဓိပ္ပာယ်ကို ဖွင့်ဆိုလာမိသည်။ ထိုသို့ ဖွင့်ဆိုမိခြင်းကပင် သူ၏ အတွေးစတို့ကို ဆွဲခေါ်သွားခဲ့ကြပေသည်။

သူသည် အရာခပ်သိမ်း၏ အဓိပ္ပာယ်ကို သိချင်လာမိသည်။ သူသည် အကြောင်းအကျိုးတို့၏ ဆက်သွယ်မှုကို နားလည်ချင်မိသည်။ သူသည် မျက်စိနှစ်လုံးပွင့်ခြင်းမှ ပိတ်ခြင်းအထိသော အချိန်တို့၏ ကုန်ဆုံးရခြင်း အကြောင်းတို့ကို ဆင်ခြင်မိလာသည်။ သူသည် သူ မသိသော အခြားမဲ့အရာများကို စူးစမ်းလာမိသည်။ သူ၏ အတွေးတို့ကြောင့် အိပ်ပျက်သည့် ညတို့သည် အကြိမ်ရေ များလာခဲ့သည်။ သူ၏ မျက်လုံးတို့သည် ချိုင့်ဝင်လာခဲ့သည်။ သို့သော် အခန်းထဲတွင်သာ အောင်းနေတတ်သော သူ့ကို ဘယ်သူကမှ စိတ်မဝင်စားကြပေ။ သူကသာ အရာရာ စိတ်ဝင်စားနေမိခြင်းဖြစ်သည်။ သူသည် တစ်ခါတစ်ရံ အတွေးတို့ကြောင့် ကြည်နူးသည်။ သူသည် တစ်ခါတစ်ရံ အတွေးတို့ကြောင့် ချောက်ချားသည်။ သူသည် သူ၏ အတွေးတို့ကို ပြန်ကြောက်လာသည်။ သို့သော် မတွေးဘဲ သူ မနေနိုင်ပေ။ တွေးတောခြင်းသည်သာ သူ့အတွက် အကောင်းဆုံး အဖော်ဖြစ်နေပေသည်။ ❑

၄။

သူသည် သူ့ကိုယ်သူ သူ ဟုပင် မထင်မိတော့ပေ။

o l
w pfcJw n faom m
ykdq kdf jzpfb n h
ao w årx dS
t eu fa&mif
t wdu av ;x wliG
o l
w pfOD w n faom m
cspfb k H$pmn sm,
&SeMl ygo ;o n f
x kdmn sm,x dS
aemu fq kH
pmw pfapmifb n f
o tyfpb l
o kY H S
peMm rat wGf
o u fao cEtsu f
t jzpf
&Sech n f

သူသည် ရောမခေတ်မှ ဂျူးလီယက်ဆီဆာ ဖြစ်သွားသည်။ သူသည် **တိုက်တန်းနစ်** ဇာတ်ကားထဲမှ လီယိုနာဒို ဖြစ်သွားသည်။ သူသည် ကမ္ဘာကျော် စာရေးဆရာကြီး ဟဲမင်းဝေး ဖြစ်သွားသည်။ သူသည် သူ မဟုတ်ခြင်းကြောင့် အရာရာဖြစ်ခွင့်ရနေသည်။ သူ့ကိုယ်သူ ပျောက်ဆုံးနေခဲ့သည့်အချိန်တို့ များပြားလာခဲ့သည်။ သူသည် လမ်းထိပ် လက်ဖက်ရည်ဆိုင်မှ ကောင်မလေး၏ယောကျ်ားဦးလေးကြီးလည်း ဖြစ်ခဲ့သည်။ သူသည် သူအလုပ်လုပ်နေသည့်ကုမ္ပဏီမှ သူ့ကို နှိပ်ကွပ်ရန် အကွက်ချောင်းနေတတ်သည့် အရာရှိ၏အထက်မှ အရာရှိကြီးဖြစ်နေခဲ့သည်။

သူသည် ဘာမှမဖြစ်ရသည့်အခါ ညအမှောင်ထဲ၌ အိမ်မြှောင်တစ်ကောင်ဖြစ်သွားသည်။ နောက်ဆုံးတွင် သူ၏ သူငယ်ချင်းဟု မှတ်ထင်ထားသည့် ကြွက်ကို စကားပြောနေသည့် ကြွက်တစ်ကောင် ဖြစ်သွားခဲ့သည်။

သူသည် သူ၏အတွေးတို့နောက်သို့ မလိုက်ပါနိုင်သည့် ခန္ဓာကိုယ်ကြီးကို ရွံမုန်းလာခဲ့သည်။ သူ၏ အတွေးနှင့်ထပ်တူ လွတ်လပ်ပေါ့ပါးသည့် ခန္ဓာကိုယ်ကို ရချင်မိသည်။ အတွေးစိတ်ကူးတို့က လေဖြစ်သွားသည့်အခါ သူ၏ ခန္ဓာကိုယ်ကို လေနှင်ရာလိုက်ပါနိုင်သည့် သစ်ရွက်ဝါလေး ဖြစ်စေချင်မိသည်။ ယခုတော့ သူ့ကိုယ်သူ သေတ္တာတစ်လုံးထဲမှာ ပိတ်လှောင်ခံထားရသည့် သတ္တဝါတစ်ကောင်အဖြစ် ခံစားလာခဲ့ရသည်။ တဖြည်းဖြည်းနှင့် မွန်းကျပ်လာနေမိသည်။ သူ၏စိတ်တို့ကို ပိတ်လှောင်မထားဘဲ အဝေးသို့ ထွက်ခွာသွားနေချင်မိသည်။ သို့သော် သူ၏စိတ်တို့သည် သူ၏ခန္ဓာကိုယ်ကြီးက သတ်မှတ်ပေးထားသည့် နယ်နိမိတ်ထဲမှ မလွန်မြောက်နိုင်ဘဲ ဖြစ်နေခဲ့ရသည်။

သူ၏ စိတ်တို့သည် လေဟုန်စီးကာ ပျံဝဲနေသည့်အခိုက်တွင် သူ၏အတ္တဘောခန္ဓာကိုယ်ကြီးသည် မှောင်မိုက်ငြိမ်သက်နေသည့် အခန်းကျဉ်းလေးထဲတွင် ပိတ်မိနေခဲ့သည်။ သူ၏စိတ်စီးကြောင်းတို့သည် အဝေးသို့ မျောပါမသွားနိုင်ဘဲ အကြိမ်ကြိမ် ပြတ်တောက်ခဲ့ရသည်။ သူ့ကိုယ်သူ ကမ္ဘာမြေကြီး၏ ဆွဲငင်အားထဲ၌ ပိတ်မိနေသည့် အရာဝတ္ထုတစ်ခုနှယ် ထင်လာမိသည်။ သူသည် မနှစ်သက်လည်း ပြုံးပြရသည့် မျက်နှာကြီးကိုလည်းကောင်း၊ မပြောချင်လည်း ချီးပင့်ပေးရသည့် ပါးစပ်ကြီးကိုလည်းကောင်း မုန်းတီးလာခဲ့သည်။ သူသည် မသွားချင်လည်း သွားနေရသည့် ခြေထောက်တို့ကို နာကြည်းလာသည်။ မလုပ်ချင်ဘဲ လုပ်နေရသည့် အလုပ်တို့အတွက် လက်တို့ကိုလည်း မမြင်ချင်တော့ပေ။ သူ့ခန္ဓာကိုယ်ကြီးတစ်ခုလုံးတွင် သူ့ကို အနားလည်ဆုံးသည် သူ၏အတွေးတို့ပင်ဖြစ်သည်။ သူ မစားချင်ဘဲ စားနေခဲ့ရသည့် အစာတို့အတွက် အမြဲဆာလောင်နေသည့် ဝမ်းဗိုက်ကြီးကိုလည်း စိတ်ပျက်လာခဲ့သည်။ သူ၏ တစ်ကိုယ်လုံးသည် သူ မလုပ်ချင်သည့်အရာတို့ကို အမြဲပင် လုပ်ပေးနေကြသည်။

နောက်ဆုံးမှာတော့ သူ ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချလိုက်သည်။ သူသည် သူနှင့် အစစအရာရာ သဘောထားချင်း မတိုက်ဆိုင်သော အနီးကပ်ဆုံး လှောင်အိမ်နှင့် လမ်းခွဲရပေလိမ့်မည်။ သူသည် သူနှင့် ထပ်တူကျသော စိတ်ဝိညာဉ်တို့ခေါ်ဆောင်ရာ ကမ္ဘာသစ်သို့ လိုက်ပါသွားတော့မည်။ သူ ယခုနေသော ခန္ဓာကိုယ်ကြီးသည် ဟောင်းနွမ်းနေချေပြီ။ သူ နေထိုင်သော ကမ္ဘာသည်လည်း အတွေးအခေါ်ဟောင်းတို့ဖြင့် လွှမ်းခြုံကာ လတ်ဆတ်မှု မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

သူ့အတွက် အသစ်သစ်တို့ လိုအပ်နေချေပြီ။ သူသည် ပိုင်နိုင်သောဆုံးဖြတ်ချက်ကို ချမှတ်လိုက်နိုင်သည့်အတွက် သူ့ကိုယ်သူ ကျေနပ်သွားမိသည်။ သူ၏အတွေးသစ်တို့သည် သူ့ခန္ဓာကိုယ်မှအဟောင်းများကို ရဲရင့်စွာ စွန့်ထုတ်ပစ်လိုက်သည်။

❑

၅။

သေဆုံးစပြုနေသည့် ညသည် အေးစက်ခြင်း၊ တိတ်ဆိတ်ခြင်း၊ မှောင်မိုက်ခြင်းဟူသော လက်နက်များကို မချသေးပေ။ နာရီသံသည် တချက်ချက် ထွက်ပေါ်လျက် သူ့တာဝန်ကို ကျေပွန်လျက်ရှိသည်။ တစ်ညလုံး စုတ်ထိုးနေခဲ့သော အိမ်မြှောင်သည် ပင်ပန်းသွားခဲ့ပြီထင့်။ တကယ်တော့ ညကသာ သူ့ကိုမြင်နေခြင်းဖြစ်သည်။ နာရီသံကသာ သူ့ကို ကြားနေခဲ့ခြင်းဖြစ်သည်။ သူက ညကိုလည်း မမြင်နိုင်၊ နာရီသံကိုလည်း မကြားနိုင်တော့ပေ။ သူ့တစ်ကိုယ်လုံး ဖျော့တော့နေခဲ့သည်။ အသာအယာ မှိန်းနေခဲ့သည်ဟု သူ ထင်မိသော်လည်း မျောနေခြင်းသာဖြစ်သည်။ ကမ္ဘာသစ်သို့ ရောက်နေလေပြီလား သို့မဟုတ် ကမ္ဘာဟောင်းမှာပဲလား ဆိုတာ မသဲကွဲချေ။ ကမ္ဘာသစ်နှင့် ကမ္ဘာဟောင်းကို မည်သို့ခွဲခြားရမည်နည်းဟု တွေးနေမိသေးသည်။ အမှောင်သည် ကမ္ဘာဟောင်းဆိုပါက အလင်းသည် ကမ္ဘာသစ်ဖြစ်ပေလိမ့်မည်။ သူ့မျက်လုံးတို့ကို အားတင်း၍ ဖွင့်ကြည့်လိုက်သည့်အခါ ပတ်ဝန်းကျင်သည် မှောင်မိုက်လျက်ရှိနေပေသေးသည်။ ဘယ်လိုဖြစ်တာပါလိမ့်။ သူ့လက်ကောက်ဝတ်နားမှ တစစ်စစ် နာနေခဲ့သည်။ ခန္ဓာကိုယ်မှ သွေးဟောင်းတို့ ကုန်ခါနီးပြီဖြစ်သော ဤအချိန်တွင် ကမ္ဘာသစ်သို့ သူ မလွဲမသွေ ရောက်နေရပေလိမ့်မည်။ ကမ္ဘာသစ်သည် အဘယ်ကြောင့် သူ့ကို လင်းထင်းစွာ၊ ပေါ့ပါးစွာ မကြိုဆိုရသနည်း။ သူ့အမေးထဲမှာ သူ ပြန်ပိတ်ဆို့နေခဲ့မိသည်။ အဝေးမှ အလင်းတစ်စကို လှမ်းမြင်လိုက်ရသည်။ လတ်ဆတ်သော နေရောင်ခြည်ထဲ၌ သူ နေချင်မိသည်။ သို့သော် အလင်းတန်းများသည် သူ့နောက်မှာ တရိပ်ရိပ် ကျန်နေရစ်ခဲ့သည်။ သူ့ရှေ့မှာ အဖြူရောင် ငှက်လေးတစ်ကောင်ကို တွေ့လိုက်ရသည်။ သူ သွားချင်သည့် ကမ္ဘာသစ်ကို ထိုငှက်လေး သိပေလိမ့်မည်။ ငှက်ကလေးသည် အလင်းများရှိရာသို့ လွတ်လပ်ပေါ့ပါးစွာ ပျံသန်းသွားခဲ့သည်။ သူ အကြီးအကျယ် တုန်လှုပ်သွားခဲ့သည်။ ငှက်ကလေး ပျံသန်းသွားသည့်နေရာသည် သူ စွန့်ခွာခဲ့သည့် သူ၏ကမ္ဘာဟောင်း ဖြစ်နေခဲ့သည်။ ယခု သူသွားရာ အရပ်နှင့် ဆန့်ကျင်ဘက် ဖြစ်နေခဲ့သည်။ မဟုတ်ဘူး၊ မဟုတ်ဘူး။ မဖြစ်ရဘူးဟု အာခေါင်ခြစ်ကာ ဟစ်အော်လိုက်သော်လည်း အသံထွက်မလာခဲ့ပေ။ သူ၏စိတ်တို့သည် ထိုငှက်ကလေးနောက်သို့ ပြန်လည်လိုက်ပါနိုင်ရန် ကြိုးစားနေခဲ့ကြသည်။ သို့သော် မည်းမှောင်အေးစက်နေသည့် ပတ်ဝန်းကျင်သစ်တစ်ခုက သူ၏စိတ်ဝိညာဉ်တို့ကို နောက်ထပ်ကမ္ဘာဟောင်းတစ်ခုဆီသို့ ဆွဲခေါ်သွားခဲ့ကြသည်။ ■

ဥသြ၊ချယ်ရီမြေ၊

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



# သခင်ကြိုက်သူ

**မင်းသွေးငယ်**

ရာမညမြေ

တစ်ခုခုကို ဆုံးရှုံးရတော့မယ်ဆိုတဲ့
အသိစိတ်နဲ့ မျက်ရည်ပူတွေဝိုင်းပြီး
ယောက်ယက်ခတ်နေတဲ့ အိတုန်လေး
လူသံတွေကို ကြားနေရတယ်။ သူမုန်းတဲ့
သူတွေကိုလည်း မြင်နေရတယ်။
သူတို့တွေရဲ့ သေးကွေးလွတ်လပ်နေတဲ့
ခြေလှမ်းပိန်ပိန်တွေကို ငေးနေမိတယ်။
တောင်ဘက်ပြေးမလား၊
မြောက်ဘက်ပြေးမလား၊ အရှေ့လား၊
အနောက်လား။

❑

သခင်ရောက်လာတာနဲ့ အိတုန်လေး
အမြီးနန့်ပြမယ်၊ ပြီးတော့ ခန္ဓာကိုယ်ကို
ဇွေ့ယမ်းပြီး ကျီစယ်ပစ်မယ်၊ 'ကလူ၏သို့
မြူ၏သို့'ဆိုသလို လူမာယာ အဲလေ
ခွေးမာယာသုံးပြီး ချော့လိုက်ရင်
အသားကင်မွှေးမွှေး၊ လည်ပတ်
ဘရန်းနယူးလေး ထွက်ကျလာမှာကို
အိတုန်လေး သိတယ်။
အိတုန်က
နာမည်နဲ့လိုက်အောင် လှတယ်။
အညိုရောင်အမွေးပေါ် ကြဲပက်ထားတဲ့
ရွှေဝါရောင် အပြောက်လေးတွေနဲ့
ဝဝကစ်ကစ်မို့ အိအိတုန်တုန်လေး၊
ခြေလှမ်း လှမ်းလိုက်တိုင်း
ကုပ်တွဲကျနေတဲ့ အမွေးပွပွက မြင်သူ
ငေးရလောက်အောင် ချစ်စရာလေး၊
သခင်လိုချင်တဲ့ ပစ္စည်းမှန်သမျှ
ပါးစပ်လေးနဲ့ ပြေးကိုက်ယူပြရတာ
အမော။ သခင်အချော့ခံဖောက
ခပ်များများရယ်။

❑

၆ နှစ်သား အိတုန်လေးရဲ့
ကလေးဦးနှောက်နဲ့ရေးတဲ့
ဓာတ်ညွှန်းတိုင်းကို သူ့သခင်က
လူကြီးရင်ဘတ်နဲ့
ထထ, က,ပြရတာ အမော။
'အုဝု'လို့ ညုတုတုခရာတာတာ
လုပ်လိုက်ရင် သခင်က ရင်တမမနဲ့
သန်းခေါင်ကျော်နိုးလည်း
မောင်စိတ်မဆိုး၊ ထထ,ကြည့်ရတဲ့အမျိုး။
အိတုန်က ခွေးဘဝပေး
ကံကောင်းတယ်လို့ဆိုမလား



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အခြားခွေးတွေထက် နေရာထိုင်ခင်း၊ အစားအသောက်၊ အဝတ်အထည် အစစအရာရာ သာလွန်တယ်။

သူ့သခင်နဲ့ လမ်းလျှောက်ထွက်ရရင် ခွေးချင်းမပြောနဲ့ တခြားလမ်းလျှောက်တဲ့ လူအစစ်တွေကိုတောင် မတူမတန်သလို အချိုးမျိုး။ ဒါပေမဲ့ အိတုန်က ကလေးတွေကိုတော့ ချစ်တယ်။ အထူးသဖြင့် အိတုန်ရဲ့ အသွေးအမွေးကို တသသနဲ့ ချစ်တတ်တဲ့ ကလေးတွေကိုပေါ့။ ‘လှလိုက်တဲ့ခွေးကွာ’ ဆိုတဲ့ ကလေး၊ လူကြီးတွေရဲ့ တဖွဖွ ချီးမွမ်းသံကိုတောင် အိတုန် အရေထူနေပြီ။

‘ရွှေရောင်အပြောက်လေးကနည်းနည်း၊ တစ်ကိုယ်လုံး မည်းနက်နေတာက များပါတယ်ကွာ၊ ဘာများလှလို့လဲ’ လို့ ချိုးချိုးနှိမ်နှိမ်ပြောလာတတ်တဲ့ လူတချို့ကိုတော့ အိတုန်လေး မုန်းတယ်။ သခင့်အသက်အိုးအိမ်စည်းစိမ်အတွက်ဆို ကာကွယ်ပေးဖို့အသင့်။ ရန်ထောင်ပေးဖို့လည်း အဆင်သင့်။ အဲလောက်ထိ လိမ္မာတာ။ တစ်ခါတလေ သူ့ခြံရှေ့က ဖြတ်သွား ဖြတ်လာတတ်တဲ့ အနံ့နံ့ဟောင် ပိန်လိမ်နေတဲ့ အိမ်ခြေရာမဲ့ ခွေးဝဲစားတွေကို အိတုန် ရွံတတ်တယ်။

‘ဝုတ် ဝုတ် ဝူး’

‘ငါလိုဖြစ်ချင်ရင် ငါလို သခင်ကောင်းရအောင်လုပ်၊ သခင်ကိုချစ်တဲ့ သခင်ကချစ်တဲ့ သခင်ကံကောင်းတဲ့ ငါလို ခွေးမျိုး မင်းတို့ယှဉ်နိုင်ဖို့ ဆယ်နှစ် ဆယ်နှစ်’ ဆိုတဲ့ အပေါ်စီးက မျက်လုံးနဲ့ကြည့်

t wd/kefu
emmn feY
v kd fat mnf
v &W, f
t n ka&mnf
t ar ;ay:
Mlyu fk m;w bl
a&Ta&mnf
t ajymu fav ;aw eSY
00u pfu pf kY
t tl wd/kefv kefav ;
ajcv Sf
v Sfv kd fw kdf
u kyfw GGsaew bl
t ar ;GyGG
jr i fb l
ai ;&av mu fat mnf
cspfp&nav ;
o ci fv kdsfw bl
ypö fr eSb r Q
ygpyfav ;eY
ajy;u kd f jy&w m
t ar m

ပြီး ကြုံးဝါးပစ်တတ်တာ။ ရေလည်းမချိုး၊ အီးတွေလည်းပါ၊ ဖင်မဆေးခွေးတွေဆိုရင် အိတုန် မုန်းတယ်။ အိတုန်က အချိန်မှန်မှန် ရေချိုးပြီး ဝတ်စားကောင်းလှတွေနဲ့ သခင်က ဆင်ပေးတာကိုး။

ကောင်းကင်ကို ဖီလာတဲ့ ခွေးချင်းအတူတူ အိတုန်က တစ်မူးသာရမှ စားဝင်အိပ်ပျော်တယ်။ ခေတ်စကားနဲ့ဆိုရင် နန်းဆန်တယ်ဆိုပါတော့။ သူ့သခင်က လူချမ်းသာ အထက်တန်းစားစာရင်းဝင်၊ နက်မှောင် လက်ပြောင်နေတဲ့ ကားတွေကို ဟောတစ်စီး၊ ဟောတစ်စီး ထည်လဲစီးနိုင်သူ။ အရပ် ၅ ပေ၊ ၅ လက်မ အရပ်အမောင်းရှိတဲ့ ယောကျ်ားရင့်မာကြီးတွေတောင် မော်ကြည့်ရလောက်တဲ့ ကားမျိုးမှ ရွေးစီးတာ။

သခင်က အိတုန်လေးကို အပြင်ထွက်တိုင်း သူနဲ့အတူ ခေါ်နေကျဆိုတော့ သခင့် အရိုက်အရာတွေကို လေ့ကျင့်သားပြည့်ဝနေလေရဲ့။ သခင်ပေးတဲ့အရှိ၊ ခွေးတစ်ကောင်ရဲ့ အသိနဲ့ ပေးအပ်ခံစည်းစိမ်ကို ကျစ်လျစ်ပိရိအောင် နေသားတကျနေတတ်တာကိုက အိတုန်ရဲ့ အရည်အသွေးပါ။ အိတုန် မာန်တက်လည်း တက်ချင်စရာပဲလေ။

‘ဝုတ် ဝုတ် ဝုတ်’

ဒီလို အိတုန်လေး တူးတူးခါးခါး အဆက်မပြတ်ဟောင်နေပုံ ထောက်ရင် သေချာပါပြီ၊ ခြံနားမှာ ငှက်တစ်ကောင် နားနေပြီ။

‘တ ကူ ကူး ကူး’

အရင်ကဆို အိမ်ရှေ့နားက စိန်ပန်းပင်မှာ ချိုးလေးတွေ လာလာကူတတ်တယ်။ အိတုန်က ချိုးလေးတွေ ကူဖို့လာတိုင်း သူ့အရိပ် သူ့အပင်ကို အနင်းမခံ အနားမခံဘူး။ ချိုးလေးတွေ ကူသံကြားတိုင်း အိမ်ရှေ့ဆော့နေတဲ့ ကလေးတွေက ဝိုင်းအုံမော်ကြည့်ပြီး တခုတ်တရ နားထောင်တတ်ကြ၊ ချစ်တတ်ကြတယ်။

ဒီကလေးတွေထဲမှာ အိတုန်ကို အမာခံချစ်တဲ့ ကလေးတွေလည်းပါတယ်။ ချိုးကူသံ ကြားတာနဲ့ အိတုန် အလှကို ငေးနေရာက ကလေးတွေက ချိုးရှိတဲ့ အပင်မြင့်ဆီ အာရုံပြောင်းသွားပါလေရော။

‘ချိုးနှစ်ကောင် ထနောင်းပင်ညီနောင်က’ ဆိုတဲ့ ကျောင်းသင်ခန်းစာထဲက အလွတ်ကျက်နေရတဲ့ ချိုးထက် အပြင်မှာ အရှင်လတ်လတ်တွေ့ရတဲ့ ချိုးငှက်လေးတွေက အသံပိုပြီး ချိုမြနေလေတော့ ကလေးတွေ သဘောကျတာပေါ့။ နားဝင်ပီယံဖြစ်တာပေါ့၊ ကိုယ်တွေ့ခံစားလို့ရတာပေါ့။

‘မင်းတို့တစ်တွေ ငါ့အလှကိုပဲ ယစ်မူးရမယ်၊ ငါ့ဟောင်သံမှာ နာပျော်ရမယ်၊ ဘယ်အသံကိုမှ မတိမ်းညွတ်ရဘူး’ ဆိုတဲ့ မျက်လုံးနဲ့ ကလေးတွေကို အိတုန်ကြည့်တတ်တယ်။

‘ကူကူ’ လေးပဲ အော်ရုံရှိသေး အောက်ကနေ မော့ပြီး ‘ဝုတ် ဝုတ်’ ဆိုတဲ့ ဟောင်သံ၊ ဟစ်သံ၊ ညှစ်သံတွေနဲ့ အသံကီးအမြင့်ဆုံးတင်ပြီး ချိုးနားတဲ့ အပင်အောက်ကနေ ပတ် ပြေးရင်း ဟောင်နေတတ်တာ။ တစ်ခါတလေ ချိုးနဲ့ အိတုန် ဘယ်ကောင်က ပိုပြီး ခေါင်းမာလဲဆိုတာကို သခင်ဖြစ်သူက ဒိုင်လူကြီးလို ပြုံးပြီး မေးလေး တသပ်သပ်နဲ့ စောင့်ကြည့်နေတတ်သေးတယ်။

လမ်းသွားလမ်းလာတွေက အိတုန်ကို အမြင်ကတ်လို့ထင်တယ် အိမ်ရှေ့ရောက်ရင် ‘ကုကူ’ ဆိုပြီး ပါးစပ်ကလေးထဲ လက်ထည့်ပြီး အသံပေးတယ်။ ကြားတာနဲ့ ဟောင်ပြီးသားပဲ။ ဒါဟာ အိတုန်ရဲ့ မသိစိတ်က



www.burmeseclassic.com

www.burmeseclassic.com

အကြိမ်ကြိမ်ဆိုထားတဲ့ သစ္စာတရား၊ ချိုးကူသံ အတုအစစ် ခွဲမနေဘူး။

ခါတိုင်းဆို အသားညှပ်ပေါင်မုန့်၊ အသားကင်နဲ့သာ ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ အိတုန်လေးခမျာ ခုတလော မစားစဖူး အစားထူးဆိုသလို သခင်ဝယ်လာပေးတဲ့ အမဲသားစိမ်းတွေ ကြိုက်သော်ရှိ မကြိုက်သော်ရှိ စားရပြန်တယ်။

အိတုန်လေးကို သခင်မရှိတုန်းဖြစ်ဖြစ်၊ သွားရင်းလာရင်းဖြစ်ဖြစ် အခြားခွေးတွေ အနိုင်မကျင့်ဖို့၊ အခြားခွေးတွေ ရန်စလာရင်လည်း သွားထက်ထက်သွေးဆာဆာနဲ့ ပြန်ကိုက်တတ်ဖို့ သခင်က စေတနာနဲ့ ကျောသပ်လေ့ကျင့်ပေးတဲ့ ဘဝကာကွယ်ရေး သင်ခန်းစာကို အိတုန်တန်ဖိုးထား သင်ယူခွင့်ရခဲ့တယ်။

အိတုန်က မဟာဆန်တယ်၊ အထက်တန်းကျတယ်၊ အသားဆာချိန်များဆို အိမ်ရှေ့ဖြတ်သမျှ အလှူခံဘုန်းကြီးကအစ ဆင်းရဲသားများအလယ် စာပို့သမားအဆုံး အကုန်လုံးကို ရန်မူတတ်တယ်၊ ဟောင်တတ်တယ်၊ ကိုက်တတ်တယ်။

ဟိုတစ်နေ့ကဆို အိမ်ရှေ့က ကပိုကရိုဖြတ်လျှောက်တဲ့ အူတူတူ အတတပုံနဲ့ ကလေးမလေး တစ်ယောက်ကို မျက်နှာစိမ်းဆိုပြီး ကိုက်လိုက်သေးတယ်။ ကလေးမလေးကို ဆတ်ခနဲကိုက်ပြီး သခင့်အိမ်ထဲ တန်းမဝင်ဘူး။

အကိုက်ခံရတဲ့ ကလေးမထက် ရှေ့က ကြိုပြေးပြီး လမ်းကြားတစ်ခုထဲရောက်မှ ကိုယ်ရောင်ဖျောက်တယ်၊ တစ်အောင့်လောက်ကြာမှ သခင့်အိမ်ကို အိတုန်ရဲ့ မလွယ်ပေါက်လို့ခေါ်တဲ့ နောက်ဖေးပေါက်ကနေ အသာလေး ခြေဖွပြီး ပြန်ဝင်တယ်။ သခင်ကလည်း အလိုက်သင့် ဖွင့်ထားပေးတာ။ အိတုန်က အဲလောက်ထိ ပါးနပ်တာ။ သခင့်အပေါ် အများအပြစ်မဖို့စေဖို့ပေါ့။

'ရွှေဝါရောင် အကွက်လေးနဲ့ ခွေးညိုလေးက ဒီအိမ်ကလားရှင့်'

'ရာရာစစ စွပ်စွပ်စွဲစွဲ ဘယ်မှာလဲ ခင်ဗျားကိုကိုက်တဲ့ခွေး'

'ဒီအိမ်ရှေ့မှာကိုက်ပြီး ဟိုရှေ့ဘက်ပြေးသွားတာ တွေ့တယ်ရှင့်'

'ဒါဆို အရှေ့ဘက်လမ်းက ခွေးတွေနေမှာပေါ့။ အဲဒီကို အလျော်သွားတောင်းဟုတ်ပြီလား။ ကျုပ်ခွေးက လှောင်အိမ်နဲ့ထားတာ၊ စည်းနဲ့စနစ်နဲ့'

ဒီအသံကြားရင် အိတုန် အခန်းထဲမှာ မောဟိုက်ဇက်ပုပြီး ငြိမ်နေတတ်တယ်။

❑

သွားယားချိန်များဆို သတိထားပေတော့။ သူစိမ်းမပြောနဲ့ သူ့သခင်ရဲ့ စာအုပ်တွေကိုလည်း ကိုက်ဖဲ့ဖျက်ဆီးတတ်လို့ သခင်က စိတ်ဆိုးပြီး နီးစပ်ရာ စာအုပ်ထူထူနဲ့ ကောက်ပေါက်တာ ခံရဖူးတယ်။

ဒါကြောင့် အိတုန်ဟာ စာအုပ်တွေ့ရင် အလိုလို စိတ်နာနေတတ်တယ်။ စာအုပ်ကိုင်ပြီး စာဖတ်သူတွေ တွေ့ရင် အိတုန် အငြိုးနဲ့ ကိုက်တတ်တယ်။

'နိုင်ငံတော် အလှည့်အပြောင်းဆိုတဲ့ စာအုပ်လေး အသစ်ထွက်တယ်၊ ဒီအိမ်က ဆရာတို့ အားပေးပါဦး'

ဒီအသံကိုကြားကတည်းက စာအုပ်တစ်ပွေ့တစ်ပိုက်နဲ့ တစ်အိမ်ဝင်တစ်အိမ်ထွက် စာအုပ်လိုက်ရောင်းတတ်တဲ့ ကိုမောင်လှမှန်း အိတုန်အပါအဝင် အိတုန်တို့ ပတ်ဝန်းကျင်တစ်ခုလုံးက သိတယ်။

အဲဒီနေ့က ကိုမောင်လှခမျာ စာအုပ်အရောင်းကောင်းလို့ အိတုန်ကိုက်တာခံလိုက်ရသေး။ အဲဒီတုန်းက သွေးတွေများ ခဲပျစ်ယိုစိမ့်ထွက်နေတာ ကြည့်လို့တောင် မကောင်းဘူး။

ကိုမောင်လှဟာ တိုက်ပွဲမှာ ဘယ်ခြေတစ်ဖက်မိုင်းထိလို့ အငြိမ်းစားရထားတဲ့ အခြားအဆင့် တပ်မတော်သားဟောင်းတစ်ဦး၊ အခုက အကိုက်ခံရတာက ညာခြေ။

ခွေးကိုက်ရာကို သွေးထွက်နည်းအောင် လက်နဲ့ဖိထားလို့ရပေမဲ့ အိမ်က မိသားစုပါးစပ်နဲ့ ဝမ်းဗိုက် ပိန်ပိန်ကို ထပ်မဆာနဲ့ဆိုပြီး ကိုမောင်လှ ဖိထားလို့မှ မရတာ။ မလွှဲသာ မရှောင်သာမို့ အိတုန်သခင်က ခွေးကိုက်ခံရတဲ့ ကိုမောင်လှ ကျေနပ်အောင် မဝယ်စဖူးတဲ့ စာအုပ် ၃ အုပ်ကို အားပေးလိုက်သတဲ့။

'ခင်ဗျားက အတင့်ရဲတာကိုး၊ အိတုန်လေးက မရဘူးဗျ။ သွားအရမ်းထက်တယ်၊ နောင် ဆင်ခြင်ပေါ့ဗျာ။ ကျုပ်လည်း သွားစရာရှိသေးလို့ ခင်ဗျားကောင်းမယ်ထင်တဲ့ ၃ အုပ်ပေးခဲ့။ ရော့၊ စာအုပ်ဖိုး နည်းနည်းပိုတာ ဆေးဝယ်သောက်လိုက်ပေါ့ဗျာ'

အေးလေ။ အိမ် ၃၀ လောက်ဝင်မှ တစ်အုပ်တလေ ဝတ်ကျေတမ်းကျေ အကြည့်တွေနဲ့ အားပေးတာထက် တစ်ပြိုင်တည်း ၃ အုပ်အားပေးတယ်ဆိုတော့လည်း ကိုမောင်လှ ဖြေသာပါသေး၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်ပေါ့။

စစ်သားဟောင်းဆိုတော့လည်း ရေညှစ်မထွက်မယ့် ကျောက်တုံးရှေ့မှာ မျက်ရည်ခံထိုးနေမယ့်အစားအနာကို ဆန်လေးဝါးကြိတ်ထည့်၊ ပဋိဇီဝဆေးလေး နည်းနည်းဝယ်သောက်လည်း ပျောက်ပါတယ်ဆိုတဲ့ ယောကျ်ားမာန လေးက ရှိသကိုး။

ဆက်ရရင် အိတုန်မှာ နောက်ထူးခြားတာတစ်ခုက သူ့သခင်ဆီ အလည်လာတတ်တဲ့ မိတ်ဆွေတွေကို အကုန်အလွတ်ရတယ်။ ပါးနပ်လည်ဝယ်တဲ့ခွေးပေါ့။ သခင့်စီးပွားဖက်လို့ထင်ရတဲ့ ပြောင်ပြောင်ရောင်ရောင် ဝဝပုပုသမားတွေ၊ ခေါင်းမော့ရင်ကော့လျှောက်တတ်တဲ့ ပိုက်ဆံအိတ်ချိုင်းကြားညှပ်လာသူတွေ ငွေထုပ်လိုလို အဆင့်မြင့်တာချီကော့စ်မျိုးပါရင် လုံးဝမကိုက်၊ ဟောင်လည်း မဟောင်။

အပိုဆုအနေနဲ့ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com

ကလေးဝိုင်းပြီး လျှာလေး တသပ်သပ်နဲ့ မြေဝိုင်းအကလေး က,ပြီး အမြီးနန့်ပြနေတတ်သေးတယ်။ အခန်းထဲက ထွက်မလာသေးတဲ့ သူ့သခင်ကို ဧည့်သည်တွေ စောင့်ရကျိုးနပ်အောင် အပျင်းပြေဖျော်ဖြေတဲ့သဘောပေါ့။

ဧည့် သည် တွေ က လည်း "အိတုန်လေးအတွက်" ဆိုတဲ့ စကားဦးလေးသန်းပြီး အိတုန် သိပ်ကြိုက်တဲ့ ကြက်သား ဒံပေါက်လေးကို ချကျွေးသွားတတ်လေရဲ့။ ဒီအချိန်ဆို အိတုန်လေး ပါးစပ်စိုတာပေါ့။

အိတုန်လေးက အဆင့်မြင့်တယ်၊ စားမှမဟုတ် အိပ်လည်း ကြေး(ဂျီး)များတယ်။ သာမန်အိပ်ရာနဲ့ သိပ်ရင် တစ်ညလုံး မအိပ်ဘူး၊ ကလေးသိပ်တဲ့ ပုခက်အကောင်းစားလိုဟာမျိုးမှ ဇိမ်လေးလည်းပါမှ၊ အရှိန်လေးလည်းပါမှ၊ အောက်ခံခင်းလေးက ထူအိနေမှ၊ ဖြန့်ခင်းထားတဲ့ အခင်းကလည်း လှနေမှ၊ အရုပ်လေးတွေပါမှ။

ဒါကြောင့် သခင်ခင်းပေးထားတဲ့ ကျေးငှက်တောတောင် ရေမြေသဘာဝရှုခင်းလေး နောက်ခံထားတဲ့ အခင်းအိအိလေးပေါ် အိတုန် အိပ်ခွင့်ရတာပေါ့။

အိတုန်က ဗိုက်ဆာရင် ဒေါသထွက်တတ်တယ်၊ အကုန်ကုတ်ခြစ်ပစ်တာ။ ဒါကြောင့် သူ့အိပ်ရာခင်းက အရောင်တွေ ကွာကျနေပြီး တောတောင်ရှုခင်းရုပ်တောင် မထွက်တော့ပါဘူး။

❑

အိတုန်ကျောလေးမို့မို့ကို သခင်ဖြစ်သူက တဖွဖွသပ်နေပြီ။ အိတုန် သိနေတယ်။ သူ့သခင် ခရီးသွားတော့မယ်၊ သူ့ကို အစားအသောက် အစုံအလင်နဲ့ လာဘ်ထိုးပြီး ထားခဲ့မယ်ဆိုတာ။

သူ့သခင် VVIP ခရီးစဉ်ရှိလို့ နှစ်ပတ်လောက်ကြာမှာဆိုပဲ။ အိတုန်လေး ရိက္ခာအပြည့်နဲ့ အိမ်မှာ ကျန်ခဲ့ရမယ်။ အိတုန် နေတတ်ပါတယ်။ အရင်ကာလတွေလည်း နေဖူးနေတာပဲ မဆန်းတော့ပါဘူး။

ကံပဲဆိုးလား၊ ဒုက္ခမိုးပဲ ဇွေသလား မပြောတတ်ပါဘူး။ သခင်သွားပြီး ၅ ရက်မြောက်နေ့မှာ အိတုန်တို့နေတဲ့ လူကုံထံ ဆိတ်ငြိမ်ရပ်ကွက်က မီးလောင်ပါလေရော။ လျှပ်စစ်ဝိုင်ယာကြိုးပူးရာကထ,လောင်တယ်ဆိုပဲ။

ဆိတ်ငြိမ်ရပ်ကွက်က အခုတော့ ဆူနေပြီ။ လမိုက်ညဆို စလောင်းပုံးထုပြီး ရွာသားတွေ သရဲသဘက်မောင်းသလိုအသံမျိုးနဲ့ အိတုန်တို့ ခြံရှေ့နား လူအုပ်စုလိုက် ဝရုန်းသုန်းကား အသက်လုပြေးနေကြတာ အိတုန် မြင်နေရတယ်။

ကလေးတွေ ရော လူကြီးတွေပါ ငိုသံယိုသံ အော်သံခေါ်သံတွေ ဆူလို့၊ ပူလို့၊ စုံလို့၊ ပုံလို့ပေါ့။ ဟိုဘက် တိုက်တွေနား အမေဇုန်မျောက်လို ပဋ္ဌလက်ဆန်ဆန် ခုန်ကူးနေတဲ့ မီးညွန့်ကို အိတုန်လေး ဆွံ့အ,ပြီး လှမ်းကြည့်နေမိတယ်။

အိတုန် ပူလာတယ်၊ ရင်ထဲအပူလား အပြင်ကအပူလား အိတုန်လေး ဝေခွဲမရ။ ကြည့်နေရင်းက အိမ်နောက်ဖေးခန်းဘက်ကို ဦးတည်နေတဲ့ မီးကိုမြင်တော့ အိတုန် ခြေလှမ်းလေး ဆုတ်ကာဆုတ်ကာ အမွေးလေးထောင်၊ ခေါင်းလေးပုပြီး ရှောင်တယ်၊ ခွာစစ်ဆင်တယ်။

"မာမီ၊ ဟို အမွေးပွခွေးလေးရှိတဲ့ အိမ်တောင် မီးကူးနေပြီ"

"ဟုတ်ပ၊ အိမ်တံခါး သော့ခတ်ထားတာဆိုတော့ ခရီးသွားတာနေမှာပေါ့အေ"

"အကြီးမ၊ စကားများမနေနဲ့၊ မြန်မြန်ပြေး၊ ညည်းမောင်လေးကို သေချာချီထား"

အိမ်နောက်ဖေးနားက သားအမိနှစ်ဦး ပြေးလွှားအော်ဟစ်သံ အိတုန်ကြားနေရတယ်။

သူတို့နောက်မှာတော့ သခင်နဲ့ မနက်လမ်းလျှောက်ထွက်တိုင်း အိတုန်ကို လည်ပြန်ငေးပြီး အထင်ကြီးတတ်ကြတဲ့ ပိုင်ရှင်မဲ့ အောက်တန်းစား ခွေးလေခွေးလွင့်တွေ ပြေးလိုက်နေတာ တွေ့ရတယ်။

အိတုန် မျက်ရည်တွေ စုလာတယ်။ သူတို့လေးတွေရဲ့ သေးကွေးလွတ်လပ်နေတဲ့ ခြေလှမ်းပိန်ပိန်တွေကို ငေးနေမိတယ်။

တောင်ဘက် ပြေးမလား၊ မြောက်ဘက်ပြေးမလား၊ အရှေ့လား၊ အနောက်လား။

"ဝူ ဝူ ဝူ အူ ဝူး"

"အူး"

အိတုန် ရှိတဲ့အား၊ မြနေတဲ့ သွားတွေနဲ့ ခတ်ထားတဲ့ အိမ်တံခါးကို အတွင်းကနေ ကိုက်ခဲကုတ်ခြစ်နေတယ်။ ဖုန်းတွေထားတဲ့ စားပွဲပေါ်တက်တယ်၊ ပြန်ဆင်းတယ်၊ ဖိနပ်စင်ဘက်နမ်းတယ်၊ ခေါင်းရင်းဘက် ပြန်ပြေးတယ်။ ပြတင်းပေါက်ရှိရာဘက် မော်ကြည့်တယ်၊ အပေါ်ထပ်အောက်ထပ် ခေါက်တုံ့ခေါက်ပြန်။

အိတုန် ပူသထက် ပူလာတယ်။ အပေါ်ထပ် အောက်ထပ် ငရဲလွှာနှစ်ထပ်ကြား ဆန်းဝစ်ချ် အသားတစ်ချပ် အညှပ်ခံထားရသလိုမျိုး။

❑

၄ နာရီကြာ အရှိန်ပြင်းပြင်းနဲ့ ထင်တိုင်းကြဲလောင်ခဲ့တဲ့ မီးတွေ ငြိမ်းသွားပြီ။ စောစောက တပူပူတဆူဆူ မီးသတ်သမား၊ မီးသတ်ကားတွေအသံလည်း ငြိမ်သွားပြီ။ မိကျောင်းဆိုးတစ်ကောင် ဖြတ်ကူးလို့ သွေးဆူဗွက်ထသွားတဲ့ ရေကန်ဟာ ပြန်ပြီး အနည်ထိုင် ငြိမ်သက်နေသလိုမျိုး။

သက်ဆိုင်ရာက ရှင်းလင်းအပြီး ဝဖီးပြောင်ရောင်နေတဲ့ အိတုန်လေး အလောင်းကို တူးချစ်နေတဲ့ မီးလောင်ရာတွေနဲ့ တွေ့ရတယ်။ သူ့သခင်ပြန်လာရင် ဘယ်လောက် ဝမ်းနည်းလိုက်မလဲနော်။

ဒီအချိန်မှာ အိတုန်လေးရဲ့ အလောင်းကို လမ်းတကာဝင်၊ မြောင်းတကာထွက် သခင်မဲ့၊ အိမ်ခြေရာမဲ့ ဖက်ခွက်စား ခွေးပိန်လေးတစ်စုက ကရုဏာသက်ပြီး ကြည့်နေလေရဲ့။ ■


**မင်းသွေးငယ်**၊ရာမညမြေ၊



www.burmeseclassic.com

www.burmeseclassic.com

# ရေကြည်ရေအေးမှာ ဆောင်းချင်း



WIN IZ ZUDIA

၁။

နေက အတန်ပူသည်။ မနန္ဒာက နဖူးမှ စီးကျလာသော ချွေးတို့ကို လက်ကိုင်ပဝါအဖြူလေးနှင့် အသာသုတ်လိုက်လေ၏။ ဖုန်အလိမ်းလိမ်းကပ်နေသောကြောင့် လက်ကိုင်ပဝါတွင် ညစ်ထေးထေးဖြစ်သွားသည်ကို ကြည့်ပြီး မနန္ဒာ ပင့်သက်ကို အသာချသည်။ ထို့နောက် မနန္ဒာသည် တောင်မှမြောက်သို့ ဖြောင့်တန်းနေသော ပုထိုးတော်ကြီး လမ်းမကို



www.burmeseclassic.com

www.burmeseclassic.com



မျှော်ကြည့်သည်။ မျက်လုံးကို အဝေးကြည့် မှန်ပြောင်းကဲ့သို့ အသုံးပြု၍ မြင်ကွင်းအစုံကို ချုံကြည့်သောအခါ ချယ်ရီနုရောင် ပန်းပွင့်ပန်းခက်များသည် လမ်းမထက်တွင် လေကူ၍ လွင့်နေသကဲ့သို့ရှိ၏။ အခြားမဟုတ်ပေ။ ကြီးကြီးငယ်ငယ်အရွယ်စုံသော မနန္ဒာကဲ့သို့ သီလရှင်ထုကြီးပေတည်း။ မှန်ပါသည်။ သည့်အရင်ရက်များက အတန်သာစည်ကားလေ့ရှိသော ပုထိုးတော်ကြီး လမ်းမသည် ယခုဖြင့်



www.burmeseclassic.com

www.burmeseclassic.com

သီလရှင်ဆရာလေးများ အပါးရေထောင်ကျော် ရောက်ရှိနေသောကြောင့် တစ်လမ်းလုံး ချယ်ရီရောင် ပြေးနေပေသည်။ မနန္ဒာက ဘဝတူ ဆရာလေးများကို အားငယ်သည့်ကြားက တစ်ချက်မျှ ငေးကြည့်မိသည်။ ခြေထောက်တွေက ဖုန်အလိမ်းလိမ်းနှင့် ဖြစ်ကာ အချိန်ကြာ ရပ်နေရသဖြင့် တောင့်တင်းနေသည်။ ဆရာလေးများဖြင့် ပြည့်နှက်နေသော မန်ကျည်းပင်ကြီးများ အောက်တွင် မနန္ဒာအဖို့ ထိုင်စရာ ရှာကြည့်မိသည်။ တွေ့ပြန်တော့လည်း ဖုန်တသောသောနှင့် မြေပြင်မို့ အုတ်ခဲကျိုး ခု၍ ထိုင်ရပြန်၏။ တောင်မှမြောက်သို့၊ မြောက်မှတောင်သို့ တလှုပ်လှုပ် တရွရွ သွားနေကြသော ဆရာလေးထုသည် အလွန် များပြားလှပေသည်။ မနန္ဒာသည် များပြားလှသော ဆရာလေးများကိုကြည့်ကာ ချစ်ချစ်တောက်ပူနေသောနေရောင်ကို မုန်းမိလေသည်။ မနန္ဒာ၏ ဘေးတွင် မိုးတိုးမတ်တတ်ရပ်ရင်းက မျက်လုံးတွေကို ရှုံ့ထားသော မထေရကို ကြည့်မိပြန်သည်။ မထေရ၏ နဖူးမှ ချွေးတို့သည်ကား နဖူးမှ စီးကျရုံသာမက လည်ပင်းတစ်လျှောက် ရွဲစိုနေတော့သည်။

"ဘယ်တော့စလှူမတဲ့လဲ မထေရရေ၊ တပည့်တော်တော့ ရေတောင်ဆာလာပါပြီ"

reEmo n f
awmf Sjrnu b M
ajznmfw efaeao m
yk hawmB D
v rfru M
ar GMn b n f
rsu f/ kd kd
t a0;Mn h
r Sajymfu b M
t o kjyK
jri fu Gt pkd kd
jcMn fao mt cg
cs &Ea&mf
yefyGnefcu f
rsm,o n f
v rfrx u fwG
av u l
v iGaeo u b M
&S

မထေရဝတီက ဝါအားဖြင့် မနန္ဒာထက် ကြီးသူဖြစ်သည်။ အသက်အားဖြင့်မူ မနန္ဒာ၏ ညီမလေးအရွယ်။ မျက်လုံးကလေးများက အစဉ်နက်ရွဲနေတတ်သူဖြစ်ရာ မနန္ဒာက ညီမငယ်လေးသဖွယ် ချစ်ခင်ရသူဖြစ်သည်။

"အရင်နှစ်တွေကတော့ ဆယ်နာရီလောက် စ,လှူတာပါပဲ။ အခုက ဘယ့်နှယ်ဖြစ်သလဲ မပြောတတ်တော့ပါဘူး။ အခုထိ ဘာအရိပ်အယောင်မှလည်း မတွေ့ဘူး"

မနန္ဒာသည် လမ်းမပေါ်တချို့၊ သစ်ပင်တွေအောက်တချို့နှင့် မိမိတို့ကဲ့သို့ တွေးနေမည်ဖြစ်သော ဆရာလေးတို့ကို ကြည့်သည်။ ဤသီလရှင်အပေါင်းသည် ပုထိုးတော်ကြီးနှင့်ကပ်လျက် ဘုန်းကြီးကျောင်းမှ ဆရာတော်ဘုရား၏ နှစ်စဉ်ပြုလုပ်မြဲဖြစ်သော ဆွမ်းဆန်လောင်းလှူပွဲသို့ ကြွလာကြခြင်းဖြစ်သည်။ တချို့က စစ်ကိုင်းဘက်မှ၊ တချို့က ရွှေဘိုဘက်ဆီက၊ သည်အနီးအနားတစ်ဝိုက်သာမက မန္တလေးတိုင်းအတွင်း နီးစပ်ရာမြို့များဆီမှလည်း ပါသည်။ ဆွမ်းဆန်ဟုဆိုသော်လည်း ဆွမ်းဆန်သာမက ဝတ္ထုငွေနှင့် သီလရှင်သုံးပစ္စည်းကလေးများကိုလည်း လှူသည်။ သင်္ကန်း၊ ဆီ၊ ဆေး၊ ထီး စသည်ဖြင့် စုံစုံလင်လင်ပါတတ်သည်။ ခက်ခက်ခဲခဲ သာသနာပြုကြရသော ဆရာလေးများအဖို့ သည် အလှူသည် မက်စရာဖြစ်သည်။ သာသနာ့နွယ်ဝင်ဖြစ်လျက် ဤမျှတွက်ဆရသလောဟုဆိုလျှင် ထိုလူကို မနန္ဒာ သီလရှင် ခေတ္တခဏမျှ လုပ်ကြည့်စေချင်သည်။ မှန်၏။ ဆွမ်း၊ ကျောင်း၊ သင်္ကန်း၊ ဆေး ဟူသော ပစ္စည်းလေးပါးသာမက အရာရာကို ဆွမ်းဆန် အလှူခံသည့်ဝတ္ထုငွေနှင့်သာ သာသနာပြုရသော ဘဝသည် မြင်ရသည်ထက် ပိုခက်ပါ၏။ လောဘသည် သတ်ရမည့်တရားမှန်ပါ၏။ သို့သော် လောဘဟူသည်က ပိုပိုလျှံလျှံဖြစ်နေသောအရာ၊ တစ်နည်းအားဖြင့် ပြောရပြန်တော့ မတော်လောဘ။ မတောင့်တအပ်သည့် အလိုဆန္ဒများဟု မနန္ဒာ ထင်၏။ သည်လိုဆိုတော့ မနန္ဒာတို့တွင် မပို။ လိုသည်သာရှိ၏။ လိုအပ်သည်ကိုမှ ရှာရဦးမည်သာဖြစ်သည့် မနန္ဒာတို့သည် အမှန်စင်စစ် ပုထုဇဉ်မျှသာ ဖြစ်သေး၏။ မနန္ဒာက သာသနာ့ဘောင်ရောက်သည်မှာ မကြာသေး။ တစ်နှစ်ပင် မပြည့်တတ်သေး။ ထို့ကြောင့် ယခု ဆွမ်းဆန်အလှူပွဲသည် ပထမဆုံးအတွေ့အကြုံလည်း ဖြစ်သည်။ မနက်က မနန္ဒာတို့ စောစောအိပ်ရာထကြရသည်။ ပုထိုးတော်ကြီးကို အလှူခံကြွရေး သည်နေ့အဖို့ ပြုနေကျ အဖိတ်ဆန်တစ်ရက်ကို လက်လွှတ်လိုက်ကြရသည်။ နံနက်စောစောတွင် ဘုရားဝတ်ပြုပြီးနောက် ဆွမ်းကြမ်းကို ရှိသည့် ဟင်းနှင့်ပင် ဖြစ်သလို စားကြကာ ပုထိုးတော်ကြီးကိုကြွဖို့ ပြင်သည်။ ပြင်သည်ဆိုသော်လည်း အထွေအထူးမရှိလှ။ ထီးတစ်လက်စီနှင့် သင်္ကန်းဖြင့်ချုပ်သော အိတ်တစ်လုံးစီ ယူရုံကာ ကျောင်းမှ ထွက်ကြသည်။ မနန္ဒာတို့ကျောင်းသည် မန္တလေးမြို့အဝင် ရန်ကုန်-မန္တလေးလမ်းမကြီး ၏ဘေးတံခွန်တိုင်အရပ်တွင် ဖြစ်ရာ ပုထိုးတော်ကြီးနှင့် အတန်လှမ်းသေး၏။ မနန္ဒာတို့အဖို့မူ အကြောင်းမထူးလှ။ သည့်ထက်လှမ်းသည့် ခရီးပေါင်းများစွာကိုပင် ခြေလျင်ကြွဖူးပေါင်း များလှပြီ။ အင်အားစိုက်ထုတ်၍ ရနိုင်ပါလျက်နှင့်တော့ မနန္ဒာတို့အဖို့ အပိုငွေကုန်၍မဖြစ်။ သက်သောင့်သက်သာနှင့် ကိုယ့်ကိုယ်ကို ညှာရသောအဖြစ်ကို မနန္ဒာတို့ စွန့်ခဲ့ကြပြီးပြီမဟုတ်လော။ ❑

၂။

မနန္ဒာသည် ရေဆာလွန်းသဖြင့် ရေအိုးစင်ရှိလိုရှိငြား လိုက်ရှာကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် မည်သည့်ရေအိုးစင်မှ မတွေ့သောအခါ မထေရကို မော့ကြည့်ရင်း-

"အရှင်ဘုရား နေ့တစ်ဝက်တောင်ကျိုးတော့မယ်၊ ဒီကနေ့မှ ဟုတ်ရဲ့လား မသိဘူး။ ဘာပဲဖြစ်ဖြစ် တပည့်တော်တော့ ရေရောဆွမ်းရောဆာပြီဘုရား၊ ဟိုလက်ဖက်ရည်ဆိုင်ထဲ တစ်ခုခု စားကြရအောင်လား"

မနန္ဒာ့စကားကို မထေရက ခေါင်းညိတ်ပြလေသည်။ မနန္ဒာတို့ လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်ကြသည်။ ဆိုင်ထဲတွင် ဆရာလေးများ၊ အခြားစားသောက်သူများနှင့်ပြည့်နေရာ နေရာမရသဖြင့် ရပ်နေကြရပြန်၏။ ပုထိုးတော်ကြီးလမ်းမပေါ်ရှိ အသုပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် အခြားတိုလီမိုလီဆိုင်ကလေးများအားလုံးလိုလို ဆရာလေးများဖြင့်ပြည့်နေသည်။ မနန္ဒာသည် နှစ်ပေခန့်ကျယ်သော ဒယ်အိုးကြီးတွင်း ထည့်ကြော်နေသော မုန့်ဝိုင်းကြီးများကို ငေးကြည့်နေမိသည်။ မုန့်ဝိုင်းကြီးများက နီနီရဲရဲ၊ အတန်လည်းကြီးသည်။ သည်မုန့်နှင့်ဆိုလျှင်တော့ ဗိုက်ပြည့်တန်ကောင်းရဲ့ဟု တစ်ဆက်တည်း တွေးမိသည်။ တစ်ခါမျှ မစားဖူးသဖြင့် ဘယ်လိုရှိမည်တော့မသိ။ ဗိုက်ပြည့်ဖို့သာ အဓိကမို့ မထေရအတွက်ပါ မုန့်ဝိုင်းကြီးနှစ်ခုမှာကာ ဘုဉ်းပေးကြသည်။ အမြင်သာလှပြီး အရသာမှာ ကြမ်းလှပေသည်။ ဝ,တာ၊ မဝ,တာ အပထား၊ ကုန်အောင်စားနိုင်ဖို့ မလွယ်သော မုန့်ပင်တည်း။

onfh&if
&uf fsm,u
t webm
pnfu mav 8S6b m
yk kd
awrB Drf onf
, ckzifh
o D &Sf
q &nav ;r sm,
t yga&
ax ninfau snfh
a&nu 8Seao m
aMninfh
w pfv r fv kH
cş 8aD&ninf
ajy;aeayo nf

မထေရကို ကြည့်တော့ မှားပြီဟူသော အကြည့်ဖြင့် ပြန်ကြည့်နေတာကို မြင်ရသည်။ မည်သို့ပင်ဆိုစေ ဗိုက်တင်းဖို့အရေးသာ အဓိကမို့ ထိုမုန့်ကိုပင် ရေနွေးကြမ်းဖြင့် မျှောချကြလေသည်။ အခြားဆရာလေးအပေါင်းတို့မှာကား မုန့်ဟင်းခါးသောက်သူသောက်၊ လက်ဖက်ရည်နှင့်မုန့် စားသူကစားနှင့် နီးရာဆိုင်မှာသာ ရရာတို့ကို ဘုဉ်းပေးနေကြလေသည်။ မနန္ဒာသည် နင်ဆို့ဆို့ဖြစ်လျက်ရှိသော လည်ချောင်းတွင်းသို့ ရေနွေးကြမ်းမျိုချရင်း ဪ…အရှင်ဘုရားတို့ကား ငွေပေါကြသူများဖြစ်မည်ဟု တွေးမိလေသည်။

❑

လမ်းနှင့် ဆိုင်နှင့် မမျှတသော ဆရာလေးထုသည် ဟိုနားတစ်စု၊ သည်နားတစ်စုဖြင့် အလှူခံပင့်မည့်အသံကို နားစွင့်လျက်ရှိကြသည်။ မနန္ဒာက ဖုန်များဖြင့် ညစ်ထေးစပြုပြီဖြစ်သော သင်္ကန်းကိုရော၊ ခဏအတွင်း အမှိုက်မျိုးစုံပြန့်ကျဲသွားသော လမ်းမကိုရော ငေးကြည့်နေမိသည်။ မျှော်လင့်ချက်များနှင့် အားခဲလာကြသော မျက်နှာများမှာ ယခုမူ ညှိုးမှိုင်းစပြုပြီ။ မွန်းလွဲလာပြီးသည့်နောက် အချို့ဆရာလေးများသည် တစ်ခုခုလွဲမှားနေသည်လားဟု သံသယဝင်စပြုပြီ။ မထေရ၏မျက်နှာလေးသည် အလွန်အမင်း နွမ်းနယ်နေသည့်ဟန်ပေါ်လျက် ရှိသည်။ မြင့်မားသမျှ ထုထည်ကြီးမားလှသော ပုထိုးတော်ကြီး၏ အုတ်ရိုးကြီးများကိုကြည့်ကာ မနန္ဒာလည်း ဝေခွဲမရ။ ဘာဖြစ်သနည်း။ ဘာတွေလွဲရလေသနည်း။ အတွေ့အကြုံနုသူမို့ ပို၍မစဉ်းစားတတ်။ သို့သော် မနန္ဒာက အကြီး။ မထေရ၏လက်ဖဝါးကလေးများကို အသာဖျစ်ညှစ်ရသည်။ ထို့နောက် မောလျှလွန်းစွာ လမ်းမကိုငေးသည်။ စိတ်တွင်းမှ အားငယ်မှုသည်ကား တလူလူလွင့်နေသော အမှိုက်များကဲ့သို့ ဆောက်တည်ရာမဲ့ ပြေးလွှားလျက်ရှိသည်။ ထို့နောက် ခြေထောက်တွေ တောင့်တင်းလွန်းသဖြင့် အုတ်ခဲကျိုးပေါ် ပြန်ထိုင်ချမိပြန်သည်။ ထိုစဉ်…။

"နောက်တာတဲ့ ဗျို့၊ အရင်နှစ်က ကြေညာနေကျအတိုင်း အုတ်နံရံပေါ်မှာ လူတစ်ယောက်က စ,နောက်ပြီး ရေးထားခဲ့တာတဲ့။ အမှန်က ဒီနှစ် ဆရာတော်ဘုရားက ကျောင်းမှာ မရှိဘူးတဲ့"

ပုထိုးတော်ကြီး ဘုရားမုခ်ဦးဆီမှ လူတစ်ယောက်၏ အော်သံကို မနန္ဒာတို့ ကြားရသည်။ မျှော်လင့်လက်စဖြင့် နေရာမှမခွာသေးသော သီလရှင်များမှာ ထိုအသံကြောင့် ဟင်ခနဲ ဖြစ်ကုန်ကြသည်။ မနန္ဒာသည် ရုတ်ခြည်း နားမလည်။ အခြေအနေကို မတွေးတတ်အောင် ဖြစ်နေသည်။

"ခက်တာပဲ မနန္ဒာရယ်၊ ကြံကြံဖန်ဖန် ဒါမျိုးကို နောက်ရသတဲ့။ လူတွေခက်လိုက်ကြတာ"

အနီးရှိ မထေရက ညည်းညူရင်း ပြောရှာသည်။ မနန္ဒာသည် တစ်ချိန်လုံး မျှော်မောရထားသောစိတ်ကို ဟူးခနဲ လွှတ်ချလိုက်သည်။ နောက်သတဲ့။ နောက်ပြောင်မှုတစ်ခုတဲ့။ အနယ်နယ်အရပ်ရပ်က ကြွလာကုန်ကြသော သီလရှင်လေးများသည် မည်သူမည်ဝါမှန်းမသိသော လူတစ်ယောက်ရဲ့ ကျီစယ်ခြင်းကိုခံကြရသတဲ့။ ပုထိုးတော်ကြီး၏ နှစ်စဉ်ပြုမြဲဖြစ်သော ဆွမ်းဆန်အလှူကုသိုလ်ရှင် ဆရာတော်သည် မြန်မာနိုင်ငံတွင် မရှိ။ ခရီးထွက်တော်မူနေသည်ဟု ဆိုသည်။ ဒီတော့ ယခု မနန္ဒာတို့လာကြရသော အလှူဖြစ်စဉ်လည်း မရှိ။ သို့သော် ဒီနေ့ ဒီရက်တွင် ပြုလုပ်မြဲအလှူကို လူတစ်ယောက်က ကျီစယ်



www.burmeseclassic.com

www.burmeseclassic.com

သောအားဖြင့် လမ်းမကြီး၏ဘေး အုတ်နံရံတစ်လျှောက်တွင် ရေးခဲ့ခြင်းဖြစ်သည်။ လုပ်မှလုပ်ရက်လေသည်ဟုသာ မနန္ဒာ တွေးရသည်။ ရက်စိတ်၊ အားငယ်စိတ်၊ နုနယ်သေးသောဝါကြောင့် ပေါ်ရသောခံပြင်းစိတ်တို့သည် မနန္ဒာကိုယ်တွင် ခဏအတွင်း မင်းမူလျက်ရှိသည်။ မထေရကမူ စိတ်မကောင်းသောလေသံကလေးဖြင့်-

"ဒီကိုမလာဘဲ အဖိတ်ဆန်ပဲထွက်ခဲ့မိရင်ကောင်းမှာ" ဟုသာ ဆိုရှာသည်။

❑

၃။

ယာဉ်မျိုးစုံ ဖြတ်သန်းမောင်းနှင်လျက်ရှိသော ပေလမ်းမဘေးတွင် မနန္ဒာနှင့် မထေရတို့က ဖြည်းဖြည်းမှန်မှန် လျှောက်လာကြသည်။ အချိန်က ညနေသုံးနာရီခန့်။ အသားရောင်ကို ဖုံးလျက်ရှိသော ဖုန်တွေက ဖိနပ်ကိုပင် မမြင်ရတော့။

အင်း… မန္တလေးမှာက ကတ္တရာနှင့် ကွန်ကရစ်လမ်းမမှလွဲလျှင် ဖုန်ထူလှသောမြို့ဖြစ်သည်။ လျှောက်ရင်း ဝမ်းကလည်းဟာသည်။ အမြင်လှ၍ အရသာကြမ်းလှသောမုန့်သည် ယခုမူ ဘယ်ချောင်ကပ်လေသည်မသိ။ ဗိုက်ကဆာလှသည်။ ခြေလှမ်းများပင် ယိုင်လုလုဆာသည်။ မနန္ဒာသည် အလာတုန်းက ကျောင်းနှင့် ပုထိုးတော်ကြီးကို ဤမျှဝေးသည်မထင်။ ယခုမူ ရောက်ခဲလေခြင်းဟု ထင်သည်။ အလာတုန်းကတော့ နံနက်ခင်း။ နိုးစသစ်စ မျှော်လင့်ချက်များလည်း သစ်လွင်တတ်သောအချိန်မို့ ထင်သည်။ ဒီနေရာ၊ ဒီခရီးကို မပင်ပန်းဘဲ ရောက်ခဲ့ကြသည်။ ယခုကား ဝေးလိုက်လေခြင်း၊ မောလိုက်လေခြင်း၊ လာမိတာမှားလိုက်လေခြင်း၊ တင်းထားသမျှစိတ်ကို လျှော့ရသည်ပင် အားငယ်လိုက်လေခြင်း။ လမ်းဘေးကပ်လျှောက်နေသော မနန္ဒာတို့နှစ်ပါးကို ကျော်တက်မောင်းနှင်သွားသောယာဉ်များ၏ မီးခိုးတလူလူထုတ်လွှတ်ခဲ့သောလေငွေ့ကို ရှူရသည်ပင် အသက်ရှူရခက်လှသည်။ တစ်ပါးနှင့်တစ်ပါး စကားမဆိုမိကြ။ ဆိုဖို့လည်းမလို။ ဆိုလည်း မဆိုချင်။ မထေရကမူ သင်္ကန်းအိတ်ကလေးကို ချိုင်းကြား ပြင်ညှပ်လိုက်ရင်း အသာပင် ပြုံးလိုက်သေးသည်။

þ
oD&Sf
t aygifo nf
yk ;aw mB ;DESh
u yfv su f
b ef;B ;au snf;r S
q &naw mf
b &m;\
ESpOf
jyK kjr jzpfao m
q Gfq ef
av m;fv ByGM
ta v nMjci f
jzpf nf

"တပည့်တော်တို့ ဆရာကြီးက ပြောဖူးတယ်။ တစ်ဖွန်းဆန်၊ တစ်ဖွန်းဆန်နဲ့ ကျွမ်းပြန်အောင်လျှောက်ကြရတာကလားတဲ့"

မထေရကလေးက ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး-

"ကျွမ်းပြန်တာတော့ ပြန်တာပေါ့လေ။ ဒီအတိုင်းဆိုတော့လည်း ကျွမ်းပြန်အောင်လျှောက်ရတဲ့ ဆွမ်းဆန်ကမှ သေချာသေးရဲ့မဟုတ်လား။ အရှင်ဘုရားတော့ မသိဘူး၊ တပည့်တော်တော့ သံဝေဂရမိတယ်ဘုရား။ အချောင်လိုချင်စိတ်များ တယ်ရှက်ဖို့ကောင်းတာပါပဲလားလို့လည်း တွေးမိတယ်။ တကယ်တော့ ဘယ်သူမပြု မိမိအမှုပါပဲ။ မိမိအမှု တပည့်တော်တို့အမှုပေါ့လေ"

မနန္ဒာက နားလည်စွာခေါင်းညိတ်သည်။ မှန်သည်။ ဒါက အမှန်ဖြစ်သည်။ မထေရသည် မနန္ဒာထက် အမှန်ကို မြင်လွယ်သူတည်း။ ကပ်ပြီးမောင်းလာသောဆိုင်ကယ်ကို မနန္ဒာ လမ်းဘေးကပ်ရှောင်ရင်း-

"တပည့်တော်စိတ်ထဲတော့ တစ်မျိုးကြီးဘုရား၊ ဒီလောက်တောင်နောက်စရာရှားသလားလို့လေ"

"အဲဒီလို မတွေးပါနဲ့ အရှင်ဘုရားရယ်၊ တပည့်တော်တို့က လိုချင်လောဘဖြစ်မိတာကိုး။ အဲဒီဒကာကတော့ ဒီလောက်ထိဖြစ်မယ်မထင်လို့ နောက်တာနေမှာပေါ့လေ"

မနန္ဒာက ဆယ်ဝါမကတော့ပြီဖြစ်သော မထေရကို ငေးကြည့်မိသည်။ မထေရသည် ဘာကိုမှ အပြစ်မမြင်တတ်။ ကြံဖန်ခွင့်လွှတ်တတ်သူဖြစ်သည်။ နက်ရှိုင်းတောက်စိုနေသော မျက်လုံးအစုံတွင် နူးညံ့မှုကို အစဉ်တွေ့ရတတ်သူဖြစ်သည်။ မနန္ဒာကတော့ လှချင်ပချင်၊ ရချင်လိုချင် ရသလောက်ယူတတ်သောဘဝမှ ရသလောက်နှင့် ရောင့်ရဲတော့မည်ဟု ဆုံးဖြတ်မိသည်မှာ ဘာမျှမကြာသေး။ မနန္ဒာထံမှ အလျှံတညီးညီးနှင့် လောဘမီးသည် ခဏပြာဖုံးနေဟန်သာရှိသေး၏။ အတွေးနှင့် လျှောက်လာခိုက် ကျီခနဲရပ်လိုက်သော ဆိုင်ကယ်သံကြောင့် မနန္ဒာ လန့်သွားမိသည်။ အသက်သုံးဆယ့်ငါးနှစ်ခန့် အသားညိုညိုနှင့် လူတစ်ယောက်သည် မနန္ဒာတို့ရှေ့တွင် ပိတ်ရပ်နေလေသည်။ ဘယ်သူပါလိမ့်ဟု စဉ်းစားနေခိုက် မထေရက-

"ဟော… ဒကာကြီးကိုမောင်စိုးပါလား၊ ဘယ်က ဘယ်လို…"

ထိုဒကာက ချွေးများကို လက်ခုံနှင့်သုတ်ပစ်ရင်း-

"တပည့်တော်သူငယ်ချင်း လိုက်ပို့တာပါဘုရား၊ နည်းနည်းကျော်မောင်းမိပြီးမှ ဆရာလေးတို့မှန်းသိပြီး ပြန်လှည့်လာတာ။ တပည့်တော်လိုက်ပို့ပါရစေဘုရား၊ နေကလည်းပူတယ်။ လျှောက်ရတာ ဘယ်သက်သာမလဲ တက်ကြပါဘုရား"

မထေရက မနန္ဒာဘက်



www.burmeseclassic.com

www.burmeseclassic.com

လှည့်လိုက်ပြီး-

"ဒါ တပည့်တော်တို့ ရွာကလေ၊ ဒီမှာ အိမ်ထောင်ကျတာပေါ့"

အသားညိုသလောက် သဘောကောင်းဟန်ရှိသော ထိုဒကာကို မနန္ဒာ ကျေးဇူးတင်စွာကြည့်မိသည်။ ဆိုင်ကယ်၏ အနောက်နားတွင် ကယ်ရီယာအပို လေးတပ်ထားသဖြင့် နှစ်ပါးကောင်းကောင်းထိုင်နိုင်သည်။ ဖြည်းဖြည်းမှန်မှန် မောင်းလာစဉ် ကိုမောင်စိုးက-

"တပည့်တော်တော့ သွားရင်းလာရင်း ဦးပဉ္ဇင်းတွေ၊ မယ်သီလရှင်လေးတွေ ခြေလျင်လျှောက်နေတာမြင်ရင် တင်ခေါ်ပြီးလိုက်ပို့ပေးလိုက်တာပဲဘုရား။ တင်မခေါ်နိုင်ရင်လည်း ကားခဖြစ်ဖြစ် လှူလိုက်တာပဲ။ သွားရင်းလာရင်း ကုသိုလ်ယူရတာပေါ့လေ။ တပည့်တော်တို့လူ့ဘောင်ဆိုတာ အကုသိုလ်တွေနဲ့ နေ့နေ့ညည နေကြရတာ မဟုတ်လား။ ကြုံကြိုက်တုန်း ကုသိုလ်ယူတဲ့သဘောပါ ဘုရား"

မနန္ဒာသည် ဒကာကိုမောင်စိုးစကားများကို နားထောင်ရင်း ဩော်... လူတိုင်း ဒီစိတ်မွေးနိုင်ရင် ကောင်းကြမှာပဲဟု တွေးမိသည်။ မထေရကမူ တည်ငြိမ်လှသော အသံဖြင့်-

"လူတချို့ဟာ ပိုက်ဆံကုန်မှ ကုသိုလ်ရနိုင်တယ်လို့ ထင်နေကြတာလေ။ အဲလိုလူတွေအတွက်တော့ ကိုမောင်စိုးက သက်သေပဲပေါ့"

စကားတပြောပြောနှင့် မောင်းလာကြရာ မနန္ဒာတို့ကျောင်းရှေ့သို့ပင် ရောက်လာလေပြီ။ အင်း... ဒီလိုဆိုတော့ ဘာမှမဝေးဟု ထင်ရပြန်သည်။ မထေရက ကိုမောင်စိုးကို ကျောင်းတွင်းဝင် အမောပြေနားဖို့ ပြောသည်။ ကိုမောင်စိုးက မနား။ ဆိုင်ကယ်ကိုရပ်လိုက်ပြီး ခါးကြားက ပိုက်ဆံအိတ်ကို ဖွင့်သည်။ မထေရနှင့် မနန္ဒာကမူ အလိုလိုသိနှင့်ကာ အားနာလွန်းသဖြင့် မည်သို့နေရမှန်းပင်မသိ။ ကိုမောင်စိုးကတော့ တစ်သောင်းတန်နှစ်ရွက်ကို ကိုင်ကာ တရိုတသေကပ်သည်။ ထို့နောက် လက်အုပ်ချီထားလျက်က-

"တပည့်တော် ဒီနေ့ ဆိုင်ကယ်တစ်စီးအရောင်းအဝယ်ဖြစ်တော့ ကြုံတုန်း ဝတ္ထုငွေလေးလှူတာပါဘုရား၊ အရှင်ဘုရားတို့ ဝေယျာဝစ္စအတွက် လိုရာသုံးကြပါ"

မနန္ဒာနှင့် မထေရ တစ်ပါးမျက်နှာတစ်ပါး ကြည့်မိကြသည်။ ဆိုင်ကယ်ဖြင့် လိုက်ပို့ရုံမျှမက ငွေပါလှူနေချေပြီ။

လူသာဆို အတန်တန်ငြင်းမိမည်သာဖြစ်သည်။ ယခုက လှူပါသည်ဟုဆိုသောအခါ နှစ်ပါးစလုံး ဘာပြန်ပြောရမှန်းမသိကြ။ မထေရက-

"လိုက်ပို့တာပဲ ကျေးဇူးတင်လှပါပြီ ကိုမောင်စိုးရယ်"

ကိုမောင်စိုးက ပြုံးသည်။ လက်အုပ်ချီထားလျက်ကလည်း နှုတ်ဆက်ရာသည်။

"တပည့်တော် ပြန်ဦးမယ်ဘုရား၊ ဆရာကြီးကိုတော့ နောက်မှ တမင်လာကန်တော့ပါဦးမယ်။ ဒီနေ့အဖို့တော့ အလုပ်လုပ်ပြီး ပင်ပန်းရကျိုးနပ်ပါပြီဘုရား"

ဆိုင်ကယ်အိတ်ဇောမှ မီးခိုးငွေ့များက အခိုးတလူလူကျန်ခဲ့သည်။ ဆိုင်ကယ်ရှင်သည်ကား မီးခိုးနှင့်တူသော အမှောင်ကို ရှင်းတတ်ပါပေ့ဟု မနန္ဒာ တွေးမိသည်။ မီးခိုးငွေ့စဲသောအခါ မနန္ဒာတို့က ကျောင်းထဲဝင်လိုက်ကြသည်။ ဆရာကြီး ဒေါ်ဉာဏာကို ဝတ်ပြုကန်တော့ကြသည်။ ဆရာကြီးက သင်္ကန်းအဟောင်းတစ်ထည်ကို အပ်ချည်ဖြင့် သီရင်း-

"ကဲ... မောလာကြရောပေါ့။ မနန္ဒာလေး ဘယ့်နှယ်တုံး၊ ပုထိုးတော်ကြီး အလှူစည်ရဲ့မဟုတ်လား။ တစ်ပါး ဘယ်လောက်လှူလိုက်သတုံး"

ဟု ပြုံးပြုံးကြီးမေးရာသည်။

မနန္ဒာက ပင့်သက်ကို မသိမသာချရင်း-

"တော်တော်ကြီးစည်ပါတယ်ဘုရား"ဟု ဖြေလိုက်သည်။ မထေရကမူ ပြုံးစစမျက်နှာဖြင့်-

"တစ်ပါးကို တစ်သောင်း လှူခဲ့ကြပါတယ်ဘုရား၊ ပုထိုးတော်ကြီးကတော့ ဟုတ်ဘူးဘုရား၊ ကျောင်းပေါက်ဝရောက်မှပါ"

ဆရာကြီးက နားမလည်သလို ပြန်ကြည့်ရာသည်။ မနန္ဒာနှင့် မထေရတို့ကမူ တစ်ပါးနှင့်တစ်ပါး အဓိပ္ပာယ်ပါပါကြည့်ရင်း ပြုံးမိကြလေသတည်း။ ■

**ဆောင်းခနှင်း**

**အယ်ဒီတာအဖွဲ့**


အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com




www.burmeseclassic.com


www.burmeseclassic.com



ဘဂျမ် ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း ဇန်နဝါရီ ၂၀၁၉

www.burmeseclassic.com

www.burmeseclassic.com



WIN IZZUDIA

# လက်ဖွဲ့မောင်မှပါး

၁။

"ရှင်နဲ့ကျွန်မ လမ်းခွဲရအောင်"

တောင်တန်းများ အလွှာလိုက်ပြိုကျလာသလို။

ထိုထက် ပိုလိမ့်မည်။ နှလုံးသွေးသည် အအေးမှ အပူသို့

တိုက်ရိုက်စီးဆင်းကာ ရင်ဘတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

ပြုတ်ရွေ့စီးကြောင်းတစ်ခု ဖြစ်ခဲ့၏။ ကျွန်တော့် ဘဝ၏ အခန်းဆက် အိပ်မက်များထဲ တထင်ဝင်းဝင်း နေရာယူရင်း ကျွန်တော့် သန်းခေါင်ယံများကို လွင့်လင်းစေခဲ့သူ။ ကျွန်တော့် မာနနှင့် သိက္ခာတရားများကို ဆောင်းဦးနှင်းမှုန်တွေလို မြူအဖြစ် ပြန့်ကျဲစေခဲ့သူ။

'ဘာကြောင့်လဲ နွယ်'

ကျွန်တော် ပြန်မေးလိုက်သည်။ သူမက အပြစ်လုပ်ထားသော ကျောင်းသူကလေးမှ ဆရာမရှေ့တွင် ခေါင်းငုံ့နေပုံမျိုး ငုံ့ထား၏။ ပတ်ဝန်းကျင်မှာ နံနက်ခင်း အလှဆိုသည်ထက် ပိုမိုကာ မြေနီလမ်းတစ်လျှောက် သစ်လွင်နေသည်။ သို့သော် ရုတ်ခြည်းပြောင်းလဲသွားသော ကျွန်တော့်ရင်ဘတ်မှာ အကျည်းတန်မှုနှင့် နာကျင်လွန့်လူးနေခဲ့၏။

'အကြောင်းပြချက်တစ်ခုတော့ ပြောရမယ်လေ၊ နွယ် ပြောပါ'

သူမ ခေါင်းမော့ကြည့်သည်။ သူမ မျက်ဝန်းများက ရဲရဲနီစွေးနေ၏။

'အကြောင်းပြချက် ဟုတ်လား၊ ပြောရမှာပေါ့'

သူမ မျက်နှာသည် ကျောင်းသူလေးဟန်ပန်မှ ရုတ်ခြည်း စစ်သူရဲတစ်ယောက်လို ဖြစ်သွားသည်။ တစ်စုံတစ်ရာကို ရည်ရွယ်ပစ်ခွင်းတော့မည့် လေးနှင့်မြားကို ပင့်တင်လိုက်ပုံမျိုး။ ကျွန်တော် နားမထောင်မီကပင် အထိတ်တလန့် ရှိလွန်းလှပါသည်။

'အစီက ,ကတော့

x keY
o r\
23 Ebfyn h
ar ,aeY
jzpfyg n f
u Bfaw mf
acgifu kd
av ;yi pfGa
n wd&if
o rt wGif
o r
t mo mirfi rf
v ksfaeao m
]v u fy
Ewfq u fcif}
v u faq mifu kd
ay;t yfcJhg n f

ကျွန်မ ရှင်နဲ့ဆက်ချစ်နေရင် ဘာမှ ထူးခြားလာမှာ မဟုတ်မှန်း သိလာလို့ပဲ'

ရဲရင့်သည်။ ပြတ်သားသည်။

'နွယ် ဘာကို ဆိုလိုချင်တာလဲ'

'ရှင်တကယ် သဘောမပေါက်တာလား ကိုညြလေး'

'နွယ်ပြောတာ ကိုယ့်ဘဝအခြေအနေကြောင့်လား၊ ကိုယ်ဆင်းရဲတာ နွယ်သိနေတာပဲ'

သူမက မှဲ့ပြုးတစ်ခုကို မျက်နှာပေါ် ပစ်တင်လိုက်သည်။ ထိုမှဲ့ပြုးသည် ကျွန်တော်တို့၏ ချစ်သူသက်တမ်း နှစ်နှစ်အတွင်း တစ်ကြိမ်တစ်ခါမှ မမြင်ခဲ့ဖူးသော မှဲ့ပြုးမျိုးဖြစ်ပါသည်။

'ဆောရီးပါ ကိုညြလေး၊ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မက မိန်းမသားပါ။ ကျွန်မဘဝအတွက် ဘာပြောင်းလဲမှုမှ ဖြစ်မလာတော့ဘူးဆိုတဲ့ အခြေအနေကို ရိပ်မိလာလို့ပါ။ ကျွန်မကို မုန်းလို့ ရပါတယ်။ မိန်းမတစ်ယောက်က ဘဝအတွက် ရွေးချယ်ရတော့မယ်ဆိုရင် သူ့ကို ကာကွယ်ပြီး ပံ့ပိုးထောက်ကန်ပေးနိုင်သူကိုပဲ လိုချင်ကြတာပါ။ ကျွန်မ မိသားစု အခြေအနေအရ ဒီလို ဆုံးဖြတ်ခဲ့ရတာပါ'

သူမ မျက်ရည်တစ်ပေါက် ကျသည်ကို မြင်လိုက်ရသည်။ အစစ်လား၊ အတုလား ကျွန်တော် မဝေခွဲတတ်တော့။ ကျွန်တော်ကတော့ မျက်ရည်စစ်သာ ဖြစ်စေချင်ပါသည်။ နောက် ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ကြည့်မိသည်။ မျက်မှန်ထူထူအောက်က မှေးစင်းနေသော မျက်လုံး၊ နှင်းဆီ ဆေးပေါ့လိပ်၊ ဆရာ မောင်သာရ စာအုပ်တစ်အုပ်နှင့် ငွေအကြွေတချို့သာပါသော ဘေးလွယ်အိတ်တစ်လုံး၊ ဈေးပေါသည့် အပြာရောင် ကတ္တီပါတစ်ရန်။ ထိုအရာများကိုသာ ရှာတွေ့၏။ အလုပ်အကိုင်က ဘွဲ့လက်မှတ်တစ်ခုနှင့် လျှောက်ထားဆဲ အခြေအနေ။ ထို့ထက်ပို၍ ပွင့်လင်းစွာ ဝန်ခံရပါလျှင် အားကိုးနိုင်ဖွယ် မရှိသည့် လက္ခဏာ အပြည့်နှင့်လူ။

'နွယ် ဆုံးဖြတ်ပြီးပြီလား၊ နွယ် ဆုံးဖြတ်ချက် မှန်တယ်လို့ ထင်လား'

သူမက ကျွန်တော်နှင့် မျက်နှာလွှဲကာ အဖြေတစ်ခုတည်းကိုသာ ခိုင်ခိုင်မာမာ ပေးခဲ့ပါသည်။

'ကျွန်မ ဆုံးဖြတ်ချက်မှားခဲ့တာဆိုလို့ ရှင့်ကို ချစ်မိတာတစ်ခုတည်းဖြစ်လိမ့်မယ် ကိုညြလေး'

ထိုနေ့က သူမ၏ ၂၃ နှစ်ပြည့် မွေးနေ့ဖြစ်ပါသည်။ ကျွန်တော် ခေါင်းကို လေးပင်စွာညိတ်ရင်း သူမအတွက် သူမ အာသာငမ်းငမ်း လိုချင်နေသော 'လက်ပြနှုတ်ဆက်ခြင်း' လက်ဆောင်ကို ပေးအပ်ခဲ့ပါသည်။

❑

၂။

ငါးနှစ်။ အချိန်ကာလသည် ဟိုမှ သည်သို့ ရွေ့လျားခဲ့သည်။ သို့သော် မပြောင်းလဲသည့် အနေအထားနှင့် တည်တံ့နေသည်မှာ သူမကို ချစ်သည့် အချစ်သာဖြစ်ကြောင်းကိုတော့ ကျွန်တော် ကောင်းကောင်းကြီး လောင်းကြေးထပ်ရဲပါသေးသည်။ ဖြေရန်ခက်သော ကြိုးပင်။ ငါးနှစ်ဆိုသော အချိန်သည် လူတစ်ယောက်ကို အမှန်တကယ်ပြောင်းလဲပစ်နိုင်သော အချိန်တစ်ခုဖြစ်ကြောင်း ကျွန်တော် တစ်လောကလုံးကို သက်သေပြနိုင်ခဲ့သည်။ သို့သော် သူမကိုတော့ သက်သေပြခွင့် မရခဲ့ပါ။ ကုမ္ပဏီတစ်ခု၏ မန်နေးဂျင်းဒါရိုက်တာ ရာထူးကို ကြိုးစားရုန်းကန်မှု၊ စိတ်အားပြင်းပြမှု၊ သစ္စာရှိမှု၊



www.burmeseclassic.com

www.burmeseclassic.com

အမြော်အမြင် စသည့် ကိုယ်ပိုင်လုပ်နိုင်စွမ်းများဖြင့် ရယူနိုင်ခဲ့သလို အမေနှင့်ကျွန်တော့်အတွက် မေခ အိမ်ရာတွင် အရစ်ကျ ငွေပေးစနစ်ဖြင့် တိုက်ခန်းတစ်ခု ဝယ်ထားနိုင်ခဲ့ပြီ ဖြစ်ပါသည်။ တိုတောင်းသော အချိန်တစ်ခုဟု ဆိုနိုင်သော်လည်း ကျွန်တော့်အတွက် ကံတရားက ဖြစ်ချိန်တန်၍ ဖြစ်ခွင့်ပေးလာခဲ့ခြင်းဟု ဆိုချင်ပါသည်။ သူဌေးဖြစ်သူ၏ ယုံကြည်ကိုးစားမှုများကြောင့် ဆလွန်းကားလေးတစ်စင်းကိုလည်း ရယူပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။ ငါးနှစ်။ ‘ဘယ်ကိုရောက်နေပါသလဲ နွယ်’။ သတိရခြင်းကမ်းပါးအိုက ယခုထိ မပြိုသေး။ သူမ အမှီသဟဲပြုနိုင်သော လှေကားတစ်စင်းပမာ ရပ်တည် နေနိုင်ချိန်တွင် သူမကို အနားတွင် ရှိစေချင်သည်။ ထို ခံစားချက်မှာ အချစ်ဟုခေါ်သော ထူးဆန်းအံ့သြဖွယ်ရာ မောဟတစ်ခုကြောင့် ဖြစ်ပေါ်နေခြင်း ဖြစ်ပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် နိစ္စဓူဝ သူမကို သတိတရရှိနေခဲ့သည်။ ဖြစ်နိုင်လျှင် သူမ ကျွန်တော့်ရင်ခွင်ဆီ အလည်လာရင်းမှ ထာဝရ အိပ်စက်နေစေချင်သေးသည်။ သူမ စိတ်ညစ်သည့်အခါ ဝိုင်တစ်ခွက် သို့မဟုတ် ဂစ်တာတစ်လက် ဖြစ်ချင်သည်။ ပန်းနုရောင်လိုက်ကာများ ဝန်းရံထားသော အခန်းတစ်ခုထဲတွင် သူမအတွက် သီချင်းတွေ သီကျူးရင်း သူမကို ကြည်လင်စေချင်သည်။ သူမနှင့် စိမ်းဖန့်သော ကမ်းခြေများသို့ သွားကာ အပန်းဖြေချင်သည်။ နောင်တွင် ခမ်းနားလှပသော မင်္ဂလာ လက်စွပ် တစ်ကွင်းအား သူမ၏ လက်သူကြွယ်တွင် စွပ်ပေးကာ သူမကို ပျော်ရွှင် ရင်ခုန်စေချင်သည်။ စသဖြင့်… စသဖြင့်။ အတွေးများက ကျွန်တော့်ဦးနှောက်နှင့် နှလုံးသားတွင် ဝေ့ဝဲလွင့်ပျံနေဆဲ။

‘ဆရာ ဖောင်တွေ ပြည့်နေပြီ၊ ထားခဲ့မယ်နော်’

တပည့်ဖြစ်သူ အာကာ၏ စကားကြောင့် အတွေးစကို ရပ်တန့်လိုက်၏။

‘ဩော် အေး’

ကျွန်တော် ဖောင်များကို ယူကြည့်မိသည်။

‘ဟင်’

ပထမဆုံး အလုပ်လျှောက်သူ၏ ပုံကို မြင်ကာမူးမေ့မတတ် ဖြစ်ခဲ့၏။

‘အေးအေးနွယ်’

‘ဆရာ သိလို့လား’

အာကာ၏ အမေးကို ပြန်မဖြေမိ။ ရင်ခုန်မှုဖြင့် ရှန်းကြွလာသော ရင်ဘတ်ကို မသိမသာ ပြန်ဖိရင်း ဖောင်ကို သေချာကြည့်လိုက်သည်။

‘အိမ်ထောင်ရှိ’

ရင်ထဲတွင် နားနေသော ငှက်တစ်ကောင် ကျည်မှန်သေဆုံးသွားသည်။

‘အေးကွာ ထားခဲ့၊ ငါ ဒီည အိမ်ယူပြီး အင်တာဗျူး ခေါ်မယ့်စာရင်း ရွေးပေးမယ်’

အာကာ ထွက်သွားကာမှ သက်ပြင်းကြီးတစ်ခုကို ချလိုက်မိတော့သည်။

❑

၃။

ညသည် မှောင်သည်ထက် ပိုမှောင်နေ၏။ ဆိပ်ဖလူးရုန့်များကိုပင် မိစ္ဆာ၏ သွေးညှီလို နင့်နင့်သီးသီး ရှူရှိုက်နေမိသည်။ အလွမ်း။ ဘာသာပြန်ရန် အလွယ်ကူဆုံး စကားလုံး။ သို့သော် အဓိပ္ပာယ် ဝေဝါးသွားစေနိုင်အောင်လည်း ခက်ခဲနေတတ်ပြန်ပါသည်။ CV ဖောင်ကလေးထဲတွင် ညှိုးရီဖျော့တော့နေသော နွယ့်မျက်နှာကို မြင်ရသည်။

‘သား၊ မအိပ်သေးဘူးလား’

အမေ၏ တစ်ရေးနိုးအမေး။ ကျွန်တော့်ရင်အစုံ၏ လစ်ဟာမှုကြောင့် မျက်လုံးများ မှိတ်ပစ်ရန်ပင် ခက်ခဲနေကြောင်း အမေ့ကို မပြောဖြစ်လိုက်ပါ။

‘အိပ်တော့မယ် အမေ၊ ဖိုင်တွေ စစ်နေလို့ပါ’

ဆုံးရှုံးမှုဆိုသော အရာတစ်ခုအတွက် ကျွန်တော် အချိန်အကြာကြီး ထိုင်စောင့်ခဲ့ရပါလားဟု အတွေးဝင်မိသည်။ ကျွန်တော် မက်ရမည့် အိပ်မက်များသည်လည်း အိပ်မက်ဆိုးများအဖြစ် ကျွန်တော့်အိပ်ရာထက်တွင် အသင့်စောင့်နေကြလိမ့်မည်။ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချကာ အေးအေးနွယ်ဆိုသော CV ဖောင်ကလေးအား မင်နီဖြင့် ကြက်ခြေခတ် ခြစ်ချမိလိုက်ပါသည်။

❑

၄။

‘ဆရာ ဘာလို့ ဒီကောင်မလေးကို ပယ်လိုက်တာလဲ’

မေးနေသော အာကာကို သေချာကြည့်လိုက်သည်။ နောက် ရင်ဖွင့်ဖော်တစ်ယောက်အဖြစ် မြင်မိ၏။

‘ဒီလိုရှိတယ်ကွ’

ဟု အစချီကာ အတိတ်ပုံပြင်တစ်ပုဒ်ကို ပြောပြပစ်ခဲ့ပါသည်။ ပုံပြင်ဆုံးတော့ အာကာက ခေါင်းညိတ်သည်။ နောက် ထွက်ခွာရန် ပြင်တော့သည်။

‘တပည့် ငါ့ကို တစ်ခု လောက် ကူညီကွာ’

‘ဟုတ်၊ ပြောပါဆရာ’

‘ဒီလိုကွာ သူ့ CV ကို ငါတို့ရဲ့ ပါတနာ Ever Light Company ကိုလွှဲပြီး အင်တာဗျူးရအောင် စီစဉ်ပေးပါလား။ ငါ့လက်အောက်မှာ ခေါင်းငုံ့ပြီး လုပ်နေရမယ့် ဝန်ထမ်းတစ်ယောက်တော့ သူ့ကို ငါ မဖြစ်စေချင်ဘူး’

‘ဆရာရယ် ဆရာ့အချစ်ကို ကျွန်တော် လေးစားတယ်ဗျာ’

အာကာက မှတ်ချက်တစ်ခု ပေးပါသည်။

‘နောက် တစ်ခု’

‘အင်း ပြောဆရာ၊ အကုန် လုပ်ပေးမယ်’

‘သူ အင်တာဗျူးသွားမယ့်ရက် ငါ သူ့ကို အဲဒီရုံးမှာ တွေ့ချင်တယ်’

အာကာက သည်တစ်ကြိမ် ကရုဏာကြည့်ဖြင့် ကြည့်လာပါသည်။ နောက် မနေနိုင်ဘဲ ထုတ်မေးသည်။

‘ဆရာ ဘာလို့လဲ၊ ဘာလုပ်မလို့လဲ’

‘ငါ သူ့ကို မင်္ဂလာ လက်ဖွဲ့လေးတစ်ခု ပေးချင်လို့ပါ’

‘ဘာလုပ်မှာလဲ မသိပေမဲ့ ကျွန်တော် လုပ်ပေးမယ် ဆရာ’

ထိုနေ့က ရာသီဥတု



www.burmeseclassic.com

www.burmeseclassic.com

သာယာသော်လည်း ရင်ထဲ အပူအအေး လွန်ကဲမှုနှင့် ကြုံနေခဲ့သည်။ မကြာမီ ဇာတ်သိမ်းသည် ငြိမ့်ညောင်း ညင်သာစွာ သူမနှင့် ကျွန်တော့်အကြား ရောက်လာပါတော့မည်။

❑

၅။

ကားရပ်သည့်အခါ ကြိုတင် ပြင်ဆင်ထားသည့်အတိုင်း ပီဇာပို့သမား ယူနီဖောင်းတစ်စုံကို ကျွန်တော် ထုတ်ဝတ်လိုက်သည်။

"ဆရာ ဒါကြီးဝတ်ပြီး ဘာလုပ်ဖို့"

အာကာ နားလည်ဦးမည် မဟုတ်ပါ။

"ပြီးရင် သိမှာပေါ့ကွာ"

ဟုသာ ဖြေလိုက်၏။ ထို့နောက် Ever Light Company ထဲ သူဝင်ခဲ့သည်။ ဧည့်တွေ့ခန်းတွင် အင်တာဗျူးရန် စောင့်နေသော သူမကို ကျုံ့ကျုံ့လေးထိုင်နေတာ မြင်ရသည်။ သူမ၏ မျက်နှာတွင် မြင်ခဲ့ဖူးသော မာနများ မောဟများကို မတွေ့ရပါ။ အသားအရေက ညှိုးမှိုင်းနေသည်။ သူမ မျက်လုံးများတွင်လည်း ကြည်လင်ဖျတ်လတ်မှု ရှာမရ။

"ပီဇာ လာတယ်"

ကျွန်တော် ခပ်ကျယ်ကျယ် အော်လိုက်သည်။ ရုံးဝန်ထမ်း အမျိုးသမီးတစ်ယောက် လှည့်ကြည့်ပါသည်။ သူမလည်း မြင်လိမ့်မည်ဟု ကျွန်တော် ခံစားသိဖြင့်သိ၏။ နောက် ပီဇာကို ဝန်ထမ်းတစ်ယောက် လာယူသည်။ ကျွန်တော်လည်း အသင့်ပါလာသော ချလန်တစ်ခုတွင်

ajcnu tu yf
v Efao m
o l
t o bln f
u Rfaw nfn m,
v dfv n f
x Gfq jdi fw pfck
jzpfaMI ni f
o d m
x i &Sh
v efyg n f
o Mo nf
aenu fq u fw G
t aeESh
u Rfaw nfykd
MI n fu m
]&Sh u faw nh
ajyyg , J
[ k
q lu nif
q ldsfpdv f
jzpfaeyg dhn f

လက်မှတ်ထိုးခိုင်းကာ သူမကို ရုတ်တရက် မြင်လိုက်ရဟန်မျိုး ပြုမူလိုက်ပါသည်။

"ဟင် နွယ်၊ ဩော် အေးအေးနွယ်"

သူမ ကျွန်တော့်ကို သေချာကြည့်ပါသည်။ နောက်မှ သတိရသွားသည်ထင်၏။

"ဩော် ကိုညြလေး၊ ပြန်တွေ့ရတာ ဝမ်းသာပါတယ်"

သူမအသံတွင် အံ့ဩဟန် တစ်စက်မှ မပါသည်ကို ကျွန်တော်သိသည်။ ကျွန်တော့်ကိုမြင်သော အမြင်ကြောင့်သာ ဖြစ်ပါလိမ့်မည်။ ပကတိ အေးဆေးစွာ နှုတ်ဆက်၏။

"အေးအေးနွယ်၊ မင်း အိမ်ထောင်ကျပြီဆို"

"အင်း နှစ်နှစ်ကျော်ပြီ"

"အဆင်ရောပြေရဲ့လား အေးအေးနွယ်"

သူမ ခေတ္တ တိတ်ဆိတ်သွားသည်။ အကြည့်များကို ကျွန်တော့် တူရူမှ ဖယ်လိုက်၏။ နောက် ညှိုးရီနေသော အသံနှင့် "ပြေပါတယ်"ဟု ဖြေရှာပါသည်။ သူမ အသံသည် အသက်မဲ့နေ၏။ ခြောက်ကပ်လွန်းသော သူမအသံသည် ကျွန်တော့်အား လိမ်လည်ထွက်ဆိုခြင်းတစ်ခုဖြစ်ကြောင်း သိသာထင်ရှားလွန်းပါသည်။ သို့သော် နောက်ဆက်တွဲအနေနှင့် ကျွန်တော့်ပုံကို ကြည့်ကာ "ရှင့်ထက်တော့ ပြေပါတယ်" ဟု ဆိုကောင်း ဆိုချင်စိတ် ဖြစ်နေပါလိမ့်မည်။

"ရှင်ကော ပီဇာ ပို့နေတာပေါ့၊ ဟုတ်"

အောင်နိုင်သူ တစ်ယောက်လို ရိသဲ့သဲ့ အမေးမျိုးမှန်း ကျွန်တော် နားလည်သဘောပေါက်ပါသည်။

"ဒီလိုပါပဲ ရုန်းကန်ဆဲပေါ့"

ကျွန်တော် ခေါင်းငုံ့ကာ ဖြေလိုက်ခြင်းဖြစ်ပါသည်။ သူမ ခေါင်းညိတ်၏။

"အင်း အဆင်ပြေပါစေ"

သူမ၏ ကောင်းချီးမှာ သွယ်ဝိုက်သောနည်းဖြင့် ကျွန်တော့်ကို နှင်ထုတ်ခြင်း ဖြစ်ကြောင်း သိသာပါသည်။

"ကိုယ် သွားတော့မယ် အေးအေးနွယ်"

နှုတ်ဆက်ခဲ့သည်။ တာဝန်ကျေခဲ့သည်ဟု ခံစားမိ၏။ ကောင်းကင်သည် ပြာလွင်ထင်းကျင်းနေပါသည်။ ပေါ့ပါးလတ်ဆတ်စွာ လျှောက်လှမ်းနေသည့်ဟန်ကို ပြုနေရသော်လည်း အပြန်လမ်းကား အလာလမ်းထက် နှေးကွေးနေသည်မှာ အသေအချာပင်။

"ဆရာ ဘာလို့ ဒီလို ပီဇာသမားပုံနဲ့ တွေ့ရတာလဲ"

ကားမောင်းရင်း အာကာက မေးလာသည်။ သည်မေးခွန်းကို မေးကို မေးလိုက်မည်မှန်း ကျွန်တော် သိပါသည်။ ကျွန်တော် ကား Aircon ကိုပိတ်ကာ မှန်တံခါးဖွင့်၍ ပြင်ပလေကို တဝကြီး ရှူလိုက်သည်။ နောက် အာကာ့ကို အဖြေတစ်ခု ပေးလိုက်ပါသည်။

"ငါ့ပုံစံကိုမြင်ပြီး သူ ငါ့ကိုထားခဲ့တာ မှန်တယ်လို့ သူ့ကိုယ်သူ ကျေနပ်သွားလိမ့်မယ် တပည့်။ အဲဒီအခါ သူ့မှာ နောင်တဆိုတာ မရှိတော့ဘူး။ သူ အဆင်ပြေသွားလိမ့်မယ်။ အဲ ဒါ ငါ သူ့ကိုပေးလိုက်တဲ့ အပေးသင့်ဆုံး မင်္ဂလာလက်ဖွဲ့ပဲ"

ကျွန်တော့်အဖြေကြောင့် အာကာ အံ့ဩရိပ်လွှမ်းသော အကြည့်ဖြင့် နောက်ကြည့်မှန်မှ တစ်ဆင့် ကြည့်လာပါသည်။

"ဆရာရယ်…"

အာကာ့အသံက တိုးလျလျ။ တံခါးအပြင်ဘက် လေနုအေးက ကျွန်တော့်မျက်နှာပေါ် ဝေ့ဝိုက် ဖြတ်သန်းလာသည်။ ရင်ထဲတွင် နွေးဖျဖျ။ ■

မောင်ညြလေး



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ် ရွှေအသစ်ဝတ္ထုတိုများ

စာကလေး







၁။

ရွှေအသစ်ဝတ္ထုတိုများအဖြစ် ၂၀၁၇ ခုနှစ်၊ (က) ဇန်နဝါရီလတွင် ၁။ မောင်သြလေး ၏ သမုဒ္ဒရာခွဲတမ်း၊ ၂။ ကျောက်စက်ရဲမွန် ၏ နေဝင်မီးစာ၊ ၃။ မျိုးသည်မင်း ၏ ကျူး၊ (ခ) ဖေဖော်ဝါရီလတွင် ၁။ မိုးဦးနေ ၏ မှော်ဝင်အိပ်မက်၊ ၂။ မိုးသက်ဆွေ ၏ လရောင်မသိလိုက်တဲ့ကြယ်ကြွေသံ၊ ၃။ စံရတီ ၏ ဖွေးစိန်မစားပါနဲ့၊ ၄။ ဘိုဘိုသန့်စင်(မြိုင်) ၏ မြေစာမြက်တို့၏ ငိုညည်းရှိုက်သံ၊ ၅။ ကိတ်မုန့် ၏ ပန်းခြောက်၊ (ဂ) မတ်လတွင် ၁။ မောင်သြလေး ၏ ပြတင်းပေါက်၊ ၂။ ကိုဂျီးအဲ ၏ မြူမြင်တိုင်းလည်း၊ ၃။ မိုးခကျော်သွင် ၏ သံစဉ်မဲ့လမ်းခွဲခြင်း၊ (ဃ) ဧပြီလတွင် ၁။ မောင်ညွန့်မာ ၏ ဝိုးဝါးမပီဘယ်သို့ ချီအံ့၊ ၂။ မိုးသက်ဆွေ ၏ အမှောင်နံ့ရုံ၊ ၃။ ဆွန်း(စက်မှုတက္ကသိုလ်) ၏ နှောင်းပွင့်လက်ကျန်၊ (င) မေလတွင် ၁။ မြကေခိုင် ၏ လက်ပွား၊ ၂။ ကေအမ်တီ(အတွေးအိမ်) ၏ ဟီးရိုး၊ (စ) ဇွန်လတွင် ၁။ မင်းည ၏ အကြမ်းဖက် ခံလိုက်ရတဲ့မြင်းမိုရ်၊ ၂။ ကိုစက်ဖေ ၏ လိပ်ပြာတောင်ပံခတ်သံများ၊ ၃။ စာကလေး(မော်ကျွန်း) ၏ တိုက်ကျွဲ၊ ၄။ ဆွန်း(စက်မှုတက္ကသိုလ်) ၏ ညှို့စိမ်း၊ ၅။ နတ်စောင်း(ကျိုက်ထို) ၏ အပင်မှားသစ်ရွက်၊ (ဆ) ဇူလိုင်လတွင် ၁။ ကိုလ်လက်သစ် ၏ လိပ်ပြာမသိလိုက်သောဝတ်မှုန်ခြေသံ၊ ၂။ ခရမ်းသစ်အိမ် ၏ လရောင်အောက်၊ ၃။ စာကလေး(မော်ကျွန်း) ၏ ခြောက်အိမ်တန်း၊ ၄။ မြယမင်းသူ(နည်းပညာ) ၏ ရေ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကောင်းရေသနဲ့ဟု ခေါ်သည်၊ (ဓ) ဩဂုတ်လတွင် ၁။ မေသက်ထားအောင် ၏ ခရေတွေကြွေနေပြီ၊ ၂။ ခေတ်ကျော် စွာဝင်း(ရန်ကုန်-စီးပွားရေးတက္ကသိုလ်) ၏ ကျွန်မတို့ကော်ဖီသောက်ခဲ့ကြသည်၊ ၃။ စံထိုက်သူ ၏ ခွေးသားပေါက်များ ရောင်းရန်ရှိသည်၊ ၄။ ဆောင်းခနှင်း ၏ မကုမ္မာရီ၊ (ၡ) စက်တင်ဘာလတွင် ၁။ ဘိုဘိုသန့်စင်(မြိုင်) ၏ စိမ်းသော ချင်းနှင့် မိဿလင်၊ ၂။ မင်းသျှင် ၏ ၄က်အိမ်လေးလို၊ ၃။ ဆွေဝင်းနီ(ပွင့် ဖြူ) ၏ ကံကောင်းနေ့၊ ၄။ ဇော်သစ် (စကုကျွန်း) ၏ ပထမဆု၏ ကျော ဘက်မှာ ၊ (ည) အောက်တိုဘာလတွင် ရွှေအသစ်ဝတ္ထုတို ရွေးချယ်ဖော်ပြမှု မရှိပါ။ (ဋ) နိုဝင်ဘာလတွင် ၁။ နတ် စောင်း(ကျိုက်ထို) ၏ ဥတုမှားတဲ့ နှင်း သစ်ပင်၊ ၂။ ရွှေသူရဇ္ဇ(ထားဝယ်) ၏ အနာတရအနာဂတ်၊ (ဌ) ဒီဇင်ဘာလ တွင် ၁။ မိုးဦးနေ ၏ မြစ်နှစ်စင်း၊ ၂။ လင်းသန့်စင်(ပဲခူး) ၏ သူကြွယ်ပြည်က သင်္ကြိုဟ်ခံဘဝများ၊ ၃။ သွန်းသစ္စ ၏ အရောင်မဲ့လိပ်ပြာ၊ ၄။ နေမင်းနွယ် ၏ အသက်ကိုရင်း၍ရသောငွေ၊ ၅။ ခင်ဇော် မိုး ၏ ဇရာကျည်များ တို့ကို ရွေးချယ် ဖော်ပြခဲ့သဖြင့် တစ်နှစ်တာကာလတွင် ရွှေအသစ်ဝတ္ထုတို စုစုပေါင်း ၄၀ ပုဒ် ရွေးချယ်ဖော်ပြထားသည်ကို တွေ့ရှိရပါ သည်။

တစ်နှစ်တာကာလ ရွှေအသစ်ဝတ္ထု တို စုစုပေါင်း ၄၀ ပုဒ် ဖော်ပြနိုင်ရေး အတွက် အမှုဆောင်စာတည်း ဆရာမ မသီတာ(စမ်းချောင်း)မှ လစဉ် ရောက်ရှိ လက်ခံရသမျှ စာရေးရန် ဝါသနာထက် သန်သူတို့၏ ဝတ္ထုတိုစာမူများကို စိစစ် ဖတ်ရှု၍ ဆန်ခါတင်အဖြစ် ရွေးချယ်တင် ပြခြင်းနှင့် အယ်ဒီတာချုပ် ဆရာ ဦးဝင်း ငြိမ်းမှ ဆရာမ မသီတာ(စမ်းချောင်း) ရွေးချယ်တင်ပြသည့် ဆန်ခါတင်ဝတ္ထု တိုများမှ နောက်ဆုံးအဆင့် အတည်ပြု ရွေးချယ်ဖော်ပြခြင်းတို့ ပြုလုပ်ခဲ့ပါ သည်။ ၂၀၁၇ ခုနှစ်အတွင်း လစဉ် စာမူ လက်ခံရရှိမှု၊ စိစစ်ဖတ်ရှုမှု၊ ဆန်ခါတင် ရွေးချယ်မှုနှင့် နောက်ဆုံးအဆင့် အတည် ပြုရွေးချယ်ဖော်ပြမှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်း ဆန်းစစ်တွေ့ရှိ ရပါသည်။ ဇယား(က)တွင် ကြည့်ပါ။

❑

၂။

ရွှေအမြုတေမဂ္ဂဇင်းကို ၁၉၈၉ ခုနှစ်၊ ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ရာ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ၂၉ နှစ် မြောက် အမှတ်တရ(အထူးထုတ်)ကို ထုတ်ဝေနိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ရွှေအမြုတေမဂ္ဂဇင်း၏ သက်တမ်းနှစ် ပေါင်း ၃၀ ပြည့်တော့မည်ဖြစ်၍ မြန်မာ့ ခေတ်ပေါ်မဂ္ဂဇင်းထုတ်ဝေမှုတွင် သက် တမ်းရှည်မဂ္ဂဇင်းအဖြစ် မော်ကွန်းဝင် တော့မည် ဖြစ်ပါသည်။ စတင်ထုတ်ဝေ စ,နှစ်များတွင် စာပေ၊ ဂီတ၊ သဘင်နှင့် ရုပ်ရှင် စသည့်အကြောင်းအရာများနှင့် အတူ ဝတ္ထုတိုနှင့် ဆောင်းပါး ၃ ပုဒ် ခန့်သာ ပါဝင်ဖော်ပြသည့် မဂ္ဂဇင်းငယ် အဖြစ် ထိတွေ့ဖတ်ရှုခွင့် ရခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် စာပေ၊ ဂီတ၊ သဘင်နှင့် ရုပ်ရှင် စသည့် အကြောင်း အရာများကို မူလအတိုင်း ဓာတ်ပုံများ နှင့်အတူ ဝေဝေဆာဆာဖော်ပြရင်း သုတ နှင့် ရသဆောင်းပါးများ၊ ဝတ္ထုတိုအမျိုး မျိုး၊ အခန်းဆက်ဝတ္ထုရှည်နှင့် မဂ္ဂဇင်း ဝတ္ထုရှည်များကို တိုးချဲ့ဖော်ပြသည့် မဂ္ဂဇင်းကြီးအသွင် ပြောင်းလဲထုတ်ဝေခဲ့ ပါသည်။ ထိုသို့ ပြောင်းလဲထုတ်ဝေမှု မပြုမီ မဂ္ဂဇင်းငယ်အဖြစ် ရပ်တည်စဉ် ကပင် ရွှေအမြုတေမဂ္ဂဇင်းသည် ဝါရင့် ကလောင်ရှင်များနှင့် တွဲဖက်၍ ကလောင်သစ်များ၏ စာမူများကို မျှဝေ နေရာပေး ဖော်ပြခဲ့ပါသည်။ စန္ဒာမဂ္ဂဇင်း မှ စန္ဒာကလောင်သစ်ကဏ္ဍ၊ ရှုမဝ မဂ္ဂဇင်းမှ ချစ်ကိုယ်တွေ့ကဏ္ဍနှင့် ပေဖူး လွှာမဂ္ဂဇင်းမှ ပေလွှာဖူးသစ်ကဏ္ဍများ နည်းတူ ရွှေအမြုတေမဂ္ဂဇင်းတွင် စာရေးရန် ဝါသနာထက်သန်သူများကို အားပေးသည့် ရွှေအသစ်ဝတ္ထုတိုကဏ္ဍ နှင့် ရွှေနှလုံးသားကဏ္ဍများ ပါဝင်ခဲ့ပါ သည်။ ၂၀၀၀ ပြည့်နှစ် မေလတွင် ရွှေအသစ်ဝတ္ထုတိုကဏ္ဍကို စတင်ဖွင့် လှစ်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ရွှေအသစ် ဝတ္ထုတိုကဏ္ဍ၏ သက်တမ်းမှာ ၁၈ နှစ် ပြည့် မြောက်ခဲ့ပြီး ဖြစ်ပါသည်။ ရွှေအသစ်ဝတ္ထုတို သက်တမ်း ၁၈ နှစ် အတွင်း ရွှေအမြုတေမဂ္ဂဇင်း၏ ပုံ့ကိုင် ရှင် အယ်ဒီတာချုပ် ဆရာ ဦးဝင်းငြိမ်း ၏ အသက် ၆၀ နှစ်ပြည့်နှစ်နှင့် ပထမ အကြိမ် ရွှေအမြုတေစာပေဆု စတင်ချီး မြှင့်သည့် ၂၀၁၆ ခုနှစ်မှ စတင်လျက် ရွှေအသစ်ဝတ္ထုတိုများနှင့် စာရေးသူများ အား ဂုဏ်ပြုမှတ်တမ်းတင်နိုင်ခဲ့ပါ သည်။ ဇယား(ခ) တွင် ကြည့်ပါ။

ဝတ္ထုတိုစာမူလက်ခံရရှိမှုတွင် ရွှေ အသစ်ကဏ္ဍ ဖွင့်လှစ်စ,နှစ်များတွင် စိစစ်ဖတ်ရှုနိုင်မှုထက် အဆများစွာ ကျော်လွန်လက်ခံခဲ့ရပါသည်။ အယ်ဒီ တာအဖွဲ့မှ စာမူပေးပို့ရာ၌ လိုက်နာရန် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း နှင့် လစဉ် စာမူလက်ခံရရှိမှု ပြန်ကြား ပေးခြင်းတို့ ဆောင်ရွက်ပေးသည့်အပြင် စာရေးဝါသနာထက်သန်သူနှင့် စာမူပေး ပို့သူများကိုယ်တိုင် သာမန်စာမူ အရည် အသွေးဖြင့် ရွှေအသစ်ကဏ္ဍတွင် ရွေး ချယ်ဖော်ပြမှု မခံနိုင်သည်ကို နားလည်မှု တို့ကြောင့် စာမူပေးပို့မှုတွင် ဖောင်းပွမှု မရှိတော့ဟု သုံးသပ်ရပါသည်။ စာမူ ပေးပို့မှုတွင် ဖောင်းပွမှုမရှိတော့သဖြင့် စိစစ်ဖတ်ရှုမှု၌ အချိန်ပေးရမှု နည်းပါးခဲ့ ပြီး ဆန်ခါတင်ရွေးချယ်မှု၌ ကျယ်ပြန့် စွာ သုံးသပ်ရွေးချယ်နိုင်ခဲ့ပါသည်။ နောက်ဆုံးအဆင့် ရွေးချယ်ဖော်ပြမှုတွင် မှတ်တမ်းအရ အနည်းဆုံး နှစ်စဉ် ၂၂ ပုဒ်မှ ၃၀ ပုဒ်အထိ ရှိပြီး အများဆုံး ၄၀ ပုဒ်မှ ၄၅ ပုဒ်အထိ ရှိပါသည်။ မြန်မာ့စာနယ်ဇင်းသမိုင်းတွင် ရွှေအမြု တေမဂ္ဂဇင်း၏ ကလောင်သစ်မွေးထုတ် မှု အမြင့်ဆုံးစံချိန်ဖြစ်ပါလိမ့်မည်။ ၂၀၁၇ ခုနှစ်တွင် ရွှေအသစ်ကဏ္ဍမှ ဝတ္ထုတို ၄၀ ပုဒ်နှင့် ကလောင်သစ်များ မွေးထုတ် ခဲ့ရာ စံချိန်တင်နှစ်များတွင် ပါဝင်ခဲ့ပါ သည်။

❑



www.burmeseclassic.com

www.burmeseclassic.com

၃။

ပုဂ္ဂလိကမဂ္ဂဇင်းများတွင် သွေးသောက်၊ ရှုမဝနှင့် ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းများသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၅၀ ခန့်ကြာ ထုတ်ဝေနိုင်ခဲ့ကြသဖြင့် သက်တမ်းအရှည်ဆုံး မဂ္ဂဇင်းများဟု သတ်မှတ်နိုင်ပါသည်။ သွေးသောက်၊ ရှုမဝနှင့် ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းများနှယ် သက်တမ်းအရှည်ဆုံးမဂ္ဂဇင်းများအဖြစ် မှတ်တမ်းမတင်နိုင်သော်လည်း သပြေ၊ မဟေသီ၊ လုံမလေး၊ ကလျာ၊ စန္ဒာ၊ မိုးဝေ၊ ချယ်ရီ၊ သောင်းပြောင်းထွေလာ၊ ပေဖူးလွှာ၊ ရုပ်ရှင်အောင်လံ၊ ရုပ်ရှင်၊ စစ်ပြန်၊ ဂီတပဒေသာ၊ သိပ္ပံ စသည့် မဂ္ဂဇင်းများသည်လည်း အတိုင်းအတာကိုယ်စီဖြင့် နှစ်ပေါင်း ၃၀ မှ ၄၀ ခန့်ထိ ကြာမြင့်အောင် ထုတ်ဝေခဲ့ကြပါသည်။ သက်တမ်းရှည်မဂ္ဂဇင်းများ ထုတ်ဝေစဉ်အတွင်း မဂ္ဂဇင်းအချို့ ထုတ်ဝေခွင့်ရရှိခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးဖြင့် ထုတ်ဝေခွင့် ရုပ်ဆိုင်းခဲ့ကြပါသည်။ ၁၉၈၈ ခုနှစ်တွင် လူထုအုံကြွမှုဖြင့် မဆလတစ်ပါတီစနစ် ရုပ်ဆိုင်းသွားခဲ့ပြီး နဝတ(နအဖ)အမည်ခံ တပ်မတော်အစိုးရ အာဏာရယူခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့တွင် ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရာ၌ စာပေနှင့် စာနယ်ဇင်းလုပ်ငန်းလည်း ပါဝင်ခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ထုတ်ဝေခွင့်ရသည့် မဂ္ဂဇင်းအများစုမှာ အကြောင်းအမျိုးမျိုးဖြင့် အများအားဖြင့် သက်တမ်းရှည်စွာ ထုတ်ဝေမှုမပြုနိုင်ဘဲ ရုပ်ဆိုင်းသွားကြသည်။ အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ရန်းကန်နိုင်သဖြင့် သရဖူ၊ ရွှေအမြုတေ၊ ရုပ်ရှင်တေးကဗျာ စသည့် မဂ္ဂဇင်းများ ရပ်တည်နိုင်ခဲ့ကြပါသည်။ အခက်အခဲများစွာကြားမှ ရွှေအမြုတေမဂ္ဂဇင်း ရပ်တည်နိုင်ခဲ့သကဲ့

ဇယား(က)

၂၀၁၇ ခုနှစ် ရွေးချယ်ဖော်ပြမှုအခြေအနေ

| စဉ် | အကြောင်းအရာ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | စာမူလက်ခံရရှိမှု | ၂၈ | ၃၈ | ၄၃ | ၃၂ | ၃၈ | ၂၂ | ၃၃ | ၃၀ | ၆၂ | ၃၂ | ၄၃ | ၅၆ | ၄၅၇ |
| ၂။ | စိစစ်ဖတ်ရှုမှု | ၂၁ | ၁၈ | ၂၆ | ၂၅ | ၂၉ | ၂၅ | ၂၇ | ၃၀ | ၂၃ | ၂၈ | ၃၅ | ၃၈ | ၃၂၅ |
| ၃။ | ဆန်ခါတင်ရွေးချယ်မှု | ၈ | ၇ | ၅ | ၈ | ၇ | ၈ | ၅ | ၅ | ၉ | ၆ | ၁၁ | ၈ | ၈၇ |
| ၄။ | ရွေးချယ် | ၃ | ၅ | ၃ | ၃ | ၂ | ၅ | ၄ | ၄ | ၄ | - | ၂ | ၅ | ၄၀ |

(မဂ္ဂဇင်းအခက်အခဲကြောင့် ပျမ်းမျှအရေအတွက်ကိုသာ ဖော်ပြထားပါသည်။)

ဇယား(ခ)

နှစ်အလိုက် ရွှေအသစ်ဝတ္ထုတို ရွေးချယ်ဖော်ပြမှုအခြေအနေ

| စဉ် | ခုနှစ် | လက်ခံရရှိမှု | စိစစ်ဖတ်ရှုမှု | ဆန်ခါတင် | ရွေးချယ်မှု |
|---|---|---|---|---|---|
| ၁။ | ၂၀၀၆ | - | ၄၁၈ | - | ၂၂ |
| ၂။ | ၂၀၀၇ | ၉၂၄ | ၇၀၂ | ၄၃ | ၂၄ |
| ၃။ | ၂၀၀၈ | ၉၄၂ | ၇၀၂ | ၇၇ | ၂၃ |
| ၄။ | ၂၀၀၉ | ၇၄၈ | ၆၂၅ | ၅၇ | ၂၃ |
| ၅။ | ၂၀၁၀ | ၇၂၄ | ၆၅၁ | ၄၃ | ၂၆ |
| ၆။ | ၂၀၁၁ | ၅၈၉ | ၇၂၀ | ၆၄ | ၂၃ |
| ၇။ | ၂၀၁၂ | ၄၀၄ | ၈၈၄ | ၁၀၈ | ၃၀ |
| ၈။ | ၂၀၁၃ | ၃၆၆ | ၇၈၀ | ၁၁၃ | ၄၅ |
| ၉။ | ၂၀၁၄ | ၂၈၁ | ၂၈၄ | ၆၅ | ၃၀ |
| ၁၀။ | ၂၀၁၅ | ၃၃၀ | ၃၃၅ | ၈၅ | ၄၃ |
| ၁၁။ | ၂၀၁၆ | ၃၃၂ | ၃၁၆ | ၈၈ | ၄၄ |
| ၁၂။ | ၂၀၁၇ | ၄၅၇ | ၃၂၅ | ၈၇ | ၄၀ |



www.burmeseclassic.com

www.burmeseclassic.com

သို့ စာရေးရန် ဝါသနာထက်သန်သူ (ကလောင်သစ်)များမှာလည်း ရွှေအသစ်ကဏ္ဍတွင် ဝတ္ထုတိုများ ပါဝင်ဖော်ပြခံရရေးတွင်လည်း ကြီးမားသော ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့် ရင်းနှီးပေးဆပ်ကြရသည်ကို ရွေးချယ်ခံရသူ(ကလောင်သစ်)များ အသိ ဖြစ်ပါသည်။ ကလောင်သစ်အဖြစ် ရွှေအသစ်ကဏ္ဍတွင် ပထမ ဝတ္ထုတိုတစ်ပုဒ် ဖော်ပြခံရပြီးနောက် ဒုတိယ ဝတ္ထုတိုတစ်ပုဒ် ထပ်မံဖော်ပြခံရလျှင် ရွှေအမြုတေမဂ္ဂဇင်းမှ ထိုကလောင်ရှင်အား ရွှေအသစ်ကလောင်ရှင်အဖြစ် မသတ်မှတ်တော့ဘဲ အခြားဝါရင့်စာရေးဆရာများနှင့်တန်းတူ ဝတ္ထုတိုကဏ္ဍနှင့် ဆောင်းပါးကဏ္ဍတို့တွင် ထည့်သွင်းဖော်ပြပေးလေ့ရှိသည်။ အခြား မဂ္ဂဇင်း၊ ဂျာနယ်နှင့် သတင်းစာများမှလည်း ရွှေအသစ်ကဏ္ဍမှ စင်တင်ပေးသည့် စာရေးဆရာများကို အသိအမှတ်ပြုနေရာပေးလေ့ရှိကြသည်။ တစ်နည်းအားဖြင့် ကလောင်ရှင်သည် ရွှေအသစ်ကဏ္ဍတွင် ဝတ္ထုတိုနှစ်ပုဒ် ဖော်ပြခံရပြီးပါက စာပေလောကမှ စာရေးဆရာအဖြစ် အသိအမှတ်ပြုခြင်းနှင့် ဝါရင့်စာရေးဆရာများနှင့် တန်းတူ နေရာပေးခြင်းတို့ ပြုကြလေ့ရှိပါသည်။

ရွှေအသစ်ကဏ္ဍတွင် အချို့ကလောင်ရှင်များသည် ပထမဝတ္ထုတိုတစ်ပုဒ် ဖော်ပြခံပြီးက ဒုတိယတစ်ပုဒ် ထပ်မံ ပါဝင်ရေး မကြိုးပမ်းတော့ခြင်းနှင့် အချို့ကလောင်ရှင်များသည် ဝတ္ထုတို ၂ ပုဒ် ဖော်ပြခံရပြီးမှ သို့မဟုတ် စာပေအသိုက်အဝန်းမှ စာရေးဆရာအဖြစ် အသိအမှတ်ပြုခံရပြီးမှ စာပေရေးသားမှုမပြုကြတော့ခြင်းတို့ ရှိနေရာ နှမြောဖွယ်နှင့် ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ ထိုစာရေးဆရာများအနေဖြင့် အသက်မွေးဝမ်းကျောင်းမှုအရ အစဉ်တစိုက် စာပေရေးသားမှုမပြုနိုင်ကြစေကာမူ ရခဲလှသော စာရေးဆရာဘဝကို ခံယူရင်း စာနယ်ဇင်းများတွင် ကြိုးကြားပါဝင်ရေးသားသွားကြရန် တိုက်တွန်းအပ်ပါသည်။ ■ **ကေကလေး**




**ဇာတ်တူသားစားသူများ**

စာအုပ်က ခေတ်ပြိုင်ဘာသာပြန်လက်ရာများကို မျှော်လင့်နေကြတဲ့ စာဖတ်ပရိတ်သတ်များ စိတ်ကျေနပ်မှု ရရှိစေမယ့် စာအုပ်ဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ်ဟာ တောင်အာဖရိကနိုင်ငံရဲ့ အထူးခြားဆုံး နှစ်ကာလအပိုင်းအခြားပါ။ အဆိုပါကာလမှာ တောင်အာဖရိကနိုင်ငံရှိ လူသားတိုင်း မဲပေးပိုင်ခွင့်ရရှိခဲ့ပြီး နှစ်ပေါင်းများစွာ စိုးမိုးခြယ်လှယ်ခဲ့တဲ့ လူဖြူတွေကို တွန်းလှန်နိုင်ခဲ့ပါတယ်။ လူဖြူ-လူမည်း အသားအရောင် ခွဲခြားမှုကို တိုက်ဖျက်ခဲ့ပြီး ဒီမိုကရေစီနည်းကျ အစိုးရတစ်ရပ်ကို မဲပေးရွေးချယ်ခဲ့ပါတယ်။ ဒါပေမဲ့ ခေတ်ဆိုး၊ စနစ်ဆိုးရဲ့ အကျွင်းအကျန်ပြဿနာပေါင်း သောင်းခြောက်ထောင်တို့နဲ့အတူ တောင်အာဖရိက ဒီမိုကရေစီဟာ ပြည်သူများအတွက် ခက်ခဲကြမ်းတမ်းမှုတွေ၊ သွေးမြေကျမှုတွေ ခေါ်ဆောင်လာခဲ့ပါတော့တယ်။ အခုစာအုပ်ဟာ အဆိုပါနှစ်ကာလကိုဖြတ်သန်းခဲ့ရတဲ့ တက္ကသိုလ်ကျောင်းသားတစ်ဦးရဲ့ ဘဝကို အခြေပြုရေးဖွဲ့ထားတာပါ။

စည်းကမ်းမဲ့ပြည်သူတွေ၊ ဗိုလ်ကျအနိုင်ကျင့်လေ့ရှိတဲ့ ရဲတွေ၊ လူမိုက်အဖွဲ့တွေ၊ ထစ်ခနဲရှိ တုတ်ဆွဲဓားဆွဲ ဘတ်စ်ကားမောင်းသူတွေကြားမှာ ထွက်ပေါက်မဲ့နေတဲ့ကျောင်းသားတစ်ယောက်အကြောင်းပါ။ ဒီစာအုပ်ရဲ့ အထူးခြားဆုံးအချက်ကတော့ စာအုပ်ကိုဖတ်နေရင်း တောင်အာဖရိကမှ ဟုတ်ရဲ့လား။ ယနေ့ခေတ် မြန်မာပြည်အကြောင်း ရေးနေတာလားလို့ ထင်မှတ်မှားရလောက်အောင် အဖြစ်အပျက်များစွာတို့က ထပ်တူညီနေပါတယ်။ NIQ MHLONGO ရေးသားတဲ့ **Dog Eat Dog** ကို **ဝင်းငြိမ်း** မြန်မာပြန်ဆိုတဲ့ **ဇာတ်တူသားစားသူများ** စာအုပ်ကို ငါတို့စာပေကနေ ဖြန့်ချိပါတယ်။

ဖုန်း ၀၉၂၅၀၀၉၁၉၁၃ သို့ ဆက်သွယ်ပြီးဖြစ်စေ၊ WE Distribution သို့မက်ဆေ့ချ် ပေးပို့ပြီးဖြစ်စေ မှာယူနိုင်ပါတယ်။ ■

NDSP

Yangon Book Plaza,
၅ လွှာ၊ သံဈေး၊ လမ်းမတော်မြို့နယ်။
ရန်ကုန်မြို့။ www.ndspbook.com



www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေမဂ္ဂဇင်းရဲ့ သက်တမ်းက ၂၀၁၉ ခုနှစ် ဇူလိုင်လဆိုရင် နှစ် ၃၀ ပြည့်တော့မှာဖြစ်ပါတယ်။ ပင်တိုင်ကဏ္ဍနှစ်ခုဖြစ်တဲ့ ရွှေအသစ်ကဏ္ဍနဲ့ ရွှေနှလုံးသားကဏ္ဍကိုလည်း ကလောင်သွေးလိုသူများ အတွက် ဖွင့်လှစ်ပေးခဲ့ပြီး နှစ်စဉ်မေလမှာ ကျင်းပတဲ့ ရွှေအမြုတေစာပေဆုပေးပွဲမှာ သူတို့ကိုလည်း ဆုများ ချီးမြှင့်ပေးခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်း ဖော်ပြပေးခဲ့တဲ့ ရွှေအသစ်၊ ရွှေနှလုံးသားကဏ္ဍများမှ ပရိသတ်အကြိုက် ရွှေးချယ် ပေးနိုင်ဖို့ ဖော်ပြပါပုံစံမှာ ဖြည့်စွက်ပြီး ပေးပို့ကြစေ လိုပါတယ်။ ■

*လေးစားစွာဖြင့်…*

(ဝင်းငြိမ်း)

ရွှေအမြုတေ ၂၀၁၇ ဒီဇင်ဘာမှ ၂၀၁၈ နိုဝင်ဘာအထိ ဖော်ပြခဲ့သည့်

ရွှေနှလုံးသား နှင့် ရွှေအသစ်

# ဝတ္ထုတိုများမှ ပရိသတ်အကြိုက် ရွေးချယ်ခြင်း

## အကြိုက်ဆုံး ရွှေနှလုံးသားဝတ္ထု

ဝတ္ထုအမည် ........................................

ကလောင်အမည် ........................................

ဖော်ပြခဲ့သည့်လ ........................................

## အကြိုက်ဆုံး ရွှေအသစ်ဝတ္ထု

ဝတ္ထုအမည် ........................................

ကလောင်အမည် ........................................

ဖော်ပြခဲ့သည့်လ ........................................

**ဆန္ဒပြုသူ၏အမည်** ........................................

**နေရပ်လိပ်စာအပြည့်အစုံ** ........................................

**ထိုးမြဲလက်မှတ်** ........................................

## ရွှေနှလုံးသား

| | | |
|---|---|---|
| ၁။ ၁၇/ဒီဇင်ဘာ | ကွန်တာ | ပိုင်ရှင်မသိ ဖိနပ်တစ်ရန် |
| ၂။ ၁၈/ဇန်နဝါရီ | တိုးနှောင်မိုး | ခွဲခွာခြင်းကို ဆေးထည့်လို့ မရဘူးလားကွယ် |
| ၃။ ၁၈/ဖေဖော်ဝါရီ | နတ်စောင်း(ကျိုက်ထို) | အဆိပ်သင့် အေဒင် |
| ၄။ ၁၈/မတ် | မောင်အင်း(ဥက္ကံ) | လိုင်းတက်လို့ မဟိုင်းခဲ့ရင် စိတ်ကောက်လိုက်မယ် |
| ၅။ ၁၈/ဧပြီ | ရဲစွမ်းနေ | ပိတောက်ဦး |
| ၆။ ၁၈/မေ | တေဇလင်း(နည်းပညာ) | ပုလဲသီသူ |
| ၇။ ၁၈/ဇွန် | ကိုစက်ဖေ | ကမ္ဘာဦးက အိမ်ကလေးများ |
| ၈။ ၁၈/ဇူလိုင် | တေဇလင်း(နည်းပညာ) | လွမ်း၍ပွင့်သည် လွမ်းကာကြွေ၏ |
| ၉။ ၁၈/ဩဂုတ် | မောင်ဩလေး | အသံတိတ်ရုပ်ရှင် |
| ၁၀။ ၁၈/အောက်တိုဘာ | ဘိုဘိုသန့်ဇင်(မြိုင်) | အပြုံးတစ်ခု၏နောက်ကွယ် |
| ၁၁။ ၁၈/နိုဝင်ဘာ | သံဖျင်ဦး | အရည်ပျော်သွားတဲ့ ချောကလက် |



www.burmeseclassic.com

www.burmeseclassic.com

## ရွှေအသစ်ဝတ္ထုတို

| | | | |
|---|---|---|---|
| ၁။ | ၁၇/ဒီဇင်ဘာ | မိုးဦးနေ | မြစ်နှစ်စင်း |
| | ၁၇/ဒီဇင်ဘာ | လင်းသန့်စင်(ပဲခူး) | သူကြွယ်ပြည်က သင်္ဂြိုဟ်ခံဘဝများ |
| | ၁၇/ဒီဇင်ဘာ | နေမင်းနွယ် | အသက်ကိုရင်း၍ ရသောငွေ |
| | ၁၇/ဒီဇင်ဘာ | ခင်ဇော်မိုး | ဇရာကျညများ |
| | ၁၇/ဒီဇင်ဘာ | သွန်းသစ္စ | အရောင်းမဲ့လိပ်ပြာ |
| ၂။ | ၁၈/ဇန်နဝါရီ | ပန်းသခင် | ပင်လယ်နားက ဖြူတဲ့ငွေ |
| | ၁၈/ဇန်နဝါရီ | မြတ်ထူးအောင်(အဏ္ဏဝါ) | သူတစ်ယောက်တွေထဲက သူတစ်ယောက် |
| | ၁၈/ဇန်နဝါရီ | မျိုးဆွေဦး(မာလဲ-နတ်တောင်) | ကျွန်တော်ရဲ့ပန်းတိုင်းမှာ အဖေရှိနေပေးပါ |
| | ၁၈/ဇန်နဝါရီ | နွေမိုးဝေ | ဖူးတံဝင့်လို့ချီပါရစေ |
| | ၁၈/ဇန်နဝါရီ | ကေအမ်တီ(အတွေးအိမ်) | နှမ်းလျှကြယ်ရဲ့တမ်းတကောင်းကင် |
| ၃။ | ၁၈/ဖေဖော်ဝါရီ | မိုးဦးနေ | ဆီးဆော |
| ၄။ | ၁၈/မတ် | ညီလင်းအိမ် | အဝါရောင်သစ်သီး |
| | ၁၈/မတ် | ချစ်ဦးသူ(လက်ပုကန်) | ကွန်ငြိပင်လယ် |
| | ၁၈/မတ် | ညီကျော်(တန့်ဆည်) | ရွှေရောင်မျက်နှာဖုံးအချို့၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ |
| ၅။ | ၁၈/ဧပြီ | ညဦးနေ | တစ်မိုးအောက်မှာ |
| | ၁၈/ဧပြီ | မခ | မိုးကိုအံကြိတ်ချစ်ကြသူများ |
| | ၁၈/ဧပြီ | နဒီသင်း(ကုန်းဇောင်း) | ချိုမြိန်သော အပြုံးတစ်ပွင့် |
| ၆။ | ၁၈/မေ | ညီကျော်(တန့်ဆည်) | မြေနိမ့်မြစ်ဝှမ်းသို့လောင်ကျွမ်းသွားသော |
| | ၁၈/မေ | နွေမိုးဝေ | အဝါရောင် ဒဏ္ဍာရီ |
| | ၁၈/မေ | မောင်ပိုင်(လေးမျက်နှာ) | အပြုံး |
| ၇။ | ၁၈/ဇွန် | ဒေးဗစ်မောင်မောင် | ဆူးပေါက်ဖက်နဲ့ မိုးတဲ့အိမ် |
| | ၁၈/ဇွန် | မောင်လှိုင်မိုရ် | အရဏ်သစ်နိဒါန်းပျိုးချိန် |
| | ၁၈/ဇွန် | ကိုသျှံ(ဒီပဲယင်း) | လောင်းကြေး |
| | ၁၈/ဇွန် | မခ | သန်းခေါင်ထက်နက်တဲ့ည |
| ၈။ | ၁၈/ဇူလိုင် | နွေမိုးဝေ | ဘတ်ငွေ |
| | ၁၈/ဇူလိုင် | ရဲကျော် | ကြယ်ငါးကောက်သူများ |
| ၉။ | ၁၈/ဩဂုတ် | ဖြိုးပိုင်(နေရှင်နယ်) | ရောင်ပြန်တောမှာ မောလှပါရဲ့ |
| | ၁၈/ဩဂုတ် | မွန်စွန်း | လိပ်ပြာလေးတွေ နားခဲ့ဖူးသည် |
| | ၁၈/ဩဂုတ် | သိန်းဇံဝင်း(ဒီပဲယင်း) | အချိန်မီရလိုက်သည့် နောင်တ |
| ၁၀။ | ၁၈/စက်တင်ဘာ | ဝန်းသို-လွမ်းရဝေ | လိပ်ပြာတစ်ကောင်ရဲ့ ချက်ကြိုး |
| | ၁၈/စက်တင်ဘာ | ညီစောရန်နောင် | ခုံမင် ခ,ယ ချစ်လွန်းကလည်း |
| | ၁၈/စက်တင်ဘာ | သန်းမြင့်သန်း(ကွမ်းခြံကုန်း) | မေယုကိုတဲ့ စုတ်တံချီ |
| ၁၁။ | ၁၈/အောက်တိုဘာ | ဖြိုးပိုင်(နေရှယ်နယ်) | အလင်းတစ်စက် |
| | ၁၈/အောက်တိုဘာ | ဆောင်းခနှင်း | ချောချောကျက်သရေ |
| | ၁၈/အောက်တိုဘာ | မင်းသိမ်းသြင်(အဠနု) | လေယူရာတိမ်း ယိမ်းနွဲ့ကာဖြင့် |
| ၁၁။ | ၁၈/နိုဝင်ဘာ | မိုးသက်လေ | အလွမ်းဆိုသည်ထက်ကို ပို၍ |
| | ၁၈/နိုဝင်ဘာ | ဆန်းငယ်သွေး(ပုတီးကုန်း) | အပူခံအိုးကွဲ |
| | ၁၈/နိုဝင်ဘာ | မြူမင်းလွင်(မော်လမြိုင်) | သူသာပန်လျှင် |





www.burmeseclassic.com

www.burmeseclassic.com

# ကျူအသစ်

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၅၁၊ ဇန်နဝါရီ၊ ၂၀၁၄

ဒီလမှာ စိတ်ဝင်စားဖွယ်စာမူတချို့ရှိပေမဲ့ ဝတ္ထုတိုတစ်ပုဒ်မှာ ရသမြောက်ပြီး ဆန်းသစ်တီထွင်တဲ့ အရေးအသားနဲ့တင်ပြပုံမျိုး ပါရမယ့်အစား သမားရိုးကျအရေးအသားနဲ့ တင်ပြပုံတွေသာ များနေပါတယ်။ ဇာတ်ကောင်စရိုက်ကို ပုံဖော်ကြရာမှာလည်း အပြောဘက်သန်ပြီး၊ အပြဘက်မှာ အတော်ကြီး အားနည်းနေပါတယ်။

၁။ *မင်္ဂလာပွဲ*

**နွေ(အဖျောက်)**

အရေးအသား ပြေပြစ်ပါတယ်။ အပြန်အလှန်စကားပြောကိုပဲ အားပြုထားပြီး အဖွဲ့အနွဲ့ရယ်လို့ မရှိပါဘူး။ စာများများ ဖတ်ပါဦး။

၂။ *အရက်ကျွန်*

**နန္ဒမင်းကြယ်(တွင်းငယ်)**

အရေးအသား သင့်ပါတယ်။ ဒီမှာလည်း အပြန်အလှန်စကားပြောကိုပဲ အားပြုပြီး သမားရိုးကျ ဇာတ်ကြောင်းတစ်ခုကို ခပ်ရိုးရိုး ပြောထားတာသာ ဖြစ်နေပါတယ်။

၃။ *ရင်ကွဲတေး*

**လရောင်**

စိတ်ဝင်စားဖွယ်ကောင်းတဲ့ စာမူတစ်ပုဒ်ဖြစ်ပေမဲ့ အဆုံးပိုင်းမှာ မလိုအပ်ဘဲ ဇာတ်ရဲ့လျှို့ဝှက်ချက်ကို ဖွင့်ဆိုရှင်းပြထားတာမျိုးဖြစ်နေပါတယ်။ အဲဒီအစား အပြသဘောဖြစ်အောင် ပြကွက်တချို့နဲ့သာ လှလှပပ အဆုံးသတ်သင့်တယ်လို့ ထင်ပါတယ်။

၄။ *ကိုကိုကိုယ်ပဲ ယုံခဲ့တယ်*

**ရွှေချောင်းသာ(မအူပင်)**

ရှည်လျားတဲ့စာမူတစ်ပုဒ် ဖြစ်ပါတယ်။ စာလုံးပေါင်းအမှားတွေ ပါနေသလို အကြောင်းအရာရော အရေးအသားပါ အတော်ကြီးကို ရိုးရှင်းလွန်းနေပါတယ်။ စာများများ ဖတ်ပါဦး။

၅။ *ပန်းချီဆရာ*

**စံချိန်ထွန်း(ပန်းတနော်)**

ပြောချင်တာရှိပေမဲ့ အစ၊ အလယ်၊ အဆုံး အချိတ်အဆက်မိမိ ပီပီပြင်ပြင် မရေးသွားနိုင်ပါဘူး။ ကြိုးစားပါဦး။

၆။ *မျက်လုံးမှိတ်လည်း အိပ်မပျော်*

**အောင်ပြည့်လင်း(ဒွါရမြေ)**

ပြောချင်တာကို ဝှက်ထားလွန်းတဲ့အတွက် အားနည်းသွားတဲ့ စာမူဖြစ်ပါတယ်။ စကားပြေ ပြေပြစ်စွာ ရေးထားပေမဲ့ ဇာတ်ကောင်စရိုက်ကို ပီပြင်အောင် မဖော်နိုင်ပါဘူး။

၇။ *လက်ထပ် မင်္ဂလာပွဲ*

**မောင်မျိုးသူ**

ရိုးစင်းလှတဲ့အကြောင်းအရာနဲ့ အရေးအသားဖြစ်ပြီးတိုလွန်းနေပါတယ်။

၈။ *တောက်သင်ညို*

**မောင်ပိုင်(လေးမျက်နှာ)**

အပြန်အလှန်စကားပြောကို အားပြုထားတဲ့ သာမန်စာမူတစ်ပုဒ်သာ ဖြစ်ပါတယ်။ စာများများ ဖတ်ပါဦး။

၉။ *အသက်ရှူသံတွေထဲ နှစ်ဝင်သောပုစ္ဆာ*

**အရှင်လူ(တွံတေး)**

အရေးအသား ပြေပြစ်ပါတယ်။ ဒါပေမဲ့ စာစီစာကုံးပုံစံ အရေးအသားမျိုး ဖြစ်နေပါတယ်။ ရွှေအသစ်ဟာ ဝတ္ထုစာမူတွေကို ဖော်ပြတဲ့နေရာ ဖြစ်ပါတယ်။

၁၀။ *နယ်ကျွံမိသော အမုန်း*

၁၁။ *အမြင်လွဲမှားနေသော အကြည့်များ*

၁၂။ *အနက်ရှိုင်းဆုံးရင်ခွင်*

၁၃။ *မရှူးသေးသူများအတွက်*

**လင်းသပြေမောင်**

အရေးအသားပြေပြစ်ပေမဲ့ အကြောင်းအရာနဲ့တင်ပြပုံ ရိုးစင်းနေတဲ့စာမူတွေဖြစ်ပါတယ်။ ဆောင်းပါးဆန်တဲ့ အဆုံးသတ်မျိုးတွေလည်း အသုံးပြုထားပါတယ်။ စာရေးအားကောင်းပေမဲ့ စာမူအများစုကတော့ သမားရိုးကျဇာတ်တွေနဲ့ တင်ပြပုံတွေသာ ဖြစ်နေပါတယ်။ အရေးအတွက်များများ အားထုတ်မယ့်အစား အရည်အသွေးထဲကို အားထည့်ဖို့ ကြိုးစားစေချင်ပါတယ်။

၁၄။ *ဘုရားပွဲ*

**ခင်ဇော်မိုး**

ခေါင်းစဉ်ကအစ ရိုးစင်းလွန်းပါတယ်။ အကြောင်းအရာရောတင်ပြပုံပါ ဘာမှထူးခြားမှု မရှိပါဘူး။ စာများများဖတ်ပါဦး။

၁၅။ *ငါးရာတန်အိပ်မက်*

**နောင်ထွန်းလူ**

ရိုးစင်းတဲ့ဇာတ်ကြောင်းနဲ့ တင်ပြပုံဖြစ်ပါတယ်။ ဆောင်းပါးဆန်တဲ့ တင်ပြမှုတွေလည်း ရှိနေပါတယ်။ စကားပြေ ပြေပြစ်ပါတယ်။ စာရေးရာမှာ ပုဒ်ခြားပြီး မရေးတဲ့အတွက် ဖတ်ရခက်ပါတယ်။ ကြိုးစားပါဦး။

၁၆။ *ဧရာဝတီမြစ်ကြီးကို သက်သေတည်၍*

**ရွှေသဒ္ဒါ(မြိတ်ပုလဲမြေ)**

အရေးအသား ပြေပြစ်ပါတယ်။ အစနဲ့ အလယ်မှာ ဆွဲဆောင်မှုရှိပေမဲ့ အဆုံးသတ်မှာတော့ ပညာပေးဆန်ဆန်၊ ဝါဒဖြန့်ချိရေးဆန်ဆန် အရေးအသားမျိုးတွေ ပါနေပါတယ်။ အဲဒီလို စာသားမျိုးမပါဘဲလည်း ကိုယ်ပြောချင်တဲ့အရာကို စာဖတ်သူက သူ့ဘာသာ တစိမ့်စိမ့် တွေးမိသွားအောင် ပုံဖော်ရေးသားဖို့ အကြံပေးပါရစေ။

၁၇။ *မောင်… ပေါက်စလေး*

**လင်းဆစ်အိမ်**



www.burmeseclassic.com

www.burmeseclassic.com

အရေးအသား ပြေပြစ်ပါတယ်။ အစနဲ့အလယ်မှာ အဆင်ပြေပေမဲ့ အဆုံးသတ်ပိုင်းက လောပြီး ဇာတ်သိမ်းထားသလို ဇာတ်ကောင်စရိုက်ပေါ်လွင်အောင် ဖော်ပြရာမှာ အားနည်းနေပါတယ်။ မွေးစားကလေးရဲ့နောက်ကြောင်း စုံစမ်းပုံနဲ့ ရှေ့ပိုင်းက အခန်းကို ပိုပြီးရသမြောက်အောင် အသေးစိတ်ပုံဖော်နိုင်မယ်ဆိုရင် ပိုကောင်းပါမယ်။

၁၈။ *ယိုးမယ်ဖွဲ့ ရမယ်ရှာရင်ဖြင့်*

**ငွေအောင်စိန်(အင်းမ)**

အရေးအသား ပြေပြစ်ပါတယ်။ ဆောင်းပါးဆန်ပြီး အပြောကို အားပြုထားတဲ့အတွက် ရသ,မမြောက်ဖြစ်သွားပါတယ်။ ကြိုးစားပါဦး။

၁၉။ *မျက်ရည်မြစ်တို့ သက်သေတည်*

**မျိုးဆွေဦး(မာလဲနတ်တောင်)**

အရေးအသား သင့်ပါတယ်။ အကြောင်းအရာကသာ မှန်းဆလို့ ရနိုင်လောက်အောင် ရိုးစင်းပြီး တင်ပြပုံနဲ့ရေးဟန်ကလည်း ထူးခြားမှုမရှိဘူး ဖြစ်နေပါတယ်။

၂၀။ *သူလိုဆရာ/ဆရာမမျိုးနဲ့သာ… ဆိုလျှင်*

**မောင်လွမ်းဝေ**

တိုလွန်းတဲ့စာမူဖြစ်ပြီး စာစီစာကုံးဆန်တဲ့ အရေးအသားမျိုး ဖြစ်နေပါတယ်။ စာများများ ဖတ်ပါဦး။

၂၁။ *အဖြူထည်ကို အရောင်ဆိုးမိသူ*

**ကိုဇော်(နွေဥဩ)**

စာမျက်နှာ ၂ မျက်နှာလောက်သာရှိပြီး အပြန်အလှန်စကားပြောကို အားပြုထားပါတယ်။ စကားပြေ၊ စကားပြောရောထွေးနေပါတယ်။ စာဖတ်နာပြီးမှ စာရေးဖို့ ကြိုးစားပါ။

၂၂။ *အလင်းတန်း*

**နွေနှောင်း(မေယုမြေ)**

အရေးအသား ပြေပြစ်ပါတယ်။ အကြောင်းအရာနဲ့ တင်ပြပုံကသာ ရိုးစင်းလွန်းနေပါတယ်။

၂၃။ *ချစ်ခြင်း၏ အဆုံးဝယ်*

**ရာဇမင်း(နေဖြူ)**

အရေးအသား သင့်ပါတယ်။ ဆွဲဆောင်မှုအတန်အသင့်ရှိပါတယ်။ စာမူက မလိုအပ်ဘဲ ဖောင်းပွနေပါတယ်။ ရေးလေ့ရှိတဲ့ အချစ်ဇာတ်ပုံစံမျိုးဖြစ်ပြီး အဆုံးကို မှန်းလို့ရနေပါတယ်။ ကြိုးစားပါဦး။

၂၄။ *နှလုံးသား ဗဟိုချက်တည့်တည့်*

**သျှားလူ**

အကြောင်းအရာရော အရေးအသားပါ ရိုးစင်းတဲ့စာမူဖြစ်ပါတယ်။

၂၅။ *အဖေ့ဝမ်းစာနိုင်ပါစေ*

၂၆။ *မေတ္တာလွင်ပြင်*

**ဒွါး**

အရေးအသား ပြေပြစ်ပါတယ်။ **အဖေ့ဝမ်းစာနိုင်ပါစေ** က အကြောင်းအရာရိုးရှင်းပြီး မိဘမေတ္တာဘွဲ့သက်သက်သာဖြစ်ပါတယ်။ **မေတ္တာလွင်ပြင်** ကိုတော့ ဆရာ ဦးဝင်းငြိမ်းထံ တင်ပေးလိုက်ပါတယ်။

၂၇။ *ပြောင်းလဲလာသောရွာကလေး*

၂၈။ *သုံးရာသီ*

**ပြုံးနွဲ့နွဲ့ဝါ**

အရေးအသား ပြေပြစ်တဲ့စာမူတွေ ဖြစ်ပါတယ်။ **ပြောင်းလဲလာသော ရွာကလေး** က အတန်အသင့်ရိုးစင်းနေပြီး အဆုံးပိုင်းမှာ အားနည်းသွားတဲ့စာမူဖြစ်ပါတယ်။ **သုံးရာသီ** ကိုတော့ ဆရာ ဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

ဆရာဦးဝင်းငြိမ်းထံတင်ပြပေးလိုက်တဲ့ စာမူတွေကတော့-

ကိုးငယ်မင်း ရဲ့ *ပင်လယ်ပန်းချီ*၊ နေဘုန်းညီ(အင်တိုင်း)ရဲ့ *အက်စစ်ခါး*၊ ငြိမ်းသခင် ရဲ့ *ဝေဒနာရင့်ရင့် ရင်မှာနင့်သည်…*၊ ရွှေသူရဗ္ဗ(ထားဝယ်)ရဲ့ *လောင်ကျွမ်းစေတတ်သော*၊ အမရာပြည့်ပြည်သူ ရဲ့ *လျှို့ဝှက်အပြုံး* တို့ ဖြစ်ပါတယ်။

မသီတာ၊စမ်းချောင်း၊

❑

*ဆရာမ မသီတာ(စမ်းချောင်း) စိစစ်တင်ပြထားတဲ့ စာမူများထဲမှာ ပြုံးနွဲ့နွဲ့ဝါက ရွှေအသစ် မဟုတ်ပါဘူး။ စာမူထိန်းသိမ်းသူက မှားယွင်းပြီး ရွှေအသစ်ထဲ ထည့်ထားခဲ့တာပါ။ ပြုံးနွဲ့နွဲ့ဝါကို ရွှေဝတ္ထုများထဲသို့ ပြောင်းရွှေ့ထားပြီး ဖြစ်ပါတယ်။*

*ကျွန်စာမူများထဲက ရွှေသူရဗ္ဗ(ထားဝယ်) ရဲ့ 'လောင်ကျွမ်းစေတတ်သော' ဝတ္ထုမှာ စည်းကမ်းချက်နဲ့ မကိုက်ညီပါ။ ကျွန်တော်ပြောထားတာက ကွန်ပျူတာနဲ့ စာစီမယ်ဆိုရင် ၁၃ ပွိုင့်နဲ့ A4 လေးမျက်နှာသာ ရိုက်ပါလို့ ကန့်သတ်ပေးထားပါတယ်။ ဆရာ ရွှေသူရဗ္ဗ(ထားဝယ်)က ၁၂ ပွိုင့်နဲ့ A4 ခြောက်မျက်နှာရှိပါတယ်။ နောက်ကိုစာရေးရင် သတိထားပါ။ ဆရာမ ဒွါးရဲ့ 'မေတ္တာလွင်ပြင်' ကို ဖတ်ရပါတယ်။ မိသားစု တစ်စု တစ်စည်းထဲနေကြရာမှာ ခံစားရတဲ့ အဘွားတစ်ယောက်ရဲ့ ခံစားချက်ကိုရေးဖွဲ့ထားပါတယ်။ သူကလည်း A4 ၁၂ မျက်နှာရှိပါတယ်။ ဝတ္ထုတကယ်အားကောင်းနေရင်တော့ ပေးရမှာပါပဲ။ ဒါပေမဲ့ ဝတ္ထုကလည်း သာမန်ဆင့်သာဖြစ်တာကြောင့် မသုံးဖြစ်ပါဘူး။ ဆရာမ အမရာပြည့်ပြည့်သူရဲ့ 'လျှို့ဝှက်အပြုံး' ဝတ္ထုက အနောက်တိုင်းဆေးပညာအပေါ် ယုံကြည်အားထားမှုမရှိတဲ့ တောနေလူတန်းစားနဲ့ ဆရာဝန်တစ်ဦးတို့ရဲ့တွေ့ကြုံခံစားမှုဖြစ်ပါတယ်။ သင့်တယ်လို့ဆိုရပါလိမ့်မယ်။ တခြားဝတ္ထုများနှင့်ယှဉ်ရင် အားနည်းနေတာကြောင့် ကျွန်တော် မသုံးဖြစ်ပါဘူး။ ဒါကြောင့် ဒီလရွှေအသစ်များအဖြစ် ဆရာ ကိုးငယ်မင်းရဲ့ 'ပင်လယ်ပန်းချီ'၊ ဆရာ နေဘုန်းညီ(အင်တိုင်း)ရဲ့ 'အက်စစ်ခါး'၊ ဆရာ ငြိမ်းသခင် ရဲ့ 'ဝေဒနာရင့်ရင့် ရင်မှာ နင့်သည်'တို့ကို ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။* ■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁။
ပင်လယ်ပြာပြာကြီးကို
အုပ်မိုးထိစပ်သော
ကောင်းကင်ပြာထက်ဝယ်
ခင်ရော်ငှက်များက လှပစွာ
ပျံဝဲလျက်။ အလိပ်လိုက်
တက်လာသည့်
လှိုင်းလုံးများက
ကမ်းစပ်အရောက်
လှိုင်းလုံးအရှိန်
ပြေလျော့သွားသည်။
သဲသောင်ပြင်
ကျယ်ကြီးအပေါ်ကို
လှိုင်းလုံးကလေးများက
မရို့တရို့ တက်လာလိုက်၊
ပြန်ဆင်းသွားလိုက်နှင့်။
စိမ်းမြမြ တောင်တန်း၏
အလှက ပင်လယ်ပြာနှင့်
ပေါင်းစပ်လိုက်သောအခါ
အဘယ်အလှ မီနိုင်လိမ့်မည်
မထင်။ ကမ်းခြေတွင်
ညနေခင်း၏
လေညင်းခံထွက်လျှင်
ရှုမငြီးနိုင်သည့်
အလှများနှင့် မွေ့လျော်ရမည်။
ကျွန်မတို့ ဟိုင်းကြီးရွာ
ကလေးက ပင်လယ်ကမ်းခြေ
နှင့် အနီးတွင်ရှိသည်။
ကျွန်မတို့အိမ်ထဲက
အိမ်ပြင်ထွက်လိုက်သည်နှင့်
ပင်လယ်ကြီးက ပြာလွင်လွင်

# ကိုးငယ်မြက်

## ပင်လယ်ပန်းချီ

အမှတ် ၃၅၀၊ ဇန်နဝါရီ၊ ၂၀၁၃



www.burmeseclassic.com

www.burmeseclassic.com

အပြုံးများနှင့် ကြိုဆို နှုတ်ဆက်၏။ ကျွန်မ ငယ်စဉ်ကတည်းက ပင်လယ်ကမ်းခြေနှင့် ထိတွေ့လာခဲ့သော်လည်း ဘယ်သောအခါမှ ငြီးငွေ့သည့် အငွေ့အသက်ကို မခံစားဖူး။ အေးချမ်းသာယာလှပသည့် ပင်လယ်ကမ်းစပ်တွင် လေညင်းခံပြီး ပင်လယ်၏ အလှရှုခင်းကို အရသာခံတတ်စမြဲ။

ငယ်စဉ်က ရေးဆွဲခဲ့သည့် ပန်းချီစာအုပ်တစ်အုပ်လုံးလိုလိုတွင် လှိုင်းပြေပြေလေးထ,လာသော ပင်လယ်ပြင်ကြီးနှင့် ပတ်ဝန်းကျင်ရှုခင်းပန်းချီများသာ နေရာယူ ထား တတ် သည် ။ (ကောင်းကင်ပြာရယ်၊ ပင်လယ်ပြာရယ်၊ တောင်တန်းတွေရယ်) သူငယ်ချင်းများက ကျွန်မ ပန်းချီစာအုပ်ကို ဖွင့်ကြည့်ပြီး “ချောစု… နင် ဒီပုံပဲ ဆွဲတတ်တာလား”ဟု မေးခွန်းထုတ်သည်အထိပင်။

❑

၂။

၂.၅.၂၀၀၈

နေ့လယ်အချိန်အခါ။

နှစ်စဉ်နှစ်တိုင်း လေကြမ်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ကမ်းစပ်နားတစ်ဝိုက် အိမ်များ အိမ်ခေါင်မိုးလဲရတတ်သည်။ ထိုဖြစ်စဉ်များသည် ကျွန်မ ဘဝအတွေ့အကြုံနှင့် နှိုင်းယှဉ်ရလျှင် သိပ်မဆန်းတော့။ ထို့ကြောင့် ထုတ်ပြန်ကြေညာချက်များကိုလည်း ကျွန်မတို့ အရေးမလုပ်မိခဲ့ချေ။

ယခုနှစ် လေကြမ်းမုန်တိုင်းတိုက်ခတ်ခြင်းမှာ ယခင်နှစ်များထက် အဆန်းတစ်ခုဖြစ်လာသည်။

“ဟူး…. ဟူး…. ဟူး…”

လေပြင်းမုန်တိုင်း တဖြည်းဖြည်း ကြမ်းသည်ထက် ကြမ်းလာပြီ။

နေ့ခင်းနေ့လယ် မှေးခနဲ အိပ်ပျော်လုဆဲဆဲ ဖျတ်ခနဲ သတိတစ်ခုပြန်ဝင်လာသည်။ အဖေနှင့် ညီမလေးကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲ။

“အဖေ… အဖေ… ညီမလေး ထပါဦး၊ ဘာအသံကြီးလဲ မသိဘူး”

တစ်သက်မှာ တစ်ခါမှ မကြားဖူးသည့် အသံမျိုး။ အစက ဝိုးတဝါးကြားရပေမဲ့ ယခုတော့ ပီပီပြင်ပြင် ကြားနေရပြီ။ ကြောက်မက်စရာ အသံ ။ လေတိုက်သံလော…။ မခွဲခြားတတ်တော့ပါ။

အဖေနှင့် ညီမလေး လန့်နိုးလာသည်။ အိမ်အပြင်ဘက်ကို သုံးယောက်စလုံး ထွက်ကြည့်ကြ၏။

“ဟင်… မမ”

“အို…. အမယ်လေး…. အဖေ အဲ့… အဲ့ဒါ ဘာကြီးလဲ”

လေပြင်းမုန်တိုင်း အပြင်းအထန်တိုက်ခတ်နေသည်မို့ အမှုန်အမွှားများကြား ကျွန်မ ပင်လယ်ကြီးကို မရမက လှမ်းကြည့်မိသည်။ ပင်လယ်ပြာပြာကြီး မဟုတ်ခဲ့ပေ။ ဒေါသကြီးနေသည့် သူ့အသွင်။ ကောင်းကင်ပြာကိုလည်း မမြင်ရတော့။ မိုးကလည်း သည်းထန်၏။

ပင်လယ်ကြီးတွင် မြင်တွေ့လိုက်ရသည့် အရာတစ်ခုကြောင့် ထိတ်လန့်တုန်လှုပ်သွားစေသည်။ ပင်လယ်ပြာပြာ မဟုတ်တော့သည့် မည်းနက်နက်အရာတစ်ခု။ လှိုင်းလော…။

ထိုအရပ်မှ ဆူညံသည့် အသံတစ်ခုက နားထဲ တစ်ဟုန်ထိုး ပြေးဝင်သည်။ လေတိုက်ပြင်းထန်နှုန်းက ကျွန်မကြုံတွေ့ခဲ့ရသည့် သက်တမ်းတစ်လျှောက်တွင် ထိပ်တန်းအရှိန်အဝါ။

“အလိုလေး… လှိုင်းလုံးကြီးပါလား”

အဖေ၏ တုန်တုန်ယင်ယင် စကားသံတစ်ခွန်းက ကျွန်မစိတ်ကို ပို၍ အားငယ်စေပြီး သွေးပျက် ချောက်ချားစေသည်။ ညီမလေး မျက်နှာမှာလည်း သွေးမရှိတော့။

ကျွန်မ ဘာလုပ်ရမည်နည်း မသိတော့ပါ။ သွေးပျက်တုန်လှုပ်မှုများကို ရင်ဝယ်ပိုက်လျှက်။

“အဖေ… သ… သမီး… တို့… သေရတော့မှာလားဟင်”

“ဟာ… ဘာလို့ သေရမှာလဲ၊ လောကကြီးကို လွယ်လွယ်နဲ့ အရှုံးမပေးစမ်းနဲ့ သမီး ချောစု”

အဖေ့စကားက နားထဲ စိမ့်ဝင်သွားစေသည်။ လက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်ပြီး “ငါ မသေရဘူး”ဟု ကိုယ့်ကိုယ်ကို အားခဲလိုက်၏။

ညီမလေးက ကြောက်အားကြီးစွာ အားကိုးတကြီးနှင့် ကျွန်မကို ဖက်တွယ်ထားသည်။

“ညီမလေး… မကြောက်နဲ့၊ မမတို့ မသေပါဘူး”

နှုတ်က ရေရွတ်အားပေးစကား ဆိုလိုက်သော်လည်း ကျွန်မလက်များက တုန်ယင်နေလေပြီ။ မျက်လုံးများက ဂနာမငြိမ်နိုင်တော့။ လေပြင်းတိုက်ခတ်မှု၏ ပြင်းထန်မှုက ကျွန်မတို့ ပျဉ်ထောင်အိမ်ကလေး ယိုင်နဲ့နဲ့ဖြစ်လာ၏။

“သမီးတို့… အိမ်ထဲမှာနေလို့ အခြေအနေ မဟန်တော့ဘူး၊ လာ… ဒီကို”

တစ်ဖက်မှ ပျဉ်ထောင်အိမ် ဂိုဒေါင်ကြီးကို လှမ်းမြင်လိုက်ရ၏။ ထိုဂိုဒေါင်က ကျွန်မတို့အိမ်ထက်စာလျှင် အများကြီး ခိုင်ခံ့သေးသည်။ လေတိုက်အား ပြင်းထန်မှုက လူကို လွင့်ခနဲ ပါသွားနိုင်လောက်သည်။ ဂိုဒေါင်ထဲ အပြေးဝင်လိုက်ကြ၏။ ထိုဂိုဒေါင်ထဲတွင် ကျွန်မတို့ အရင်ဝင်ရောက် ခိုအောင်းနေကြသူ ငါးယောက် ရှိသည်။ ခိုင်ခံ့မှုမရှိသည့် အိမ်များ လေထဲလွင့်ပါကုန်ကြပြီ။ ယခု ခိုအောင်းနေသည့် ဂိုဒေါင်အိမ်က လေဒဏ်ကို ခံနိုင်သည့်ပုံ။

သို့သော် ပြင်းထန်ကြီးမြင့်လှသော လှိုင်းဒဏ်ကိုတော့ မခံနိုင်ခဲ့ချေ။

“ဝုန်း”

လှိုင်း၏ ရိုက်ခတ်လွှမ်းမိုးမှုနောက်ဝယ် ကျွန်မ ဘာဖြစ်သွားသည်မသိ။ အသက်ရှူ၍ မရတော့။ ကျွန်မ ခါးလယ်ပိုင်းက မည်သည့်အရာနှင့် ရိုက်ခတ်မိလေသည်မသိ။



www.burmeseclassic.com

www.burmeseclassic.com

ဒုတ်ခနဲ အသံက ခါးအောက်ပိုင်း လှုပ်ရှားမှုကို အတိတ်မေ့သွားစေသည်။ ကျွန်မ မွန်းကျပ်နေလေပြီ။ အသက်ရှူ၍ မရတော့။ နှာခေါင်း၊ ပါးစပ်ထဲသို့ ရေများဝင်ကာ မွန်ထူမွန်းကျပ်လှ၏။ ဂိုဒေါင်အိမ်ထဲက ကျွန်မ ထွက်ရန်ကြိုးစားရမည်။ ထွက်ပေါက်က ရှာမတွေ့တော့။ ကျွန်မ အမြင်အာရုံက မှောင်မည်းမှုများနှင့်သာ ထွက်ပေါက်တစ်ခုကို ရှာနေရသည်။

ဟင်… တွေ့ပြီ။ ကျွန်မ ထွက်ပေါက်တစ်ခုကို ရှာတွေ့ခဲ့ပြီ။

'ဖူး… ပူး… ဖူး…'

ရေထဲမှ အပေါ်ပြန်တက်လာနိုင်သည့်အချိန်ချက်ချင်း အသက်မရှူနိုင်။ နှာခေါင်း၊ ပါးစပ်များထဲက ရေများကို မှုတ်ထုတ်ပြီး အသက်ကို အမောရှူရသည်။ တစ်လောကလုံး မှောင်မည်းနေပြီး ဘာတွေဖြစ်ကုန်ကြပြီနည်း။ (အဖေနှင့် ညီမလေး ဘယ်ရောက်သွားကြပြီလဲ။) ခေါင်းကို ရိုက်ခတ်မိသည့်အရာတစ်ခုကို ကျွန်မ ဆတ်ခနဲ အမိအရ ဖမ်းယူလိုက်သည်။ မဟုတ်လျှင် ကျွန်မ ရေထဲနစ်မြုပ်သွားဖို့က အပြည့်အဝ သေချာနေပြီ။ ကံကောင်းထောက်မစွာ ပျဉ်ချောင်းတစ်ခု ဖြစ်နေ၏။ သို့သော် ပျဉ်ချောင်းက ရေထဲတွင် ကျွန်မခန္ဓာကိုယ် ခိုတွဲဖို့ ကောင်းကောင်း အသုံးမဝင်ခဲ့ပါ။ ကိုယ်ဖော့ထားရင်းက နိမ့်ချည်မြင့်ချည်နှင့် အသက်ပင် ဘယ်နားရှုမိလေသနည်း။ လှိုင်းသံများလော၊ မည်သည့် အရပ်မှ လာသည့် အသံသည်လော ကျွန်မ မသိတော့ပါ။ လှိုင်းတစ်ချက်ဝင်လာလိုက်တိုင်း အသက်ကို အောင့်ထားရသည်။

လက်ထဲ စမ်းမိစမ်းရာ စမ်းရှာရင်း သစ်သားလုံးတစ်လုံးကို ထပ်မံဖမ်းမိရာ အမိအရ ဖမ်းဆုပ်ထား၏။ ပျဉ်ပြားတစ်ချောင်းကို တစ်ဖက်ချိုင်းကြားတွင်ညှပ်၊ သစ်သားလုံးတစ်ခုကို ကျန်လက်တစ်ဖက် ချိုင်းကြားတွင် မလွတ်သွားရန် ခိုင်ခိုင် ညှပ်တွယ်ထားရသည်။

အသံများက ကမ္ဘာပျက်နေသည့်အလား ဆူညံနေသည်။ မုန်တိုင်းလှိုင်းထန်မှုက မငြိမ်သက်နိုင်သေး။ မှောင်မည်းအတိရှိနေပြီး ဘာကိုမှ ကမ်းမမြင်လမ်းမမြင်။ လှိုင်းလုံးတစ်လုံး ကျွန်မအနား ရောက်မလာခင် အသက်ကို ဝ,အောင်ရှူထားလိုက်ရသည်။ လှိုင်းလုံးတစ်လုံး၏ လွှမ်းမိုးမှုက ရေထဲ ပတ်ချာလည်ရိုက်ကာ အကြာကြီးနစ်မြုပ်နေပြီး အသက်ရှူဖို့ မနည်းပြန်တက်ရသည်။ ချိုင်းကြားနှစ်ခုတွင် ညှပ်ထားသည့် ပျဉ်ပြားနှင့် သစ်သားလုံးကို ကျစ်ကျစ်ပါအောင် ညှပ်ထားရ၏။

ဒိုက်များလော၊ ဆူးငြောင့်များလော မည်သည့် အရာများနည်း မသိ၊ အောက်ပိုင်း ခြေထောက်များကို ဆူးများ ခြစ်မိသည်။ ထိုထက်ဆိုးသည်က…။

'အ…'

ပျဉ်ချောင်းတစ်ခုမှ သံမှိုက ပေါင်ကိုလာစိုက်သည်။ နာကျင်စွာ အော်ဟစ်လိုက်ပေမဲ့ အသံက စူးစူးဝါးဝါး မထွက်နိုင်တော့ချေ။ ခိုက်ခိုက်တုန်အောင် ချမ်းတုန်နေလေပြီ။

ကျွန်မကိုယ်ပေါ်မှ အင်္ကျီကိုပင် မသယ်နိုင်တော့ပေ။ မွေးပွအင်္ကျီမို့ ရေနှင့်လေးနေ၏။ အသက်ကို ဝ,အောင်မရှူရ၊ ကိုယ်လည်း ဖော့ထားရတော့ မောပန်းနွမ်းနယ်လှပြီ။ အင်္ကျီကို ပါးစပ်နှင့်ကိုက်ကာ ဆွဲဖြဲ။ မရမက ချွတ်ရသည်။ ချိုင်းကြားထဲက ပျဉ်ပြားများ လွတ်မသွားစေရန် သတိပြုနေရသည်။

ပါးစပ်ထဲ၊ နှာခေါင်းထဲ ရေငန်များ အလုံးလိုက်ဝင်ပြီး ကျွန်မ အသက်ငင်နေပြီ။ အသက်ရှူ၍ မရတော့ပါ။ နစ်ချိန်က ပိုများနေသည်။ အမြတ်တနိုး တန်ဖိုးထားခဲ့သည့် ဆံပင်ရှည်ကြီးက ယခုအချိန်ဝယ် ကျွန်မအတွက် အသက်ရှူမွန်းကျပ်စေသည့် အရာ။ လည်ပင်းကို မကြာခဏ ရစ်ပတ်လာတတ်၍ ပြန်ဖြေနေရသည်။ စိတ်မရှည်စွာ ဆံပင်ကို ကိုက်ဖြတ်တော့လည်း မရ။ ဆံပင်က ခိုင်မြဲလှသည်။

ငါ မသေရဘူးဟု ကိုယ့်ကိုယ်ကို အားပေးလိုက်မိသည်။ လောကကြီးကို လွယ်လွယ်နှင့် အရှုံးမပေးနိုင်။ အဖေ့စကားကို နားထဲစွဲထင်နေသေးသည်။

'အဖေ…'

ကယောင်ကတမ်း အော်လိုက်မိသည်။ ခိုက်ခိုက်တုန်နေပြီမို့ အသံက အောရှရှ။ သည်တစ်ခါ တိုက်မိလိုက်သည့်အရာတစ်ခုက ပျဉ်ချောင်း သစ်တိုသစ်စများ မဟုတ်။ သစ်ကိုင်းလိုအရာတစ်ခု။ အမိအရ ဖမ်းဆုပ်ထားလိုက်ပြန်သည်။ ချိုင်းတွင် ညှပ်ထားသော ပျဉ်တိုသစ်စများကို လွှတ်လိုက်ပြီး သစ်ကိုင်းကို ဖက်တွယ်ထား၏။ ကျွန်မ ရွေးချယ်မှုက မှန်ကန်သွားသည်။ သစ်ပင်တစ်ပင် ဖြစ်လိမ့်မည်။ ကျွန်မ ကိုင်ထားမိသည့်ကိုင်းက အဖျားလောက်သာ ငေါထွက်နေသည်။

ခိုက်ခိုက်တုန်အောင် ချမ်းနေပြီး သစ်ကိုင်းကို လက်မလွတ်သွားမိစေရန် သတိထားနေရသည်။လှိုင်းလုံးများက ကျွန်မကို အကြိမ်ပေါင်း မရေတွက်နိုင်အောင် လွှမ်းမိုးခဲ့ပေမဲ့ သစ်ပင်ကိုင်းကို ခိုင်ခိုင်မြဲစွာ ဖက်တွယ်ထားစမြဲ။ အသက်ရှူရန် ရေထဲမှ ပြန်ပေါ်လာချိန်က အလွန်နည်းလှသည်။ ကျွန်မ အံကိုကြိတ်ကာ အားမာန်တင်းထားလိုက်၏။

❑

၃။

လှိုင်းများ ငြိမ်သက်သွားပေမဲ့ ကျွန်မ ခန္ဓာကိုယ် အောက်ပိုင်း ရေများထိစပ်နေ၍ ခိုက်ခိုက်တုန်အောင် ချမ်းတုန်နေခဲ့ပြီ။ အောက်ပိုင်း ခန္ဓာကိုယ် ရှိပါရော့လားဟု သံသယပင်ဖြစ်မိသည်။ ဖက်တွယ်ထားသည့် သစ်ပင်ကိုင်းကိုလည်း လက်ဖြုတ်၍ မဖြစ်သေး။

တဖြည်းဖြည်း ရေကျလာသည့်အလျောက် သစ်

*စာမျက်နှာ(၂၀၁)သို့…*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နေ့ဘုန်းညို ၊အင်တိုင်း၊

## အကဝမ်ပါး

၁။

ပြတင်းပေါက်မှ
လေစိမ်းတစ်ချက်
သုတ်ဖြူးလေတယ်။
စားပွဲပေါ်ရှိ စာရွက်လေး
လူးလွန့်သွားတယ်။ သူမ
သတိပြန်ဝင်လာတယ်။
သူမရဲ့ နှလုံးသား
ဟာလည်း ထိုစာရွက်လေး
ကဲ့သို့ လူးလွန့်နေတယ်။
ဝေဝါးနေတဲ့ အမြင်
အာရုံတွေကြားမှ
စာရွက်လေးကို
တစ်ချက်ကြည့်လိုက်တယ်။
'ကွာရှင်းစာချုပ်'
ကိုယ့်ဆီမှာ မပျော်မွေ့
သူ တစ်ယောက်ကို
အပင်ပန်းခံ
တွယ်ကပ်နေမယ့်အစား
သူလည်းမပျော် ကိုယ်လည်း
စိတ်မချမ်းသာတဲ့
အဖြစ်မျိုးမှ သူသာ
စိတ်ချမ်းသာမယ်ဆို
ကိုယ်စိတ်ဆင်းရဲရပါစေတော့
လို့ စိတ်ဆုံးဖြတ်ချက်ကို
တုံးတုံးချပြီး ဒီနေ့ဒီနေရာသို့
ရောက်လာခဲ့ခြင်းဖြစ်တယ်။

တုန်ယင်နေတဲ့ လက်ကို
အတတ်နိုင်ဆုံး ငြိမ်အောင်
ထားပြီး ဘောလ်ပင်ကို
ကောက်ကိုင်လိုက်တယ်။
မိမိ လက်မှတ်ထိုးရမယ့်
နေရာအား ဘောလ်ပင်နဲ့
ထောက်လိုက်တယ်။
'ဩော်...သူတောင်
လက်မှတ်ထိုးပြီးပါပေါ့လား'
သူ ဆိုသည့် ဘေးနားက
လူကို မသိမသာ
မျက်လုံးထောင့်ကပ်
ကြည့်လိုက်မိတယ်။
သူကတော့ သူ့ရှေ့က
စာချုပ်မှာ လက်မှတ်ထိုးပြီးလို့
ကိုယ့်ဆီကစာချုပ်ကို စိတ်
လက်ပေါ့ပါးစွာ စောင့်နေ
တယ်။ အင်း.. အရင်
ကလည်း ဒီလိုလက်မှတ်မျိုး
ထိုးဖူးတယ်။ အဲဒီတုန်း
ကတော့ ဒီလိုမဟုတ်
တူနှစ်ကိုယ် လက်ချင်း
ယှက်လို့ ဘဝခရီး
ဆုံးအောင် မဓောတမ်း
လျှောက်ကြမယ်ဆိုတဲ့

အမှတ် ၃၅၀၊ ဇန်နဝါရီ၊ ၂၀၁၉



www.burmeseclassic.com

www.burmeseclassic.com

သစ္စာတရားတွေ၊ ကတိတွေ ရင်ထဲမှာ အပြည့်နဲ့ပေါ့။ အခု ထိုးရတဲ့ လက်မှတ်ကတော့ "အရာအားလုံး မသက်ဆိုင်တော့ပါ၊ ထိုအရာများ အတိတ်မှာ ကျန်ခဲ့ပါပြီ၊ ယခု ဘဝသစ်စရန် ဖြစ်ပါတယ်" ဆိုတဲ့ သူ့ရဲ့ဆန္ဒအတွက် ကိုယ်က လိုက်လျှောပေးရသူ။ သံယောဇဉ်ဆိုတဲ့အရာကို စာချုပ်ပေါ်က လက်မှတ်လေးတစ်ချက်နဲ့ ဖြတ်တောက်လို့ ရလောက်အောင် သံယောဇဉ်ဆိုတာက ပလတ်စတစ်ကြိုးမှ မဟုတ်ဘဲ။ အချိန်တွေ၊ ချစ်ခြင်း မေတ္တာတွေကြားမှာ တငွေ့ငွေ့ ပေါက်ဖွားလာတဲ့ အမြုတေခဲတော်လေး။ ရီးရှင်းတယ်၊ ရှင်းသန့်တယ်၊ ခိုင်မြဲတယ် နောက်ဆုံး ရစ်ပတ်တွယ်ငြိတတ်တယ်။ သူ့ဘက်က အသိသက်သေဆိုတဲ့ နေရာကို အကြည့်တွေ ရောက်သွားပြန်တော့-

"မရွှေဝါနု"

အို... ကိုယ့်ရင်ခွင်ထက် သူ့ရင်ခွင်က ပိုအေးချမ်းမှာပါလေ။ ဘာဆိုဘာမှ မရှိတော့တဲ့ ကိုယ့်ဘက်က အသိသက်သေကတော့ ဘယ်သူရှိမလဲ၊ ရွှေ့နေကြီးပေါ့။

အိမ်အပြန်လမ်းတစ်လျှောက် ကိုယ့်ကိုယ်ကို ပေါ့ပါးနေသလား၊ လေးလံနေသလား မသိ။ နာကျင်နေတာတော့ သေချာတယ်။ သူနဲ့အတူ နေခဲ့တဲ့ နှစ်နှစ်ဆိုတဲ့ မရှည်လျားတဲ့ စက္ကန့်လက်တံတွေကြားမှာ အမှတ်တရတွေက တောင်ပုံယာပုံ။ နောက်ဆုံး တမ်းတခြင်းအနေနဲ့ ဦးနှောက်အသိကို ဖွင့်ချထားပါလျက်က ဘာကြောင့်

u |kd f|q D&Sm
r aysmfar @G l
w pfa, mu f|u |kd
t yi fyef;cH
w ,G f|u yf
aer , f|h pm;
o l/ n f|r aysmf
u |kd f|v n f
pud/ f cs f|o mw bl
t jzpf $kd S
o b m
pud/ f|cs f|o m, f|q |kd
u |kd f|pud/ f|q i f&&
y@apaw mhm bkd
pud/ f|q j|zw f|csi f|u |kd
w |kd/ |kd $kD
' Be Y Ba e&no bkd
a&mu f|v nc|Jdi f
jzpf|w , f

ကြည်နူးစရာအတိတ်တွေကို ပြန်တွေးလို့ မရပါသလဲ။ အင်း..ဒါကလည်း ကိုယ့်ရဲ့ ပြတ်သားတဲ့ မသိစိတ်ကြောင့်ပဲဖြစ်မယ်ထင်ပါတယ်။ သူ့ကြောင့်ပဲ သူမြတ်နိုးတဲ့ ဒီ ဆရာမဆိုတဲ့ အလုပ်ကို တစ်ဘဝလုံးအတွက် ရွေးချယ်ခဲ့တာ မဟုတ်လား။ ဒါတင် ဘယ်ကမလဲ ကိုယ်မြတ်နိုးတဲ့ ဆရာဆိုတဲ့ သူ့ကိုရောပေါ့။ မကြာသေးတဲ့ ရက်သတ္တတစ်ပတ်ဆိုတဲ့ အတိတ်ကတော့ မေ့မရတဲ့တိုင် ဦးနှောက်ထဲမှာ တဝဲလည်လည်။ အဲဒီနေ့ကပေါ့၊ သူက ပြတင်းပေါက်ကို မျက်နှာမူပြီး ရပ်နေတယ်။ ဒီနေ့လို မျက်နှာမျိုးနဲ့တော့ ဘယ်ဟုတ်မလဲ။ ကိုယ်က သူ့ကျောပြင်ကို မှီရင်း-

"မောင် ဘာဖြစ်နေတာလဲဟင်၊ ခိုင်မှာ့ကို တစ်ခုခု ပြောချင်နေတာလား၊ အားမနာပါနဲ့၊ ပြောစရာရှိတာ ပြောပါမောင်"

သူက သက်ပြင်းချသံတစ်ချက်နဲ့ အစပြုလိုက်ပြီး-

"ပြောမထွက်ပေမဲ့ မပြောမဖြစ်လို့ ပြောရတော့မယ် ခိုင်မာ၊ မောင် အခု ဝါနုနဲ့ ပြန်အဆင်ပြေနေပြီ။ အဲ့ဒါ နောက်တစ်ပတ်မှာ မောင့်ကို ကွာရှင်းပေးပါ"

ဝါနု...။

ဩော်...ရွှေဝါနုဆိုတာ သူပြောပြဖူးတဲ့ သူ့ရဲ့ ငယ်ချစ်ဦးဆိုတာပေါ့။ မိဘတွေ သဘောမတူလို့ နိုင်ငံခြားကို ပို့လိုက်ကြသတဲ့။ အခု မိဘတွေလည်း မရှိကြတော့ဘူးဆိုတော့ သူ့ရင်ထဲမှာ တစ်ရက်မှ မမေ့ပါဘူးလို့ မောင် အပွင့်လင်းဆုံးပြောခဲ့ချိန်ကတည်းက မောင့်ရဲ့ လစ်ဟာနေတဲ့ ကွက်လပ်လေးထဲမှာ နေရာယူချင်နေမိခဲ့သူပါ မောင်။ အဲဒီတုန်းကတော့ ငယ်ကအချစ် အနှစ်တစ်ရာ မမေ့သာဆိုတာ ရာဇဝင်တွေ၊ ပုံဝတ္ထုစာအုပ်တွေထဲမှာသာ ရှိတာပါလို့ တစ်ဖက်သတ် ကိုယ်လိုရာ ဆွဲတွေးခဲ့တာ။ ခုတော့... ဒီလေသံပျော့ပျော့နဲ့ ပြောတဲ့ စကားတွေဟာ ခိုင်မာနေတဲ့ သံယောဇဉ်အိမ်လေးကို မုန်တိုင်းဝှေ့သလို တိုက်စားပစ်လိုက်တယ်ဆိုတာ မောင် မသိရီးလား။

အို... အိမ်၊ သူနဲ့အတူ မေတ္တာအမိုး၊ သစ္စာတွေကာရံထားတဲ့ အိမ်။ အခုတော့လည်း စိမ်းကားခြင်းခြံစည်းရိုးထဲမှာ ထီးထီးကြီးပါလား။ ခြံတံခါးအဝင်ဝမှာ ရင်ဘတ်ထဲ ဆို့ကျပ်လာပြီး ကမ္ဘာလောကကြီး ချာချာလည်သွားတယ်။ မစိမ်းတဲ့ အသံလေးတစ်ခုကိုတော့ ကြားလိုက်ရပါသေးတယ်။

"ခိုင်မာ...ခိုင်မာ"

❑

၂။

"ခိုင်မာ...ခိုင်မာ သတိရလာပြီလား"

ဩော်... ဒေါ်လွင်မို့မို့၊ ကပ်လျက်အခန်းမှာနေတဲ့ ဆရာမ။ လဲလျောင်းနေရာမှ အားယူပြီး ထ,မည်အပြုအလို...ငါ့ရဲ့အားအင်တွေ ဘယ်ရောက်ကုန်ပြီလဲ။ ငါဆိုတာ နာမ်တရားကြီးများလား၊ ငါ့ရဲ့ရုပ်ကရော။

"မထ,သေးပါနဲ့ဦး ခိုင်မာရဲ့၊ ဆရာဝန်က မှာသွားတယ် အရမ်းအားနည်းနေတယ်တဲ့၊ အေးအေးဆေးဆေး အနားယူပါဦးတဲ့"

အားအင်ကုန်ခန်းနေပေမဲ့ အကြားအာရုံကတော့ ကောင်းကောင်း အလုပ်လုပ်နေသေးတယ်။ အသံရောရှိသေးရဲ့လားလို့ လည်ချောင်းထဲက လေကို အထက်သို့ပို့ပြီး အသံထွက်အောင် လုပ်ကြည့်တယ်။

"သူ...သူ..."

အလိုလေး... ဘာလို့ သူ့ကို အရင်တ,မိနေပါလိမ့်နော်။ ငါ့နားမှာ သူဆိုတာမှ မရှိတော့တာ။ သူဆိုတာ မရှိတော့ ငါ့ဆီမှာ ဘာရှိဦးမှာလဲ၊ ပြောကြစမ်းပါ။ အားဖိုက်ထဲကလည်း အီလည်လည်နဲ့ နေရခက်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com

“ခိုင်မာ စိတ်အေးအေး ထားနော်၊ နင့်မှာ နင့်မှာ…”

နောက်ဆုံးစကားလုံး လေးက နားစည်ကိုကျော်ပြီး အသည်းနှလုံးထဲရောက်သွား သလား ထင်မှတ်ရတယ်။

ရှိတာပေါ့၊ ငါ့မှာ ခု သူ့ ကို မလိုအပ်တော့ဘူးလေ။ ငါ့မှာ တွယ်တာစရာလေး ရှိနေပြီ။ သူ မရှိလည်း ငါ့ရဲ့ နေ့ရက်တွေက အဓိပ္ပာယ်မမဲ့ တော့ဘူး။ ငါ့ရဲ့အနာဂတ် တွေ မဝေဝါးသေးပါဘူး။ ဘယ်ကဘယ်လို ရောက်လာ မှန်းမသိတဲ့ ခွန်အားတွေနဲ့ ငေါက်ခနဲ ထ,လိုက်ပြီး ဒေါ်လွင်မို့မို့ ပခုံးနှစ်ဖက်ကို ဆွဲညှစ်လိုက်တယ်။

“တကယ် တကယ်ပြော တာလား လွင်မို့၊ သေချာလို့ လားဟယ်”

“သေချာတာပေါ့၊ ဆရာဝန်ကတောင် ပြောသွား တာ။ ကိုယ့်အခြေအနေကို ခန့်မှန်းကြည့်လေ”

ဟုတ်တာပေါ့၊ သိပ် ဟုတ်တာပေါ့။ ဟုတ်သမှ သိပ်ဟုတ်။ မိမိရဲ့ မျှော်လင့် ချက်၊ မိမိရဲ့ဘဝ၊ မိမိရဲ့အနာ ဂတ်၊ ခွန်အား…အို မိမိရဲ့ အရာအားလုံး ဒေါ်ခိုင်မာစိမ့် ရဲ့ အရာအားလုံး…။

အချိန်ယန္တရားနဲ့ နာရီ လက်တံတို့က မိတ်ဆွေဖြစ် နေဟန်ရှိတယ်။ ရာသီစက် ဝန်းကလည်း သူတို့အကြိုက် ရ၍ထင့်။ ခံစားရသူအဖို့မှာ ကုစားပေးမယ့်အချိန်ကို တောင့်တရသော်လည်း ပျော် ရွှင်ရသူတို့အဖို့မှာ အချိန်တွေ ကုန်ဆုံးသွားမှာ ကြောက်၍ စက္ကန့်လက်တံကို လာဘ်ထိုး လို့များရလျှင် ထိုးချင်သူ ချည်းသာ။ ခုနစ်နှစ်ဆိုတဲ့ နေ့ပေါင်းများစွာ၊ ညပေါင်း သောင်းချီရဲ့ စက္ကန့်ရွေ့လျား မှုတို့သည် ဘဝသစ်တစ်ခု စ, လိုသူအဖို့ လုံလောက်သော အချိန်ကာလဟုဆိုလျှင် မှား နိုင်ဖွယ်မရှိ။ မေ့ပျောက်လိုသူ အဖို့ အတိတ်ဆိုတာ ကျန်ခဲ့ရုံမှ တစ်ပါး၊ တိုက်ဆိုင်မှုရှိရုံမှလွဲ ၍ သတိမရချင်လျက် ခေါက် သိမ်းထားနိုင်တဲ့တိုင် ကျန်ခဲ့ သူအဖို့၊ ခံစားရသူအဖို့မှာ လည်း ဝေဒနာက သက်သာရုံ အနာကျက်သွားသော်လည်း ပြန်မတွေးပါဘဲလျက် ဖျတ် ခနဲ စက္ကန့်ဝက်မျှ အသိအာရုံ ထဲ တိုးဝင်လာတိုင်း တစစ် စစ်တော့ နာကျင်ရပါသေး တယ်။

❑

၃။

ပြတင်းပေါက်မှ လေ စိမ်းတစ်ချက် သုတ်ဖြူးလေ တယ်။ စားပွဲပေါ်ရှိ စာရွက် လေး ဖျပ်ဖျပ်လူးသွားတယ်။ ထိုစာရွက်အား ပြန်ကြည့်နေ မိတာ ဆယ်ကြိမ်မကတော့။ ဘယ်နှကြိမ်ရှိပြီမှန်းပင် မသိ တော့၊ ခုလည်း ထပ်ကြည့်မိ ပြန်တယ်။

“ကျောင်းသားဟောင်း များ အာစရိယပူဇော်ပွဲ”

အင်း…ရင်ခွင်သစ်မှာ ကိုယ်ပျော်ရွှင်ပေမဲ့ ရင်ခွင် ဟောင်းကို မတမ်းတတဲ့တိုင် လုံးလုံးလျားလျားတော့ မမေ့ ပျောက်ခဲ့ပါ။ မေ့ကောင်းတဲ့ အရာ၊ မေ့နိုင်တဲ့ အရာမျိုးမှ မဟုတ်တာလေ။ ကိုယ် ရင်ခွင်သစ်မှာ ပျော်သလို သူ လည်း အချစ်သစ်နဲ့ နှပျိုနိုင် ပါစေကြောင်း ဆုတောင်း ရင်း အဓိပ္ပာယ်မဲ့စွာ ပြတင်း ပေါက်တွင် မတ်တတ်ရပ် ငေးကြည့်နေမိတယ်။ ငေး ကြည့်နေတယ်လို့ ဆိုရကား မျက်လုံးထဲမှာ ဘာမျှတော့ မမြင်။ နောက်ကျောကို လာမှီ တဲ့ အသိကိုတော့ သတိပြုမိ တယ်။

“ကိုကို ဘာကြည့်နေ တာလဲ၊ ဝါနုကို ပြောစရာရှိလို့ လားဟင်”

ဟင်း…ဟင်း… ကိုယ့်ကို ချစ်တဲ့သူတွေက ကိုယ်ပြောစရာရှိနေတာကို အလိုလိုသိနေတတ်တာလား၊ ဒါမှမဟုတ် ကိုယ်ပြတင်း ပေါက်မှာ အဓိပ္ပာယ်မဲ့ ငေး နေရင် ပြောစရာရှိနေတာကို ရိပ်စားမိနေတာလား၊ ဒါမှ မဟုတ် ကိုယ်ကပဲ ပြောစရာ တစ်ခုခုရှိတိုင်း အခုလို ပြတင်းပေါက်တွင် ဦးတည် ချက်မဲ့စွာ ငေးနေတတ်တာ လား။ မသိ။ အမယ်မင်း ဒီ အကျင့်လေးကပင် ကိုယ့်ရဲ့ ချစ်စရာကောင်းတဲ့ အပြုအမူ လေးလို့ ကြံဖန်ပြီး ဂုဏ်ယူ ချင်မိမိ။

“ကိုကို ခရီးထွက်စရာ ရှိတယ် ဝါနု၊ အာစရိယ ပူဇော် ပွဲ သွားရမယ်။ ငါးရက် လောက်တော့ ကြာမယ်”

“သြော်… မြန်မြန်တော့ ပြန်လာခဲ့နော် ကိုကို၊ ဝါနု တစ်ယောက်တည်း လွမ်းနေ ရမှာ၊ ကိုကိုမရှိရင် မနေတတ် ဘူး၊ သိရဲ့လား”

အခုထိ ဘာမှမမြင်ဘဲ ငေးနေဆဲ။ သူမကတော့ နောက်ကျောကို ရင်ဘတ် အမှတ်နဲ့ တိုးဝှေ့နေပြီထင့်။ လက်ကလည်း နောက် ကျောကနေ သူ့ဗိုက်ပေါ် သိုင်းဖက်ထားတယ်။

ဝါနု…ဝါနု…ဒီလို ချွဲချွဲနွဲ့နွဲ့ အပြုအမူလေးတွေနဲ့ နားလည်ပေးတတ်တာကြောင့် ကိုကို စွဲလမ်းနေတာထင်ပါ ရဲ့။ အင်း… ကိုယ့်မှာလည်း အချစ်ရဲ့ နားလည်ပေးမှုကိုပဲ ခံယူနေရတာ အားတောင်နာ ချင်ချင်။ ဒါပေမဲ့ ဝါနုရာ အဲ့ဒီ အကြောင်းတွေးမိတိုင်း ကိုကို သိပ်ယူကျုံးမရဖြစ်ရတယ်။ ဝါနုဟာ ကိုကိုတို့နှစ်ယောက် ရဲ့ ပေါင်းစည်းခြင်း မှတ်တိုင် ကို စိုက်ထူပေးနိုင်စွမ်းမရှိဘူး ဆိုတာ ကိုကို အစကတည်း က သိခဲ့ရင် အင်း… ကိုကို့ရဲ့ အချစ်တွေ ပန်းလို ပွင့်ပါလေ ဦးမလား။

❑

၄။

သိတတ်လိုက်ကြတာ၊ သူတို့လေးတွေ တပည့် တာဝန်ကို ကျေပွန်လိုက်ကြ တာ၊ တပည့်ပီသလိုက်ကြ တာ။ ကိုယ့်မှာသာ ဆရာဆို တဲ့ မြင့်မြတ်တဲ့ ဂုဏ်ပုဒ်ကို လက်ခံယူပြီး လူမပီသတာ။ အို… တစ်ခါတလေတော့ လည်း ဒါနဲ့ ဟိုဟာက တခြားစီပါလေဆိုပြီး ကိုယ့် ကိုယ်ကို နှစ်သိမ့်တွေးလေး တွေးရတာပေါ့။ ခန်းမထဲက ထွက်လာတာနဲ့ မျက်နှာကို လေစိမ်းတစ်ချက်က မွှေ့ ယမ်းသွားတယ်။ လေစိမ်း လာရာဘက် အို…ကိုယ့် မျက်စိ အမြင် မမှားတန်ရာ။

သူမ…။

ကိုယ့်ရဲ့သူမ။

အလိုဗျာ… ကိုယ့်ရဲ့ သူမ ဒီလိုဆိုခွင့် ရှိပါဦးမ လား။ ဆိုရောဆိုနိုင်ပါသေးရဲ့ လား။ စာချုပ်ပေါ်က မင်ရာ တစ်ချက်ဟာ အရာရာကို



www.burmeseclassic.com

www.burmeseclassic.com

မပြီးဆုံးသွားစေဘူးဆိုရင်
ပေါ့လေ။ သူမက လှနိုင်ရက်
လွန်းတယ်။ တစ်ချိန်က ကိုယ်
မြတ်နိုးခဲ့တဲ့ ဆရာမဆိုတဲ့
အစိမ်းရောင်သစ်ရွက်ပေါ်က
အဖြူရောင်ပန်းတစ်ပွင့်။
ခုတော့လည်း ငွားငွားစွင့်စွင့်
ပါကလား။ အမယ်မင်း သူ့
လက်မှာလည်း အဖူးလေးနဲ့
ပါပေကော။ ထိုအဖူးလေးကို
တွေ့ခိုက်ဝယ် ကိုယ့်ရင်အစုံ
ဆွဲညှစ်ခံရသလို မွေ့ယမ်း
လှုပ်ရှားသွားပါရောလား။ ဒီ
မျက်လုံး၊ ဒီမျက်ခုံး၊ ဒီနှာတံ
စင်းလေးတွေဟာ ကိုယ့်ကိုယ်
ကို ပြန်မြင်ရသလိုပါပဲလား။
သူမကတော့ မြင်လျှက်က
မြင်ပါတယ်ဆိုတဲ့ မငြင်းလိုတဲ့
ပုံစံမျိုးနဲ့ ကိုယ့်ရှေ့က ဖြတ်
လျှောက်သွားတယ်။

"ခိုင်မာ..."

သူ ခေါ်လိုက်မိလား
မသိ၊ နှစ်ရှည်လများ မခေါ်
ဖြစ်ခဲ့သော အမည်နာမတစ်ခု
နဲ့အတူ ရင်တွင်းမှ တိမ်ငုပ်နေ
သော မေတ္တာစိတ်ဟာလည်း
အံ့ကြွလာတယ်။ သူမရှေ့
အလိုလိုရောက်သွားမိတယ်။
နှုတ်ခမ်းတွေက ကော်နဲ့ ကပ်
ခံထားရသလို လှုပ်မရဖြစ်နေ
တယ်။ အတတ်နိုင်ဆုံး အား
ယူပြီးမှ အတည်ငြိမ်ဆုံးလေ
သံနဲ့-

"ဒါ ဒါ ကိုယ့်ရင်သွေး
လေးလား"

"အမှန်ကို ပြောရရင်
တော့ ဟုတ်တယ်လို့ ဖြေရ
လိမ့်မယ်။ ဒီထက် ပိုအတိ
အကျပြောရရင်တော့ မပတ်
သက်ချင်သူတစ်ယောက်နဲ့
မဆိုင်တော့တဲ့သွေးပဲ"

သူမ ပြတ်သားလွန်းလှ
ပါတယ်။

t dif jyef/ r f
w pfav @ou f
u kd fb kd fu kd
aygggaeo v m,
av ;v aheo v m,
r o d
emu sf
aew naw nh
ao csnw , f
o ebY w l
aectw bd
EpEpfq kdw bd
r &Sf v snm,w bd
pu emY u fw ahw G
Mlm,r Sh
t r Sw fw &aw G
aw mi fykH nykH

ကိုယ့်မှာလည်း ဖခင်ဟူ
သော သွေးကား ရင်သွေး
အပေါ် မိုးပြိုသလို တစ်ဟုန်
ထိုး စီးကျနေမိတယ်။ ကိုယ်
မျှော်လင့်ရတဲ့ ပေါင်းစည်း
ခြင်း အထိမ်းအမှတ်လေး။

"သမီးလေးကို တစ်
ချက်လောက် ချီခွင့်ရမလား
ဟင်"

အမှန်မှာတော့ ခွင့်
တောင်းစရာပင် မလိုဟု သူ
ထင်တယ်။

"ရတာပေါ့၊ သိပ်ရတာ
ပေါ့"

"သမီးလေး အဖေ့ဆီ
လာပါဦးကွာ"

အဖူးလေးက ကိုယ့်ကို
ကြည့်နေလေရဲ့။ ဒီမျက်လုံး
က ကိုယ့်မျက်လုံး။ ဒါပေမဲ့
ဒီအကြည့်ကတော့ အင်း...
သူ့အမေရဲ့အကြည့်။

"မေမေ ဒီဦးဦးက ဘယ်
သူလဲဟင်"

"အဲဒါ သမီးရဲ့ အဖေဆို
တဲ့လူပဲ"

"ဟင့်အင်း ဟင့်အင်း
ဖေဖေ့ကို မုန်းတယ်၊ ဖေ့ဖေ့
ကို မုန်းတယ်"

အလိုလေး... ကိုယ့်
ရင်တွေ နာလိုက်တာ။ မီးစ
ရဲရဲနဲ့ ကိုယ့်နှလုံးအိမ်ကို ထိုး
မွှေနေသလိုပါပဲလား။

"မင်း ကလေးကို
ဘယ်လို စိတ်ဓာတ်တွေ ရိုက်
သွင်းပေးထား ရတာလဲကွာ"

ကိုယ်ကလည်း ဖခင်
ပါကွ။ သားသမီးနဲ့ ဖခင်
အကြားက သွေးကို ဒီလိုရိုက်
သွင်းထားတဲ့ ဝါဒတွေနဲ့ ချေ
ဖျက်လို့ ရရိုးတဲ့လား ဒေါ်ခိုင်
မာစိမ့်ရယ်။

❑

၅။

"ခိုင်မာ ခဏနေဦး၊
သမီးလေးနာမည်က ဘာတဲ့
လဲ"

မေးမှမေးပါ့မလား မှတ်
ရတယ်။ ကိုယ်တိုင်က
ဖြေချင်လွန်းနေသူမို့ မဆိုင်း
မတွပင် ဖြေလိုက်တယ်။

"ခိုင် မာ ခေါင်"

နှုတ်ခမ်းထောင့်စွန်းကို
ပါးဆီသို့ ကွေးတင်လိုက်ပြီး
သမီးလေးကို ပွေ့ချီလာခဲ့
တယ်။ သားအမိနှစ်ယောက်
ရင်ချင်းအပ်ထားခဲ့တယ်။

နုနယ်သေးတဲ့ သမီး
လေးရဲ့ နှလုံးအိမ်ထဲ အဆိပ်
အတောက်တွေ ရိုက်သွင်းနေ
မိပြီဆိုတာကို မိခင်တစ်ယောက်
အနေနဲ့ ရော ဆရာမတစ်
ယောက်အနေနဲ့ပါ သိနှင့်ပြီး
ဖြစ်လေတယ်။ သို့ရာကား
ရွေးချယ်စရာမရှိ။ တစ်ခု
တော့ရှိတယ်။

"မာန"

အလံမရှိတဲ့ ရထား၊
တံခွန်မရှိတဲ့ဘုရား၊ လင်မရှိ
တဲ့မယား မတင့်တယ်ဘူးတဲ့။
အဲဒီ တံခွန်ရှိတဲ့ဘုရားကို ကိုး
ကွယ်ခဲ့မိလို့ မိမိဘဝ ငါးပါး
မှောက်ခဲ့ရပြီးပြီလေ။ အဲဒီ
မတင့်တယ်တာကို တင့်တယ်
အောင် မာနကို တံခွန်လို လွှင့်
ထူခဲ့တာပါရောလား။ အဲဒီမာန
ကြောင့်ပဲ အခု မိမိတို့သားအမိ
ကို ဘယ်သူ မကောင်းပြောရဲ
လဲ၊ သမီးလေး ပတ်ဝန်းကျင်
ဘယ်မှာ မျက်နှာငယ်စရာလို
လဲ၊ အဲဒါ ဒီမာနကိုကိုးကွယ်
ခဲ့လို့ပဲ မဟုတ်လား။ နှင်းဆီ
လို သူ့အလှကို ဆူးနဲ့ ကာ
ကွယ်ထားတာ မဟုတ်ဘူး။
အဲဒီဆူးနဲ့ ကိုယ့်ဘဝကို တည်
ဆောက်ထားတာ။ အဟင်း..
နောက်မလှည့်ကြည့်ပေမဲ့
ဘာလုပ်လို့ ဘာကိုင်ရမှန်း
မသိ အရူးကြီးတစ်ယောက်
လို ကျန်နေခဲ့မယ့် သူ့ကို စိတ်
မျက်စိမှာ မြင်နေတယ်။ ဒါ
သူ့ရွေးချယ်ခဲ့တဲ့ လမ်းပဲလေ။
ရဲရဲကြီး နင်းလျှောက်လိုက်
စမ်းပါ။ နောက်ကျောဘက်
ဆီမှ လေစိမ်းတစ်ချက်က
သိမ့်သိမ့်ခါသွားတယ်။
ကျလုဆဲဆဲ မျက်ရည်ကို
အောက်မျက်ခမ်းရှိ မျက်
တောင်များနဲ့ ထိန်းရင်း စိတ်
ထဲက ရေရွတ်လိုက်တယ်။
ရေရွတ်လိုက်မိတယ်။

"အလို... ငါ့နှယ်
ဒီလောက်ထိန်းထားတဲ့ကြား
က ဒီမျက်ရည်က ကျဖြစ်
အောင် ကျသွားသေးတယ်
နော်" ■

**နေဘုန်းညီ၊အင်းတိုင်း၊**



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၉၅)မှ...*

ကိုင်းကို အလိုက်သင့်ကိုင်ကာ လျှောဆင်းရသည်။ ညမိုက်တစ်ခုကို အကျည်းတန်မှုများနှင့် ဖြတ်ကျော်ခဲ့ရပြီး တစ်ရေးမှ မအိပ်စက်ရဲ။ ချမ်းတုန်နေပြီး အသက်ကို ဝ,အောင်ရှူနေရသည်။ ဖက်တွယ်ထားသည့် သစ်ကိုင်းများကိုပင် မြဲမြဲမကိုင်နိုင်တော့ချေ။ ရေများအားလုံး ကျဆင်းသွားခဲ့ပေမဲ့ သစ်ပင်ကို ရဲရဲမလွှတ်ရသေး။ ဝေလီဝေလင်းအချိန် ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိသည်။

အမြင်မသဲကွဲသေးပေမဲ့ အရိပ်များတော့ မြင်နေရပြီ။ ကျွန်မ ဖက်တွယ်ထားခဲ့သည့် သစ်ပင်ကြီးကို တစ်ချက် ကြည့်လိုက်သည်။ ကြီးမားလှသော သဖန်းပင်ကြီး။ ထိုမျှ ကြီးမားလှသော သစ်ပင်မျိုး ကျွန်မ မတွေ့ခဲ့ဖူးပါ။ ကျွန်မ အသက်က ယခု သစ်ပင်ကြီးဆီမှာပင် ရှိတော့သည်။ ထိုသစ်ပင်ကြီးနှင့်သာ မတွေ့ခဲ့လျှင်မူ ကျွန်မ အသက်ရှင်သန်ဖို့ အခွင့်အရေး ရှိတော့လိမ့်မည် မထင်။

ဒီရေတက်ချိန် ပြန်ရောက်လာ၍ ရေပြန်တက်လာ၏။ ကျွန်မ နစ်မြုပ်သွားမည်စိုး၍ သဖန်းပင်ကြီးကို ပြန်လည် ဖက်တွယ်ထားရသည်။

ဒီရေပြန်အကျ။ အလင်းမှိန်ပျပျနှင့် ပတ်ဝန်းကျင်ကို မြင်သာသည့် အချိန်ဝယ် ဝေ့ဝိုက်ကြည့်မိတော့ ကျွန်မ တုန်လှုပ်သွားရသည်။ ပုပ်ပွနေသောလူတွေ... မျက်စိတစ်ဆုံး။ လက်ကားရားခြေကားရား အလောင်းများက ရှုမလှ။

တစ်လောကလုံးတွင် ကျွန်မတစ်ယောက်တည်း ရှိနေသည်လော...။ လောကကြီးက ဘာတွေဖြစ်ကုန်ကြပြီနည်း။ ကမ္ဘာပျက်သွားသည်လော။ ရင်ထဲ အားငယ်တုန်လှုပ်ချောက်ချားမှုများ တစ်ဟုန်ထိုး မြင့်တက်လာ၏။

ခါးက ထိခိုက်မိထားသောကြောင့် ကျွန်မ မထနိုင်။ ခါး၏ နာကျင်မှုဒဏ်က ကျွန်မကို အပြင်းအထန် နှိပ်စက်သည်။ လှုပ်၍မရ။ လှုပ်လျှင်နာသည်။

တဖြည်းဖြည်း နေမြင့်လာပေမဲ့ အကူအညီပေးမည့်သူက အရိပ်အယောင်ပင် မတွေ့ရသေး။

"ဂွတ်.... ဂွတ်..."

"ဟင်..."

ခြေသံတစ်ခုကြားလိုက်ရသောကြောင့် ကျွန်မ အားတက်သွားရသည်။

"ကယ်ပါ... ကယ်ပါ"

ကျွန်မ အားစိုက်အော်လိုက်တော့ ယိုင်နဲ့နဲ့နှင့် သူ ကျွန်မ အနီးအနားရောက်လာပြီး "အမေလား"ဟု မေးသည်။ ချုံနွယ် အမှိုက်သရိုက်များနှင့် ကွယ်နေသည်မို့ သူ ကျွန်မကို မမြင်သေးပါ။ ကျွန်မ ခေါင်းထောင်ကြည့်ရင်း-

"မဟုတ်ဘူး မောင်လေး၊ အစ်မကို ကူတွဲပေးပါဦး၊ ခါးနာနေလို့ လမ်းမလျှောက်နိုင်ဘူး"

သူလည်း ယိုင်နဲ့နဲ့နှင့် အားအင်ချည့်နဲ့နေပုံ။ ရေဘေးဒုက္ခကို သူခံရတော့ ပင်ပန်း နွမ်းနယ်နေလောက်ပြီ။ ကျွန်မ အကူအညီတောင်းရသည်မှာပင် အားနာသွားမိသည်။

ကျွန်မခန္ဓာကိုယ်ကို သတိရမိကာ "မလာသေးနဲ့ဦး၊ ငါ့မှာ အဝတ်အစား ဘာမှမရှိတော့ဘူး" ဟု အလျင်စလို တားလိုက်သည်။ မည်သည့်အလောင်းက ဖြုတ်ယူလာသည့် အဝတ်အစားများလဲတော့ မသိ။ ကျွန်မကို လှမ်းပစ်ပေးသည်။

အဝတ်အစားဝတ်အပြီး သူရောက်လာပြီး ကုန်းပိုးကာ ခေါ်သည်။

"အား... အမယ်လေး.... ကျွတ်... ကျွတ်"

ခါးကို အပ်တစ်စင်းနှင့် ထိုးဆွနေသည့်အလား နာကျင်၏။ လှုပ်လိုက်တိုင်း နာကျင်သည့် တစစ်စစ်နှင့် ဝေဒနာကို ခံရသည်။ သူလည်း ကျွန်မကို ကုန်းပိုးပြီး သယ်ဆောင်လာရတာ မောပန်းနေလေပြီ။ လမ်းတစ်ဖြတ်တွင် ကျွန်မကို အောက်သို့ ချကာ သူ အမောဖြေသည်။ အားနာလွန်း၍ ကျွန်မကို ထားရစ်ခဲ့ဖို့ ပြောပေမဲ့ သူ မထားခဲ့ပါ။

နားလိုက်၊ သွားလိုက်နှင့် နောက်ဆုံးမှာတော့ မည်သို့မည်ပုံ သောင်တင်လာသည့် သင်္ဘောပျက်ကြီးလဲ မသိ။ ထိုသင်္ဘောပျက်ကြီးထဲတွင် ရေဘေးဒုက္ခသည်များ ရှိနေကြသည်။ သင်္ဘောပျက်ကြီး၏ နေရာလွတ်တစ်ခုတွင် ကျွန်မကို ချထားခဲ့ပြီး "အမေ့ကို သွားရှာလိုက်ဦးမယ်"ဟု သူပြောသွားသည်။ ကျွန်မ သူ့ကို ကျေးဇူးတင်စကားပင် မပြောလိုက်ရ။

သင်္ဘောပျက်ကြီးထဲရှိ ရေဘေးဒုက္ခသည်များထဲတွင် အဖေနှင့်ညီမလေး ပါလား ဝေ့ဝဲရှာမိသည်။ မတွေ့ပါ။ အားငယ်စိုးရိမ်မှုများက တစ်ဟုန်ထိုး ဝင်ရောက်လာသောကြောင့် မျက်ရည်စများနှင့်သာ အဆုံးသတ်ခဲ့ရသည်။ ❑

၄။

ပင်လယ် ပြာပြာကြီးနှင့် ကောင်းကင်ပြာကြီးက ထိစပ်နေသည့်အလား ပရိယာယ်ဆင်လျက်...။

ယခုတော့ ပင်လယ်ပြာပြာ။ ကြောက်မက်စရာ သူ့အသွင် မရှိတော့ပါချေ။ လှိုင်းလုံးလေးတို့ကလည်း ယခုတော့ ပန်းချီဆွဲချင်စရာ။

ကျွန်မ နားမလည်နိုင်စွာ ပင်လယ်ကြီးကို ငေးမောကြည့်လိုက်၏။ ပင်လယ်ကြီးတွင် အဖေ့ပုံရိပ်များ၊ ညီမလေး အငွေ့အသက်များ ရှိနေသယောင်ယောင်။ သင်္ဘောပျက်ကြီးအထိ ကုန်းပိုး လိုက်ပို့ပေးခဲ့သော ကျေးဇူးရှင် ကောင်လေးကိုလည်း တမ်းတမိ၏။ သူ့ကို ကျေးဇူးတင်စကား တဝကြီးပြောချင်သေးသည်။ သူ ဘယ်ဆီအရပ် ရှိနေသနည်း။

နှလုံးအိမ်အတွင်း ဒဏ်ရာအစိုင်အခဲများက ပင်လယ်ကြီးကို ငေးမောကြည့်မိလေတိုင်း ဆူးတစ်စင်း နစ်ဝင်သွားသည့်အလား ဖွဲ့မီးဖြစ်ခဲ့ပြီ။ ကျွန်မ ပင်လယ်ကြီးကို မမုန်းပါ။ သို့သော် ဒေါသကြီးသည့် သူ့အသွင်ကို ကျွန်မ နှလုံးသားပန်းချီကားချပ်တွင် နောင် ဘယ်သောအခါမှ ထပ်မံ မခြယ်မှုန်းချင်တော့ပါ။ ■

**ကိုးငယ်မင်း**



www.burmeseclassic.com

www.burmeseclassic.com





# ဖြိုးသစ်

## ဝေဒနာရင့်ရင့် ရင်မှာနင့်သည်

အမှတ် ၃၂၁ ဇန်နဝါရီ ၂၀၁၃

၂၃ ရွှေအမြုံစာ ရုပ်ပုံမရှားသေး ဇန်နဝါရီ ၂၀၁၄

www.burmeseclassic.com

www.burmeseclassic.com



၁။

နော်မူဒီးတစ်ယောက် ရင်ထဲမှာ ဗလောင်ဆူနေသည်ကို ဘယ်လိုမှ တင်းမထားနိုင်၊ ဟန်ဆောင်မထားနိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုချလိုက်မိသည်။ ရင်ထဲမှာ ဆို့နင့်လွှန်းနေသောကြောင့် အသံက ထွက်မလာနိုင်ဘဲ လည်ချောင်းဝတွင် တစ်ဆို့ကာ စိတ်အစဉ်ကလည်း တိမ်းတိမ်းပွေပွေ ဖြစ်နေသည်။ နော်မူဒီး ဖြစ်အင်ကိုကြည့်ပြီး အပြစ်မတင်ရက်နိုင်သူကတော့ နော်မူဒီးယောက်ျား စောစံမြပင်ဖြစ်သည်။ စောစံမြတစ်ယောက် ဇနီးသည်အေးနား ငုတ်တုတ် အသာထိုင်ကာ သက်ပြင်းသာ တွင်တွင်ချမိသည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မည်မည်ရရမှ မသိတာဆိုတော့ သက်ပြင်းချရုံသာ တတ်နိုင်သည်။ တစ်ခဏကြာမှ

"မူဒီးရယ် တိတ်တော့ကွယ်။ ဖြစ်သွားတာလည်း ဖြစ်ပါစေတော့။ ပစ္စည်းသခ်ါရ၊ လူသခ်ါရပဲ။ ငါတို့နဲ့ မထိုက်လို့ ငါတို့ဆီက ထွက်သွားတာပေါ့။ မင်း စိတ်မကောင်းဖြစ်နေလည်း ပစ္စည်းက ပြန်ရမှာမှ မဟုတ်တာ။ လိုနေတဲ့ ငွေကို ငါ့သူဌေးကို ပြောကြည့်ဦးမယ် ကွာ။ ရလိုရငြားပေါ့"

နော်မူဒီးတစ်ယောက် လင်တော်မောင် ပြောလိုက်ခါမှ ပိုတောင်ဝမ်းနည်းမိသည်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိသည် မဟုတ်ပါလား။ မိမိကိုယ်ကိုလည်း နမော်နမဲ့နိုင်ရကောင်းလား ကျိန်ဆဲမိသည်မှာ အခါခါပင်။ မိမိရင်ဘတ်ကြီး တစ်ခုလုံးကို မီးစနှင့် ထိုးထားသလို ပူလောင်လွန်းလှသည်။ ခုလို နော်မူဒီးတစ်ယောက် ဖြေမဆည်နိုင်အောင် ဖြစ်နေရသည်မှာ ရှိစုမဲ့စု ပိုက်ဆံကျပျောက်သွားခြင်းကြောင့်ပင် ဖြစ်သည်။ ပျောက်သွားသည့် ငွေပမာဏကလည်း နည်းနည်းနောနောမဟုတ်။ လေးသိန်းတောင်ဖြစ်သည်။ ပိုက်ဆံလေးသိန်းကလည်း ပိုလျှံနေတာမျိုး မဟုတ်ဘဲ ပေါင်နှံချေးငှား လာရခြင်းဖြစ်ပြန်တော့ သောကဗျာပါရက ဆတိုး တိုးတော့သည်။ ပေါင်နှံ ချေးငှားရခြင်းကလည်း ဖိုးခွားဆီက



www.burmeseclassic.com

www.burmeseclassic.com

စာကြောင့်ပင်။ ဘော်ဒါကြေး လာသွင်းပေးဖို့ မိခင်ဖြစ်သူ နော်မူဒီးကို အမှာပါးလိုက်သော စာ။

ဖိုးခွားဆိုသည်က နော်မူဒီးနှင့် စောစံမြတို့၏ သားကြီး။ နော်မူဒီးတို့၏ ဖိုးခွားက ဆယ်တန်းကျောင်းသားကြီး။ စာတော်သော၊ ကြိုးစားသော ဖိုးခွားကြီးကို ဘော်ဒါတစ်ခုမှာ အပ်ထားသည်။ ဘော်ဒါတောင် ထားနိုင်သည်ဆိုတော့ နော်မူဒီးတို့ သိပ်ချမ်းသာနေသည်လို့ ထင်ကြမည်။ ချမ်းသာလွန်းလို့တော့မဟုတ်။ မြို့ဆင်ခြေဖုံးဘက်က ဘော်ဒါဆောင်ဖြစ်သောကြောင့် ဘော်ဒါကြေးက သက်သာလေသည်။ လုံးခနဲခဲခနဲ၊ ပိုးခနဲပက်ခနဲ ပေးရတာမျိုးလည်းမဟုတ်၊ တစ်လတစ်ခါသာလျှင် ပေးသွင်းရသည့်အတွက် မူဒီးတို့အဖို့မှာ ဝန်ထုပ်ဝန်ပိုးရယ်လို့ ဖြစ်ခြင်းမရှိခဲ့ပေ။ စောစံမြကလည်း အလုပ်နှင့်အကိုင်နှင့်၊ နော်မူဒီးကလည်း အလုပ်နှင့်အကိုင်နှင့်မို့ ဇနီးမောင်နှံနှစ်ဦးသား တက်ညီလက်ညီရှိခဲ့သည်။

‘လုံထမ်းလာတာသာမြင်ရမယ်၊ ကံထမ်းလာတာမမြင်ရ’ဆိုသော ဆိုရိုးစကားရှိသလို ကံကြမ္မာကို ကြိုမမြင်နိုင်ဆိုတာ တကယ်ပင်မှန်သည်။ အစစအဆင်ပြေနေခဲ့သော နော်မူဒီးတို့ မိသားစုအတွက် ကံဆိုးခြင်းက ဖိုးခွား၏ စာသင်နှစ် နှစ်လယ်လောက်မှာ စ,သည်။ အလုပ်ကို မနားမနေလုပ်သော စောစံမြတစ်ယောက် အစာအိမ်သွေးကြောပေါက်၍ ဆေးရုံတင်လိုက်ရသည်။ သေလုနီးပါး ဝေဒနာခံစားခဲ့ရပေမဲ့ ကုသမှုကလက်ဦးသွား၍ အသက်အန္တရာယ်မှ ကင်းလွတ်သွားသည်။ စောစံမြ ဆေးရုံတက်ခဲ့ရတာကို ဖိုးခွား စိတ်ပူမှာစိုးလို့ အသိပင်မပေးခဲ့။ ဝေဒနာကြောင့် နော်မူဒီးတို့ မိသားစုလေး၏ စားဝတ်နေရေး ယိုင်နဲ့သွားခဲ့သည်။ ယိုင်နဲ့ဆို စောစံမြက ရောဂါကြောင့် အလုပ်မဆင်းနိုင်။ အလုပ်မဆင်းနိုင်တော့ ငွေရေးကြေးရေးက မထင်မှတ်ဘဲကျပ်တည်းသွားသည်။ စောစံမြက ဆောက်လုပ်ရေးဆိုက်တွေထဲမှာ အလုပ်လုပ်သော ပန်းရန်ခေါင်း။ စောစံမြ၏ လက်အောက်က ပန်းရန်စုလေးမှာ ပန်းရန်တွေ၊ အထွေထွေ အုတ်သယ်၊ မဆလာရွက်တွေ ဆယ့်ငါးယောက်၊ အယောက်နှစ်ဆယ် ရှိသည်။ တပည့်တပန်းတွေနှင့် သိုင်းသိုင်းဝိုင်းဝိုင်း ရှိလှသည်။ စောစံမြက အလုပ်ကို စနစ်တကျ လုပ်ကိုင်သလို၊ အလုပ်အပေါ်မှာလည်း သစ္စာရှိသည်ဆိုတော့ ကန်ထရိုက်အတော်များများက လက်မလွှတ်နိုင်ကြ။ သည်တော့လည်း အလုပ်အကိုင်ဆိုသည်မှာ အပန်းတကြီးလိုက်ရှာနေစရာမလိုပေ။ မလုပ်ချင်လျှင်သာ ထိုင်နေရုံရှိသည်။ သားသမီးတွေ၏ ရှေ့ရေး နောက်ရေး၊ ပညာရေးတွေ ရှိနေပြန်တော့ စောစံမြတစ်ယောက် အေးအေးသက်သာ နားနေခဲ့သည်ဆိုတာ မရှိ။ စားချိန်မမှန်၊ အိပ်ချိန်မမှန် ကြိုးစားခဲ့သည်။ အိမ်စီးပွားရေး ကျပ်တည်းသွားတာမျိုး မရှိ။ အချမ်းသာကြီးမဟုတ်သော်လည်း မိသားစုဝင်ငွေက ပုံမှန်လည်ပတ်နိုင်ခဲ့သည်။ အလုပ်ကိုလည်း ဇောနှင့်လုပ်ခဲ့သည်။ သည်အလုပ်ဇောဒဏ်တွေကို ဝေဒနာအဖြစ် အခုခံစားနေရခြင်းဖြစ်သည်။ အခုချိန်မှာ စောစံမြ အလုပ်နားထားရပါသည်ဆိုခါမှ မြွေပူရာ ကင်းမှောင့်ဆိုသလို စားစရိတ်၊ အိမ်စရိတ်အပြင် ဆေးဖိုးဝါးခကလည်း ကုန်သေးသည်။

နော်မူဒီးက အရင်ကတည်းက အိမ်မှာ အိမ်ဆိုင်လေး တွဲဖွင့်ထားသည်ဆိုတော့ အိမ်စရိတ်၊ စားစရိတ်က အဆင်ပြေသော်လည်း ဆေးဖိုးဝါးခရယ်၊ ဖိုးခွားအောက် အငယ်လေးနှစ်ယောက်စရိတ်ရယ် ပေါင်းလိုက်တော့ နော်မူဒီးတို့မှာ မဟာန်နိုင် ဖြစ်သွားရသည်။ အရင်က စောစံမြရသည့် ဝင်ငွေက ဖိုးခွား ပညာသင်စရိတ်အတွက် ပေးနိုင်ခဲ့သည်။ အခုတော့ စောစံမြ လဲပါပြီဆိုတော့ ဖိုးခွား ဘော်ဒါကြေး မသွင်းနိုင်ဖြစ်ရသည်။ မိဘအပေါ် သိတတ်သော၊ လိုချင်တာ ပူဆာခဲသော ဖိုးခွားက စာကြုလေးပေးပြီး မှာပြီဆိုတော့လည်း သည်အမေဖြစ်သူ နော်မူဒီးမှာ ခြေမကိုင်မိ၊ လက်မကိုင်မိ။ ပူဆာပူလောင် ဖြစ်မိပြီ။

ကြံရာမရသည့်အဆုံး နော်မူဒီးတို့ မင်္ဂလာဆောင်တုန်းက ယောက္ခမဖြစ်သူ လက်ဖွဲ့ထားသော မင်္ဂလာဦးဆွဲကြိုးလေးကို လေးသိန်းနှင့် သည်မနက်ခင်းက သွားပေါင်လိုက်သည်။ ရလာသည့် ပိုက်ဆံလေးသိန်းကို ကျစ်ကျစ်ပါအောင် ထုပ်ပြီး လက်ဆွဲအိတ်လေးထဲ ကပျာကသီထိုးထည့်ကာ ဖိုးခွား မှာတာလေးတွေ ဈေးဝယ်ဖို့ ဆက်လျှောက်လာလိုက်သည်။ ‘အကုသိုလ်များ တစ်ယောက်တည်းမလာ၊ အဖော်အပေါင်းနဲ့မှ လာသည်’ဆို စကားတကယ်ပင် မှန်သည်။ ဒုက္ခပင်လယ် ဝေနေပါသည်ဆိုခါမှ ရလာသည့် ပိုက်ဆံလေးသိန်းက ကျပျောက်သွားသည်။ နော်မူဒီးမှာ ခြေမကိုင်မိ၊ လက်မကိုင်မိ။ မျက်ရည်ပိုးပိုးပေါက်ပေါက် ကျလျက် တွင်တွင်သာ ငိုမိသည်။ ရင်ထဲမချိလွန်း၍ ဟစ်လို့သာ ငိုလိုက်ချင်သည်။ သူတော်ကောင်းနတ်ကောင်းမ၊ ကောက်ရသည့်သူက အပေါင်ဆိုင်မှာ ပြန်လာပေးထားလို့ ပေးထားငြား သွားစုံစမ်းကြည့်လျှင် ကောင်းမလား။ စောစံမြ ပြောသလို သူဌေးကို အကျိုးအကြောင်းပြော ငွေကြိုထုတ်သည်ဆိုတာကလည်း ဆန်ပေးမှ ဆီရသည့် သဘောသာဖြစ်မည်။ အရင် ဆေးရုံတက်ဖို့လိုတုန်းက ကြိုယူထားသည့် ပိုက်ဆံတောင် ပြန်မဆပ်နိုင်သေးတာ နောက်ထပ် ထပ်ထုတ်မည်ဆိုပါက လွယ်လင့်တကူ ထုတ်လို့ရလိမ့်မည်မဟုတ်ချေ။ ကိုယ့်အခြေအနေ ကိုယ်သာသိသည်မို့ နော်မူဒီးတစ်ယောက် မပဋ္ဌာမြေလူး အရူးမီးဝိုင်းဖြစ်နေခြင်း ဖြစ်သည်။

နော်မူဒီး မျက်ရည်လည်ရွှဲဖြင့် ကိုယ်တော်သခင်ကို တိုင်တည်မိသည်။

*‘အို အဖဘုရားသခင် ကျွန်ုပ်တို့အတွက် အမှောင်ကို*



www.burmeseclassic.com

www.burmeseclassic.com

*ခွင်း၍ အလင်းဆောင်ပါလော့။*

*သင်၏ကြီးမြတ်တော်မူသော သနားကြင်နာခြင်းဖြင့် ကျွန်ုပ်တို့ ကြုံတွေ့နေရသော ဒုက္ခအသွယ်သွယ်မှ လွတ်မြောက်အောင် ကာကွယ်စောင့်ရှောက်ပေးပါလော့။*

*အို ကြီးမြတ်တော်မူသော အဖဘုရားသခင်၊ အာမင်'*

❑

၂။

ထွန်းဇော်တစ်ယောက် လမ်းသာလျှောက်နေရသည်။ မိမိခြေထောက်နှင့် ကတ္တရာလမ်း ထိသည်မထင်ပေ။ အိပ်မက်မှ နိုးထ,လာသူလို ယောင်ဝါးဝါး ဖြစ်နေသည်။ နားထဲမှာလည်း ဇနီးဖြစ်သူ ခင်လေးငယ်၏ စကားသံတွေကိုလည်း ကြားယောင်နေမိသည်။

'ဒုက္ခပါပဲ အစ်ကိုရယ်။ သမီးလေးအတွက် ငွေလိုတယ်တဲ့။ ခင်လေးတို့ လက်ထဲမှာလည်း ငွေပိုငွေလျှံမရှိဘူး။ ဘယ်လိုလုပ်ကြမလဲဟင်။ ခင်လေး သေသာ သေလိုက်ချင်တော့တယ်။ သမီးလေးအစား ခင်လေးသာ ဖြစ်လိုက်ပါတော့လား'

ထို့အတူ ဆေးရုံပေါ်မှာ မချိမဆံ့ ဝေဒနာခံစားနေရသည့် သမီးလေး၏ ဖျော့တော့နေသည့် မျက်နှာလေးကလည်း ထွန်းဇော် အာရုံထဲမှာ တလည်လည်ရယ်။ သနားစရာကောင်းလိုက်သည့် သမီးလေး။ ဂရုစိုက်ပါသော်လည်း ဖြစ်ရလေခြင်းရယ်လို့ မချိတင်ကဲ ရေရွတ်မိရုံမှတစ်ပါး ထွန်းဇော်ဘာမှ မတတ်နိုင်။ ဘယ်အငြိုးတွေကြောင့်များ ဒီလိုဝေဒနာတွေ သမီးလေးမှာ လာဖြစ်ရတာလဲ။ ဘယ်လို ရေစက်ကြောင့် သူလို ငွေမရှိ ကြေးမရှိ ဂုဏ်ဒြပ်တွေ ဘာဆိုဘာမှမရှိသည့် သည်အဖေဆီမှာမှ သားသမီး လာဖြစ်ရတာလဲ။ တစ်ယောက်တည်း တွေးရင်းမေးရင်း ချာချာလည်နေသည်။ ထွန်းဇော်ရင်ထဲ နင့်နင့်သီးသီး ဖြစ်မိသည်။

ဟိုစဉ်တုန်းကတော့ ထွန်းဇော်က လူပျော်လူနောက်။ လူပျိုလူလွတ်ဘဝမှာလည်း ရည်မှန်းချက်မရှိ၊ တိုးတက်လိုစိတ်မရှိ။ ဘဝကို ပေါ့လားဝါးလား ပျော်ပျော်ပါးပါး ကုန်ဆုံးခဲ့သည်။ ခင်လေးငယ်နှင့် အကြောင်းပါပြီးတော့လည်း အချိုးက သိပ်မပြောင်းသွား။ ထွန်းဇော်တို့ ဘဝထဲကို သမီးလေး ရောက်လာမှသာ ထွန်းဇော် ခြေလှမ်းတွေ ပြောင်းသွားသည်။ အလုပ်ကို အာရုံထားလာသည်။ အရင်က အလုပ်ရယ်လို့ ပုံမှန်မရှိ။ ပွဲစားယောင်ယောင်၊ ဘာယောင်ယောင်။ ပုံမှန်ဝင်ငွေဆိုတာ နတ္ထိ။ ခုနောက်ပိုင်းမှသာ ပုံမှန်ဝင်ငွေလေး ရပါစေရယ်တော့လို့ တက္ကစီကား အငှားမောင်းသည်။ အလုပ်အကိုင်ရယ်လို့ မည်မည်ရရ ပြစရာရှိသွားပေမဲ့ စားလောက် သောက်လောက်ရုံသာ။ ပိုပိုလျှံလျှံ စုမိဆောင်းမိတာမျိုးမရှိ။ မောင်းနေကျ ကားလေးနှင့် အသားကျပြီဆို တော်ကြာနေ အုံနာက ကားကို ပြန်ရောင်းလိုက်လို့ ကားမောင်း နားလိုက်ရတာမျိုး၊ ခဏခဏ ပျက်သည့်ကားကို မောင်းရတာမျိုး၊ စီးပိုးလွန်းသည့် အုံနာဆီမှာ မောင်းရ၍ တွက်ခြေမကိုက်တာမျိုးတွေ ကြုံလာရသည်။ ဒါပေမဲ့လည်း သမီးလေးကြောင့် အရာရာကို သည်းခံပြီး အားတင်းခဲ့သည်။ ဟိုတလောကပဲ မိမိကားကို သူများကားက ဝင်တိုက်သွားသည်။ အုံနာက လျော်ကြေး ငွေလေး မစို့မပို့ ရလိုက်ပေမဲ့ ကားက ဘော်ဒီရုံပို့၊ ပိန်တာ ချိုင့်တာတွေ ပြန်ထု၊ ဆေးတွေဘာတွေ ပြန်မှုတ်လိုက်ရတော့ သူလို အုံနာကြေးနှင့် မောင်းသူအဖို့ ကားမောင်း နားထားရသည်။ တစ်နေ့လုပ်မှ တစ်နေ့ အဆင်ပြေနိုင်မည့် သူတို့လို လူမျိုးတွေအဖို့ ခုလို ရက်ရှည် ကားနားပြီး ထိုင်စားလိုက်ရတော့ အရင်က တအိပ့်ပဲ့ စုမိတာလေးက ပါသွားချေသည်။ ဒါကြောင့်လည်း ရရစားစား၊ ဝါးဝါးမျိုမျိုလို့ ပြောကြတာ ဖြစ်မည်။ ဒီလိုအခြေအနေမှာ သမီးလေးက နေမကောင်းထ,ဖြစ်ခြင်းဖြစ်သည်။

ရိုးရိုးဖျားတာ၊ နာတာပဲ ထင်ကာ သက်သာနိုး၊ သက်သာနိုးနှင့် ကုနေမိကြသည်။ အဆုံးသတ်မတော့ သမီးလေးက သွေးလွန်တုပ်ကွေး ဖြစ်နေခြင်းပင်။ သိသည့်အချိန်မှာ သမီးလေးက သေလုမြောပါး ဝေဒနာခံစားနေရပြီ။ ဆေးရုံတင်လိုက်ရသည်။ အရေးပေါ်အခြေအနေတွင် သွေးသွင်းရတော့မည်။ လိုအပ်သည့် သွေး၊ ဆေးဝါး၊ ဆေးရုံစရိတ်တွေ ရှင်းပေးဖို့ ငွေလိုလာပြီ။ ထွန်းဇော်ရင်ထဲ ဗလောင်ဆူနေပြီ။ သနားစရာ သမီးလေးကို ဆေးရုံပေါ်မှာထားခဲ့ပြီး ထွန်းဇော် ထွက်လာလိုက်သည်။ ငွေ··· ငွေ··· အရေးတကြီး လိုနေသောငွေ။ ဒီငွေကို ဘယ်လိုရှာရမလဲ။ ဘယ်မှာ ရှာရမလဲ။ ဘာဆိုဘာမှ မသိတော့။ ခြေဦးတည့်ရာ လျှောက်နေသလိုပင်။

လျှောက်ရလွန်းတော့ ညောင်းလာသည်။ နေပူရှိန်ကြောင့် မျက်လုံးတွေ ကျိန်းစပ်ပြာဝေလာသည်။ အပူရှိန်နှင့် ဖုန်မှုန့်တွေကြောင့် လည်ချောင်းတွေ စပ်လာသည်။ အိပ်မက်မှ နိုးထ,လာသူလို ယောင်ကန်းကန်းနှင့် လျှောက်လာလိုက်သည်မှာ လမ်းပေါ်က တစ်စုံတစ်ခုကို တက်နင်းမိသည်အထိ ဖြစ်သည်။ ခြေထောက်အောက်က တက်နင်းထားမိသည့် အရာလေးကို ကြည့်လိုက်တော့ ကြွပ်ကြွပ်အိတ်ထုပ်အမည်းလေး။ ခြေထောက်အောက်မှာ ခိုးလိုးခုလုနှင့်။ ထွန်းဇော် အမှတ်တမဲ့နှင့် အသာငုံ့ပြီး ခြေထောက်အောက်က အထုပ်မည်းလေးကို ကောက်ယူလိုက်သည်။ အိတ်မည်းလေးကို အသာလှပ်ကြည့်လိုက်တော့ ငါးထောင်တန်လေးတွေ အခေါက်လိုက်။ ကိုယ့်မျက်စိကို ကိုယ်မယုံနိုင်။ မျက်လုံးတွေက ပြာဝေနေတော့ အမြင်များမှားလေရော့သလား။ ဇဝေဇဝါတွေ ဖြစ်နေ၍ တုန်ယင်သော လက်အစုံနှင့် နောက်တစ်ကြိမ် ထပ်ဖွင့်ကြည့်မိသည်။ ငါးထောင်တန်လေးတွေ အခေါက်လိုက်။ သေချာပါပြီ၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com

လိုမှ မမှားနိုင်။ ဘေးဘီဝဲယာကို ကျီးကန်း တောင်းမှောက်သလို အသာကြည့်ပြီး ထိုနေရာမှ ခွာလိုက်သည်။

ထွန်းဇော်တစ်ယောက် ခပ်လှမ်းလှမ်းက လက်ဖက်ရည်ဆိုင်ထဲ အသာလေးဝင်ပြီး ထောင့်ကျကျစားပွဲတစ်ခုမှာ နေရာယူလိုက်သည်။ အိတ်မည်းလေးထဲက ပစ္စည်းတွေကို ထုတ်ယူလိုက်သည်။ ငါးထောင်တန် အခေါက်လေးတွေအပြင် အိတ်ထဲမှာ စာရွက်လေးနှစ်ရွက်နှင့် တစ်ထောင်တန်လေး ခြောက်ရွက်ပါသည်။ ပိုက်ဆံကလွဲ၍ စာရွက်လေးတွေကို ထုတ်ကြည့်လိုက်သည်။ ပထမဦးဆုံး စာရွက်ပိုင်းလေးတစ်ခုကို ဖွင့်ကြည့်လိုက်သည်။ အပေါင်ဆိုင်လက်မှတ်။ ငွေပမာဏနေရာကို ကမန်းကတန်းကြည့်လိုက်မိသည်။ ဟာ… လေးသိန်း။ သူလိုနေသည့် ငွေပမာဏပဲ။ ခုတော့ ထွန်းဇော် လိပ်ပတ်လည်သွားပြီ။ တစ်စုံတစ်ယောက်က ငွေလို၍ ပစ္စည်းလေး လာပေါင်ခြင်းပင်။ လာပေါင်ရင်း အမှတ်မထင် ထွက်ကျကျန်ခဲ့ခြင်း ဖြစ်မည်။ ထွန်းဇော် များများစားစား မတွေးနိုင်။ သမီးလေးအတွက် အဆင်ပြေသွားပြီ။ မိမိတို့၏ အခက်အခဲကို မကြည့်ရက်၍ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေက ကူညီမှုင်းမခြင်းဖြစ်မည်။ မိမိတို့ အခက်အခဲတွေ လွတ်မြောက်သွားတော့မည်။ ကျန်တာတွေ ထွန်းဇော် ဘာမှ မစဉ်းစားနေတော့။ သမီးလေးရှိရာ ဆေးရုံကို သွားဖို့ ခြေလှမ်းပြင်လိုက်သည်။ ဒီအချိန်မှာပဲ ထွန်းဇော် ဖွင့်မကြည့်ရသေးသည့် စာရွက်ခေါက်လေးက ထွန်းဇော် ခြေထောက်နားကျလာသည်။ ထွန်းဇော် စာရွက်လေးကို ကောက်ယူလိုက်ပြီး မရည်ရွယ်ပါဘဲနှင့် ဖွင့်ဖတ်မိသွားသည်။ စာရွက်က ဗလာစာရွက်လေးပေါ်မှာ ဘောလ်ပင်လေးနှင့် ညီညီညာညာလေး ရေးထားသည်။

*အမိုး နဲ့ အပါး*

*အမိုးတို့ နေကောင်းကြရဲ့လား။ ဖိုးခွားဆီ မလာတာ နှစ်လရှိပြီ။ အမိုးရေ၊ ဘော်ဒါကြေးလေး လာသွင်းပေးပါဦး။ ဆရာကြီးကတော့ ဘာမှ မပြောပါဘူး။ ဒါပေမဲ့ ဘော်ဒါက စာရေးမကတော့ တောင်းနေပြီ။ နှစ်လတောင် ရှိနေပြီနော်…ဘာညာနဲ့ လာပြောတယ် အမိုးရယ်။ ဖိုးခွား ရှက်တယ်၊ မျက်နှာငယ်ရတယ်။ ဘော်ဒါကြေး လာသွင်းပေးပါဦး။*

*ဘော်ဒါကြေးက နှစ်လစာ - လေးသိန်းရယ်၊*

*ဖိုးခွားအတွက် မုန့်ဖိုးနည်းနည်းရယ်၊*

*ဗလာစာအုပ် နှစ်ဒါဇင်လောက်ရယ်၊*

*ကော်ဖီမစ်ရယ်။ ကော်ဖီမစ်သောက်မှ ညကျ မအိပ်ချင်မှာ။ မအိပ်ချင်မှ စာကျက်နိုင်မှာ။ ကျန်တာ ငါးပိကြော်တွေ၊ အခြောက်အခြမ်းတွေ မယူလာပါနဲ့။ ချက်ရတာ အမိုး ပင်ပန်းနေလိမ့်မယ်။ ဘော်ဒါက ကျွေးတာနဲ့ ဖိုးခွား စားနိုင်ပါတယ်။ အမိုးတို့ကိုတော့ ဖိုးခွားလွမ်းတယ်။ ဖုန်းကလည်း ဆက်ချင်တိုင်း ဆက်လို့မရတော့ အောင်ထိုက်အမေ ဘော်ဒါကြေးလာသွင်းတုန်း စာကြုံထည့်ပေးလိုက်ရတာ။ သူများတွေ သွင်းပြီးကုန်ပြီ။ အမိုးလည်း လာခဲ့တော့နော်။ ဖိုးခွား မျှော်နေမယ်။ ဘော်ဒါကြေး မမေ့နဲ့နော် အမိုး။ ဖိုးခွား စာကြိုးစားတယ်နော်။ စိတ်မပူနဲ့။*

*ဖိုးခွား*

စာလည်းဆုံးရော ထွန်းဇော်အတွေးတွေ ချာချာလည်သွားသည်။ ရင်ထဲတွင် နုံးချည့်သွားသည်။ ဒီစာကို မဖတ်မိလျှင် ကောင်းလေစွ။ ခုတော့ စိတ်မှာ ဒွိဟဖြစ်ရပြီ။ ဒီငွေတွေကျပျောက်သွားသည့် သူက အမိုးဆိုသူလား၊ အပါးဆိုသူလား။ ထွန်းဇော် မသိ။ ထွန်းဇော်သိတာက ပျောက်သွားသည့်သူမှာ ခုချိန်လောက်ဆို သောကပွေနေလောက်ပြီ။ ဖြေမဆည်နိုင်ဖြစ်နေရလောက်ပြီ။ ငိုပွဲဆင်ကောင်း ဆင်နေလောက်ပြီ။ ကျပျောက်ခဲ့သည့် ပိုက်ဆံကလည်း နည်းနည်းနောနောမဟုတ်။ မက်မောလောက်စရာ ပမာဏ ဖြစ်နေသည်။ ဘော်ဒါက ဖိုးခွားဆိုသည့် ကောင်လေးကလည်း သူ့အမိုးဖြစ်ဖြစ်၊ အပါးဖြစ်ဖြစ် တစ်ယောက်ယောက်ကို မျှော်နေလောက်ပြီ။ အပေါင်ဆိုင်လက်မှတ်လေးကို ထွန်းဇော် နောက်တစ်ခေါက် ထပ်ထုတ်ကြည့် လိုက်မိသည်။ ပေါင်နှံသွားသူ၏ လိပ်စာက တိတိကျကျမပါ။ အပေါင်ဆိုင်လိပ်စာကတော့ အပြည့်အစုံပါသည်။ ပျောက်သောသူက အပေါင်ဆိုင်မှာ ပြန်လာစုံစမ်းလေမလား။ ဝေခွဲမရနိုင်။ သမီးလေးရှိရာ ဆေးရုံဘက်ဆီ ပြန်ရမလား။ အပေါင်ဆိုင်ကိုပဲ စုံစမ်းပြီး သွားရမလား။

စာနာစိတ်၊ မိဘချင်းကိုယ်ချင်းစာသည့်စိတ်ကြောင့် အပေါင်ဆိုင်ကို စုံစမ်းပြီးသွားချင်မိသော်လည်း ထွန်းဇော် မျက်လုံးထဲမှာ ဝေဒနာခံစားနေရသည့် သမီးလေး၏ မျက်နှာလေးက တဝဲလည်လည်ဖြစ်နေသည်။ ထို့အတူ ဇနီးဖြစ်သူ ခင်လေး၏ ငိုရှိုက်သံတွေကလည်း ဘာကိုမှ ဆုံးဖြတ်နိုင်စွမ်း မရှိတော့သလို ဖြစ်စေသည်။ အသိဉာဏ်တွေ၊ ဆင်ခြင်တုံတရားတွေ အကုန်ဝေဝါးကုန်သည်။ ရင်ထဲမှာလည်း ခဲဆွဲထားသလို လေးလံလှသည်။

အာရုံထဲမှာ ကောင်လေးတစ်ယောက်၏ အမျှော်လင့်ကြီး မျှော်လင့်နေသည့် ပုံရိပ်လေးက ဝိုးတိုးဝါးတား ပေါ်လာသလို တစ်ဖက်မှာလည်း သမီးလေး၏ နွမ်းလျမျက်နှာလေးက ကြီးစိုးနေပြန်သည်။

ထွန်းဇော် ခြေလှမ်းတွေကို ဘယ်အရပ်ဆီ ဦးတည်ရမလဲ။ သမီးလေးဆီကိုလား၊ ကိုယ်ကျင့်တရားဆိုတဲ့ အရှုတ္တအမှန်တရားတစ်ခုဆီကိုလား ဝေခွဲမရနိုင် ဖြစ်နေသည်။ စိတ်သန္တာန်မှာ ယူလိုက်မယ်၊ ပြန်ပေးမယ်နဲ့ အစွန်းနှစ်ဖက် လွန်ဆွဲနေပြီ။ နောက်ဆုံးတော့ ထွန်းဇော်တစ်ယောက် ဘုရားရှင်ကို ရည်မှန်းပြီး တိုင်တည်မိတော့သည်။

"အရှင်ဘုရား၊ တပည့်တော်ကို မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်အောင် လမ်းညွှန်ပေးတော်မူပါ…ဘုရား"

■

ငြိမ်းသခင်



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၇ ရက်အထိ

(၁) နောင်ရိုးနယ်(မုံရွာ) *ထမင်းတစ်လုတ်* ၊ရန်ကုန်၊ (၂) လွင်စန်းမောင်(ပိုးစာကုန်း) *တိုက်ပွဲ* ၊စစ်ကိုင်း၊ (၃) သွေးနီနီ *ပန်းသီး…ရာဇာ* ၊မကွေး၊ (၄) ဒေါက်ဇော် *သံဝေဂ* ၊သရက်မြို့၊ (၅) အေပရယ်ညိုညိုချော *ရင်ခွင်ပျောက်သော နေ့ညများ၏အလွန်* ၊-၊ (၆) အယ်မူ *တရားခံ* ၊ရန်ကုန်၊ (၇) သီဟဇော်(MIT) *ဂျက်ကီ* ၊နေပြည်တော်၊ (၈) အောင်သု *အစိမ်းရိပ်* ၊ရန်ကုန်၊ (၉) မိုးသီးချို(ညောင်လေးပင်) *အမတ်ကြီးကြွက်ချေး* ၊ပဲခူး၊ (၁၀) ကွန်တာ *အငွေ့ပျံတဲ့လမ်း* ၊စစ်ကိုင်း၊ (၁၁) ချစ်ခိုင်စံ(ဘီအီးဒီ) *ကြမ္မာငင်သည့်အရိပ်* ၊ပဲခူး၊ (၁၂) ချစ်ခိုင်စံ(ဘီအီးဒီ) *ပုံရိပ်ယောင်ရှင်းတမ်း* ၊ပဲခူး၊ (၁၃) မေစိုး *အနီးမှုန်* ၊ရန်ကုန်၊ (၁၄) မျိုးကို *တစ်ပတ်နွမ်းနှလုံးသား* ၊မကွေး၊ (၁၅) ညိုလင်းမောင်(ရေဦး)*တို့အမျိုးသားတိုင်းပြည်* ၊ပြည်၊ (၁၆) အောင်သု *အေးရိပ်စည်* ၊ရန်ကုန်၊ (၁၇) သီဟဇော်(MIT) *ဒိုင်လူကြီး* ၊နေပြည်တော်၊ (၁၈) မောင်ကုသ(သိမ်တောင်) *အဖြူရောင်မှဒိန်းမှု* ၊ရန်ကုန်၊ (၁၉) စန်းသူ့မောင် *မှတ်မှတ်ရရ အပိုင်းအစလေးများ* ၊ရန်ကုန်၊ (၂၀) လောကမောင်(လယ်တွင်းသား) *ထိုတစ်နေ့* ၊မန္တလေး၊ (၂၁) ဒေးဗစ်မောင်မောင် *အာသာ* ၊မကွေး၊ (၂၂) ဒေးဗစ်မောင်မောင် *နေရစ်တော့ကွယ် သွားတော့မယ်* ၊မကွေး၊ (၂၃)နေခြည်(ကြီးနီ) *ကောင်းကင်ပြာပြာသန့်စင်ခြင်း* ၊မကွေး၊ (၂၄) မောင်ရင်ထွေး(မအူပင်) *ဖျက်မရတဲ့ ဒဏ်ရာနှစ်ခု* ၊မအူပင်၊ (၂၅) ခိုင်မြသူယု *အဆုံးမဲ့ဂီတဓူလီ* ၊-၊ (၂၆) သန့်ဝေလျှံဖြိုး *ချောင်းညာမှာမိုးလေးညိုရင်ဖြင့်* ၊စစ်ကိုင်း၊ (၂၇) ဇီ *ဖိနပ်ခိုး ဆိုးသတဲ့…သဲကြိုးဖြတ် ငတ်သတဲ့* ၊ကချင်ပြည်နယ်၊ (၂၈) နီယွန်းအိမ်(သာပေါင်း) *အဖေ့မျက်ရည်တစ်စက်ဝသုန်မြေကြီးပေါ်သို့ မကျစေချင်, သို့သော်…* ၊သာပေါင်း၊ (၂၉) ဘုန်းချစ်နော်(ဇေယျာမြေ) *ဆေးပေါင်းခသော ည*၊မန္တလေး၊ (၃၀) ဆိုင်းဖျူ *ကချင်လူငယ်တော်လှန်ရေးသမား ခွန်လတ်* ၊မြစ်ကြီးနား၊ (၃၁) ဆိုင်းဖျူ *နှစ်ရာကျပ်တန်နဲ့သာ တန်သူများဘဝ* ၊မြစ်ကြီး နား၊ (၃၂) မောင်ဗလ *အတိတ်တစ္ဆေ* ၊စစ်ကိုင်း၊ (၃၃) ပိုပိုအောင်(ဝန်းသို) *အချစ်က အချစ်ကိုစေ* ၊ဝန်းသိုမြို့၊ (၃၄) မေသူကျော် *အမေနှင့် သား ပုံပြင်များ* ၊ပလက် ဝမြို့၊ (၃၅) အရင်လူ(တွံတေး) *ငွေလွဲ* ၊တွံတေး၊ ■

*စိမ်းလဲ့စံ ပြုစုသည်။*

## ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘေးမျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူ ပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။

၂။ ဘေးမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။

၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။

၄။ လက်ရေးစာမူဆိုလျှင်A 4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A 4 စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။

၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာ ဖော်ပြပါ။

၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။

၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။

၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီးဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။

၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၅၀၁ အေးမြတ်မြတ်ချိုနှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အီးမေးလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

**အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)**



www.burmeseclassic.com

www.burmeseclassic.com



# ခင်ခင်ထူး

# ဂျိုးပိန်

အမှတ် ၃၅၀၊ ဇန်နဝါရီ၊ ၂၀၁၉
ရုပ်စုံမဂ္ဂဇင်း

အ ခန်း ဆက် ဝ တ္ထု ရှည်

*(ယခင်လမှအဆက်…)*

၈။

သည်ရက်ထဲ ဝမ်က ဗီဒီယိုပြစက်တစ်လုံးနဲ့ စီဒီပြားတွေ ဝယ်လာခဲ့တယ်။ အသံထွက်တဲ့ ဆောင်းဘောက်လည်းပါရဲ့။

တီဗွီတစ်လုံးကလည်း နဂိုအောက်ထပ်မှာရှိတော့ စက်နဲ့တွဲစမ်းခိုင်းသတဲ့။ ဂျိုးပိန်ချည်းမဖြစ်တော့ ကျွန်မမောင် စိုးခရော ကူရတာပေါ့။

ကျွန်မမောင်က သည်ကိစ္စ ကျွမ်းကျင်လေတော့ အရုပ်ထွက်တဲ့အထိ ဆင်ပေးတယ်။ ဝမ်က ပြုံးနေတာပဲတဲ့။ သူယူလာတဲ့ စီဒီပြားတွေထဲက တစ်ချပ်ကို ထည့်ခိုင်းလို့ထည့်တော့ နိုင်ငံခြားတွေမှာလုပ်နေကျ ခွေးပြေးပွဲခွေ၊ နောက်ထပ် တစ်ချပ်ထည့်တော့ ခွေးလိမ္မာခွေ။ နောက်တစ်ချပ်က ခွေးဝတ်စုံ အလှပြိုင်ပွဲ။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ခွေးနဲ့လူနဲ့ တရင်းတနှီးနေကြတာက တစ်ချပ်တဲ့။ ခွေးတွေ ဝါးတံတားပေါ်ကဖြတ်တာ၊ ကြိမ်ကွင်းထဲ ခုန်ဝင်ခုန်ထွက်တာ၊ ခွေးက ပစ်လိုက်တဲ့အထုပ် ပြန်ချီလာတာ၊ ခွေးနဲ့လူနဲ့ လက်ပွန်းတတီး နေကြထိုင်ကြပုံတွေ စသဖြင့်ပေါ့။ ထားတော့။ ခွေးစွမ်းရည်ပြ ဓာတ်ပြားတွေချည်းပဲတဲ့။ ပြီးမှ ဝမ်က သူ့ခွေးနှစ်ကောင်ကို ဒါတွေပြပါ၊ စီဒီထဲကခွေးတွေလို ကျွမ်းကျင်အောင် သင်ပေးပါ၊ ခွေးတွေကို သည်ပြကွက်တွေ စိတ်ဝင်စားလာအောင် ခွေးနှစ်ကောင်နဲ့အတူ ဂျိုးပိန်ကိုပါ ထိုင်ကြည့်ပါလို့ ပြောသတဲ့။ တရုတ်စကား နားမလည်ရှာတဲ့ ဂျိုးပိန်ကို ဝမ်က လက်ဟန် ခြေဟန်နဲ့လည်း ပြသတဲ့။ ကျွန်မမောင်က တရုတ်စကား နားမလည်ပေသိ ရိပ်မိပြီ။ ကိုဂျော်နီကလည်း အနားမရှိတော့ ဂျိုးပိန်က သူဘာလုပ်ရမယ်မှန်း မသိဘူး။ မျက်မှောင်ကြီး ကြုတ်ပြီး ဝမ်ကို ငေးနေတာပဲတဲ့။

"မင်း ဒီဓာတ်ပြားတွေ တစ်ချပ်ပြီးတစ်ချပ်ကြည့်ပါ။ သူ့ခွေးနှစ်ကောင်ကို သည်ဓာတ်ပြားထဲက ခွေးတွေလို ကျွမ်းကျင်အောင် သင်ပါ။ သူ့ခွေးနှစ်ကောင်ကို မင်းသင်နိုင်တယ်လို့ ပြောနေတာ"

စိုးခက ရှင်းပြတော့ ဝမ်က ဗမာစကားမတတ်ပေမဲ့ ခေါင်းတညိတ်ညိတ်နဲ့တဲ့။ စိတ်ဓာတ်ကျသွားတာက ဂျိုးပိန်။ စိတ်ဓာတ်ကျရုံမကဘူး စိတ်တွေ ကယောင်ချောက်ချားဖြစ်သွားပုံပေါ်နေလေရဲ့။ နဂိုကမှ နာမည်ခေါ်တာတောင် ဘယ်လိုမှမတုံ့ပြန်တဲ့ခွေးနှစ်ကောင်၊ လူတက်နင်းရင်တောင် မကိုက်တဲ့ခွေးနှစ်ကောင်၊ နိုင်ငံခြားဖြစ်ခွေးစာမစား နယ်ရေဖတ်ရေ ထမင်းတွေမှကြိုက်တဲ့ ခွေးနှစ်ကောင်၊ ခွေးစင်စစ်ဖြစ်ပါလျက်နဲ့ မီးရထားဥသြသံကြားရင် ပြေးကြည့်တတ်တဲ့ ခွေးနှစ်ကောင်။ သည်ခွေးနှစ်ကောင်ကို ခွေးတို့တတ်အပ်တဲ့ပညာတွေ သင်ပေးရမတဲ့။ ကျွန်မမောင်ပြောသလောက်တော့ တရုတ်ကြီးဝမ်ကလည်း စီးပိုးပြီး အနိုင်ကျင့်ခိုင်းတာမျိုးမဟုတ်ဘူးတဲ့။ ခွေးချစ်တတ်သူတွေရဲ့ အလိုလောဘမျိုးထင်ပါရဲ့တဲ့။ ခွေးနှစ်ကောင်ကို ဖက်ထားလိုက်၊ တရုတ်ဘာသာနဲ့ ခွေးခေါင်းနှစ်ခေါင်းကို ကိုင်ပြီးဆုတောင်းလိုက်၊ တရုတ်လို နာမည်ခေါ်လိုက် လုပ်နေတတ်သတဲ့။ တစ်ခါတလေ မလိမ္မာတဲ့ သားသမီးတွေကို အေးအေးသက်သာ ဆုံးမနေတာမျိုးနဲ့

*kdyetu kMl n Bi ,fu u Ref aw,Gwl nayg\v /jzp&yk\m, Or eJ'Ykdyetu v I'kdv n f,r w b l,?b no npu m,v n f,r w l b l/w pfzu fu w½kv b no neaY',jymw nu kdv pfzu fu en,r v n b v kdw pfzu fu Ar npu m,eJ'ajymw nu kd n f, w pfzu fu pu m,r aygu b l/o n tMl m,x Jw pfzu fu o lY ac,Gaw G kac,Gv kdw w f yfao myn naw Gv w fapcsf v kd fw mr ajyneaYw nh

ခွေးတွေကို စကားပြောနေ တတ်သတဲ့။ ဂျိုးပိန်ကို ပြပြပြီး တရုတ်ဘာသာနဲ့ ပြောနေတတ်သတဲ့။ ဂျိုးပိန်စကား နားထောင်ခိုင်းတဲ့သဘော နေမှာပေါ့။

ဒါပေသိ သည်လိုခွေးအ,ကြီးနှစ်ကောင်ကို ရုပ်ရှင်ဇာတ်ကားတွေထဲက ခွေးလိမ္မာမျိုးဖြစ်အောင် သင်ပေးရမယ့် ဂျိုးပိန်ခမျာမှာတော့ သည်တစ်ခါမှ အလုပ်မပြုတ်ရင် အာဂပဲလို့ တွက်မိရှာမှာပေါ့။ ရုပ်ရှင်ကားကိုငေးနေရာက စိတ်တွေ တခြားရောက်နေသလို ငူငူကြီးတဲ့။ ကျွန်မမောင်က ပြောပြတယ်။

"ကိုဂျော်နီရောက်လာတော့ ကိုဂျော်နီနဲ့ ငါက အားပေးရတာပေါ့ မမရာ။ ကိုဂျော်နီကပြောပြတယ်။ သည်လို ခွေးကားတွေပြလို့ကတော့ ဘယ်တတ်ပါ့မလဲ။ ဝမ်ကလည်း ပညာတတ်ပါကွာ သိမှာပါ။ ဒါပေမဲ့ ခွေးကို အရူးအမူး ချစ်သူတွေဟာ သည်လိုချည်းပဲ။ လုပ်ပေးမယ်လို့ ခေါင်းညိတ်ပြလိုက်။ ဝမ်က သူတို့ပြည် ပြန်တော့မှာပါ။ သည်ကို နောက်တစ်ခေါက်ပြန်လာချင်မှလည်း လာတော့မှာပါ။ ငါ ရုံးကကြားခဲ့ပြီးသား။ ခုန ခွေးတွေကိုပြောနေတာ ဂျိုးပိန်နဲ့နေခဲ့ရမှာ၊ သူ့စကားကို နားထောင်ပါလို့ ပြောနေတာ"

ဟုတ်တာမဟုတ်တာ အပထား၊ ဂျိုးပိန် စိတ်ချမ်းသာအောင် ပြောတော့မှ ဝမ်ကိုလက်တို့ပြီး လက်ဟန်ခြေဟန်နဲ့ သူလုပ်နိုင်တယ်လို့ ပြောသတဲ့။ ဝမ်က ဂျိုးပိန်ကို လက်ဆွဲနှုတ်ဆက်ပြီး ဘောင်းဘီအိတ်ထဲက ပိုက်ဆံတွေအထပ်လိုက် ပေးသတဲ့။ ဂျိုးပိန်က ခင်ဗျားပိုက်ဆံလည်း မလိုချင်ဘူး၊ ခင်ဗျားခွေးတွေနဲ့လည်း ဘယ်လိုမှ မဖြစ်ဘူးဆိုတဲ့ မျက်နှာရိပ်က ပေါ်နေသတဲ့။ မချိပြုံး ပြုံးရင်းက ရတယ် ရတယ် ဦးဝမ်လို့ ဗမာလို ပြောနေသေးသတဲ့။

ကျွန်မက "ခွေးတွေကကော တီဗွီကြည့်ကြသလားဟဲ့" ဆိုတော့ ဝမ်ရှိတုန်းကတော့ ဂျိုးပိန်က ခွေးတွေနဲ့အတူ ရောကြည့်သေးသတဲ့။ ခွေးတွေက တစ်စက်မှ မော့မကြည့်ဘူး။ ဂျိုးပိန်ကတော့ ရုပ်ရှင်ထဲက ခွေးတွေကို သဘောကျလွန်းလို့ ခဏခဏကြည့်သတဲ့။ တီဗွီရှေ့ ခြေဆန့်လက်ဆန့် ရှိနေကြတဲ့ ခွေးနှစ်ကောင်ရဲ့ မေးစေ့ကို သူ့လက်နဲ့ မော့မော့ပေးနေတာများ သနားစရာပါဟာတဲ့။ သည်ကြားထဲ ဝမ်ထွက်သွားတော့ မေးနေသေးသတဲ့လေ။

"နောက်တစ်ခေါက် ဦးဝမ်လာရင် ခွေးတွေ တစ်ခုခုတော့ တတ်မှကောင်းမှာပေါ့ နောဦးစိုး။ ဘာက စ,သင်ပေးရမတုံး။ ခွေးတွေကလည်း တတ်မယ့်ပုံမပေါ်ပေါင်ဗျာ"

ကျွန်မမောင် စိုးခကို ဂျိုးပိန်က ဦးစိုးခေါ်တာပါ။ ကျွန်မမောင်က အကြံပေးသတဲ့။

"ခက်တဲ့ကောင်ပဲ။ သူရဲကောင်းဇော်ရိုး ဇာတ်ကားထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

ဇောရိုးက မီးရထားနဲ့အပြိုင် မြင်းနက်ကြီးနဲ့မီအောင် ဒုန်းစိုင်းလိုက်တာ ပါတယ်လေ။ ခွေးလိမ္မာက ဇောရိုးရဲ့မြင်းနောက်အပြေးလိုက်ရင်း ကျကျန်ခဲ့တဲ့ ဇောရိုးရဲ့ လည်စည်းပဝါကို ပါးစပ်နဲ့ကိုက်ပြီး လိုက်ပေးတာ မင်း မကြည့်ဖူးဘူးလား”

“မကြည့်ဖူးဘူး”

“အဲဒါပေါ့ကွ”

“ဘာ အဲဒါပေါ့တုံးဗျ”

“ဟောဗျာ။ နောက်တစ်ခေါက် ဦးဝမ်ပြန်လာရင် မင်းခွေးနှစ်ကောင် ရထားသံကြားတာနဲ့ ပြေးပြေးကြည့်တာ ပြလိုက်လေ။ မင်းပါးစပ်က ဇောရိုး ဇောရိုးလို့အော်။ ဦးဝမ်က ဇောရိုးဆိုတာကို သိတယ်။ ဘယ်ခွေးက ရထားပြေးတာ လိုက်ကြည့်လို့တုံးကွ”

“ဟာ ဟုတ်တယ်နော် ဦးစိုး”

သည်တော့မှ ဂျိုးပိန်မျက်လုံးတွေက ရယ်လာသတဲ့လေ။ စိုးခနဲ့ ကိုဂျော်နီကိုလည်း လက်ဖက်ရည်ပြေးဝယ်ပြီး တိုက်သေးတာပါ။ ပါးစပ်ကလည်း “ဇောရိုး…ဇောရိုး”လို့ ကျက်နေရှာသတဲ့။

တစ်ခါတော့ ခွေးနှစ်ကောင် မီးရထားကြည့်ပြီး ပြန်ဝင်လာတော့ ညနေခြောက်နာရီခွဲပတဲ့။ ကျွန်မသမီးကလည်း သူ့ဦးလေးနဲ့ ကျောင်းကပြန်လာတဲ့အချိန်။ ဝင်းထဲကို ကားဝင်လာခဲ့တယ်။ စိုးခက သူ့တူမကို အပေါ်ထပ်လိုက်ပို့ရင်း ကားသော့တွေဘာတွေထား၊ ကျွန်မနဲ့ နောက်တစ်နေ့ အစီအစဉ်တွေကိုမေး၊ မနက် ကားဆီထည့်ရတော့မယ်ဆိုလို့ ပိုက်ဆံတွေဘာတွေပေးပေါ့လေ။ စိုးခပြန်ဆင်းတော့ ညခုနစ်နာရီခွဲလောက် ရှိနေပါပြီ။ အောက်ထပ် ဆင်ဝင်အောက်မှာထားတဲ့ သူ့ဆိုင်ကယ်ထုတ်ပြီး စက်နှိုးနေတုန်း ဂျိုးပိန်က အမောတကောနဲ့ သူ့ဘေးလာရပ်သတဲ့။ မောသံကြီးနဲ့ ဗလုံးဗထွေးပြောနေတာလည်း ချက်ချင်း သဘောမပေါက်လို့ သေသေချာချာ မေးရသတဲ့။

“ဦးစိုး ကျုပ်တော့ အလုပ်ပြုတ်တော့မှာပါဗျာ”

“ဘာဖြစ်လို့တုံး”

“ခွေးအထီးကြီး မရှိတော့ဘူး။ ပြောမကောင်းဆိုတဲ့ကောင်ကြီးလေ၊ ကျုပ်ရှာတာ နှံ့နေပြီ”

စိုးခက ဆိုင်ကယ်ကိုစက်ပိတ်ရင်း ရှိမှာပါ၊ ဘယ်မှမသွားလောက်ပါဘူးလို့ ပြောသတဲ့။ ဟုတ်တော့လည်းဟုတ်တယ်။ ခွေးနှစ်ကောင်က ခွေးပျင်းကြီးတွေဆိုတော့ ခြံဝင်းကျယ်ကြီးအပြင်ကို ထွက်နေတာရယ်လို့ မရှိဘူး။ ခြံကျယ်ကြီးတစ်နေရာမှာ ရှိမှာပါ၊ ရှာရင်တွေ့မှာပါလို့ ခပ်ပေါ့ပေါ့ပြောပေးသီ ဂျိုးပိန်က မျက်စိမျက်နှာပျက်လှပြီ။ အကျိုးအကြောင်းမေးကြည့်တော့ ဦးစိုးတို့ကားပြန်လာချိန်ဆိုတော့ ကျုပ်ကလည်း ခြံဝင်းတံခါးဖွင့်ထားလိုက်မိတယ်တဲ့။ ကားဝင်လာတော့ ပြေးပိတ်၊ ပြီးမှ တံခါးပိတ်လျက်ထားခဲ့ပြီး ထမင်းထုပ်ငါးထုပ် ပြေးဝယ်တယ်။ မိနစ်နှစ်ဆယ်လောက်ကြာသတဲ့။ ပြန်လာတော့ ခွေးထီးကြီး မတွေ့တော့ဘဲ ခွေးမပဲ တွေ့တော့သတဲ့။ ပြောပုံက ကျွန်မမောင်ကားပြန်အလာ တံခါးဖွင့်ပေးထားမိလို့ ခွေးပျောက်သလိုလို ဖြစ်နေတော့ စိုးခက ငေါက်ကရော။

“ခါတိုင်းလည်း ရှေ့သံတံခါးကြီးက ဟင်းလင်းပွင့်နေတာချည်းပါ ဂျိုးပိန်ရာ။ မင့်ခွေး အပြင်မထွက်လောက်ပါဘူး”

“ခုတလော ထွက်တယ်ဗျ။ တစ်နေ့ကလည်း ပျောက်လို့လိုက်ရှာတော့ လမ်းမဆုံက မီးပွိုင့်နား ရောက်နေတယ်။ မနေ့ကလည်း ဆွမ်းလောင်းအသင်းက လူတွေပြောလို့ လိုက်သွားတော့ လမ်းဘေးမှာ ငုတ်တုတ်ကြီး”

“ဒါဆိုရင် ရှာရမှာပေါ့၊ ဘယ်သွားရှာမလဲ”

“မပြောတတ်ဘူး၊ ကျုပ်စိတ်ထင်တော့…”

“စိတ်ထင်မနေနဲ့၊ အပေါ်ထပ် ကားသော့သွားယူ၊ ဆရာမကို ငါယူခိုင်းလိုက်တယ်ပြော။ ပြီးရင် မင်းပါ ကားပေါ်တက်လိုက်ရှာကြည့်တာပေါ့”

ဂျိုးပိန်က ကျွန်မဆီ ကားသော့တက်ယူတော့ ကျွန်မက အကျိုးအကြောင်းမေးလို့ ဒါတွေသိရတာပါ။ ကားသော့ပေးလိုက်တော့ လှေကားကပြေးဆင်းသွားလိုက်တာ လေးညှို့က ကန်ထွက်သွားတဲ့ မြားထက် မြန်သေးတယ်။ စိုးခပြန်လာတော့ မိုးချုပ်လို့ ညကြီးမှောင်နေပါပြီ။ ခွေးတွေ့လားဆိုတော့ စိုးခက ရှင်းပြတယ်။

“ဂျိုးပိန်ကို ကားပေါ်တင်ပြီး ရှိသမျှလမ်းတွေ တော်တော်ဝေးဝေးရောက်အောင် မီးထိုးရှာတာ မတွေ့ဘူး။ သနားပါတယ်ဟာ။ ကားပေါ်ကဆင်းလိုက် ပြောမကောင်းရေခေါ်လိုက် ဂျက်လီရေခေါ်လိုက် ကားပေါ်ပြန်တက်လိုက်၊ ရပ်ခိုင်းလိုက် ခေါ်လိုက်…ချွေးသီးချွေးပေါက်တွေကျလို့။ မတွေ့ရင် ကျုပ်ရွာပြန်ရတော့မှာလို့ ညည်းလိုက်နဲ့။ ဒါနဲ့ ငါက ခွေးထွက်သွားတာတော့ ဘယ်တတ်နိုင်ပါ့မလဲ ဂျိုးပိန်ရ။ မင်းမှာ တခြားအလုပ်တွေလည်း လုပ်နေရတဲ့ဟာ ဆိုတော့ သူဌေးက ခေါ်ပြောထားလို့တဲ့။ ဝမ့်ခွေးတွေကို ဂရုစိုက်နော်လို့ ပြောတာနှစ်ရက်တောင် မရှိသေးဘူးတဲ့။ တစ်နေရာရောက်တော့ ခွေးတွေလေး၊ငါးကောင် လမ်းပေါ်မှာ မာန်ဖီနေကြတာတွေ့တော့ အဲသည်အထဲမှာ ကျုပ်တို့ခွေး ပြောမကောင်းပါမှာပဲတဲ့ ဆင်းပြန်ရော၊ မဟုတ်ဘူး လမ်းခွေးတွေ။ လမ်းတွေလည်းစုံပြီ၊ မိုးလည်းချုပ်ပြီဆိုတော့ ငါလည်းပြန်လာခဲ့ရော။ ဆင်ဝင်အောက် ကားထိုးပြီး သူရောငါရောဆင်းတဲ့အထိ ဂျိုးပိန်က ရှာချင်သေးတာ။ ဖြစ်ချင်တော့…”

စိုးခက ကားထဲကဓာတ်မီးယူပြီး ဝင်းတံခါးကြီး ပိတ်ခိုင်းလိုက်တယ်။ နှစ်ယောက်သား အဆောက်အဦကြီးအပြင်ဘက်မှာရှိတဲ့ ပန်းစိုက်ခုံပေါ်ထိုင်ကြတယ်။ ဂျိုးပိန်ကို အဆောက်အဦအောက်ထပ်အခန်းတွေကို အခန်းတိုင်းမလွတ်အောင် တစ်ခန်းချင်းရှာလို့မှာရင်း စိုးခကိုယ်တိုင် ဝင်းကြီးထဲပတ်ရှာဖို့ ထ,တယ်။ အောက်ထပ်မှာက အခန်းလွတ်တွေရှိတော့ ဟင်းလင်းပွင့်နေတဲ့အခန်းတွေမှာ ခွေးရှိလိုရှိငြား ရှာခိုင်းတာပါ။ စိုးခက အဆောက်အဦကြီးရဲ့ရှေ့က ကွက်လပ်ကျယ်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com

ရှာမယ်ဆိုပြီး ရှာကြသတဲ့။ ရှာမယ့်သာရှာကြရော့ ကွက်လပ်က ရှင်းရှင်းကြီး။ ဧရာမခွေးကြီးတစ်ကောင်ကို အဆောက်အဦ ရှေ့ ထွန်းထားတဲ့ မီးရောင်နဲ့ ကောင်းကောင်း မြင်နိုင်တယ်။ တစ်ခုတော့ရှိတယ်။ ဝင်းတံခါးကြီးနဲ့နီးနီးထောင့်မှာ မန်ကျည်း ပင်တစ်ပင်ရှိတယ်။ ကုမ္ပဏီခေတ်ကတည်းက ပျက်လို့ထိုး ထားတဲ့ ကားဟောင်း တစ်စစီပုံထားတဲ့အပုံကလည်း ရှိတယ်။ အပြင်မှာရှာမယ်ဆို သည်တစ်နေရာပဲ ရှိတယ်။ စောစောက ဂျိုးပိန်လည်းရှာကြည့်ပြီးပြီ ဆိုပေမဲ့ စိုးခက သေချာအောင် သွားကြည့်လိုက်တယ်။ အဆောက်အဦကြီးနောက်ဘက် မြက် တောကျယ်ကြီးနဲ့ သရက်ပင်တောဘက်တော့ ခွေးက ရွံ့တလူး လူး ဗွက်တပေပေ မသွားလောက်ဘူးဆိုတာ သေချာတာကိုး။ ကားပျက်ကားဟောင်း အစအနတွေနဲ့ သစ်ပင်ကြားက မှောင် ရိပ်ကို ဓာတ်မီးနဲ့ထိုးကြည့်တော့ တစ်စုံတစ်ရာ လှုပ်လိုက်တာ သတိထားမိလိုက်သတဲ့။ ဓာတ်မီးနဲ့ သေချာပြန်ထိုးကြည့်တော့ "ပြောမကောင်း"ကြီး။ စိုးခတွေ့တော့ ထ,လာပြီး ခြေထောက် တွေကိုနမ်းသတဲ့။ ဗိုက်ဆာလို့ထင်ပါရဲ့။

"ငါဖြင့်ဟာ ဂျိုးပိန်ထက် ဝမ်းသာမိသေးတယ် ပြောပါ တော့။ ဒါနဲ့ ဂျိုးပိန်ပြေးခေါ် တွေ့ပြီဆိုတော့ တော်ပါသေးဗျာ တဲ့။ ဂျိုးပိန်ကိုတွေ့တော့ ခွေးကြီးက အရေးတောင်မလုပ်ဘူး။ ဂျိုးပိန်က နေ့လယ်က သူရိုက်ထားလို့ ကောက်နေတာနေမှာ တဲ့။ တကယ် မမရေ၊ ဂျိုးပိန်ခေါ်တာ မလိုက်ဘူး။ဂျစ်ပေါက် ပေါက် ပေစုတ်စုတ်လုပ်နေတာများ လူလိုပါဟာ။ ငါက ဂျိုးပိန် ချော့လိုက်ဦးဆိုတော့ ခွေးကြီးကိုဖက်ထားရှာရဲ့"

စိုးခပြောသလောက်ဆို ဂျိုးပိန်ဘယ်လောက်များ စိတ်ပင် ပန်းလူပင်ပန်းဖြစ်ရှာမလဲ၊ တွေ့ပြန်တော့လည်း ဘယ်လောက် များ ဝမ်းသာနေရှာမလဲလို့ တွေးမိတယ်။ စိုးခလည်း အမှောင် ကြီးမှောင်မှ ပြန်ရတာပါ။ ကားသော့ကို ဂျိုးပိန်ပြန်အပေးခိုင်း လိုက်တော့ တွေ့ပြီဆရာမတဲ့။ မန်ကျည်းပင်မှောင်ရိပ်အောက်က ကားပျက်ပုံကြားကတွေ့တာ ကတ်သီးကတ်သတ်နေရာမှာ ဝပ်နေတာ ဆရာမရဲ့တဲ့။ နောက်တစ်ခါ ပျောက်သွားမှာစိုးလို့ ထင်ပါရဲ့ အဲသလောက်ပဲပြောပြီး ပြေးဆင်းသွားတယ်။

စိုးခက သူ့အိမ်ရောက်မှ ကျွန်မကို ဖုန်းနဲ့လှမ်းပြောတယ်။ ခွေးကြီးကို တွေ့ပြီးလို့ စိုးခက ပြန်ခါနီး ဆိုင်ကယ်နှိုးနေတော့ ဂျိုးပိန်ကပြောသတဲ့။ မျက်နှာလည်းပျက်လို့တဲ့။ အဲသလောက် မျက်စိမျက်နှာပျက်တာ မတွေ့ဖူးဘူးတဲ့။ ပါးစပ်က မပွင့်တပွင့် ညည်းပြော ပြောရှာသတဲ့။

"တကယ်ဆိုရင် ကနေ့ ကျုပ် ရွာပြန်ရမယ့်နေ့ ဦးစိုး။ အမေရေမှုတ်နတ်ပွဲက မနက်ဖြန်ရယ်။ ကျုပ်အမေလည်း နတ်ပွဲ မှာ သေချာပေါက်ရှိမှာပဲ။ ကျုပ်ကိုမျှော်နေရှာမှာရယ်။ ကနေ့ည အမေ အိပ်မက်ပေးတော့မယ် ထင်တယ်"တဲ့။

ကျွန်မသိတာပေါ့။ တောသူတောင်သားများဟာ ရိုးရာ ယုံကြည်မှုတွေမှာ သိပ်ကိုစူးစူးနစ်နစ် အာရုံရှိတတ်ကြတယ်။ "အမေရေမှုတ်နတ်ပွဲ"ဆိုတာကို သွားချင်ပုံရတယ်။ သူကပဲ သည်နေ့သည်ရက် ရွာပြန်ပါရစေ ခွင့်မတောင်းတာလား၊ ပြော ပါလျက်ကနဲ့ သွားခွင့်မပြုတာလား ကျွန်မမောင်ကို မေးကြည့် မိတယ်။

"သူက ခွင့်မတောင်းမိတာတဲ့ မမရ။ ပြောမယ်ပြောမယ်နဲ့ မပြောဖြစ်တာတဲ့။ မပြောဖြစ်ဆို သူသွားရင် သူ့အလုပ်တွေ ဘယ်သူလုပ်မှာလဲဆိုတာလည်း တွေးမိလို့တဲ့။ အဓိက,က ခွေးကြီးနှစ်ကောင်ပေါ့ဟာ"

နတ်ပွဲရက်မှာ ဂျိုးပိန် ရွာပြန်ချင်ရှာမှာကို ကျွန်မသိနေ တယ်။ အထူးသဖြင့် နတ်ပွဲရက်မှာ တွေ့ရမယ့် သူ့အမေပေါ့။ ဆက်တွေးမိတာက သူ့အမေကလည်း ဘယ်လိုကြောင့် နတ်ပွဲ ရက်ထဲမှာမှ ရွာပြန်ရတာတဲ့လဲ။ သားကိုမျှော်နေရှာမယ့် အမေနဲ့ အမေမျှော်နေမှာကိုသိလျက်နဲ့ ရွာမပြန်နိုင်တဲ့သား။ ဒါကို တွေးမိ တော့ ကျွန်မဖြင့် စိတ်မချမ်းသာလိုက်တာလေ။

❑

၉။

ဂျိုးပိန်နဲ့ ခွေးကြီးနှစ်ကောင်ဇာတ်လမ်းတွေက နောက်ပိုင်း မှာ စုံထောက်ရှားလော့ဟုမ်းနဲ့ ဗာစကာဗီးခွေးကြီး အမှုထက် တောင် ပိုရှုပ်ထွေးလာတယ် ဆိုရမှာပါ။ သည်ခွေးကြီး နှစ်ကောင်ရဲ့ ကိစ္စအဝဝက နောက်ဆုံး ဂျိုးပိန်ပေါ်ကျလာလေ တော့ သူ့ခမျာ နေ့မအိပ်ရ၊ ညမအိပ်ရ ဖြစ်လာသတဲ့။ ခွေး ကျန်းမာရေး၊ ခွေးစာကျွေးရေး၊ ခွေးရေချိုးရေး၊ ခွေးခြေသည်း လက်သည်း လှီးချွတ်ရေး၊ ခွေးမွေးလှပရေး၊ ခွေးရေမွှေးနဲ့ မနက်ပြန်ညပြန် ဖျန်းဆွတ်ရေး စတဲ့ ခွေးထိန်းသိမ်းစောင့် ရှောက်ရေးတင်မကတော့ဘူး။ ခွေးစပါး(Spa)ဆိုတာလည်း ပို့ပေးရသေးသတဲ့။

သည်ခွေးနှစ်ကောင်နဲ့ ပြေးဟယ်လွှားဟယ် ရှိရပေသိ ဂျိုးပိန်အဖို့ရာ မူရင်းအလုပ်တွေဖြစ်တဲ့ ရေစက်မောင်းရတာ၊ မြက်ရိတ်စက်နဲ့ မြက်ရိတ်ရတာ၊ မိုးချုပ်နေဝင် အပြင်မီးတွေ စုံအောင် ဖွင့်ရတာပိတ်ရတာ၊ ခြံဝင်းတံခါး ဖွင့်ရတာပိတ်ရ တာ၊ စိုက်ထားတဲ့ သစ်ပင်ပန်းပင်တွေ ရေလောင်းရတာ၊ အဆောက်အဦကြီးရှေ့တစ်ဝင်းလုံး တံမြက်စည်းလှည်းရတာ တွေလည်း လျော့သွားတာမဟုတ်ပါဘူး။ ရှိသမျှဖြုတ်စဗျင်း တောင်းတွေမှာလည်း လူတိုင်းက သတိရတာ ဂျိုးပိန်ပါပဲ။ သည်ကြားထဲ ဝမ်က ကော်ဇောလို ခြေသုတ်ခုံလို အစကြမ်း ကြီး နှစ်စနဲ့ ခွေးအိပ်ရင် ကာပေးရမယ့် စတီးချောင်းနဲ့လုပ် ထားတဲ့ ယာယီခွေးအိမ်ကို ညတိုင်း တပ်ဆင်ပေးရတာ ပိုလာ သတဲ့။ကျွန်မတို့မြင်နေကျ ခွေးအိမ်မျိုး မဟုတ်ပါဘူး။ အမြင့်က နှစ်ပေ၊ အလျားက ခွေးတစ်ကောင်လှဲအိပ်ရင် လွတ် လောက်မယ့် သံဆန်ခါချောင်းတွေကို ကလစ်တွေ လိုက်ညှပ် လိုက်တာနဲ့ ခွေးလှောင်အိမ်ဖြစ်ရတာမျိုးပါ။ ကျွန်မတို့လည်း သည်တစ်ခါ မြင်ဖူးတာပါ။ ခွေးထွက်မသွားရေးနဲ့ လေဝင် လေထွက် ကောင်းမွန်အောင်လုပ်ထားတဲ့ နောက်ပေါ် ခွေး လှောင်အိမ် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

‘တကယ့် တကယ်ကျတော့ သည်သံဆန်ခါအိမ်လောက်များတော့ ခွေးနှစ်ကောင်က အသာလေးရယ်။ ထွက်ချင်ကြရင် သံဆန်ခါတွေကို ဖိတိုးပြီး ထွက်ကြတာပဲ။ ခွေးကြီးတွေက နပေါက်(နွားပေါက်)ကြီးတွေလောက် ရှိတာဆိုတော့ ဘယ်ရပ့်မလဲ။ စိတ်မထင်ရင် ခေါင်းနဲ့ခွေ့၊ ကိုယ်လုံးနဲ့တိုက်တာနဲ့ ကလစ်တွေပြုတ်ပြီး လွတ်ကရော။ လွတ်သွားလို့ ခပ်ဆေးဝေးသွားတာလည်းမဟုတ်ဘူး ဆရာမ။ အဲသည်ဘေးတင် ခွေအိပ်ကြတာ။ သဘောက လှောင်အိမ်လိုလုပ်ထားတာ မကြိုက်ကြတာ’

တစ်ရက် အကြော်ဝယ်ပေးရင်း ဂျိုးပိန်ကပြောပြလို့ သိရတာပါ။ သူ့ဟာသူများတော့ စိတ်လိုလက်ရ ပြောဖို့ဝေးစွ။ ကျွန်မကြားထားလို့ မေးတော့မှ ပြောတာပါ။ ဂျိုးပိန်စိတ်ထဲ သည်အလုပ်တွေ မလုပ်ချင်ဘဲ လုပ်နေရပုံပေါ်ပါရဲ့။ တစ်ချက်က သူ့အရာရှိသူဌေးနဲ့ ကျွန်မတို့က မိတ်ဆွေတွေဆိုတော့ ကျွန်မတို့ကတစ်ဆင့် တစ်ဖက်ကို စကားရောက်မှာ စိုးရှာထင်ပါရဲ့။ ကျွန်မက ချော့မေးမှ မပြောချင်ပြောချင် ပြောတော့တာပါ။

‘အခုကော မင်းခွေးလှောင်အိမ်က ဘယ့်နှယ်ဖြစ်သွားတုံး’

‘လိမ်ရွဲ့ကုန်တာပေါ့။ ကျုပ်က ညဘက်ရောက်ရင် အဲဒါတွေ တူတစ်ချောင်းနဲ့ လိုက်ဖြောင့်ရတာတစ်လုပ်။ သံဆန်ခါပြားတွေက တစ်ခုနဲ့တစ်ခု ကလစ်တွေနဲ့ချိတ်ရတာ။ကလစ်တွေက ပါပြီးသားပါ။ ဒါပေမဲ့ ခွေးတိုးလွန်းလို့ ဘယ်ကလစ်မှ မမြဲတော့ဘူး’

‘အဲတော့ မင်း ဘယ်လိုလုပ်ရတုံး’

‘ကြွပ်ကြွပ်ကြိုးနဲ့ တွဲရတာပေါ့။ ဒါပေမဲ့ ခွေးနှစ်ကောင်က အဲသည်အထဲ ဝင်မအိပ်ချင်တော့ တွဲထားတဲ့ ခွေးလှောင်အိမ်က တစ်နေရာ၊ ခွေးနှစ်ကောင်က တစ်နေရာ’

‘ဝမ်က မတွေ့ဘူးလား’

‘ဦးဝမ်မရှိဘူး။ ရှိရင်လည်း ညဘက်တော့ ဆင်းမကြည့်ဘူး’

‘ဝမ်က ဘာဖြစ်လို့ ခွေးလှောင်အိမ် ဝယ်တာလဲ’

‘အောက်ကကော်ဇောနှစ်ချပ်ခင်း သံဆန်ခါလှောင်အိမ်ကို ဝိုင်းပတ်ပြီး သိပ်ချင်တဲ့သဘောနေမှာပေါ့။ ခွေးတွေက လွတ်လွတ်လပ်လပ် အိပ်ချင်ကြတာဆိုတော့ သံဆန်ခါထဲသွင်းရင် ဟိုဘက်တစ်ကောင် သည်ဘက်တစ်ကောင် ကန်တိုးကြတာလေ။ လှောင်အိမ်က ဘယ်ခံနိုင်မလဲ’

‘ဖြစ်ရလေ’

‘တစ်ခါတော့…’

တစ်ခါတော့ဆိုပြီး စကားရပ်သွားတာကို သတိထားမိလိုက်လို့ ပြောပါဦးလို့ စကားစ,ပေးတာကို ရိပ်မိပုံရတယ်။ ဆက်မပြောတော့ဘူး။ ပြောပါ အောင်ချမ်းသာရဲ့၊ ငါတို့ဆီက စကားမရောက်ပါဘူးဆိုမှ ပြောတာပါ။

တစ်ရက် တရုတ်ကြီးဝမ်က အလယ်ထပ်က မနက်စောစောကြီးဆင်းလာပြီး အောက်ထပ်အခန်းတစ်ခန်းမှာ အိပ်နေတဲ့ ဂျိုးပိန်ကို နှိုးသတဲ့။ ဘယ်လိုကဘယ်လို သင်ထားသလဲမပြောတတ်ဘူး။ ဂျိုးပိန်ကို ‘ကျို့ဖိန် ကျို့ဖိန်’နဲ့ ဆက်တိုက်နှိုးနေတော့ ထ,ရတော့တာပေါ့။ သံဆန်ခါခွေးအိမ်အပြင်ကို ရောက်နေတဲ့ ခွေးကြီးနှစ်ကောင်ကိုပြပြီး သည်ကောင်တွေ လှောင်အိမ်အထဲမှာ မအိပ်ကြဘူးလား မေးပါရော။ မေးတာက တရုတ်လိုမေးတာပေသိ ဂျိုးပိန်က သဘောပေါက်တယ်။ သံဆန်ခါလှောင်အိမ်ကိုလည်းပြ၊ ခွေးနှစ်ကောင် ခပ်ခြားခြားအိပ်နေတာကိုလည်း ပြတာဆိုတော့ ဂျိုးပိန်က နားလည်လိုက်သတဲ့။ သည်တော့ ဂျိုးပိန်က လက်ခါပြရော။ ခင်ဗျားခွေးတွေက ပြောမကောင်းဘူးဆိုတဲ့ သဘောနဲ့ ခေါင်းပါခါပြလိုက်သတဲ့။

‘ဦးဝမ်က သူ့ခွေးတွေ ကော်ဇောပေါ်မအိပ်တာရော သံဆန်ခါလှောင်အိမ်ထဲ မအိပ်တာရောကြည့်ပြီး တရုတ်လို ပြောနေတာအကြာကြီး။ ခွေးနှစ်ကောင်က ဘယ့်နှယ်မှမနေဘူး။ ဟုတ်တယ်လေ ဆရာမရဲ့။ ခွေးတွေရဲ့ နာမည်တွေကိုပဲကြည့်။ ဦးမိုးမွေးတုန်းက ခေါ်တာကတစ်မျိုး၊ ကျုပ်ခေါ်တာကတစ်မျိုး၊ ဦးဝမ်က တရုတ်လို နာမည်ပေးထားတာက တစ်မျိုး၊ သည်ခွေးတွေ ရုံးဘက်မှာထားတုန်းက သူဌေးတပည့်မောင်ကံတို့က ပေးထားတာကတစ်မျိုး၊ ရုံးက စာရေးမတွေခေါ်တာကတစ်မျိုးဆိုတော့ ခွေးနှစ်ကောင်က ဘာထူးရမှန်းမသိဘူးနဲ့ တူပါရဲ့’

‘မင်းက ဘယ်လိုခေါ်တယ်…မေ့နေလို့’

‘ပြောမကောင်းနဲ့ ဆိုမကောင်း’

‘အေး အေး, ကိုင်း ဆက်ပြောပါဦး’

‘အဲသည်မနက်က ဝမ်ကိုယ်တိုင်ဆင်းလာပြီး ခွေးကြီးတွေအိပ်နေတာကို မနှိုးနဲ့တဲ့။ သံဆန်ခါကြီးကိုမ,ပြီး ခွေးတွေအပေါ်က စွပ်ရအောင်ဆိုတာမျိုး လုပ်ပြတယ်။ သံဆန်ခါက ကလစ်တွေတွဲထားတော့ ဘေးမှာ အခွေလိုက်ကြီးရှိနေတာကို နှစ်ယောက်မ,ပြီး ခွေးနှစ်ကောင်အပေါ်က ခွင်ကျအောင်ချရသေးတာ ဆရာမနယ်’

‘တော်တော်ချစ်ပုံရတယ်။ ပြီးတော့ ဝမ်က အလယ်ထပ်ပြန်တက်ရောလား’

‘မတက်ဘူး တစ်ခုလုပ်ပြပြန်ရော’

တစ်ခုလုပ်ပြပြန်ရော ဆိုတာကလည်း ရယ်ရတယ်။ ဝမ်က မတ်တတ်ရပ်ရင်းက သူ့လျှာကိုထုတ် သူ့လက်ညှိုးက လျှာကိုထိပြီး လက်နဲ့ အောက်ကို တစ်ခုခုကျတာမျိုး လုပ်ပြပြန်သတဲ့။ ဂျိုးပိန်က နားမလည်ဘူး။ တရုတ်လိုတော့ ပြောနေတာပဲတဲ့။ နားမလည်လေ ‘ကျို့ဖိန် ကျို့ဖိန်’လို့ခေါ်ခေါ်ပြီး လျှာထုတ်ပြ၊ လျှာကိုလက်ညှိုးနဲ့ထိပြ၊ အောက်ကို လျှာပေါ်က တစ်ခုခုကျတာမျိုး သုံး,လေးခါလောက် လုပ်ပြနေတာဆိုတော့ ရေးတေးတေး သဘောပေါက်လာသတဲ့။

‘ခွေးကလျှာထုတ်တယ်၊ လျှာက သရည်(သွားရည်)တွေကျတယ်။ အဲဒါမကောင်းဘူး။ ဘယ်လိုလုပ်မလဲ မေးနေတာ။ ကျုပ်လည်း ရွာကဘုန်းကြီးကျောင်းမှာ ခွေးအကောင်နှစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com

လောက်နဲ့ နေလာတာပါဗျာ။ လျှာထုတ်တဲ့ခွေးက ထုတ်တာပဲ၊ သရည်ကျတဲ့ခွေးကကျတာပဲ။ ဘယ်သူကမှ ရောဂါလို့ မထင်ပေါင်။ ခွေးသရည်ကျတာ ဆန်းမှတ်လို့။ ပြီးမှ ဦးဝမ်က သူ့တင်ပါးသူ လက်ညှိုးနဲ့ထောက်ပြီး ပြတယ်။ ဆေးသွားထိုးချေလို့ နိုင်းတာပါ။ ပိုက်ဆံလည်းပေးတယ်။ ကျုပ်က ခေါင်းညိတ်ပြတော့မှ ကျို့ဖိန် ကျို့ဖိန် ဆိုပြီး ပခုံးပုတ်တယ်"

နောက်တော့ ဘယ်လိုပျောက်သွားတုံးမေးတော့ ဘာဆေးမှ သွားမထိုးဘူးတဲ့။ သရည်ကျတဲ့ခွေးကို အဝတ်လျှော်တဲ့ ကလေးမအေတွေဆီက လျှာပွတ်ဆေးတွေ၊ သူငယ်နာဆေးတွေ တောင်းပြီး ခွေးပါးစပ်ဖြဲ တိုက်လိုက်တာဆိုလို့ ဖြစ်ရလေအောက်မေ့မိတယ်။ ရွာမှာ သရည်ကျတဲ့ ကလေးတွေကို မအေတွေက ဆေးခွံ့တာတွေ့ဖူးတော့ ခွေးကိုလည်း သူ့စိတ်ကူးနဲ့သူ လုပ်ကြည့်တာနေမှာပေါ့။ သိန်းချီတန်တဲ့ ခွေးကြီးတွေ ခမျာ ဂျိုးပိန်လက်ထဲ သည်လိုနေနေရတယ်လို့ ဝမ်သာသိရင် ရင်ကျိုးမယ်နဲ့ တူပါရဲ့။

"အဲလိုဆေးကျွေးလိုက်တော့ ခွေးက သရည်မကျတော့ဘူးလား"

"ကျလျှက်ပဲ"

တစ်ရက် စိုးခ အပေါ်ထပ်ကိုတက်လာတော့ သတင်းတစ်ခု ပါလာတယ်။ ဂျိုးပိန် ခွေးကိုက်ခံရလို့တဲ့။ ဟဲ့ ဘယ်ခွေးကများ ဂျိုးပိန်ကိုကိုက်လိုက်ပါလိမ့်ဆိုတော့ အောက်ထပ်က ခွေးပေါ့တဲ့။ ဂျိုးပိန်နာမည်ပေးထားတဲ့ ပြောမကောင်း ဆိုမကောင်းဆိုတဲ့ ခွေးကြီးနှစ်ကောင်ထဲက အထီးကောင်ကြီးနေမှာပဲလို့ တွေးမိသား။ ဟုတ်လည်းဟုတ်တယ်။ ပင်ကိုအားဖြင့် ခွေးနှစ်ကောင်က ငြိမ်နေတဲ့ခွေးတွေ။ သူတို့အပေါ် ကျော်ခွသွားလို့လည်း ဘယ့်နှယ်မှမနေဘူး။ တစ်ခါတလေ အောက်ထပ်က တစ်ပေါက်တည်းသော တံခါးမကြီးကို ပိတ်ပြီး ထိုင်နေတာများ ဘယ်သူဖယ်ခိုင်းလို့မှ မဖယ်ဘူး။ တစ်ကောင်မဟုတ်တစ်ကောင် တံခါးဝကို နေရာဦးထားကြတာချည်းဆိုတော့ ထွက်ချင်သူက ဒါမှမဟုတ် ဝင်ချင်သူက ခွေးအဖယ်စောင့်နေရင် မိုးလင်းသွားဖို့ပဲရှိတယ်။ မောင်းထုတ်လို့လည်း မရ၊ ချော့လို့လည်း အသာတကြည် ထ,သွားပါ့မယ်မရှိဘူး။ သူတို့ကို ပြောနေတာပါလားလို့လည်း သိပုံမရကြဘူးဆိုတဲ့ ခွေးတွေမဟုတ်လား။ အဲသလို ခွေးနှစ်ကောင်ထဲက တစ်ကောင်ကိုက်လိုက်တာဆိုလို့ ဘယ်လိုဖြစ်ပါလိမ့်လို့တော့ အောက်မေ့မိတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့က ခွေးပေါကြီးတွေလို့သိထားတဲ့ အကောင်တွေက ကိုက်နေပြီဆိုတော့ ကျွန်မတို့လည်း သတိထားရမှာမဟုတ်လား။

"တော်တော်များသလား"

"ညာဘက်လက်ကို ကိုက်လိုက်တာ။ အစွယ်ရာတွေ သုံး, လေးပေါက်ပဲ။ သွေးတောင်ထွက်တယ်"

"အရိုင်းဝင်တာလား"

"မဟုတ်ဘူး မမ။ စိတ်ညစ်လို့ ဟပ်လိုက်တာနေမှာ"

"စိတ်ညစ်လို့။ ဘယ်လိုလုပ်လိုက်လို့ ခွေးက စိတ်ညစ်တာတဲ့တုံး"

စိုးခက ရယ်နေသေးတာ။ ပြီးမှပြောပြလို့ ဖြစ်ရလေအောက်မေ့မိတယ်။ မနေ့တုန်းက အဆောက်အဦကြီးကို ဝမ်တို့ ပြန်ရောက်လာကြသတဲ့။ ဝေနဲ့ဝေါင် နှစ်ယောက်က တစ်ညပဲ အိပ်ပြီး အင်းလေး တောင်ကြီးဘက် ထွက်ကြတယ်။ သူတို့လည်း ပြန်ခါနီးပြီဆိုတော့ နေရာသခိုက် လည်ကြပုံပေါ်ပါရဲ့။ ဝမ်ကတော့ မလိုက်ဘဲ နေရစ်ခဲ့တယ်။ မနက်အစောကြီး နိုးလာပြီး ဂျိုးပိန်အိပ်တဲ့ အောက်ထပ်ကအခန်းကို တံခါးခေါက်တယ်။ ပါးစပ်ကလည်း အော်သတဲ့။

"ကျို့ဖိန်…ကျို့ဖိန်"

"ကျို့ဖိန်…ကျို့ဖိန်"

"ကျို့ဖိန်…ကျို့ဖိန်"

ဝမ်က စောစောစီးစီး အဆက်မပြတ်အော်နေတော့ ဂျိုးပိန်က အိပ်မှုန်စုံမွှားနဲ့ တံခါးထ,ဖွင့်တယ်။ ညက တရုတ်အရာရှိ သုံးယောက် ညဥ့်နက်မှ ရောက်လာကြလို့ အထုပ်တွေ အပိုးတွေ အလယ်ထပ် ထမ်းတင်ပေးကြရတာဆိုတော့ ဝမ်တို့ရောက်နေတာ သိပြီးသားပါ။ စောစောစီးစီး သည်လိုနှိုးမယ် မထင်တော့ ဂျိုးပိန်က မိုးလင်းအောင် အိပ်မဟဲ့ရယ်လို့ နှပ်နေတာပါ။ ဝမ်က သူ့အခန်းရှေ့ ပြုံးပြုံးကြီး ရပ်နေတာ တွေ့တော့ ဂျိုးပိန်က လူးလဲ ထ,တယ်။ ဝမ်က သူ့ခွေးနှစ်ကောင် အိပ်နေကျနေရာကိုပြရင်း ခွေးတွေမတွေ့ပါလား မေးတာမှန်းတော့ သိတယ်။ ဂျိုးပိန်က ပြန်မပြောတတ်ဘူး။ သည်တော့ လက်ဟန်ခြေဟန်နဲ့ပြသတဲ့။ ပြတာက လက်နှစ်ချောင်း ထောင်ပြတယ်။ ပြီးတော့ လက်ဖဝါးနှစ်ဖက်ပူးပြီး အိပ်နေတဲ့ပုံ လုပ်ပြတယ်။ ပြီးတော့ အဆောက်အဦရှေ့ လက်ညှိုးထိုးပြတယ်။ ဝမ်က နားမလည်ဘူး။ ဂျိုးပိန်က တစ်ခါထပ်လုပ်ပြတယ်။ ဝမ်က ခေါင်းခါတယ်။ ဝမ်သဘောပေါက်တာက သူ့ခွေးကြီး

u Ref ar mi fpkdu at mu fk yfu pu m,w pfcGef Mlm,
v mcdw, f ajymv kd b u *sGydefaygajymv kd fykd
o n f aq mu f OBd Dfo &&Sfv tl aMlmif?o &ul o l
o d av mu fw ½kw f B Dw pfa, mu fzpfaMlmift v , f
x yfu kd v kyf&Sm bd Gf&MvD Sai fw pfu kd fv kMlu b D
ar G i faw Gs ,v mw tl aMlmifaw Gajymv kd fw nfyg



www.burmeseclassic.com

www.burmeseclassic.com

နှစ်ကောင် သေလို့ အပြင်မှာမြှုပ်လိုက်ပြီထင်လိုက်တာ။ ပါးစပ်ကလည်း အော်သတဲ့။

"ကျို့ဖိန်…ကျို့ဖိန်"

ဝမ်က ငိုသံတွေများ ပါလို့တဲ့။ နောက်တော့ မျက်ရည်တွေ ဘာတွေကျသတဲ့။ ဂျိုးပိန်ကလည်း သူ့အခန်းရှေ့ ဆောစောစီးစီး ရောက်လာတဲ့ ဝမ်က ဘာကိစ္စ ငိုနေတာပါလိမ့်ပေ့ါ။ ဒါနဲ့ တစ်ခါထပ်လုပ်ပြတယ်။ အဆောက်အဦအပြင်ဘက်ကို လက်ညှိုးထိုးပြတယ်။ ဝမ်က "ကျို့ဖိန်…ကျို့ဖိန်"လို့ခေါ်ရင်း မျက်ရည်တွေကျပြန်သတဲ့။ ဂျိုးပိန်ကလည်း ဝမ်ဘာဖြစ်လို့ ဝမ်းနည်းနေမှန်းမသိဘူး။ စကားပြန် ကိုဂျော်နီကလည်း စောစောစီးစီး မရောက်သေးတော့ နားလည်အောင်ဘာပြန်ပြောရမှန်းလည်း မသိဘူး။ ကိုဂျော်နီက နောက်ပိုင်းမှ ဒါတွေ သိတော့ စိုးခကို ပြောသတဲ့။

"ဂျိုးပိန်ကို ဝမ်က ငါ့ခွေးနှစ်ကောင် ဘယ်မှာလဲ၊ ခါတိုင်း သည်နားမှာအိပ်နေကျ။ ညက ငါပြန်လာတော့လည်း မတွေ့ဘူး။ အခု မနက်စောစောထ,ကြည့်တော့လည်း မရှိဘူး။ဘယ်ရောက်နေကြသလဲလို့ တရုတ်စကားနဲ့မေးတာကို သည်ကောင်က လက်နှစ်ချောင်းထောင်ပြ၊ အိပ်သလိုလုပ်ပြ၊ အပြင်ဘက်ကို လက်ညှိုးထိုးပြလုပ်နေတော့ ဝမ်က တွေးသတဲ့။ခင်ဗျားခွေးနှစ်ကောင်သေလို့ အပြင်ဘက်မှာ မြှုပ်လိုက်ပြီလို့ သဘောပေါက်တာပေ့ါ။ ဝမ်က မျက်ရည်တွေဘာတွေ ကျတာပေ့ါ။ သူ့ခွေးကြီးနှစ်ကောင်ကို သိပ်ချစ်တာမဟုတ်လား။ ဂျိုးပိန်က အဲသလို လက်ဟန်ခြေဟန်တွေချည်း လုပ်ပြနေတော့ သေတာ သေချာလို့သာ ပြောနေတာဆိုပြီး မျက်ရည်တွေကျပြန်ရော"

"ဂျိုးပိန်က ဘာပြောချင်တာတုံး"

"ကျွန်တော်မေးတယ်၊ ဂျိုးပိန်ဖြေတာလည်း အဟုတ်။ စောစောစီးစီး အခန်းဝရပ်ပြီး သူ့ခွေးတွေ ဘယ်မှာလဲလို့ ဝမ်က မေးတာ နားလည်သတဲ့။ ဒါနဲ့ သူက ခင်ဗျားခွေးနှစ်ကောင် အိပ်နေကြတယ်၊ ဟိုဘက်တိုက်မှာလို့ လက်ဟန်ခြေဟန်နဲ့ပြတာကို ဝမ်က တစ်မျိုးနားလည်တာလေ။ လက်ညှိုးနှစ်ချောင်းထောင်တာက ခင်ဗျားခွေးနှစ်ကောင်၊ လက်ဖဝါးနှစ်ဖက်ပူးပြီး လည်ပင်းအောက်ထိုးပြတာက အိပ်တဲ့ပုံ လုပ်ပြတာ။ အပြင်ဘက်ကိုပြတာက အပြင်ဘက်က တိုက်မှာလို့ပြောတာတဲ့။ ခက်တာက နှစ်ယောက်စလုံးက တစ်ယောက်စကားတစ်ယောက် မပေါက်တော့ အဲသလိုဖြစ်ကုန်ကြတာ"

ဒါနဲ့တင်မပြီးသေးဘူး။ ဂျိုးပိန်က တစ်မျိုး စိတ်ကူးရလိုက်တယ်။ ဝမ့်လက်ကိုဆွဲပြီး အဆောက်အဦအပြင်ဘက်က တိုက်ဘက်ကိုခေါ်လာခဲ့တယ်။ သည်ဝင်းထဲမှာ ကျွန်မတို့နေတဲ့ ပင်မအဆောက်အဦကြီးရှိသလို ဟိုတုန်းက အရာရှိမိသားစုတွေ နေတဲ့ တစ်ထပ်တိုက် နှစ်လုံး,သုံးလုံးလည်းရှိတယ်။ လောလောဆယ် လူမနေတော့ တံခါးပိတ်ထားရတဲ့တိုက်တွေပါ။

ပစ်ထားတာကြာတော့ ဆေးတွေကွာ၊ ချုံတွေထ၊ မြက်တွေရှည် ဖြစ်နေတာပေ့ါလေ။ တိုက်တစ်တိုက်ရှေ့ရောက်တော့ ဂျိုးပိန်က ဦးဆောင်ပြီး အထဲဝင်တယ်။ ဝမ်ကလည်း လိုက်လာတာပဲ။ တံခါးမကြီးကို ဖွင့်လိုက်တော့ ခွေးနှစ်ကောင်က ငုတ်တုတ်ကြီးတွေတဲ့။ သူ့ခွေးကြီးနှစ်ကောင်လည်း တွေ့ရော ဝမ်က ဂျိုးပိန်ကိုထ,ဖက်တယ်။ "ကျို့ဖိန်…ကျို့ဖိန်"လို့လည်း အော်သတဲ့။ တရုတ်လိုပြောပြီး ရယ်သေးသတဲ့။ သဘောက မင်းကွာ မင်းလုပ်ပြတာ ငါ့ကောင်နှစ်ကောင် သေပြီမှတ်တာ၊ အခု ရှင်လျက်တွေ့ရလို့ ဝမ်းသာလိုက်တာလို့ ပြောတာနေမှာပေ့ါ။ ဂျိုးပိန်ကို လက်ဆွဲနှုတ်ဆက်လိုက်၊ ပခုံးပုတ်လိုက်၊ သူ့ခွေးတွေနားထိုင်ပြီး ဖက်ထားလိုက် လုပ်နေတာအကြာကြီးတဲ့။ ဒါကိုလည်း ကိုဂျော်နီက စိုးခကို ရှင်းပြသတဲ့။

"ဦးစိုးရေ၊ ခွေးတွေကို သည်တိုက်ဟောင်းထဲ ထည့်ထားတာက ဂျိုးပိန်ထွင်တာ၊ ကျွန်တော်မေးကြည့်မှပေါ်တာ။ သည်လိုတဲ့၊ တစ်ည ဂျိုးပိန်က စဉ်းစားမိသတဲ့။ ခွေးကြီးနှစ်ကောင်က အထီးနဲ့အမ သဘာဝကိစ္စတွေ ဘာတွေလည်း မရှိကြဘူး။ အပြင်က ခွေးတွေနဲ့ ထိတွေ့ဖို့ကလည်း ခက်တဲ့ကောင်တွေ။ သည်ကိစ္စ ငါအကျိုးဆောင်မယ်ဆိုပြီး ညဘက် ခွေးနှစ်ကောင်ကို လူမနေတဲ့တိုက်ထဲ သွားသွားထားတာတဲ့။ ဒါကို ညစောင့်တဲ့ နှစ်ယောက်ကလည်း မသိဘူး၊ ကျွန်တော်လည်း မသိဘူး။ ဂျိုးပိန်က ညဘက်မှာ တိုက်ကလေးထဲ ရွှေ့ထား၊ မနက်ဘက် စောစောပြန်ထုတ် လုပ်နေကျ။ ဝမ်ရောက်တဲ့မနက်က အိပ်ရာထ, နောက်ကျလို့ ခွေးတွေမထုတ်လိုက်ရတာတဲ့။ ကျွန်တော်က မင်းတော်တော်ရူပ်ပါလားဆိုတော့ ခွေးနှစ်ကောင် သားသမီးရအောင် လုပ်ကြည့်တာလို့ ပြောတာပဲ"

ကျွန်မဖြင့် ဂျိုးပိန်အကြောင်းကြားရတိုင်း ရယ်ရလွန်းလို့လေ။ သူ့စိတ်ကူးနဲ့သူ လုပ်တာနေမှာပေ့ါ။ တစ်ရက်တော့ ဝမ်က ကားနဲ့ အပြင်ကပြန်လာပြီး ဂျိုးပိန်ကိုရှာသတဲ့။ ဂျိုးပိန်က မရှိဘူး။ သည်တော့ ကိုဂျော်နီကိုပြောသတဲ့။ သူ ကျားရိုးနဲ့ ကျားစွယ် ဝယ်လာခဲ့တယ်။ နှစ်မျိုးကို နှစ်သိန်းတောင်းတာ တစ်သိန်းခွဲနဲ့ ရခဲ့တယ်ပေ့ါလေ။ ကိုဂျော်နီက ကျားရိုး ကျားစွယ်တွေ တောင်းကြည့်တော့ အစစ်အတုရယ်လို့တော့ မသိဘူး။ အရိုးက ကြက်ခြေထောက်လေးလိုဟာက တစ်ရိုး၊ ခွေးစွယ်လို ချွန်ချွန်ကွေးကွေးကလေးက တစ်ရိုး တွေ့တယ်။ တရုတ်စကားနဲ့တော့ မေးကြည့်သတဲ့။ မစ္စတာဝမ် ဘယ်က ဝယ်လာတာလဲ၊ အတုအစစ် ဘယ်လိုသိသလဲ၊ ဈေးမများဘူးလားဆိုတော့ သူ့မိတ်ဆွေလူရင်းက လိုက်ဝယ်ပေးတာပါ၊ ဈေးကမများဘူးလို့ ပြောသတဲ့။ မစ္စတာဝမ်က ကျားရိုးကျားစွယ်တွေ ဘာလုပ်မှာလဲဆိုတော့လည်း ပြောပြသတဲ့။ ခွေးနှစ်ကောင်က အေးလွန်းတယ်။ ခွေးဆိုတာ ကျားလို၊ ဝံပုလွေလို သတ္တိမျိုး ရှိရမယ်၊ မြေခွေးလို ခွေးအ,လို အမြဲသက်ာမကင်းဖြစ်နေရမယ်၊ ဖျတ်လတ်နေရမယ်၊ ပြေးလွှားနေရမယ်၊ သခင်ကို ကြိုဆိုရမယ်၊ သခင်ချစ်အောင် နေတတ်ရမယ်။ အမှန်ဆိုရင် သည်ခွေးနှစ်ကောင်ဟာ ဝံပုလွေသွေးပါတဲ့ ခွေးတွေ၊ ဈေးကြီးပေးရတယ်။ ဒါပေမဲ့ သည်နှစ်ကောင်ကိုကြည့်ရတာ ရွံ့ဗွက်ထဲ



www.burmeseclassic.com

www.burmeseclassic.com

ချထားတဲ့ သစ်တုံးဆွေးတွေနဲ့ တူနေတယ်ပေါ့လေ။

သည်လိုပြောနေတုန်း ဂျိုးပိန် အပြင်ကပြန်လာရော။ ဝမ်က ဝမ်းသာအားရ လှမ်းခေါ်တယ်။ ကိုဂျော်နီရှိတုန်း သူပြောတာတွေ ဘာသာပြန်ခိုင်းသတဲ့။ ဂျိုးပိန်ကတော့ ကျားရိုးနဲ့ ကျားစွယ်နှစ်ချောင်းကို ကြည့်ပြီး စိတ်ညစ်နေတာပါ။ ဂျိုးပိန်ကို ထိုင်ခိုင်းပြီးတော့ ကျားရိုးနဲ့ကျားစွယ် အသုံးပြုပုံတွေ လက်တွေ့ပြတယ်။ ကျားစွယ်ကို သွေးပြတယ်။ ခွေးပါးစပ်ထဲ ဝင်အောင် တိုက်ရမယ်၊ ကျားရိုးကို ခွေးနှာခေါင်းဝမှာ မကြာမကြာ တော့ပေးရမယ်၊ ခွေးတစ်ကိုယ်လုံးကို ကျားရိုးနဲ့ နေရာအနှံ့ ပွတ်ရမယ်။ ကျားနံ့များများရတဲ့ ခွေးဟာ ကျားစိတ်ဝင်သွားမှာပဲ စသဖြင့် ပြောလိုက်တာ စုံလို့တဲ့။ ပြီးမှ ဂျိုးပိန်ပခုံးကို ပုတ်တယ်။ မင်းတာဝန်ဆိုတဲ့ သဘောပေါ့။ နောက်နေ့ကစပြီး ဂျိုးပိန် တာဝန်တွေပိုပြီလေ။ ကျားရိုးသွေးရ၊ ကျားစွယ်သွေးရ၊ ခွေးပါးစပ်ထဲ ဖြဲတိုက်ရနဲ့။

တစ်ရက် ဂျိုးပိန်တက်လာတော့ လက်မှာပတ်တီးကြီးနဲ့။ ခွေးကိုက်ခံရတာ ကြားထားပေမဲ့ ကျွန်မက ဘာမှမသိသလို ပုံမျိုးနဲ့ မေးရတာပေါ့။

'ဟောတော်၊ အောင်ချမ်းသာ…မင်းလက်က ဘာဖြစ်တာတုံး'

'ခွေးကိုက်တာ၊ ပြောမကောင်းဆိုတဲ့ ကောင်ကြီးကလေ'

'မင်းခွေးတွေက ကိုက်တတ်သလားဟဲ့။ ဒါဆို တို့လည်း သတိထားမှပါကွာ'

'မကြောက်နဲ့ ဆရာမ။ ခွေးတွေက ကျားရိုးတိုက်တာလည်း ဘယ့်နှယ်မှ မနေဘူး'

'ဟဲ့ အောင်ချမ်းသာရဲ့၊ ကျားရိုးကျားစွယ်က တကယ်စစ်ရင် ထိရောက်တယ်။ ကလေးတွေဆိုရင် သန့်စွမ်းအောင် ကျားရိုးကျားစွယ် သွေးခွံ့ကြတာ ကြားဖူးတယ်။ခွေးတွေလည်း ကျားရိုးကျားစွယ် သွေးတိုက်ရင် ပိုကိုက်တတ်သတဲ့'

'ဦးဝမ် ကျားရိုးက မစစ်လောက်ပါဘူးဗျာ၊ ညာရောင်းလိုက်တာနေမှာပါ'

'နို့ မင်းတော့ ထ,ကိုက်တာပဲ မဟုတ်လား'

'အဲဒါက ကျားရိုးနဲ့ နှာခေါင်းထိုးမိလို့ လန့်ကိုက်လိုက်တာ'

'ဘယ်လို နှာခေါင်းထိုးမိတာတုံး ငါ့တူရဲ့'

အဲသည်နေ့က ကျားရိုးကိုသွေး၊ ကျားစွယ်ကိုသွေး၊ ခွေးနှစ်ကောင်ပါးစပ်ထဲရောက်အောင် ပါးစောင်ဖြဲထည့်ကြ။ ခွေးကို ကျားရိုးနံ့ပေးတာမျိုးနဲ့ ခွေးနှစ်ကောင်နှာခေါင်းဝ ကျားရိုးနဲ့ အနံ့ပေးရလုပ်ကြတာကိုး။ ဂျိုးပိန်က တစ်ခါမှမလုပ်ဖူးဘူး။ ခွေးထီးကြီးနှာခေါင်းဝကို ကျားရိုးနဲ့တော့တဲ့အထိ ဘယ့်နှယ်မှ မနေဘူးတဲ့။ ဝမ်က အတွင်းရောက်အောင်ထိုးလို့ ခိုင်းတော့ ဂျိုးပိန်ကလည်း ထိုးလိုက်မိသတဲ့။ ဆတ်ခနဲနာသွားတဲ့ ခွေးကြီးက ဝုန်းခနဲအော်ပြီး ဂျိုးပိန်လက်ကို ငုံကိုက်ကိုက်လိုက်တာ သွေးတောင်ထွက်ပါရော။ ဝမ်က ဝမ်းသာအားရ ထ,အော်သတဲ့။ သူ့ကျားရိုးက စစ်တယ်ဆိုတာ ယုံကြပြီလားပေါ့။ ပြီးမှ ဂျိုးပိန် ဆေးထိုးချေဆိုပြီး ပိုက်ဆံတွေပေးတယ်။ ဝမ့်မျက်နှာက ပြုံးလို့တဲ့။ ခွေးတွေကိုလည်း တရုတ်စကားနဲ့ ဘာတွေပြောနေမှန်း မသိဘူးတဲ့။ 'ကျိုနီ…သည်နှစ်ကောင် ကျားဖြစ်သွားကြပြီ' လို့လည်း ပြောသတဲ့။ ကျိုနီက ကိုဂျော်နီကို ခေါ်တာပါ။

ဝမ်လည်း ခရီးတစ်ခေါက်ပြန်သွားရော။ ခွေးနှစ်ကောင်က ဒုံရင်း ဒုံရင်းပါပဲ။ ကျားရိုးနဲ့ကျားစွယ် နှစ်ချောင်းလည်း စားပွဲအံဆွဲထဲ ရောက်သွားပေါ့။ ပျောက်လို့မဖြစ်တော့ အလွယ်သိမ်းထားရတဲ့သဘောနေမှာပါ။ ဝမ်မလာမချင်း အံဆွဲထဲနေပေရော့။ ဝမ်မပြန်ခင်ညနေက အိတ်အနီနဲ့ထည့်ထားတဲ့ ပိုက်ဆံတွေ လိုက်ဝေတာ ကိုဂျော်နီရော ဂျိုးပိန်ရော ရလိုက်တယ်။ ညစောင့်နှစ်ယောက်ရော၊ အဝတ်လျှော်တဲ့ မအိုးတို့အဖွဲ့တွေရော တစ်အိတ်စီပေးသွားတာ။ ဒါလည်း ကိုဂျော်နီက သတင်းပေးလို့ သိရတာပါ။ ခွေးမရဲ့ မွေးနေ့တဲ့။

'ခွေးမမွေးနေ့ဆိုလို့ ကျွန်တော်က မယုံဘူး ဆရာမ။ ဘယ့်နှယ် ခွေးဆိုတာ သူမွေးချင်သလိုမွေးတာ၊ ကြီးချင်သလို ကြီးတာ။ နည်းနည်းကြီးလာတော့ ဟိုတစ်ကောင်ရောက် သည်တစ်ကောင်ရောက်လေ။ မဟုတ်ဘူး ဆရာမရေ။ ခွေးက မွေးစာရင်းနဲ့ဗျ၊ ဝမ်ပြလို့သိရတာ။ ခွေးနှစ်ကောင်က မွေးစာရင်းနှစ်ရွက်နဲ့။ တန်ဖိုးကြီးတဲ့ခွေးမျိုးဆိုတော့ ဝယ်သူက မိဘမျိုးရိုး၊ အရောင်အဆင်း၊ မွေးရက် ဒါတွေပါမှ ဝယ်ကြတာတဲ့။ ခွေးနှစ်ကောင်က ပိုင်ရှင် အဆင့်ဆင့်ပြောင်းပြီးမှ ရောက်လာတာပေမဲ့ သည်စာရွက်ပါမှ ဝယ်ကြတာလို့ ပြောတာပဲ။ ခွေးတစ်ကောင်က မွေးရက်လိုသေးတယ်။ ဝမ်က ငါ့သမီးမွေးနေ့ မနက်ဖြန်ခရီးထွက်ရမှာဆိုတော့ မုန့်ဖိုးပဲပေးခဲ့မယ်ဆိုပြီး ပေးတာ။ ဂျိုးပိန်ကိုတော့ ပိုပေးတယ်'

ခွေးတွေအပေါ် သံယောဇဉ်ကြီးတဲ့ ဝမ်အပေါ် ကျွန်မနားလည်နိုင်ပါတယ်။ ကျွန်မငယ်ငယ်က ကျွန်မကြီးတော်တစ်ယောက်ဆိုရင် မျောက်ကလေးတစ်ကောင်မွေးထားပြီး ချစ်လိုက်တာ သည်းသည်းလှုပ်လို့။ မျောက်ကိုစ,ရင် ကက်ကက်လန်အောင် ရန်တွေ့တော့တာ။ မျောက်က ကြီးတော်များ ခိုင်းရင် ဆေးလိပ်သွားယူဆို ယူပေးတယ်။ ဟဲ့၊ ဘယ်မှာတုံး မီးခြစ်ဆိုရင် ပြေးယူပေးပြန်ရော။ အမေ့နင်းစမ်းဆိုရင် အနားက တောင်ဝှေးဆွဲပြီး နင်းတော့တာပါ။ ဇက်ကြောကုတ်စမ်းဆိုတော့လည်း လက်နဲ့ကုတ်တော့တာ။ ပရုတ်ဆီဘူး ဘယ်နားထားမိပါလိမ့်လို့ဆိုကာ ရှိသေး ပြေးယူလာပြီး ရှုပြသတဲ့။ အမေရှူပါပေါ့။ မျောက်ကျောင်းများရှိရင် ငါ့သားကို အမေဘွဲ့ရအောင်ထားမှာဆိုလို့ ကျွန်မတို့မောင်နှမတစ်တွေက ရယ်ရင် စိတ်ဆိုးသေးတာပါ။ ညည်းတို့က ဘာရယ်တာတုံး၊ ညည်းတို့ အောဘီစီဒီလောက်များ ငါ့သားက ရယ်ချင်တယ်။ ငါ့သား ရွတ်ပြလိုက်ဆိုရင် မျောက်ကလေးက တခွိခွိနဲ့။ ကျွန်မတို့ကို ပြောသေးတာ။ တွေ့လား၊ ပီလိုက်တာမှတဲ့။ မျောက်



www.burmeseclassic.com

www.burmeseclassic.com

ကလေးနာမည်က ကြွေစိ(ကြွေစေ့)။ မျောက်မည်းမည်းကလေးကို ကြွေစိတဲ့လေ။ ကျွန်မတို့မောင်နှမက ကြီးတော်သည်းမှန်းသိလို့ ကြွေစိရေ၊ မောင်လေးရေ လုပ်ရတယ်။ သည်လိုများ သူ့မျောက်ကို အရေးတယူလုပ်ရင် ကြီးတော်က ပေါက်ပေါက်ဆုပ်တွေ ကရေကရာတွေ ချကျွေးတာပဲ။ပြောသေးတာ။ ညည်းတို့ မောင်နှမတွေ ငါ့သားလေးမချစ်ဘဲနဲ့ ချစ်ဟန်ဆောင်ကြတာ ငါသိသားပဲ၊ ချစ်ဟန်ဆောင်လို့ကို ငါက သဒ္ဓါတာတဲ့။ ကျွန်မကလည်း မခံဘူးတဲ့။ ကျွန်မတို့ကလည်း ကိုယ့်ကိုယ်ကို မျောက်နဲ့မောင်နှမ လုပ်ရတာပါ ကြီးတော်ရဲ့ဆိုတော့ ကြီးတော်က မြတင်သမီး ကြီးရင် စွာမှာတော့တဲ့။ ရယ်လည်းရယ်သေးတာ။ လူနဲ့တိရစ္ဆာန်တွေရဲ့ သံယောဇဉ်ကလည်း ကြီးသားကလား။

ဂျိုးပိန်နဲ့ ခွေးနှစ်ကောင်အကြောင်း ကျွန်မတို့က ရယ်ရပေသိ ဂျိုးပိန်ကတော့ သည်ခွေးနှစ်ကောင်တာဝန်တွေ သူ့အပေါ်ကျနေတာကို စိတ်ဆင်းရဲနေပုံရတယ်။ နှုတ်ကလည်း ညည်းရဲ့။ ခွေးအလုပ်တွေကို မလုပ်ချင်ဘဲ လုပ်နေရပုံရရဲ့။ တခြား ဘာပဲလုပ်ရလုပ်ရ သည်ခွေးအလုပ်တွေ မလုပ်ချင်တာတော့လည်း ရှိမှာပေါ့လေ။ သူ့အလုပ်ရှင်နဲ့ ဆက်စပ်နေတဲ့လူရဲ့ ခွေးအဖိုးတန်နှစ်ကောင်ကို တာဝန်ယူနေရတဲ့အလုပ်က သူ့ကို ဖိစီးနေပုံပါ။ ပြီးတော့ ပြောသေးတယ်။ ဝမ်က ခွေးစာအုပ်တစ်အုပ်လည်း သူ့ကိုပေးထားပြီး ဖတ်ပါပြောသတဲ့။ ခွေးစာအုပ်။ အိမ်က ဆရာနေက ခွေးစာအုပ်က ဘာတွေရေးထားလို့တုံးလို့မေးတော့ မပြောတတ်ဘူး၊ တရုတ်တစ်ဖက် အင်္ဂလိပ်တစ်ဖက်ရေးထားတာဆိုလို့ တစ်ခေါက်တက်လာရင် ယူခဲ့ကွာလို့ မှာရဲ့။ နောက်တစ်နေ့မနက် ယူလာတော့ ခွေးစာအုပ်ဆိုတဲ့အတိုင်း ခွေးအကြောင်းတွေရေးထားတဲ့စာအုပ်ပါ။ ကြွေသားစက္ကူနဲ့ ရောင်စုံပုံနှိပ်ထားတဲ့ ခွေးပုံတွေလည်း မနည်းဘူး။ ကမ္ဘာပေါ်မှာ ခွေးအမျိုးအစားတွေ အဲသလောက်ရှိမှန်း ဂျိုးပိန်ယူလာတဲ့ စာအုပ်ထဲတွေ့မှ သိရတာပါ။ အက္ခရာစဉ်လိုက်ပြထားလို့ A အက္ခရာမှာချည်း မနည်းဘူး။ ခွေးအမျိုးအစားအုပ်စုတွေ များသလောက် ပုံနဲ့တကွပြထားလေတော့ သူတို့တရုတ်ပြည်မှာ ခွေးဝါသနာရှင်တွေ၊ ချမ်းသာသူတွေမွေးကြတဲ့ ခွေးအမျိုးအစားတွေကို တွေ့ရလို့ တရုတ်ပြည်မှာ ခွေးကိစ္စကလည်း ကိစ္စကြီးထင်ပါရဲ့။ ခွေးနာမည်ပေးတာကလည်း အက္ခရာဝလိစဉ်ထားလေတော့ ကောက်ကာငင်ကာ ယူမှည့်ရုံပဲလို့ ထင်မိတယ်။ ဘယ်ဟုတ်ပါ့မလဲ။ ဘယ်လိုခွေးအုပ်စု၊ ဘယ်လိုအရောင်အဆင်း၊ ဘယ်လိုခန္ဓာကိုယ်ဖွဲ့စည်းပုံနဲ့ဆို ဘာနာမည်ကောင်းတယ်ဆိုတာလည်း ပါရဲ့။

ဆိုပါတော့။ Aအုပ်စုထဲက မှည့်ချင်ရင် Abby, Abigall, Abu, Ace, Adalyn, Admiral, Agatha, Aimee စသည်ဖြင့် A နဲ့စတဲ့ နာမည်ကချည်း မနည်းဘူး။ Zအထိဆိုတော့ စဉ်းစားသာကြည့်တော့။ နာမည်မှည့်ပြန်တော့ မိသားစုအားလုံးက ကြိုက်တာဖြစ်ရသတဲ့။ ပတ်ဝန်းကျင်က တခြားခွေးနာမည်တွေနဲ့ မရောထွေးစေရဘူးတဲ့။ အက္ခရာဝဏ္ဏတစ်လုံးတည်း ကြိုက်တာလား၊ နှစ်လုံးတည်းကြိုက်တာလား၊ ကဗျာဆန်တာကြိုက်တာလား၊ ချစ်စနိုးနာမည်ကို ကြိုက်တာလား စုံလို့။

"သည်မှာတော့ ခွေးထီးနာမည်တွေ ခွေးမနာမည်တွေ အများကြီးကွ။ ပြောမကောင်း ဆိုမကောင်းဆိုတာတော့ မပါဘူး။ ခွေးနာမည်မှည့်ရင် ထင်ရှားတာ၊ လူကြိုက်များတာ၊ ချစ်စရာကောင်းတာ၊ ရယ်စရာကောင်းတာ၊ အေးချမ်းတာ စသဖြင့် မှည့်ကြတယ်။ မင်း ခွေးနှစ်ကောင်က ဘယ်ထဲပါတုံး အောင်ချမ်းသာ"

"ပြန်မပြော နားမထောင်တဲ့အထဲ ပါမှာပဲ ဆရာကြီး"

"ခွေးတွေက လူ့စကားလုံး တစ်ထောင်လောက်ကို မှတ်ဉာဏ်နဲ့ အလွတ်ရသတဲ့"

"ဒီနှစ်ကောင်များ တစ်လုံးမှ နားမလည်ဘူး"

"ခွေးတွေရဲ့ အပြုအမူနဲ့ ဉာဏ်ရည်ကိုသိမှ လူနဲ့ဆက်ဆံရေးမှာ အဆင်ပြေသတဲ့။ ဉာဏ်ရည်ကောင်းတဲ့ခွေးက အနံ့တွေကို ကောင်းကောင်းသိတယ်ကွာ၊ အထိအတွေ့ကို သိတယ်ကွာ၊ ကမ္ဘာမြေရဲ့ သံလိုက်စက်ကွင်း ခံစားမှုတောင် သိသတဲ့"

"ဒီနှစ်ကောင် အဲသည်ထဲ မပါလောက်ဘူးနော"

"တချို့ခွေးတွေကို "လူခွေး" လို့တောင် ခေါ်သတဲ့။ သခင်ငိုရင် ငိုသံပေးတာ၊ သခင်ရယ်ရင် ရယ်သံလို မြူးတာမျိုး။ ခွေးချင်းတွေ့တော့ မျက်နှာတစ်မျိုး၊ ကလေးတွေနဲ့ကစားရင် တစ်မျိုး အမူအရာလုပ်တတ်သတဲ့။ ဥပမာကွာ အူတာ၊ ဟောင်တာ၊ ညည်းတာ၊ သံရှည်သံတိုနဲ့အော်တာ၊ သွားဖြဲပြီး ခြောက်တာ၊ တစ်ခုခုလာပြောတာမျိုးတွေပေါ့။ မင့် ခွေးတွေက ဘာလုပ်ကြတုံး"

"ရပ်ထားတဲ့ကားဘီးတွေ သေးလိုက်ပန်းတာပဲရှိတယ်"

ဂျိုးပိန်က အိမ်ကဆရာ စာဖတ်ပြီး မေးလိုက်တိုင်း ကန့်လန့် ဖြေနေသလိုပဲ။ ဟုတ်တော့လည်း ဟုတ်ရဲ့။ ကျွန်မတို့မိသားစုက အောက်ထပ်ဆင်းပြီးမှ အပြင်ထွက်ရတာဆိုတော့ ခွေးကြီးနှစ်ကောင်ကို တွေ့ရတာများတယ်။ တွေ့တိုင်းလည်း ပုံ့ပုံ့ဖီးဖီးကြီးတွေဆိုတော့ ချစ်စရာကောင်းသကောရယ်လို့ ခေါ်ရင် ဘယ့်နှယ်မှ မတုံ့ပြန်ဘူး။ တစ်လောတုန်းကတော့ ကျွန်မကို လှမ်းဖက်တာ၊ နှုတ်ဆက်တာမျိုးလုပ်လာလို့ ဟုတ်ပြီလားမှတ်တယ်။ နောက်ရက်တွေတော့ ခင်ဗျားကို မသိပေါင်ဆိုတဲ့ပုံမျိုးနဲ့ ခပ်တည်တည်ကြီးဖြစ်ပြန်ရော။ လူတွေနဲ့မရောချင်တာထား၊ နှစ်ကောင်တည်းရှိတဲ့ ခွေးအချင်းချင်းလည်း စ,ဟယ်၊ နောက်ဟယ်၊ ဖယ်ဟယ်၊ တွယ်ဟယ် မရှိဘူး။

ခွေးစာအုပ်ထဲမှာ ကမ္ဘာပေါ်မှာရှိတဲ့ ခွေးအမျိုးအစားတွေရဲ့ ဓာတ်ပုံတွေပါလာလို့ ပုံပေါင်းတစ်ရာကျော်လောက်ထဲ မင်း ခွေးကြီးနှစ်ကောင်က ဘယ်ခွေးနဲ့တူသလဲ ကြည့်ပြီးပြီလားဆိုတော့ ကြည့်ပြီးပြီတဲ့။ တွေ့လားဆိုတော့ သည်စာအုပ်ထဲတော့ မပါသေးဘူးတဲ့။ တခြားစာအုပ်ထဲတော့ မပြောတတ်ဘူး ဆိုတာလည်း ပါရဲ့။ ခွေးစာအုပ်ကိုင်ရင်း ပြန်ဆင်းသွားတဲ့ ဂျိုးပိန်



www.burmeseclassic.com

www.burmeseclassic.com

ကိုကြည့်ရင်းက ကျွန်မ တွေးမိတာပေါ့လေ။ ဖြစ်ရပုံများ။ ဝမ်နဲ့ဂျိုးပိန်က လူမျိုးလည်းမတူဘူး၊ ဘာသာစကားလည်း မတူဘူး။ တစ်ဖက်က တရုတ်ဘာသာနဲ့ပြောတာကို တစ်ဖက်က နားမလည်သလို၊ တစ်ဖက်က ဗမာစကားနဲ့ပြောတာကိုလည်း တစ်ဖက်က စကားမပေါက်ဘူး။ သည်ကြားထဲ တစ်ဖက်က သူ့ခွေးတွေကို ခွေးတို့တတ်အပ်သောပညာတွေ တတ်စေချင်လိုက်တာ မပြောနဲ့တော့။ တစ်ခါ သည်တာဝန်ကို မလွှဲသာလို့ ယူရသူဘက်ကလည်း လုပ်ဆိုလို့သာ လုပ်နေရတယ် စိတ်က တယ်မပါဘူး။ သည်နှစ်ယောက်ကြားက ခွေးတွေခမျာလည်း ဘယ်လိုခံစားမှုမျိုးမှ မပြကြလေတော့ သည်ခွေးကိစ္စ ဘယ်လို အနားသတ်လေမလဲ သိချင်စိတ်ဝင်မိတယ်။ သို့ပေသိ ဘယ်သူကမှ မသင်ရဘဲ မီးရထားသံကြားရင် နှစ်ကောင်သား ပြေးကြည့်ကြတာမှာတော့ ထူးဆန်းတယ် ပြောရမှာပေါ့လေ။

❑

၁၀။

ဂျိုးပိန်နဲ့ သူ၏ခွေးများအကြောင်း ခဏထားကြဦးစို့။ ရေးမယ်ဆို ကျွန်မစိတ်ထင် ခွေးကိစ္စကချည်း စာတစ်အုပ်ဖြစ်လောက်ပါရဲ့။ ဂျိုးပိန်က ကျွန်မပြောခဲ့ပါပကော။ လူက တော်တော်ရယ်၊ မကြည့်ရင် မျက်နှာဥသျှစ်သီးလောက်ကို မှုန်ထားတတ်တာ။ နဖူးကြောတင်းထားတတ်သလို စိတ်ထဲကြည်သာရင်တော့ အဆောက်အဦကြီးတစ်ခုလုံးက အလုပ်တွေ သီချင်းတအေးအေးနဲ့ လုပ်နေတော့တာပဲ။ ပြုံးတယ်ရယ်လို့ တွေ့ရခဲပေသိ ရွှင်နေတာတော့ သိသာတယ် ပြောရမှာပါ။ များသောအားဖြင့်ကတော့ ကမ္ဘာလောကကြီးကို သူတစ်ယောက်တည်း ထမ်းထားရသလိုပဲ။ တောကျေးလက်က လာသူဆိုတော့ တောမှာနေရတဲ့ ဘဝဒုက္ခတွေ သူ့စကားထဲက ပိုးခနဲပေါက်ခနဲ ကြားရတတ်တယ်။ သူတို့ရွာက တချို့ မြို့တက်ပြီး ဆိုက်ကားနင်းနေကြပတဲ့။ တချို့လည်း လက်သမားနောက်လိုက်၊ ပန်းရန် နောက်လိုက်ဘဝနဲ့ မြို့မှာ ကုတ်ကတ်နေကြသတဲ့။ ဂျိုးပိန်က ဒါတွေလည်း သိပုံပါ။ ဘာပဲဖြစ်ဖြစ် မြို့မှာအလုပ်တစ်နေရာ တည်တည်ပပ ရနေတာကိုလည်း ကျေနပ်နေပုံပါ။ သူပြောသလောက်တော့ အလုပ်တွေ စုံခဲ့ပြီ။ မ၀,ဝမ်းစာနဲ့ နေခဲ့ရပြီ။

t 0g&mif Gt u ®D u &S B ,B¥r ,Dk&mifab mif,b D
&S fu ajczr ,bl x dyl saeMDw ¼w fyw Ezelyf eu f
u kdw mhw p0u fw pfysu fjr i fae&w , ft r , f kd
u Ref u kdzsw f,ejd i fv kd fv kd hl m,o i f,b G,o v kdzpf,b G,
&mu csu f,c$ fyJyk,fyw , ft r , f kdw pf,a, mu f&U
t jyk,aw G Ref jr i f,ayg f r s,ygND o n fw pf,cg i f&w bl
t jyk,av mu fx wd fv ep,f&mau mif,w mr &SBlb ,

အမေတစ်ခုသားတစ်ခုဆိုသလို အမေကလည်း သူမြို့ကလှမ်းပို့တဲ့ ပိုက်ဆံ မျှော်နေရသူမဟုတ်လို့ တော်သေး ဆိုတာလည်း ပါရဲ့။ သေသေချာချာ မေးရင်တော့လည်း ဝေ့လည်ကြောင်ပတ် ဖြေတာကလွဲလို့ မအေကို တော်တော်ချစ်ပုံပါ။ ကိုဂျော်နီကိုလည်း သေသေချာချာပြောတာမဟုတ်ဘူး။ သည်လိုပဲ ခပ်ဝေ့ဝေ့ ပြောတာပဲရှိသတဲ့။

တစ်ခါမှာတော့ ဂျိုးပိန်ရဲ့စကားတစ်ခွန်းကြောင့် ကျွန်မမှာ လိပ်ပြာစဉ်မတတ် ဖြစ်ခဲ့ရတာလည်း ပြောချင်သေးတယ်။ ကျွန်မတို့ သည်အဆောက်အဦကြီးကို ရောက်ကြလို့ နှစ်လ, သုံးလလောက်ရှိသေးထင်ပါရဲ့။ ကျွန်မမောင်စိုးခက အောက်ထပ်က စကားတစ်ခွန်း ကြားလာခဲ့တယ်။ ပြောလိုက်သူက ဂျိုးပိန်ပေါ့။ ပြောလိုက်ပုံက သည်အဆောက်အဦကြီးမှာ သရဲရှိတဲ့အကြောင်း၊ သရဲက သူသိသလောက် တရုတ်မကြီးတစ်ယောက်ဖြစ်ကြောင်း၊ အလယ်ထပ်ကို အလုပ်ရှိလို့ သွားရပြီဆိုရင် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထ,လာတဲ့အကြောင်းတွေ ပြောလိုက်တာပါ။ ဂျိုးပိန်စကားဆိုတော့ စိုးခက သိပ်အလေးအနက်တော့မရှိပါဘူး။ မေးတော့ မေးမိသတဲ့။

"မင်းမဟုတ်တာမပြောနဲ့ကွ၊ တို့မိသားစုကို သည်မှာ မေတ္တာနဲ့ နေခွင့်ပေးတဲ့ မင်းတို့သူဌေးကြားရင်လည်း မကောင်းဘူး။ မင်း ဘယ်က ကြားတာလဲ"

"ကြားတာမဟုတ်ဘူးဗျ၊ မြင်တာဗျာ မြင်တာဗျာ"

"ဘယ်လိုမြင်တာလဲ၊ ဘယ်က တရုတ်မသရဲက သည်ကို ရောက်လာရတာတဲ့လဲ"

"အဲဒါတော့မသိဘူး သရဲတော့ သရဲပဲ။ ထူးဆန်းတာက ဦးစိုးတို့နေတဲ့ အပေါ်ထပ်မှာလည်း မရှိဘူး၊ ကျုပ်တို့နေတဲ့ အောက်ထပ်မှာလည်းမရှိဘူး၊ အလယ်ထပ်မှာရှိတာ"

"ပြောပါဦး"

"အရင်ကုမ္ပဏီဖွင့်တုန်းက အထပ်တိုင်းရဲ့ အလယ်ခန်းတွေမှာ ဖန်မီးဆိုင်းကြီးတွေရှိတယ်။ အကြီးကြီးတွေ မီးဖွင့်လိုက်ရင် ထိန်နေတာပဲ။ အခုတော့ မီးဆိုင်းတွေတော့ရှိတယ်။ ကြိုးတွေ ဖြုတ်ထားလိုက်ပြီ"

"မီးအား စားလို့လား"

"ဘယ်ကလာ သရဲခြောက်လို့"

ဂျိုးပိန်ပြောပုံက မီးဆိုင်းကြီးတွေက အထပ်သုံးထပ်စလုံးမှာ ချိတ်ထားတာပေသိ အလယ်ထပ်က မီးဆိုင်းကြီးကပဲ တအိအိ တန္ဒဲ့နဲ့လှုပ်နေတတ်သတဲ့။ လေမတိုက် ဘာမတိုက် မှန်လုံတံခါးတွေရှိပါလျက်ကနဲ့ သူတက်သွားတိုင်း ထူးထူးခြားခြား ယိမ်းနေတာ။ ယိမ်းတာမှ တကျွိကျွိမြည်အောင်



www.burmeseclassic.com

www.burmeseclassic.com

ယိမ်းနေတာ။ နောက်တော့ ပြုတ်ကျတော့မယ့်အတိုင်း လှုပ်ပြီးခါနေတတ်တာ။ လှုပ်တာမှ အလှဆင်ထားတဲ့ ဖန်ချောင်းကလေးတွေ ဖန်လုံးကလေးတွေ တချွမ်ချွမ်မြည်အောင် လှုပ်လာတာ သတိထားမိသတဲ့။ ဂျိုးပိန်က ဘုရားဂုဏ်တော်တွေရွတ်၊ ပရိတ်တော်တွေရွတ်လိုက်ရင် ငြိမ်သွားတာလည်းပါရဲ့။ အဲဒါတွေက အလယ်ထပ်တက်တဲ့အခါတိုင်း ဖြစ်တာလားဆိုတော့ ငါးခါမှာ သုံးခါတော့ဖြစ်သတဲ့။ ဒါနဲ့ စိုးခက ဟုတ်ရဲ့လားကွာဆိုတော့ “လေမတိုက်ဘဲ လှုပ်တာဗျ၊ ကျုပ်က အရူးမှမဟုတ်ဘဲ” လို့တောင် ပြန်ပက်သတဲ့။

“အေးပါ။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အပေါ်ထပ်မှာ ငါ့အစ်မနဲ့ တူမလေးက မိန်းမသားတွေဆိုတော့ ဒါကြားရင် ကြောက်ကြလိမ့်မယ်။ နေပါဦး၊ ခြောက်တာက မီးဆိုင်းကြီးပဲ လှုပ်ပြတာလား”

“ဆရာမတို့တော့ ပြောလို့ဘယ်ဖြစ်မလဲ ဦးစိုးရ။ ကိုဂျော်နီကိုတော့ ပြောမိတယ်။ သူကမယုံဘူး၊ မဟုတ်တာ မပြောနဲ့တဲ့။ ကျုပ်ကလည်း အဲဒါကိုမခံချင်တာ။ ခက်တာက သူတက်ကြည့်ရင် မလှုပ်ပြန်ဘူး”

တစ်ခါက ဂျိုးပိန် အလယ်ထပ်က ရေဘားတွေ ရေယိုနေတာ တက်စစ်လိုက်တဲ့အခါ မီးဆိုင်းကြီးက တကျွီကျွီမြည်နေရာကနေ တချွင်ချွင်မြည်အောင် လှုပ်လာတာမြင်ရသတဲ့။ ဒါနဲ့ အောက်ထပ်က ကိုဂျော်နီကို လှေကားထိပ်က လှမ်းအော်ပြီး ခေါ်ရော။ မီးဆိုင်းကြီးက ပိုတောင်လှုပ်လာလိုက်တာ ရှိုးရှိုးလှုပ်ယိမ်းနေရာက အဝိုင်းလိုက်ကြီး လည်နေတာ မြင်ရသတဲ့။ ဂျိုးပိန်က သူလည်း မကြောက်တတ်ဘူးဆိုတဲ့ကြားက ကြောက်လာတာနဲ့ ကိုဂျော်နီကိုလှမ်းခေါ်လိုက်ပြီး လှေကားထောင့်က ရပ်ကြည့်နေသတဲ့။ ကိုဂျော်နီ အောက်ထပ်က တက်လာတဲ့အထိ လှုပ်နေလိုက်တာ ကိုဂျော်နီရောက်လာရင်ပဲ မီးဆိုင်းကြီးက တိခနဲ ရပ်သွားလိုက်တာ ယုံနိုင်စရာမရှိဘူးတဲ့။

“ဘယ်မှာတုံး မီးဆိုင်းလှုပ်တာ”

“ခင်ဗျားတက်လာတဲ့အထိ လှုပ်နေတာဗျ”

“ငါတက်လာတာ တစ်မိနစ်တောင် မပြည့်သေးဘဲနဲ့ လှုပ်တယ်ဆိုတာ ဟုတ်ပါ့မလား၊ မဟုတ်တာတွေမပြောနဲ့”

ကိုဂျော်နီက မီးဆိုင်းဖွင့်တဲ့ခလုတ်ကို ကြည့်တော့လည်း ပိတ်လျက်ပဲ။ မီးဆိုင်းကလည်း လှုပ်နေတဲ့အရိပ်အယောင်မရှိဘူးဆိုတော့ ဂျိုးပိန်ကိုပဲ လှိမ့်ငေါက်တော့တာပေါ့။ ဂျိုးပိန်က မီးဆိုင်းက ဖန်ချောင်းကလေးတွေ အသံမြည်အောင်လှုပ်ရုံမက အဝိုင်းလိုက်ကြီးလည်နေတာကို မြင်ပါလျက်ကနဲ့ ချက်ချင်းကြီး မီးဆိုင်းပျက်ကြီးလို ဖြစ်သွားတာကို မခံချင်လို့ အနားက တံမြက်စည်းရိုး ကောက်ယူပြီး မီးဆိုင်းကို ထိုးသတဲ့။

“လည်ဟာ လည်ဟာ၊ အခုမှ ရပ်မနေနဲ့၊ လည်စမ်း လည်စမ်း”

ပါးစပ်ကအော်ရင်း မီးဆိုင်းကြီးကို တံမြက်စည်းရိုးနဲ့ ထိုးနေတာ အကြာကြီးတဲ့။ နောက်ထပ်တစ်လလောက်နေတော့ အလယ်ထပ်က ရေချိုးခန်းထဲက လူမရှိဘဲ ရေချိုးသံ၊ သီချင်းညည်းသံ၊ ရေပူရေအေးခလုတ်တွေ လှည့်ပိတ်သံတွေ ကြားရရုံမက ရေချိုးခန်းရှေ့ရောက်ရင် ရေတွေစိုနေတာ၊ မွှေးဆပ်ပြာနံ့ရတာ၊ ခေါင်းလျှော်ရည်နံ့ရတာတွေကို ဂျိုးပိန်က ပြောလာပြန်ရော။ သည်လို တွေ့ခဲ့၊ ကြားခဲ့၊ အနံ့တွေရခဲ့တဲ့အကြောင်းကို ကိုဂျော်နီကို ပြောပြတော့လည်း မယုံဘူးတဲ့။ တကယ်ဆိုရင် အလယ်ထပ်မှာက ရေပူချိုးစက်တပ်ထားလို့ ကျွန်မတို့သားအမိတောင် ရောက်စက နှစ်ခါလား၊ သုံးခါလား ဆင်းချိုးဖူးကြပါရဲ့။ နောက်တော့ ရေဆင်းချိုးရတဲ့ ကရိကထရော၊ တစ်ခါတစ်ခါ ရောက်လာတတ်ကြတယ်ဆိုတဲ့ တရုတ်လူမျိုး အင်ဂျင်နီယာသုံးယောက်ကြောင့်ရော၊ ရေပူချိုးတဲ့အခါ လှည့်ဖွင့်ရတဲ့ ရေဘားတွေက ချောင်နေတာရောဆိုတော့ ကျွန်မတို့လည်း ဆင်းမချိုးဖြစ်တော့ပါဘူး။ အထူးသဖြင့်ကတော့ လျှပ်စစ်ကြိုးတွေ ပေါက်နေမှာစိုးတာပါ။

သည်သတင်းတွေ ကျွန်မမောင်က သယ်လာပြီးပြောပြတော့ ကျွန်မတို့ကလည်း မယုံကြပါဘူး။ ဂျိုးပိန်ပြောပုံဖြင့် ရေချိုးနေတာက တရုတ်အမယ်အိုကြီးတဲ့။ တရုတ်သီချင်းညည်းနေတာလည်း အမှန်ပဲတဲ့။ တစ်ခါတော့ အလယ်ထပ်မှာရှိတဲ့ အခန်းတွေကို သန့်ရှင်းရေးသွားလုပ်တာမှာ အမယ်ကြီးက ရေဘားတွေပိတ်(ရေဘားနှစ်ခုစလုံး ချောင်နေတော့ ပိတ်ရင်ဖြစ်ဖြစ်၊ ဖွင့်ရင်ဖြစ်ဖြစ် ဂျလောင်း ဂျလောင်းနဲ့မြည်တယ်) ရေစိုလက်စနဲ့ ထွက်လာတာမြင်တယ် လုပ်ပြန်ရော။ ဂျိုးပိန်ကသာ ပြောနေတာပါ၊ သည်စကားကို ဘယ်သူကမှမယုံဘူး။ ဂျိုးပိန်ပြောတာက ယုတ္တိရှိသလိုလိုပေသိ သည်အဆောက်အဦကြီးက ဆောက်ထားတာ မကြာသေးတာရယ်။ သည်အပေါ်မှာ ဘယ်လိုမိန်းမသားမှ မကွယ်လွန်ဖူးတာရယ်ကြောင့် ဂျိုးပိန်စကားက မတိုးသာတာပါ။ ကိုဂျော်နီက နောင် ဒါမျိုးတွေလုပ်ကြံပြောရင် သူ့ငွေနဲ့တိုင်မယ်ဆိုကတည်းက မပြောတော့ဘူးလို့လည်း ဆိုရဲ့။ ဒါပေမဲ့ စိုးခကိုတော့ တိုးတိုးတိတ်တိတ် ပြောနေတတ်သတဲ့။

“ကျုပ်က ကိုယ်တိုင်တွေ့တာကို သူက မဟုတ်ဘူးရယ်လို့ ဦးစိုးရာ။ ကျုပ်တွေ့တာ တရုတ်အဘွားကြီးဗျ၊ မီးဆိုင်းကြီးလည်တာဆိုရင်...”

ကျွန်မမောင်ကလည်း ယုံတယ်မပြောဝံ့ဘူး။ ယုံတယ်ဆိုရင် ပိုဆိုးလာမှာစိုးလို့ အရေးမကြီးတဲ့ပုံလုပ်ထားရတာပါ။ စိုးခက “အလယ်ထပ်မှာ ဝမ်တို့၊ ဝေတို့ နေတယ်ဆို သူတို့ကကော တွေ့တယ်ပြောဖူးသလား” မေးတော့ သူတို့က တစ်ခါတစ်ခါမှ နှစ်ရက်,သုံးရက်၊ ကြာလှမှ ငါးရက်,ခြောက်ရက်လောက် နေကြတာဆိုတော့ ဘယ်တွေ့ပါ့မလဲလို့ ဖြေသတဲ့။ “ဒါဖြင့် မင်းတစ်ယောက်တည်း တွေ့တွေ့နေတာပေါ့” ဆိုတော့ “ကျုပ်တစ်ယောက်ပဲ တက်လိုက်ဆင်းလိုက်လုပ်နေတော့ ကျုပ်ကို သရဲက သိနေတာလည်းပါမှာပေါ့”တဲ့။ ထားပါတော့။ သည်စကားတွေက ကျွန်မတို့ သည်မှာနေကြလို့ သုံးလလောက်



www.burmeseclassic.com

www.burmeseclassic.com

က ကြားခဲ့တာပါ။ နောက်ထပ်လည်း မပြောတော့ပါဘူး။

သည်လိုနဲ့ သည်အဆောက်အဦကြီးထဲမှာ နေခဲ့တာ ခုနစ်လထဲရောက်တော့ တစ်ရက်မှာ ကျွန်မကိုယ်တိုင် အလယ်ထပ်ကိုဆင်းဖို့ ဖြစ်လာတယ်။ အလယ်ထပ်က အခန်းတစ်ခန်းမှာ ကျွန်မတို့သော့နဲ့ခတ်ထားတဲ့ အခန်းတစ်ခန်းရှိတယ်။ ကျွန်မတို့ စာအုပ်တွေ၊ စာအုပ်ပုံးတွေ၊ စားပွဲကုလားထိုင်တွေ ထည့်ထားတာပါ။ စာရွက်စာတမ်းတွေ၊ စာမူဖိုင်တွေလည်းရှိတော့ အသုံးလိုတာရှိရင် အဲသည်အခန်းကို သွားဖွင့်ကြရတယ်။ အဲသည်နေ့က ကျွန်မစာမူဟောင်းတစ်ပုဒ် အရေးတကြီးရှာဖို့ဖြစ်လာတယ်။ ဆရာနေကလည်း ဟောပြောပွဲသွား၊ စိုးခကလည်း သမီးကျောင်းပို့ပြီး သူ့အိမ်ခဏပြန်ချိန်ဆိုတော့ အပေါ်ထပ်မှာ ကျွန်မတစ်ယောက်တည်း ရှိနေချိန်ပါ။ တရုတ်အရာရှိတွေလည်း ခရီးထွက်နေကြတာကိုသိတော့ ကိုယ်တိုင်ပဲ အလယ်ထပ် ဆင်းခဲ့တယ်။ လှေကားက ဆင်းလာရင်းနဲ့မှ ဂျိုးပိန်ပြောဖူးတာကို ဖျတ်ခနဲသတိရလိုက်တယ်။ အလယ်ထပ်မှာ ရေကျသံပဲ ကြားရမလား၊ သီချင်းညည်းသံပဲကြားရမလား၊ တရုတ်အဘွားအိုကိုပဲ တွေ့ရမလား။ စိတ်ထဲ ဂျိုးပိန်ပြောတာ ခေါင်းထဲဝင်လာလို့ လှေကားကိုဆင်းလာရင်း နည်းနည်းတော့ ရွံ့မိတယ်။ ဘာသံမှမရှိပါဘူး။ ကျွန်မလက်ထဲမှာ ပစ္စည်းအခန်းသော့ကို ကိုင်ရင်း လှေကားက ချိုးလိုက်တယ်။ ကျွန်မစိတ်ထဲကသာ ဖြစ်နေတာပါ။ ပင်ကိုအားဖြင့် ကျွန်မ မကြောက်တတ်ပါဘူး။ ဒါမျိုးတွေလည်း ယုံတာမဟုတ်တော့ ရဲရဲကြီးချိုးလိုက်တယ်။

သည်မှာတင်…။

အတွင်းဘက် လူနေခန်းနှစ်ခန်းရဲ့ရှေ့က ဧည့်ခန်းလိုကွက်လပ်ကျယ်မှာ တန်းလျားခုံရှည်ကြီးတစ်လုံးရှိတယ်။ သည်ခုံရှည်ကြီးက ကျွန်မတို့ရောက်လာစကတည်းက ရှိနေတာပါ။ ခုံပေါ်မှာ စာရွက်စာတမ်းတွေ၊ ဆေးပုလင်းလို ပုလင်းဟောင်းတွေ၊ မီးခလုတ်အဟောင်းတွေ၊ ဓာတ်ကြိုးအထွေးလိုက်တွေ၊ ခြင်ဆေးဘူးခွံတွေ၊ တရုတ်မဂ္ဂဇင်းဟောင်း လေး၊ ငါးအုပ်နဲ့ သည်အဆောက်အဦကြီးရဲ့ စနစ်ပုံကားချပ်တွေရှိတာလည်း သတိထားမိတာကြာပါပြီ။ အခုတော့ အဲသည်ပစ္စည်းတွေ မရှိတော့ပါဘူး။

ဘာရှိနေသလဲဆိုတော့ တရုတ်အဘွားအိုတစ်ယောက် ထင်ထင်ရှားရှားကြီး။ အသက်ရရှုပါပြီ။ ဖျတ်ခနဲမြင်ရသလောက် အဝါရောင်ဝမ်းအင်္ကျီလက်ရှည်ကြီးနဲ့။ မီးခိုးရောင် ဘောင်းဘီရှည်က ခြေဖမိုးအထိ ပုံကျနေပြီး တရုတ်ပတ္တူဖိနပ်အနက်ကိုတော့ တစ်ဝက်တစ်ပျက် မြင်နေရတယ်။ အမယ်အိုက ကျွန်မကို ဖျတ်ခနဲမြင်လိုက်လို့ အံ့အားသင့်သွားသလိုဖြစ်သွားရာက ချက်ချင်းပဲ ပြုံးပြတယ်။ အမယ်အိုတစ်ယောက်ရဲ့ အပြုံးတွေ ကျွန်မမြင်ဖူးပေါင်းများပါပြီ။ သည်တစ်ခါမြင်ရတဲ့ အပြုံးလောက် ထိတ်လန့်စရာကောင်းတာ မရှိခဲ့ဖူးဘူး။ လှိုသွယ်သွယ်လက်ကလေးကို ဝှေ့ယမ်းပြရင်းက ပြုံးနေတာပါ။

ကျွန်မသိလိုက်ပြီ။ ချက်ချင်းပဲ လှေကားဘက်ကို ပြန်လှည့်လိုက်ပြီး ဒရောသောပါးဆင်းပြေးခဲ့တယ်။ မကြောက်တတ်ဘူးဆိုတဲ့ ကျွန်မတောင် ချက်ချင်းပဲ နောက်ကလိုက်လာလေသလား ထင်မိလို့ လှေကားဆန်တွေကို ဘယ်လိုနင်းလာမိသလဲတောင် မသိတော့ပါဘူး။ လက်ထဲက ပစ္စည်းခန်းဖွင့်မယ့်သော့လည်း ဘယ်နားကျကျန်ခဲ့မှန်း မသိတော့ဘူး။ ကျွန်မလက်ထဲပါလာခဲ့တာတော့ သေချာပါတယ်။ ကျွန်မက အပေါ်ထပ်ကို တက်လာတာမဟုတ်ဘဲ အောက်ထပ်ကို အပြေးဆင်းနေမှန်းတောင် အောက်ရောက်မှ သတိထားမိတာပါ။ အောက်ထပ်မှာ ဘယ်သူမှမရှိဘူး။ ခွေးကြီးတစ်ကောင်က ကြမ်းပေါ်မှာဆန့်ထားတဲ့ လက်တွေပေါ် မေးတင်ရင်း ကျွန်မကိုကြည့်လို့။ ဆက်တီစားပွဲသေးသေးအောက်မှာ မဆံ့မပြဲတိုးဝင်ပြီး အိပ်နေတဲ့ ခွေးကတော့ လှုပ်တောင်မလှုပ်ဘူး။ အနားက ဆိုဖာပုကလေးပေါ် ကျွန်မထိုင်ချလိုက်တယ်။ ရင်တွေက တဒိန်းဒိန်း ခုန်နေတုန်း။ အပေါ်ပြန်တက်ဖို့ကလည်း အပေါ်မှာ ဘယ်သူမှမရှိ။ အောက်မှာလည်း လူသူအရိပ်အယောင်မမြင်။ ခဏတော့ခဏနေပြီး ကျွန်မ ခေါ်ကြည့်တယ်။ အခန်းတစ်ခန်း ခန်းမှာ ဂျိုးပိန်များရှိနေမလားလို့ပါ။ ဝင်းအပြင်ဝေးဝေးမှာ အဝတ်လျှော်ကြတဲ့ မအိုးတို့တော့ ရှိနိုင်ရဲ့။ ထွက်ရှာမလို့ စဉ်းစားပြီးမှ မထွက်ဖြစ်ဘဲ ဆက်ထိုင်နေမိတယ်။ ဂျိုးပိန်ကို ခေါ်ပေသိ ဘာထူးသံမှမကြားရလို့ မရှိတာကတော့ သေချာပြီ။ ကျွန်မကတော့ ဆက်ထိုင်နေမိတယ်။ အပေါ်ထပ်ကိုယ့်အခန်းကို ပြန်တက်ရင် ဒုတိယလှေကားထိပ်မှာ အမယ်အိုက မတ်တတ်ရပ်ပြီး ပြုံးပြနေရင်ကော။ သည်အဆောက်အဦကြီးတစ်ခုလုံး ကိုယ်တစ်ယောက်တည်းပါလားလို့ ကိုယ့်ဟာကိုယ်လည်း တွေးမိရဲ့။

အဲသည်တုန်းမှာပဲ မှန်ချပ်ကြီးတွေကတစ်ဆင့် ရှေ့ကွက်လပ်ကျယ်ကြီးကိုဖြတ်ပြီး အပြင်ကပြန်လာတဲ့ ဂျိုးပိန်ကို မြင်လိုက်ရလို့ ဝမ်းသာသွားမိတယ်။ မှန်တံခါးချပ်ကြီးကို တွန်းဝင်လာတဲ့ ဂျိုးပိန်က ကျွန်မကိုမြင်တော့ အံ့သြသွားပုံပါ။ လက်ထဲမှာကိုင်ထားတဲ့ ကွမ်းထုပ်ကိုပြရင်း ကျုပ်ကွမ်းသွားဝယ်နေတာ၊ ဆရာမ ဘာခိုင်းချင်လို့တုံးတဲ့။ ကျွန်မအားကခုံမှာ ထိုင်ခိုင်းတော့ ဝင်ထိုင်တယ်။ မျက်မှောင်ကြီးကြုတ်ရင်းက ကျွန်မကို ခပ်စိုက်စိုက်ကြည့်နေလေရဲ့။

"ဂျိုးပိန် မင်းပြောတာ ဟုတ်နေပြီ"

"ဘယ်စကား ပြောမိပါလိမ့်"

"တို့ရောက်စက မင်း ဦးစိုးကိုပြောဖူးတာလေ၊ မီးဆိုင်းကြီးတွေ လေမတိုက်ဘဲ လှုပ်တယ်ဆိုတာ"

"အခု လှုပ်နေလို့လား"

ကျွန်မစကားကို ဆုံးအောင်နားမထောင်ဘူး။ မျက်လုံးမျက်ဆန်ပြူးကြီးနဲ့ တစ်ခွန်းပြော တစ်ခွန်းမေးနေလို့ မငေါက်မိအောင် စိတ်ထိန်းထားရသေးတာပါ။

"ကိုင်း နားထောင်ပါဦး။ မင်းပြောတာဆို တရုတ်အဘွား



www.burmeseclassic.com

www.burmeseclassic.com

ကြီးတစ်ယောက် အလယ်ထပ်ရေပူချိုးခန်းမှာ ရေချိုးတာ၊ သီချင်းညည်းတာ၊ ရေပိုက်လှည့်ပိတ်သံတွေ ကြားဖူးတယ်ဆိုတာ’

‘ဟုတ်ကဲ့လား’

‘ဟဲ့၊ ဘာဟုတ်ကဲ့လားတုံး။ ဦးစိုးကို မင်းပြောခဲ့ဖူးတာ မင်းမမှတ်မိဘူးလား။ အခု အဲသည် တရုတ်အဘွားကြီး ငုတ်တုတ်ထိုင်နေတာ ငါကိုယ်တိုင်မြင်ခဲ့ပြီ။ ငါလည်း ကြောက်ကြောက်နဲ့ ဆင်းပြေးလာတာ အောက်ထပ်ကို ဘယ်လိုရောက်လာမှန်းတောင် မပြောတတ်ပါဘူး’

‘တရုတ်အဘွားကြီး…ငုတ်တုတ်ကြီး’

ဂျိုးပိန်က ပါးစပ်က တတွတ်တွတ်ရွတ်နေရင်းက ကျွန်မကို စိတ်မှကောင်းသေးရဲ့လားဆိုတဲ့ မျက်နှာနဲ့ ကြည့်လိုက်လို့။ ပြီးတော့မှ ကျွန်မထင်မထားတဲ့စကားကို ပြောလေရဲ့။ မျက်နှာက မချိုမချဉ်နဲ့လေ။

‘အလယ်ထပ်မှာလား။ အဲဒါ ဦးဝေရဲ့ယောက္ခမကြီးရယ် ဆရာမ။ တရုတ်အဘွားကြီးက အင်္ကျီအဝါနဲ့မဟုတ်လား’

‘ဘယ်က ဦးဝေလဲ’

‘ဆရာမနဲ့ယှဉ် ဦးဝမ်တို့၊ ဦးဝေတို့၊ ဦးဝေါင်တို့လေ။ အလယ်ထပ်က အဘွားကြီးက ဦးဝေရဲ့ယောက္ခမရယ်။ သူတို့က မနက် မူဆယ်ပြန်တက်ကြမှာ။ ဦးဝေရဲ့မိန်းမနဲ့ အမေက သူတို့တည်းတဲ့ ဟိုတယ်ကနေ ဦးဝေနေတဲ့အခန်းကို ခဏလိုက်လာကြရင်း လာခေါ်မယ့်ကား စောင့်နေကြတာ’

‘ဟောတော်၊ မင်းက သည်အဆောက်အဦကြီးမှာ သရဲရှိတာ ပြောဖူးတာရော၊ တရုတ်အဘွားကြီးဆိုတာရောဆိုတော့ ငါဖြင့် ငုတ်တုတ်ကြီးမြင်လိုက်ရလို့ လန့်ဖျပ်သွားတာပေါ့’

‘ကြောက်မယ်ဆို ကြောက်စရာပေါ့’

‘ကြောက်စရာပေါ့ဟဲ့ မင်းပြောဖူးတာကိုး။ နေပါဦး၊ မင်းကကော တရုတ်မကြီးရေချိုးတာ ရေခလုတ်ဖွင့်တာ၊ ရေကျတာ၊ သီချင်းဆိုတာ ကြားဖူးဆို၊ မဟုတ်ဘဲနဲ့ ဘာလို့ပြောတာလဲ’

ကျွန်မကိုယ်တိုင်က ကြောက်ရမလိုလို ရှက်ရမလိုလိုဖြစ်နေပေသိ ကိုယ်တော်က ကြောက်မယ်ဆိုကြောက်စရာပေါ့တဲ့လေ။ ဒါနဲ့ နည်းနည်းကလေး လေမာမာပြောပြန်တော့ ဂျိုးပိန်ငြိမ်သွားပြန်ရဲ့။ သူပြောခဲ့ဖူးတာကို သူကိုယ်တိုင်လည်း သိနေပုံပါ။ အခု ကျွန်မလန့်ဖျပ်သွားမှန်းသိလေတော့ ဟုတ်ပါရဲ့၊ ကြားဖူးတာနဲ့ မြင်ရတာတူနေလို့ ကြောက်မယ်ဆို ကြောက်စရာပါလို့ ရိုးရိုးပြောရှာထင်ပါရဲ့။ တော်တော်ကြီးကြာမှ စကားတစ်ခွန်းပြောတယ်။

‘ကျုပ်ပြောမိတဲ့နေ့က လကွယ်နေ့များလား။ ကျုပ်က လကွယ်နေ့ဆိုရင် ခေါင်းထဲလေပူတွေမှုတ်နေသလိုပဲ တစ်မျိုးကြီး ဖြစ်နေတာများတယ်။ ကျုပ်ငယ်ငယ်က အမေနဲ့ကျုပ်အဲသလို လကွယ်နေ့တွေဆိုရင်…’

ဂျိုးပိန်က ပြောစရာတွေ ပြောချင်နေပုံပါ။ ဒါပါပဲ။ သည့်ထက် ရှေ့မဆက်တော့ပါဘူး။ ကျွန်မလည်း လုပ်စရာတွေရှိသေးတာမို့ အပေါ်ထပ် ပြန်တက်ခဲ့တယ်ပြောပါတော့။ လကွယ်နေ့ဆိုရင် သူနဲ့သူ့အမေ ဘာဖြစ်ခဲ့ဖူးလို့လဲ။ လှေကားပေါ် တက်လာရင်းက တွေးလာမိတာပါ။ ကျွန်မမေးရင်လည်း စုံအောင်ပြောမှာ မဟုတ်ဘူးလေ။ နောက်မှ ကျွန်မမောင်မေးစမ်းကြည့်ခိုင်းရတော့မှာပဲ။

လှေကားအချိုးကိုရောက်တော့ အဘွားကြီးနဲ့သူ့သမီး တရုတ်ဘာသာနဲ့ စကားတွေပြောနေတာတွေ ကြားရတယ်။ လူတွေတော့ မမြင်ရပါဘူး။ ကျွန်မဖြစ်ရပုံက တခြားလူတစ်ယောက်ယောက်ကို ပြောရင်လည်း ရယ်ကြမယ်ထင်ပါရဲ့။ ကျွန်မတောင် ကိုယ့်ဟာကိုယ် ပြုံးမိတယ်။

နောက်တစ်နေ့ ကျွန်မမောင်ရောက်လာတော့ သည်အကြောင်းပြောပြမိတယ်။ ပြီးမှ စိုးခက သူ့သဘောထားကို ပြောပြလေရဲ့။

‘တို့ရောက်စကဆိုတော့ လူတွင်ကျယ်လုပ်ပြီး ဇာတ်လမ်းဆင်ပြောတာနေမှာပါဟာ၊ သူလည်း အရေးပါတယ် ဖြစ်ချင်တာ ထင်ပါရဲ့။ ဂျိုးပိန်က အချင်းချင်းတော့ နားထောင်သူများရှိရင် ပြောချင်တာ ပြောနေတော့တာ’

‘နေဦး၊ သူပြောတဲ့အထဲ ပါသေးတာ။ လကွယ်နေ့နီးရင် သူ့ရင်ထဲ ပူလောင်လောင်ဖြစ်နေတယ်ဆိုလား၊ လေပူတွေမှုတ်နေသလိုပဲလို့ ပြောတယ်။ ဂျိုးပိန်က တစ်မျိုးတော့တစ်မျိုး’

ကျွန်မစကားကိုကြားတော့ စိုးခက တစ်ခုသတိရသွားပုံနဲ့ ပြောပြန်တယ်။ စိုးခပြောလိုက်တဲ့ စကားကလည်း ဘာရယ်သာ မသိတယ် စဉ်းစားစရာတွေနဲ့။

‘ငါ့လည်းပြောဖူးတယ်၊ လကွယ်ရက်လို့တော့ မပါဘူး။ သူ့ခေါင်းထဲမှာ တစ်ခါတလေ မီးခိုးမှိုင်းတွေအူနေတာမျိုး ဖြစ်နေတတ်တယ်ဆိုလား၊ တောမှာ နွားများ ခြင်မီးထည့်သလို နန္ဒင်းမှိုင်းတိုက်သလိုဖြစ်နေတာ ဘာဖြစ်မှန်းမသိဘူးတဲ့။ အဲသလိုဖြစ်တော့ မြို့ရောက်မှဖြစ်တာလားဆိုတော့ ရွာမှာကတည်းကဖြစ်တာ။ ဖြစ်တာမှ ငယ်ငယ်ကလေးကတည်းက ဖြစ်တာတဲ့။ ဒါနဲ့ ငါက မင်းဆေးကုရမှာပေါ့ဆိုတော့ သူ့လည်ပင်းကကြိုးကိုပြတယ်။ ဒါ ဆေးကုထားတာပဲတဲ့။ မင်းအဲသလိုဖြစ်ရင် နေမကောင်းဘူးလားလို့မေးတော့ အဲသလိုဖြစ်ရင် မကောင်းဘူးဘဲပြောတယ်။ ဘာလို့မကောင်းတာလဲဆိုတော့ ဘာမှမပြောပြန်ဘူး’

ဂျိုးပိန်က သူပြောတတ်သလိုပြောတာနေမှာပါ။ တစ်ခါတစ်ခါ သူ့စိတ်ထဲ တစ်ခုခုခံစားရတာမျိုး၊ တင်းကျပ်လာတာမျိုး၊ စိတ်ဖိစီးလာတာမျိုး၊ မှိုင်းညို့လာတာမျိုး ဖြစ်နေရှာထင်ပါရဲ့။ ဒါမှမဟုတ် ကျန်းမာရေးပဲမကောင်းတာလား။ ကျွန်မတို့မှာလည်း အလုပ်များတဲ့ကြားက ဂျိုးပိန်ကိစ္စက ခေါင်းထဲရောက်ရောက်လာတတ်လေရဲ့။

*(ရှေ့လ ဇာတ်သိမ်းပါမည်)*

■

**ခင်ခင်ထူး**



www.burmeseclassic.com

www.burmeseclassic.com

# ညီအစ်ကိုနှစ်ယောက်နဲ့ ဖိနပ်အသစ်တစ်ရန်

ထမင်းတစ်ပန်းကန်ကို နှစ်ယောက်စားသလို၊ မုန့်တစ်ချပ် ဘီးတစ်ချောင်းကို နှစ်ယောက်သုံးသလို၊ ပုဆိုးတစ်ထည်ကို ညီအစ်ကို နှစ်ယောက်ဝတ်သလို၊ ဖိနပ်တစ်ရန်ကို ညီအစ်ကိုနှစ်ယောက် စီးလို့ရသလား။

တစ်ခါတစ်ခါ မိသားစုလေးတစ်စု အတွင်းက ချစ်မေတ္တာ၊ စာနာမှုနှင့် နားလည်သိတတ်မှုမှာ အံ့ဩစရာလည်း ကောင်းသည်၊ ရင်နင့်စရာလည်း ကောင်းသည်၊ ကြည်နူးစရာလည်း ကောင်းသည်။ သို့သော် ဤသို့သော ချစ်မေတ္တာနှင့် နားလည်သိတတ်မှုကို ပြည့်စုံကြွယ်ဝသော မိသားစုများ၌ သိပ်မတွေ့ရဟုထင်ပါသည်။ ပြည့်စုံကြွယ်ဝမှုမှ စီးဆင်းလာသည့် အလိုရမ္မက်တည်းဟူသော အမှောင်တိုက်သည် ညီအစ်ကိုမောင်နှမ ချစ်မေတ္တာကို ဖုံးအုပ်သွားလေ့





www.burmeseclassic.com

ရှိတတ်သည်။ တရားခွင် ရှေ့မှောက်၌ တစ်ဦးကိုတစ်ဦး အသေအလဲ တိုက်ခိုက်၍ အမှုဆိုင်ပြိုင်သူတို့မှာ ထိုသို့သော မိသားစုများ၏ အသီးအပွင့်များ ဖြစ်နေတတ်ပါသည်။

တစ်ခါက ညီအစ်ကို အရင်းနှစ်ယောက် အမှုဖြစ်ပါသည်။ မြေကို ခွဲစိတ်ကြရာမှ 'မြေတစ်တောင်' အငြင်းပွားသဖြင့် ရှေ့နေရှေ့ရပ်ငှားရမ်းကာ အကြီး အကျယ် အမှုဆိုင်ပြိုင်ပါသည်။ တရားရုံး အဆင့်ဆင့် တက်ရောက်သဖြင့် ငွေကုန် လူပန်းဖြစ်ခဲ့ပါသည်။

ရှေ့နေကြီးတစ်ဦးက ညီအစ်ကိုချင်းဖြစ်သဖြင့် မြေတစ်တောင်အတွက်နှင့် ဤမျှရှည်လျားစွာ အမှုမဆိုင်သင့်ကြောင်း၊ ညီအစ်ကိုချင်း ညှိနှိုင်းသင့်ကြောင်း ဖျောင်းဖျရာ 'အမှုသည်'က ဤသို့ ပြောပါသတဲ့။

'ဆရာက မြေပေါ်ကတစ်တောင်ပဲ မြင်တာကိုး၊ အောက်ဘက်တိုင်းကြည့်ရင် အဝီစိအထိနက်တာ ဆရာရဲ့'

ထို့ကြောင့် အံ့ဩလောက်အောင် ကြည်နူးစရာကောင်းသော ညီအစ်ကိုမောင်နှမတို့၏ ချစ်မေတ္တာကို နွမ်းပါးသော၊ ချို့တဲ့သော၊ မပြည့်စုံသော မိသားစုကလေးများမှာ ပို၍တွေ့ရတတ်သည်ဟု ကျွန်တော်ထင်သည်။

ညီအစ်ကိုနှစ်ယောက်အကြောင်းကို လူနှင်းချို(မတ္တရာ)က အက်ဆေးဖွဲ့ပါသည်။ သူ့အက်ဆေး၌ ညီအစ်ကိုသာမက ဖိနပ်တစ်ရန်ကလည်း တော်တော်အရေး ပါ,ပါသည်။ သူတို့ညီအစ်ကို၏ ချစ်မေတ္တာ သံယောဇဉ်သည် သူပြလိုက်သည့် ဖိနပ်တစ်ရန်ကြောင့် ပို၍ တောက်ပခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် အက်ဆေးရေးသည့် စကားပြေကို ဖွဲ့မှု၊ သွဲ့မှု၊ နွဲ့မှု ကြိုက်ပါသည်။ နှစ်သက်ပါသည်။

သို့သော် လူနှင်းချိုကိုတော့ လက်မြှောက်ရမည်ကဲ့သို့ ရှိပါသည်။ ဩချရမည်ကဲ့သို့ ရှိပါသည်။

*'ဟောဒီကမ္ဘာ ညစ်ညမ်းလေးထဲမှာ အစ်ကိုဟာ လှုပ်လီလှုပ်လဲ့ သစ်ပင်အိုလေးပါ။ သူ့မှာ အောက်ဆီဂျင်အပြည့်လေ။ ဖြစ်တည်မှုတွေ နေဝင်နေထွက် စောနေလည်း အစ်ကို့နှလုံးသားမှာ ဝမ်းသာဝမ်းနည်း မစောဘူး။ အရိုးသား ဆုံးပွင့်တဲ့ ပန်းကလေးမို့ အစ်ကို့ရနံ့က ထူးကဲပေရဲ့။*

*'မြို့တစ်မြို့လို ပုပ်သိုးမနေတတ်တဲ့ အစ်ကိုဟာ ရွာလေးတစ်ရွာလိုလည်း သိမ်ငယ်မနေတတ်ဘူး။ အစ်ကိုဟာ ပင်လယ်ရဲ့ ထိပ်ဖျားမှာ။ အစ်ကိုဟာ ချောင်းကောလေးရဲ့ အတွင်းနံရံမှာ။ အစ်ကိုဟာ လရောင်ရဲ့ စိုထိုင်းဆထဲမှာ။ အစ်ကိုဟာ နေညိုချိန် နေခြည်လိမ်လိမ်လေးထဲမှာ။ အစ်ကိုဟာ အဲဒီလို အလင်္ကာပြုလို့ရတဲ့ ကုန်စိမ်းသည်မကြီးရဲ့ သားတစ်ယောက်ပါ'*



အမှတ် ၃၅၀၊ ဇန်နဝါရီ ၂၀၁၉

ရွှေအမြုတေ
ရုပ်စုံမဂ္ဂဇင်း

## အက်ဆေးအကြောင်း အက်ဆေး

www.burmeseclassic.com

ချစ်လှစွာသောစာဖတ်သူ။ ခွင့်လွှတ်သည်းခံစေချင်ပါသည်။ သူက အင်မတန် ကဗျာဆန်ပါသည်။ စကားကို လူလိုမပြော၊ ကဗျာလိုပြောတတ်သကဲ့သို့ စကားပြေကိုလည်း ကဗျာလို ရေးတတ်သူဖြစ်ပါသည်။ ညီတစ်ယောက်က အစ်ကိုတစ်ယောက်ကို သည်နှယ်ချစ်မြတ်နိုးစွာ ဖွဲ့ဆိုနေပုံမျိုးကို ဖတ်ခွင့်ရဖို့ တော်တော့်ကို ခဲယဉ်းလိမ့်မည် ထင်ပါသည်။ သို့သော် နှဖပ်နေသော သူ၏ စကားပြေအဖွဲ့အနွဲ့မှာပဲ သူ့အစ်ကိုသည် ကုန်စိမ်းသည်မကြီးတစ်ဦး၏သား၊ ကုန်စိမ်းသည်မကြီးသည် သူတို့ညီအစ်ကို နှစ်ဦး၏ မိခင်ကြီး ဆိုသည်ကိုတော့ဖြင့် ရှင်းရှင်းလင်းလင်း စာဖတ်သူကို အသိပေးနိုင်ခဲ့ပါသည်။

*'တကယ်ဆို အစ်ကိုဟာ အိမ်နဲ့ဝေးတဲ့ ကလေးဖအေတစ်ယောက်ပါ။ သူ့သမီးလေး နို့မှုန့်ဖိုးအတွက် ချွေးထွက်ရင်း၊ သူ့အမေ နို့ဖိုးအတွက်လည်း သွေးအမြဲတမ်း ပန်းထွက်နေသူ။ သူ့အမေဆီလည်း သူဟာ အခါမလပ် မွေးတဲ့ပန်းတစ်မျိုး'*

သူ့အစ်ကိုသည် အိမ်ရာထူထောင်၍ အသိုက်အမြုံတစ်ခုကို တည်ဆောက်နေသူဖြစ်ကြောင်း၊ ကျေးဇူးရှင်မိခင်ကြီးကိုလည်း ဥပေက္ခာမပြုတတ်သော သားလိမ္မာတစ်ဦးဖြစ်ကြောင်း။ သူ့အတွက် အက်ဆေးဆရာ လူနှင်းချိုအဖို့ရာမှုကား…

*'ကျွန်တော့်အတွက် ကွက်လပ်ဖြစ်နေတဲ့ အဖအမည်နေရာတွေမှာ သူဘယ်တော့မှ နောက်မကျခဲ့ဘူး'*

ညီအတွက်ပါ တာဝန်မလစ်ဟင်းခဲ့သူ၊ 'အစ်ကိုကြီး အဖအရာ' ဖြစ်သည်ဟု ဆိုချင်ဟန်တူပါသည်။

သို့သော် အစ်ကို၏ မိသားစုဘဝသည် သက်သောင့်သက်သာရှိလှသည်ဟု မဆိုသာနိုင်ပါ။

*'သူ့သမီးလေး ခါးထစ်ခွချီလို့။ သူ့ဆံပင်ပုံစံတွေလည်း ပျက်စီးနေလိုက်တာ၊ လေနှောက်တိုင်း တိမ်းမှောက်နေလိုက်တာ၊ နေပူထဲ ထိုးကျနေတဲ့ သူ့*

o Lu
t i f w ef
u Asnq efyg n f
pu m,u kdv lv kdajym
u Asnv kdjymvw w f
o u bk kY
pu m;ajyu kd n f
u Asnv kd
a&;w w b Jzpfyg n f
n DW pfa, mu fu
t pfu kdv pfa, mu fu kd
o n ES f
cspf r w Ekd;pGm
zGJ kdeykHrsKd;u kd
zw fcGifhzkY
aw mfaw mfh kd
c,J Gf;v dhm n f
x i fyg n f

*အရိပ်ကလေးလည်း ခါတိုင်းထက် ပိုနက်မှောင်လို့။*

*'သူ့မိသားစု စားဝတ်နေရေးအတွက် သူ့ပုဆိုးတွေ လှည့်မဝတ်အားတော့ဘူး။ သူ့မိသားစုအနာဂတ် လှုပ်ရှားဖို့ သူ့ချွေး တလင်းခင်းနေတယ်။ သူ့မျက်လုံးနှစ်လုံးက သူ့မိသားစု ကမ္ဘာမြေမှာ နေနဲ့လ။ မိသားစုမုန်တိုင်းကို ပင်လယ်လို တောင့်ခံနေရှာတယ်'*

လူနှင်းချို၏ စကားပြေသည် ကဗျာဆန်လွန်းသော စကားပြေ ဖြစ်ပါသည်။ ဖွဲ့လွန်း၊ နွဲ့လွန်းသဖြင့် ပလီလွန်းသကဲ့သို့ ထင်ရစေကာမူ တဖြည်းဖြည်းဖတ်ရင်း အသားကျလာသောအခါ သူ၏ လှပသော အဖွဲ့အနွဲ့ထဲ၌ သူ၏ နာကျင်မှုနှင့် တန်ဖိုးထားမှုကို တွေ့လာရသည်ဟု အောက်မေ့မိပါသည်။ သူ့အစ်ကို၏ ခက်ခဲကြမ်းတမ်းသော ဘဝရုန်းကန်မှုကို ဖွဲ့ရာတွင် ပီလှသည်ဟု အောက်မေ့မိပါသည်။ သူ့အစ်ကို၏ ဆံပင်တွေ 'လေနှောက်တိုင်း တိမ်းမှောက်' ဆိုသည့် အဖွဲ့အနွဲ့က ကဗျာထက် ပို၍ ပန်းချီဆန်နေသည်။ သို့သော် ထိုအစ်ကိုသည် အဖမဲ့သော ညီဖြစ်သူအတွက်လည်း 'အဖအရာ' ဖြစ်ပါသတဲ့။

သူ့စာကိုဖတ်ရင်း ဆရာ မြသန်းတင့်၏ 'တမာနုချိန်စစ်တမ်း' ကို သတိရနေမိပါသည်။ *'ကျေးဖိုက ကျေးမ၏ မီးနေခန်းနားတွင် တရစ်သီသီ၊ အင်ကြင်းနီ အပျိုပေါက်က နွတ်ခမ်းဆိုးဆေးကို မဆိုးတတ်ဆိုးတတ်၊ ညားခါစဇနီးမောင်နှံက စိတ်ကောက်ပြီး သူတို့ခုတင်ပေါ်မှ ဆင်းသွားသော အနွေးဓာတ်ကို အိပ်ခန်းထဲလိုက်ရှာနေစဉ်'* ဆိုသည့် အဖွဲ့အနွဲ့မျိုး ဖြစ်သည်ထင်ပါသည်။

လူနှင်းချိုက သူ့အစ်ကိုသည် မည်သို့သော အစ်ကိုမျိုးဖြစ်သည်ကို မနားတမ်း ဖွဲ့ဆိုပါလေသည်။

*'အဖေ့ကို ကိုယ်စားပြုတဲ့ သူ့အနမ်းတွေ ကျွန်တော့်ကိုယ်ပေါ် ဖွေးနေပါပြီ။ သူ့မိသားစုအပေါ်လည်း ဖွေးနေခဲ့ပါပြီ'*

*'သူက အထုအထောင်းများတဲ့ ဘဝသင်ခန်းစာတွေ ကျက်ရင်း နှစ်ဆယ်ဖိုးသုံးလိပ် ဖက်ကြမ်းကိုလည်း ငုံခဲထားတတ်တယ်။ ဖက်ကြမ်းဆေးလိပ် အငွေ့ကြောင့်တော့ သူ့အဆုတ်တွေ မတွန့်ပါဘူးလို့ ခဏခဏ ပြောတတ်သေးရဲ့'*

*'မှတ်မိသေးတယ်။ သူ့သမီးလေး မွေးတုန်းကဆို မျက်လုံးကလေးတွေ အားပြည့်ဖို့ပဲ သူ ဆုတောင်းနေတယ်၊ သူက ပါဝါ မျက်မှန် ထူထူကြီးနဲ့လေ'*

*'အမျိုးအနွယ်ရဲ့ ရင်ထဲ တိုးမဝင်ခဲ့ဖူးပေမဲ့ အမျိုးအနွယ်ကို ရေလောင်းပေါင်းသင်တတ်သူ။ ကိုယ့်ဒဏ်ရာကို နားလည် တတ်တဲ့ အဲဒီလိုအစ်ကိုမျိုးနဲ့*



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဟာ ညီအစ်ကို တော်စပ်ခဲ့ပါတယ်။ အမေဟာ ရေနည်းနည်းနဲ့ ချိုတတ်တဲ့ အစာအာဟာရတစ်ခုကို တကယ်ပဲ မွေးဖွားပေးခဲ့ပါတယ်"

"သူ့ကျောပေါ်မှာ ရွာဦးကျောင်းဆရာတော် ဦးဝိဇယရဲ့ ကြိမ်ဒဏ်ရာတွေ ထင်းနေသေးတယ်။ ကျွန်တော့်အတွက် သီးပင်ပေါ်က သီးသီး ခူးပေးခဲ့ရလို့"

သည်အထိတော့ဖြင့် သူသည် အစ်ကို့အကြောင်းကို ပုံပြောဆရာတစ်ယောက်လို မနားစတမ်း ပြောနေခြင်းဖြစ်ပါသည်။ ပြောနေတုန်းမှာပဲ သူ့အတွက် အနစ်နာခံခဲ့ဖူးသော အတိတ်ဖြစ်ရပ်တစ်ခုကို လှစ်ခနဲ အရအမိ ပြလိုက်ပါသေးသည်။

တစ်နေ့တွင် သူတို့ညီအစ်ကို နှစ်ယောက် တွေ့ဆုံပါသည်။ ချိန်းဆို၍ မဟုတ်ဘဲ အမှတ်မထင် တွေ့ခြင်းမျိုးဖြစ်ပါသည်။ ဝတ္ထုတိုတစ်ပုဒ် ဆိုလျှင်ဖြင့် ဖြစ်စဉ်(event)က ဤနေရာမှ စတင်သည်ဟု ဆိုရမည် ထင်ပါသည်။

လူနှင်းချိုကို ပါးပါးလှပ်လှပ်ကလေး ရေးပြထားပါသည်။

"တစ်နေ့က အစ်ကိုနဲ့ကျွန်တော် လက်ဖက်ရည်ဆိုင်မှာ ဆုံဖြစ်တယ်။ ကျွန်တော်က လမိုက်ညတစ်ညလို ညှိုသွဲ့လို့။ အစ်ကိုက ဖယောင်းတိုင်မီးလို တဖြောက်ဖြောက် ထ,လင်းလို့။ ကျွန်တော်စီးထားတဲ့ ဖိနပ်က သည်းကြိုးတွေ ဖွာလန်ကြဲနေတဲ့ ဖိနပ်အဟောင်းလေး။ အစ်ကို့ခြေထောက်မှာက အလုပ်ရှင် ဆုချထားတဲ့ ဖိနပ်အသစ်ကလေးနဲ့ လွင်နေတယ်။ ကျွန်တော် ပြုံးလိုက်မိသေးတယ်။ အစ်ကို ဒါမျိုးနဲ့ ဝေးနေတာကြာပြီဆိုတဲ့ အတွေးနဲ့၊ အစ်ကိုက အိမ်အကြောင်းတွေ မေးလိုက်တာလည်း နှိုက်နှိုက်ချွတ်ချွတ်ပဲ။ ကျွန်တော်ကလည်း သူ့ညီဖြစ်နေလို့ စကားလုံးတွေ ချန်ထားလိုက်မိတယ်"

သည်နေရာတွင် ကျွန်တော်ဆက်မဖတ်သေးဘဲ ခဏရပ်တန့်၍ တွေးကြည့်မိပါသည်။

တစ်မြို့တည်းနေသော ညီအစ်ကို နှစ်ယောက် လက်ဖက်ရည်ဆိုင်မှာ အမှတ်မထင်ဆုံမိသည်။

အမေနေကောင်းလား၊ မင်းကော အဆင်ပြေရဲ့လား၊ စသည်ဖြင့် မေးမည်။ အရက်လျှော့သောက်ကွာ၊ အမေစိတ်ချမ်းသာအောင်လည်းနေ၊ အမေ့ကျန်းမာရေးကိုလည်း ဂရုစိုက်ဦး-စသည်ဖြင့် ပြောချင်ပြောမည်။ ပြောနိုင်ပါသည်။ သို့သော်-

တစ်ယောက်ဖိနပ်ကို တစ်ယောက်က အသေအချာကြည့်၊ ဩော်-ငါ့ညီဖိနပ်က စုတ်ပြတ်နေပြီ။ ဩော-အစ်ကို့ဖိနပ်က အသစ်ကလေး၊ ငါ့အစ်ကိုခမျာ ဒီလိုဖိနပ်အသစ် မစီးနိုင်တာကြာပြီကော ဆိုသည်အထိ အသေးစိတ်၊ အနုစိတ် သတိပြုမိဖို့ ဆိုသည်မှာ တော်တော်ခဲယဉ်းသည့်ကိစ္စ ဖြစ်မည်ထင်ပါသည်။ သို့သော် သူတို့ညီအစ်ကိုက တစ်မျိုး။ အိမ်အတွက် ပူပန်တတ်သော အစ်ကိုနှင့် အိမ်မှာအဆင်မပြေတာကို စကားအကုန်ပြန်မပြောဘဲ သိုသိပ်ခံစားတတ်သော ညီဖြစ်သည်။

ညီက အစ်ကိုဖြစ်သူ စိတ်ပူပန်ဆင်းရဲမှာကို စိုးရိမ်ကြောင့်ကြနေသည်။

"ကျွန်တော့်အတွက် အပူချိန်တွေ လျှော့ချလိုက်ပါတော့ အစ်ကို၊ ကျွန်တော်က လူပျိုလူလွတ် လူပေလူတေ တစ်ယောက်ပါ။ သူ့အကြည့်တွေက ကျွန်တော့်ခြေထောက်တွေဆီ မဟုတ်ဘူးထင်ပါရဲ့။ ကျွန်တော့် ဖွာလန်ကြဲ ဖိနပ်ကလေးဆီနေမှာလို့ အောက်မေ့မိတယ်။ ဟုတ်တယ်။ သူ ကျွန်တော်နဲ့ အလိုက်ဖက်ဆုံး ဝတ်ရုံတစ်ထည်ကို စဉ်းစားနေတာပဲဖြစ်မှာ။ ကျွန်တော့်ဖိနပ်ကလေးလည်း သူ့အကြည့်မှာ ရှက်သွေးဖြာခဲ့ရပြီ"

ဩော်- ကြင်နာတတ်လိုက်တဲ့ ညီနဲ့အစ်ကိုပါကလားဟု အောက်မေ့ရပါတော့သည်။ သူတို့နှစ်ယောက် အမှတ်မထင် ဆုံမိကြရာတွင် နှစ်ယောက်စလုံးမှာ အခက်အခဲတွေ ကိုယ်စီနှင့်။ တောင်မင်း မြောက်မင်း မကယ်နိုင်အခြေအနေ။ သို့သော် နှစ်ယောက်စလုံးက သိုင်းသမားတွေလို တစ်ယောက်အကဲ တစ်ယောက်ကြည့်နေသည်။ မျက်တောင်မခတ်စတမ်း ကြည့်နေခဲ့သည်။ အဆင်မပြေမှုတွေ၊ နာကျင်မှုတွေ၊ ဝမ်းနည်းစကားတွေ၊ ညည်းချင်းတွေကို သူတို့ပြောဆိုနေကြသည်မဟုတ်။ သို့သော် တစ်ယောက်၏ ရင်ထဲ တစ်ယောက်က ဝင်ကြည့်နေခဲ့ကြသည်။ တစ်ယောက်ရင်ထဲ တစ်ယောက် မြင်မိနေခဲ့ကြသည်။

"အစ်ကိုက သွားဖွေးဖွေးလေး လှစ်ခနဲပေါ်အောင် ပြုံးလိုက်သေးတယ်။ အစ်ကို ဘာတွေ ပြုံးနေပါလိမ့်ကွယ်ရို့"

"ကျွန်တော်တို့ ဥဒဟို စကားလေးတွေ ပြောဖြစ်ကြတယ်။ ကျွန်တော် လက်ဖက်ရည်ဖိုး ရှင်းမယ်လုပ်တော့ အစ်ကိုကပြောတယ်၊ ရေဆိုတာ မြင့်ရာကနေ နိမ့်ရာ စီးရတယ်တဲ့။ သူပဲ ရှင်းသွားတယ်။ အစ်ကိုကျွန်တော့်ကို နှုတ်ဆက်ရင်း ပြန်သွားတယ်။ ကျွန်တော်လည်း ထ,ပြန်မယ်လုပ်တော့ အစ်ကို ကျွန်တော့်ဖိနပ်နဲ့ မှားစီးသွားတယ်။ အစ်ကို့ကို လှမ်းအကြည့်မှာ အစ်ကို့ကျောလေးက အဖြူရောင်တွေ စိမ့်ထွက်လို့။ အဲဒီမှာ အစ်ကို့အပြုံးလေးကို ကျွန်တော် နားလည်လိုက်တယ်။ အစ်ကို ဖိနပ်မှားသွားတာမှ မဟုတ်ဘဲ။ ကျွန်တော့် ဘဝထဲကို သူ့သက်တံတွေ ခြေချလိုက်တာ"

ကျွန်တော်သည် လူနှင်းချို၏ အက်ဆေးကို ဖတ်နေရင်းက လက်ဖက်ရည်ဆိုင်ထဲမှ ဆံပင်ဖွာလန်ကြဲနှင့် ခပ်သုတ်သုတ် ထွက်ခွာသွားသော သူ့အစ်ကို၏ ကျောပြင်ကို မြင်ယောင်နေမိပါသည်။ "အစ်ကို ဖိနပ်မှားသွားတယ်လေ" ဟု လှမ်း၍အော်ဟစ် သတိပေးလိုက်မည့် ညီဖြစ်သူ၏အသံကို ကြားရမည်စိုးသောကြောင့် သုတ်ခြေတင်သွားသည့် လူတစ်ယောက်၏ ကျောပြင်ကို မြင်ယောင်နေမိပါသည်။ (half-tone)ဟု ဆိုရမည်ထင်ပါ၏။ စကားပြေကို ဝေ့ကာဝဲကာ၊ အကြောင်းအရာကို တစ်ဝက်မျှ "လှစ်" ကာ ပြောတတ်သော



www.burmeseclassic.com

www.burmeseclassic.com

အက်ဆေးဆရာ၏ ရင်ထဲ ဖျတ်ခနဲ ဝင်ကြည့်လိုက်ချင်မိပါသည်။ သူက သည်လို နိဂုံးချုပ်ပါသည်။

*"ကျွန်တော့်ခြေထောက်က ဖိနပ်အသစ်ကလေးမှာ ကျွန်တော့်အပြုံးလေးတွေ ကြွေကျနေတယ်။ မျက်ရည်လေးတွေလည်း ကြွေကျနေခဲ့တယ်။ အစ်ကို့ခြေထောက်မှာရော ဘာတွေ ကြွေကျနေမလဲ။ ကမ္ဘာမြေကြီးမှာ ဝါကျအသစ်လေးတစ်ကြောင်း တိုးလာခဲ့ရပါတယ်။ အဲဒီအစ်ကိုဟာ ကမ္ဘာမြေကြီးထဲမှာ တကယ်ရှိခဲ့ပါတယ်"*

ကျွန်တော် ယုံပါသည်။ ဤကမ္ဘာမြေအပြင်တွင် ဤကဲ့သို့ ချစ်ခင်တတ်သော၊ ကြင်နာတတ်သော၊ ဤကဲ့သို့ အနစ်နာခံတတ်သော ညီအစ်ကိုတို့ တကယ်ရှိခဲ့ပါသည်။ တကယ်ရှိနေပါသည်။ သို့သော် ချမ်းသာသော၊ ပြည့်စုံကြွယ်ဝသော မိသားစုများ၌ တွေ့ရခဲလိမ့်မည် ထင်ပါသည်။ မြင်ရခဲလိမ့်မည် ထင်ပါသည်။ ချို့တဲ့ခြင်း၊ နွမ်းပါးခြင်း၊ မပြည့်စုံ မကုံလုံခြင်း-တို့နှင့် အတိပြီးသော မိသားစုများ၌သာ သည်သို့သော ချစ်မေတ္တာကို တွေ့ရတတ်ပါသည်။ ဘုရားသခင်က ဤသို့သော ချစ်မေတ္တာကို ဆင်းရဲသော မိသားစုများအား တသီးတခြား လက်ဆောင်ပေးအပ်လေ့ရှိသည်ဟု ကျွန်တော်ထင်ပါသည်။

လူနင်းချိုသည် ယခုအခါ အက်ဆေးလေးတွေ တော်တော်ရေးနေပါပြီ။ သို့သော် သူသည် ကဗျာဆရာအဖြစ်မှ ကူးပြောင်းလာသူဖြစ်ပါသည်။ သူ၏ အက်ဆေးအဖွဲ့အနွဲ့ကို "ပလီလွန်းသည်" ဟု ကျွန်တော်က ထင်မိခဲ့ပါသည်။ သို့ပေမဲ့ ဖတ်ရင်း ဖတ်ရင်း သူ့အဖွဲ့အနွဲ့နှင့် သူ့အကြောင်းအရာမှာ လိုက်ဖက်သည်ဟု ခံစားလာမိပါသည်။ ကဗျာတစ်ပုဒ်နှင့် တူသည်ဟု အောက်မေ့လာမိပါသည်။

စင်စစ် သူသည် ဤအကြောင်းအရာကိုပဲ သူက ကဗျာတစ်ပုဒ်အဖြစ် ဖွဲ့ခဲ့ဖူးပါသည်။

*"အစ်ကိုဆိုတာ*
*အဖေနဲ့သင်းမှလှတာ၊*
*ငါ့ဖိနပ်ဟောင်းကို*
*လဲစီးသွားတုန်းက*
*တစ်ခန်းလုံး ကြိုင်နေတဲ့ အနံ့*
*အခန်းထဲမှာလည်း ပန်းခင်းကြီး*
*ရှိမနေဘူး"*

အစ်ကိုဆိုတာ အဖေနဲ့သင်းမှလှတာတဲ့။ ဟုတ်လိုက်လေ။

ယခုအခါ ကျွန်တော်တို့သည် ဖခင်အရွယ်သို့ ရောက်နေခဲ့ပါပြီ။ သို့သော် ကျွန်တော်တို့က မေ့လျော့နေတတ်ပါသည်။ သားတွေသမီးတွေကို အနစ်နာခံတတ်အောင် သင်ကြားပေးဖို့ မေ့လျော့နေတတ်ပါသည်။ လေ့ကျင့်ပေးဖို့ မေ့လျော့နေတတ်ပါသည်။ စင်စစ် တစ်ဦးကိုတစ်ဦးက အနစ်နာခံခြင်းသည်သာ ကြည်နူးကျေနပ်မှုကို မွေးဖွားပေးတတ်စမြဲ ဖြစ်ပါသည်။

လူနင်းချိုသည် ဖိနပ်အသစ်တစ်ရန်ကို စီးခဲ့ပါသည်။ သူ့အစ်ကို စီးသွားသော ဖိနပ်ကိုတော့ဖြင့် သူ မမြင်ဟု ထင်ပါသည်။ သို့သော် ကျွန်တော်မြင်လိုက်ပါသည်။ သူ့အစ်ကိုသည်လည်း ဖိနပ်အသစ်ကလေး တစ်ရန်ကို စီးသွားခဲ့ခြင်းဖြစ်ပါသည်။ သူ့အစ်ကို စီးသွားသည်က ကြည်နူးကျေနပ်မှု ဖိနပ်တစ်ရန် ဖြစ်ပါသည်။ မည်သည့်အခါမှ ဟောင်းနွမ်းသွားလိမ့်မည် မဟုတ်သော ဖိနပ်အသစ်ကလေးတစ်ရန်ပဲ ဖြစ်ပါသည်။ စင်စစ် ဖိနပ်အသစ်တစ်ရန်ကို ညီအစ်ကိုနှစ်ယောက် စီးသွားခဲ့ခြင်းပဲ ဖြစ်ပါသည်။ ■

**မောင်ရင့်မာ၊ကျောင်းကုန်း၊**

**ရည်ညွှန်း။ ။**

- **မိုးတိမ်အညွှန့်ပေါ်က အစ်ကို့ဖိနပ်လေး**(အက်ဆေး) ပိတောက်မြေမဂ္ဂဇင်း (၂၀၀၆၊ စက်တင်ဘာ)
- **ငါ့အစ်ကိုတနင်္လာသားကြီး** (ကဗျာ) ရယ်စရာမဂ္ဂဇင်း (၂၀၀၉၊ နိုဝင်ဘာ)

ရုပ်စုံမဂ္ဂဇင်း

ဖြန့်ချိရေး

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၈၃၉၈၂၂၀



www.burmeseclassic.com

www.burmeseclassic.com

၁။

ကျွန်တော် ကျောင်းစမတက်မီ
ငါးနှစ်သားအရွယ်အထိ
အချိန်ဆိုတာ ရှိလို့ရှိမှန်း
မသိခဲ့ပါ။ စားလိုက်၊
ကစားလိုက်ဖြင့် ကလေးဘဝက
ပျော်စရာ ကောင်းလှသည်။
မူလတန်းကျောင်းသားဘဝမှာ
အချိန်နှင့် စတင်ရင်းနှီးခဲ့သည်။
မနက် ၇ နာရီမှ
နေ့ ၁၁ နာရီအထိ မနက်ပိုင်း
ကျောင်းတက်ရသည်။
နေ့ ၁၁ နာရီမှ မွန်းတည့်
၁၂ နာရီအထိ ထမင်းစား
ကျောင်းဆင်းသည်။ မွန်းတည့်
၁၂ နာရီမှ ညနေ ၄ နာရီအထိ
ညနေပိုင်း ကျောင်းပြန်
တက်ရသည်။ ညနေ
၄ နာရီမှာ ကျောင်းဆင်းသံ
ချောင်းခေါက်သည်။
မနက်တိုင်း ၆ နာရီဆို
အမေက ကျွန်တော့်ကို
နှိုးသည်။ မျက်နှာသစ်
သနပ်ခါးလိမ်းပေးသည်။
အဝတ်အစားလဲပေးပြီး
မနက်စာအဖြစ်
ထမင်းဆီဆမ်း ပဲပြုတ်နယ်ပြီး
မုန့်ကြော်ဖြင့် ကျွေးသည်။
'အမေ၊ နာရီဆိုတာ ဘာလဲဟင်'
'နာရီဆိုတာ အချိန်ပေါ့
သားရဲ့'
'အချိန်ဆိုတာကော
ဘာလဲဟင်'
'အချိန်ဆိုတာ…
အချိန်ဆိုတာ…'
အမေက ခေတ္တ
စဉ်းစားနေသည်။ ပြီးမှ
'အချိန်ဆိုတာ လူတွေရဲ့
သတ်မှတ်ချက်တစ်ခုပဲ
သားရဲ့၊ ဒါမှ အလုပ်သမားတွေ
အလုပ်တက် အလုပ်ဆင်းမှန်မယ်၊
သားတို့လို ကျောင်းသားတွေလည်း
ကျောင်းတက်ကျောင်းဆင်း
မှန်မှာပေါ့'ဟု ပြန်ပြောသည်။
'အချိန်က သရဲလား အမေ'
'ဘာဖြစ်လို့လဲ သားရဲ့'
'သူ့ကို မမြင်ရလို့ပါ'
ကျွန်တော့်အပြောကို
အမေက ဟက်ဟက်ပက်ပက်
ရယ်လိုက်ပြီး-
'ကဲ ကိုလေအိုးလေး
လေရှည်မနေနဲ့၊
ကျောင်းနောက်ကျတော့မယ်။
သွားတော့'ဟု
ကျွန်တော့်ပါးကို ရွှတ်ခနဲ
နမ်းပြီး ကျောကို
တွန်းလွှတ်သည်။
❑



၂။
သည်လိုနှင့် အချိန်က
ကျွန်တော်နှင့်ပတ်သက်လာသည်။
အချိန်၏ အသေးဆုံး ယူနစ်မှာ
စက္ကန့်ဖြစ်ကြောင်း သိလာရသည်။
စက္ကန့် ၆၀ တစ်မိနစ်။
မိနစ် ၆၀ တစ်နာရီ။
၂၄ နာရီ တစ်ရက်။
အချိန်နှင့်ပတ်သက်သည့်
စာတွေ ကျက်ရသည်။
နာရီကြည့်နည်းကို
ဆရာက သင်ပေးသည်။
'ဟောဒီ နာရီလေးထဲမှာ
လက်တံသုံးခုပါတယ်။
စက္ကန့် လက်တံ၊
မိနစ်လက်တံနဲ့ နာရီလက်တံ ပဲ။
ဒီလက်တံလေးတွေကို
ကြည့်ပြီး ဘယ်အချိန်
ရှိပြီလဲဆိုတာ သိနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

# နတ်မျှား

ဆီးတားကာဝှက် လ ရက် နဝရီ






www.burmeseclassic.com

www.burmeseclassic.com

နောက်အတန်းကြီးတွေမှာ စာမေးပွဲဖြေရင် နာရီကန့်သတ်ထားတဲ့အတွက် နာရီကို ကြည့်တတ်အောင် ကြိုးစားကြ ဟုတ်လား’

‘ဟုတ်ကဲ့ပါ ဆရာ’

ဟုတ်ကဲ့ပါ ဆရာဟု ပြောသော်လည်း ကျွန်တော့်မှာ နာရီမရှိ။ ကျွန်တော့်လိုပင် ကျောင်းသား အများစုမှာ နာရီမရှိ။ သို့ဖြင့် အလယ်တန်းကျောင်းသားဘ၀ ရောက်သည်အထိ နာရီကောင်းကောင်း မကြည့်တတ်။ သို့သော် အချိန်ကိုသိဖို့ နာရီလိုအပ်ကြောင်း သိလာခဲ့သည်။ အထက်တန်းကျောင်းသားဘ၀တွင် နာရီပတ်ချင်စိတ် ပေါ်လာသည်။ သားချည်း ၇ ယောက် မွေးသဖြင့် မိသားစုကများသည်။ ကျွန်တော့်အထက်အကြီး ၃ ယောက်က တက္ကသိုလ် တက်နေသဖြင့် ကျောင်းစရိတ်ကထောင်းသည်။ သို့ဖြင့် အမေ့ကို နာရီ၀ယ်ပေးဖို့ ကျွန်တော် မပူဆာရက်ပါ။ နောက်တော့ အမေက အစ်ကိုတစ်ယောက်၏ နာရီအကျကို ဆင်ပေးသည်။

‘၇ ရက် တစ်ပတ်’

‘၄ ပတ် တစ်လ’

‘၁၂ လ တစ်နှစ်’

ရက် ၃၀ မှာ စက်တင်ဘာ၊ ဧပြီ ဇွန်နဲ့ နို၀င်ဘာ၊ ကျန်သောလမှာ ၃၁၊ ဖေဖော်၀ါရီ ၂၈၊ ရက်ထပ်နှစ်မှာ တစ်ရက်တိုး ဖေဖော်၀ါရီ ၂၉။

အချိန်၏ အကြီးဆုံးယူနစ်မှာ ‘နှစ်’ ဖြစ်ပြီး တစ်နှစ်တာကာလ၏ အချိန်ကို သိနိုင်ဖို့ လူတွေက ပြက္ခဒိန် တီထွင်ခဲ့ကြောင်း သိလာရသည်။ အဖေက ကျွန်တော့်ကို ပြက္ခဒိန်ကြည့်နည်း သင်ပေးသည်။ ကျွန်တော်က များသောအားဖြင့် သီတင်းကျွတ်နှင့် သင်္ကြန်ကျောင်းပိတ်ရက်များသိဖို့ ပြက္ခဒိန်ကို လှန်လှေ့ရှိသည်။

သို့ဖြင့် ကျွန်တော် ဆယ်တန်းရောက်လာသည်။ အငယ်တန်းများနှင့် မတူ စာတွေများလာသဖြင့် စာပိုကျက်ရသည်။ အချိန်တိုင်းလိုလို စာပြီးရင်းစာ

t csdf&UJ
t u S;fo m;b 0u
v G fajr mu fzdk
w pfen fy&Sd , f
t 'Jgi
ao jci f w &m;y J
r ao ao ;o r @w nhm
t csdf eJ
t v kd b i faeo G;zdkUJ
&Sd , f
t csdfu
r i fajymo v kd
t q kd;csn f
r[ kw fygb l
au mi fw bl
t csdi faw G n f
&Sdyg w , f

လုပ်ရသည်။ ကစားချိန်နည်းလာသဖြင့် ကျွန်တော် စိတ်ညစ်ညူးမိသည်။ ထိုအကြောင်းကို အဖေ့အားပြောပြမိသည်။

အဖေက-

‘လူဆိုတာ အချိန်ရဲ့ ကျေးကျွန်ပဲသား၊ အဖေတို့ အလုပ်သမားတွေ တစ်နေ့တာ အလုပ်ဆင်းရသလို၊ သားတို့ ကျောင်းသားတွေလည်း ကျောင်းတက်ရတာပဲ။ မင့်အမေလည်း မင်းတို့စားဖို့အတွက် ဈေးသွားပြီး ချက်ပြုတ်ရတယ်။ အိမ်မှုကိစ္စလုပ်ရတယ်။ ညအိပ်မှပဲ နားရတယ်။ လူတိုင်းဟာ တစ်နာရီပြီး တစ်နာရီ၊ တစ်နှစ်ပြီး တစ်နှစ်၊ ကိုယ့်အလုပ် ကိုယ်လုပ်ပြီး အိုမင်းကြရတယ်။ အဲဒါဟာ ဘ၀ပဲ’

❑

၃။

ကျွန်တော် ဆယ်တန်းအောင်ပြီး မန္တလေး ဆေးတက္ကသိုလ်မှာ တက်ရောက်ပညာသင်ကြားခွင့် ရသည်။ ဘာသာရပ်တွေများသလို စာတွေကလည်း ဆယ်တန်းထက် အဆမတန် ပိုများသည်။ တစ်ပတ်တစ်ခါလောက် စာမေးပွဲ ရှိသည်။ စာမေးပွဲပြီး၍ ပျော်လို့မှ အားမရခင် နောက်ထပ် စာမေးပွဲတစ်ခုက ရောက်လာသည်။

‘လူဆိုတာ အချိန်ရဲ့ ကျေးကျွန်ပဲသား’ ဟူသော ရေနံအလုပ်သမား အဖေ၏ စကားကို ပြန်ကြားယောင်မိသည်။ အချိန်မှာ အရောင်အဆင်း အနံ့အရသာမရှိ၊ အချိန်ကို ကြည့်လို့ မြင်လို့ ထိတွေ့လို့မရ။ အချိန်ကို ထမင်းလို ၀ါးစားလို့မရ။ ရေလိုသောက်မျိုလို့ မရ။ မမြင်ရတာချင်း အတူတူ လေက တိုးဝှေ့တိုက်ခတ်မှုကြောင့် ရှိလို့ရှိမှန်းသိသာသည်။ အချိန်က ရှိလို့ရှိမှန်း မသိအောင် လျှို့၀ှက်နက်နဲလွန်းလှသည်။

‘အချိန်ဆိုတာ ဘာလဲ၊ အချိန်က ဒီကမ္ဘာကြီးမှာ ဘယ်တုန်းကပေါ်ပေါက်ခဲ့သလဲ။ အချိန်က သေဆုံးသွားနိုင်သလား၊ ဒါမှမဟုတ် အချိန်မှာ နိဂုံးရှိသလား’

ကျွန်တော်နှင့် ရင်းနှီးသော ဆေးတက္ကသိုလ်က ရူပဗေဒဆရာတစ်ယောက်ကို သည်ကဲ့သို့ မေးကြည့်ခဲ့ဖူးသည်။ သူက-

‘အချိန်ရဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုဖို့ တော်တော်ခက်တယ်။ အချိန်က အမြဲမပြတ် စီးဆင်းနေတဲ့ မြစ်တစ်စင်းနဲ့ တူတယ်။ မြစ်က မြင့်ရာကနေ နိမ့်ရာစီးဆင်းသလို၊ အချိန်ကလည်း အတိတ်ကနေ ပစ္စုပ္ပန်ကို ဖြတ်ပြီး အနာဂတ်ကို စီးဆင်းတယ်’

ဆရာက အချိန်၏ အဓိပ္ပာယ်ကို သူနားလည်သလို ရှင်းပြနေသည်။

‘ဒီစကြ၀ဠာကြီး စတင်ပေါ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com

ချိန်နဲ့ တစ်ပြိုင်နက် သူ့ရဲ့ ဖွားဖက်တော်တွေဖြစ်တဲ့ 'နေရာ'နဲ့'အချိန်' ညီအစ်ကိုနှစ်ယောက် မွေးဖွားခဲ့တယ်။ လွန်ခဲ့တဲ့နှစ်သန်းပေါင်း ၁၃ ဒသမ ၈ ဘီလျံကလို့ ယူဆကြတယ်။ နေရာနဲ့အချိန်မှာကွာခြားချက်နှစ်ခုရှိတယ်။ တစ်… နေရာက မြင်နိုင်တယ်။ အချိန်က မမြင်နိုင်ဘူး။ နှစ်… နေရာက ရှေ့တစ်လှမ်းတိုးပြီး နောက်တစ်လှမ်း ဆုတ်နိုင်တယ်။ မူလနေရာကို ပြန်ရောက်နိုင်တယ်။ အချိန်က အမြဲတမ်း ရှေ့ကိုပဲသွားတယ်။ နောက်ပြန်ဆုတ်လို့ မရဘူး'

ဆရာ၏ အဆိုအရ နေရာနှင့်အချိန်က လူတွေ မမွေးဖွားမီကတည်းက ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နေရာက ရေမြေတောတောင် သဘာဝ၊ အာကာသ၊ အလှတွေနှင့် သာယာကြည်နူးဖွယ်ကောင်းလှသည်။ နောက် နေရာက လူတို့အတွက် နေဖို့၊ စားဖို့၊ ဝတ်ဖို့ပေး၏။ ကျေးဇူးကြီးလှ၏။ အချိန်က ရှိနေသည်ဟူသော အစွဲအလမ်းကြောင့်သာ ရှိလိုက်ရသည်။ မမြင်နိုင် မထိမတွေ့နိုင်သောကြောင့် ဘာကြီးမှန်းမသိ။ အချိန်အရွယ်ဟူ၍ အချိန်နောက်က 'အရွယ်'ဟူသော စကားကပ်သုံးလေ့ရှိသည်။ အကြောင်းမှာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဟူသော ပဋိသန္ဓေနေခြင်း၊ အိုမင်းခြင်း၊ နာခြင်း၊ သေဆုံးခြင်းတို့သည် အချိန်နှင့်အမျှ ဖြစ်ပျက်နေသောကြောင့် ဖြစ်သည်။ အချိန်ကိုလိုက်၍ အရွယ်က ပြောင်းလဲကြရသည်။ ကုန်လွန်ပြီးသော အရွယ်ကို ပြန်လိုချင်၍ မရ။ အချိန်၏ လူတွေအတွက် နောက်ဆုံးဦးတည်ရာ အရပ်က သေဆုံးခြင်းသာ ဖြစ်သည်။

'အချိန်က စကြဝဠာကြီးကို တည်မှီပြီး မွေးဖွားလာတော့ စကြဝဠာ ပျက်စီးသွားရင် အချိန်လည်း သေဆုံးသွားမယ်။ တစ်နည်းပြောရရင် အချိန်နိဂုံးချုပ်သွားမယ်'

ရူပဗေဒဆရာ၏ စကားအရ အချိန်က စကြဝဠာပျက်သုဉ်းမှ သေဆုံးသွားလိမ့်မယ်။ တစ်နည်းဆိုရသော် အချိန်

t csdf&U
t wkd &6S fu
wpfb rwfwnf
rajymifv bl,
wpf elpfu
wpf elpf
wpfen&D
wpfen&DygJ
'gayrbl
v lawG&U
t csdf ayrSm
cpfh;csi fu awmh
ajymifv Jw, f

နိဂုံးချုပ်သည်နှင့် လူတွေဘဝလည်း နိဋ္ဌိတံလိမ့်မည်။ လူတွေရှိသမျှ အချိန်က ရှိနေလိမ့်မယ်။ လူတွေမှာ အရွယ်သုံးပါးရှိသည်။ လူငယ်၊ လူလတ်၊ လူကြီးဟူ၍ ဖြစ်သည်။ လူငယ်ဘဝမှာ ပညာသင်ရသည်။ 'အချိန်ရှိခိုက် လုံ့လစိုက်၊ အချိန်နှင့်ဒီရေသည် လူကိုမစောင့်။ နေသာတုန်း စပါးလှန်း' စသဖြင့် စာစီစာကုံးများ ရေးရမည်။ လူလတ်ပိုင်းရောက်တော့ ပညာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ ပိုက်ဆံရှာရမည်။ အချိန်နှင့် အလုပ်လုပ်ကြရမည်။ လူကြီးပိုင်းရောက်တော့လည်း မြေးထိန်းလိုက်၊ တရားမှတ်လိုက်နှင့် အချိန်ကုန်ရသည်။

အချိန်က လူတို့အတွက် နှောင်ကြိုးတစ်ချောင်း သို့မဟုတ် အကျဉ်းထောင်တစ်ခုသာ ဖြစ်သည်။

'အချိန်ရဲ့ အကျဉ်းသားဘဝက လွတ်မြောက်ဖို့ တစ်နည်းပဲရှိတယ်။ အဲဒါက သေခြင်းတရားပဲ။ မသေသေးသမျှတော့ အချိန်နဲ့ အလိုက်သင့်နေသွားဖို့ပဲ ရှိတယ်။ အချိန်က မင်းပြောသလို အဆိုးချည်း မဟုတ်ပါဘူး။ ကောင်းတဲ့အချက်တွေလည်း ရှိပါတယ်။ အချိန်က လူတန်းစားမခွဲခြားဘူး။ လူဖြူဖြစ်စေ လူမည်းဖြစ်စေ၊ လူချမ်းသာဖြစ်စေ လူဆင်းရဲဖြစ်စေ၊ အရာရှိဖြစ်စေ မင်းစေဖြစ်စေ တစ်ရက်ကို ၂၄ နာရီ အညီအမျှပေးတယ်။ မျက်နှာလိုက်ပြီး ပိုပေးတယ်လို့ မရှိဘူး။ နောက် အချိန်မှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုပြီး ကာလသုံးခုရှိတာလည်း တော်တော်ရင်ခုန်စရာကောင်းတယ်။ အတိတ်က လွမ်းမောဖွယ်ရာကောင်းတယ်။ ပစ္စုပ္ပန်က မျှော်လင့်ချက်တွေနဲ့ ရှင်သန်ရတယ်။ အနာဂတ်ဆိုတာတော့ ဖမ်းဆုပ်လို့မရတဲ့ အိပ်မက်နဲ့တူတယ်ကွ။ နောက် 'သေသောသူ ကြာရင်မေ့'ဆိုတဲ့ စကားရှိတယ် မဟုတ်လား။ အချိန်က သမားတော် တစ်ယောက်နဲ့တူတယ်။ ဝေဒနာတွေကို လျော့ပါးစေတယ်။ အချိန်ကို အကျဉ်းထောင်တစ်ခုလို သဘောမထားဘဲ နန်းတော်တစ်ခုလို့ တွေးမှ လောကကြီးက နေပျော်မယ်။ သဘာဝတရားက ပေးတဲ့ သယံဇာတတွေ အများကြီးရှိတယ်။ တန်ဖိုးအရှိဆုံး သယံဇာတက အချိန်ပဲ တပည့်။ လူတွေရဲ့ အသက်ကို အချိန်နဲ့ ရေတွက်ကြတယ် မဟုတ်လား။ တကယ်တော့ အချိန်ဆိုတာ ဘဝပဲ။ အချိန်ကို ကောင်းကောင်း အသုံးချမှ ဘဝက ကောင်းကောင်းလှပမယ်။ အချိန်ကို အကျိုးမဲ့ ဖြုန်းတီးရင်တော့ ဘဝလည်း အကျိုးမဲ့ ပြုန်းတီးသွားလိမ့်မယ်'

ဆရာက ကျွန်တော့်ကို မန္တလေးမှာ ညတိုင်းလိုလိုရှိနေတတ်သည့် အငြိမ့်ပွဲ၊ ဇာတ်ပွဲတွေ နောက်ချည်းမလိုက်ဘဲ စာ



www.burmeseclassic.com

www.burmeseclassic.com

ကြီးစားဖို့ သွယ်ဝိုက်၍ ဆုံးမနေကြောင်း ကျွန်တော်သိလိုက်သည်။

'အချိန်က နာကျင်မှုတွေ၊ ငြီးငွေ့မှုတွေနဲ့ အမြဲတမ်း တမာလိုခါးမနေပါဘူး တပည့်ရ။ ရယ်စရာ ပျော်စရာတွေနဲ့ ပျားရည်လိုချိုတဲ့ အခိုက်အတန့်တွေလည်း ရှိနေပါတယ်'

❑

၄။

မန္တလေး ဆေးတက္ကသိုလ်တက်ရင်းက ရွှေမန်းသူလေးတစ်ယောက်နှင့် ကျွန်တော် ချစ်ကျွမ်းဝင်ခဲ့သည်။ ရည်းစားနှင့် ချိန်းတွေ့သည့်အချိန်တိုင်းမှာ ရူပဗေဒဆရာ၏ စကားကို ကြားယောင်ပြီး ပြုံးနေမိသည်။

'အချိန်ရဲ့ အတိုအရှည်က တစ်သမတ်တည်း မပြောင်းလဲဘူး။ တစ်မိနစ်က တစ်မိနစ်၊ တစ်နာရီက တစ်နာရီပါပဲ။ ဒါပေမဲ့ လူတွေရဲ့ အချိန်အပေါ်မှာ ခံစားချက်ကတော့ ပြောင်းလဲတယ်ကွ။ လက်ကို မီးအပူဟပ်ခံရတဲ့ တစ်မိနစ်ကို တစ်နာရီကြာတယ်လို့ ထင်မယ်။ မိန်းမချောလေး တစ်ယောက်ရဲ့ နံဘေးမှာထိုင်ရတဲ့ တစ်နာရီကို တစ်မိနစ်လောက်ပဲ ထင်မယ်။ ရူပဗေဒ ပညာရှင်ကြီး အိုင်းစတိုင်းက အဲသလို ပြောခဲ့တယ်'

အခုတော့ ကျွန်တော့်အသက်သည် တတိယအရွယ်သို့ ချင်းနင်းဝင်ရောက်ခဲ့ပြီ။ ကျွန်တော် လေးစားချစ်ခင်ရသော ရူပဗေဒဆရာသည်ပင် အချိန်ကို နှုတ်ဆက်၍ လူ့လောကကြီးမှ ထွက်ခွာသွားခဲ့ပြီ။ ရှုရှားစာရေးဆရာကြီး တော်လ်စတွိုင်းက လူ့ဘဝကို တောင်ပေါ်မှ လိမ့်ကျလာပြီး ကမ်းပါးစွန်းက နွယ်ပင်အား တွဲလောင်းဆွဲထားသူ လူတစ်ယောက်နှင့် နှိုင်းယှဉ်ခဲ့သည်။ သူဆုပ်ကိုင်ထားသည့် နွယ်ပင်ကို နေ့နှင့်ည ဆိုသည့် ကြွက်ဖြူ ကြွက်မည်းနှစ်ကောင်က ကိုက်ဖြတ်နေသည်။ အောက်က ရေအိုင်ထဲမှာ သူ ပြုတ်ကျလျှင် စားဖို့၊ ဝါးဖို့ သေခြင်းတရားဆိုသည့် မိကျောင်းတစ်ကောင်က သူ့ကို မော့ကြည့်ပြီး အသင့်စောင့်နေသည်။ သည်လောက် သေဘေးနှင့် နီးကပ်သည့်ကြားကပင် သစ်ကိုင်းတစ်ခုရှိ ပျားအုံမှ တစ်စက်တစ်စက်ကျနေသည့် ပျားရည်စက်များကို လျှာထိုးပြီး အရသာခံနေသေးသည်။ ဘဝမှာ ကြုံလာရသော သုခ၊ ဒုက္ခ မှန်သမျှသည် ချိုမြိန်သော ပျားရည်စက်များဖြစ်သည်။ သို့သော် အရသာခံရသည့် အချိန်က ရေပွက်ပမာ တိုတောင်းကြောင်း တော်လ်စတွိုင်းက ဆိုလိုဟန်ရှိသည်။

အချိန်နှင့် အလိုက်သင့် စီးမျောရင်း အချိန်က ကျွန်တော့်ကို ဝါးမျိုသွားခဲ့ပြီ။ ကျွန်တော်တွဲခိုနေသော နွယ်ပင်က ပြတ်လုပြတ်ခင် ဖြစ်နေပြီ။ မိကျောင်း၏ ခံတွင်းဝသို့ အနေးနှင့်အမြန် သက်ဆင်းရတော့မည်။ အချိန်က သူ့ရင်ခွင်မှာ လူတို့၏သမိုင်းကို မမေ့မလျော့ သိမ်းဆည်းထားကြောင်း ကျွန်တော် သိခဲ့ရပြီ။ စာရေးဆရာကြီး ဗန်းမော်တင်အောင်က *'လူတစ်ယောက်ရဲ့ သမိုင်းဟာ ခေတ်ကြီးက သူ့ပခုံးပေါ် ပစ်တင်လိုက်တဲ့ တာဝန်ကို ဘယ်လောက်ကျေပွန်အောင် ထမ်းဆောင်နိုင်သလဲဆိုတဲ့ အချက်နဲ့ တိုင်းတာတယ်'* ဟု ပြောခဲ့သည်။ သမိုင်းဆိုသည်မှာ အလုပ်ဖြစ်ပြီး အလုပ်လုမှ သမိုင်းလုမည်။ အလုပ်လုဖို့အတွက် လူသားအချင်းချင်းပေါ်မှာထားသည့် မေတ္တာ၊ ကရုဏာ၊ စေတနာတို့ လုဖို့ လိုသည်။

ကျွန်တော်တို့ မည်ကဲ့သို့ သေဆုံးသင့်ကြောင်းကို ကဗျာဆရာကြီး ဇော်ဂျီက **'သင်သေသွားသော်'** အမည်ရသည့် ကဗျာလေးဖြင့် သတိပေးသွားခဲ့သည်။

**သင်သေသွားသော်**

*ဩော်…လူ့ပြည်လောက*<br>
*လူ့ဘဝကား*<br>
*အိုရ နာရ သေရဦးမည်*<br>
*မှန်ပေသည်တည့်။*<br>
*သို့ပြီးတကား၊*<br>
*သင်သေသွားသော်*<br>
*သင်ဖွားသောမြေ၊*<br>
*သင်တို့မြေသည် အခြေတိုးမြင့်၊*<br>
*ကျန်ကောင်းသင့်၏။*<br>
*သင်၏မျိုးသား စာစကားလည်း*<br>
*ကြီးပွားတက်မြင့်၊*<br>
*ကျန်ကောင်းသင့်၏။*<br>
*သင်ဦးချ၍ အမျှဝေရာ*<br>
*စေတီသာနှင့်၊*<br>
*သစ္စာအရောင်*<br>
*ဉာဏ်တန်ဆောင်လည်း*<br>
*ပြောင်လျက်ဝင်းလျက်၊*<br>
*ကျန်စေသတည်း။*

**ဇော်ဂျီ**

အချိန်က ဦးနှောက်မရှိသော်လည်း ရှိသယောင်၊ မည်သူက အတ္တသမားဖြစ်၍ မည်သူက ပရသမားဖြစ်ကြောင်း ပိုင်းခြားတတ်သည်။ ချောက်ထဲကျဖို့ လက်တစ်လုံး အလိုမှာ ကယ်တင်လိုက်ရပါသည်ဟု ပါးစပ်က ကယ်တင်ရှင်ကြီးအဖြစ် ဘယ်လိုပဲ ပုံဖော်ပါစေ အချိန်က ခေါင်းယမ်းနေမည်။

အချိန်က လက်မရှိသော်လည်း လက်ရှိသယောင် လူတို့၏ သမိုင်းကို ရေးခြစ်နေလိမ့်မည်။ လူတိုင်းက ကိုယ့်သမိုင်းကို ကိုယ့်အကောင်းချည်း ရေးမည်ဖြစ်သော်လည်း အချိန်က အယ်ဒီတာတစ်ယောက်လို မဟုတ်မမှန်သည်များကို ခြစ်ချလိမ့်မည်။ အချိန်က တရားဓမ္မကို မြတ်နိုးသူဖြစ်သည်။

ငယ်စဉ်ကအချိန်ကို ထောင်မှူးတစ်ယောက်ပမာ အငေါ်တူးခဲ့သော ကျွန်တော်က ဘဝနေဝင်ချိန်မှာ မိတ်ကောင်း ဆွေကောင်းသဖွယ် သဘောထားတတ်လာခဲ့ပြီ။ တကယ်တော့ အချိန်သည် သမာသမတ်ကျသည့် တရားသူကြီးတစ်ဦးနှင့် တူကြောင်း ကျွန်တော် ကောင်းကောင်းကြီး နားလည်ခဲ့ပါပြီ။ ။

■

**နတ်မျှး**

*__မှတ်ချက်။__ ။ ရသစာတမ်း၏ ခေါင်းစဉ်မှာ စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ __'ကမ္ဘာကုန်ကျယ်သ၍ဝယ်'__ သီချင်းထဲမှ စာပိုဒ်တစ်ခုဖြစ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

စာပေနှင့်ပုံနှိပ်လုပ်ငန်း

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိ တာဝန်ယူ လုပ်ဆောင်ပေးပါသည်။

- Calendar
- Table Calendar
- File Holder
- Pamphlet
- Box
- Booklet
- Name Card
- Voucher
- Letter Head
- Lable အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေး ပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

အမှတ်(၁၃၃)၊ လမ်း(၄၀)၊ ကုန်သည်နှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၁၃၃

www.burmeseclassic.com

*စာမျက်နှာ(၉၇)မှ…*

သည့်အခါတွင် အပြင်မှ လူနာရှင်မိသားစုမှာ ဝမ်းသာလွန်းသဖြင့် ငိုယိုကြသည်။ အိမ်မြှောင်ကမူ ပြုံးရုံသာပြုံးပြပြီး နောက်ထပ် လူနာကို ဆက်ကုသပေးနေလေသည်။

အိမ်မြှောင်သည် သူမအလုပ်ကို လုံးဝဥဿုံ တန်ဖိုးထားသူဖြစ်ပါသည်။ သူမ၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ လူနာများကို ကူညီပေးခြင်းဖြစ်သည်။ လူနာများက သူမ ကုသပေးမှုကို နှစ်ခြိုက်သည်ဖြစ်စေ၊ သဘောမကျသည်ဖြစ်စေ၊ သို့တည်းမဟုတ် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း ပြသည်ဖြစ်စေ၊ မသိကျိုးကျွန်ပြုသည်ဖြစ်စေ အိမ်မြှောင်သည် စိတ်ကွက်ခြင်း အလျှင်းမရှိပေ။ သူမလက်ဆောင်ကို အခြားသူများ အသုံးတည့်သွားစေဖို့ အသုံးပြုချင်သူဖြစ်ပါသည်။ ထိုအရာသည် ကျွန်တော့်အား အလွန်အမင်း စိတ်လှုပ်ရှားစေခဲ့ပါသည်။ အိမ်မြှောင်အတွက် ကျွန်တော် ဂုဏ်ယူနေမိပါသည်။ တစ်ချိန်တည်းမှာပင် ကိုယ့်ကိုယ်ကို ရှက်စိတ်အနည်းငယ်ဖြစ်ပေါ်နေမိပါသည်။ ကျွန်တော်သည် သူမလိုပင် ပေးဆပ်ချင်စိတ်တွေ ပို၍ဖြစ်ပေါ်လာနေခဲ့ပါသည်။

ထို့နေ့ညနေက အိမ်ပြန်လာပြီး အိမ်မြှောင်ကို စောင့်နေသည်။ အိမ်မြှောင်က ကျွန်တော့်ဆီ ရှစ်နာရီ လာခဲ့မည်ဟု ဖုန်းဆက်ထားသည်။

“ညစာကို ပီဇာပဲ စားလိုက်ရအောင်နော်၊ ငရုတ်ရည်ဆော့မျိုးနဲ့ မှာလိုက်ရမလား”

အိမ်မြှောင်သည် အပြင်ထွက်ပြီး ဆိုင်မှာသွားစားတာထက် အိမ်တိုင်ရာရောက် လာပို့ပေးသည့် အစားအစာများကို စားရသည်ကို ပိုနှစ်သက်သည်။ သူမသည် နာရီပေါင်းများစွာ လူတွေနှင့် ဝေးဝေးနေချင်သည့်တိုင် တစ်စက္ကန့်မျှပင် လူတွေနှင့် ကွင်းကွာပြီး မနေခဲ့ရဟု သူမက ကျွန်တော့်အား ပြောပြသည်။ သူမ ခံစားချက်ကို ကျွန်တော် နားလည်ပါသည်။ ကျွန်တော်တို့နှစ်ယောက်ကဲ့သို့ပင် တစ်နေကုန် အလုပ်လုပ် နေရသော မည်သူမဆို ခြေကုန်လက်ပန်းကျလာပါသည်။ သို့ဖြင့် ကျွန်တော်တို့သည် အိမ်တွင် အေးအေးလူလူ နေချင်မိပါသည်။ မီးမှိန်မှိန်ထွန်းထားမည်။ စကားနည်းနည်းသာ ပြောကြမည်။ သီချင်းဖွင့်ထားမည်။ အချိန်ဖြုန်းနေမည်။ ထိုနေ့ထိုင်ပုံသည် ကျွန်တော်တို့၏ အူကြောင်ကြောင် ဆက်ဆံရေးဖြစ်သည်။

ရှစ်နာရီခွဲသွားပြီ။ ရှစ်နာရီခွဲ ကျော်သွားပြီ။ အိမ်မြှောင် ရောက်မလာသေး။ ကျွန်တော်သည် တစ်ယောက်တည်း ပီဇာကိုစားလိုက်၊ ဘီယာကိုသောက်လိုက်ဖြင့် အိမ်မြှောင်ကို မျှော်နေသည်။ သို့ရာတွင် ဘာတွေဖြစ်လာမည်ကို မကြာမီ သိရတော့မည်။ သူ ကျွန်တော့်ထံ လုံးဝမလာတော့တာလည်း ဖြစ်လိမ့်မည်။ သူမသည် ကျွန်တော့်အား တစ်စုံတစ်ရာဖြောင့်ချက်ပေးရတော့မည်။ ကျွန်တော့်အား လက်ထပ်ပါရန် နားပူနားဆာလုပ်နေခြင်းက သူမကို စိတ်မချမ်းမသာဖြစ်သွားစေလိမ့်မည်။ ကျွန်တော့်အား အဆက်ဖြတ်ချင်လျှင် သူမ ကျွန်တော်ထံ မလာဘဲ နေပြလိုက်ခြင်းဖြင့် အခြေအနေကို ကျွန်တော် ကောင်းကောင်း မှန်းဆသွားနိုင်မည်ဖြစ်သည်။

အမှန်မှာ ကျွန်တော်တို့နှစ်ယောက်မှာ ယခုမှ ဇာတ်လမ်း စ,ရုံရှိသေးရာ မခွဲနိုင်မခွာနိုင် မဖြစ်ကြသေးပါ။ ထိုကိစ္စမှာ အဓိကအချက်မဟုတ်ချေ။ ကျွန်တော်နှင့်အတူ သူမကို ရှိနေစေချင်သည်။ ကျွန်တော် စိတ်မကောင်းဖြစ်နေမိသည်။ ကျွန်တော်တို့ ဆက်ဆံရေးသည် ပျော်စရာသိပ်မကောင်းမှန်း သိသာနေပါသည်။ ပွင့်ပွင့်လင်းလင်း ပြောရလျှင် ဆေးရုံ၌ သူနာပြုဆရာမလေးများ၏ ရေလာမြောင်းပေးလုပ်ခြင်းမျိုးနှင့် ကျွန်တော် မကြာခဏ ကြုံရပါသည်။ သို့ရာတွင် သူတို့သည် ကျွန်တော့် အိမ်မြှောင်နှင့် လုံးလုံး မတူကြပေ။

၁၁ နာရီလောက်တွင် ကျွန်တော် အတော် ရေချိန်လွန်နေပြီ။ အိမ်မြှောင်ကိုလည်း မမျှော်တော့ပေ။ ထိုအခိုက် ဝုန်းခနဲ တံခါးဆွဲဖွင့်လိုက်သံ ကြားလိုက်ရသည်။

“ဆောရီးပဲ၊ တို့ နောက်ကျသွားတယ်”

သူမက ကျွန်တော့်ကို ပွေ့ဖက်လိုက်သည်။ သူမဆံပင်မှ အေးမြမှုကို ကျွန်တော် ရနေသည်။

“အစ်မ မလာတော့ဘူးလို့တောင် ထင်နေတာ”ဟု ကျွန်တော်သည် တည်တည်ငြိမ်ငြိမ်ဖြင့် ပြောလိုက်သည်။ (လူငယ်တဝကဆိုလျှင် သောင်းကျန်းပစ်လိုက်မည်။)

“တို့စိတ်တွေ ရှုပ်နေလို့”ဟု အိမ်မြှောင်က ပြောပြီး ထိုင်ချလိုက်သည်။ ထို့နောက် အေးစက်နေသော ပီဇာကို တစ်ဖဲ့ပြီးတစ်ဖဲ့ စားနေတော့သည်။

“ပြန်နွေးပေးရမလား အစ်မ”

“ဟင့်အင်း၊ ရပါတယ်။ တို့က ဒီလိုမျိုး စားတတ်ပါတယ်။ ဒါနဲ့ တို့ စကားပြောတဲ့သူဆိုလို့ တကယ့်ကို သူ တစ်ယောက်တည်းပဲ ရှိတယ်ဆိုတာ သူ သိတယ်မဟုတ်လား ဟင်”ဟု သူမက ပြောသည်။

“ဒါကို ကျွန်တော် သတိထားမိပါတယ်လေ။ အစ်မက လူနာတွေနဲ့ပဲ စကားပြောတာရှိတယ်။ ကျွန်တော်ပြောတာ မှန်ပါတယ်နော်။ အဲဒီတော့ ဘာမှ ပတ်သက်စရာမရှိဘူးပေါ့လေ”

“ဒါနဲ့ သူ့ကို တို့မပြောပြရသေးတာ တစ်ခုရှိတယ်။ ဒါက အရေးကြီးတဲ့ ကိစ္စ”

“ကျွန်တော် နားထောင်နေပါတယ်”

သူမက စကားမဆက်သေးဘဲ အမှောင်ထု လဟာပြင်ထဲ ငေးစိုက်ကြည့်နေပြီး ပင့်သက်ရှည်ကြီး တစ်ချက်ချလိုက်သည်။ အဖြူရောင် အုတ်နံရံပေါ်မှာ သူမ၏ ကောက်ကြောင်းက ထင်ရှားနေပေသည်။ သူမကို မြင်ရသည်မှာ အမှောင်ထုထဲ၌ ငြိမ်ငြိမ်သက်သက်ဖြင့် ရှင်သန်နေ



www.burmeseclassic.com

www.burmeseclassic.com

သော သက်ရှိမျိုးကွဲတစ်ခု၏ သနားစရာကောင်းသူလေး တစ်ဦးနှင့် တူနေပါသည်။

"တို့ မျက်စိကွယ်သွားတဲ့အကြောင်း သူ့ကို ပြောပြခဲ့တာ မှတ်မိသေးလား"

သူ မ က လေး ဘ ဝ က တစ္ဆေများ။ ကျွန်တော် တွေးဆတာ မှန်ပါသည်။

"တို့ ငါးနှစ်သမီးတုန်းက အရူးတစ်ယောက်၊ တို့ အိမ်ထဲကို အတင်းစွတ်ဝင်လာတယ်။ အရူးက နောက်ဖေးတံခါးကနေ ပြေးဝင်လာတာ။ အိမ်ထဲရောက်တော့ အသံနက်နက်ကြီးနဲ့ စ,အော်တော့တာပဲ။ ဘာတွေ အော်တာလဲ တော့ မသိဘူး။ ပြီးတော့ မီးဖိုချောင်ထဲက ဓားတစ်ချောင်းကို ကောက်ကိုင်ပြီး အမေ့ကို ဓားနဲ့လိုက်ထိုးတော့တာပဲ။ လက်တွေရော၊ ပေါင်တွေရောပဲ။ နောက်တော့ မီးဖိုချောင်ထဲကနေ ပြေးထွက်သွားတယ်။ တို့ အရမ်း ထိတ်လန့်သွားလိုက်တာ ဆိုတာလေ။ ဘာတွေ ဖြစ်ကုန်မှန်းတောင် မသိတော့ဘူး။ ဒါပေမဲ့ အဖေ အလုပ်လုပ်တဲ့နေရာဆီကိုတော့ ဖုန်းဆက်ခေါ်နိုင်ခဲ့တယ်။ အဖေ လူနာတင်ကား သွားခေါ်နေတုန်း တို့က အမေ့အနားမှာ နေနေရတယ်။

"အမေ့ကိုယ်က သွေးတွေ တအားထွက်နေတာ။ အမေသေသွားပြီလို့တောင် တို့က ထင်နေမိတယ်။ ဒါကို မြင်တော့ တို့ အရမ်းကြောက်လန့်နေမိတယ်။ သွေးတိတ်အောင် တို့လက်နှစ်ဖက်နဲ့ အမေ့ဓားဒဏ်ရာတွေကို ပိတ်ကြည့်တယ်။ အဲဒီမှာ တို့ သက်သာအောင် ကုသပေးနိုင်တယ်ဆိုတာ သိလိုက်ရတယ်။ တို့ ဆိုလိုတာက ရုပ်ရှင်တွေထဲမှာ ကြည့်ရသလို သွေးတွေထွက်နေရာကနေ ချက်ချင်း ရပ်သွားတာမျိုး၊ ဓားဒဏ်ရာတွေ ပျောက်သွားပြီး နဂိုအတိုင်း ပြန်ဖြစ်သွားတာမျိုး၊ သွေးစသွေးနတွေတောင် မရှိတော့တာမျိုးကိုပြောတာ မဟုတ်ဘူးနော်။ အမေ့ဓားဒဏ်ရာကို ပိတ်ထားတဲ့ တို့လက်တွေဟာ ဝင်းလက်နေတယ်လို့ ခံစားနေရတယ်။ သွေးတွေနောက်ထပ် ပန်းမထွက်လာတော့ဘဲ တို့လက်မှာ သွေးအထွက်နည်းလာတယ်လို့ တို့ ခံစားသိနေတယ်။

"အဲဒီအချိန်မှာ လူနာတင်ကား ရောက်လာတယ်။ တို့ကိုယ်လည်း သွေးတွေနဲ့ ပေရေနေတာပဲ။ သူတို့က အမေနဲ့တို့ကို ဆေးရုံကို ပို့လိုက်တယ်။ အဖေလည်း နောက်တော့ ဆေးရုံလိုက်လာတယ်။ ရဲတွေလည်း ရောက်လာပါတယ်။ ဒါပေမဲ့ ဘာဖြစ်သွားလဲတော့ တို့ မသိဘူး။ တို့ ဘယ်လိုမှ စကားပြောလို့ မရတော့ဘူးကွာ။ ဆွံ့အ,သွားတယ်။ ဆရာဝန်က ရုတ်တရက် သွေးထွက်ရပ်သွားတာဟာ မဖြစ်နိုင်လောက်အောင် ဆန်းကြယ်နေတယ်တဲ့။ နောက်ပြီး ခုထိ အမေလည်း အသက်ရှင်နေတုန်းပဲ။ ဆရာဝန်ပြောတာကတော့ ဒီလိုဖြစ်တာဟာ လုံးဝမယုံနိုင်စရာပါပဲတဲ့"

ကျွန်တော် ဘာစကားမှ မပြောမိသည့်တိုင် ထိုစကားကို ကြားလိုက်သည့်အခါ အိမ်မြှောင့်အမေသည် လမ်းလျှောက်တိုင်း ခြေထောက်အနည်းငယ် ထော့နဲ့ထော့နဲ့ ဖြစ်နေသည်ကို အမှတ်ရသွားမိသည်။ ခန္ဓာကိုယ်ဝဝ,ကြီးကို ထမ်းထားရသောကြောင့် သူမ၏ ညာဘက်ခြေထောက်သည် ထော့နင်းထော့နင်းဖြစ်နေသည်ဟု ထင်ရပေသည်။

"အဲဒီလိုဖြစ်ပြီးနောက်မှာ အမေဟာ တော်တော်ကြာကြာ တုန်လှုပ်ချောက်ချားနေခဲ့တယ်။ တို့က မျက်စိကွယ်သွားတယ်။ အဖေကတော့ အိမ်ကို အမြဲတမ်း သော့ခတ်ထားတဲ့အကျင့် စွဲသွားခဲ့တယ်။ အဖြစ်ဆိုးကြီးပါပဲ။ နောက် အတော်လေးကြာတော့ တို့မျက်စိပြန်မြင်လာခဲ့တယ်။ အမေလည်း တစ်ယောက်တည်း အပြင်ထွက်ပြီး ဈေးဝယ်သွားတာတို့၊ လိုအပ်တဲ့ပစ္စည်းလေးတွေ သွားဝယ်တာတို့ လုပ်လာတယ်။ အဖေလည်း သော့ခလောက် ခုနစ်လုံးတွဲပြီး ခတ်ထားတာကို ခဏခဏ မစစ်ဆေးတော့ဘဲ အပြင်ကို အေးအေးဆေးဆေး သွားနိုင်လာနိုင်တော့တယ်။ အရာရာ ပုံမှန်ပြန်ဖြစ်လာဖို့ နှစ်ပေါင်းများစွာ အချိန်ယူခဲ့ရတယ်။

"အဲဒီတုန်းက တကယ့်ကာလဆိုးကြီးပါ။ ဒါပေမဲ့ တို့လေ ဘဝနဲ့ ပတ်သက်ပြီး အရေးကြီးတဲ့ တစ်စုံတစ်ရာကို သိခဲ့ရတယ်။ အခုထက်ထိ အမေဟာ တို့ကမ္ဘာပါပဲ။ အဖေနဲ့အမေ မကြာခဏစကားများကြပေမဲ့ တို့အဖို့ကတော့ အမေဟာ မိခင်စိတ်အပြည့်ရှိတယ်လေ။ ပြီးတော့ အမေက စိတ်ဓာတ်ခိုင်မာတယ်။ ဒါပေမဲ့ တို့အမေ ဝူးဝူးဝါးဝါး အော်ဟစ်နေတာ၊ ငိုယိုနေတာ၊ လျှောက်ပြေးနေတာ၊ လဲကျသွားတာ၊ ခန္ဓာကိုယ်အနှံ့ သွေးတွေ ပန်းထွက်လာတာ မြင်လိုက်ရတဲ့အခါမှာတော့ တို့လေ အမေ့ကို တို့အမေလို့ မမြင်တော့ဘဲ တစ်စုံတစ်ရာလို့ သွားမြင်နေတော့တယ်ကွာ။ ဝိညာဉ်ပျောက်ဆုံးနေတဲ့ ခန္ဓာကိုယ်တစ်ခု၊ ရုပ်ခန္ဓာတစ်ခု။ အဲဒီမှာ ခန္ဓာကိုယ်ဆိုတာ ကွန်တိန်နာကြီးတစ်ခုပါလားလို့ သဘောပေါက်သွားတော့တယ်။ ကားတစ်စီးကို ပြင်သလိုမျိုး ဒီခန္ဓာကိုယ်ကြီးကိုလည်း ပြင်လို့ရပါလားလို့ တို့ သဘောပေါက်သွားတော့တယ်။

"တို့လေ လမ်းပေါ်မှာ လူတွေကိုတွေ့တဲ့အခါ ဒီလူတွေ ဘာဖြစ်နေလဲဆိုတာကို တို့ ပြောနိုင်တယ် သိလား။ သေခါနီးလူတွေမှာ သူတို့နဲ့ ပတ်သက်ပြီး အမှောင်ထုကြီး ရှိနေတယ်ဆိုတာ တို့စိတ်ထဲမှာ ရှိနေတယ်။ ဥပမာကွာ၊ လူတစ်ယောက် အသည်းမကောင်းဘူးဆိုပါတော့။ အဲဒီလူကို ကြည့်လိုက်တာနဲ့ တို့မျက်စိထဲမှာ အမည်းရောင်ပဲ မြင်နေရတယ်။ အဲဒီလိုမျိုး အကြောင်းအရာ၊ အခြေအနေတွေကို တို့ မြင်နေရတယ်။ အများကြီး မြင်နိုင်တယ်။ ဒါနဲ့ပဲ ကိုယ့်ကိုယ်ကို ရူးမသွားရအောင်လို့ အရိုးဗစ်ဆရာမဝင်လုပ်တယ်။ ဒါပေမဲ့ သူနဲ့



www.burmeseclassic.com

www.burmeseclassic.com

တွေ့တော့မှ နည်းနည်းတည်ငြိမ်လာတာကို သတိပြုမိသွားတယ်။ တို့က တို့အလုပ်ထဲမှာပဲ စိတ်ကို မြှုပ်ထားတယ်။ အလုပ်ထဲမှာဆို တို့စိတ်ချမ်းသာတယ်။ အလုပ်က တို့ရဲ့ ဘဝပေးတာဝန်ပဲ။ တို့ ကျေနပ်တယ်"

"ဒီလိုဆိုလည်း ပျော်ရွှင်မှုနဲ့ ဆုံးသွားတဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲလေ။ ဒါနဲ့များဗျာ အစ်မဘာလို့ စိတ်ဓာတ်ကျနေရတာလဲဆိုတာ ကျွန်တော် နားမလည်နိုင်တော့ဘူး"

"ဇာတ်လမ်းက ဒီလိုမှ မဟုတ်သေးတာပဲ။ တို့ သူ့ကို တကယ့်အချက် မပြောရသေးဘူးလေ။ အဲဒီအကြောင်းကို တို့မိဘတွေတောင် မပြောပြဘူး"ဟု အိမ်မြှောင်က ကျွန်တော့်အား ပြောပါသည်။

စကားတွေအများကြီး ပြောသွားသည်ဟု သူမသတိပြုမိသွားကာ ပြောလက်စစကားကို ရပ်လိုက်ပြီး ပီဇာအေးအေးကို တမြုံ့မြုံ့နှင့် ထိုင်စားနေသည်။ ကျွန်တော်က သူမအား ငုံ့မိုးကြည့်လိုက်ရာ သူမပါးပြင်ပေါ်သို့ မျက်ရည်တသွင်သွင်စီးကျလာနေသည်ကို မြင်လိုက်ရသဖြင့် အကြီးအကျယ် အံ့အားသင့်သွားတော့သည်။ ယခင်က အိမ်မြှောင် ငိုသည်ကို ကျွန်တော် တစ်ခါမျှ မမြင်ဖူးခဲ့ပေ။ ထိုအခါကျမှ သာလျှင် သူမ ဘယ်လောက်တောင် စိတ်ထောင်းကိုယ်ကြေ ဖြစ်နေသည်ကို ကျွန်တော် သဘောပေါက်လာတော့သည်။

"ဒါနဲ့ အစ်မ အမေကိုဓားနဲ့ထိုးသွားတဲ့လူ ဘာဖြစ်သွားသေးလဲဟင်။ သူ့ကို

t kd.
b &m;o cif
olv ufukd
x yd&ap
x dGh&&if
u Rsaw mf
w pfck k
v kyfcdw mhn f
u Rsaw mf
t ½kt rl;
jzpfaeNyD
u Rsaw mpfudk f
t ½kdf;q efaeNyD
x MuMu mifh
u Rsaw mf
v u f
v Sfv kd bn f
olv ufukd
x ud kd bn f
x Mun fhkdav ;
r@m

ဖမ်းမိသွားလား"ဟု ကျွန်တော် မေးလိုက်သည်။

သူမ ကျွန်တော့်ကို တွေတွေကြီး မော့ကြည့်နေသည်။ ထိုအခိုက်အတန့်လေးမှာပင် ကျွန်တော် ထိုမေးခွန်းကို မမေးခဲ့မိလျှင် အိမ်မြှောင်ကို ဆုံးရှုံးရတော့မည်ကို ချက်ချင်းရိပ်မိလိုက်သည်။ ကျွန်တော် သူမကို ချစ်မိနေသောကြောင့် ထိုမေးခွန်း မေးမိသွားပြီ။ သူမကို ကျွန်တော် အဆုံးအရှုံးမခံနိုင်။ ကျွန်တော် သူမကို ချစ်နေတာ ကျိန်းသေပါသည်။

"အင်း၊ အရူးကို ဖမ်းမိသွားတယ်။ နောက်တော့ အဲဒီလူလည်း စိတ်ပြန်ငြိမ်သွားပုံရတယ်။ နောက်ပိုင်းသူ လွတ်လာတယ်။ နောက် အစ်မ သူ့ကို သတ်လိုက်တယ်"ဟု သူမက ငိုရင်းပြောနေသဖြင့် စကားတွေက ဗလုံးဗထွေးဖြစ်နေသည်။

"ဘာရယ် . . . အစ်မ သူ့ကို ဘာလုပ်လိုက်တယ်"ဟု ကျွန်တော် တအံ့တသြ မေးမိလိုက်သည်။

"တို့ အဲဒီလူကို သေပါစေလို့ ကျိန်စာတိုက်ပြီး သတ်လိုက်တာပေါ့။ သူက တို့ပြောတာ မယုံဘူးလား။ တို့တကယ်ပြောတာ။ တို့ ကျိန်စာတိုက်ပြီး သတ်လိုက်တယ်"

"ဒီလို ကျိန်စာတိုက်လိုက်တာနဲ့ တကယ်ဖြစ်လားဆိုတာတော့ ကျွန်တော် မသိဘူး အစ်မ။ ဒါနဲ့ အစ်မက ဘယ်လို ကျိန်စာတိုက်ခဲ့တာလဲဟင်"ဟု ကျွန်တော်က မေးလိုက်သည်။

အိမ်မြှောင် ထိုမျှ စိတ်ပါလက်ပါနှင့် စကားရှည်ရှည်ဝေးဝေး ပြောသည်ကို ကျွန်တော် တစ်ခါမျှ မမြင်ဖူးခဲ့ပေ။

"နေ့တိုင်း အဲဒီလူ ကားတိုက်ပြီး သေပါစေ၊ အိမ်မှာတစ်ခုခုဖြစ်ပြီး သေပါစေလို့ အချိန်တိုင်း ဆုတောင်းတယ်။ တစ်ညနေတော့ နေဝင်သွားတဲ့ဘက်ကို လှည့်ပြီး အိမ်ဝမှာထိုင်နေတုန်း အစ်မစိတ်ထဲမှာ အစ်မဖြစ်ချင်တာတွေ ဖြစ်လာတော့မယ်ဆိုတာသိလိုက်တယ်။ ဒီလူ သေချာပေါက်သေမယ်ဆိုတာ သိနေတယ်။ အစ်မ အမြင်အာရုံပြန်ရနေတာကို ကျိန်းသေ ခံစားနေရတယ်။ တစ်ပတ်လောက်ကြာတော့ သတင်းတစ်ခု တို့ကြားရတယ်။ ကားလမ်းမပေါ်မှာ ဒီလူ ရုတ်တရက် စိတ်ဖောက်သွားပြီး လမ်းမပေါ် လှဲအိပ်ချလိုက်တာ ထရပ်ကားတစ်စီးက ကြိတ်သွားတယ်ဆိုတဲ့ သတင်းကြားလိုက်ရတယ်။ တို့ သူ့ကို သေအောင် သတ်လိုက်တာလေ။ တို့က သူ့ကို ငရဲအိုးထဲ ကျစေချင်တာကိုး။

"ဒါပေမဲ့ အရွယ်နည်းနည်းကြီးလာတော့ တို့ ဘာလုပ်ခဲ့မိလဲဆိုတာကို သဘောပေါက်စပြုလာတယ်။ လူတွေကို ရောဂါသက်သာလာအောင် တို့ ဘယ်လောက်ပဲ ကူညီကူညီ အရာမထင်ပါဘူးကွာ။ ငါဟာ လူသတ်ကောင်ပါလားဆိုတဲ့ အတွေးပဲ ဝင်လာတော့ တို့ တော်တော် တုန်လှုပ်ချောက်ချားသွားတယ်။ လူတစ်ယောက်ကို တို့ အာဃာတထားမိရင် အဲဒီလူ သေသွားစေနိုင်တဲ့ စွမ်းအား တို့မှာရှိနေတယ်ဆိုတာ သူနဲ့စတွေ့ချိန်လောက်တုန်းက တို့ အများကြီးစဉ်းစားနေခဲ့မိတယ်လေ။

"အရိုးသားဆုံး ပြောရရင် အဲဒီတုန်းက တို့လုပ်ခဲ့တာကို တို့ကျေနပ်နေခဲ့တယ်။ တို့ရဲ့ အဲဒီအကြောင်းကို သူ့ကို ပြောပြချင်နေတာ။ မိသားစုတစ်ခုနှင့်တစ်ခုကြား ရန်ငြိုးနဲ့ သွေးကြွေးဆပ်တဲ့ ဆွတ်ပျံ့ဖွယ် ဇာတ်လမ်းဟောင်းမျိုးတော့ မဟုတ်ဘူးပေါ့။ ဒါတွေက တကယ်ဖြစ်ခဲ့တာပါ။ တို့က လူတစ်ယောက်ကို ဒီလိုမျိုးတော့ ဘယ်သတ်ရဲပါ့မလဲကွာ။ ဒီအရူးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

မသေစေချင်ပါဘူး။ လုံးဝ ပြစ်ဒဏ်မခံကြရဘဲ သတ်ကြဖြတ်ကြတဲ့ ဆာမူရိုင်းခေတ်မှ မဟုတ်တာပဲ။

'အခုတော့ တစ်နေ့နေ့မှာ အဲဒီတုန်းက အကြောင်းက တို့ကို ခြောက်လှန့်လာလိမ့်မယ်ဆိုတာ သေချာသွားပြီလေ။ ဒီအတွက် တို့ ပေးဆပ်ရမယ်။ တို့အနေနဲ့ ဘာတွေဖြစ်နေဖြစ်နေ အဲဒါတွေကို သော့ချိတ်ထားလိုက်တော့မယ်။ အမေ့အကြောင်းတွေးမိရင် တို့ရင်ထဲမှာ အရမ်းနာကျင်တယ်။ ဒါပေမဲ့ ခုတော့ အခြေအနေတွေဟာ လုံးဝ ပြောင်းလဲသွားပြီ။ အဖေနဲ့ အမေလည်း နောက်ပိုင်း ရန်မဖြစ်ကြတော့ပါဘူး။ တည့်သွားကြတယ်။ တို့လည်း အလုပ်နဲ့အကိုင်နဲ့ ဖြစ်လာတယ်။ နောက်ပြီး သူရှိလာတယ်လေ။ ဒီလိုတွေ ဖြစ်လာလိမ့်မယ်လို့ တို့ တွေးတောင်မတွေးမိပါဘူးကွာ။ စိတ်နောက်နေတဲ့ လူတစ်ယောက်ကြောင့် နာနာကျင်ကျင်တွေ ဖြစ်ခဲ့ရတယ်။ ကိုယ်နေတဲ့ အိမ်ကိုတောင် အမြဲ သော့ခတ်ထားရတယ်ဆိုတာတွေက တော်တော် သွေးပျက်စရာပါပဲလေ။ တို့မိသားစုဟာ အမြဲတမ်း အမှောင်ထဲမှာ ချောင်ပိတ်မိနေသလို ခံစားနေရတယ်။ တို့လည်း တစ်ယောက်ယောက်ဆီက ကျိန်စာပြန်တိုက်မှာကို မကြောက်တော့ပါဘူး။ ဘာလို့လဲဆိုတော့ အဆိုးဆုံးကို ကြုံခဲ့ရပြီပဲကွယ်။ သန်းခေါင်ထက် ညဥ့်မနက်တော့ပါဘူးလေ။ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေက တို့ကို ခြောက်လှန့်နေခဲ့ရင်လည်း တို့ ဂရုမစိုက်တော့ပါဘူးကွယ်။

'တို့မှာ အမုန်းအာဃာတတွေ မထားတော့ပေမဲ့ တို့ဘေးက လူတစ်ယောက်ယောက် ဖြတ်သွားရင် အသည်းငယ်နေတုန်းပဲကွာ။ အဲဒီအရူးနဲ့ ပတ်သက်တဲ့ အဖြစ်ဆိုးကြီးက ခုထက်ထိ ရှိနေတုန်းပဲကွာ။ 'ငါ လူမသတ်ဘူး၊ ငါ့ကို ဘာလုပ်ကြမလို့တုံး' လို့ ပြောတဲ့ သူ့အော်သံကြီးကို ကြားနေတုန်းပဲ။ အမှန်ပဲ။ ခုထိ တို့ အရမ်းကြောက်လန့်နေတုန်းပဲ'

ထိုအခါကျမှ ကျွန်တော်သည် ထိုလူ သေရသည်မှာ သူမ၏ ကျိန်စာကြောင့် မဟုတ်ဘဲ တိုက်ဆိုင်မှုသာဖြစ်ကြောင်း၊ သူမမှာ အပြစ်မရှိကြောင်းကို လွယ်လွယ်ကူကူ ပြောပြနိုင်တော့သည်။ သို့ရာတွင် သူမ၏ စွမ်းရည်ကို လက်ခံယုံကြည်နေသမျှ လုံးလုံးဖြစ်နိုင်ခြေကို တွေးပြီး အခက်အခဲကို လွန်မြောက်သွားရန် ပြောနိုင်သည့် ကျွန်တော့် စကားသည်လည်း အရာရောက်မည်မဟုတ်ပေ။ ကလေးတော်တော်များများသည် သူတို့၌ အပြစ်ရှိသည်ဟု လိပ်ပြာမလုံသော စိတ်ခံစားမှုကြောင့် ကိုယ့်ကိုယ်ကို သတ်သေကြသည်ကို ကျွန်တော် တွေ့ခဲ့ဖူးသည်။ မိန်းကလေးတစ်ယောက်ဆိုလျှင် သစ်ပင်မှာ ကြိုးဆွဲချကာ သတ်သေသွားသည်။ တစ်ယောက်ကမူ သူမအကြောင်း မကောင်းပြောနေကြသည်ဟု ထင်ယောင်နေကာ ဘုရားစာပင် မရွတ်တော့ဘဲ လက်ကောက်ဝတ်ကို ဓားဖြင့်လှီးကာ သေကြောင်းကြံသည်။

အိမ်မြှောင်သည် အလုပ်မှာ စွမ်းရည်တက်လာလေလေ၊ လူနာများကို ကုသပေးမှု ပိုကောင်းလာလေလေဖြစ်သည်။ ထိုအခါ သူမသည် ပို၍ အားစိုက်ထုတ်ရလေလေဖြစ်တော့သည်။ သူမ ထမ်းဆောင်နေရသည့် ဝန်ထုပ်ဝန်ပိုးက နေ့စဉ် ကြီးမားလာလေလေဖြစ်သည်။ ကိုယ့်ကိုယ်ကို လိပ်ပြာမလုံသလို ခံစားနေရခြင်းသည် လိင်ဆန္ဒ တောင့်တမှုကဲ့ သို့လည်းကောင်း၊ ခန္ဓာကိုယ်လုပ်ငန်း ဆောင်ရွက်ချက်များကဲ့ သို့လည်းကောင်း အလွန်အခြေခံကျနေလေရာ ထိုသို့ စိတ်မလုံဖြစ်နေခြင်းကို အခြား တစ်စုံတစ်ယောက်ကို မျှဝေနိုင်ခြင်းမရှိပေ။ ထိုသို့ စိတ်ကျဝေဒနာခံစား နေရသည့်အခါမျိုးတွင် လူတော်တော်များများသည် ကိုယ့်ကိုယ်ကိုဖြစ်စေ၊ တစ်ပါးသူကိုဖြစ်စေ သတ်မိကြသည်။

ထိုသို့ စိတ်အခြေအနေရှိနေသည့်လူနာများကို ကျွန်တော်မကူညီနိုင်သည့်အတွက် အမြဲတစေ စိတ်ထဲ မချင့်မရဲဖြစ်နေရသည်။ သူတို့ ဘာတွေဖြစ်နေသည်ကို ကျိန်းသေပေါက်သိနေသည့်တိုင် သူတို့အတွက် ကျွန်တော် ဘာတစ်ခုမျှ အလုံးစုံမကူညီနိုင်ခဲ့။ ထိုအခါမျိုးတွင် ကျွန်တော် ဘာမှ လုပ်မပေးနိုင်ခဲ့သည့်အတွက် အသုံးမကျတော့သလို ခံစားစ ပြုလာခဲ့သည်။

ထိုသို့ အခြေအနေမျိုးတွင် အိမ်မြှောင်က သူမ၏ လျှို့ဝှက်ချက်ကို ကျွန်တော့်အား ပြောပြလိုက်ရာ ကျွန်တော် ဝမ်းသာသွားမိသည်။

'အပြင်သွားကြရအောင်' ဟု ကျွန်တော်က ပြောလိုက်ရာ အိမ်မြှောင်သည် မျက်မှောင်ကြုတ်၍ ကျွန်တော့်အား ကြည့်သည်။

'လန့်မသွားပါနဲ့ အစ်မရာ၊ အစ်မ မသွားချင်တဲ့ နေရာကို ခေါ်မသွားပါဘူးဗျာ။ ဒီမှာ စကားပြောရတာ မွန်းကျပ်လာနေလို့ပါ'

ကျွန်တော့် စကားကြောင့် အိမ်မြှောင်သည် ပြုံးလာကာ–

'အို... တို့သိပြီ၊ သူ အလုပ်လုပ်တဲ့ ဆေးရုံကို တို့ကို ခေါ်သွားမယ်။ အဲဒီမှာ တို့ထက် အများကြီးဆိုးနေတဲ့ ကလေးတွေကိုပြမယ်။ ပြီးတော့ တို့ဖြစ်နေတာ သိပ်မဆိုးပါဘူးလို့ ပြောမယ်။ ပြီးတော့ တို့ကို အားပေးမယ်။ တို့ပြောတာ မှန်တယ်နော်' ဟု ပြောသည်။

သူမသည် ကုတ်အင်္ကျီပါးလေးကို ထပ်ဝတ်လိုက်သည်။

'အစ်မကလည်း ကျွန်တော် အဲဒီလိုတောင် မတွေးမိဘူး။ ဒါပေမဲ့ အစ်မက ပူဆာရင်တော့...' ဟု ကျွန်တော်က ပြန်နောက်လိုက်သည်။

အိမ်မြှောင် ကုတ်အင်္ကျီဝတ်ပုံ၊ ခေါင်းငုံ့ကာ ကိုယ်ညွတ်ပြီး ဖိနပ်ကြိုးကို ချည်နေပုံ၊ သူမကိုယ်ကို မှန်ထဲ ခိုးကြည့်လိုက်သည့်အခါတွင် မှန်ထဲ၌ သူမမျက်လုံး ဝင်းလက်တောက်ပသွားပုံတို့ကို ကျွန်တော် ကြည့်နေရင်း သဘောကျနေမိသည်။ ကိုယ်ဟန်အမျိုးမျိုးနှင့် အိမ်မြှောင်



www.burmeseclassic.com

www.burmeseclassic.com

ကို ကြည့်ရင်း ကျွန်တော် ချစ်နေမိသည်။ သူမခန္ဓာကိုယ်ထဲရှိ ဆဲလ်များ ပျက်စီးသွားပြီးနောက် အသစ်တစ်ဖန် တည်ဆောက်မှု၊ သူမ၏ မေးရိုးပုံသဏ္ဌာန်၊ လက်သည်းများပေါ်က လက်သည်းပွင့်များ။ သူမ၏ ပြောင်းလဲသွားသော ဇီဝဓာတ်သည် ပြည့်လျှံလာကာ စကြဝဠာထဲ စီးဆင်းသွားနေသည်ဟု ကျွန်တော့်စိတ်က ခံစားနေရသည်။ သူမ၏ ဟန်ပန်အမူအရာတိုင်း၊ လှုပ်ရှားမှုတိုင်းသည် အချိန်အတန်ကြာအောင် ငြိမ်သက်နေသော လူတစ်ယောက်ဖြစ်သည့် ကျွန်တော့်ထံ ထုံကူးစီးဆင်းလာနေတော့သည်။

❑

အပြင်ဘက်၌ နွေဦးရနံ့ကို ရနေသည်။ မြက်ရိုင်းပင်တို့၏ ငြိမ်သက်ပြီး စူးရှသောရနံ့က ကျွန်တော့်နှာဝကို တိုးဝှေ့ဝင်ရောက်လာသည်။

‘တို့တွေ ဘယ်ကိုသွားမလဲဟင်’ဟု အိမ်မြှောင်က မေးသည်။

‘ကျွန်တော်တို့ အပြင်ကို နှစ်ယောက်အတူတူ ထွက်ခဲ့တယ်နော် အစ်မ’

‘တို့နှစ်ယောက်စလုံးက အားမှ မအားကြတာပဲဟာ’

ထိုစဉ် ကျွန်တော်တို့နှစ်ဦး၏ သံယောဇဉ်မှာ သည်မျှလောက်ပဲ ပြီးသွားလိမ့်မည်ကို ကျွန်တော် ရုတ်တရက် စဉ်းစားမိသွားသည်။ ကျွန်တော်တို့ ထို့ထက်ပို၍ ဇာတ်လမ်းဆက်ရန် မရှိပါ။ ကျွန်တော်တို့နှစ်ယောက်ကြား သံယောဇဉ်ကြီးထွားရန် အလားအလာ အားလုံးသည် နီးကပ်နေသယောင်နှင့် ဝေးကွာသွားပြီဟု စိတ်ထဲခံစားနေရသည်။ ဖန်လုံအိမ်ထဲ စိုက်ပျိုးထားသည့် သစ်ပင်များကဲ့သို့ ကျွန်တော်တို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး အမှီသဟဲပြုနေကြရသည်။ သို့ရာတွင် ကျွန်တော်တို့နှစ်ဦးစလုံးသည် စိတ်ခံစားမှုများကို စိတ်ရှိလက်ရှိ လွှတ်ပေးလိုက်ခြင်းဖြင့်သော်လည်းကောင်း၊ နှစ်ဦးကြားက ဆက်ဆံရေးကို တစ်ဦးဦးက ပွင့်ပွင့်လင်းလင်း တောင့်တလိုက်ခြင်းဖြင့်သော်လည်းကောင်း ပျော်ရွှင်နေကြခြင်းမဟုတ်ပါ။ သက်ကြီးရွယ်အို ဇနီးမောင်နှံ နှယ် တစ်ဦးကိုတစ်ဦး အားပေးဖေးမရင်း၊ နွေးထွေးမှုအတွက် တစ်ဦးကိုတစ်ဦး ဖက်တွယ်ရင်း အမှောင်ထဲတွင် အတူတူ ထိုင်နေကြရုံသာ ဖြစ်ပါသည်။ ထိုသို့ နားလည်သဘောပေါက်သွားသဖြင့် ကျွန်တော်သည် တအံ့တသြဖြစ်နေမိပါသည်။

ထိုအခိုက် အိမ်မြှောင်သည် ကောက်ကာငင်ကာ တစ်စုံတစ်ရာကို ပြောလိုက်သည်။ ကျွန်တော် ထိုသို့တွေးတောနေစဉ် အိမ်မြှောင်၏ အချိန်ကိုက် ပြောဆိုမှုသည် ပဉ္စလက်ဆန်နေပေသည်။ သူပြောလိုက်သည့် စကားများသည် စောစောလေးက ပြောခဲ့သည့်စကားများနှင့် မတူတော့ပေ။ သူမ စကားများက ဘဝ၊ ဘဝ၏ ပျော်ရွှင်စရာများနှင့် ပြည့်နေသည်။ သူမက ရွှင်ရွှင်မြူးမြူးပြောသည်။

‘ဒီည နာရီတာက ဝတ်ကျောင်းကို တို့နှစ်ယောက် သွားကြလိမ့်မယ်ဆိုတာ တို့သိနေတယ်နော်’

‘ဘာလဲ၊ အစ်မက ခုချက်ချင်းပဲ ထ,သွားချင်တာလား’

‘အင်း၊ အဲဒီကိုသွားရင် ပျော်စရာကောင်းမယ်လို့ ထင်တယ်လေ။ ဒီကနေ တက္ကစီစီးသွားရင် တစ်နာရီလောက်ပဲ ကြာမှာ၊ နောက်နေ့မနက် ရုံးချိန်အမီ တို့ ပြန်ရောက်နိုင်တာပဲလေ’

‘အစ်မက တခြားနေရာတွေ အများကြီးထဲမှာမှ ဘာလို့ နာရီတာကို သွားချင်နေရတာလဲဟင်’

‘မပြောတတ်ဘူး။ အရင်က အဲဒီကို တို့ ရောက်ဖူးတယ်။ ခု ပြန်သွားချင်စိတ်တွေ ပေါ်နေလို့။ မနက်စောစော ထ,ပြီး ဝတ်ကျောင်းနားက ဈေးဆိုင်လေးတွေမှာ အမှတ်တရပစ္စည်းလေးတွေ သွားဝယ်မယ်ကွာ၊ ဘိန်းမုန့်နဲ့ တခြားမုန့်တွေ ဝယ်စားကြမယ်လေ။ လာ…သွားကြရအောင်’

သူမ၏ မျက်လုံးဝိုင်းဝိုင်းနှင့် ကျွန်တော့်ကို စိုက်ကြည့်နေသည်။

ကျွန်တော့်ကိုယ်ထဲက ဆရာဝန်စိတ်က ဖြစ်ချင်သော စိတ်ဆန္ဒကို ဖော်ပြလိုက်သည့် အိမ်မြှောင်၏ ထိုအမူအရာသည် အလွန်ထူးဆန်းနေသည်ဟု တွေးနေမိပါသည်။ သို့ရာတွင် အိမ်မြှောင်သည် သူမ လုပ်ချင်တာတွေကို ကျွန်တော့်အား ပြောပြသဖြင့် ကျွန်တော့်စိတ်ထဲ ပျော်ရွှင်နေသည်ကို တွေးမိတာထက် ကျွန်တော်ပိုတွေးနေမိပါသည်။ ကျွန်တော်နှင့်အတူ သူမ၏ လိုအင်ဆန္ဒတွေကို အေးအတူပူအမျှ ခံစားချင်နေသည်ဟု ကျွန်တော် ပိုတွေးမိပါသည်။

‘ကောင်းသားပဲ၊ ကျွန်တော် အစ်မနဲ့အတူ လိုက်မယ်’

ကျွန်တော်တို့နှစ်ယောက်စလုံး သွားချင်သည့် နေရာတစ်နေရာသို့ ထွက်လာခဲ့ကြသည်။ ကျွန်တော်တို့နှစ်ယောက်တည်း။

❑

နာရီတာကို ရောက်သွားသည့်အချိန်က မနက်တစ်နာရီ ထိုးခါနီးနေပြီ။ အခန်းလွတ်ရှိသော တည်းခိုခန်းတစ်ခုကို ကျွန်တော်တို့ ကံကောင်းထောက်မစွာဖြင့် ရှာတွေ့ခဲ့သည်။

ဝတ်ကျောင်းရှိရာ ဦးတည်သွားသော မည်းမည်းမှောင်မှောင် ကွေ့ကွေ့ဝိုက်ဝိုက် ကုန်းမို့မို့လမ်းလေးပေါ်သို့ နှစ်ဦးသား ခြေကျင်လျှောက်လာကြသည်။ လမ်းမြောင်လေးတစ်လျှောက်ရှိ အဆောက်အအုံများမှာ အိုဟောင်းနေကာ သစ်ဆွေးနံ့ရနေသည်။ လေက စိမ့်နေအောင် တိုက်နေသည်။ နှစ်ဦးသား မိုးကောင်းကင်ကို မော့ကြည့်လိုက်ကြသည်။ ခေါင်မိုးမြင့်မြင့်များ အထက်မှ အနက်ရောင် ကောင်းကင်ပြင်တွင် ကြယ်ပွင့်လေးများ လင်းလက်နေသည်။ လေက တိုက်နေသဖြင့် အိမ်မြှောင်၏ ဆံပင်များမှာ ဖွာလွင့်နေကာ



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာကို တဖျပ်ဖျပ် ရိုက်နေပေတော့သည်။

ဘုရားကျောင်းတံခါးက ပိတ်ထားသည်။ တံခါးဝ၌ အဆမတန်ကြီးမားသော စက္ကူမီးပုံးကြီးပေါ်တွင် သက္ကတဘာသာဖြင့် ရေးထားသော စာကို တွေ့ရသည်။ လမ်းမြောင်လေးတစ်လျှောက်က အမှတ်တရ ဈေးဆိုင်လေးများ၏ ကောက်ကြောင်းကို မြင်နေရသည်။ အပြင်မှာ လူသူလေးပါးဆို၍ ကျွန်တော်တို့မှလွဲ၍ မည်သူမျှ မရှိချေ။ ကျွန်တော်သည် လူသွားလူလာရှင်းကာ တိတ်ဆိတ်နေသဖြင့် အနေရခက်နေသည်။ အိမ်မြှောင်က တစ္ဆေမြို့တော်ကို အမှတ်ရမိသည်ဟု ပြုံး၍ ပြောသည်။

ကျွန်တော်တို့နှစ်ဦးသည် ဘုရားကျောင်းဝင်ပေါက် တံခါးမကြီးကို မှီရပ်ကာ အလောင်းအစားတစ်ခု လုပ်ကြသည်။ နောက် ၅ မိနစ်အတွင်း ဒီနေရာမှာ လူရိပ်လူယောင် မြင်ရမလား။ ကျွန်တော်တို့ စောင့်နေကြသည်။ သို့ရာတွင် တစ်ယောက်မျှ ပေါ်မလာကြပေ။ ထိုလမ်းဟောင်းလေးပေါ်သို့ လေက ပင့်ပြီး တိုက်နေသဖြင့် ကျွန်တော်တို့ကို တရကြမ်း ဖြတ်သွားသော လေ၏ အသံမှာ ဘုရားကျောင်းဆီ ဘုရားဖူးခရီးသည်အုပ်ကြီး ရောက်လာသဖြင့် ဆူညံနေသည့် အသံမျိုးနှယ်။

ဘလောက်စ်အဖြူရောင် ဝတ်ထားသည့် အိမ်မြှောင်သည် သွားဖွေးဖွေးလေးတွေပေါ်ကာ ပြုံးပြီး အမှောင်ထုထဲ မတ်တတ်ရပ်နေသည်မှာ ကျွန်တော့်အနေဖြင့် အိပ်မက်ထဲက ပုံရိပ်တစ်ခုနှင့် တူနေပေတော့သည်။

“ကျွန်တော့်မှာလည်း - ဝန်ခံစရာရှိသေးတယ်။ ကျွန်တော်က မွေးစားသားပါ” ဟု သူမအား ပြောလိုက်သည်။

အိမ်မြှောင်က ဘာတစ်ခွန်းမှ မပြောပါ။ ကျွန်တော့်ကိုလည်း မကြည့်ပါ။ သို့ရာတွင် ကျွန်တော်ပြောတာကို နားထောင်နေမှန်း သိသာပါသည်။

“ကျွန်တော့်အမေက အဖေ့ညီနဲ့ ခိုးရာလိုက်ပြေးတယ်။ ဒါပေမဲ့ အမေက အဲဒီလူနဲ့ ကွဲသွားပြီး အဖေ့ကို လက်ထပ်လိုက်တယ်။ အဲဒီမှာ အဖေ့ညီက အကြီးအကျယ် အငြိုးထားတော့တာပဲ။ နောက်ဆုံး အဲဒီစိတ်နဲ့ သူရူးသွားတယ်။ တစ်နေ့တော့ ဦးလေးက ကျွန်တော်တို့ အိမ်ထဲကို အတင်းပြေးဝင်လာပြီး အဖေနဲ့အမေကို ကြိုးနဲ့တုပ်တယ်။ ပြီးတော့ အဖေ့ရှေ့မှာတင် အမေ့ကို ဗလက္ကာရ လုပ်တော့တာပါပဲဗျာ။ ဦးလေးက အဲဒါလောက်နဲ့ မတော်သေးဘူး။ သူ့တစ်ကိုယ်လုံး ဓာတ်ဆီလောင်းပြီး မီးရှို့တော့တာပဲ။ ကံကောင်းလို့ပေါ့ဗျာ၊ အိမ်နီးနားချင်းတွေက သူတို့အော်ဟစ်နေသံကို ကြားလိုက်ပြီး အဖေနဲ့အမေကို ကယ်လိုက်တယ်။ ဒါပေမဲ့ အမေ့မှာ ကိုယ်ဝန်ရှိသွားတယ်”

“တော်တော်ကြောက်စရာကောင်းလှချည့်လား ကွယ်။ အစ်မတို့ မိသားစု အဖြစ်ထက်တောင် ပိုဆိုးနေပါလား” ဟု အိမ်မြှောင်က ပြောသည်။

“ဟုတ်တယ်။ အဖေက အမေ့ကို ကလေးယူလိုက်စေချင်တယ်။ ဒီကလေးက ကျွန်တော်ပဲလေ။ ဒါပါပဲ။ ဒီလိုနဲ့ အမေ ကလေးမွေးလိုက်တယ်။ ဒါပေမဲ့ အမေ့ကျန်းမာရေး ချွတ်ခြုံကျသွားတော့တာပဲ။ ဆွေမျိုးတွေက ကျွန်တော့်ကို ယူမွေးစားလိုက်တယ်။ ကျွန်တော်လည်း ငါးနှစ်သားလောက်ကတည်းက မိဘတွေနဲ့ အတူမနေရတော့ဘူး။ နောက်တော့ အမေ ကိုယ့်ကိုယ်ကို သတ်သေသွားတယ်။ ‘ကျွန်မ စိတ်မကောင်းပါဘူးရှင်’။ ဒီစကားက အမေ နောက်ဆုံး ပြောသွားခဲ့တဲ့ စကား။ ကျွန်တော် ကြားခဲ့ရတယ်။ အမေဟာ သိပ်သနားစရာကောင်းတဲ့ မိန်းမပါ”

“ဒါဆို အခု သူ့အမေက…”

“နောက်တော့ အဖေက နောက်အိမ်ထောင်ပြုလိုက်တယ်လေ”

“ဒီလိုကိုး”

“လူတွေမှာ စိတ်ဒဏ်ရာဒဏ်ချက်ကို တုံ့ပြန်ပုံမတူညီကြတာ အံ့သြစရာပါပဲ။ အစ်မအမေက သူ့ဘဝမှာ ထိတ်လန့်စရာ ကြုံခဲ့ပေမဲ့ အခုတော့ ပုံမှန်ပြန်ဖြစ်သွားတယ်။ ကျွန်တော့်အမေကတော့ ကိုယ့်ကိုယ်ကို သတ်သေသွားတယ်။ ဒီလိုပဲ မိသားစုဝင်တွေမှာလည်း မတူကြတာတွေ ရှိကြတယ်။ တချို့က စိတ်ဒဏ်ရာဒဏ်ချက်တွေကို ကျော်လွှားနိုင်တယ်။ တချို့က လက်မြှောက် အရှုံးပေးကြတယ်။ စိတ်ဒဏ်ရာရဲ့ အမျိုးအစားနဲ့ ဆိုင်မလား၊ ဒါမှမဟုတ် လူရဲ့ ပင်ကိုအရည်အသွေးနဲ့ ပိုဆိုင်မလားဆိုတာ ကျွန်တော် စဉ်းစားမိတယ်။ နှစ်မျိုးစလုံးမှာ ကလေးတွေဟာ သူတို့ရဲ့ နောက်ဆုံးနေ့တွေအထိ စိတ်ဒဏ်ရာတွေနဲ့ ဒုက္ခရောက်နေရတယ်။ ကျွန်တော့်ကို မွေးတဲ့ အမေတစ်ယောက်လုံး သေသွားတာကို ကျွန်တော့်မျက်စိနဲ့ မြင်လိုက်ရတယ်။ ဘုရားစူး၊ ဒါဟာ ကျွန်တော့်တစ်သက် ဘယ်တော့မှ မမေ့နိုင်တဲ့ အဖြစ်ကြီးပါဗျာ။ ဒါပေမဲ့ ကျွန်တော် ရှင်သန်နေဆဲပါ။ ကျွန်တော် ပုံမှန်ထမင်းစားနိုင်တယ်၊ ရာသီဥတု သာသာယာယာရှိရင် စိတ်ပျော်တယ်။ ဒါ ဘာကြောင့်လဲဆိုတာ ကျွန်တော် မသိတော့ဘူးဗျာ”

“ဆရာဝန်တစ်ယောက် ဖြစ်လာတာဟာ အဲဒါကြောင့်လားဟင်”

“အင်း၊ ဒီကိစ္စကလည်း တစ်စိတ်တစ်ပိုင်းတော့ ပါမယ်ထင်ပါရဲ့”

ငယ်နုသော ကလေးအရွယ်တွင် သေခြင်းတရားကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်လိုက်ရသည့်အတွက်ကြောင့် ကျွန်တော်သည် ဆရာဝန်တစ်ယောက် ဖြစ်လာခဲ့သည်။ ထိုသေခြင်းတရားသည် ကျွန်တော့်ကို စိတ်ဝင်စားခဲ့ကာ၊ ယခုအခါတွင် မရဏကို ကျွန်တော် မတုန်လှုပ်တော့ပြီ။

ယခု ဝန်ခံချက်အားလုံး



www.burmeseclassic.com

www.burmeseclassic.com

မှာ အတိတ်ကအကြောင်းများသာဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို နားလည်သဘောပေါက်လာစေဖို့ သေခြင်းတရားဆိုသည် တုန်လှုပ်ချောက်ချားစရာကောင်းကြောင်းကို အမှန်တကယ်သိရှိသွားခဲ့လေပြီ။ ကျွန်တော်တို့နှစ်ယောက် တစ်ဦးကိုတစ်ဦး အပြန်အလှန် စိတ်ဝင်စားနေမှုသည် ရုတ်တရက်ချက်ချင်းပင် အဓိပ္ပာယ်ရှိလာခဲ့ပြီ။ မြေကြီးလက်ခတ်မလွဲဖြစ်လာပေတော့မည်။

"ဒါပေမဲ့ ဘယ်နေရာဖြစ်ဖြစ် ရပ်တန်းက ရပ်ရတာတော့ ရှိရမယ် အစ်မရယ်။ တုန်လှုပ်ချောက်ချားစရာတွေဟာ အချိန်တိုင်းဖြစ်နေတာပဲလေ။ ဒါတွေ ထားလိုက်ပါတော့။ အိမ်မြှောင် ကျွန်တော်တို့နှစ်ယောက် အတူတူနေထိုင်ဖို့ နေရာလေးတစ်နေရာရှာကြစို့နော်။ ရှုခင်းကောင်းကောင်း မြင်ရတဲ့ အခန်းတစ်ခန်းဖြစ်ဖြစ်၊ တစ်နေရာရာဖြစ်ဖြစ်ပေါ့။ အဲဒီနေရာမှာ အစ်မနဲ့ ကျွန်တော်တို့နှစ်ယောက် စိတ်ချမ်းချမ်းသာသာနဲ့ အလုပ်အတူတူလုပ်နိုင်ကြမယ်လို့ ထင်တယ်"

"**Brief Friday** ဆိုတဲ့ ဝတ္ထုတစ်ပုဒ် သူ ဖတ်ဖူးလား ဟင်" ဟု သူမက မေးသည်။

"ဟင့်အင်း၊ ကြားတောင် မကြားဖူးဘူး"

"ဇာတ်လမ်းက ဘာသာတရား ကိုင်းရှိုင်းတဲ့ ဂျူးဇနီးမောင်နှံရဲ့ သေခြင်းနဲ့ ပတ်သက်တဲ့အကြောင်းပေါ့။ သူတို့နှစ်ယောက် နေ့တစ်နေ့ကို ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်နူးနူးနဲ့ ကုန်ဆုံးခဲ့ကြတယ်။ အဲဒီညမှာ သေဆုံးသွားကြတာပဲ။ နောက်နေ့က ဥပုသ်နေ့ဆိုတော့ မီးဖိုဆောင်ထဲမှာ လင်မယားနှစ်ယောက် ချက်ကြပြုတ်ကြတယ်။ ချက်ပြုတ်ပြီးတော့ သူတို့ အိပ်ရာဝင်ခဲ့ကြတယ်။ အမှုမဲ့အမှတ်မဲ့ဖြစ်ပြီး ဂတ်စ်မီးဖိုကို ပိတ်ဖို့မေ့ခဲ့တယ်။ သူတို့ အိပ်ပျော်သွားကြတယ်။ သူတို့အိပ်ခန်းထဲမှာ ဓာတ်ငွေ့တွေဖုံးသွားတော့ သူတို့နိုးလာကြတယ်။ အခန်းထဲမှာ ဘာဖြစ်နေလဲဆိုတာ သူတို့သိသွားကြတဲ့အချိန်က သိပ်နောက်ကျနေခဲ့ပြီလေ။ ဒါပေမဲ့ သူတို့ကြောက်လန့်ခြင်းမရှိဘဲ တည်တည်ငြိမ်ငြိမ်နဲ့ သေသွားတယ်"

"ကျွန်တော် ဖတ်ချင်လိုက်တာ"

"တို့ သေချင်တဲ့ပုံစံက အဲဒီလိုမျိုးလေ။ လူတွေသေသွားတာကို တို့ မကြည့်ချင်ဘူးကွာ။ တို့ သေတဲ့အခါမှာလည်း ဒီဝတ္ထုထဲက ဇနီးမောင်နှံလိုပဲ သေမင်းကို ကျေကျေနပ်နပ်နဲ့ လက်ခံပြီး သေသွားချင်တာမျိုးလေ"

"အစ်မနဲ့ ကျွန်တော်က ဒီနေရာမှာ တွေးပုံချင်း မတူတော့ဘူးဗျာ။ ကျွန်တော်တို့တွေဟာ အသက်ကလေးတွေ ငယ်ပါသေးတယ်။ အိမ်မြှောင်ရယ်…၊ ကျွန်တော်တို့မှာ ပျော်စရာတွေ ရှိသင့်တယ်။ ကျွန်တော်တို့ ဘဝကို ကျွန်တော်တို့ တည်ဆောက်ခဲ့တယ်။ ဒီအကြောင်းတွေကိုပဲ အမြဲတမ်း ထည့်ထားနေရင် ကျွန်တော်တို့ဟာ တကယ် အသက်ရှင်နေကြတာ မဟုတ်တော့ဘူး။ သေတာနဲ့ တူနေပါပြီ။ ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတာတွေ ရှိပါစေတော့ဗျာ"

အိမ်မြှောင်က ခေါင်းညိတ်ပြသည်။ သို့သော်လည်း သူမရင်ထဲမှာ ကြေကွဲထိခိုက်စွာ ခံစားနေရဆဲဆိုတာ ကျွန်တော် ပြောနိုင်ပါသည်။ ကျွန်တော့်စိတ်၌ ပီတိတွေဖြစ်နေသည်။ ကျွန်တော်သည် အိမ်မြှောင်နှင့်အတူရှိနေသည့်အခါတွင် ကိုယ့်ကိုယ်ကို ၁၆ နှစ်သားလေးလို ခံစားနေရသည်။ အိမ်မြှောင်သည် ကျွန်တော့်ရည်းစားဟု ငနဲတွေ အကုန်လုံးကို ကြွားလိုက်ချင်စိတ်မျိုး ဖြစ်ပေါ်နေတော့သည်။

❑

ကျွန်တော်တို့သည် တည်းခိုခန်းဟောင်းလေးဆီ ပြန်လာကာ အိပ်ရာပေါ်လှဲလိုက်ကြသည်။ နှစ်ယောက်စလုံး ပင်ပန်းနွမ်းနယ်နေသည်။ အိမ်မြှောင်သည် ခါတိုင်းကဲ့သို့ပင် သူမမျက်နှာကို ကျွန်တော့်ရင်ဘတ်ပေါ် မှောက်ချကာ မျက်စိကို အတင်းပိတ်ထားသည်။ ကျွန်တော်သည် အိပ်ချင်မူးတူးဖြစ်နေသည်။ ထိုအခိုက် အိမ်မြှောင်ထံမှ စကားပြောသံ ကြားလိုက်ရာ ငိုက်မျည်းနေရာမှ မျက်လုံးကျယ်လာတော့သည်။ သို့ရာတွင် သူမပြောလိုက်သည့် စကားကိုမူ ကျွန်တော် သဲသဲကွဲကွဲ မကြားလိုက်ပေ။

"ဘာလဲဟင်"

"ဩော်…အခုလေးတင် ဆုတောင်းနေတာ။ ဖန်ဆင်းရှင်လိုမျိုး၊ ဒါမှမဟုတ် ဒီကမ္ဘာကြီးပေါ်မှာ ဖြစ်ပျက်နေတာတွေကို တာဝန်ယူ ဖြေရှင်းပေးမယ့် ပုဂ္ဂိုလ်မျိုး တစ်ယောက်လောက် ရှိစေချင်လိုက်တာနော်။ အဲဒီပုဂ္ဂိုလ်က တို့ အားလုံးကို ကြည့်ရှုစောင့်ရှောက်မယ်၊ အန္တရာယ်တွေ ဘာတွေမြင်လာရင် တို့တွေကို ကြိုပြောထားမယ်။ ဒီအပြုအမူ၊ ဒီစရိုက်မျိုးတွေက ကောင်းတယ် မကောင်းဘူး၊ ကောင်းတာကိုပဲ လုပ်ရမယ်ဆိုတာမျိုးတွေ။ မကောင်းတဲ့ အနိဋ္ဌာရုံတွေကို တားဆီးပေးမယ်ဆိုရင် သိပ်ကောင်းမှာပဲနော်။ အင်း…တို့တွေမှာ အာရုံရတဲ့ စွမ်းအားတွေမရှိကြတဲ့အခါကျတော့ ကိုယ့်ဘာသာကိုယ် အာရုံအစွမ်းတွေထက်အောင် လုပ်ကြရမယ်နော်။

"တို့ ပတ်ဝန်းကျင်က မဖြစ်နိုင်ဘူးလို့ထင်တဲ့အရာတွေ၊ ယုတ္တိမရှိဘူးလို့ သတ်မှတ်ထားတဲ့ အရာတွေဟာ ဖြစ်လာတဲ့အခါကျတော့မှ ဘယ်ဟာမဆို ဖြစ်နိုင်ပါလားလို့ တို့တွေ ယုံကြည်စပြုလာတော့တယ်။ ဒီအချိန်အခိုက်အတန့်လေးမှာ ဒုက္ခသုက္ခတွေ ခံစားနေရတဲ့လူတွေ ဘယ်လောက်များ ရှိနေသလဲဆိုတာကို သူ စဉ်းစားမိရဲ့လား။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်တာ၊ သေဆုံးတာ၊ သစ္စာဖောက်ခံရတာ…နောက်ပြီး အကြမ်းဖက်ခံရတာတွေ အားလုံး။ အဲဒီလိုမျိုး ခံစားနေရတဲ့သူတွေ ဘယ်လောက်များနေပြီလဲဆိုတာ ခုချက်ချင်းပဲ စဉ်းစားကြည့်စမ်းပါလား။ ဒါတွေကို တားဆီးပေးနိုင်မယ့် လူပုဂ္ဂိုလ်တစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ယောက်ရှိရင်ကောင်းမှာပဲ။ ဒါမှ ဒုက္ခတွေ လျော့နည်းတော့မှာပေါ့ကွယ်'

တာတာမိမြက်ဖျာခင်းထားသော အခန်းထဲက စွတ်စိုထိုင်းမှိုင်းသော အမှောင်ထုလေထဲတွင် သူမ၏ စိတ်ထိခိုက်စရာ ဆုတောင်းစကားသံ လွင့်ပျံ့နေသည်မှာ စိတ်ညှိုးငယ်သည့် ကဗျာတစ်ပုဒ်ကို နားထောင်နေရသည့်နှယ်။ မိုးလင်းစပြုလာသည့်အခါ၌ ဘုရားကျောင်းဆီ ဦးတည်သွားသော ခပ်မှောင်မှောင် လမ်းမြောင်လေးပေါ်တွင် တိုးမပေါက်အောင် ပြည့်နေသော ဘုရားဖူးများ၊ ဈေးရောင်းရန် ဆိုင်ခင်းနေသော ဈေးသည်များ၊ ဘုရားဖူးများ ဝင်ရန် ဖွင့်ထားသည့် ဝတ်ကျောင်းဂိတ်တံခါးစသည့် မတူကွဲပြားမှုများကို ကြည့်ရတော့မည်ဟု တွေးရင်း ကျွန်တော်သည် အိပ်ချင်မူးတူးဖြစ်လာသည်။ လုံးဝပြောင်းလဲနေသည့် နေရာတစ်နေရာ။ တရုတ်တိုင်းရင်းဆေးနှစ်ထုပ်ကို ဝယ်ကာ ငါးရှဉ့်ကျပ်တင်အနံ့နှင့် မုန့်လေပွေအနံ့များ ပျံ့လွင့်နေသော လမ်းကို အိမ်မြှောင်နှင့်အတူ ယှဉ်တွဲလျှောက်ကာ တောင်ပေါ်ဘုရားကျောင်းဆီ သွားရသည်ကို ကျွန်တော် ကြည်နူးသာယာနေသည်။ ကျွန်တော်တို့နှစ်ယောက်နေမည့် အခန်းသစ်ကို အလှဆင်ရန် အမှတ်တရပစ္စည်းတွေ ဝယ်နိုင်သည်။ လူသူကင်းမဲ့သော လမ်းမြောင်လေး သက်ဝင်လှုပ်ရှားလာလျှင် သွားလာနေကြသူတွေကို ထိုင်ပြီး စောင့်ကြည့်ကြမည်။

အရမ်း အိပ်ချင်နေသဖြင့် ကျွန်တော့်စိတ်ကူးအတွေးများကို မနက်မိုးလင်းတော့မှ အိမ်မြှောင်ကို ပြောပြတော့မည်။

ဤအရာအားလုံးသည် သေခြင်းတရားကို ပြောနေကြခြင်းဖြစ်သည်။ ကျွန်တော့်အနားမှာ သူမ မဟုတ်ခဲ့လျှင် စကားတွေ အပြန်အလှန်ပြောဖြစ်မည်မဟုတ်ချေ။ သူမနှာခေါင်းက ကျွန်တော့်ရင်ဘတ်ပေါ် အတင်းဖိကပ်ထားသည်။ ခွန်အားနှင့် လိုအင်ဆန္ဒတွေပေးသည့် သူမကိုယ်ထဲက အနက်ရှိုင်းဆုံးနေရာနှင့် ကျွန်တော် နီးကပ်၍လာခဲ့ချေပြီ။ ထိုအခါ ခုနက ပြောခဲ့သည့်အရာအားလုံးသည် မရှိတော့ပြီ။

သူမ၏ ပိုးသားလို နူးညံ့ပျော့ပျောင်းသည့် ဆံပင်၊ ပါးပြင်ပေါ်က ကျွတ်ကျနေသော မျက်တောင်မွေး၊ လက်သည်းနီဆိုးထားသည့် သူမ၏ လက်သည်းများ၊ သူမလက်ဖဝါးပေါ်က မီးလောင်ဒဏ်ရာအမာရွတ်။ ဘဝသစ်တစ်ခုဆီ ယူလာသည့် သူမ၏ စိတ်အလှည့်အပြောင်း။ ထိုအကြောင်းအရာများကို ကျွန်တော် သူမကို ပြောပြချင်နေသည်။ သူမ၌ ရှိရှိသမျှအားလုံးကို ကျွန်တော် ပြောပြချင်နေသည်။ ကျွန်တော်တို့နှစ်ယောက် ရှင်သန်နေသမျှကာလပတ်လုံး မနက်ဖြန်တိုင်းတွင် ကျွန်တော်ပြောနိုင်တော့မည်။

ယခုတွင်မူ အိမ်မြှောင်၏ စကားပြောသံတိုးတိုးလေးကို ကျွန်တော် ကြားလိုက်ရသည်။

'အိပ်တော့နော်'

ကျွန်တော် အနည်းငယ်အံ့အားသင့်သွားကာ မျက်လုံးဖွင့်ကြည့်မိလိုက်သည်။ ကျွန်တော်က သူမ အိပ်ပျော်နေပြီဟုထင်နေမိသည်။ ကျွန်တော် သူမကို ငုံ့ကြည့်လိုက်ရာ မျက်လုံးမှိတ်သွားသည်ကို မြင်လိုက်ရသည်။

'ဥတ်နိုက် အချစ်'

သူမက မျက်လုံးကို မှိတ်လျက် အိပ်ချင်မူးတူးလေသံနှင့် 'တို့ သေသွားရင် ငရဲကိုရောက်မှာ ကျိန်းသေပြောရဲတယ်'ဟု ပြောလိုက်သည်။

'အစ်မက သိပ်စိတ်သောကများတာပဲကွာ'

'တို့ သောကများတာမဟုတ်ပါဘူးနော်။ ငရဲကျသွားတာကမှ ပိုကောင်းမယ်လို့ တို့တွေးမိနေတာ။ ငရဲမှာက ထွက်လို့မရဘဲ ပိတ်မိနေတဲ့ လူနာတွေက တစ်ပုံတစ်ခေါင်းကြီးလေ။ သူတို့ကို တို့ကုသပေးနိုင်တယ်လေ'ဟု အိမ်မြှောင်က ကာကွယ်ပြောဆိုလေသည်။

ထို့နောက်မှာ သူမ အိပ်ပျော်သွားတော့သည်။ အသက်ကို ညင်ညင်သာသာ ရှူနေသော သူမမျက်နှာလေးက ကလေးမလေးတစ်ယောက်၏ မျက်နှာနှယ်။ သူမကို အချိန်အတန်ကြာ စိုက်ကြည့်နေပြီးနောက် ကျွန်တော်သည် ကျွန်တော်တို့နှစ်ယောက်၏ ကလေးဘဝကို ညည်းတွားရင်း မိနစ်ပေါင်းများစွာ ဝမ်းနည်း ကြေကွဲနေမိတော့သည်။

■

မြမြ

*ဂျပန် အမျိုးသမီးစာရေးဆရာ Banana Yoshimoto ၏ **Lizard** ကို ပြန်ဆိုပါသည်။*

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၃၉)မှ...*

စကားတစ်ခွန်းမှမပြောသေး။ ရေခဲရေကိုသာ တဝကြီး သောက်နေလေရာ ရင်တွေ ဘယ်လောက်တောင် ပူနေသလဲ သုခရယ်။

'အစ်မမှာ ခုခံအားကျဆင်းမှုကူးစက်ရောဂါပိုး ရှိနေတယ်တဲ့'

သုခ ပြောချလိုက်တာ တရစပ်။ ပြီးတော့ တဲ့တိုးကြီး။

'ဘာ... ဘာလဲ။ ခုခံအားကျဆင်းမှုကူးစက်ရောဂါပိုးရှိနေတယ်ဆိုတာ သုခ ရှင်းရှင်းပြောပြစမ်း'

ကီးကီးလေသံ တော်တော်ကျယ်လောင်သွားပုံရသည်။ သုခကိုယ်ကလေးပင် ဆတ်ခနဲ တုန်ခါသွားသည်။ ပြီးတော့မှ ခေါင်းကြီး စိုက်စိုက်ချပြီး တစ်လုံးချင်းပြန်ပြောပါသည်။

'HIV'

'ဟင်'

ကမ္ဘာကြီး ပြိုသွားပြီလား၊ လမင်းကြီးရော တစ်သက်စာမထွက်တော့ဘူးလား။ အမှောင်ထုကြီး ချက်ချင်းဖုံးအုပ်သွားသလိုပဲ။ ကီးကီး ရင်ထဲမှာ အားငယ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ ကြေကွဲခြင်းများနှင့်အတူ ရင်ထဲဖြစ်ပေါ်လာသည့် ခံစားမှုအတိုင်း အသံထွက်ငိုချလိုက်သည်။ စိတ်ရှိလက်ရှိ အားရပါးရ။

အတော်လေးကြာမှ သုခဆီက အသံထွက်လာသည်။

'ဆရာဝန်နဲ့ စနစ်တကျ ကုသလိုက်ရင် ပျောက်ကင်းသွားနိုင်တယ်လို့ ဓာတ်ခွဲခန်းက ဆရာက ပြောလိုက်ပါတယ်။ အစ်မ ဘာမှအားမငယ်နဲ့နော်။ မမကို ကျွန်တော် အစွမ်းကုန်ကူညီမယ်ဗျာ'

'အို... မောင်လေးရယ်၊ မင်း မမကို မရွံဘူးလားကွယ်။ ဒီရောဂါဆိုးကြီး ခံစားနေရတဲ့ မိန်းကလေးကို ဘယ်သူက တရင်းတနှီး ပြောဆိုဆက်ဆံပုံပါ့မလဲ။ ပြီးတော့ မင်းက ပညာတတ်လူငယ်တစ်ယောက်။ မင်းမှာ မိဘအသိုင်းအဝိုင်းရှိသေးတယ်။ မင်းရဲ့ ဂုဏ်သိက္ခာကို မင်းကိုယ်တိုင် အပွန်းအပဲ့ခံနိုင်ပါ့မလား။ သွေးသားမတော်စပ်တဲ့ ငါ့အပေါ် မင်း ဒီလောက်ပေးဆပ်စရာ မလိုပါဘူး။ မင်းအနာဂတ်လမ်းမှာ ငါ့ကြောင့် အစွန်းအထင်း မခံစေရဘူး။ ငါ့မောင်လေး စေတနာကို ငါယုံပါတယ်။ ဒီလောက်နဲ့ပဲ ရပ်တန့်လိုက်ပါတော့ကွယ်။ ငါ့ဘဝနဲ့ငါ ရှိပါစေတော့'

သုခက ဘယ်လောက်ပြောပြော မရတော့။ လူနာက ခေါင်းမာနေသည်။ သို့ဖြစ်၍ ဆေးရုံကြီးမှာရှိသည့် HIV နှစ်သိမ့်ဆွေးနွေးသည့်ဌာနကို ခေါ်သွားသည်။ အပြင်မှာ နှစ်ယောက်သားထိုင်စောင့်နေသည်။ ကီးကီးတို့ရှေ့က ဘဝတူလူနာနှစ်ယောက်။ ဒါပေမဲ့ မိန်းကလေး မဟုတ်၊ ယောကျ်ားလေး။

ကီးကီးအလှည့်ကျတော့ သုခက ကီးကီးကို ကြင်နာစွာတွဲပြီး အခန်းထဲ ဝင်လိုက်သည်။ စားပွဲတစ်လုံးမှာ ထဘီအပြာဝတ်သူနာပြုဆရာမတစ်ယောက်က လူနာမှတ်တမ်းစာအုပ်တွင် ကီးကီး မှတ်တမ်းအပြည့်အစုံ ရေးပေးသည်။ ခန်းဆီးလိုက်ကာ ကာထားသည့်အခန်းထဲသို့ စာအုပ်ကို တစ်ပါတည်း ယူစေပြီး အခန်းထဲဝင်ရန် ပြောသည်။ သုခကိုပါ တစ်ပါတည်းဝင်ဖို့ မျက်ရိပ်ပြလိုက်သည်။ သုခက ကီးကီးကို ကြင်နာစွာ ဖေးမကူတွဲပြီး အခန်းထဲ ဝင်လိုက်သည်။ အခန်းထဲရောက်သော် ဆရာဝန်က ကီးကီးတို့ခြေသံကြားရာ နောက်ခိုင်းထားရာမှ လှည့်ကြည့်သည်။

'ဟင်... ကိုကို'

ကီးကီး ဤမျှသာ အသံထွက်နိုင်ပြီး လောကကြီး တစ်ခုလုံးနှင့် အဆက်ပြတ်သွားခဲ့လေသည်။

❑

'အစ်မ... အစ်မ၊ သတိရပြီလားဟင်'

သုခ၏ စိုးရိမ်တကြီး စကားသံက ကီးကီးနားထဲ တိုးဝင်လာသည်။

'ကီးကီး... ကီးကီး ညီမလေး၊ ကိုကို ရှိတယ်လေ။ ဘာမှအားမငယ်နဲ့နော်။ မျက်လုံးဖွင့်ပါတော့။ ကိုကိုလေ... ကီးကီးကို လိုက်ရှာနေတာ။ တွေ့မယ့်တွေ့တော့ ဆိုက်ဆိုက်မြိုက်မြိုက်ပါပဲလား။ ကိုကို ဝမ်းသာလိုက်တာ'

ကီးကီး သတိရနေပါပြီ ကိုကိုရယ်။ ကီးကီး မျက်လုံး မဖွင့်ရဲတာပါ။ ကိုကို့ကို ဘယ်လိုမျက်နှာချင်းဆိုင်ရမှာလဲ။ ကီးကီး အကျည်းတန်ဘဝကို မပြောပြချင်တော့ဘူး။ ကီးကီး အခုလိုဘဝမျိုးနှင့်တွေ့လိုက်ရသည့် ကိုကို့ကို အားနာလှပါသည်။ ကီးကီးကို သည်နေရာက ထွက်ခွာခွင့်ပြုလိုက်ပါတော့ ကိုကိုရယ်။

'ကီးကီး'

ကိုကိုက ကီးကီးလက်ကလေးကို ကြင်နာစွာကိုင်လှုပ်ပြီး ညင်သာစွာခေါ်သံကြောင့် ကီးကီး မနေနိုင်တော့။ တစ်ချိန်က အုတ်ခုံပေါ်မှာ ယှဉ်တွဲပြီး အနာဂတ်အိပ်မက်တွေ ရွှန်းရွှန်းဝေပြောခဲ့သည့် ကိုကို့ရုပ်ပုံလွှာကို ကီးကီး မြင်ချင်တာကတော့ အမှန်ပါ။ ကိုကိုက ဆရာဝန်၊ ကီးကီးက နာမည်ဆိုး ရောဂါသည်လေ။ ကံတရားက ဒီလောက်တောင်ပဲ ရိုက်ချက်ကပြင်းရသလား။

'ကိုကို'

'ဟင်... ညီမလေး... ကီးကီး'

'ကီးကီး ကိုကိုနဲ့ ပြောစရာစကားမရှိဘူး။ ကီးကီးကို ပြန်ခွင့်ပြုပါနော်'

ကီးကီးမျက်ဝန်းက စီးကျလာသောမျက်ရည်များကို ကိုကိုက လက်ကိုင်ပဝါနှင့် တယုတယသုတ်ပေးသည်။

'ဒီလိုမဟုတ်ဘူးလေ၊ ကီးကီးအကြောင်းကို ကိုကို သိသင့်သလောက် သိပြီးပါပြီ။ ကီးကီးမှာ ဘာမှအပြစ်မရှိဘူး။ မိဘကိုကျေးဇူးဆပ်တဲ့ သမီးလေးတစ်ယောက်ဆိုတာ ဂုဏ်ယူလိုက်ပါ ညီမလေးရာ။ ဘဝကံအကြောင်းတရားတွေပဲလို့ ကိုကိုက မှတ်ယူထားပါတယ်။ ကီးကီး ဆေးစစ်ချက်တွေကို ဖတ်ပြီးပြီ။ ဒီရောဂါက စနစ်တကျ ဆေးသောက်လိုက်ရင် ပျောက်ကင်းသွားသလို ကီးကီးအသက်အရှည်ကြီး



www.burmeseclassic.com

www.burmeseclassic.com

နေရဦးမယ်ဗျာ။ အသက် ၈၀၊ ၉၀ အဘွားကြီးဖြစ်တဲ့အထိ”

ကိုကိုက အားရပါးရ ပြောနေသည်။ ကိုကိုက ခုံညားလှပနေတုန်းပဲ။ ကျက်သရေရှိလိုက်တာ ကိုကိုရယ်။ ကီးကီး ဝမ်းနည်းသွားသည်။ ကီးကီးဘဝ အပြောင်းအလဲတစ်စုံတစ်ရာသာ မရှိခဲ့လျှင် ကိုကိုနှင့်တွေ့ဆုံရမည့် ကမ္ဘာခုံးခုံးထဲမှာ အပျော်ဆုံးပေါ့။ ပြီးတော့ အနာဂတ် လှလှပပ စိတ်ကူးမိကြမှာပေါ့နော် ကိုကို။

ကိုကို့ကို သုခနှင့် မိတ်ဆက်ပေးသည်။ ကီးကီး မောင်လေးပေါ့။ ကိုကိုက ကီးကီးကို အရင်လိုပဲ ယုံကြည်ဆဲ။ သုခကို အနားခေါ်ပြီး ဆေးဝါးကုသပုံ၊ ကုသနည်း၊ သောက်ဆေးကို အထူးဂရုတစိုက်သောက်ရမည့်အကြောင်း စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ဟိုတုန်းကတော့ HIV ရောဂါသည် ကုရာနတ္ထိဆေးမရှိတဲ့။ အခုတော့ ထိုအဖြေကို ချေဖျက်နိုင်ခဲ့ပြီတဲ့။

ယခင်က ARTဆေးဝါးနှင့် ကုသရာတွင် သုံးစွဲခဲ့ရာ ပျောက်ကင်းမှုရာခိုင်နှုန်း မြင့်မားနေခဲ့သော်လည်း ဘေးထွက်ဆိုးကျိုးတစ်ခုကို သုတေသနအရ တွေ့ရှိခဲ့ကြသည်။ ART ဆေးက သွေးထဲတွင် အဆီများနေပါက နှလုံးသွေးကြောကျဉ်းရောဂါကို ဖြစ်စေသည်။ ထို့ကြောင့် ထို ARTဆေးကို မသုံးစွဲကြတော့။ ARTဆေးထက် ပိုမိုအစွမ်းထက်သောဆေးကို ယခုအခါ ရှာဖွေတွေ့ရှိခဲ့တာ မကြာသေးပေ။ အဲဒီဆေးနည်းအသစ် Dolutigravir ဆိုသည့်ဆေးကို စောစောကုသပြီး ၄၈ ပတ် မှန်မှန်သောက်သုံးပါက သွေးထဲတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုးများ လုံးဝမရှိတော့ကြောင်း ကိုကိုက အားတက်သရောရှင်းပြသည်။

“ကီးကီးက ကံကောင်းပါတယ်။ ဒီ Dolutigravir ဆေးက သုတေသနပြုလုပ်ပြီး အောင်မြင်တဲ့ အကောင်းဆုံးဆေးနည်းပဲ။ တွေ့ရှိတာ သိပ်မကြာသေးဘူး။ ဆေးက တစ်ရက်ကို တစ်ခါပဲသောက်ရမှာလေ။ ကီးကီး မှန်မှန်သောက်နော်… မပျင်းရဘူး၊ သိလား”

ကီးကီးတစ်ယောက် ကိုကို့ကို တွေ့ရတာရယ်၊ ရောဂါပျောက်အောင် ဆေးတိုက်ကုသမည့်သူကလည်း ကိုကိုဖြစ်နေတာရယ်ကြောင့် ပျော်ရွှင်မှုက အတိုင်းမသိ ဖြစ်ရသည်။ ရောဂါတစ်ဝက် သက်သာပျောက်ကင်းသွားသလိုပင် ခံစားရသည်။ သုခမျက်နှာလေးက ပျော်ရွှင်လွန်းလို့ ထင်ပါရဲ့၊ ကြည်လင်ဝင်းပနေသည်။ သမားတစ်ဦးအဖြစ်သာမက သိကြားမင်းနှင့် တွေ့လိုက်ရသလိုပါပဲလား။

“ဆေးက တစ်ရက် တစ်ကြိမ်သာသောက်ရတယ်ဆိုပြီး ပျက်လို့ မရဘူးနော် ကီးကီး။ တစ်ရက်ပျက်တာနဲ့ ဆေးက ပိုးကို မတိုက်ဖျက်နိုင်ဘဲ ဆေးယဉ်ပါးသွားတတ်တယ်။ အဲဒါ အရေးကြီးဆုံးပါပဲ။ အဲဒါကြောင့် သုခကလည်း မမကီးကီးကို ဆေးမှန်မှန်တိုက်ပေးပါနော်”

ဩော်… ကိုကိုရယ်၊ သုခနှင့် ကီးကီးကို မောင်နှမဟု တကယ် ကီးကီးအပေါ် ယုံကြည်မှုက ရိုးသားပုံများ။ ကီးကီးမျက်ရည်ဝဲရပြန်ပြီ။ ထိုနေ့က ကိုကိုတစ်ယောက် ကီးကီးကို အိမ်အထိ အရောက်လိုက်ပို့သည်။ ကီးကီး ခမ်းခမ်းနားနား ပြည့်ပြည့်စုံစုံနေရတာ ကိုကိုကြည့်ပြီး ကီးကီးဘဝ ထိုးကျွေးလိုက်ရပေမဲ့ ဆင်းရဲခြင်းကင်းဝေးတာမြင်ရတော့ ကျေနပ်သွားပုံရသည်။ ကိုကိုက ပညာရှိပဲ။ အရာရာကို နားလည်သဘောပေါက်မှာပါ။

“နောက်… ကိုကို မကြာမကြာ လာမယ်နော်၊ ကီးကီးနဲ့သုခ နှစ်ယောက်တည်းနေတာလား”

ကီးကီးလည်း သုခ ပြန်မဖြေမီ လွယ်လွယ်ဖြေလိုက်ပါသည်။

“ဟုတ် ကိုကို”

❑

၅။

ကီးကီး ပျော်ရွှင်ရသည့် နေ့ရက်များပါပဲ။

သုခကလည်း ကိုကိုပြောထားသည့်အတိုင်း ကီးကီးကို အချိန်မှန်မှန် ဖုန်းခေါ်သည်။

“အစ်မ ဆေးသောက်ဖို့ အချိန်ရောက်ပြီနော်။ ဆေးကို အခုသောက်၊ သောက်ပြီးတာနဲ့ ဖုန်းဆက်လိုက်နော် အစ်မ။ ကျွန်တော် ဖုန်းမချသေးဘဲ စောင့်နေမှာနော်”

မောင်လေးတစ်ယောက် ကောက်ရထားသလိုပါပဲ။ ကီးကီးကို ဂရုစိုက်ပုံများ လက်ဖျားခါမိသည်။

“အစ်မ နေကောင်းလား”

“ဒီနေ့ ဘာဝယ်ခဲ့ရမလဲ”

“ဒီနေ့ ကျွန်တော့်နားရက် အစောကြီးလာခဲ့မယ်”

ကီးကီးကတော့ သုခဘွဲ့ရသည်အထိ ကျောင်းစရိတ်ထောက်ပံ့မည်ဟု ကတိစကားပြောထားပြီးသား။ အစကတော့ သုခ လက်မခံ။ လက်မခံလျှင် အိမ်မလာနှင့်ဟု အကျပ်ကိုင်လိုက်မှ ငြိမ်သွားသည်။ တကယ်ချစ်စရာကောင်းသည့်မောင်လေး… သုခ။

ကိုကိုကလည်း ကီးကီးဆီ နှစ်ရက်တစ်ခါရောက်လာတတ်သည်။ တစ်ခါတစ်ရံ ညီအစ်ကိုနှစ်ယောက်ဆုံသည့်အခါရှိတတ်သည်။ ထိုအခါမျိုး ကီးကီး ကိုကိုနှင့် သုခအတွက် ဟင်းလျာမျိုးစုံ ချက်ပြုတ်ရတာ မမောနိုင် မပန်းနိုင်ပေါ့။ ညီအစ်ကိုနှစ်ယောက် မြိန်ရေရှက်ရေ စားလိုက်ကြတာ ခေါင်းတောင်မဖော်ဘူး။

“သိလား ကီးကီး၊ ဒီဆေးက ဂျာမနီနိုင်ငံက ဆေးဝါးကုမ္ပဏီနှစ်ခုရဲ့ စမ်းသပ်ပြီး အောင်မြင်တာမကြာသေးတဲ့ ဆေးဝါးအသစ် ဖြစ်တယ်။ ရောဂါရှင် ၂၀၅ ယောက်ကို ဆေးတိုက်ကျွေးခဲ့တယ်။ Dolutigravir ဆေးကို ၄၈ ပတ်တိတိပြည့်တဲ့အခါ ဆေးပြန်စစ်ကြည့်တော့ ၉၀ ရာခိုင်နှုန်းဟာ သွေးထဲမှာ ခုခံအားကျဆင်းမှုကူးစက်ရောဂါပိုး လုံးဝမရှိတော့ဘူးတဲ့။ ဘယ်လောက်အစွမ်းထက်တဲ့ဆေးဆိုတာ သိပြီလား”

ကိုကိုက ဆက်ပြော



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုဆေး သောက်သုံးခြင်းဖြင့် ယောကျ်ားများထက် မိန်းမများက ပို၍ အသက်ရှည်တတ်သတဲ့။ ရှိရင်း အသက်ထက် နောက်ထပ် အနှစ်သုံးဆယ် လောက် အသက်ပိုရှည်နိုင်သည်တဲ့။ ကိုကို့စကားက ဆေးသောက်တာထက် ပိုပြီး အစွမ်းထက်သည်ဟု ကီးကီး ထင်သည်။ ကီးကီး ဗဟုသုတရရှိစေမည့် HIV နှင့်ပတ်သက်သည့် ဆေးပညာဗဟုသုတစာအုပ်မျိုးစုံကို ဝယ်ပေးပြီး ဖတ်စေသည်။

ကိုကိုတစ်ယောက် ကီးကီးအပေါ် ကြင်နာမှုများက ကီးကီးရင်ဆိုင်ခဲ့ရသည့် ကံကြမ္မာရိုင်းများကို မေ့ပစ်နိုင်သည်အထိပါပဲ။ ကီးကီး အသက်ရှင်ချင်ပါသေးသည်။ ကိုကို့အတွက် အသက်ရှင်ချင်ခြင်းတော့ မဟုတ်တာသေချာသည်။ ကီးကီး အတွက် ကိုကိုက အရိပ်ပမာ အစ်ကိုကြီး။ သုခက မောင်ငယ်လေးပေါ့။

❑

အချိန်တွေကို အချိန်တွေက တိုက်စားလာလိုက်တာ ၄၈ ပတ်ဆိုသည့် ကီးကီး ဆေးသောက်ရက်က ခဏလေးလိုပါပဲ။

ကိုကိုက ဖုန်းဆက်ပြီး ဆေးတိုက်လိုက်၊ သုခက ကီးကီး ဆေးမသောက်မချင်း ဖုန်းမချဟု အကျပ်ကိုင်လိုက်။ တစ်ရက်ကို တစ်ကြိမ်သာ သောက်ရသည့်ဆေးမို့သာပဲ။ နှစ်ကြိမ်၊ သုံးကြိမ်သောက်ရမည်ဆိုလျှင် ကီးကီး ဖုန်းပြောတာ တစ်နေ့ကုန်သွားနိုင်သည်။

သူ့စိမ်းတစ်ရံ ဆံယောကျ်ားနှစ်ယောက်ဆီက ကီးကီး မေတ္တာတွေရရှိသည်။ ကီးကီးကို ဝမ်းနှင့် လွယ်မွေးထားသည့် မိခင်ဆီက ဘာရသလဲ။ အတွေးဆန့်မိတိုင်း ကီးကီး အမေ့အတွက် ဘဝတစ်ခုလုံး ကျေးဇူးဆပ်ခွင့်ရတာကိုပဲ အတွေးရောက်သည်။ ဘုရားရှင်တော်မြတ်တောင် မိခင်၏ ကျေးဇူးကို ဆပ်ရာမှာ နို့တစ်လုံးဖိုးပင် မကျေခဲ့ဘူးတဲ့။ ကီးကီး ကြားဖူးတာပါ။ မသေကောင်း၊ မပျောက်ကောင်း ရောဂါဆိုးကြီးရသည်အထိ အမေ့ကျေးဇူးဆပ်ခွင့်ရတာ ကီးကီး ကျေနပ်နေမိသည်။

ကီးကီးကတော့ ကိုကို့အပေါ် သံယောဇဉ်ငြိတွယ်မှု မရှိအောင် ကြိုးစားပေမဲ့ ကိုကိုကတော့ ဆန့်ကျင်ဘက်။ ကီးကီးကို သူနှင့် အနီးဆုံးရောက်အောင် အမြဲကြိုးစားနေဟန်ရှိသည်။ တစ်နေ့ ကိုကို စကားအထူးအဆန်းပြောလာသည်။

‘ကီးကီးရေ… ကိုကို အလုပ်ပြောင်းရမယ်။ ဧရာဝတီတိုင်းက မြို့နယ်တိုက်ဆေးရုံတစ်ခုကိုပါ’

ကီးကီး အံ့ဩသွားသည်။ ပြီးတော့ ဝမ်းနည်းသွားသည်။ ကိုကို့ကို သံယောဇဉ်မတွယ်မိအောင် ကြိုးစားနေသော်လည်း ကီးကီး မျက်စိအောက်က အပျောက်မခံနိုင်တာတော့ အမှန်။ ဒါပေမဲ့ ကိုကို့အလုပ်အတွက် ကီးကီးကြောင့် နောက်ဆံတင်းတာမျိုး မဖြစ်စေချင်။ ကိုကိုက ကီးကီးပခုံးကို ညင်ညင်သာသာကိုင်ပြီး–

‘ကီးကီး သေချာနားထောင်နော်၊ ကီးကီးလည်း ဒီပတ်ဝန်းကျင်ကို စွန့်ခွာပြီး ဘဝအသစ်တစ်ခု ဖန်တီးရမယ်။ ဒါကြောင့်မို့ တစ်ခါတည်း ကိုကိုနဲ့ လိုက်ဖို့ ပြင်ဆင်ထားတော့နော်’

ကီးကီး ကိုကို့ကို မယုံကြည်နိုင်အောင်ပါပဲ။ ကီးကီး သတိရတော့–

‘ကိုကိုကလည်း ကိုကိုပြောင်းတာနဲ့ ကီးကီးက ဘာလို့ လိုက်ပြောင်းရမှာလဲ’

ကိုကိုက ပြုံးပါသည်။ ကိုကို့အပြုံးက ညက ကီးကီး တစ်ညလုံးထိုင်ကြည့်နေသည့် လမင်းကြီး ကီးကီးကို ပြုံးပြသည့်အပြုံးနှင့် ထပ်တူပါပဲ။ ကိုကို့ပြောပုံအရ ကီးကီး ပတ်ဝန်းကျင်အသစ်မှာ ဘဝအသစ်နှင့် စတင်ရမည်တဲ့။ ဧရာဝတီတိုင်းမှ ရွာတချို့တွင် မိဘမဲ့ကလေးများကို ပရဟိတလူငယ်များအဖွဲ့က စာသင်ပေးနေကြသည်။ အဲဒီစာသင်ကျောင်းတွေမှာ ကီးကီးကလည်း ကလေးတွေကို စာသင်ပေးရမည့် ဆရာမတစ်ယောက်လုပ်ပေးရမည်။ ကိုကို့ရည်ရွယ်ချက်က ကောင်းလှပါသည်။

‘ကိုကိုကလည်း လူရယ်စရာတော့ဖြစ်ကုန်တော့မှာပဲ။ ကီးကီးက လေးတန်းပဲအောင်ထားတာလေ။ ဆရာမလုပ်မယ်ဆိုရင် အနည်းဆုံးတော့ ဆယ်တန်းအောင်၊ ဘွဲ့ရမှ လုပ်လို့ရမှာပေါ့’

ကိုကိုက ကီးကီးခေါင်းက ဆံပင်တွေဖွပစ်ပြီး ရယ်မောနေသည်။

‘ဒီမှာ ကီးကီးရဲ့၊ စာလုံးဝမတတ်သေးတဲ့ ကလေးတွေနဲ့စာရင် ကီးကီးက စတုတ္ထတန်းအထိ တတ်ထားတယ်လေ။ အဲဒါ သူတို့လေးတွေကို ကီးကီး သင်ပေးလို့ရတာပဲ။ ကီးကီးက ကလေးတို့ရဲ့ ဆရာမပေါ့။ ဒီနေ့ကစပြီး ကီးကီးကို ဆရာမလို့ပဲ ခေါ်တော့မယ်။ နောက်ပြီး ဟိုမှာ တခြား ဆရာ၊ ဆရာမတွေလည်း ရှိသေးတယ်လေ’

တစ်သက်လုံး ကီးကီး အနာဂတ်မဲ့ခဲ့ရသည့်နေ့ရက်များစွာ။ ကီးကီးအတိတ်က ပုံရိပ်များက၊ ဒဏ်ရာသင့်အနာတရများက မေ့မရ။ တကယ်တမ်း မမျှော်လင့်သည့် ဘဝအကွေ့အချိုးက ကီးကီး အဆုံးသတ်မည့် နိဂုံးတစ်ခုကလည်း အံ့ဩစရာပါပဲ။ ထင်မှတ်မထားသည့် လင်းရောင်ခြည်ကလေးတစ်ခု။ ကိုကိုတွန်းပို့ပေးသည့် လမ်းသစ်ကလေး။ ပတ်ဝန်းကျင်အသစ်မှာ ဘဝအသစ်နှင့် ကီးကီး ရှင်သန်ချင်ပါသည်။ ကီးကီးလို အနာဂတ်မဲ့၊ လမ်းပျောက်နေသည့်ဘဝတွေကို ကီးကီးတည့်မတ်ပေးချင်သည်။ လက်တွဲခေါ်ချင်သည်။

ကိုကို့ကို ကီးကီး ချစ်သည်။ မနှစ်ချင်။ ကိုကို့ကို သာယာလှပသောဘဝတစ်ခုနှင့်ပဲ ကီးကီး မြင်ချင်သည်။ အခုတော့… လသာညများမှာ လမင်းကြီးကိုလည်း ရဲရဲကြည့်ပြီး ကီးကီးရင်ထဲက ကိုကို့ကို ချစ်သည့်အကြောင်း ပြောဝံ့လာပြီ။ ကီးကီး ဆုံးဖြတ်လိုက်ပါသည်။

ကိုကို့နောက်ကို လိုက်ပါမည်။

ဒါပေမဲ့ ကိုကို့…ကိုတော့… ဘယ်တော့မှ…။


■

**မေဖွန်အေး**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာပေနှင့်ပုံနှိပ်လုပ်ငန်း

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိ တာဝန်ယူ လုပ်ဆောင်ပေးပါသည်။

- Calendar
- Table Calendar
- File Holder
- Pamphlet
- Box
- Booklet
- Name Card
- Voucher
- Letter Head
- Lable အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေး ပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

အမှတ်(၁၃၃)၊ လမ်း(၄၀)၊ ကုန်သည်နှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-

www.burmeseclassic.com